
www.burmeseclassic.com

# လရောင်ကျေးရှင်

တာဝတိံသာ နန္ဒာလော



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေသူ - ဒေါ်ကေနိုင်ဦး (မြ-၀၃၇၆၉)
ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း။
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်း/ - ဒေါ်နွဲ့နွဲ့ရီ (မြ-၀၉၈၇၀)
အဖုံးပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၄၂၃)၊ (၁)ရပ်ကွက်၊
ပုစွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

အကြိမ် - ပထမအကြိမ်
၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ

အုပ်ရေ - ၅၀၀

တန်ဖိုး - ၁၅၀၀/-

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃
လရောင်ကျူးရှင်
တာဝတိံသာ နန္ဒာလော/ လရောင်ကျူးရှင်၊ ရန်ကုန်။
ရွှေသမင်စာပေ၊ ၂၀၁၅။
၃၉၂ - စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။
(၁)တာဝတိံသာ နန္ဒာလော



## အခန်း (၁)

မရန်းပေါင်း မဆလာနဲ့ ဆီတ်သားခြောက်ကြော် ...၊
ဘာကို အရင်စားရရင် ကောင်းမလဲ ...၊
ဝါးစပ်ထဲမှာ ဝါးနေသည့် အာလူးကြော်ကို မျိုမချရင် အပြေး အလွှား စဉ်းစားနေမိ၏။

"ဝါး .."

"အံမယ် .. ဘယ်သူ သမ်းတာလဲ .."

"သား .."

"သားလည်း သမ်းပြီးပြီ .."

"သားက အခုမှ သမ်းတော့မှာ ...၊ ဝါး .."

"အံမာ .. အံမာ .."

"တီချယ်ကလည်း သားတို့ကိုကျတော့ စာသင်တုန်း မုန့်မစားရ ဘူးပြီးတော့ .."

"နင်တို့က တပည့် .. ငါက ဆရာလေ .."

www.burmeseclassic.com



စားပွဲဝိုင်း တစ်ဝိုင်းတည်းမှာ ပြွတ်သိပ်ညပ်ပြီး ထိုင်နေကြသည့် ငါးယောက်သော တပည့်လေးများက ရိုကျိုးစွာ နာခံမည့်ပုံလေးတွေ မျက်တောင်တဖျပ်ဖျပ် ခတ်၏။

ပြီးတော့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကြပြီး မျက်လုံးချင်း တိုင်ပင်လိုက်ကာ ...

"ဆရာဆိုတာ ဦးဆောင်လမ်းပြ တဲ့ .."

ဘယ်အချိန်တည်းက စားသောက်ခြင်းကိစ္စကို ပြောဖို့ ဇာတ်တိုက်ထားကြသည် မသိ ..၊ တစ်သံတည်း သံပြိုင်ထွက်လာကြသည်။

"တီချယ် မုန့်စားရင် သားတို့လည်း စားမယ် .."

"မစားရဘူး .. စာမေးပွဲဖြေနေတဲ့ရက်ကို စာကို ဂရုစိုက် .."

"ဒါဆို တီချယ်လည်း မစားနဲ့လေ .."

"စားတော့ ဘာဖြစ်လဲ ..၊ ငါ ပြောသလို လုပ် .. ငါ လုပ်သလို မလုပ်နဲ့ .."

မျက်တောင်တွေ စည်းချက်ညီညီ ခတ်ရင်း တိတ်သွားကြ[illegible] သည်။ ခပ်တည်တည်နဲ့ ဆက်လက် မျိုချနေရပေမယ့် သိပ်တော့ [illegible] တော့ပေ ..။

ကလေးတွေကိုက တတ်မှ တတ် .. လည်မှ လည် ..၊

"ရော့ .. အိပ်ချင်ပြေ နည်းနည်းစီ ကျွေးမယ် .. ပါးစပ် ဟ .."

မရုန်းပေါင်းကို ဖောက်ပြီး ဆားတွေပါ ပါအောင် ညှပ်ယူ၍ [illegible] ယောက်ပါးစပ်ထဲ တစ်ဖက်စီ လိုက်ထည့်ပေးလိုက်၏။

ပါးစပ်လေးတွေ အပိတ်မှာ မျက်နှာလေး စပရင်တွန့် ဖြစ်ကု[illegible] ကာ ပခုံးတွေပါ ဒိုးဒိုးဒန့်ဒန့် ဖြစ်ကုန်၏။

"အား!... စပ်လိုက်တာ .."

"ငန်လိုက်တာ .. ဆားတွေနဲ့ .."

"ချဉ်လိုက်တာ .. အောင်မယ်လေး!..."





သေပေါ့ ..၊

စိတ်ထဲက ပြောရင်း ခပ်တည်တည်လေး လုပ်နေလိုက်၏။

"ပြေသွားပြီလား အိပ်ချင်တာတွေ .."

"နည်းနည်းပဲ ပြေတာ .."

"အံမာ .."

"သားတို့ဘာသာ ဝယ်စားမယ် .. ပိုက်ဆံပါတယ် .."

"မစားရဘူး .."

"တီတီမာလာ .. တီတီမာလာ .."

"ဟဲ့ .. မစားရဘူးလို့ ပြောနေတာ မကြားဘူးလား .."

"တီချယ်ကလည်း စားချင်လို့ပါ ..၊ တီတီမာလာ .."

"လာပြီ .. လာပြီဟေ့ .. ဘာဖြစ်နေကြတာလဲ သံစုံကို မြည်နေတာ [illegible] .."

မာလာခင် က ရေတပ်သီးခွဲခြမ်းတွေ ထုပ်နေရာက ထလာတာမို့ [illegible]ထဲမှာ ဖွန်းက တစ်ဖက် .. မပိတ်ရသေးသော ရေတပ်သီးအိတ်လေး [illegible] တစ်ဖက် ..၊

"တီတီမာလာ .. သားတို့ကို အလုံးကြော်ရယ် .. ဆိတ်သား [illegible]တ်ရယ် .."

"ဟဲ့ .. ချ .. ခု ချထားစမ်း .."

အနားမှာ လူကို ငုတ်တုတ်ထားပြီး ပိုက်ဆံတွေ အသီးသီး ထုတ်[illegible]ကြသဖြင့် ထိုလက်လေးတွေကို လွှန်လွှန်း က တဖတ်ဖတ် ပုတ်[illegible]၏။

"ဟာ .. တီချယ်ကလည်း .."

"စားချင်လို့ပါ တီချယ် ရာ .."

"မစားရဘူး .. မရောင်းနဲ့ မခင် .. မစားရဘူး .."

မီးရောင်အောက်မှာ စတက်ပ်ဆံပင် ကော်ဖီရောင်ရဲရဲလေးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ရှပ်အင်္ကျီအနီကွက်လေးနဲ့ လွန်လွန်း ပုံစံကို မာလာ က ကြည့်နေရင်း ရယ်၏။

ကလေးတွေထဲမှာ ကလေးသာသာပုံစံလေးနဲ့ ဆရာလုပ်နေတဲ့ သူမက ပေါင်ပေါ်မှာ မုန့်ထုပ်တွေ တင်လျက် ကလေးတွေကိုတော့ မစားရဘူး အမိန့်တွေ ပေးနေလေသည်

"သူတို့ကပဲ ရာရာစစ .. ကျောင်းသားက ဆရာမကို လိုက်တိုင်းနေတယ် ..၊ ဟွန်း .. ပေးထားတဲ့ပုစ္ဆာတွေ တွက် .."

"ကဲ .. လွန်လွန်း .. ကလေးတွေကို မစားခိုင်းရင် နင်လည်း မစားနဲ့တော့လေ .."

"ဟာ .. မမခင် က တစ်မျိုး ..၊ ခုပဲ ကိုးနာရီ ထိုးတော့မယ် - လွန်လွန်း အိပ်တဲ့အချိန် .."

"ကလေးတွေလည်း အိပ်ချင်ပြီပေါ့ .."

"သူတို့က သူတို့ စာမေးပွဲအတွက်ပဲ .. မအိပ်ဘဲ ကျက်ပေါ့ -

"လွန်လွန်း .. နင်က သူတို့ရဲ့ တီချယ်လေ .. ပြောလေ .. ကဲလေး .. ပေး .. အဲဒီမုန့်ထုပ်တွေ .."

"ဟာ .. မမခင် ဘာလုပ်တာလဲ ..၊ ဆိုင်မှာ ပြန်တင်လို့ မရတော့ဘူးနော် .. အကုန်လုံး ကိုက်ဖောက်ထားတာ .."

"ဟုတ်တယ် .. သားတို့ တီချယ်က သွားကောင်းတယ် -"

"ဟုတ်တယ် တီတီမာလာ.. တီချယ်က ကြွက်သွားလေးတွေနဲ့ -

"ကြည့်စမ်း .. ဖြိုးမောက် .. ငါ့ကိုများ .."

အပြောနဲ့အတူ လက်က ဖြန်းခနဲ ရောက်ပြီးသား ..၊

"အား!... တီချယ် နော် .."

ဖြိုးမောက် က လက်မောင်းလေးကို ပွတ်၍ ရှုံ့မဲ့နေကာ —

"သား တီချယ့်ဆီမှာ မတက်ဘဲနေရင် သား ကျူရှင်လခ တီချယ် မရဘဲနေမှာ နော် .."





"မရတော့ ဘာဖြစ်လဲ .. မတက်နဲ့ .."

"ဂိမ်းဆော့တိုင်းလည်း သားတို့ချည်းပဲ အရှုံးပေးရတာ .."

"တီချယ်က ညစ်တယ် .."

"ငါ ညစ်တာ ခံရတယ် ဆိုတည်းက နင်တို့ မတော်လို့ပေါ့ .. အေးဆေးနေလိုက်တော့ .."

"သားတို့က ကိုယ့်တီချယ်မို့လို့ လျှော့ပေးတာ .."

"အံမာ .. တော် တိတ် .."

ကြမ်းပြင်မှာ ကြိမ်လုံးနဲ့ ရိုက်ချလိုက်သည်နှင့် 'ဖြန်း..'ခနဲ အသံမှာ ကွဲစိကွစအသံလေးတွေ တိတ်ကျသွားသည်။

ဒါက လွန်လွန်း ရဲ့ ကလေးတွေကို အနိုင်ပိုင်း၍ ပွဲသိမ်းတဲ့နည်း..၊

ကိုယ်နဲ့အတူတူ ကစားနေတဲ့ ကလေးတွေကို စာသင်ပေးမှတော့ 'တီချယ်'ခေါ်ခိုင်းလိုက်ရုံနဲ့ ဆရာမကြီးလို သဘောထားပြီး ကလေးတွေက လေးစားပါ့မလား ..၊

လွန်လွန်း က အင်္ဂလိပ်စာ သချာ် ဂုဏ်ထူးထွက်တာမို့ ပထမနှစ်တက်ခင်တုန်းကလည်း ကလေးတွေကို စာသင်ပေးဖူးသည်။ ကျောင်းပြီးလို့ အလုပ်မလုပ်ချင်ပါဘူး ဆိုတော့လည်း သူမအတွက် အိမ်မှာအချိန်ဖြုန်းရင်း ဝင်ငွေရဖို့ စာသင်ပေးစေချင်တဲ့ ကလေးမိဘတွေက အဆင်သင့် ..။

ဒီ စားပွဲတစ်ဝိုင်းစာလေးကိုတောင် ရန်ဖြစ်လိုက်.. စာသင်သံ ကြားလိုက်နှင့် ဆူဆူညံညံ ..၊

ဒါကို သူမက နောက်ထပ် ကျောင်းသား လိုချင်သေးသည်။

"အိမ်ကလည်း ကျဉ်းလိုက်တာ နော်.. နောက်တစ်ဝိုင်းလောက်ဆို လွန်လွန်း တို့ နိုင်ပြီ .." တဲ့ ..။

လူက ကလေးပုံဖြစ်နေပေမယ့် လောဘကြီးတဲ့နေရာကျတော့လည်း ရှေ့ရှုမယ်ဆို လွန်လွန်း တို့များ မျက်လုံးလေး အရောင်လက်လာတတ်၏။



www.burmeseclassic.com

www.burmeseclassic.com



ချောင်ကျကျ ဈေးသက်သာသည့် တိုက်ခန်းလေးတစ်ခန်းပဲ ရှိပါသည်။ မိသားစုကချည်း သားအဖ လေးယောက် ...၊

အစ်ကိုနှစ်ယောက်နှင့် လွန်လွန်း က အငယ်ဆုံး ဖြစ်သည်။ မာလာ က အစ်ကိုအကြီးဆုံး၏ ဇနီးဖြစ်ကာ စိတ်ရောဂါသည် ဦးလေးတစ်ယောက်က ပါလာသေးသည်။

ထို့ကြောင့် အိမ်မှာ လောလောဆယ် နေကြတာ မိသားစု ခြောက်ယောက် ဖြစ်သွားခဲ့၏။ အိမ်စီးပွားရေးကို ထိန်းနေတာက အကြီးဆုံးသားနှင့် အဖေဖြစ်သည့် ဦးလွန်း ပဲ ဖြစ်သည်။

ထို့ပြင် တိုက်ခန်းရဲ့ မျက်နှာစာလေးမှာ သူမက အိမ်ဆိုင်လေး ဖွင့်ထားကာ ကုန်ခြောက်လေးက နည်းနည်း .. ဆေးပစ္စည်းလေး နည်းနည်းပါးပါးနှင့် စာအုပ် ခဲတံကအစ မိန်းမစီးဖိနပ်လေးတွေလည်း မျက်နှာစာမှာ တင်ထားသေးသည်။

ဘာပဲဖြစ်ဖြစ် မိသားစုတစ်စုလုံးအတွက် မပိုလျှံပေမယ့် ကျပ်ကျပ် တည်းတည်း ဖြစ်ရတာမျိုးတော့ သိပ်မရှိခဲ့ ...၊ ငွေကြေးပြည့်စုံမှုထက် ဒီအိမ်မှာ ပိုပြီး ပြည့်စုံတာက စည်းလုံး ချစ်ခင်ကြခြင်းပင် ...၊

ထို့ကြောင့် မပြေလည်မှုတွေ တစ်ခါတစ်ရံ ကြုံလာရပေမယ့် သူမ ဒီမိသားစုမှာ ပျော်ပါသည်။

နေရာတကာမှာ မေတ္တာတို့ဖြင့် ခြုံလွှမ်းသော ဤစံအိမ်ဝယ် ...၊





## အခန်း (၂)

"ဟိုမှာ ထိုင်နေတဲ့ကောင် တွေ့လား .."

"ထိုင်နေကြတာ လေးယောက်တောင်မှ .."

"ထင်းနေတဲ့ကောင်ကို ပြောတာ .. ဆံပင်ကောက်ကောက် ကုပ်ဆောက်နဲ့ .."

"မျက်နှာ သေးသေးရှည်ရှည် .."

"ဟုတ်တယ် .. လူကလည်း ဂျပိန် လောရှည် .."

"ခပ်သွယ်သွယ် .. အရုပ်မြင့်မြင့်လို့ ပြောစမ်းပါကွာ .. ဒါမျိုးမှ ဒီခေတ်မှာ တိုးတာ .."

"ဟော့ကောင် .. မင်းကို ဒီကောင့်စတိုင်လ် ဘယ်ခေတ်မှာ တိုးနိုင်မလဲ မေးနေတာ မဟုတ်ဘူး .."

"သိပါတယ် .. ဆက်ပြော .."

သူတို့က ရန်ကင်းစင်တာရဲ့ အပေါ်ထပ်ကနေ အောက်ထပ်က အအေးသောက်ဆိုင်ထဲကို ကြည့်နေတာမို့ အပေါ်စီးကနေ မြင်ကွင်းကို ရှင်းလင်းစွာ မြင်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားလေးယောက် ထိုင်နေကြတဲ့ထဲမှာ တိရှပ်အနီရဲရဲ ဝတ်ထားသည့်ပြင် ဆံပင်ကောက်ကောက်တွေက အဝါတချို့ .. အနီတချို့ မို့လို့ ထိုပုဂ္ဂိုလ်ကပဲ ထင်းနေသည်။

ထို့ပြင် အသားက ဖြူနုနေကာ ထူနက်သည့် မျက်ခုံးတန်းတို့က သိပ်မရှည်ပေမယ့် မျက်နှာပေါ်မှာ အထင်ရှားဆုံး ဖြစ်၏။

"သူ့နာမည်ကတော့ သိပ်မသိဘူးကွ .. 'ကိုချစ်'ဆိုလား .. 'သူရ' ဆိုလား .."

"ငါ့ကို ပြတာက ဘာအတွက်လဲ .."

"ဒီကောင့်ကို ရရင် ငါတို့အတွက် နိုင်ပြီ .."

"ဘာ!... ဟာကွာ .. ယောက်ျားချင်း .."

"ဟိတ်ကောင် .. မင့်ဘိုးအေကို ငါက ဘာလုပ်ဖို့ ပြောနေတာ ထင်လို့လဲ .."

"မသိဘူး .."

"မသိရင် မေးပါဦးလား .."

ထောက်ထားသည့်လက်ကို ဖြုတ်၍ တန်းပေါ်မှာ ဒီတိုင်း တင်ထားရင်း မျက်လုံးတွေကတော့ အောက်က စားပွဲဆီမှာ ဖြစ်ကာ ...

"မင်းကလည်း လိုရင်း ပြောစမ်းပါကွာ .. ဒီမှာ ရေခန်းနေလို့ ဓားပြတိုက်ရမလား .. လူရိုက်ပြီး လုရမလား စဉ်းစားနေတာ .."

"အဲ့ဒါ .."

"ဟင်!..."

"ဒီကောင့်ကို ဆွဲလိုက်ရင် ငါတို့ ထောပြီ .."

*"ဟင် .. ဘာရယ်!... ဒီကောင့်ကို ပြန်ပေးဆွဲဖို့လား .."*

"ဟား .. ခုံးဆေးလိုက်တာ ခဲဗုံ ရာ .. မင်းက ခဲဗုံ ဆိုတဲ့အတိုင်း ကောက်မခြစ်မချင်း အရာမထင်တဲ့ကောင်ပဲ .."

"ဟုတ်ပါတယ် .. မင်းကတော့ သာထက် ဆိုတဲ့အတိုင်း ထက်ပါ့ ..





ချွန်ပါ့ ...၊ ပြော .. ဆက်ပြော .."

"ဟုတ်တယ် .. ချွန်ပြီးသားပဲ .. နားထောင် .."

"ပြော .."

"ဒီကောင်က ဟိုအရင် ဇာရာဏာသီပုံပြင်ထဲက သူဌေးသားလိုပဲ.."

"ဟုတ်လား .. စာမတတ်ဘူးလား .. ဒီခေတ်ထဲမှာ ဒီလောက်တောင် .."

"ဟိတ်ကောင် .."

"ဟင်!..."

"မင်း ဘာမှမမေးဘဲ နားမထောင်နိုင်ဘူးလား .."

"ပြောကွာ .. လိုရင်း .."

"လိုရင်းကို တန်းသွားလို့ မရဘူးကွ.. ဒီကောင့်အကြောင်း သေချာ သိမှ မင်းတို့ မက်ရမှန်း သိမှာ ...၊ ဒါမှ ငါတို့ ရှေ့ဆက်ဖို့အတွက် ဝိုင်းဝန်း ခေါင်းစားပြီး ပလန်ချရမှာ .."

"ဒီလောက်တောင်လား .."

"ဟုတ်တယ် .. ဒီကောင်က ဘိုးဘွားစဉ်ဆက် ချမ်းသာကြတာ.. အခု သူ့အဖေက နိုင်ငံခြားမှာလည်း တကယ့်လုပ်ငန်းကြီးပိုင်းမှာ အထင်ကရဖြစ်နေပြီ .. မအေကလည်း စိန်ကုန်သည်လောကမှာ ဒိတ်ဒိတ်ကြဲ.."

"ပွဲစားလား .."

"ဟား.. ပွဲစားလောက်ကို ငါက ထည့်ပြောစရာလားကွ.. အရောင်းအဝယ်လောက တစ်နေရာမှာ လွှမ်းမိုးထားနိုင်ပြီဆိုရင် အဲဒီပုဂ္ဂိုလ်ဟာ အားလုံးထက် ချမ်းသာလို့ပဲ .."

"မင်း တွက်တာ မှားရင်ရော .."

"လုံးဝ မမှားတဲ့အပြင် ဒီကောင် မိဘလုပ်စာ ထိုင်ဖြုန်းပြီး အပေါင်းအသင်းနဲ့ တွေ့လိုက် မုံးကြဲလိုက် .. မြှောက်ဝင့် ခေါင်းညိတ်ပေးရင် မုံးကြဲလိုက် .."



www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်ကောင် .. မေးရင်လည်း မကြိုက်ဘူး .. ဗိုးတွေကြဲပြီး ဘာလုပ် .."

"ငွေကွ .. ငွေတွေ ဗိုးကြဲတာ .. သူ့အမေနဲ့ အဖေနဲ့က ကွဲနေကြတာ .."

"ဘယ်လိုလုပ် သိလဲ .."

"သိချင်လို့ သိတယ်ကွာ .. မရှည်စမ်းပါနဲ့ .. ဒါပေမယ့် ဘယ်သူကမှ နောက်အိမ်ထောင်သစ် မထူဘဲ ပြန်လည်း မပေါင်းကြဘဲနဲ့ မာနတွေ ပြိုင်နေကြတာ .. သူ့အမေက အရမ်းတော်သလောက် စီးပွားရေးမှ စီးပွားရေးပဲ.. အဲဒါကြောင့် ဒီကောင်က မအေနဲ့လည်း ကီးမကိုက်ဘူး.."

"သူ့အမေက မကြင်နာဘူး ထင်တယ် .."

"မသိဘူး .. ဒါပေမယ့် ငွေတွေကိုတော့ ရေလို သုံးနိုင်းထားတာပဲ .. ဒီကောင့် လက်ပေါ်မှာ ပိုက်ဆံက စက္ကူတွေလိုပဲ .."

နှစ်ယောက် စကားပြောနေရင်း အနီရဲရဲနှင့် ထင်းနေသည့် မျက်နှာကိုပဲ လှမ်းကြည့်နေမိကြ၏။ ပြီးတော့ သူတို့တွေ ပိုက်ဆံရှင်းကြသည်။

ထိုကလ္လာမှာ ခဲတံ တို့ အထူး စိတ်ဝင်စားနေကြကာ ပြောလက်စတွေပါ ရပ်လိုက်ပြီး စူးစိုက်ကြည့်နေမိကြ၏။ နာမည်အတိအကျ မသိရသေးသည့် ထိုမည်သော သူဌေးသားက ပိုက်ဆံအိတ်ကို စားပွဲပေါ်မှာ ချပေးလိုက်၏။

ဆောက တစ်ယောက်က ကောက်ယူပြီး ပိုက်ဆံရှင်းသည်။ တစ်ယောက်က ဘာပြောလိုက်သည် မသိဘဲ ထိုတစ်ယောက်ကို ပိုက်ဆံပေးလိုက်ဖို့ သူဌေးသားက လက်ပြ၏။

ပိုက်ဆံအိတ်ကိုင်သူက ထုတ်ပေးလိုက်တာနှင့် နှစ်ယောက်က ပိုက်ဆံအထပ်ကို နမ်းပြီး ထထွက်သွားကြသည်။

ကျန်တဲ့တစ်ယောက်က ဘာတွေ ပြောကျန်ခဲ့မှန်း မသိပါ ...၊





သူဌေးသားသည် ပိုက်ဆံအိတ်ကို ဆွဲယူလိုက်ပြီး သူ့လက်နဲ့ ပါသလောက် ဆွဲထုတ်ပြီး ထိုတစ်ယောက်ကို ပေးလိုက်၏။ ပြီးမှ အိတ်ကို ဘောင်းဘီအိတ်ထဲ ပြန်ထည့်လေသည်။

"တွေ့လား .."

"တွေ့ပြီ .. ရှင်းလည်း ရှင်းသွားပြီ .."

"အဲဒီကောင် ငါတို့လူ ဖြစ်သွားရင် ပြီးပြီ .."

"အိုခေတယ်ဟော့.. ဒီအကြံအစည်ကို ချက်ချင်း အကောင်အထည် ဖော်ရမယ် .."

"ဟွန်း .. ခုမှ တက်ကြွနေတာ .."

"လာစမ်းပါကွာ .. နတ်သမီးအိပ်မက်လေးတွေ မက်ရဖို့ လှုပ်ရှားမှ ဖြစ်မှာပေါ့ .."

"ဟား .. ဟား .. ဟား ..."

ရယ်သံတို့သည် မာရ်နတ်၏ နတ်စစ်သည်တို့ ကြွေးကြော်သံကဲ့သို့ ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

"မွေးနေ့ ..၊ ဟုတ်သားပဲ .. သား မွေးနေ့ကို မာမီ မေ့နေတာ.."

ရှုန်းကိုင်ထားလျက် နှုတ်ခမ်းအစုံက မဲ့ရွဲ့သွားခဲ့၏။ မာမို့ဆီက ဒီတိုင်းပြောမယ့် စကားလုံးတွေကို မကြားရခင်တည်းက သူ အလွတ်ရနေခဲ့သည်။

"မာမီ အရောင်းအဝယ်ကိစ္စနဲ့ ဆီဒိုးနားကို ရောက်နေတယ် သားရယ် .. သား သူငယ်ချင်းတွေကို မုန့်ကျွေးထားလိုက်လေ နော် .."

"ပိုက်ဆံ .."

"မာမို့အခန်းထဲမှာ လက်မှတ်ထိုးပြီးသား ချက်လက်မှတ်တွေ ရှိတယ်လေ သား .. ဩော် .. သား ငွေတွေ အရမ်းလည်း မထုတ်နဲ့ဦးနော် .."

"မွေးနေ့မှာ ပျော်ကြမှာပဲ မာမီရာ .. စားပွဲတစ်ပွဲလောက်နဲ့ ပြီးမှာမှ မဟုတ်တာ .."

"အေးပါ .. မာမီက ပိုက်ဆံနမြောလို့ ပြောတာ မဟုတ်ဘူး .. ငွေတွေ အရမ်းသုံးတော့ .."





"တော်ပြီ မာမီရာ .. ကျွန်တော် ကြိုက်သလောက် ထုတ်လို့ရလား မရဘူးလား .."

မာမို့ 'အင်း ..' ချသံ အဆုံးမှာ ဖွက်ခနဲ ချပစ်လိုက်သည်။ ပြီးတော့ ဆိုဖာပေါ် ပြန်လာပြီး ဖုန်းခနဲ ထိုင်ချကာ ခေါင်းအုံးလေးကို ဒူးပေါ်မှာ ဘုန်းဘုန်း ထရိုက်မိသည်။

ဒီအချိန်ကျမှ မွေးနေ့အတွက် ပိုက်ဆံထုတ်ပြီး ဘာလုပ်ရမှာလဲ..၊

တစ်နေကုန် လျှောက်လည်ပြီး မိုးမချုပ်ခင် ပြန်လာလည်း မာမီ အိမ်မှာ မရှိ ..၊ ညဘက် ညဥ့်နက်အောင် သွားလာလည်ပတ်ပြီးမှ ပြန်လာ ..၊ ဘယ်တော့မှ မာမို့မျက်နှာကို မမြင်ရ ..၊

မနက်စောစော ထနိုင်မှ မာမို့ကို မြင်ရသည်။ ဒါတောင် မာမီကို တွေ့လို့ မျက်နှာမသစ်ဘဲ အိပ်ရာထဲ ပြန်ဝင်ပစ်လိုက်တာတွေ ရှိသေးသည်။

ဒီအိမ်ကြီးမှာ သူတစ်ယောက်တည်း နေရတာလား ..၊

ဒါမှမဟုတ် .. ဒီအိမ်ကြီးက လူမနေတဲ့ အိမ်ကြီးလား ..၊

မျက်နှာရှေ့တည့်တည့်မှာ ရှိသည့် မိဘနှစ်ပါးရဲ့ ဓာတ်ပုံကြီးကို ရှုံ့စိုက်ကြည့်ရင်း အံကြိတ်မိ၏။

ဒီလို အထီးကျန်ဆန်ရခြင်းတွေကို တတွေးတွေး တဆွေးဆွေးသူ ဖြစ်မနေခဲ့ပါ ..၊ ဒါပေမယ့် တွေးမိလာတဲ့အခါတိုင်းမှာ ကိုယ့်ကိုယ်ကိုယ် ဘယ်လိုသတ္တဝါမျိုးလဲလို့ ပြန်မေးချင်တဲ့အထိ စိတ်က အဆိုးမြင်ဝါဒတွေနဲ့ အတိ ပြီးနေခဲ့သည်။

သူ့ဘဝမှာ ဒက်ဒီလည်း ရှိနေသေးသည် ..၊ မာမီလည်း အနားမှာ ရှိသည်။ ဒီမိဘနှစ်ပါးစလုံးကလည်း စီးပွားရေးလောကမှာ တကယ့် ဒိတ်ဒိတ်ကြဲ အောင်မြင်နေကြသူတွေပါ ..။

ဘာလိုသေးလို့လဲ ..၊

အချစ်သစ် မရှာဘဲ အပြစ်ရှာပြီး တခြားစီ တစ်နိုင်ငံစီမှာ နေကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒက်ဒီကလည်း သူ့အတွက် ကြိုးစားနေသည်။ မာမီကလည်း သားလေး နောင်ရေးအတွက်တဲ့ ...။

တစ်နှစ်ပြည့်သွားတိုင်း ဒက်ဒီက ငွေတွေကို အရပ်နဲ့တိုင်းပြီး ချိန်တွယ်သည်။ မာမီက စိန်တွေကို ဗုံပြီး လူနဲ့ တိုင်းပြ၏။

ဘာတွေ လုပ်နေကြတာလဲ ...၊

ချမ်းသာအောင် လုပ်နိုင်ကြတာချင်း ပြိုင်နေရတာကို ဂုဏ်ယူကြတာလား ...၊ ချစ်ကြပေမယ့် အောက်ကျမခံနိုင်ကြတဲ့ မာနတွေနဲ့ တခြားစီ နေနိုင်ကြတာကို ဂုဏ်ယူတာလား ...၊

ဒါမှမဟုတ် နောက်အိမ်ထောင်မပြုဘဲ နေနိုင်ကြတာကို ပြိုင်ဆိုင်ဂုဏ်ယူကြတာလား...၊ သူတို့တွေက မွေးဖွားထားခဲ့တဲ့ သားတစ်ယောက်ရှိနေတာကို ဘယ်နေရာ ဘယ်အကန့်မှာ ထည့်သွင်းစဉ်းစားမှာလဲ ...။

ဧည့်ခန်းမှာ မြန်မာ့ယဉ်ကျေးမှုလက်ရာ ပန်းချီကားကြီးနဲ့ ကြေးသွန်း စစ်သူရဲကောင်း ရုပ်လုံးရုပ်ကြွတွေ ... တယော ... ဗျပ်စောင်း ... ဘင်ဂျို ... မယ်ဒလင်ဆိုသော ဂီတာနှင့် တော်တော်တူသည့် တူရိယာပစ္စည်းတွေဆိုတာ ခေတ်တွေ ဘယ်လောက်ပြောင်းခဲ့သလဲဆိုတာကို သက်တမ်းအလိုက် ဖော်ပြနေသလိုပင် ...၊

"ဟောဒီ ဧည့်ခန်းမှာ မာမီ အမြတ်တနိုး ထိန်းသိမ်းစုဆောင်းထားခဲ့တဲ့ မြန်မာ့ယဉ်ကျေးမှုလက်ရာ အမွေအနှစ်တွေလေ ... ကာလတန်ဖိုးနဲ့တွက်ကြည့်ရင် သိန်းထောင်ကျော်တယ် ... မာမီက ဒီကရေးရှင်း လှဖို့ပဲမဟုတ်ဘူး... ယဉ်ကျေးမှုက စတဲ့ စိတ်ဓာတ်အဆင့်အတန်းတွေ အားလုံးဒီမှာ ထည့်ထားတာ ..."တဲ့ ...။

"ဟား ... ဟား ... ဟား ... ဟား ..."

ခေါင်းထဲမှာ သေချာ မှတ်မိနေသည့် စကားလုံးတွေကို ပြန်တွေးမိကာ ဟားတိုက် ရယ်ပစ်လိုက်မိသည်။ ထိုအခါ ဒေါ်တစ်ဆစ် ပြေးထွက်လာတာ အူရားဖားရား ...၊





ဒေါ်တစ်ဆစ် ဆိုတဲ့အတိုင်း အရပ်ကလည်း လေးပေတောင် မပြည့်ချင်သေး ...၊ ပုပုလုံးလုံး ကိုယ်ခန္ဓာလေးနှင့် ပြေးလွှား ရောက်လာပြီး သူ့ကို ကြည့်တာ ရူးသွားပြီလားဆိုတာမျိုး အထိတ်တလန့် ...၊

"သားလေး ... ထမင်းစားဖို့ ပြင်ပြီးပြီလေ ..."

ရင်တုန်သံလေးနှင့်ပြောကာ တီဗွီကို လှမ်းကြည့်လိုက်သေးသည်။ ဟားတိုက်ရယ်သံ ကြားလိုက်သဖြင့် တီဗွီကြည့်နေသည်လို့ ထင်လိုက်တာ ဖြစ်၏။

"ဟိုလေ ... လူလေး ဝင်လာတည်းက ဝင်ရွှေးလိုက်တာ ... အားလုံးမွှေးမွှေး ဖြစ်နေပြီ ... ကြက်သားကြော်ရယ် ... ငါးဖယ်ငါးဆုပ် အချိုပြန်လေးရယ် ... ပြည်ကြီးငါးနဲ့ ပုစွန်ကို စပါလင်နိုင်နိုင်လေးနဲ့ အရည်သောက် ချိုချိုချဉ်ချဉ်လေးလည်း ပါတယ် သိလား သား ..."

သူ မျက်လုံးလှန်ကြည့်လိုက်တာနှင့် ဒေါ်တစ်ဆစ် ထိတ်ထိတ်ပျာပျာ ဖြစ်သွားကာ ...

"သား ကြိုက်တာ မပါမှာစိုးလို့ ...၊ ငါးရံ့အူဆီပြန်လေးရယ် ... ဆိတ်ကလီစာအဖြူ အချိုချက်လေးရယ်လေ ... ပြီးတော့ ..."

"တော်တော့ဗျာ ..."

"ဟင်!..."

ဒေါ်တစ်ဆစ် တုန်ခနဲ ဖြစ်သွားသည်။ သူ့ လက်ထဲက ခေါင်းအုံးနဲ့ ဒေါ်တစ်ဆစ် ကို ပစ်ပေါက်လိုက်ကာ ...

"ဘာဖြစ်လို့ ဟင်းတွေက တချိုတည်း ချိုနေရတာလဲ ..."

"ဟို ... သား ... သားက အစပ်မှ မစားတာ ..."

"စားတယ် ... စပ်တာပူတာတွေပဲ အခု စားချင်တယ် ... ဘယ်ဟာ ချိုစေနဲ့ ...၊ သွား ... အခုချက်ချင်း အစပ်တွေ ထည့်ချက်ပေး ..."

"ဟင်!..."

"ဘာလို့ ပြူးပြဲကြည့်နေတာလဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"လူ .. လူလေးရယ် .. အချိုချက်ထားတာကို အစပ်တွေ ထည့်လိုက်ရုံနဲ့ ဘယ်လိုလုပ် ကောင်းတော့မှာလဲ .."

သူ နေရာမှ ဝုန်းခနဲ ထရပ်လိုက်ကာ ဆိုဖာကို နောက်ပြန် ကန်ပစ်လိုက်သည်။

"ကောင်းကောင်း မကောင်းကောင်း ချက်ဆို ချက်လိုက်ဗျာ .. အဲ့ဒီဟင်းတွေ စားပွဲတစ်လုံးလုံး ပြည့်လျှံနေအောင် ဘာဖြစ်လို့ ချက်နေတာလဲ .. ဘယ်သူက အိမ်မှာပဲ စားပါ့မယ် ပြောထားလို့လဲ .."

ညမိုးချုပ်စပြုမယ့် ပတ်ဝန်းကျင်က တိတ်ဆိတ်နေပြီဖြစ်သည်။ သူကတော့ ထင်တိုင်း အော်ဟစ်နေမိကာ သူမနာ ကိုယ်မနာ ဆိုဖာကိုပဲ လွဲကန်နေမိတာ ဘယ်နှစ်ချက်မှန်း မသိ ..။

"အခု သွားပြီး အဲဒီဟင်းတွေကို သွန်ပစ်လိုက် .. နောက်ထပ် အသစ်ချက်ပေး .."

"လူလေး .."

"သွား .. သွားချက်ဆို ချက်လိုက် .."

ဒေါ်တစ်ဆစ် နောက်ကို တုန်ခနဲ ဆုတ်သွားကာ ခေါင်းတွင်တွင်ညိတ်ရှာသည်။

"ဘာလဲ .. ဒီလောက်တောင် လိုလေသေးမရှိ လုပ်ပေးချင်နေတာ .. ကျွန်တော် လိုချင်တာ အဲ့ဒါတွေလို့ ဘယ်သူ ပြောတာလဲ .."

မှတ်ပုံအောက် ရောက်သွားပြီး နံရံကို လက်သီးဆုပ်နဲ့ထုနေမိသည်။

"သေကုန်ပြီ ဆိုရင်လည်း အော်ခေါ်ပြီး ငိုလို့ ကောင်းသေးတယ် .. ခု .. ခုတော့ .. တောက်!..."

နှာခေါင်းတွေ စပ်လာတာ လည်ချောင်းထဲမှာ ကျပ်ခဲလာတာတွေက ငိုချင်နေပြီဆိုတာ ကိုယ့်ကိုယ်ကိုယ် သတိမထားမိခဲ့ပေ ..၊

မျက်လုံးထဲမှာ စိုစွတ်စွတ် ဝါးတားတား ဖြစ်လာတာ မျက်ရည်တွေမှန်းလည်း မသိ ..၊





နာရီကို ကြည့်ပြီး နားစွင့်ကြည့်မိတော့ ပိုဆိုး၏။ မာမီ ခုချိန်ထိ ပြန်မလာသေး ..၊

"အစ်ကိုလေး .. ရေ အရင်ချိုးမယ်ဆိုရင် ရေနွေးစပ် .."

"ဟော့ကောင် .. သွားတော့ .."

"ဗျာ .."

"မင်းကို သွားခိုင်းနေတာ .."

"ဟုတ်ကဲ့ .."

နောက်ထပ် သူ့ဝေယျာဝစ္စလုပ်ပေးတဲ့ ငကျိုင်း ပါ ခေါင်းကုတ်ထွက်သွားခဲ့၏။ ဆိုဖာပေါ်မှာ ပြန်ထိုင်ချလိုက်ရင်း မျက်လုံးတွေ မှိတ်၍ ဆံပင်တွေကို ဖွပစ်နေမိတာ ဂျူတွေသာဆို ပလာတောစရိုက်လို့ ရနေလောက်ပြီ ဖြစ်၏။

သူ ဒီနေ့ ဘာဖြစ်လို့ မထူးတာတွေကို အသစ်လို ခံစားနေမိတာလဲ ..၊ သူ ဘာဖြစ်နေတာလဲ ..။

စဉ်းစားရင်း ဆိုဖာပေါ်မှာပဲ တအိအိ လဲလေသည်။ အချိန်တွေ ဘယ်လို ကုန်ဆုံးသွားသလဲဆိုတာ သူ မသိတော့ ..။

ဒေါ်တင်မာချစ် ပြန်ရောက်လာတာနှင့် သားကို မေး၏။

"မတစ်ဆစ် .. သားလေး ပြန်ရောက်ပြီလား .."

တံခါးဖွင့်နေတုန်း အပြင်ကနေ လှမ်းမေး၏။ ဒေါ်တစ်ဆစ် နောက်ကို ပြန်လှည့်ကြည့်ပြီးမှ အသံတိုးတိုးနှင့် ...

"ရောက်တာ တစ်နာရီလောက် ရှိသွားပြီ .. လူလေး သောက်လာတယ် မမချစ် .."

"ဘာ!..."

"အိမ်မှာ ကိုကျူလိုက်တာလည်း ဝုန်းဒိုင်းကြဲပဲ .. သူ့ပြန်လာတော့ မချစ် ကို မတွေ့လို့ ပိုဆိုးသွားတာ ထင်တယ် .."

ဒေါ်တင်မာချစ် မျက်နှာပျက်သွားကာ လွယ်ထားသည့် အိတ်သင်း



www.burmeseclassic.com

www.burmeseclassic.com



ဘက်ခ်ကို ဖြုတ်၍ အိမ်ထဲကို ခြေလှမ်းကျဲများနှင့် ဝင်သွား၏။

သားဖြစ်သူကို လှမ်းမြင်လိုက်တာနှင့် ခြေလှမ်းတွေ နှေးကျသွား ကာ အနားကို တစ်လှမ်းချင်း တိုးကပ်သွားကာ ...

"သူက အရက်သောက်တဲ့အထိ ဖြစ်နေပြီလား .."

သားကို ငုံ့ကြည့်၍ တီးတိုး ရေရွတ်သည်။ ဒေါ်တစ်ဆစ် က အနားမှာ လာရပ်လိုက်ပြီး ...

"ဟိုလေ .. ကလေးက ဆိုးတဲ့ကလေး မဟုတ်ပါဘူး မမချ ရယ်.."

ဒေါ်တင်မာချစ် လှည့်ကြည့်လိုက်တော့ ကပျာကယာ လက်ကာ ပြ၍ ...

"ဒီလို ပြောတာပါ .. သူ့ခမျာ အိမ်ပြန်လာတော့လည်း .."

"ကျွန်မ သိတယ် မတစ်ဆစ် .. သားနဲ့ ကျွန်မတို့ရဲ့ မိသား အတွင်းရေးကို အကြံပြုတာတွေ .. ဝေဖန်တာတွေ မလုပ်ပါနဲ့ .."

"ဟုတ်ကဲ့ .."

"အိမ်တွင်းမှာရော .. အိမ်ပြင်မှာရော .. အပြောအဆို စည်းကမ်း ရှိပါစေ .."

"ဟုတ်ကဲ့ပါ .."

"ကျွန်မက ဘဝင်မြင့်ပြီး မောက်မောက်မာမာ ပြောတာ မဟုတ် ဘူး .. သူ့စည်းသူ့ကမ်းနဲ့ နေကြတာပဲ ကောင်းတယ် .."

"ဟုတ်ကဲ့ပါ .. ကျွန်မ မမချစ် ရဲ့ စိတ်ရင်းကို သိပါတယ် .. ဒီ လို့လည်း .."

"ကျေးဇူးတင်တယ် .. ကျွန်မသားလေးရဲ့ သည်းညည်းခံပါ .. အိမ်မှာ ဝတ္တရားကျေကျေ သစ္စာရှိရှိ အလုပ်လုပ်ပါ .. အခု ဈေးဖိုးဆော ထားတဲ့ လက်ကျန်ငွေနဲ့ သုံးထားတဲ့စာရင်း ကျွန်မ လိုချင်တယ် .."

"ဟုတ်ကဲ့ပါ မမချစ် .. အဆင်သင့်ပါပဲ .."





"နေဦး .."

ဒေါ်တင်မာချစ် က ဆလင်းဘက်ခ်ကို စားပွဲပေါ် ချထားလိုက်ကာ သားက ခေါင်းအုံးလေးကို ယူ၍ သားရဲ့ခေါင်းအောက်မှာ တယုတယ ခုထားပေးနေရင်း ...

"စောင် .. ခြင်ထောင်တွေ ပင်မင်းပေးတာ လူပြောင်းထားတယ် နော် .."

"ရှင် .."

"ဒေါ်သိုလုံး က ရက်ကြာတယ် .. သိပ်လည်း မဖြူဘူး .. သူ သုံးတဲ့ လူတွေက သိပ်မသန့်ဘူးလို့လည်း ကြားတယ် .. ခန်းဆီးလိုက် ကာတွေဆို အရောင်လေးတွေ နတော့ သိသာတယ် .."

"ခန်းဆီးတွေက ပြတင်းခန်းဆီးတွေနဲ့ တံခါးပေါက်ခန်းဆီးတွေ ကို သူဖာ တို့ ညီအစ်မတွေက သူတို့ လျှော်နိုင်တယ်တဲ့ .. နံရံက .."

"မလျှော်နိုင်းနဲ့ .. မလျှော်နိုင်းနဲ့ .. ဒါကိုတော့ ပင်မင်းပေးမှ ဖြစ်မယ် .."

ဒေါ်တင်မာချစ် က သားရဲ့ဖိနပ်တွေကိုပါ သေချာ ထိုင်ချွတ်နေ တာ ..၊ ပြီးတော့ ဘေးမှာ ဝင်ထိုင်ပြီး ဂျာကင်အင်္ကျီကို ဟိုဘက်က 'မ' .. ဒီဘက်က 'ဆွဲ' နှင့် ရအောင် ချွတ်ယူသည်။

ပြီးမှ ဂျာကင်ကို လက်ပေါ်တင်ထား၍ ...

"အိမ်မှာ အလုပ်တွေ လစ်ဟင်းတယ် .. ပြီးတော့ ခန်းဆီးစလေး တွေ ဆိုပေမယ့် တစ်အိမ်လုံး စုလိုက်ရင် နည်းတာ မဟုတ်ဘူး .. အိမ်မှာ အလုပ်ရှိတာကို သေချာလုပ် .. အလုပ်နားတဲ့အခါလည်း ရှိဦးမှပေါ့ .. ပြီးတော့ မတစ်ဆစ် ကို ကျွန်မ မှာထားတယ်နော် .. အိမ်က အလုပ် သမားတွေမှာ အဆင်မပြေတာ .. လိုအပ်တာ တစ်ခုခု ရှိရင် ကျွန်မကို ပြော .."

"ဟုတ်ကဲ့ပါ မမချစ် .. ကျွန်မ ဂရုစိုက်ကြည့်နေပါတယ် .."



www.burmeseclassic.com

www.burmeseclassic.com



"အင်း .. ကျွန်မ ဘယ်အချိန်မှ ပြန်လာလာ .. မျက်နှာ ဘာဖြ
နေနေ .. ပြောမှဖြစ်မယ့်ကိစ္စဆိုရင် လာပြောပါ .."

"ပြောပါ့မယ် .."

"ပင်မင်းသမားကို ဗုဒ္ဓဟူးနေ့ ချိန်းထားတယ် .. အဲဒီနေ့ ကျွန်
စောင့်မှာပါ .. ကျွန်မ ထွက်သွားမှ လာရင်လည်း ဖုန်းဆက်လိုက်လေ-
လူမှားမှာစိုးလို့ ...၊ ဒီနားမှာက သူများတိုက်နောက်ဖေးက ထွက်ပြ
သူတို့ကိုယ်သူတို့ ပင်မင်းလိုလိုနဲ့ အဝတ်တွေ ယူသွားပြီး လျှော် .. ပြ
တော့ အလုံးလိုက် ပြန်ပေးနဲ့ .. အလုပ်သမားတွေ အချင်းချင်း ပေး
အဆင်ပြေနေကြတာတွေ ရှိတယ် .."

ဒေါ်တစ်ဆစ် ခေါင်းပဲ ညိတ်နေမိသည်။ ဒီလောက်ထိ ဒေါ်တင
မာချစ် သိနေတာကို အံ့ဩစရာ မဟုတ်ပေမယ့် အံ့ဩနေခဲ့၏။

"ကြာရင် အိမ်ရှင်ချင်း ပြဿနာတက်ကြမှာ.. လူမှားမခံနိုင်ဘူး-

သားဖြစ်သူရဲ့ နဖူးလေးကို သပ်၍ ငုံ့နမ်းလိုက်သေးသည်။ ပြီး
နေရာက ထ၍ ...

"ငကျိုင်း ကို ခေါ်လိုက် .. သား နားမှာ လာအိပ်လို့ .."

"ဟုတ်ကဲ့ .."

"သား ပြုတ်ကျလိမ့်မယ် .. စားပွဲခုံ ဟိုဘက်ကပ်ပြီး အောက်
စပရင်မွေ့ရာလေး ခံထားပေး .. တစ်ရေးနိုးပြီး ရေချိုးခန်းထဲ ဝင်သွား
လိုက်သွား .. ခေါင်းတွေဘာတွေ ရေဆွတ်မှာစိုးလို့ ...၊ အို .. မဖြစ်
ဘူး .. ငကျိုင်း ကို ကျွန်မ ပြောမှ ဖြစ်မယ် .. ခု သွားခေါ် သွား .."

"မမချစ် ရေချိုးဖို့ပါ သူဇာ့ ကို ပြင်ခိုင်းထားခဲ့မယ် နော် .."

"သြော် .. ဒါဆို ဒါပဲ လုပ်ပါ .. တစ်ခုဆို နှစ်ခု လှမ်းမတွေးနဲ့ -
ကြာလို့ .."

ဒေါ်တစ်ဆစ် ကမန်းကတန်း လှည့်ထွက်လာခဲ့၏။ ကိုယ့်သူ
ကို အထင်ကြီး လေးစားမိသလောက် တစ်ခါတစ်ခါ အံ့ဩလို့ မဆုံးနိုင်-





အပြင်မှာချည်း သွားလာလည်ပတ်နေပေမယ့် အိမ်မှုကိစ္စမှာလည်း ထောင့်စေ့အောင် စီမံသွားတတ်သည်။ ပြီးတော့ ဘယ်ဘက်က တစ်ဆုပ်ကြံသလောက် ညာဘက်က တစ်လှည်းဝင်အောင် ရှာနိုင်တဲ့သူ ဖြစ်သည်။ သားကိုသာ သုံးခွင့်ဖြုန်းခွင့်တွေ ပေးထားပေမယ့် သူမဘက်က တစ်ပြားတစ်ချပ်မှ အလေအလွင့် မရှိစေရ ...။

သွားလာနေရတာက အချိန်ခါ သတ်မှတ်လို့ မရတာမို့ လူအထင်သေးဖွယ်ပါ ...၊ ဒါပေမယ့် သူ့ဒွေးက နေတာထိုင်တာလည်း စည်းကမ်းရှိသည်။

ကိုယ်ပိုင် ရတနာပြခန်းကြီး ဖွင့်လှစ်ထူထောင်ဖို့ ကြိုးစားနေခဲ့လျက် ...၊ သူမ တစ်ခုခု ဖောက်ချလုပ်ပြီဆို မဖြစ်မြောက်ခဲ့တာလည်း မရှိပေ ...။

လိုအပ်နေတာက တစ်ဦးတည်းသော သားလေးအတွက် သူ့ဒွေး အချိန်မပေးနိုင်တာ တစ်ခုပင် ...၊

အားလုံး ပြီးပြည့်စုံနေသော အရည်အချင်းကောင်းများစွာထဲမှာ ဒီသားလေးအတွက်ကျမှ အချိန်ဆင်းရဲနေခဲ့တာ နောင်တစ်ချိန်မှာ ဘာဖြစ်ဖို့လဲ ...၊

မသိလို့ မတတ်လို့ မဟုတ်ဘဲ သိလျက်နဲ့ မျက်လုံးစုံမှိတ်နေခဲ့တာကို သူမတို့လည်း မပြောရဲကြပါ ...။

တိတ်တိတ်နေ ဆိုတော့လည်း နေလိုက်ရုံအပြင် မတတ်နိုင် ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

"တီချယ် .. ဒီမှာ သားအတွက် ကျူရှင်ခ .."

"အေး .. အေး .. စားပွဲပေါ်မှာ တင်ပြီး ဝိတ်တုံးလေးနဲ့ ဖိထားလိုက် .."

"တီချယ် .. သမီးအတွက် ဒီမှာ .."

"အေး .. အေး .."

"တီချယ့်ကို အမေက ပြောတယ် .. လဝက်ခပဲ ပေးရမှာ မဟုတ်ဘူးလား တဲ့ .."

"မဟုတ်ဘူးလို့ ပြောထားပြီးသားကို .. ကျူရှင်လခတောင်မှ ဈေးဆစ်နေသေးတယ် .."

"ဒီမှာ ပေးလိုက်ပါတယ် တီချယ်ကလည်း .."

"ပြီးတာပဲ .. ဟွန်း .. နင် ရိုက်တီးလုပ်ချင်လို့ ကြားကနေ တွမ်ကြည့်တာမို့လား ရာခအောင် .. ငါ သိသားပဲ .."





"ဟာ .. မဟုတ်ပါဘူး တီချယ်ကလည်း .. အမေက တကယ် မေးခိုင်းတာပါ .. မယုံရင် တွေ့တော့ မေးကြည့် .."

ကျောင်းသားနဲ့ဆရာမ အထဲနဲ့အပြင် ရန်ဖြစ်နေကြတာကို မာလာက စိတ်ကုန်သလို ကြည့်လျက် ...

"ကဲ .. ထမင်းစားမှာဆိုလည်း ဒီမှာ ဖင်ကျအောင် ထိုင် .. ရန်ဖြစ်မှာဆိုလည်း အဲ့ဒီပန်းကန်ကို ခဖာထားခဲ့ပြီး အပြင်ထွက်ဖြစ်တော့ လွှန်လွှန်း ရယ် .. ငါလည်း ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိတော့ဘူး .."

"မမခင် အဲ့ဒီလို တုံ့နှေးနှေး လုပ်တတ်လွန်းလို့ ကိုကြီးနဲ့ မတည့်တာ .."

"အံမယ် .. ငါ့ဘက် လှည့်လာပြီ .."

"ဟုတ်တယ် .."

လွှန်လွှန်း က ငါးပိရည်နဲ့ နယ်ထားသည့် ထမင်းငါ့ကို ချဉ်ဟင်းချက်ဖို့ လှီးချွတ်ထားသည့် ရုံးပတီသီးတွေ .. ပဲသီးတွေ ကောက်ကပ်ထည့်၍ စားပွဲအေားမှာပဲ ထိုင်ချလိုက်သည်။

"တီချယ် .. မြန်မြန်လုပ် နော် .. သားတို့က ဗိုက်တင်းအောင် စားသောက်လာတာ .. တီချယ် နောက်ကျရင်တော့ စားပွဲပေါ်မှာ မှောက်လျက်လေးတွေ မြင်ရလိမ့်မယ် .."

"ဟဲ့ .. ငါ လာမယ် .. မအိပ်ကြနဲ့နော် .. စာအုပ်တွေပေါ်မှာ သွားရည်တွေ ချောင်းစီးကုန်တော့မှာပဲ .."

အပြင်ကို လှမ်းအော်ရင်း ပန်းကန်ကိုင်လျက်နှင့် ပြန်ထရပ်၏။

"လွှန်လွှန်း နေဦးလေ .. ဒီမှာ နင့်ကိုကြီး ထမင်းချိုင့်ထည့်လို့ ချန်ထားခဲ့တာ ငါးကြင်းနှပ်လေး .. ရော့ .."

"နေပေ့စေတော့ .. ဗိုလ်အောင်ဒင်ကြီး ကိုပဲ ကျွေးလိုက် .."

"ကဲ .. လာပါဟယ် .. သူက အရေးမကြီးပါဘူး .."



www.burmeseclassic.com

www.burmeseclassic.com



"ကြီးပါသော်ကော .. ငါ လာနေပြီ .. ပေး .. ပေး .. ငါက ငါးကြင်း ကြိုက်တယ် .."

ဟင်းတုံးလေး ဖွန်းပေါ်မှာ တင်၍ ပန်းကန်နဲ့ ထွက်သွားသည့် လွှန်လွှန်း နောက်ကို လိုက်ခဲ့မိသည်။ ဦးအောင်ဒင် က ကြားဖြတ် ယူသွား၏။

"ဦးလေးက ဟင်းနဲ့ စားရမှာလေ .."

ဟင်းတုံးမပါတော့သည့် ဖွန်းလေးကို ကိုင်၍ မာလာ မီးဖိုခန်းထဲ ပြန်လိုက်ခဲ့ရပြန်သည်။ ဦးအောင်ဒင် က သူ့ဘာသာ ပန်းကန်ဆွဲ၍ ငါးတုံးကို ပန်းကန်ထဲ ထည့်သည်။ ပြီးတော့ ထမင်းထည့်ဖို့ ပြင်နေ၏။

"ဦးလေးကလည်း တစ်မျိုးနော် .. ဒုက္ခပါပဲ .."

"ဘာတုံး .. နင် ထမင်းချက်နေတာ .. မနေ့တည်းက .."

"နေ့တိုင်း ချက်နေတာပဲ ဥစ္စာ .."

"မဟုတ်ပါဘူး .. နင် ကြာလှပြီ .. ငါ တစ်ခါလာကြည့်လည်း ချက်နေတုန်း .. နောက်တစ်ခါ လာကြည့်လည်း ချက်နေတုန်း .. နောက်တစ်ခါ .."

"ကဲ .. တော်ပါတော့ .. ဟုတ်ပါတယ် .. တစ်ယောက်ပြီးတစ်ယောက် ဟင်းချက်တာ ကြာတယ်ချည်း အပြစ်တင်နေကြတာပဲ .."

ငါးခူစဉ်းကောလေး ချက်မလို့ ခုတ်ရစဉ်းရနှင့် ဟင်းချက်အနှစ်အတွက် ငရုတ်သီးထောင်းလို့လည်း ပြီးပါပြီ ..၊ ခရမ်းချဉ်သီးနဲ့ သီးနှံချဉ်ဟင်းလေးချက်ဖို့လည်း အဆင်သင့် ..။

သူမအကျင့်ကိုက မီးဖိုချောင်ထဲ ဝင်လာပြီဆို အားလုံး ရှင်းလင်းသွားအောင် ဆေးကြော သိမ်းဆည်းမည်။ ပြီးမှ ဟင်းချက်မည့် အစီအစဉ်ကို စတင်မှာမို့ ထုထောင်းထားတာတွေ .. လှီးချွတ်ထားတာတွေ အားလုံးကို အပြီးအစီး ပြင်ဆင်ပြီးသည်အထိ ဘယ်အိုးကိုမှ မီးဖိုပေါ် မတင် ..၊





အားလုံး အဆင်သင့် ဖြစ်ပြီဆိုမှ တစ်အိုးပြီး တစ်အိုး ချက်သွားရုံ..၊

ဒါပေမယ့် ဘာဟင်းကျက်သွားပြီလဲလို့ ခဏ ခဏ ဝင်လာကြည့်ပြီး ဗိုက်ပွတ်နေရသည့်လူတွေအတွက် သူမ မီးဖိုချောင်ဝင်သွားပြီဆို တစ်ကမ္ဘာလောက် ကြာပြီ ထင်ကြတာ ..၊

အပြောဆုံးက သူမရဲ့ ဦးလေး ဦးအောင်ဒင် ..၊

သူ့ကို တစ်အိမ်လုံးက ဗိုလ်အောင်ဒင် လို့ပဲ ခေါ်ကြကာ ရှေ့က ဦးလေး ဘကြီးဆိုတာတွေလည်း မပါကြတော့ပေ ..၊ သူက စိတ်ကယောက်ကယက်ဖြစ်နေတဲ့အတိုင်း ပြောဆိုပြီဆို ဘယ်မျက်နှာမှ မကြည့် ..။

"ပြောရင်လည်း မကြိုက်ဘူး .. လွှန်လွှန်း လည်း ထမင်းနဲ့ ဟင်းနဲ့ ကောင်းကောင်းစားရတယ် ရှိလို့လား .."

ဆူနေပုံက တကယ့် လူကောင်းအတိုင်း ..၊

"အခု ငါ ဗိုက်ဆာနေပြီ .. ဘာနဲ့ စားရမှာလဲ .."

"ကျက်ပါပြီ .. အားလုံး အဆင်သင့်ပဲဟာ .. ဆယ်မိနစ်လောက်ပဲ စောင့် .."

"ဟမ် .. ဘာကို ဆယ်မိနစ်နဲ့ ချက်မှာလဲ .. ငါတို့ကို အသားစိမ်း ငါးစိမ်းတွေ မကျွေးနဲ့နော် .. တော်ကြာ တစ်အိမ်လုံး အစွယ်တွေထွက်ပြီး ဗန်ပိုင်းယားတွေ ဖြစ်ကုန်လိမ့်မယ် .."

"ဒါဆိုလည်း ကောင်းတောင် ကောင်းသေးတယ် .. ဈေးက ဝယ်လာပြီး တုံးတစ်ပြီး ခွဲဝေ စားလိုက်ရုံပဲ .. ချက်တာပြုတ်တာ ကြာလို့ ဆူသံ မကြားရတော့ဘူး .."

"ဟာ .. မလုပ်နဲ့လေ .. နင် အဲ့လို မလုပ်နဲ့နော် ခင်ခင် .."

ပန်းကန်ကို ချထားခဲ့ပြီး ကမန်းကတန်း ထွက်သွားတော့ မာလာ ရယ်လိုက်မိသည်။ သို့သော် ဟင်းအိုးလေး ဆီသတ်ရင်း ပြုံးလျက်စနှင့် မျက်နှာက အိမ်ရှေ့က အသံတွေကြောင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ကျူရှင်လခကို ဈေးထဲက မတ်တိုးပေးရသလို ဈေးဆစ်နေတာလား အန်တီကြူ .."

"မဆစ်ပါဘူးအေ .. ဈေးထဲက မတ်တိုးကလည်း နည်းနည်းလေးမှ ဆစ်လို့ မရပါဘူး.. ညည်းကတော့ မတ်တိုးထက် သာပါတယ် .."

"မသာပါဘူး .. အန်တီကြူ မပြေလည်ရင် မပေးနဲ့လေ .."

"မပေးတော့ ညည်းက ငါ့သားကို အလကား သင်ပေးမှာလား.."

"လွန်လွန်း က ဒီအိမ်ခန်းကျဉ်းကျဉ်းလေးထဲမှာ ပညာဒါန လုပ်နေတာမှ မဟုတ်တာ အန်တီကြူ ရဲ့ .."

လွန်လွန်း က ဒေါ်ကြူ့ လည်ပင်းက သုံးကျပ်သားလောက် ဆွဲကြိုးကို ဝေ့ခနဲ ကြည့်၍ ...

"အန်တီကြူ မပြေလည်ဘူးဆိုတာ သနားစရာ ကောင်းရင်တော့ တစ်မျိုးပေါ့ .. ဟိုမှာ တွေ့လား .."

ခုမှ အိမ်တံခါးဝမှာ ဝင်လာဖို့ ဖိနပ်ချွတ်နေတဲ့ ကောင်မလေးကို မေးဆတ်ပြကာ ...

"သူ့ကို လွန်လွန်း က အလကား သင်ပေးတာ .. သူ့အဖေက သေသွားပြီ .. အစ်ကိုက ခါးပိုက်နှိုက်မှုနဲ့ ထောင်ကျနေတယ် .. သူ့အမေကျတော့ .."

"ကဲပါအေ .. ငါ့ယောက်ျားကိုလည်း အသေမခိုင်းပါရစေနဲ့ .. သားက နိုင်ငံခြားသင်္ဘောသားပါ .. ခါးပိုက်နှိုက် မဟုတ်ပါဘူး .. ညည်း ကျူရှင်ခ တစ်လအပြည့် ပေးမယ် .. ညနေ ငါ ကြွေးတောင်းပြီး ပြန်ရင် ဖြစ်မယ်မို့လား .."

ဒေါ်ကြူ က ထွက်သွားခါနီးမှ သားဖြစ်တဲ့သူကို မျက်စောင်းထိုးလိုက်သေးသည်။ အိမ်မှာသာဆို ဒီကောင်လေးကို ခေါင်းခေါက်ပစ်မိမလား .. တင်ပါးကို ဖြန်းခနဲ ရိုက်ပစ်မိမလားပင် ...။

ကျောင်းက ဆရာမ ကျူရှင်သင်တာက ဝေးသည်။ ကျူရှင်ခေါ်ပြီး





ကလေးထိန်းခိုင်းတာတွေ .. နေမကောင်းလို့ ပြန်လွှတ်လိုက်တာတွေက ခဏ ခဏ ...။

ဒါကြောင့် ဒီမှာ နီးနီးနားနား ထားကြည့်လိုက်တာ ...။

ခုတော့ ဒီမှာမှ မသင်ရလျှင် မတက်တော့ပါဘူးဆိုတာမျိုး ဖြစ်နေကြသည်။

"ဟုတ်မှာပေါ့ .. သင်းက ဒီမှာတော့ အပေါင်းအသင်းတွေ စုံတာကိုး .. တီချယ် အခေါ်ခံနေရတဲ့ ဆရာကိုက ဆော့ဖော်ဆော့ဖက်ချင်း ...၊ ကလေးတွေကို ဆော့နိုင်းပြီးတော့များ အကြိုက်ထားနေလား မသိဘူး .."

"ဘာတွေ ပွစိပွစိ ရေရွတ်လာတာလဲ မကြူ .. ကြွေးတောင်းရင်း ရန်ဖြစ်လာတာလား .."

ပြောချင်လွန်းလို့ တစ်ယောက်တည်း ရေရွတ်နေရသည့်ပါးစပ်က မေးသူရှိလာတော့ မှဲ့တာ ရွှဲ့တာတွေပါ ဖြစ်ကုန်လျက် ...

"ကျွန်မလူတွေနဲ့ ကျွန်မက မိကြူ က ဒါဆိုရင် အားလုံး မီးသေပြီးသားပါ မစ္ဆံ့ ရယ် .. ရှင်လည်း သိသားနဲ့ .. လွန်လွန်း လေ.."

"အပွန်း .. ပွန်း .."

ဒေါ်ငြိမ်းစ္ဆံ့ က သိပြီးသား ဖြစ်နေပုံပါ ...၊ ဒေါ်ကြူ ပြောလိုက်တာနှင့် ရယ်ကာ ...

"ကျူရှင်လခ လား .."

"ဟုတ်ပ .. ဟုတ်ပ .. စာမေးပွဲတွေက ဆယ်ရက်ကျော်လေးနဲ့ ပြေမှာကို တစ်လခ ပေးရတယ် .. သိလား .."

"သူက တစ်လ ကြိုယူထားတာမှ မဟုတ်တာ မကြူ ရယ် .. တခြားကျူရှင်တွေလို ကြိုယူထားရင် ဒါက တစ်လခ ပေးရတာ အတူတူပဲလေ .. ပြောမနေပါနဲ့တော့ .. ကောင်မလေးက တကယ်လည်း စာသင်ပါတယ် .."



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း .."

"ကျောင်းက ဆရာမတွေ ဘယ်လိုသင်ပေးသလဲဆိုတာတောင် သူက လေ့လာထားတာ နော် .."

"မနွဲ့ ကလည်း ဒီကောင်မလေးအကြောင်း အမွှန်းတင်နေပြန်ပြီ.. စကားပြောတာ ရိုင်းလိုက်တာမှ .."

"ဟုတ်တယ် .. တစ်ခါတစ်ခါ အောင့်သက်သက်တော့ ခံရတာပဲ .. ဒါပေမယ့် ရိုင်းတာမျိုးတော့ မဟုတ်ပါဘူး .. အပြောမတတ်တာ မကြူ ရဲ့ .. သူ့ကြည့်ရင် ကလေးဆန်သလိုလိုနဲ့ ပိုက်ဆံ တအား မက်တာ .."

"မိန်းကလေးတစ်ယောက် ပိုက်ဆံမက်ရင် မလွယ်ဘူး မနွဲ့ .. ဒါ အထင်ကြီးစရာ မဟုတ်ဘူး .."

"အင်း .. လွန်လွန်း ကတော့ မိသားစုစီးပွားရေးကို ကူနေတာပါ..၊ သူ မက်တဲ့ပုံက အပျော်အပါး အလှအပအတွက်တော့ မဟုတ်ပါဘူး.. ကျွန်မလည်း သားအတွက် လခပေးပြီးပြီ .. ကလေးတွေကလည်း အဲ့ဒီမှာ ပျော်နေတာ မကြူ ရေ့ .."

"ဟုတ်တယ် .. အဲ့ဒါကိုပဲ စိတ်တိုတာ ..၊ တကယ်ဆို ဒီလက စာကျက်ရတော့မှာလေ .. ဆရာမနဲ့ ထိုင်သင်နေရမှာမှ မဟုတ်တာ .. ကျောင်းက ဆရာမတွေဆို ပိတ်လိုက်ကြပြီ .."

"ကဲပါ မကြူ ရယ် .. ကလေးတွေ ပညာရေးလည်း တိုးတက်နေကြတာပဲဥစ္စာ .. လဝက်စာလောက် နာရင်လည်း နာပါစေတော့ .. သူဌေးတွေက ညည်းနေတော့ ကျွန်မတို့ ဘယ်လိုလုပ်မလဲ .."

"အမလေး .. မနွဲ့ တို့လိုလူတွေ ပါးစပ်ထဲမှာပဲ သူဌေး ဖြစ်နေတာပါ.. သူဌေးလည်း ရှာဖွေ စုဆောင်းနေရတာပဲ.. ဒူးနန့်စားနေတဲ့ သူဌေးဆိုတာ ရှိလို့လား .."

"စားလို့ရရင်လည်း လောဘတွေက ရှိသေးတာကိုး .."





ဆက်မပြောတော့ဘဲ ဒေါ်ကြူ က လက်ခါပြပြီး ထွက်သွားသည်။ လွန်လွန်း ကောင်းကြောင်း ပြောလိုက်တည်းက စိတ်က သိပ်ကြည်တော့တာ မဟုတ် ...၊

သူ့သားနဲ့များ သဘောတူနေသလား မသိပါဘူး .. ဟွန်း .. ယူကြပါစေ .. ငမွဲနဲ့ ငတေ နှုတ်ခမ်းပွဲချင်း မီးမှုတ်ကြ ...၊

"ကျွီ .."

"သောက်မလုတ်တုတ် .."

ကားက လူကို ထိကပ်ရပ်သွားကာ အထဲက ဆံပင်ကောက်ကောက် ဆံရှည်ကုတ်ထောက်နှင့် ကောင်လေးတစ်ယောက်မျက်နှာထွက်လာသည်။

ပြီးတော့ သူမရဲ့ တင်ပါးကြီးကို ကြည့်လိုက် .. သူ့ကားကို ကြည့်လိုက်နှင့် မျက်နှာက ရှုံ့တွတွ ...၊

"ဒီလောက် ဟွန်းတီးနေတာကိုကွာ .. တောက်!..."

"အောင်မယ်လေး .. မင်းက ငါ့ကိုများ အလျော်တောင်းဦးမလို့လား .. လမ်းကြိုလမ်းကြားမှာ ဝင်မောင်းပြီးတော့ .."

"ဘာဖြစ်ဖြစ် ခင်ဗျားအိမ်ထဲ ဝင်တိုက်တာလား .. ဒါ လမ်းပေါ်မှာ .."

"ဘာ!..."

"ကျွတ်!... ဘာတွေမှန်း မသိဘူး .. ဒီမှာ ရှာနေတာ မတွေ့ရတဲ့အထဲ .."

"အံမာ .. အံမာ .. သူကပဲ ညည်းညည်းညူညူ .. ဟဲ့ ကောင်လေး.. ဟဲ့ .."

ဒေါ်ကြူ သူမရဲ့ ဝတုတ်တုတ်ကိုယ်ကို ပြန်လည် သယ်ပိုး၍ ကားထိုးလိုမ့်တဲ့နောက်ကို လိုက်၏။ ထိုစဉ် ကားထဲက ကတ်ထူအပြာရောင်လေး လွှင့်ကျလာကာ ...



www.burmeseclassic.com

www.burmeseclassic.com



"အလျော်လိုချင်ရင် အဲ့ဒါ ကောက်ထားလိုက် ..."

"အောင်မာ .. အောင်မာ ... ကြည့်စမ်း .."

ကြည့်စမ်း ဆိုပေမယ့် ကြည့်လို့လည်း မရတော့ပေ ... ကာ လမ်မဘက်ကို ကွေ့တက်သွားပြီဖြစ်ကာ သူမလည်း လိပ်စာကတ် ကောက်လိုက်တာပဲ ဖြစ်လျက် ...၊

ပြီးတော့ မကျေမချမ်း တက်ခေါက်၍ ...

"နေနှင့်ဦး ကိုယ့်ဖင်ကို တုန့် နာနာထုပြီး အလျော်ကို သွ တောင်းဦးမှာ ..."





## အခန်း (၅)

"မာလာ .. နင် အထည်မရောင်းတော့ဘူးလား .."

ခြေလှမ်းတုံ့သွားကာ နောက်ကို ပြန်လှည့်ကြည့်လိုက်မိ၏။ ဒေါ်ဦး ာလည်း ဈေးဝယ်နေပုံရှိကာ ဆွဲခြင်းလေးထဲမှာ အသီးအနှံ အတိုအထွာ ားတွေနှင့် ...

"ဒေါ် နင့်ကို ဈေးထဲမှာ သိပ်မတွေ့တော့လို့ .."

"ဟုတ်တယ် မဦး .. အခု နေ့သွင်းတွေ .. လပေးတွေ သိပ်မကိုက် ို့ ခဏ ရပ်ထားရတယ် .."

"ဒါပေမယ့် မသင်း တို့ သားအမိတွေကတော့ နင့်ကို ပေးစရာ ရှိတာ ဘယ်လောက် ဘာညာနဲ့ .."

"ဟုတ်တယ်လေ .. ဘာမှ မလုပ်ဘဲနေရင်တော့ အရင်းပြုတ်သွား ာ စိုးတာနဲ့ ဝန်ထမ်းသမားတွေကို သူတို့ လိုအပ်တာလေးတွေ ဝယ် ေးလိုက်တယ် .. လကုန်ပေးပေါ့ .."



www.burmeseclassic.com

www.burmeseclassic.com



မသင်း တို့က ဟင်းရွက်ရောင်းကြတာ ဖြစ်သည်။ မဦး တို့ သ
သီးဆိုင်နဲ့ ကပ်နေတာမို့ သိနေတာလည်း ဖြစ်နိုင်၏။

"အဲ့လိုလုပ်မှပဲ မဦး ရဲ့ .. အထည်ချည်းပဲကျတော့ ဝန်ထမ်းလ
လောက်နဲ့ အလှအပအတွက် သိပ်မထုတ်နိုင်ကြတော့ဘူးလေ .. လက်
ပြီဆိုတာနဲ့ ဆီဖိုး .. ဆန်ဖိုး ဘာညာနုတ်ပြီး ပိုလျှံတဲ့သူက နည်းနည်
ရယ် .."

"ဒါဆို နင်က ဆီတွေ ဆန်တွေ ဝယ်ပေးထားတာပေါ့ .."

"ဟုတ်တယ် .. အိမ်မှာလည်း ဒါတွေပဲ ရောင်းတာဆိုတော့
ဈေးရင်း ပိုလိုက်တာပဲ ရှိတာပေါ့ ..၊ အထည်ကျတော့ သစ်တာ ဆ
တာလေး ကိုယ်က ရအောင် လိုက်နိုင်မှ ကိုယ့်ဆီက ဝယ်ချင်မှာ -
အိမ်မှာက အလုပ်များတော့ အထည်ရောင်းရတာ အဆင်မပြေဘူး -

စကားပြောရင်း ဈေးဝယ်ရတာ သိပ်အလုပ်မဖြစ်ပါ ..၊ ဒါပေမ
ဒီနေ့ အိမ်မှာ လွှန်လွှန်း အလုပ်အားနေတာမို့ သိပ်ပူစရာ မလို ..၊

"နင့်မှာလည်း ရုံးအလုပ်လေး ထွေထွေရရ လုပ်နေရင် ရသားနဲ့ -
အလုပ်တောင် ထွက်လိုက်ရတယ်နော် .. ဟို အမျိုးကောင်မလေးကလည်
ကျောင်းပြီးနေပြီမို့လား .. သူက ဘာမှ မလုပ်ဘူးလား .."

မာလာ က ပြုံး၍ ခေါင်းခါပြကာ ...

"လွှန်လွှန်း လား .. သူက အလုပ်မလုပ်တာ မဟုတ်ပါဘူး -
နိုင်းကို မနိုင်းတာ .."

ဒေါ်မြဦး က သူမ မျှော်လင့်ထားသလို မကြားရသဖြင့် မျက်မှော
ကုတ်သွား၏။

"အိမ်မှာ နင့်ယောက္ခမထီးကြီးမှာလည်း အသက်ကြီးမှ မနား
ရှာပါဘူး ဟယ် .."

"အဖေ တက္ကစီမောင်းတာကလည်း နားနားနေနေပေါ့ မဦး ရယ်
သူ့သားကြီးက သူ့အဖေ မျက်နှာလောက်ပဲ ကြည့်နေတာ .. အိမ်မှာ





ကျွန်မဦးလေးရယ် .. လွှန်လွှန်း ရယ်ပဲ ပြောဆိုနေရတယ် .."

"အဲ့ဒါ ပြောတာလေ .."

"ဒါပေမယ့် သူတို့က အိမ်မှုဆည်းလည်းတွေ မဦး ရဲ့ .. လွှန်လွှန်း
ကလေးဆန်တယ် .. ဦးလေးက ပြောမကောင်း ဆိုမကောင်း ..
လည်း ဆူရ .. ရယ်လည်း ရယ်ရတယ် .."

"အင်း .."

ဘယ်လိုနှိုက်ကြည့်ကြည့် အတင်းအဖျင်းစကား ထွက်မလာတော့
ဒေါ်မြဦး လမ်းခွဲထွက်ဖို့ ခြေလှမ်းပြင်၏။

"အေးပါ .. ညည်းတို့အိမ်မှာ အဆင်ပြေနေကြရင် ပြီးတာပါပဲ..
ငါ့တုန်းကလို ဖြစ်နေတာ တွေ့လို့ ကိုယ်ချင်းစာလို့ မေးကြည့်
ပါ .. အိမ်ထောင်ရှင်မဆိုတာ ကိုယ့်လင်လုပ်စာ ကိုယ် မကိုင်ရရင်
အဓိပ္ပာယ်ရှိမှာလဲ ..၊ အဲဒီလို မိသားစုအုပ်ကြီးထဲမှာ နှစ်မွှန်းရင်းနဲ့
ဘယ်လောက်ရှာရှာ 'သမင်မွေးရင်း ကျားစားရင်း'ပဲ .."

"အဲဒီလို သဘောထားလို့လည်း ဘယ်ရမလဲ မဦး ရယ် .. ကိုယ်
အကြီးဆုံးရဲ့ဇနီး ဖြစ်နေပြီလေ .. ကျွန်မကလည်း အမေ့တစ်မျက်နှာ
ည်းနဲ့ ကြီးပြင်းခဲ့ရတဲ့ တစ်ကောင်ကြွက်ဆိုတော့ သူတို့မိသားစုကို
င်နေပါပြီ .. ပြီးတော့ ကိုယ့်ဦးလေးကိုလည်း အားလုံးက ချစ်ကြ
ယ် .."

"အေးပါ .. ကောင်းပါတယ် .."

"မိသားစုများများနဲ့ တစ်ယောက်တစ်ခွန်းနဲ့ ဆူဆူညံညံ နေရတာ
ပ်ဖို့ ကောင်းပါတယ် .. အိမ်မှာ လူမစုံရင် ဟိုလူမျှော်ရ .. ဒီလူမျှော်ရ
.."

"အင်း .. စကားပြောလို့လည်း ကောင်းတယ် .. ဝယ်စရာရှိသေး
ယ်ဘာ .. သွားတော့မယ် .."

ဒေါ်မြဦး လမ်းခွဲထွက်သွားသည်။ ထိုအခါကျမှ ဈေးဝယ်သည့်



www.burmeseclassic.com

www.burmeseclassic.com



ဘက်ကို အာရုံရောက်ခဲ့ရကာ ဝယ်ဖို့ မှတ်လာသည့်စာရင်းကို ထုတ်ကြည့်ရသည်။

ထိုစဉ် ဖုန်းလာလို့ ထုတ်ကြည့်လိုက်တော့ အိမ်က ဖုန်း ...။

"ဟယ်လို ..."

"ဟဲ .. ဟဲ .. ငါ ရမ်းခေါ်လိုက်တာ .. နင့်ဆီ တန်းရောက်သွား တာပဲ ကွက်တိ .."

"ဦးလေး ဘာမှာချင်လို့လဲ .. ကျွန်မ ဈေးရောက်နေပြီ .."

"ငါ မုန့်လုံးရေပေါ် စားချင်လို့ .."

"ဝယ်ခဲ့မယ်လေ .."

"များများ ဝယ်ခဲ့နော် .. လွန်လွန်း လုစားရင် ငါ နည်းနည်း စားရမှာ .."

"ဟုတ်ကဲ့ပါ .. ဒါပဲ နော် .. ကျွန်မ ဈေးဝယ်ရဦးမှာ .."

"အေး .."

ပြောပြီး ဖုန်းချသွားတော့လည်း ခွက်ခနဲ ...။

နောက်ထပ် သိပ်မကြာခင် ဖုန်းဝင်လာပြန်သဖြင့် ကြက်ဟင်းခါ သီး ရွေးနေရင်း ထုတ်ကိုင်ရပြန်သည်။

"ဟလို .."

"ဟလိုး .. ဟလိုး ကြားလား .. ကြားရင် အကြောင်းပြန် .. သိမ်း ငှက်တစ် .. သိမ်းငှက်တစ် ဘယ်တောင်ပံမှာ ရန်သူ့ယာဉ်ပျံတစ်စင်း တွေ့တယ် .."

"ဟလို .. ဦးလေး .. ပြောလေ ကြားတယ် .. ဘာတွေ ပြော တာလဲ .."

"ကြားရင် အကြောင်းပြန် .. ကြားရင် အကြောင်းပြန် .. ဌာနချု သို့ သတင်းပို့ပါတယ် .. သိမ်းငှက်တစ် အန္တရာယ် တွေ့နေတယ် .."

"ဦးလေး .. ကျွတ်!... ကျွန်မ ဖုန်းချလိုက်တော့မယ် နော် .."





"မကြာခင် ချတော့မယ် .. စစ်ဆင်ရေးမှာ လွန်လွန်း က ရန်တွေ့ .. နဲ့သူ့ယာဉ်ပျံနဲ့ အနီးကပ် နပန်းလုံးနိုင်တယ် .. ဒါပဲ .."

"ဘုရားရေ!..."

မာလာ မျက်လုံးပြူးသွားသည်။ ထပ်ခေါ်ဖို့လည်း မကြိုးစားတော့ ဘဲ ဈေးထဲက ကမန်းကတန်း ပြန်ထွက်ခဲ့ရ၏။

"ဆိုက်ကား .. ဆိုက်ကား .."

အိမ်က သိပ်မဝေးလို့ လမ်းလျှောက်နေကျဆေမယ့် အရေးပေါ် ဆိုက်ကားနဲ့ပဲ ပြန်ပြေးခဲ့ရ၏။

"မြန်မြန်နင်းစမ်းပါ ကောင်လေးရယ် .. ဘဏ်ခွဲ နောက်လမ်း ထို .."

ဆိုင်မှာ ထိုင်ခိုင်းလိုက်တာနဲ့ လွန်လွန်း တို့ လုပ်ချလိုက်ပြန်ပြီ...၊ အဲဒါကြောင့် သူ့အစ်ကိုက ပြောတာပါ ...၊

"လွန်လွန်း ကို ဆိုင်ထိုင်ခိုင်းရင် မင်းဆိုင် လူအုံမှာ .. ရန်ပွဲကြည့် ယ်လူတွေလေ" တဲ့ ...။

ဦးလေး ပြောနေကျစကားနဲ့ ပြောရရင်တော့ 'ကွက်တိ'ပါပဲ ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၆)

"တကွစ် .."

မိုးချုပ်နေပြီမို့ ကားမရပ်ဘဲ လက်ခါပြခဲ့သည်။ ညဘက်ထိတော့
အလုပ်မလုပ်ချင်တော့ပါ.. ပြီးတော့ ကိုယ့်ကားအကြောင်း ကိုယ်သိသည်

မီးလုံးကြီးက သိပ်မကောင်းသလို တစ်ခါတစ်ခါ ဟွန်းတီးပေမယ့်
မြည်ချင်မှ မြည်၏။ ဆစ်ကနယ်လ်မီးက ဖွင့်တိုင်း မပွင့်တာ အဆိုးဆုံး

မှောင်မည်းနေသည့်လမ်းကို အာရုံစိုက်မောင်းရင်း နောက်ထ
ကားတားမယ့်သူ မရှိပါစေနဲ့လို့ ဆုတောင်းနေမိသည်။ ထိုစဉ် ...

ဖုန်းမြည်သံကြောင့် သူ့မျက်လုံးတွေ တစ်ချက်လေးအရှေ့မှာ မျှ
ဝန်းထောင့်မှာ တစ်စုံတစ်ရာကို သိလိုက်ပေမယ့် ...

"ဟာ!..."

"ဒုန်း .."

သွားပြီ ..၊ လူတိုက်မိပြီ ..။

ဦးလွန်း ရုတ်တရက် ခေါင်းနပမ်းကြီးသွားကာ ကိုင်မိလိုက်သည်
ဖုန်းပါ လွှတ်ကျ၏။ ပြေးဆင်းကြည့်လိုက်တော့ ကားမီးရောင်အော
မှာ လူငယ်တစ်ယောက် ..၊





သွားပြီဆိုသည့် မြည်ဟည်းသံကြီး ပိုမို ကျယ်လောင်သွားကာ ကားဘီးရှေ့မှာ ခွေကျနေသည့်လူငယ်ကို ခြေထောက်က စကိုင်ရမလား.. ခေါင်းက စကိုင်ရမလား ..။

ဘယ်ကိုမှလည်း မကိုင်ဖြစ်ဘဲ မေတ္တာသုတ်ရွတ်ဖို့ကိုတော့ သတိရ၏။ သူ ကြည့်နေတုန်း လူငယ်က လူးလွန့်လာသည်။

"အား!... ကျွတ် .. ကျွတ် .."

"လူလေး .. လူလေး .. နေဦး .. ဦးလေး ထူပေးမယ် .."

ညည်းသူ့သံ ကြားမှ ပျာပျာသလဲ ထူပေးမိသည်။

"ဟာ!... ခေါင်းမှာလည်း သွေးတွေနဲ့ပါလား .."

ကားဘီးကြားက ခြေထောက်ကို ဘယ်လို ဆွဲထုတ်ရမှန်း မသိသေးခင် ဘယ်ဘက်နားထင်တစ်ခြမ်းလုံးမှာ စီးရွဲနေသော သွေးတွေကြောင့် ဘုရား'တ'မိပြန်၏။

"လူလေး နည်းနည်း အားပြုကြည့်ပါဦးကွ .. ရရဲ့လား ..၊ ဦးလေးကို အားပြုပြီး ထရပ်လိုက် .."

တော်သေးသည် ..၊ ကောင်လေးက သတိမလစ်သေးဘဲ သူ့ကို မှီရင်း မနိုင့်တနိုင် ထရပ်သည်။ သို့သော် ...

"အား!..."

"လူလေး .."

"မ .. မရဘူး .. ကျွန်တော့် ခြေထောက်တွေ .."

ဦးလွန်း ဖြစ်သမျှအကြောင်း အကောင်းလို့ပဲ မှတ်ယူကာ ကောင်လေးကို ကားပေါ်ထိ ကိုယ့်ဘာသာ ခဲရာခဲဆစ် ထမ်းတင်လိုက်ရသည်။

ပြီးတော့ ဘာလုပ်ရမလဲဆိုတာ အမြေးအလျှား စဉ်းစားသည်။

လှည့်ကြည့်လိုက်တော့ ကောင်လေးက ဒူးကိုလည်း ကိုင်ထားသည်။ ခေါင်းပေါ်ကို လက်တင်ပြီးတော့လည်း ညည်းသံ ထွက်နေ၏။

"ခြေထောက်က နာတာလား .. ခေါင်းက နာတာလား .."



www.burmeseclassic.com

www.burmeseclassic.com



"လူလေး .. မင်းကို ဦးလေး ဆေးခန်း ဝင်ပြပေးမယ်နော် .. စိတ်မပူပါနဲ့.. ဦးလေးကြောင့် ဖြစ်ရတာ ဦး တာဝန်ယူပါ့မယ် .. မင်းရဲ့ အုပ်ထိန်းသူတွေ ကျေနပ်တဲ့အတိုင်း .."

"အား!.. အရမ်းနာတယ် .. လုပ်ပါ .. မြန်မြန်လုပ်ပါ .."

"အေး .. အေး .."

ကားလေးက လူနာကို စိုးရိမ်သွားလို့လား မသိ ..၊ ဆေးခန်းကနေ အိမ်ကို ပြန်လာတဲ့အထိ ချောချောမောမောပဲ ဖြစ်ကာ ...

"ဘယ်လို!... ကားတိုက်ခဲ့တယ် ဟုတ်လား ဖေဖေ .."

"ဟုတ်တယ် .."

"ဘာဖြစ်လို့လဲ ကိုကြီး .. ဖေဖေ ဘာဖြစ်လာလို့လဲ ဟင် .."

ညဘက်ကျမှ လူစုံတာမို့ လူစုစုရှိတဲ့နေရာ ထဝ်၍ စုဝေးမိကြကာ လွန်လွန်း နောက်ကျစွာ ရောက်၏။

"သမီးငယ် ကလေးတွေကို စာသင်နေတာမို့လား.. သွား..သွား.."

"ဟာ .. ဖေဖေကလည်း ဘာဖြစ်လာတာလဲ ပြောပါ ..၊ ဖေဖေ ကားတိုက်လာတာလား .. ရဲဖမ်းခံရလို့လား .."

"ဖေဖေ လူကို တိုက်မိလာတာ .."

နေမောင်မောင် က ဖြစ်ခဲ့ပုံကို ကြားဝင် ရှင်းပြကာ ...

"သေသွားတာမှ မဟုတ်တာ .. ဒီပြဿနာကို ရှင်းလို့ ရပါတယ်.. ဖေဖေ စိုးရိမ်နေအောင် ထိတ်လန့်မနေကြပါနဲ့ .."

ဖနီးနဲ့ ညီမဖြစ်သူကို မျက်ရိပ်ပြ၍ သတိပေးမိသည်။ ဦးလွန်း က မျက်မှန်ထူထူကြီးကို ချွတ်၍ စားပွဲပေါ်မှာ တင်ကာ ခေါင်းတခါခါ နှင့် မျက်နှာကို ပွတ်၏။

"ငါ သတိလစ်သွားတာပါ .. ငါ့အပြစ်ပါ ..၊ မနက်ဖြန် မနက်ပိုင်း အော်ဒါခေါ်မယ့်ဖုန်းက ဝင်လာတော့ အဲ့ဒါကို စိတ်ရောက်ပြီး ရှေ့ကို သတိလစ်သွားတာ .."





"ညဘက်ကြီး ဖေဖေရာ .. မျက်လုံးမကောင်းလို့တောင် ဖေဖေက မျက်မှန်နဲ့ မောင်းနေရတာ .. အမှတ်တမဲ့ဆိုတာ ဖြစ်တတ်တာပဲ စိတ် မပူပါနဲ့ .. ဒီကိစ္စ ကျွန်တော် ရှင်းပေးပါ့မယ် .. ကောင်လေးက ဆေးခန်း မှာလား .."

"အေး .. ကောင်လေးက သမီးငယ်အရွယ်လောက်ပဲ .. ခေါင်းမှာ လေးချက်တောင် ချုပ်ရတယ် .. ခြေထောက်နှစ်ဖက်စလုံးက ဘာဖြစ် သွားမှန်း မသိဘူး .. မနက်ဖြန်မှ ဓာတ်မှန်ရိုက်ပြီး အဖြေရှာရမှာပဲ .. ဒါပေမယ့် .."

"ဒါပေမယ့် ဘာဖြစ်လို့လဲ ဖေဖေ .."

ဦးလွန်း က လွန်လွန်း ကို လှမ်းကြည့်ပြီးမှ ...

"မသိဘူး.. သေသေးကျေးကျေးတော့ ကမယ်မထင်ဘူး.. ပြီးတော့ ကောင်လေးရဲ့အိမ်ကလူကြီးတွေ သိရင် ဘယ်လိုပြဿနာရှာကြမလဲ.."

"ဘာဖြစ်လာလာ ဘာတတ်နိုင်မှာလဲ ဖေဖေရာ .. ဖေဖေ့ သား သမီးတွေ ရှိပါတယ်.. ဖေဖေတစ်ယောက်တည်း စိတ်ရှုပ်ခံနေစရာ မလို ပါဘူး.. အမိကက ဖေဖေ ခုလို အကောင်းတိုင်း အိမ်ပြန်လာတာ အမြတ် ပဲ .. ဖေဖေက တိုက်ခဲ့တာ မဟုတ်ဘဲ ဖေဖေ့ကားနဲ့ ဖေဖေသာ ဒီလိုဖြစ်ခဲ့ ရင် ကျွန်တော်တို့ အဖေခေါ်စရာတောင် ရှိမှာ မဟုတ်တော့ဘူး .."

"ဟုတ်သားပဲ အဖေရယ် .."

မာလာ လည်း စိတ်မကောင်းပါ ..၊ ဦးလွန်း က အလွန်အေးဆေးပြီး လူမှုရေးလည်း သိတတ်တဲ့သူ ဖြစ်သည်။ ထို့ပြင် အသက်အရွယ်ဆိုတာ ကို မငဲ့ဘဲ အိမ်ထောင်ဦးစီးပီပီ ဖခင်နေရာကို လွန်စွာ တန်ဖိုးထားသည်။

ဒီနေ့အချိန်ထိ နေထိုင်မကောင်းတာမှလွဲလျှင် အလုပ်မလုပ်ဘဲ တစ်ရက်လေးမှ မနေခဲ့တဲ့လူ ...၊

"သွားနေတဲ့ ခြေထောက်က ရှုံ့နင်းမိ .. ဆုံးရှုံးမိတော့ ဖြစ်တတ် တာပဲ.. အလုပ်လုပ်နေရင် အမှားမကင်းဘူးလေ .. စိတ်မပူပါနဲ့ .. သမီး



www.burmeseclassic.com

www.burmeseclassic.com



တို့တွေ ဝိုင်းတွေးကြတာပေါ့ ..”

“အခု ဒီကောင်လေးက သတိရနေပြီမို့လား.. ဖေဖေ့ကိုဘာပြောလဲ”

“ဘာမှမပြောပါဘူး .. သူ့အိမ်ကို အကြောင်းမကြားပါနဲ့ဦး တဲ့.. ဒီပုံစံအတိုင်း မြင်သွားရင် မလွယ်ဘူးတဲ့ ..”

“ဘယ်သူ မလွယ်တာလဲ ..၊ ဖေဖေလား .. သူလား ..”

လွန်လွန်း ဝင်မေးတော့ ဦးလွန်း က မချိတရိအပြုံးနှင့် မော့ကြည့်ကာ ...

“သူက ဘာဖြစ်စရာရှိလို့လဲ သမီးရယ် .. ဖေဖေပေါ့ ..”

လွန်လွန်း က ဦးလွန်း ရဲ့ဘေးမှာ ဖျတ်ခနဲ ထိုင်ချလိုက်ပြီး ...

“ဖေဖေ့ကို ငဲ့ပြီး အိမ်ကို အကြောင်းမကြားနိုင်းဘူးဆိုတာ သဘာဝမှ မကျဘဲ ..၊ ဒီလူက ရိုးသားရဲ့လား .. ကားတိုက်ခံပြီး လုပ်စားနေကြတာတွေ အများကြီး ရှိတယ် နော် ..”

“ညီမလေးရာ.. လူနာကို ဆရာဝန်က စစ်ဆေး ကုသပြီးပြီဥစ္စာ..”

“ဒါပေမယ့် ဖေဖေ့ကို ငဲ့ညှာတယ်ဆိုတာ သဘာဝမကျပါဘူး..”

“ဒါဆို ဘယ်လိုဖြစ်မှ သဘာဝကျမှာလဲ ..”

လွန်လွန်း က မတ်တတ်ရပ်နေသည့် နေမောင်မောင် ကို မျက်မှောင်ကုတ်လေးနှင့် မော့ကြည့်နေ၏။ နေမောင်မောင် က ‘ဖြေလေ..’ ဆိုသည့် အကြည့်တို့နှင့် မေးဆတ်၍ ဦးလွန်း ရဲ့ဘေးတစ်ဖက်မှာ ထိုင်လိုက်၏။

“ညီမလေး တွေးလေ .. ကိုကြီးတို့အဖေက ရိုးရိုးရှင်းရှင်းနဲ့ သမ္မာအာဇီဝကျကျ ကြိုးစားရှာဖွေနေတဲ့သူ .. ကိုယ့်စေတနာ ကိုယ့်အကျိုးပေးတာလို့ တွက်ရင် မရဘူးလား ..”

“လွန်လွန်း လည်း ဖေဖေ့ဘက်ခြမ်းကို ပြောတာ မဟုတ်ပါဘူး.. ဟိုလူက နဂိုတည်းက အိမ်ခြေရာခြေ မရှိ .. မိဘမဲ့ .. လူဆိုးသူခိုး ဖြစ်နေရင် ..”





“ညီမလေးရာ .. နင်တော့ ..”

“လွန်လွန်း ပြောမှပဲ မရှင်းတာ ဘာမှကို မရှိတော့ဘူး ..”

နေမောင်မောင် နဲ့ မာလာ က လွန်လွန်း ကို ကြည့်ပြီး ရယ်ကြ၏။

“ဟုတ်တယ်လေ မမခင် .. သူ့ဟာသူ အစတည်းက အကြောင်းကြားရမယ့်လူ မရှိတာကို လွန်လွန်း တို့ကျမှ ကျေးဇူးတင်ခံပြီး လျှောက်ပြောနေတာဆိုရင် ကိုယ်က ညံ့ရာကျတာပေါ့ ..”

“ဘာပဲဖြစ်ဖြစ် သူ့ကိုတော့ ကျေနပ်အောင် လုပ်ပေးရမှာပဲ .. ဖေဖေ ပြောပုံအရဆိုရင် တော်တော် ထိသွားတာ ..”

“ဟုတ်တယ် .. ဖေဖေ သူ့ခြေထောက်တွေကို ဘီးနားက ဆွဲထုတ်ရတာ ..”

“တက်မကြိတ်မိလို့ ပုံမပျက်တာပေါ့ ဖေဖေရယ် .. ကားဘီးရာပြားချပ်နေတာ မရှိဘူးမို့လား ..”

“ကဲ .. လုပ်ပြန်ပြီ လွန်လွန်း ရာ .. ပြောလိုက်ရင် တစ်ဆုံးပဲ .. ငါ့ညီမကတော့ ..”

မာလာ က လွန်လွန်း ပခုံးလေးကို ဖက်လိုက်ပြီး ရယ်သည်။ ဦးလွန်း ကတော့ ပီပြင်အောင်တောင် မပြုံးနိုင်ရှာပါ ..။

သူကိုယ်တိုင် မွေ့ထူ ကူတွဲပြီး ဆေးရုံတင်ပေးခဲ့ရသည့် ကောင်လေးရဲ့ သွေးသံရဲရဲနဲ့ တုန်ယင်ချိနဲ့နေပုံက မျက်လုံးထဲက မထွက် ..၊

မနက် မိုးလင်းမှာတောင် စိုးရွံ့မိပါရဲ့ ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

"ဟင်!... ဘယ်လို .. လွန်လွန်း တို့ အိမ်မှာ ထားရမယ် .. ဟုတ်လား .."

"ဟုတ်တယ် ညီမလေး .."

အနားမှာ ဖုန်းပြောမယ့်သူ စောင့်နေတာကို လက်ကာပြရင်း ကိုကြီး အသံကို နားစိုက်ထောင်နေရသည်။

"ဘာဖြစ်လို့လဲ .. အဲ့ဒါ ဘာဆိုင်လို့လဲ ကိုကြီးရဲ့ .. သူ့မှာ အိမ်မရှိဘူးလား .."

"မရှိဘူးပဲ မှတ်လိုက်ကွာ .. ကဲ .. ကိုကြီးတို့ ပြန်လာမှ သေချာပြောပြမယ် .. နင် ဖေဖေ့ရှေ့မှာ စိတ်ညစ်အောင် တောင်တောင်မြောက်မြောက်တွေ လျှောက်မပြောနဲ့နော် .. သူ့အတွက် နေရာပြင်ထားလိုက် .."

"ကိုကြီး.. လွန်လွန်း တို့မှာ နေရာ ဘယ်မှာ အပိုရှိလို့လဲ.. ကိုယ့်လူ ချည်းပဲတောင် ကျပ်နေတဲ့ဥစ္စာ .."

"နေလွန်း အိပ်ရာကို ခဏလုပ်လိုက် ညီမလေးရာ .. သူ ပြန်မလာခင် တစ်ခုခု ကြံကြတာပေါ့ .. လုပ်လိုက် နော် .. နောက် တစ်နာရီလောက်ဆို ကိုကြီးတို့ ပြန်လာပြီ .."





ဟိုဘက်က ဖုန်းချသွားတော့ လွန်လွန်း ရင်ထဲမှာ အထုပ်ကြီး တစ်ထုပ် ပစ်ဆောင့်သွား၏။

ဘယ်မှာလဲ အခန်း ..၊

တိုက်ခန်း တစ်ခုလုံးက တံခါးဝကနေ အထဲထိ အိပ်ခန်း တစ်ခန်းမှ ရှိတာ မဟုတ်ဘဲနဲ့ နောက်ထဲမှာပဲ ရေချိုးခန်းနဲ့ မီးဖိုချောင်အခန်း သပ်သပ်ကန့်ထားတာ ရှိသည်။

ဆယ့်လေးပေ ပေခြောက်ဆယ် တိုက်ခန်းလေးမှာ ဖေဖေနဲ့ ဦးလေး ဦးအောင်ဒင် က တစ်ယောက်အိပ် ခြင်ထောင်လေးတွေနဲ့ ဘုရားစင်အောက်မှာ ကပ်ကပ်သပ်သပ် နေရာယူထားသည်။

ဒီဘက်မှာ ဧည့်ခန်းနေရာ ထားပြီး ကိုကြီးတို့ လင်မယားရယ်.. ကိုလေးရယ် .. ပြီးတော့ သူမအတွက် အိပ်ခန်းဆိုတာ ကိုယ့်ဘာသာ သီးခြား ကန့်သတ်၍ ကာရံ ပြုပြင်ထားတာတွေသာ ..။

"လွန်လွန်း .."

"ဟင် .."

"ဖုန်းလာတာလား .. ဘာတဲ့လဲ .."

"လူနာကို အိမ်ခေါ်လာရမှာတဲ့ .."

"ဟင်!... ဟုတ်လား .."

မာလာ က ဈေးဆိုင်ဘက်ခြမ်းမှာ ထိုင်လိုက်ကာ ...

"ငါတို့ဆီမှာ ထားမယ်လို့ ပြောတာလား .."

"ဟုတ်တယ်တဲ့ .. စိတ်ညစ်စရာကြီး ဘယ်လိုလုပ်ကြမလဲ အဲ့ဒါ.. ကိုကြီးက အိပ်ခန်းပြင်ထားပေးတဲ့ .."

"ယော့တော် .. အဲ့ဒါ ပြင်လိုက်လေ .. တော်ကြာ ရောက်လာကြမှ ကိုယ့်ယို့ကားယားတွေ ဖြစ်ကုန်တော့မှာပဲ .."

ဒီက နေရေးထိုင်ရေး ကျပ်တည်းနေလို့ စိတ်ညစ်နေတာကို မာလာ ကတော့ တွေးပုံ မရပေ ..၊ ယောက်ျားပြောသမျှ ခေါင်းညိတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သား ဖြစ်နေတတ်သည့်အကျင့်ကြောင့်လား .. ဒီတိုင်းပဲ ဖြစ်လာနိုင်တာ တို တွေးမိထားလို့လားတော့ မသိ ...၊

"ကဲ .. မမခင် ပဲ သွားလုပ်လိုက်မယ် .. နင် ဒီမှာ ဈေးရောင်းထား လိုက်ဦး .."

"မမခင် .. ကိုကြီးက ကိုလေးအိပ်ခန်းကို ပြင်ထားခိုင်းတာ .."

"အေးပါ .. ဒါပဲ ရှိတာပဲဟာ .."

ဒါလည်း သိရဲ့သားနဲ့ ...၊ မမခင် ကိုက ကိုကြီးရဲ့စကားဆို မြေဝယ် မကျ နားထောင်နေတာပါ ...။

"ဟဲ့ .. ဘာဖြစ်နေတာလဲ ...၊ မျက်နှာကြီးက .."

"ဗိုလ်အောင်ဒင် .."

"ဘာလဲ .."

"ဩွသည် ပါလာမှာတဲ့ .. အဲဒါ ဗိုလ်အောင်ဒင် နဲ့ ခေါ်သိပ်လိုက် ပါလား .."

"နင် ခေါ်သိပ်ပါလား .."

"ဟာ .. ယောကျ်ားလေး ဖြစ်နေလို့ ဗိုလ်အောင်ဒင် ကို ပြောနေ တာပေါ့ .."

ဦးအောင်ဒင် က သူ့ခေါင်းတုံးပြောင်ပြောင်ကို ပွတ်ရင်း ဆိုင်ထဲမှာ ဝင်ထိုင်လိုက်ပြီး ...

"ဗိုလ်အောင်ဒင် .."

"ဘာတုံး .."

"ဗိုလ်အောင်ဒင် အဖော်ရတာပေါ့ .."

"နင်လည်း အဖော်လိုတာပဲ .."

"ဗိုလ်အောင်ဒင်ကြီး နော် .. စိတ်တိုလာပြီ .."

"ငါလည်း စိတ်တိုလာပြီ .. ဗိုက်ဆာလို့ .."

"ဗိုက်ကလည်း ခဏ ခဏ ဆာနေတာပဲ .. ဘယ်မှလည်း သွားလာ





လှုပ်ရှားနေရတာ မဟုတ်ဘဲနဲ့ .."

"ဟာ .. မသွားရပေမယ့် စကားတွေ ပြောနေရတာလေ .. အိမ်မှာ ဦးမရှိရင် ဖြစ်လို့လား .."

"အံမယ် .. လာသေးတယ် .."

"ဒီမှာ ငါက ပညာရှိ ကုံးစွန်ချဲ .."

"ဟုတ်လို့လား ဗိုလ်အောင်ဒင် ရယ် .. မမြဝင်း သေသွားလို့ ဆိုးဖို့ ဖြစ်ကျန်ခဲ့တဲ့ ခေါင်းတုံးမင်းသားကြီး မဟုတ်ဘူးလား .."

"ဟီး .. ဟီး .."

မမြဝင်း လို့ ပြောလိုက်တိုင်း သဘောတွေ ကျနေတတ်ကာ ခေါင်း ကြီး တပွတ်ပွတ်နှင့် ...

"ရော့ .. ဂျယ်လီတစ်ဘူး ယူစား .."

အနီရောင် ဂျယ်လီဘူးလေး လက်ဝါးထဲ ထည့်ပေးလိုက်တာနှင့် ဦးအောင်ဒင် က ကျေနပ်သွား၏။ ဒါပေမယ့် ပြုံးနေသည့်မျက်နှာက မျက်ချင်း တည်သွားကာ ...

"ငါ့ကို ဘာခိုင်းဦးမလို့လဲ .."

"အဟွန်း .. မမခင် ကို သွားဝိုင်းကူလိုက်ပါ .. ဟိုမှာ တစ် ယောက်တည်း အိပ်ခန်းရှင်းနေတာ .."

"ဘာဖြစ်လဲ .. သူတစ်ယောက်တည်း လုပ်နေကျ .."

"မဟုတ်ဘူး ဗိုလ်အောင်ဒင်ကြီး ကလည်း .. အခု လွန်လွန်း ကို ခိုင်းထားတာ .."

"ဒါဆို ကိုယ့်ဘာသာ သွားလုပ်ပေါ့ .."

"လွန်လွန်း ဆိုင်ထိုင်နေတာလေ .."

"ငါ ထိုင်မယ် .."

"မဖြစ်ပါဘူး .. တော်ကြာ ဗိုလ်အောင်ဒင် အလုပ်ပျင်းတယ်ဆိုပြီး မမြဝင်း က ကိုကိုချစ် နောက် ပါသွားလိမ့်မယ် .."

www.burmeseclassic.com



ဦးအောင်ဒင် က 'ဟုတ်လို့လား'ဆိုသည့် အကြည့်နှင့် လှည့်ကြည့်သည်။ သူ့နာမည်ကို စနောက် ခေါ်ကြရင်း ဗိုလ်အောင်ဒင် ဇာတ်လမ်းကို ပြောပြထားကြတော့ ဦးအောင်ဒင် က သူ့ကိုယ်သူ ဗိုလ်အောင်ဒင်လို့ပဲ မှတ်နေခဲ့၏။

"လွန်လွန်း နော် .. လူပျိုကြီးကို ချစ်တာခင်တာတွေ ပြောပြပြီး မဟုတ်မဟုတ် ဖွဲ့လမ်းနေအောင် မလုပ်နဲ့ ..''လို့ နေမောင်မောင် က မကြာ မကြာ သတိပေးခဲ့ဖူးသည်။

ဒါပေမယ့် စနောက်နေတဲ့လူက နေလွန်းမောင် ပါ ပါနေသဖြင့် ခုတော့ ဗိုလ်အောင်ဒင် အစွဲကို ချွတ်ဖို့ မလွယ်တော့ပေ ..၊

"ဒီဖိနပ်လေး ဘယ်လောက်လဲ ဟင် .."

ဖုန်းနဲ့ ဖိနပ်စင်က လွန်လွန်း ဘက်မှာမို့ ဝယ်သူလာတော့ ဒီဘက်လှည့်လိုက်ရသည်။ ဦးအောင်ဒင် က ထသွားမလို့ ပြင်ပြီးမှ ကုပ်ချောင်းချောင်းနှင့် ပြန်ထိုင်နေ၏။

"အဲ့ဒါက နှစ်ထောင့်ရှစ်ရာ .."

"ဒါကရော .."

"အဲ့ဒါက ထောင့်ခုနစ်ရာ .."

ဝယ်သူက ကတ္တီပါဖိနပ်ပါးလေး နှစ်ရန်ကို ယှဉ်တွဲကြည့်နေရင်းမှဲ့ကာ ...

"ဒီကြိုးပေါ်မှာ စီးကွင်းလေး ထိုးထားတာနဲ့ ဒီလောက်တောင်ကွာရလား .. ဖိနပ်က အတူတူပဲဟာ .."

"မတူလို့ စီးကွင်းပါတဲ့ အရန်က ဈေးပိုတာပေါ့ အစ်မရဲ့ .."

"ပိုပါစေဦးဟယ် .. ဒီလောက်တော့ မကွာပါဘူး .. ဟိုနေ့က ဈေးကြီးထဲမှာ မေးကြည့်ခဲ့ပါတယ် .. စီးကွင်းနဲ့ပဲဟာ ထောင့်ငါးရာပဲရှိတယ် .."

"ဒါဆို အဲဒီမှာပဲ သွားဝယ်ပေါ့ .."





ဝယ်သူမျက်နှာ မဲခနဲ ဖြစ်သွားသည်။ ပြီးတော့ 'ဈေးသည်က ပြောဆိုလိုက်တာ'ဆိုသည့်အကြည့်နှင့် မျက်စောင်းထိုး၏။

"ဟား .. ဟား .. ဟား ... အဲ့ဒီက စတာ .. အဲဒီကပဲ .. ဟား .. ..."

ဦးအောင်ဒင် ဂျယ်လီဝါးရင်း ပါးစပ်ကြီးဖြဲ၍ အားပါးတရ ပြောသည်။ ဖုန်းဖိုးပိုက်ဆံ ပြန်အမ်းနေသည့် လွန်လွန်း က မျက်စောင်းချက်ကို မသိလိုက် ..၊

"အို .. အဲ့ဒါ ဘာလုပ်တာလဲ အစ်မ .. မတန်တဆကို .."

"စီးကြည့်တာလေ .. ဖိနပ် တော်မတော် စီးမကြည့်ရဘူးလား.."

"ရတယ်လေ .. ဒါပေမယ့် တော်နိုင်ရဲ့လားဆိုတာ ကြည့်တာနဲ့ ကြီးကို ဖွတ်ထိုး စီးလို့ ရမလား .. ပြီးတော့ ကတ္တီပါဖိနပ်က ချားရင် ခြေရာထင်တယ် .."

"အောင်မယ်လေးဟယ် .. ပလာဇာမှာ သောင်းကျော်တန်ဖိနပ်တောင် စိတ်ကြိုက်စီးကြည့်လို့ ရတယ် .. ဝယ်မှ စီးရမယ်လို့ ဘယ် မပြောဘူး .."

လွန်လွန်း စိတ်တိုသွားသည်။ မမခင် လောက်အရွယ် အမျိုးသမီးည်း စိတ်ပျက်စွာ စုံချီဆန်ချီ ကြည့်မိကာ ...

"ကြည့်ရတာ ပလာဇာမှာ ဒီလိုပဲ လျှောက်စီးကြည့်ပြီး ထားခဲ့နေ ဆင်တယ် .."

"ဘာ!..."

"အဲ့ဒီမှာ ရရင် အဲ့ဒီမှာပဲ သွားစီး .. ဒီမှာ ထောင်ကျော်တန်လေး တော့ ထိခိုက်မခံဘူး .. ဆိတ်ခြေရာလောက်ရှိတဲ့ ဖိနပ်ကို ဆင် ဘက်နဲ့ ဘယ်လိုလုပ် ဆံ့မှာလဲ .."

လွန်လွန်း က ပြောနေရင်း ထသွားကာ သူမ လက်ထဲက ဖိနပ်ကို ခွဲယူကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟိုဖိနပ် ပြန်ထားလိုက်ပါ .."

"ကြီးကျယ်လိုက်တာအေ .. လူကိုလည်း စော်ကားသေးတယ်
ရောင်းကောင်းဦးမယ် ညည်းတို့ဆိုင် .."

"အဲ့ဒါ ရှင့်အလုပ် မဟုတ်ဘူး .. ကိုယ့်ပါးစပ်ကို ပိတ်ပြီး အေးအေး
သွားပါ .."

"သွား .. သွား .. ပြန်ပေတော့ .. မစဉ်းစားနဲ့ ပြန်ပေတော့ -"

ဆိုင်ပြင်က တစ်မျိုး .. ဆိုင်ထဲက တစ်မျိုး မောင်းထုတ်ခံနေရ
သေးက နာရီပြင်ဆိုင်ထဲက လူတွေပါ လှမ်းကြည့်နေကြသဖြင့် အ
သမီးမျက်နှာ သဖန်သီးလို ရဲသိုသွား၏။

ဦးအောင်ဒင် မျက်နှာ ပြုံးဖြီးဖြီးကြီးကို လှည့်ကြည့်၍ ခါးထော
ကာ ...

"အရူးက စျေးရောင်းပြီး ကျပ်မပြည့်တဲ့လူက လူမှန်းမသိ မိုက်
တယ် .. ရော့ .."

ခြေထောက်အောက်က ချွတ်သည့် ဖိနပ်ကို ပစ်ချလိုက်သည
ဖိနပ်က စောင်းလိုက်ပစ်ကျကာ ပြန်ခုန်ပြီး လွှန်လွှန်း ရဲ့ပေါင်ကို
သွား၏။

"တောက်!..."

လွှန်လွှန်း က ထိုဖိနပ်ကို ဖျတ်ခနဲ ကောက်ယူကာ ပေအေ
စောင်း ပြန်လှည့်ကြည့်သည့်မျက်နှာကို ဖြန်းခနဲ ရိုက်ချလိုက်၏။

"ဟာ!... ချရာနံပြီ .."

ပတ်ဖန်းကျင်မှာ အုန်းခနဲ ထဖြစ်သွား၏။ ခံလိုက်ရသည့် အ
သမီး ရှက်စိတ်မွှန်သွားကာ လက်မှာ ချိတ်ထားသည့်အိတ်ထဲက ထ
ဆွဲထုတ်၍ လွှန်လွှန်း ကို ရိုက်ဖို့ ပြန်လှည့်လာ၏။

"ဟာတာ .. ရစ် .."

ဦးအောင်ဒင်က ဆိုင်မှာ ပစ္စည်းတွဲတွေ ချိတ်သည့် ဝါးလုံး





ဖြင့် အမျိုးသမီးရဲ့ဗိုက်ကို လှမ်းထောက်ထားလိုက်ပြီး ...

"ဟား .. ဟား .. ဟား ... စိတ်ကို ထိန်းလိုက်ပါ ကိုကိုချစ် ..
ဗျား ဘယ်လိုမှ မနိုင်နိုင်ပါဘူး .. ခင်ဗျား ရှုံးနေပါပြီ .. ဟား ..
ား .. ဟား ..."

ရုတ်တရက် အရှိန်နဲ့ ရှေ့တက်တုန်းမို့ ဗိုက်ကို ဝါးလုံးနဲ့အထောက်
ခိုက်ရသဖြင့် အမျိုးသမီး နေရာမှာပဲ ရှေ့တိုးမရဖြစ်ကာ ထီးတရမ်း
နှင့် ကြည့်ရဆိုးနေ၏။

"ဘယ်ရမလဲ .. ဝူခုံးရဲ့ ရွှေတုတ်ဖျားမှာ မိစ္ဆာကြီး ဓားတရမ်းရမ်းနဲ့
းယားကြီး ကျပြီ .. မရဘူးလေ .. မရဘူး .."

"ဖယ် .. ဖယ်စမ်း .. ယောက်ျားကြီးဖြစ်ပြီး ငါ့ကို ဝိုင်းသမကြ
ာ .. နင်တို့ တွေ့မယ် .."

"နေကြပါဦး .. ဘာတွေ ဖြစ်ကြတာလဲ .."

ရှေ့မှာ တဏှာစီ ရပ်လိုက်တာ မြင်တည်းက လွှန်လွှန်း ခေါင်းကြီး
သွားသည်။ ပြဿနာကို အိမ်ပေါ် ခေါ်လာတဲ့လူတွေက ပြန်မရောက်
သေးဘဲ အိမ်မှာ ပြဿနာက ကြိုစောင့်နေရာ ...

"လွှန်လွှန်း .. နင် တော်တော်ဆိုးပါလား ဟင် .."

"ကိုကြီးကလည်း .."

"တော်တော့ .."

နေမောင်မောင် ကလည်း စိတ်တိုခဲတဲ့သူပါ ..၊ ဒါပေမယ့် ဒီနေ့
ဖြစ်ကိုတော့ သူ ခွင့်မလွှတ်ချင် ...။

ကားထဲက လူမမာကို ဝိုင်းကူတွဲဖို့ နေနေသာသာ ..၊ လူမမာကို
ပိုင်းထားပြီး ရန်ပွဲကို ရှင်းနေရသည်။ ပြီးတော့ ဖေဖေ စိတ်ညစ်နေ
ကို အေးချမ်းအောင် သူ ကြိုးစားလာခဲ့ရတာ တစ်လမ်းလုံး ..၊

"ကက်စတန်မအဆိုတာ အောလ် ဝေ့(စ်) ထရွှေ ပဲ .. နင်ရွေးရောင်း
ပြီးတော့ .."



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ရောင်းကာမှ အဲ့ဒါကြီးကို လက်ကိုင်ထားရမှာလား ကိုဗြ ရဲ့ .. လွန်လွန်း တို့ မားကက်(တ်)တွေ .. ပလာဇာတွေမှာ ဈေးဝယ် ဖြင့် ကက်ရှာမှာ သွေးတောင့်အောင် စောင့်ရ .. မေးလို့လည်း ပြန်ဖြေ မှ ဖြေ .. ဖြေတော့ မျက်နှာထားတွေက ဝယ်ချင်ဝယ် .. မဝယ်ချင် ဆိုတာမျိုး ...၊ ဘယ်နေရာ ဘယ်ဌာနဆိုတာ နာမည်ထည့်မပြေ သူတို့တွေကျတော့ .."

"သူတို့က နင့်လိုတော့ ပါးရိုက်မလွှတ်ဘူး မို့လား .."

"ရိုက်ကြည့်ပါလား .. လွန်လွန်း အသား လာထိလို့ကတော့ ဘိုင်းတူးပဲ .. သူ့ တစ်ချက်ဆို ကိုယ်နှစ်ချက် .."

"ပြောနေရင်းနဲ့ ကြည့် .."

ဘေးမှာ ငုတ်တုတ်ထိုင်နေသည့် သူစိမ်းလူနာက ပြုံးလိုက် မြင်တော့ နေမောင်မောင် ရှက်သွားမိကာ ...

"မပြောတော့ဘူး နင့်ကို .."

"မပြောဘဲ နေလိုက်ပါလား ကိုမောင် ရယ် .. သူ့အကြောင်း သိရဲ့သားနဲ့ .."

မာလာ က ယောက်ျားဖြစ်သူကို ဝင်ပြောပြီး ဦးအောင်ဒင် လှည့်သည်။

"ကလေးကို မြှောက်ထိုးပင့်ကော် လုပ်နေတာက ဟိုမှာ ...၊ ဦး တရားခံ .."

အကြည့်တွေ သူ့ဆီ ရောက်လာတော့ ဦးအောင်ဒင် က ခေါင်း ကို ပွတ်၍ မျက်နှာလွှဲ၏။

"ဘာလုပ်မိလို့လဲ .."

"တော်ပါတော့ .. ဦးလေးကိုလည်း မပြောချင်တော့ဘူး .. မတော်ရင် ဝင်ထိန်းပြီး ပြောဆိုပေးပါလား ...၊ လွန်လွန်း က ဆော်ရင် သူက နောက်က .."





"ဘာဖြစ်လဲ .. ငါ့လူကို လာချကြည့်ပါလား .. ဒီမှာ ဗိုလ်အောင် ဒင် .. မမြဝင်း ကို ထိရင် ငါ မခံဘူး .."

ပြီးတော့ လက်သီးဆုပ်၍ ...

"သူပဲ ခံလိမ့်မယ် .. ဟား .. ဟား .. ဟား ..."

"ဟား .. ဟား .. ဟား ..."

နောက်ထပ် ရယ်သံက လူနာဆိုတဲ့ပုဂ္ဂိုလ်ဆီက ...၊

အံ့ဩသည့်အကြည့်တွေ အားလုံးထဲမှာ လွန်လွန်း က ရူးရူးရဲရဲ ကြည့်ကာ ...

"လူနာက လူနာလို မနေဘူး.. သူများကိစ္စ ဘာလိုက်ရယ်တာလဲ.."

"လွန်လွန်း .."

နေမောင်မောင် ညီမ အနား ဖျတ်ခနဲ ရောက်သွားကာ လက် မောင်းလေးကို ကိုင်လှုပ်၍ ...

"နင် .. နင်တော့ .. ကျွတ်!..."

"အေးဟေ့ .. မပြောချင်တော့ဘူး .."

ဦးလွန်း ခေါင်းတခါခါနှင့် အိမ်တွင်းဘက် လှမ်းဝင်သွားတော့ သည်။ လွန်လွန်း က ထိုတစ်ယောက်ကို မျက်စောင်းလည်း ထိုးသည်။ နေမောင်မောင့် လက်ကိုလည်း ရုန်းထွက်၏။

ဟွန်း.. အိမ်မှာ တက်လာတဲ့ အကုသိုလ်အတုံးလိုက်ကို ကန်တော့ ခွဲနဲ့ ကြိုရမလား ...၊

တမင်တကာ နေစရာ စားစရာ မရှိလို့ ကပ်တွယ်လိုက်လာတာ သေိတာကျလို့ ...၊

နောက်ထပ် ပို့လွှတ်မယ့် မျက်စောင်းက နေမောင်မောင် ကြား ခင်ကွယ်လိုက်သဖြင့် အရာမရောက်ဘဲ ဖြစ်သွားခဲ့ပြီး ...

"ဆောရီးပါ ညီလေး ရာ .. ရန်ဖြစ်ထားတဲ့အရှိန်နဲ့ အဖျားတတ် သွားတာပါ .. လာ .. မင်းကို အခန်းထဲ လိုက်ပို့ပေးမယ် .."



www.burmeseclassic.com

www.burmeseclassic.com



"ကိုမောင် .. နေဦးလေ .. သူ့နာမည်က ဘယ်သူတဲ့လဲ .."

"မမခင် ကလည်း .. ဒီမှာ ဘယ်နှစ်ရက် ကြာမှာလဲပဲ မေးစမ်းပါ"

နေမောင်မောင့် မျက်နှာ တင်းသွားကာ ...

"သူ့ခြေထောက်တွေ ကောင်းတဲ့အထိ နေမှာ .. အဲဒီတော့ အကန့်အသတ် မရှိဘူး .."

မာလာ ကတော့ ကောင်လေးရဲ့ တည်သလို ရယ်သလို အကဲခတ်မရသော မျက်နှာကို ကြည့်၍ လွန်လွန်း နဲ့ ဘယ်လိုမှ မလွယ်နိုင်တာကို တွေးနေမိကာ ...

"နာမည်ကရော .."

"အေး .. အမှတ်တမဲ့နဲ့ .. ဘာလဲ .. ချစ်ရဲ ဆိုလား .."

နေမောင်မောင် ကိုယ်တိုင် ဇဝေဇဝါနှင့် ထပ်မေးမှ ကောင်လေးက မော့လာကာ ...

"ကျွန်တော့်နာမည် ချစ်ရသူ .."

"ချစ် ရ သူ .."

မာလာ့ မျက်ခုံးနှစ်ဖက် မြင့်တက်သွားကာ လွန်လွန်း ကို လှမ်းကြည့်မိ၏။ လွန်လွန်း က ချာခနဲ လှည့်ထွက်သွားတာ ကြားသလား- မကြားဘူးလား မသိ ...၊

"ချစ်ရသူ .. အင်း .. ချစ်ရသူ .."

ကြားဝင်လာသည့်အသံက ဦးအောင်ဒင် ထံမှ ...၊

"လွန်လွန်း က ချစ်မှာ မဟုတ်တာတော့ သေချာတယ် .. လုံးဝ ချစ်မှာ မဟုတ်ဘူး .. အဲ့ဒါ သေချာတယ် .."

စိတ်မမှန်တိုင်း သူ ပြောနေသမျှ ကျန်တဲ့လူတွေ မျက်နှာ ဘယ်လိုထားရမှန်း မသိ ...၊

သိပ်တော့ မလွယ် ...၊



## အခန်း (၈)

ညဥ့်နက်မှ ဆိုင်သိမ်းနေရင်း ဆိုင်ခန်းနောက်ကျဉ်းကျဉ်းလေးထဲမှာ မိသားစု စုဝေး တိုင်ပင်ရသည်။ အိမ်ပေါ်မှာက တီးတိုးစကား ပြောလို့ ရလောက်အောင် ကွယ်ရပ်ဆိုတာ သိပ်မရှိ ...၊

"ဒီတိုင်းမလုပ်လို့ ဘယ်လိုလုပ်ရမလဲ ခင် .. ငါတို့ကြောင့် သူ့ခေါင်းမှာ ပတ်တီးအဖွေးသားနဲ့ ခြေထောက်တွေက မလှမ်းနိုင် .. မကြွနိုင်.."

"ဟုတ်ပါတယ် .. တာဝန်ရှိတာက ဆေးကုပေးဖို့လေ .. အိမ်ပေါ်ထိ ခေါ်တင်ထားရတာ လူတစ်ယောက်စရိတ်ကို သည်းခံနိုင်တယ် .. သူ့တာဝန်က သေးတာ မဟုတ်ဘူး .."

နေမောင်မောင် သက်ပြင်းရှည်ကြီး ချကာ တင်ပျဉ်ခွေထိုင်နေသည့် ဒူးပေါ်မှာ လက်ထောက်၍ ဆံပင်တွေကို ဖွ၏။

"အမေရော .."

"မေမေ ဘုရားရှိခိုးနေတယ် .. ငါလည်း မေမေ့ကို စိတ်မပူစေချင်လို့ လူနာအကြိုက် လုပ်နေတာပဲ ...၊ ကောင်လေးက သူ့မှာ အိမ်ရှိတယ်.. ဒါပေမယ့် သူ မပြန်ရဲတဲ့အပြစ် လုပ်ထားလို့ တဲ့ .."

www.burmeseclassic.com



"ဒါဆို လွှန်လွှန်း ပြောသလိုပဲပေါ့ .."

"ညီမလေး နင် သာသာနေစမ်းပါ .. အခု ကိုကြီး ပြောတာကိုပဲ နားထောင် .."

ခဏခဏ အဆူခံနေရပေမယ့် ဒီလူ အိမ်မှာနေမည့်ကိစ္စကိုပဲ သူမကလည်း သဘောမတူနိုင် ..၊ အထူးသဖြင့် ယောက်ျားလေး ဖြစ်နေတာက ပိုဆိုးနေ၏။

အိပ်ခန်းကန့်ထားတဲ့ ငါးထပ်သားပြားတွေရဲ့ အပြင်ကို ခေါင်းပြူလိုက်တာနှင့် တစ်ယောက်မျက်နှာတစ်ယောက် မမြင်ချင်လို့လည်း မရ..၊

မိသားစုတွေ များနေပြီး အိမ်သာ ရေချိုးခန်းကလည်း တစ်ခန်းပဲရှိသည်။ ဒီပြဿနာကရော သေးသေးနုပ်နုပ်လား ..၊

"သူ့ကို ပြန်ပို့သည်ဖြစ်စေ .. မပို့သည်ဖြစ်စေ .. ဒီဒဏ်ရာတွေကို ငါတို့ပဲ ကုပေးရတော့မှာမို့လား .."

"ဟုတ်တော့ ဟုတ်ပါတယ် .. မိဘက မကျေနပ်ဘူးဆိုရင်တောင် ပြဿနာတွေ ဆက်ရှင်းနေရဦးမှာ .."

မာလာ က ခေါင်းညိတ် ထောက်ခံလိုက်သဖြင့် လွှန်လွှန်း ပါးစပ်ပိတ်သွားသည်။

"ပြီးတော့ ခြေထောက်တွေက အကောင်းတိုင်းမှ ပြန်ဖြစ်ပါ့မလား .."

"မသိသေးဘူး .. မာတ်မှန်အဖြေကတော့ ဒူးဆစ်မှာ အဖြေထပ်ရှာကြည့်ရမယ်တဲ့ ..၊ ပြီးတော့ အရိုးအကြောဆရာဝန်ကို ပြရဦးမယ်.. လိုအပ်ရင်တော့ ပါရဂူဆီ ရောက်ဦးမှာပဲ .."

"ဒုက္ခပါပဲ .. အထူးကုတွေနဲ့ ပြရင် စရိတ်က နည်းတာ မဟုတ်ဘူး .. ဒါနဲ့ ပျောက်သွားရင်တောင် တော်သေးတယ် .. တကယ်လို့ ခုနပြောသလို အကောင်းတိုင်း ပြန်မဖြစ်တော့ရင် ကျွန်မတို့ ဘာလုပ်ကြမလဲ ကိုမောင် .."





"အဲ့ဒါကို ပြောတာ .. ဖေဖေ စိတ်ညစ်နေတာလည်း အဲ့ဒါပဲ ..၊ ဘာပဲဖြစ်ဖြစ် တစ်နေ့နေ့တော့ မိဘက သိမှာပဲလေ .. ဒီပြဿနာ အေးချမ်းပါ့မလားဆိုတာ ကာယကံရှင်ကလည်း အဓိကကျသေးတယ် .."

"ဟုတ်တယ် ကိုမောင် ..၊ ဟုတ်တယ် လွှန်လွှန်း ရဲ့ .."

မာလာ က လွှန်လွှန်း ကိုပါ လှည့်ကြည့်ပြီး နားချ ဖျောင်းဖျလိုက်သေးသည်။

"ကောင်လေးကို သိပ်လည်း စူစူအောင့်အောင့် မလုပ်ပါနဲ့ ညီမလေးရယ် .. အဖေ့ကို သနားပါတယ် နော် .. အိမ်မှာ လူစိမ်းတစ်ယောက်တိုးတာ မမခင် တို့လည်း မကြိုက်ပါဘူး .. ဒါပေမယ့် ဖြစ်ခဲ့တာက တကယ့် အကြီးကြီးရယ် .. ယာဉ်တိုက်မှုဖြစ်လာရင် မောင်းသူပဲ တာဝန်ယူရတာ .. ဘယ်သူမှ အစားဝင်ခံပါ့မယ်ဆိုလို့ မရဘူး .."

ဖအေကို ထိခိုက်မည်ကို သတိရတော့ လွှန်လွှန်း မျက်ဝန်းလေးတွေ ဟိုကြည့် ဒီကြည့် ဖြစ်သွားရှာ၏။ နေမောင်မောင် က သူ့ညီမခေါင်းလေးကို ခပ်ဖွဖွ ပုတ်လိုက်ပြီး ပြုံးကာ ...

"ငါ့ညီမ မျက်စောင်းထိုးတာလေးရယ် .. ကောက်ခနဲ ကောက်ခနဲ ဝင်ဝင်ပြောတတ်တာလေးရယ်ပဲ လျှော့ .. အများကြီး မဟုတ်ဘူး .."

"ကိုကြီးကလည်း .. လွှန်လွှန်း က အမြင်မတော်တာတွေကို ပြောတတ်တာပါ .."

"ဟာ .. ဒါဆိုရင်တော့ ငါ့ညီမ ဘာမှကို အမြင်မတော်အောင် နေနေကြတာပဲ .. မင်းတို့ ဆင်ခြင်ကြ .."

"ကိုကြီး နော် .."

"ဟား .. ဟား .. ဟား ..."

မာလာ ကလည်း ရယ်နေကာ ...

"တော်ကြာ စာမေးပွဲတွေ ဖြေကြတော့မယ်.. လခတွေလည်း ယူပြီးပြီ နော် .. ကလေးတွေ စာမေးပွဲပြီးတဲ့အထိတော့ စိတ်ရှည်သည်းခံပြီး



www.burmeseclassic.com

www.burmeseclassic.com



သင်ပေးရမယ် .. မမခင် ကတော့ ဒါကိုပဲ ပြောချင်တာ.."

"မမခင် ကလည်း ကလေးတွေနဲ့ လွှန်လွှန်း က ဆူဆူပေါက် ပေါက် ဘာပြဿနာမှ မရှိဘူး .."

"အခု မရှိဘူးလေ .. ကလေးအမေတွေကလည်း သူတို့ရဲ့ ကလေး တွေက လွှန်လွှန်း နဲ့မှ သင်ပါ့မယ် ဖြစ်နေကြလို့ ကြည့်နေကြရတာ.. အဲဒီကျေးဖူးရှင်လေးတွေကိုယ်တိုင် ရှင့်ကို စိတ်ပျက်သွားမှာစိုးလို့ .."

"လုံးဝ မပျက်ဘူး ... အေးဆေး .."

"ငါ့ညီမက အခု ဆရာမကြီး အဝီအပြင် လုပ်နေပြီလား .. ဆရာမ နဲ့လည်း မတူဘဲနဲ့ .."

"ကိုကြီးပဲ ပြောနေတာ .. ကလေးတွေကဖြင့် သူတို့ဆရာမနဲ့ မရှင်းလင်းတဲ့ စာတွေကို တီချယ် သင်ပေးမှပဲ ရှင်းသွားတယ် တဲ့ .."

"ဘယ်သူ ပြောတာလဲ ...၊ အဲဒီကောင်လေး ဆရာမ စာသင်နေ တုန်း ကျောင်းလစ်နေတာလားမှ မသိတာ .."

"တွေ့လား .."

"ကဲ .. တော်ကြပါတော့ .. လူမမာကို ဆေးသောက်ချိန် သွား သတိပေးရဦးမယ် .. ဒဏ်ရာတွေကိုရော ဘယ်လို ဆေးထည့်ပေးရမှာလဲ မသိဘူး .. နောက်နေ့ကျရင် ဆေးခန်းသွားပြတုန်း တစ်ခါတည်း လိုက် သွားပြီး မှတ်ထားဦးမှပါ .."

မာလာ က ပြောပြောဆိုဆိုနှင့် အိမ်ထဲ ထရင်သွား၏။

"ညီမလေး .."

"ဟင် .."

"ကိုယ့်အစ်မကို ဝိုင်းကူလိုက်ဦးလေ .."

"ကူတာပဲ ကိုကြီးကလည်း .. လွှန်လွှန်း စာသင်ပေးတဲ့ လခတွေ လည်း လွှန်လွှန်း တစ်ပြားမှ မယူဘူး .. စာသင်ပေးပြီးတာနဲ့ မီးဖိုချောင် ထဲလည်း ဝင်ပေးတယ် .. ဆိုင်လည်း ထိုင်ပေးတယ် .."





"ရန်ဖြစ်ရင်းနဲ့လား .."

မနက်က ရန်ပွဲကို ပြောတာမှန်း သိကာ လွှန်လွှန်း က ဖြစ်ရပ်ကို ပြန်ပြောပြသေးသည်။

"အဲ့ဒါ ဘယ်သူ လွန်သလဲ ကိုကြီးပဲ စဉ်းစားကြည့် .."

"ဟုတ်ပါပြီ .. ကိုကြီးကလည်း သူ့စိမ်းရှေ့မှာ ညီမလေး ရန်ဖြစ်နေ တာကို မကြိုက်လို့ ဆူတာပါ ...၊ ပြီးတော့ ကိုကြီးတို့အိမ်မှာ ပြဿနာ တစ်ခု ရှိနေတယ်လေ .. နောက်ထပ် ပြဿနာမဖြစ်အောင် နင်က ဆင် ခြင်ရမှာပေါ့ .."

လွှန်လွှန်း အသံလေး တိတ်သွား၏။ ပြီးမှ ခေါင်းညိတ်ဖော်ရ ကာ ...

"ဟုတ်ကဲ့ပါ .."

"အခုလည်း ငါ ဝင်ကူနေတာပဲဆိုပြီး နေ့စဉ် လည်ပတ်နေတဲ့ အချိန်ဇယားအတိုင်း ကိုယ့်ကျွှာ ပြီးပြီဆိုတာနဲ့ ထိုင်မ-နနဲ့ .. အိမ်မှာ အလုပ်ပိုတစ်ခု ရှိလာပြီ .."

"လူနာကို ဂရုစိုက်ခိုင်းနေတာလား ကိုကြီး .."

"ဂရုစိုက်နေရမှာမျိုး မဟုတ်ပါဘူး .. ခင် က ဒါလေးတော့ လုပ်ပေးပါဦးဆိုရင် လူနာရှေ့မှာ စူစူဆောင့်ဆောင့် ငြင်းဆန်မနေဘဲ ဝင်ကူပေးလိုက်ရုံပါ .."

ဘာမှတော့ မပြောရဲတော့ပေမယ့် ပြောသလောက်တော့ မလွယ် နိုင် ...၊



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၉)

"ခေါင်းကဒဏ်ရာ မကျက်ခင်တော့ ဆရာဝန်ကို အိမ်မှာ လာကြည့်ဖို့ ပင့်ထားရတာပေါ့ .. စရိတ် ပိုကုန်ပေမယ့် ကိုယ်ကလည်း ခုမှ အလုပ်ပြောင်းကာစ သိပ်ပျက်လို့ မဖြစ်ဘူးလေ .. မေမေကလည်း ကားပြင်တဲ့ဆီမှာ နေရမှာ .."

"အင်း .. နေရာလေး ကျဉ်းလို့ အပေါ်တစ်ထင် ဝယ်နိုင်မလားလို့ စုဆောင်းထားကြတာလေးတွေတော့ .."

"ခင် ရာ .. အဲဒီစကားတွေ ညီမလေးရှေ့မှာ သွားမပြောပါနဲ့ကွာ.. ငယ်တဲ့သူက စိတ်ကွက်ရင် ကွက်သလို ပြောချလိုက်မှာ .. ကိုကို့ မေမေ့ကို မဆုံးရှုံးရဘဲ ငွေကုန်ရတာ ဘာဖြစ်လဲ ..။ ဒီ အကျဆီးအင့်မှာ မေမေ တစ်ခုခု ဖြစ်ခဲ့ရင်လို့ တွေးကြည့် .. ကိုယ် အဲဒီလို တွေးပြီးတော့ ငွေကို မနှမြောနိုင်တော့တာ .."

ညီမလေး ရှေ့မှာ မပြောပါနဲ့ဆိုပေမယ့် လွန်လွန်း တို့က ကြားပြီးပါပြီ ..။ လူမမာအတွက် ဝယ်လာခဲ့ရသော နို့တစ်ခွက်နဲ့ ပလာတာကို မျှော်ကြည့်ပြီး ထိုနေရာမှာနေ ခွာခဲ့ပေမယ့် နှုတ်ခမ်းက တံတောင် ပေါက် စူယွက်နေခဲ့ပြီ ..။





ကိုကြီးက အလုပ်မသွားခင် လူနာအတွက် မျက်နှာသစ် .. အပေါ့ အပါးသွားဖို့ကအစ လုပ်ကိုင်ပေးပြီးပြီမို့ သူက စားဖို့သောက်ဖို့ ထိုင် စောင့်နေတာ အခန့်သား ..။

"ဒေါက် :."

နို့ထည့်ဖို့ ဖန်ခွက်ကို ယူလာပြီး စားပွဲပေါ်မှာ ဒေါက်ခနဲ မြည် အောင် ချ၏။ ချပြီးမှ အသံပိုကျယ်သွားမှန်း သိကာ ဆိုင်ရှေ့မှာ ကိုကြီး ရပ်နေသေးတာကို လှမ်းကြည့်မိ၏။

ကိုကြီးက ဆိုင်မှာ ပစ္စည်းတွေ ကူချိတ်ရင်း မမခင် နဲ့ စကားပြော နေတာ သူ့အာရုံနဲ့ သူ ..။

အံမာ .. ကြည့်ဦး ..။

စားပွဲဘေးမှာ ငုတ်တုတ်ထိုင်နေတယ် မှတ်တာ .. သင်းက အိပ် ငိုက်နေတာကိုး ..။

"ဗွမ် .."

"ဟာ!..."

စတီးပန်းကန်ပြားလေးကို တမင် ဆောင့်ချပစ်လိုက်တော့ ဆတ် ခနဲ မျက်လုံးပွင့်လာ၏။

"ဖြည်းဖြည်းသက်သာ လုပ်လို့ မရဘူးလား .."

"ရတယ် .. တမင် လုပ်တာ .."

နီရဲနေသည့် မျက်လုံးတွေကို လက်နဲ့ ထပ်ပွတ်လိုက်ပြီး သူက မျက်မှောင်ကုတ်နဲ့ ကြည့်သေးသည်။

"ဘယ်သူ့ကို တမင် လုပ်တာလဲ .."

"ရှင့်ကိုလေ .. ရှင့်ကို ..။ စောစောစီးစီး အိပ်ငိုက်နေတာ .. အိမ်မှာ ကျက်သရေ မရှိဘူး .."

"အစတည်းက ကျက်သရေ မရှိတာများ .."

"ဘာ!... ပြောတယ် .."



www.burmeseclassic.com

www.burmeseclassic.com



သူများတကာ ဆွေ့ဆွေ့ခုန် ဒေါသထွက်သွားကာမှ သူက ဘာမှ မဟုတ်သလို ...

"ဒါတွေက ဘာလုပ်ဖို့လဲ .."

နို့နဲ့ ပလာတာ ထည့်ထားသည့် ပန်းကန်ကို မေးတာ မျက်နှာက အလိုမကျဖြစ်နေသည့်မျက်နှာ ရှစ်ခေါက်ချိုးနှင့် ...

"ငါ့ကို ကျွေးဖို့ဆိုရင် ပြန်ယူသွား .. ငါ နို့မကြိုက်ဘူး .."

"ရှင့်ကို ဘာကြိုက်လဲ မေးထားတာမှ မဟုတ်ဘဲ .. လူမမာမို့လို့ သင့်တင့်တာ ဝယ်ကျွေးတာ .."

"လူမမာပေမယ့် ပိုက်နဲ့သွင်းရတဲ့ အခြေအနေ မဟုတ်သေးဘူး.. မစားချင်တာကိုတော့ မျိုမချနိုင်ဘူး .."

"အံမာ .. ပြောပုံက ... ဒီမှာ .."

"ဘာလဲ .."

"ရှင် သိပ်လူဝါးမဝနဲ့ သိရဲ့လား .. ဒီက လူကြီးတွေကြောင့် .."

"ငါ မစားချင်လို့ မစားဘူးပြောတာ လူဝါးဝတယ် ဖြစ်စရာလား.. ဒီမှာ .."

"ဘာလဲ .."

"ငါကလည်း နေချင်လို့ နေနေတာ မဟုတ်ဘူး .."

"အံမာ .."

"ဆေးရုံမှာ နေချင်တာ .. မင်းအဖေက ဆေးရုံစရိတ် မတတ်နိုင်ဘူး .. လူခွဲမရှိဘူး ဆိုလို့ .."

လူပုံက ဆံပင် ကောက်ကောက်ကွေ့ကွေ့ .. ပိန်ညှော်ညှော် ဖြူ ခြောက်ခြောက် ...

လူက ပိန်ပိန်နှင့် ရှည်သည့်အရပ်က နှစ်ပိုင်း ပြတ်ကျတော့မလား ထင်ရသည်။ မညာမတာ ပြောကြကြေးဆိုလျှင် တကယ့် ဘိန်းစား သူနိုး ရုပ်...





"အဲဒီလောက် မေတ္တာတွေ စူးရောက်ပြီး လူကို ကြည့်မနေနဲ့ .. ဒါတွေ ပြန်ယူသွားရင် ရပြီ .."

"မယူနိုင်ဘူး .. ကျွေးလိုက်ဆိုလို့ လာကျွေးပေးတာ .. စားချိန် ကုန်မှ ပြန်သိမ်းမယ် .."

"နတ်တင်သလိုလား .. ဒါဆိုလည်း ထားလေ .."

"ဟွန်း .. နတ်ဖြစ်သွားလို့ မာန်တက်မနေနဲ့ .. နင့်ကို နတ်မြတ် တ်ကောင်းလို့ ပူဇော်နေတာ မဟုတ်ဘူး .. မကျွတ်မလွတ်တဲ့ဘဝနဲ့ ူတွေ တင်မှ မြှောက်မှ စားရတဲ့ နတ်တေလေလို .. ဖေဖေ ပြောတာ ဲ့ဒါ သရဲတွေတဲ့ ... ဒါကို နားလည်တဲ့လူတွေက နတ်စင်မြင့်တိုင်း ာက်အုပ်မချီဘူး တဲ့ .."

ခံလိုက်ရတာ အီဆိမ့်သွားသည် ... ဒါပေမယ့် ချစ်သူ က မျက်နှာ ျက်ပါ။ ပုံစံကိုက ဗွာတေးလန်ရုပ်လေး ပေါက်နေသည့် သူမ မျက်နှာ ိုပဲ ကြည့်နေမိသည်။

ရောက်လာစကလည်း သူမရဲ့ရန်ပွဲနဲ့ တည့်တည့်တိုး၏။ သူ့ကို ူ့တော့ မျက်စောင်းက သူ့ဆီကို အော်တိုမစ်တစ် ရောက်လာခဲ့သည်။

စိတ်မနှံ့တဲ့ ဟိုလူကြီး ရယ်စရာပြောလို့ ရယ်မိတာကိုပဲ မျက်စောင်း မားသွားထက် ပြင်းသေးသည်။ ခုချိန်ထိ သူမထံမှာ ဖျူဟာယဉ်ကျေး တစ်စုံတစ်ရာမှ ရှိမနေခဲ့ပေ ...။

"ဟဲ့ .. ဘာတွေ ဖြစ်နေကြလဲ ဟင် .. မောင်လေးက .."

"ကျွန်တော် ဒါတွေ မစားချင်လို့ .."

မာလာ က လှမ်းမြင်လိုက်တာနဲ့ အခြေအနေကို သိသည်။ ောင် ထွက်သွားတဲ့အထိ မနည်း အောင့်အင်းနေခဲ့ရတာပါ ... လာ ကြည့်လိုက်တော့ ထင်တဲ့အတိုင်း ...။

"သြော် .. မနက်စာကို မကြိုက်လို့လား ... မောင်လေးရယ် .. ာ်ရာတွေကလည်းရှိတော့ အနာရင်းမှာနဲ့ .. ပြည်တည်မှာနဲ့ သူမတို့



www.burmeseclassic.com

www.burmeseclassic.com



လည်း ဘာကျွေးရမှန်း မသိဘူးလေ .. အဲ့ဒါကြောင့် ဆရာဝန်ကို မေး
ဒါလေးတွေ .."

"ရတယ် .. ကျွန်တော် ဘာမှမစားလည်း ကိစ္စမရှိပါဘူး .. ဒါ
ယူသွားပါ .."

"မဟုတ်တာ မောင်လေးရယ် .. မင်းကို ဆေးတွေတိုက်ဖို့ ပေး
သေးတယ်လေ .. ဘာမှမစားရင် ဆေး ဘယ်လိုလုပ် သောက်မှာလဲ-

"ဒါဆိုလည်း ကော်ဖီနှပ်ဖျော်အကျနဲ့ ဂျုံမပါတဲ့ ကြက်ဥပူတင်
ရမလား .."

"ဟင်!.."

ကော်ဖီမစ်ထုပ်တွေ ဒုန်းကြဲ ဝင်မှာ သွား
သောက်ရင်တောင် ရယ်ဒီမိတ်တွေပဲ ...
ပါ ...၊

"အဲ့ဒါတွေ လက်ဖက်ရည်ဆိုင်မှာ အားလုံး ရသပေ.
သွားဝယ်ပေးမယ်လေ .."

"အို .. မမခင် ကလည်း နှပ်ဖျော်တွေ .. ချူးဖျော်တွေ မသိ
ဘူး .. ပူတင်းဆိုတာရော ဂျုံပါတာ မပါတာတွေ ဘယ်သူက ရွေးဝယ်
တတ်မှာလဲ ...၊ ရှိတာ စားရင် စား .. မစားရင် မတတ်နိုင်ဘူး .."

လွန်လွန်း က ပေါ်တင်ပဲပြောပြီး လှည့်ထွက်သွားသည်။ မာလာ
ဘာလုပ်ပေးရမှန်း မသိတော့ဘဲ ချစ်ရသူ ဆိုသည့် ကောင်လေးကို
တောင်းပန်သလို ကြည့်ကာ ...

"မောင်လေး .."

ဘေးမှာ အသာ ဝင်ထိုင်လိုက်ရင်း ...

"မမတို့အိမ်က မိုးလင်းတာနဲ့ တို့မိန်းမသားနှစ်ယောက်ပဲ ကျွန်
တာ မောင်လေးရဲ့ .. ဦးလေး ဦးအောင်ဒင် ကလည်း စိတ်ရောဂါသည်
ပါ .. မမတို့က မောင်လေးကို စေတနာ ရှိပါတယ်ကွာ .. အဖေ့ကိုစွ





ကောင်လေးကို ကျွေးဖူးလည်း တင်နေကြတာလေ .. ဒါပေမယ့် .."

"ကျွန်တော် နားလည်ပါတယ် .. ဒါပေမယ့်ဆိုတာ ကျွန်တော့်မှာ
လည်း ပြောစရာ ရှိတာပဲ .."

"ရှိတယ် ...၊ ရှိရင် ပြောလေ .. ပြောပါ .. မမတို့ ဘာလုပ်ပေးရ
မလဲ ...၊ ဟိုလေ.. ခုလိုမျိုး အလွယ်တကူ လုပ်မပေးနိုင်တာမျိုးက လွဲရင်
ပြောပါ .."

သူမနာမည်ကို မာလာခင် ဆိုတာ သိပြီးသားပါ ...၊ ကျောလယ်
လောက် ဆံပင်ခပ်တွန့်တွန့်ကို နောက်မှာပဲ ကလစ်နဲ့ အမြဲတမ်း ညှပ်
ထားတဲ့ ယဉ်စစပုံစံလေး ဖြစ်၏။

ဆေးရုံမှာ သူ့ကို လာခေါ်သည့် နေမောင်မောင် ဆိုသော လူရဲ့
..။

စွာတေးလန် လွန်လွန်း ဆိုသည့် သူမနဲ့ကျတော့ ယောက်မတော်
ဖြစ်၏။ ဒါပေမယ့် မြင်နေရတာကတော့ ကားမောင်းသည့်လူကြီး
ဆို ချွေးမက သမီးနဲ့ တူနေပါလား ...၊

သူတို့ကိုယ်တိုင် မိတ်ဆက်ပေးလို့သာ ဘယ်လို တော်စပ်သည်ဆို
တာ လက်ခံထားရသည်။

ဘယ်သူက သမီး .. ဘယ်သူက ချွေးမဆိုတာ ခွဲဖို့ ခက်လောက်
အောင် မာလာခင် ဆိုသည့်အမျိုးသမီးပဲ နေရာတကာ ...၊

"ပြီးတော့လေ အစ်မရဲ့ ညီမလေးကိုလည်း ခု လောလောဆယ်
နှစ်ယောက်အကြောင်း တစ်ယောက် မသိကြသေးခင်တော့ နည်းနည်း
သည်းခံပေးပါ နော် .."

စဉ်းစားမိလိုက်တုန်း ဒါကို စလာတော့ သူ့မျက်နှာ မဲ့သလို ပြုံး
သို့ ဖြစ်သွား၏။

"သူ့နာမည်က လွန်လွန်း တဲ့လား .. အဲ့ဒါကြောင့် နာမည်နဲ့လိုက်
ဒီပုံစံ ဖြစ်နေတာ .."

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်လူကို ဝေဖန်လိုက်တာ သိပ်တော့ မကြိုက်ပေမယ့် အိလည်လည် ပြုံးလိုက်ရင်း ...

"သူ့နာမည်က 'လွန်လွန်းခက်'ပါ .."

"လွန် လွန်း ခက် .. အင်း .. ပိုဆိုးသွားပြီ .."

"သူ့အကြောင်း မသိသေးလို့ပါ .. ညီမလေးက စိတ်မြန်လက်မြ မို့လို့ စွာတဲ့နာမည် ကျော်နေတာ .. အိမ်မှာတော့ မိသားစုကို ညာရမှ သိတယ် .. အလုပ်လည်း မတွက်ကပ်ဘူး .. ဘယ်သူ့အပေါ်မှာမှလည် မရိုင်းဖူးဘူး .."

နားကြားပြင်းကပ်လာသည့်မျက်နှာနှင့် သူ့မျက်ခုံးတွေ တွန့်ကု နေခဲ့လျက် ...

"ဟုတ်ကဲ့ပါ .. ကျွန်တော်ကလည်း လောလောဆယ် နိုကပ်နေ တဲ့ဘဝ ဆိုတော့ .."

"အိုကွယ် .. မမတို့က ဒီလို သဘောမထားပါဘူး .."

"ကျွန်တော်ကလည်း မလိမ္မာခဲ့တဲ့သူပဲဆိုတာ ပြောချင်တာ .."

"ဟင်!..."

"ဒါကြောင့် သူနဲ့ စကားပြောမိတဲ့အခါ သည်းမခံနိုင်လို့ ပြန် ရန်ဖြစ်တွေ ဖြစ်ရင်ပေါ့ .. အစ်မတို့လည်း ကျွန်တော့်ကို နားလည် ပါ .."

ပြောပုံက နိမ့်ချ မိတ်ဆက်နေတာ မဟုတ်မှန်း ပျော့ပျောင်းမှု သည့် မျက်နှာက ဖော်ပြနေသည်။ ဒီကောင်လေး လည်ပင်းမှာ ပလက်တီနမ်ကြိုးကုံးလေး တလက်လက်နဲ့ပါ ...၊

ဒါပေမယ့် ကားတိုက်မိတုန်းက ဝတ်စုံလဲလာတော့ အိမ်ကို လာတဲ့ ဘောင်းဘီအောက်ပိုင်းတွေနဲ့ ဖင်ဘက်မှာ ရွှံ့ဖွက်တွေ နေသည်။ အဖေ့ကို မေးကြည့်တော့လည်း ပြဿနာဖြစ်တဲ့နေရာမှာ ကွက်တောင် မရှိဘူးလို့ ပြော၏။



ဒါကြောင့် ဖွင့်ဟ သတ်မှတ်ခြင်း မပြုခဲ့ကြပေမယ့် ဒီကောင်လေးကို ဟိုလိုဒီလို ပုံစံမျိုးလို့ပဲ သူတို့ ထင်ထားခဲ့တာပါ ...၊

လွန်လွန်း ကတော့ ရှင်းရှင်းပဲ ဝေဖန်သွားသေးသည်။ နေစရာ စရာ မရှိတဲ့ လူဆိုး သူခိုး တဲ့ ...၊

"အစ်မ .."

"ဟင် .. ပြောလေ .."

"အခု ကျွန်တော့်ကို အားပြုစရာလေး နှစ်ခုလောက် ရှာပေးပါ ား .."

"ဟင်!... အားပြုစရာ .. ချိုင်းထောက်ကို ပြောတာလား .."

"ရပါတယ် .. ချိုင်းထောက်ဆို ဝယ်နေရမှာပေါ့ .. တုတ်နှစ် ချောင်းဆို ဖြစ်ပါတယ် .. မနက် အိပ်ရာထရင် ကိုယ့်ဝေယျာဝစ္စ ကိုယ့် ဘာသာ လုပ်ချင်လို့ .."

"အော် .. ခြေထောက်ကမှ ထောက်လို့ မရသေးတာ မောင်လေး ယ် .."

"ရတယ် .. ကျွန်တော့်ဘာသာ လေးဖက်ထောက် သွားရလည်း ဖြစ်ပါတယ် .."

"ဘယ်လို!..."

"မနက်စောစော အိပ်ရာထရတာ ကျွန်တော် အမုန်းဆုံးပဲ .."

တအံ့တသြ ကြည့်နေမိရင်း မာလာ သဘောပေါက်သွားသည်။ မောင် အလုပ်မသွားခင် သူ့ကို နှိုးပြီး ဝေယျာဝစ္စ လုပ်ပေးသွားတာကို စိတ်ညစ်နေရှာတာပဲ ...၊ ဖြစ်ရလေ ...။

စိတ်ဆိုးရခက် .. ရယ်ရခက်ပါလား ...။

"ဒါဆိုလည်း ချိုင်းထောက်တွေ .. တုတ်ကောက်တွေ မလုပ်ပါနဲ့ မောင်လေးရယ် .. ခြေထောက်က ဖြစ်ထားတဲ့ဒဏ်ရာပဲ အကင်းသေ ဦး .. မောင်လေးကို နောက်နေ့ မနှိုးတော့ဘူး .. နိုးလာတာမှပဲ



www.burmeseclassic.com

www.burmeseclassic.com



ဦးလေးကို မှာထားပေးမယ် .. သူက ပြောလို့ဆိုလို့ ကောင်းပါတယ်- တစ်ခုတော့ရှိတယ် .. သူ့ကို ဗိုလ်အောင်ဒင် လို့ပဲ တရင်းတနှီး ခေါ် - တစ်ခုခု ပြောဆိုမရရင် မပြဝင်း မလာဘဲ နေမယ် .. ဘာညာ ပြောပေး လိုက် .. သူ အားလုံးကို လက်ခံသွားရော .."

"အဲ့ဒီ ဦးလေးကြီးက .."

"မမရဲ့ ဦးလေးအရင်းပါ .. သူက ကျောင်းဆရာတစ်ယောက်ပါ- တောမှာ တာဝန်ကျပြီး အဲ့ဒီမှာ တစ်နှစ်လောက်ပဲ ကြာသေးတယ် - ငှက်ဖျားပိုးပါလာပြီး မနည်းကုလိုက်ရတယ်လေ .. အသက်တော့ မသေ ပေမယ့် အဲဒီလို ဖြစ်သွားတော့တာပဲ .. ဒါပေမယ့် ယဉ်ကျေးမှုရှိတယ်- ရှက်တတ်တယ် ..၊ မစိုးရိမ်နဲ့နော်.. သူ ဘာမှ ဆိုးဆိုးဝါးဝါးမလုပ်ဘူး-

"ဟုတ်ကဲ့ပါ .."

"မမယောကျ်ားက ဆောက်လုပ်ရေး အင်ဂျင်နီယာ .. ဒါပေမယ့် ကုမ္ပဏီတစ်ခုမှာ အလုပ်ပြောင်း လုပ်နေတယ် .. မိသားစုစရိတ်က တော့ လစာများများနဲ့ ဝင်ငွေကောင်းတာ ရှာရတာပေါ့ .. မောင်လေး အခု အိပ်တဲ့ အိပ်ခန်းလေးက လွန်လွန်း ရဲ့အထက်က အစ်ကို နေတာ တို့ရဲ့ မတ်လေးပေါ့ ..၊ သူလည်း အင်ဂျင်နီယာပဲ .. ဒါပေမယ့် သူ အိုင်တီသမား .. သူ့အလုပ်က ခေတ်နဲ့တော့ အဆင်ပြေတာပေါ့ .."

မာလာ က မိသားစုနဲ့ ရင်းနှီးနေအောင် အားလုံးအကြောင်း ပြောပြသည်။ ဒီကောင်လေးက တစ်ရက်တည်း .. တစ်ပတ်တည်းနေပြီ ပြန်သွားမယ့် ဧည့်သည်မျိုး မဟုတ်တော့ ဒါက လိုအပ်သည်မို့ ...

"သူက အဆင်ပြေနေတာကိုပဲ အားမရဘူးလေ .. နိုင်ငံခြား ကုမ္ပဏီမှာ သွားလုပ်မယ် .. ဟိုမှာ သင်တန်းထပ်တက်မယ်နဲ့ အဖေနဲ့ ခဏခဏ စကားများရတယ်.. အဖေကတော့ သားသမီးတွေကို သိပ်ချ တတ်တာ .. ဘယ်သားသမီးကိုမှ ခွဲထွက်တာ မကြိုက်ဘူးလေ .."

"ဦးလေးက ဟိုအရင်တည်းက ကားမောင်းတာလား .."





"မဟုတ်ဘူးကွ .. အဖေကလည်း ဆေဘယ်လ် အင်ဂျင်နီယာပဲ.. ဆိုက်ဒ်ထဲမှာ မတော်တဆ ထိခိုက်မှုဖြစ်တော့ အဲ့ဒါကို မြင်ပြီး ရှော့ခ် သွားတယ် .. အဖေ့မှာ နှလုံးရောဂါရှိမှန်း အဲ့ဒီကျမှ သိတာလေ .. နှလုံးရောဂါကုနေရင်း အလုပ်က ထွက်လိုက်ရတယ် .. ပြန်ကောင်းလာ သမယ့် အဲ့ဒီအလုပ်ကို မလုပ်ချင်တော့ဘူးဆိုပြီး ကားပဲ မောင်းနေတာ သ .. ကားကလည်း ညီအစ်ကိုဝမ်းကွဲရဲ့ ကားပါ .."

ကား မကောင်းတာကို တွေးမိပြီး မာလာ က ရယ်သည်။

"ကားက မကောင်းပေမယ့် ကိုယ့်ဘာသာ ပြင် .. ကိုယ့်ဘာသာ မောင်းနေရတာပဲ .. အုံနာခပေးတယ် ဆိုတာလည်း ခုနောက်ပိုင်းမှာ ပေးဖြစ်တော့တာ များပါတယ် .. ညီအစ်ကိုတွေလည်း ဖြစ် .. ကား လည်း ပြင်ချည်းပဲ နေရတာကိုး .."

"အစ်မ ကရော .."

"ဟင် .. မမ ကလား .. မမက စီးပွားရေးနဲ့ ကျောင်းပြီးထားတာ သ .. အစက ရုံးအလုပ် ရှိတယ် .. နောက်ပိုင်းကျတော့ အရောင်း ဝယ်လုပ်တဲ့ဝင်ငွေကမှ မိသားစုစရိတ် အဆင်ပြေတာ .. ပြီးတော့ မိကနေ အချိန်မှန် ထွက်ရ ပြင်ဆင်ရတာတွေက ကြာလာလေ ဝန် းလာလေ .."

မိသားစုတွေ အားလုံးက ပညာတတ်တွေချည်းပဲ ဖြစ်နေသဖြင့် သူ နည်းနည်းတော့ လေးစား စိတ်ဝင်စားမိ၏။ ဒါကြောင့် အားလုံး ယဉ်ကျေး ရည်မွန်ကြသည်ပဲ ...။

ဘွဲ့ရတော့မည့် လွန်လွန်းခက် ဆိုသော ဒေါ်စွာတေးလန်လေး လွဲလျှင် ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

"တီချယ် .. ဒီမှာ သား ပုံဆွဲထားတာ ကြည့်ပါဦး .."
"ဟာ .. ဘယ်လိုကြီး ဆွဲထားတာလဲ .."
"ရှမ်း .."
စိတ်တိုတိုနှင့် ကြမ်းပြင်ကို ကြိမ်နဲ့ ရိုက်ပစ်မိ၏။
"တီချယ်.. တီချယ်.. ဒီမှာ ကောင်းကောင်း မုန့်ခိုးစားနေတယ်.."
"တီချယ် .. သမီး ပုံဆွဲပြီးပြီ .."
"ဒီမှာ သားကို အရင်ကြည့်ပါ .. တီချယ် ဒီဘက်လှည့် .."
"ဟာ .. နားငြီးလိုက်တာ .."
"ရှမ်း .."
ရှမ်းခနဲဆို ခဏပဲ တိခနဲ တိတ်ကျသွားကာ ဒုံရင်းက ဒုံရင်း..
"ကဲ .. တိတ်တိတ်နေစမ်းပါ .."
"ရှမ်း .. ရှမ်း .. ရှမ်း .."
ဟာကွာ!...
"တောက်!..."





အခန်းထဲမှာ ချစ်သူ ဘယ်လိုမှ နေလို့မရတော့ဘဲ တက်ခေါက်ရင်း ထထိုင်လိုက်မိ၏။ ပြီးတော့ ...

"ဒုန်း .."

အခန်း ကန့်ထားသည့် ငါးထပ်သားပြားကို တစ်ချက်တည်း ထုချလိုက်တာ တုန်ခါသွားသည်။ ထိုအသံကြောင့် အားလုံး တိတ်ကျသွားတာ အပ်ကျသံတောင် ကြားရလောက်၏။

လွန်လွန်း ဒေါသထွက်၍ ရှက်လည်း ရှက်သွားကာ ...

"အခန်းထဲက ဘာဖြစ်နေတာလဲ .."

"ဘာဖြစ်ရမလဲကွ .. နားငြီးလို့ပေါ့ .."

"ပျော်လို့အော်တာ မဟုတ်ဘူး .. စာသင်နေတာ .."

"သိတယ် .. ခင်ဗျားရဲ့ ရိုက်ချက်တွေကို လျှော့ .."

"ဟုတ်တာပေါ့.. လူမမာက နား ဘယ်ခံနိုင်မလဲ ညီမလေးရယ်.."

လွန်လွန်း ဘာမှ ပြန်မပြောနိုင်ခင် မာလာ အချိန်မီ ရောက်လာပြီး တားဆီးသည်။ ဒါက ဘက်လိုက်ပြောတာတော့ မဟုတ်ပါ ..၊

ခေါင်းမှာ ဒဏ်ရာရှိထားတဲ့သူအတွက် တကယ့် ငဲ့ညှာလိုစိတ်နဲ့ ဖျန်ဖြေမိတာ ဖြစ်သည်။

"ကောင်းကောင်း တို့က ငြိမ်ငြိမ်နေကြလေ.. အခန်းထဲမှာ လူမမာ ရှိတယ် သားတို့ရဲ့ .."

"တီတီမာလာ.. သားတို့က မဆူဘူး .. တီချယ်က တုတ်နဲ့ ရိုက်နေတာ .."

"ဟုတ်တယ် .. ဟိုထဲက ကိုကြီးက သားတို့ကို ပြောတာ မဟုတ်ဘူး .."

"အံမာ .. တိတ်ကြစမ်း .. ငါ ခေါက်လိုက်ရ .."

"ကဲ .. တုတ်ကြီး ချထားပါဦး လွန်လွန်း ရယ် .. ရှစ်နာရီလည်း ထိုးတော့မယ် .. ကလေးတွေ ကျောင်းမမီဘဲ နေဦးမယ်လေ .. လွှတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်တော့ ..”

“ဟေး ..”

လွှတ်မည်ဆိုတော့လည်း ထအော်ကြပြန်သည်။ အခန်းထဲမှာ ချစ်သူ စောင်းနေလည်း မရ ..၊ မှောက်အိပ်လို့လည်း အဆင်မပြေ ..၊

နားပေါက်တွေကလည်း ခုမှ အသံ ဟူသမျှ ကြားနိုင်မှ ဆိုတဲ့ ဆုတောင်းနဲ့ ပြည့်ဝနေသလား မသိ ..၊ ဘယ်လို ထိုးသိပ်ပိတ်ထားလို့မှ မရ ..။

သူ့အတွက် နေမြင့်အောင် အိပ်ချင်လို့ အခွင့်အရေးတွေ ပြောယူထားရတာ ဘာထူးလို့လဲ ..၊

ခြောက်နာရီခွဲပြီဆိုတည်းက ကလေးတွေ ဝင်လာကြတာ တဒုန်းဒုန်းနှင့် ..၊

ဒီကြားထဲ ပဲပြုတ်နံပြားလို့ အော်သံတွေက အသံသာ ပြောင်းသွားသည်။ ပဲပြုတ်နံပြားက မပြောင်းလဲ ..၊

ပြီးတော့ ကိုယ့်အိမ်ထဲမှာပဲ ‘လွန်လွန်း ထတော့လေ ..’၊ ‘ကိုမောင် မျက်နှာသစ်ပြီးပြီလား ..’ ဆိုတာတွေ ..၊

‘ဟေး .. ဗိုလ်အောင်ဒင် ဗိုက်ဆာနေပြီ နော် ..’ လို့ အသံပြဲကြီးနဲ့ အော်သံက တစ်မျိုး ..၊

ဒီအသံမျိုးတွေ သူ့တစ်သက်မှာ တစ်ခါမှ မကြားခဲ့ရဖူးဘူးဆိုရင် ယုံကြမှာ မဟုတ်..၊ တစ်ညလုံး ကျောက နာ .. ခြင်က ကိုက် .. ကလေးတွေ စာသင်နေလို့ ညဉ့်နက်မှ အိပ်ခွင့်ရပေမယ့် မိုးသာလင်းသွားသည် အိပ်မိသလား .. မအိပ်ရသေးဘူးလား ဆိုတာလည်း မသိ ..၊

ဒီလိုနေရာမျိုးမှာ သူ ဘာကြောင့် ဒီလောက်ထိ စိမ်းသက်နေခဲ့သလဲဆိုတာ ကိုယ့်ကိုယ်ကိုယ်လည်း နားမလည်တော့ပေ ..၊ လောလောဆယ် နားလည်နေတာကတော့ သူ အလွန်အမင်း အိပ်ချင်နေ၏။

“ဟဲ့.. ငါ ပေးထားတဲ့ စာတွေ ကျက်ခဲ့နော်.. ညကျရင် ရေးလည်း





ရေးခိုင်းမယ် .. ပြန်လည်း ပြန်ခိုင်းမယ် ..”

“ဟာ .. တီချယ်ကလည်း .. သားတို့ ကျောင်းကတီချယ် ပေးတဲ့ စာတွေလည်း ကျက်ရဦးမှာ ..”

“တီချယ် .. တီချယ့် .. ဗုဒ္ဓဟူးနေ့မှ ပြန်မယ်လေ နော် ..”

ပြန်ပါဆိုတော့လည်း မပြန်ကြဘဲ ဆူညံ ပွက်ထနေတော့သည်။

“တီချယ် တာ့တာ ..”

“တီချယ် .. ဒီတစ်ခါ ကစားလို့ သားတို့နိုင်ရင် ဈေးပွဲတော် တကယ် လိုက်ပို့ရမှာ နော် ..”

“တီချယ် ဒီတစ်ခါ မညစ်ကြေး ..”

ဟွန်း ..၊

စိတ်တိုတိုနှင့် စောင် ခေါင်းမြီးခြုံကို လှန်ပစ်လိုက်မိကာ ...

“လေးစားထိုက်တဲ့ ဆရာပဲ ..”

“ဟင်!...

အထဲက ပြောလိုက်တာကို လွန်လွန်း ဒီတိုင်း ကြားလိုက်ရသည်။ ဒါ တမင် ကြားအောင် ပြောတာ ..၊

သူမ ခေါင်းထောင်သွားသည်နှင့် မာလာ က သိလိုက်ကာ လွန်လွန်း ကိုယ်လေးကို ဖက်၍ မီးဖိုခန်းထဲထိ တစ်ချက်မှ မလွှတ်ဘဲ ခေါ်လာကာ ...

“ငါတော့ စိတ်ညစ်ပါပြီ လွန်လွန်း ရယ် .. ခုမှ နှစ်ရက် တစ်ပိုင်းပဲ ရှိသေးတယ် .. မားပွဲ တုတ်ပွဲတွေ ဖြစ်ဖို့ နီးစပ်နေပါ့လား ..”

“မမခင် မကြားဘူးလားလို့ ..”

“ကြားတယ်လေ .. သူက ဒဏ်ရာရှိတဲ့လူ ..”

“မမခင် ပြောလိုက်ရင် ဒါပဲ ..”

“ဒါကြောင့်ပဲ အားလုံး သည်းခံဖို့ ကြိုးစားနေကြရတာ မဟုတ်ဘူးလား .. မမခင် တကယ် စာနာလို့ ပြောနေတာပါ ညီမလေးရယ်..”



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူ့ကိုလဲ .."

"ချစ်ရသူ ကိုလေ .."

"ဟွန်း .. သိသားပဲ .. နာမည်ကိုက .."

"သူ့သူငယ်ချင်းတွေ ခေါ်သလို ချစ်သူ လို့ပဲ ခေါ်ပါလို့ ပြောထားပါတယ် .."

"ဘယ်ဟာမှ မခေါ်ဘူး .. နာမည်မှည့်တာတောင် တင်တင်စီးစီး .."

"ကဲ .. တစ်ခု ထပ်တိုးလာပြန်ပြီ .."

"မမခင် မသိပါဘူး .. အဲဒီသတ္တဝါ မျက်နှာထားက ဘယ်လိုပုံစံနေနေလဲ သိလား .. လူကသာ ဘိန်းစားပုံ ပေါက်နေတာ .."

"မမခင် ကို ကိုမောင် က ပြောတယ် .. ဒီကောင်လေး ဆေးသမားလေးပဲ တဲ့ .."

"ဟင်!..."

မာလာ ကပ်ပြောပြတော့ ပထမ အံ့ဩသွားကာ နောက်ကျမှ မဲ့ရွဲ့သွားခဲ့လျက် ...

"အဲ့ဒါကိုများ ကိုကြီးက .."

"သူ့ဟာသူ ဘာဖြစ်ဖြစ်လေ .. ယောက်ျားလေးချင်း .. ပြီးတော့ ကိုမောင် က ကြီးတဲ့လူမို့လို့ အကဲခတ်မိတာ .. တို့အတွက်ကျတော့ အဖေ့ကားနဲ့ တိုက်မိထားတဲ့ တို့ရဲ့လူနာ .."

မာလာ က ပြောပြပေမယ့် သူမပဲ ထပ်ရှင်းနေရကာ ...

"ဒါပေမယ့် ဆေးသမားလုံးလုံးတော့ ဖြစ်သေးပုံ မရဘူးတဲ့ ..၊ ရုပ် သိပ်မပျက်သေးဘူးတဲ့ .. သူ ဂျစ်ကန်ကန်ပုံစံ ပေါက်နေတာရော.. ညီမလေးကို ဆောင့်ပြောတာတွေကိုရော .. အဲဒါတွေက ဆေးသုံးနေလို့ ဖြစ်တာမျိုးတဲ့ ..၊ ပြီးတော့ ဒဏ်ရာတွေက တရိရိ နာကျင်နေလို့ အလိုလို ဒေါသထွက်တာလည်း ဖြစ်နိုင်တယ် .."





"ဘာပဲဖြစ်ဖြစ် လွန်လွန်း တို့က သည်းခံရမယ် .. ဒါပဲမို့လား.."

"ဟုတ်တယ်လေ .. သူကသာ ဆေးရုံမှာပဲ နေချင်ပါတယ်ဆိုရင် ဆေးရုံစရိတ်ကြီးက တစ်မျိုး .. သူ့ကို ကျွေးမွေးဖို့ .. စောင့်ရှောက်ဖို့.. အဲ့ဒါတွေ မမခင် တို့ ဘယ်လိုလုပ်မလဲ .."

"ဒါတွေကြောင့် သင်းက လူဝါးဝနေတာ .."

"မဝရှာပါဘူး ညီမလေး ရယ် .. ညတည်းက အရမ်းဆူနေလို့ သူ့ကို မမခင် တို့ အားနာနေတာ.. ညဘက်ဆိုတော့ ကလေးတွေ အသံက မနည်းဆူတာ .. အဲဒါ သူ အခန်းထဲမှာ ငြိမ်နေခဲ့တာပဲ .. အခုဟာက ညီမလေးက ကြမ်းပြင်ကို ကြိမ်နဲ့ ရိုက်နေတာကိုး .."

လွန်လွန်း ကတော့ သူ ပြောခဲ့တဲ့ စကားလုံးတွေကိုပဲ မေ့လို့မရနိုင် ..၊

လူကိုများ 'လေးစားထိုက်တဲ့ ဆရာပဲ'တဲ့ ..၊

သင်းကရော ဘယ်လောက် လေးစားထိုက်နေလို့လဲ..၊ ဆေးသမား ဘိန်းစား ..။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

"ကောင်လေး .."

"ဟင် .."

သူ အိပ်လို့မရတော့ဘူးဆိုတာ သိသွားလို့ မမခင် လွှတ်လိုက်တာ မှန်း သိလိုက်သည်။

"ဦးဗိုလ်အောင်ဒင် .."

"ဗိုလ် အောင် ဒင် ပါ .."

"သြော် .. အင်း .. အင်း ... လာပါဗျာ .. ကျွန်တော့်ကို နည်းနည်း ကူတွဲပေးပါ .."

"ဘယ်ဟာ ကွဲနေလို့ တွဲပေးရမှာလဲ .."

မေးပြီးတော့ ဒူးပေါ် လက်ထောက်ပြီး ကုန်းကွ ရှာဖွေနေသဖြင့် သူ ရယ်ချင်သွားသည်။

ခေါင်းတုံးပြောင်ပြောင် .. မျက်နှာက ခပ်ပြားပြားနှင့် ဒီလူကြီးက ခင်ဖို့တော့ ကောင်း၏။





"ကျွန်တော့်ကို ရေအိမ် လိုက်ပို့ပေးပါ .."

"ဘယ်မှာ ရေအိမ်လဲ .. ဒီနားမှာ တိုက်အိမ်တွေပဲ ရှိတာ .."

"အိမ်သာ .. အိမ်သာ .."

"သြော် .. အေး ... လာ .. လာ ..."

"အဲဒီလို ကိုင်ပေးရုံ မရဘူး .. ကျွန်တော့် တစ်ကိုယ်လုံးကို ထိန်း ထားပေး .."

ထားသလိုတော့ နေပေးပါသည်။ ဒါပေမယ့် သူ့ပခုံးကို သိုင်းဖက် ပြီး မှီလိုက်တာနှင့် ဗိုလ်အောင်ဒင် တဟိဟိ အသံထွက်လာ၏။ ပြီးတော့ ခက်ပိုးကို တွန့်လိမ် မော့လှန်ရင်း ...

"ဟား .. ဟား .. ဟား ..."

"ဘာဖြစ်တာလဲ ဗျ .."

"ဖက်ထားရင် ငါက ယားတတ်တယ် .. ဟား .. ဟား .. ဟား... ခိ .. ခိ .."

"ကျွတ် .. ပြဿနာပဲ .."

"ဟား .. ဟား .. ရတယ် .. နည်းနည်းပဲ ပြန်လျှော့ ဟား.. ဟား.. ဟား .. ခိ .. ခိ .. ရပြီ .. ခိ .. ခိ .. ခိ ..."

လူက ဗလတောင့်တောင့်ကြီးမို့ တော်သေးသည်။ မဟုတ်လျှင် လူကို လက်တစ်ဖက် ထမ်းထားပြီး တွန့်လိမ်ရယ်နေပုံနှင့် နှစ်ယောက် စလုံး ထပ်လျက်သား ချွေးလဲ ဝက်လဲ လဲနိုင်၏။

ဒုက္ခိတ ဖြစ်ရတာလည်း ဒုက္ခ ...!



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

အိမ်ရှေ့မှာ အနက်ရောင်ကားလေးတစ်စီး ထိုးရပ်လာ၏။ ဆင်းလာတဲ့လူကို ချစ်သူ အိမ်ထဲကနေ လှမ်းကြည့်နေပေမယ့် ဘယ်သူမှန်းမသိ ...၊

ဒါပေမယ့် တစ်ယောက်ယောက်နဲ့ ဆင်တူနေတာရယ် .. တရင်းတနှီး ဝင်လာပုံရယ်ကြောင့် ခရီးသွားနေသည်ဆိုသော နေလွှန်းမောင်ဆိုသူကို သတိရလိုက်၏။

နေလွှန်း ကတော့ အိမ်မှာ ဘာတွေဖြစ်နေသည် ...၊ ဘယ်လိုလုပ်နေသည်ဆိုတာ ကိုကြီးဆီက သတင်း အပြည့်အစုံ ရပြီးသားမို့ ဖြူဖြူသွယ်သွယ် လူငယ်တစ်ယောက်ကို မြင်လိုက်တာနှင့် ပြုံးပြပြီးသားဖြစ်ကာ ...

"မင်းက ချစ်ရသူ မို့လား .."

ပြုံးရမလို မပြုံးရမလိုနှင့် ကိုယ်လည်း မသိပေမယ့် ချစ်သူ က ခေါင်းညိတ်၍ ...





"ဟုတ်တယ် .. ခင်ဗျားက .."

"တို့က နေလွှန်းမောင် .. မင်းက လွှန်လွှန်း နဲ့ ရွယ်တူဆိုရင်တော့ ကိုယ့်ထက် သုံးနှစ် ငယ်တယ် .."

ရိုသေထိုက်သူလို့ ပြောလိုက်တာကို သိပ်သဘောမကျပေမယ့် ခင်မင်နစ်လိုဖွယ် ပြုံးနေသည့်မျက်နှာကို မလိုလားစိတ် မဖြစ်မိဘဲ ပြုံးလိုက်မိသည်။

"ကျွန်တော့်ကိုလည်း ချစ်သူ လို့ပဲ အလွယ်ခေါ်ပါ .."

"အိုခေ .. ကိုယ်က ခဏ ပြန်လာတာပါ .. မင်း ကိုယ့်အခန်းမှာ အေးဆေး နေ .. ဘယ်လိုလဲ .. ဒဏ်ရာတွေ သက်သာရဲ့လား .."

"သက်သာပါတယ် .."

နေလွှန်း က သူ့ဘေးမှာ ခဏပဲ ရပ်ပြီး လက်ထဲမှာ ဆွဲလာသည့် အိတ်နှစ်လုံးကို တင်ထားလိုက်ကာ လွှန်လွှန်း အခန်းထဲ ဝင်သွား၏။ ပြီးတော့ အသံတွေ ကြားလိုက်ရကာ ...

"အိပ်ပုတ်မ .. ထ .. ထ .. တော်ကြာ ပါလာတာတွေ မိုလ်အောင်ခင် တီးသွားမှာ နော် .."

"ဟာ .. မထချင်သေးပါဘူး .."

"လွှန်လွှန်းခက် .. ဟိတ် .. ငါ ခုတင်ပေါ်က ဆွဲချမှာ နော် .."

"ဟာ .. မလုပ် .. ဟင်!... ကိုလေး လား .. ကိုလေး ပြန်လာပြီ.."

ဝင်နှီးတဲ့လူက နောက်မှာ ကျန်ခဲ့ကာ အိပ်ခန်းထဲက ခုန်ပေါက်ထွက်လာတာ သူမ ...၊

"ဟင် .. နှစ်ထုပ်တည်း .."

"အံမာ .. ဖွင့်ကြည့်ပါဦး .. အထည်တွေနဲ့ ထိုးမုန့်တွေ .."

"ထိုးမုန့်တွေလား .. ပွတာပဲ ...၊ မမခင် တို့ ဖို့ရော .."

"ကဲပါ .. သူများအတွက်ပါ လောဘတက်မနေပါနဲ့ .. စုံအောင်ကြည့်ပါဦး .."



www.burmeseclassic.com

www.burmeseclassic.com



လွန်လွန်း က နောက်တစ်ထုပ်ကို ဖွင့်ကြည့်မလို့ လုပ်နေစဉ် ဗိုလ်အောင်ဒင် အနားရောက်လာသဖြင့် မုန့်ထုပ်ကို ချိုင်းကြားထဲ ဆွဲညှပ်ထား၏။

"ငါ ကြည့်ချင်လို့ပါ .."

"မကြည့်နဲ့ .."

"ကြည့်မယ် .."

"ရော့ .."

"ဟာ!..."

နောက်ကနေ အသာလေး ဆွဲယူပြီး ဗိုလ်အောင်ဒင့် လက်ထဲ ထည့်ပေးလိုက်တာ ချစ်သူ ..၊

"ရှင် ဘာလုပ်လိုက်တာလဲ .."

"သူက ကြည့်ချင်လို့ပါ ပြောနေတာကို .."

"အဲဒါ .. ရှင့် .."

"ကဲပါကွာ .. ဗိုလ်အောင်ဒင် က အကုန် စားမပစ်ပါဘူး .. နော်-ဗိုလ်အောင်ဒင် ချန်ထားဦး .."

"အေးပါ .. အေးပါ .. ချန်မှာပါ .."

မုန့်ထုပ်ကို ယူပြီး ပျော်ရွှင် မြူးထူးသွားတော့ လွန်လွန်း ရဲ့ မျက်စောင်းတစ်စင်း သူ့မျက်နှာကို ပစ်မှန်၏။

ချစ်သူ မမြင်ချင်ယောင် ဆောင်ရင်း ရယ်တောင် ရယ်လိုက်သေးသည်။

လွန်လွန်း စိတ်တွေ ထောင်းထောင်းထအောင် တိုနေပေမယ့် ကိုလေး ရှိနေတော့ မတတ်နိုင် ..၊

"ဟာ .. ကိုလေး ဘာလုပ်တာလဲ .. ချိတ်ထဘီတွေ .."

"ဟား .. ဟား .. ဟား .. သိတယ် .. ညည်း အဲဒီလိုမျက်နှာကြီးဖြစ်သွားမှာကို .."





နေလွန်း က လွန်လွန်း ခေါင်းကို နောက်ကနေ ဖတ်ခနဲ ပုတ်ပစ်လိုက်ကာ ရယ်နေရင်း ချစ်သူ ကို လှမ်းကြည့်၍ ...

"ငါ့ညီမအကြောင်း ငါ သိတယ် .. သူ့ကို ထဘီ ဝတ်နိုင်းတော့ ဆို .. တီကောင် ဆားနဲ့ တို့သလိုပဲ .."

"မဟုတ်ပါဘူး .. လွန်လွန်း ထဘီဝတ်တာပဲဟာ .. ကိုလေးကိုက ကို ပုံတုံးကြီးတွေပဲ ဝတ်နိုင်းပြီးတော့ .."

"ထဘီက ထဘီပဲ ဖြစ်ရမှာပေါ့ .. ကပ်ကပ် ကျပ်ကျပ်လေးတွေ ဆွဲပြီး ထဘီလုပ်ဝတ်တာ ဘာထူးမှာလဲ .."

"ဘာပဲဖြစ်ဖြစ် လွန်လွန်း ဝတ်တာပဲဟာ .."

"အေးပါ.. ခုလည်း နင့်ကို မဝတ်နိုင်းပါဘူး.. ဘွဲ့ယူတော့ ချိတ် မဝတ်တော့ဘူးလား .."

ဒါလည်း ဟုတ်သား ..၊

လွန်လွန်း မျက်နှာလေး ပြုံးယောင်သမ်းသွားမှ ...

"အဲဒီမှာ အရောင်သုံးရောင်နဲ့ ဒီဇိုင်း သေချာ ရွေးပေးလိုက်တာ.."

"ဘယ်သူကလဲ .."

"ကိုကိုလွင့် အမေပေါ့ .. ဒါတွေ သူတို့ လုပ်တာပဲဟာ .."

"သိပြီ .. ငါ သိပြီ .."

အားလုံး သိနေသည့် ဗိုလ်အောင်ဒင် က ချက်ချင်း အနားရောက်လာ ...

"ကိုကိုလွင် က နင့်ကို ပေးတာ .."

"ဘာတွေ လျှောက်ပြောနေတာလဲ .. ဗိုလ်အောင်ဒင် နော် .."

"ဟီး .. ဟီး .. ငါ သိတယ် .."

"ကိုလေးက ကိုယ့်ညီမအတွက် ဝယ်ဖို့လေးတောင် သတိမရဘူး .."

"သတိရတယ်လေ .. ရပေမယ့် ငါက မုန့်တွေ .. ကစားစရာတွေပဲ

www.burmeseclassic.com

www.burmeseclassic.com



သတိရတာ ..."

"တော်ပြီ .. တော်ပြီ .."

"ဟား .. ဟား .. ဟား ..."

ကိုင်ထားသမျှကို ပစ်ချပြီး လှည့်ထွက်သွားတော့ နေလွန်း
လက်ကို ပြန်ဆွဲထားကာ ...

"ကိုလေးတို့က ကိုယ့်ညီမလေးကို ကလေးလိုပဲ မြင်နေတာ
ကွာ .. အဲဒါ အန်တီမြ ကတော့ သူ့ရက်ကန်းရုံက အကောင်းဆုံး
တွေ ရွေးပြီး ဘွဲ့ယူရင် ဝတ်ဖို့ သေချာ ရွေးပေးလိုက်တာ .."

"မဝတ်သေးဘူး .. သုံးသိန်းတန် အကောင်းစား ပိုးချိတ်နဲ့ ပွဲတ
မှာ .."

"အေးပါ .. လုပ်ပါ .. အခုတော့ ဒါလေးတွေကို မြတ်မြတ်နိုး
သိမ်းလိုက်နော် .. လက်ဆောင်ပေးတဲ့ပစ္စည်းဆိုတာ မငြိုငြင်ရဘူး -

"သိမ်းရင် ပြီးရောပေါ့ .. မြတ်နိုးဖို့က ပါသေးတယ် .."

"ဩော် .. ကဲ ..."

ကိုလေး မျက်နှာ ပြုံးနေတာကိုပဲ လွန်လွန်း က တစ်မျိုးမြင်
သည်။ ကိုကိုလွင် ဆိုတာ ကိုလေးရဲ့သူငယ်ချင်းဖြစ်သလို ဟိုကို လို
သွားပြီဆိုလည်း ကိုလေးက သူတို့အိမ်မှာ စားအိမ်သောက်အိမ် ...၊
တော့ ...

"ကိုကိုလွင် တို့က ငါတို့ထက် ချမ်းသာတယ်ဟ .. ပြီး
သားအမိ နှစ်ယောက်တည်းရယ် .. အန်တီမြ ကလည်း ရန်ကုန်
ဘုရားဖူးတစ်ခေါက် လာပြီး အိမ်ကို ရောက်ဖူးသွားတည်းက ငါ့ညီ
ပဲ ချစ်စရာကောင်းတယ်ဆိုတာ ပြောလို့ မဆုံးဘူး .."

"ဒါဆိုရင်တော့ ကိုကြီး သိပြီ .."

"ကျွန်တော်လည်း သိသားပဲ .. ဟိုကောင်ကဆို သွားကြီး တဖြ
နဲ့ရယ် .."





ဤသို့သော အတိုင်အဖောက်ညီညီ စနောက်ထားကြပြီးမှ ကိုကို
အကြောင်း ပြောလာတိုင်း လွန်လွန်း မကျေနပ်ပေ ...၊

ဒီလူက အရပ် မနိမ့်မမြင့် ...၊ လမ်းလျှောက်ပုံက ပုံပန်းမကျရသည့်
ဲ လူငယ်ဖြစ်ပြီး နဖူးက ကျယ်သေးသည်။ အသက်များ ကြီးသွား
သူ့ဆံပင်တွေ နောက်စေ့ရဲ့ အောက်ဘက်ထိ မြန်မြန်ဆန်ဆန်
ခွာသွားနိုင်၏။

"ဘယ်လိုလဲ .. ငါတို့မိသားစုကို ကြည့်ပြီး တော်တော်မှ စိတ်ပျက်
ား .."

နေလွန်း က ညီမကို 'စ'ပြီးတာနှင့် ချစ်သူ ရှေ့မှာ သွားဝင်ထိုင်
လွန်လွန်း ကတော့ နေ့လယ်ခင်းမို့ ခဏတစ်ဖြုတ် နားပြီး ရေချိုး
ည်။

ညနေစာအတွက် မမခင် ချက်မှာဆို ဆိုင်ထိုင်ပေးမည် ...၊ ဒါမှ
တ် သူမ ဝင်ချက်မည်။

ဒါက နေ့စဉ်ကိစ္စ ...၊

ဒါပေမယ့် ခုချိန်မှာတော့ ကိုလေးနဲ့ စကားတွေ ပြောချင်သေး
ည်။

ကိုလေး ပြန်လာတာ ဖေဖေတို့ သိထားပြီးပြီလား ...၊ ကိုလေးက
ဖေတို့ လူစုံတဲ့အထိ စောင့်ပြီး ပြောမှာလား ...။

အိမ်ရှေ့ထွက်ခဲ့ရင်း ဖုန်းခေါ်လိုက်မိသည်။ ဒါပေမယ့် သူမ ဘာမှ
ပြောရသေးဘဲ ...

"ဟလို .. သမီးငယ် လား .. သမီး ကိုလေး ပြန်ရောက်နေပြီ
..."

"ရောက်ပြီ ဖေဖေ .. ဖေဖေတို့က ကြိုသိနေတာလား .."

"ကြိုမသိပါဘူး သမီးရယ် .. သူ အိမ်မရောက်ခင်လေးပဲ ဖုန်း
ဆက်တာပါ .. တော်တော်ဆိုးတဲ့ကောင် .."



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေတို့များ ကိုလေးကို ဒေါသထွက်တာတောင် ချစ်စနိုး အ…
တွေနှင့် …၊

"သမီးငယ် … ကိုလေးကို ဒီည လူမစုံမချင်း ဘယ်မှ မထွက်…
တော့လို့ ပြောလိုက် နော် … ကြားလား …"

"ဟုတ် … ဖေဖေ …"

လှည့်ကြည့်လိုက်တော့ ကိုလေးက ချစ်ရသူ နဲ့ စကားပြော ပြေ…
နေလိုက်တာ အစတည်းက ရင်းနှီးနေကြတဲ့လူတွေအတိုင်း …၊

ဟိုမျက်နှာကလည်း ကိုလေးနဲ့ကျမှ ပခုံးတွေလှုပ်အောင် ရယ်…
တာ ရှိသမျှသွားတွေ အကုန်လုံး ပေါ်၏။

ကိုလေး ရောက်လာရင် သင်း ဘုံပျောက်ပြီလို့ တွေးမိပြီး ပျော်…
တာတွေက …၊

ဆက်လက် တည်တံ့ ခိုင်မြဲနေဦးမယ်သဘော …၊





## အခန်း (၁၃)

ထမင်းတွေ ဟင်းတွေ ရောက်လာတိုင်း စိတ်ညစ်ရခြင်းကို ဘယ်လို စာဖွဲ့ပြရမှန်းပင် မသိ …၊

"ဒါက ငါးကြင်းပေါင်းထားတာလေ မောင်လေး … ယောကျ်ားလေးတွေက အရိုးကြောက်တော့ တစ်ခါတည်း ပေါင်းလိုက်တာ …၊ ငါးသလောက်ကျတော့ မတည့်မှာစိုးလို့ …" တဲ့ …။

ငါးနဲ့ ပတ်သက်သမျှ ဘာမှ မကြိုက်တဲ့အထဲမှာ မကြော်ဘဲ ချက်ထားတာဆို လှည့်တောင် ကြည့်ခဲ့တာ မဟုတ် …၊

"ဒါက ခွေးတောက်ရွက်နဲ့ ကြက်ခြေထောက်ဟင်းခါးလေး … လူနဲ့တည့်တယ် သိလား …၊ လုံးဝ မခါးဘူး … သောက်ကြည့် …"တဲ့…။

နောက်တစ်မျိုး ပြတော့ ပိုဆိုးသည်။

ဟင်းခါးဆိုတာ ဘယ်လိုဟင်းမျိုးလဲတော့ မသိပေမယ့် ဟင်းရွက် ပြုတ် ကြည်လောင်လောင်ထဲမှာ ကြက်ခြေထောက် ဖြူဖွေးတ်ဖွေးတ် အပျော့တွဲတွဲကြီးကို ဒီတိုင်း မြင်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ သရက်ချဉ်သုပ် .. မြေပဲနိုင်နိုင်လေးနဲ့ မချဉ်အောင် သုပ်ထားတာ .. စားကြည့် မောင်လေး .. လွန်လွန်း က ဟင်းချက် သိပ်ကောင်းတာ .. သူက မလုပ်ရင် အရှင်းပဲ .. လုပ်မိရင်တော့ ဘာမှ ပြန်ကြည့်စရာ မလိုဘူး"လို့ ဆိုပြန်၏။

'မွှေးကြိုင်နေတာပဲ'လို့ ပြောရင်း သူမဘာသာ နှာခေါင်းရှုံ့ပွပွနှင့် ရှူရှိုက်ပြနေသေးသည်။

သူ့မျက်နှာ ဘယ်လို ခင်းကျင်းထားမိသည်တော့ မသိပေ ..၊

ခပ်လှမ်းလှမ်းမှာ စာသင်စားပွဲတွေ ခင်းကျင်းနေသည့် လွန်လွန်းရဲ့ မျက်လုံး တဝင်းဝင်းကတော့ ဒီဘက်ကို တစ်ခါ ဝေ့လိုက်တိုင်း အရောင်လက်နေတာ မီးဆလိုက် ထိုးသွားသလား မှတ်ရသည်။

"ဒါလေးက ငါးခူကြော် .. မွှေးအောင်လို့ ရေတ်သီးလေးနဲ့ ပြန်နှပ်ထားတာ .. အ‌ပ်ကြောက်ရင် မစိုးရိမ်နဲ့နော် .. သိပ်မစပ်ဘူး .. ဒီမှာ ကြက်သားကြော် .."

ကြက်သားကြော်ဆိုတော့ စိတ်ဝင်စားသွားသည်။ ကြည့်လိုက်တော့ ရဲရဲညိုညိုလေး ကြွပ်ရွနေတာ မဟုတ်ဘဲ ဝါတောက်တောက်နီကြင်ကြင် စပ်ကျားနဲ့ ဘာတွေလဲ ..။

ဟင်းချက်ကောင်းတယ်ဆိုတာ ဘာကို ပြောမှန်းတော့ မသိ ..၊ နှိုက်မြည်းချင်လောက်အောင် ဆွဲဆောင်နိုင်တဲ့ဟင်း တစ်ခုမှလည်း မပါ..၊

"စား .. မောင်လေး စား .."

ဆိုပြီး မာလာ ထသွားတော့ သူ့အတွက် စားသောက်ဖို့ တာဝန်ကျပြီဆိုတာ သိလိုက်သည်။

လွန်လွန်း မှ လွဲလျှင် တစ်မိသားစုလုံး ဖော်ရွေ သဘောကောင်းကြတာမို့ ကိုယ်နဲ့လည်း ရင်းနှီးနေပြီ ဖြစ်၏။

ထို့ကြောင့် နောက်ထပ် ကိုယ့်ဘက်က ရိုင်းပျသလို ပြုမူမိတာမျိုး





မဖြစ်စေချင်ပေ ..၊ ဒါပေမယ့် ဘယ်လိုမှ စားချင်စိတ် မဖြစ်တာ ဘယ်လိုလုပ်မလဲ ..။

"ကောင်လေး .. ဘာလုပ်နေတာလဲ .."

သူ့နားကို ဗိုလ်အောင်ဒင် ရောက်လာပြီး ထမင်းပွဲကို ကြည့်သည့် မျက်လုံးက မခွာနိုင်ဘဲ ...

"စားစရာတွေကွာ .. မင်းက ဘာထိုင်လုပ်နေတာလဲ .. မစားဘူးလား .."

"ဗိုလ်အောင်ဒင် .."

"ဟော .."

"ထမင်းစားပြီးပြီလား .."

"မစားရသေးဘူး .. ငါတို့က လူစုံမှ စားတာ .."

"တစ်ခါမှလည်း မဆုံဘဲနဲ့ .."

"စုံပါတယ်ကွာ .. မင်းကလည်း .."

"ဗိုလ်အောင်ဒင် .."

ဗိုလ်အောင်ဒင် ပြန်ထမယ် ပြင်လိုက်သဖြင့် လက်ကို ဆွဲထားမိတာ ...

"အခု ဘယ်သူမှ မရှိတုန်း ထမင်းစားသွားပါလား .."

"မစားချင်ပါဘူး .. ခိုးစားတာ မကောင်းဘူး .."

"ခိုးစားရမှာ မဟုတ်ဘူး .. ကျွန်တော်နဲ့ အတူတူလေ .."

"မစားချင်ဘူး .."

"ဘာဖြစ်လို့လဲ .."

"စည်းကမ်းမရှိတာ မကောင်းဘူး .."

စိတ်မနှံ့တဲ့လူ ဆိုပြီး အလာကြီးပါလား ..၊

ချစ်သူ မျက်ခုံးနှစ်ဖက် ပင့်သွားသည်။

"ဘာကို စည်းကမ်းမရှိတာလဲ ..၊ ဒီမှာ ကျွန်တော်နဲ့ အတူတူ



www.burmeseclassic.com

www.burmeseclassic.com



စားလိုက်တယ်ဆိုရင် ပြီးတာပဲ ..”

“မစားဘူးကွာ ..”

ဗိုလ်အောင်ဒင် က သူ့လက်ကို ရုန်းပြီး ပြန်ထရပ်ကာ ...

“ငါက ဗိုလ်အောင်ဒင် နော် .. ဟွန်း .. ဘာမှတ်လို့လဲ .. ခိုင်းတိုင်းလုပ်မယ် မမှတ်နဲ့ .. ငါက ဆရာကြီး ..”

“ဟုတ်ပါတယ် ဆရာကြီးပါ ..”

ချစ်သူ ကလည်း လက်ကို အမိအရ ပြန်ဆွဲထားကာ ...

“ထိုင်ပါဦး .. ဒီမှာ ...”

“ဘာလုပ်ဖို့လဲ ..”

“ကျွန်တော် စားကြည့်ပြီးပြီဗျာ .. ကောင်းမှ မကောင်းတာ .. ဟင်းတွေက ငန်တူးနေတာပဲ .. ပြီးတော့ ညှီလိုက်တာ စိတ်ပျက်တယ် .. လွန်လွန်း ချက်တာ ဆို ..”

“အံမာ .. ငါ့တူမက ဟင်းချက်ကောင်းကွ ..”

“မကောင်းပါဘူး ဗိုလ်အောင်ဒင် ရာ .. ထမင်းနဲ့ စားတာတောင် ငန်တူးနေတာ ..”

“မဟုတ်တာ မပြောနဲ့ ..”

“ဩော် .. ဟုတ်ပါတယ်ဆို .. သိချင်ရင် စားကြည့်လိုက် .. ရော့..”

ဟင်းတွေကို တို့တို့တိတိ စားနိုင်းပြီး ...

“ဟာ .. ဒီလောက်ကောင်းတာကို .. မင်း နော် .. မင်း ..”

“ကဲပါ .. ထမင်းနဲ့ပဲ စားကြည့်ပါဦး ..”

ထမင်းတွေ ဟင်းတွေ လက်ရာပျက်သွားဖို့က အဓိကမို့ ဗိုလ်အောင်ဒင့် ကိုပဲ စားဖြစ်အောင် နည်းနည်းလေး ချွန်ပေးလိုက်သည်။

မြည်းတာက ထမင်းတစ်ပန်းကန် နည်းနည်းပဲ ကျန်၏။

“ဟား .. ဟား .. ဟား .. ဟား ...”

ဗိုလ်အောင်ဒင် ဗိုက်ကို ပွတ်နေတော့ သူ အားပါးတရ ရယ်မိ





သည်။ ပြီးတော့ ပျင်းလို့ ဆိုင်မှာ လိုက်ထိုင်ချင်တယ်လို့ ပြောလိုက်တာနှင့် ဗိုလ်အောင်ဒင် က တွဲခေါ်သွားသည်။

“ဒီနေ့ ဘယ်သူမှ မရှိကြဘူး နော် ..”

“ဟုတ်တယ် ..”

“ဘယ်သွားကုန်ကြတာလဲ သိလား ..”

“ကိုလေးနဲ့ သွားကြတာ ..”

“ကိုလေးက အိမ်မှာ ပြန်မအိပ်လို့ ဦးလေး ဒေါ်ကန်နေတာ ထင်တယ် ..”

“ဒေါကန်တာ မဟုတ်ဘူး စိတ်တိုနေတာ .. စကားကို ရှင်းရှင်းပြော ..”

ချစ်သူက ပြုံးလိုက်ကာ ဆိုင်ပေါ်မှာ ထိုင်မိကာမှ ဘာတွေ ရောင်းတာလဲဆိုတာ သေချာ လိုက်ကြည့်မိ၏။

“ဘာလဲ မုန့်စားချင်လို့လား ..”

“စားချင်တာရှိရင် ယူစားလို့ ရလား ..”

“မရဘူး ..”

“ပိုက်ဆံ ပေးရင်ရော ..”

“မရှိဘဲနဲ့ကွာ .. ဟား .. ဟား .. ဟား ... ခြေထောက်ကျိုးနေတာ ငါ သိတယ် .. ဟား .. ဟား .. ဟော့ ခိုးမစားနဲ့ နော် ..”

“မစားပါဘူး ဗိုလ်အောင်ဒင် ရာ .. ခင်ဗျားလိုပဲ ကျွန်တော်လည်း ခိုးမစားတတ်ပါဘူး ..”

“ငါက ခိုးစားချင်တာ ..”

“စားပါလား ..”

“ဒါပေမယ့် ခိုးစားတာ မကောင်းဘူး ..”

“ဗိုက်တော့ ဝပါတယ် ..”

“မဝပါဘူး .. ခိုးစားတာ ဘယ်တော့မှ ဝတယ် မရှိဘူး ..”



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူ ပြောတာလဲ .."

"ဘယ်သူ ပြောပြောကွာ .."

ဗိုလ်အောင်ဒင် က ဆိုင်ပေါ်မှာ မထိုင်ဘဲ မုန့်ထုပ်တွေ .. ပစ္စည်းတွေကို နေရာတွေ ပြင် .. ဖုန်ခါတံနဲ့ ရိုက်လိုက်နှင့် တစ်ချက်လေးမှ အငြိမ်မနေ ..၊

စိတ်မနှံ့တဲ့လူကို ပါးစပ်ရော လက်ပါ စည်းနဲ့ကမ်းနဲ့ နေတတ်အောင် သေချာ စည်းရုံးထားနိုင်သဖြင့် ဒီတစ်အိမ်လုံးကို သူ အထင်မကြီးဘဲ မနေနိုင်တော့ပါ .. ။

ဘယ်သူ့မျက်နှာကို ကြည့်ကြည့် တစ်ယောက်နဲ့တစ်ယောက် ဆက်ဆံကြပုံတွေမှာ အုံ့ဖွဲ့ နာကျင်ပုံတွေ မရှိ ..၊ ပြီးတော့ အော်အော်ငေါက်ငေါက်နှင့် ဆူညံနေပေမယ့် တွယ်တာ ကြည်နူးမှုတွေက အထင်းသား ..၊

"ဗိုလ်အောင်ဒင်ကြီး .."

"ဘာတုံး .."

"ကျွန်တော် ဖုန်းဆက်လို့ ရလား .."

"ပိုက်ဆံပေးမှ ရတာ .."

"ကျွန်တော်က ဒီအိမ်ကလူပဲ ဥစ္စာ .."

"ဘာမှလည်း မတော်ဘဲနဲ့ .."

"ဗိုလ်အောင်ဒင်ကြီး မကြားဘူးလား .. ဦးလေး ဦးလွန်း က မိသားစုလို နေ တဲ့ ..၊ ကျွန်တော့်ကြောင့် ဗိုလ်အောင်ဒင်ကြီး တို့ အိမ်မှာ အများကြီး အကုန် သက်သာနေတာ နော် .."

ဗိုလ်အောင်ဒင် က စဉ်းစားသလို ငြိမ်နေပြီး သူ့ကို စိုက်ကြည့်နေ၏။ ပြီးမှ ချထားသည့် တယ်လီဖုန်းကို ကြည့်ကာ ...

"ဒါကို ထိရင် လွန်လွန်း က ဆူမှာ .."

"သူမှ မသိတာ .."





"ငါက မခိုးပါဘူး ဆိုမှ .."

ချစ်သူ ခေါင်းကုတ်မိကာ မျက်နှာပါ မဲ့သွား၏။

"ငါ ခင်ခင့် ဖုန်း ယူပေးမယ် .."

"ခင်ခင် ဆိုတာက .."

"ခင်ခင် ဆိုတာ ခင်ခင် ပဲကွာ .."

ဗိုလ်အောင်ဒင် အိမ်ထဲ ပြေးဝင်သွားပြီး ပြန်ထွက်လာတော့ ဖုန်းပါလာ၏။

"မမခင် က ဘယ်ရောက်သွားတာလဲ .."

"မင်းကို ထမင်းကျွေးတာလေ .."

"အခုလေ .."

"ကိုလေးတို့နောက် လိုက်သွားတာ .."

"လွန်လွန်း ရော .."

"ဟိုဘက် တစ်ခန်းကျော်မှာ .."

"ဗိုလ်အောင်ဒင်ကြီး ကို တစ်ယောက်တည်း ထားခဲ့ပြီး ဒီလိုပဲ သွားနေကြတာလား .."

"အံမာ .. ငါက ဆရာကြီး .."

"ရှုပါဂလူး ရှိလား .."

"တိတ်ပ် တစ်ခွေလောက် ပေးပါ .. ဘယ်လောက်လဲ .."

သူ့မေးခွန်းကို ဝယ်သူတွေ ရောက်လာတော့ ပါးစပ်နဲ့ ပြန်ဖြေစရာမလိုတော့ဘဲ ဗိုလ်အောင်ဒင် က အလုပ်နဲ့ သက်သေပြ၏။

ဘယ်ပစ္စည်း ဘယ်ဈေးဆိုတာလည်း အားလုံး သိနေကာ ရောင်းချနေတာ အဟုတ် ..၊

တစ်ခုပဲ မကောင်းတာက ပိုက်ဆံ ပြန်အမ်းဖို့ကို ငါးခါလောက် ပြန်တွက် ပြန်ရေနှင့် ..၊ ဝယ်သူက ခေါင်းကုတ်၏။

ပြီးတော့ သူ့ကိုလည်း ငုံ့ကြည့်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အနားမှာ လူရှိနေသားနှင့် ပိုင်းကူ တွက်ပေး ရေပေးပါလားဆိုသည့် အပြစ်တင်တာမျိုး ..၊

ဒါကြောင့် ချစ်သူ က ရယ်ကာ သူတို့ မမေးဘဲ ဖြေရှင်း၏။

"ကျွန်တော် မရောင်းတတ်ဘူး .. သူပဲ သိတာ .."

ထိုင်ကြည့်နေလျှင် ဒီပြဿနာ ကြီးထွားလာနိုင်တာမို့ ကိုင်ထားသည့်ဖုန်းကို ငုံ့ကြည့်ပြီး ဖွင့်လိုက်မိသည်။

ဟန်းဆက်လေးက သိပ်မကောင်းပေမယ့် ကိုင်လို့တော့ ကောင်းမယ့်ပုံပါ ..။

သူ အောင်မိုး ဆီကို ခေါ်လိုက်ကာ ...

"အေး .. ငါရယ် .."

"... ... ... ..."

"ဘာမှ မမေးနဲ့ဦးကွာ .. ငါ အရမ်း ဒုက္ခရောက်နေတယ် .."

"... ... ... ..."

"အေး.. မင်းတို့ တားခဲ့ကြတာ ငါ သိပါတယ်.. ဒါပေမယ့် ငါ့ကို သေချာ ဝွင်ဆင်ပြီး ချဉ်းကပ်ခဲ့ကြမှန်း မှားပြီဆိုမှ ငါ သိခဲ့တာလေ ..၊ ငါ့ကို ကူညီဖူးတဲ့လူတွေလို့ပဲ တောက်လျှောက် ထင်ပြီး ရင်းနှီးခဲ့ကြတာ .."

"... ... ... ..."

"ငါ သုံးဖြစ်တယ် .. ဒါပေမယ့် ငါ ဆေးသမား မဟုတ်ဘူး အောင်မိုး .. ဒီလောက်ထိ သက်တမ်းမရင့်ခဲ့ဘူး .."

"... ... ... ..."

"အေး .. ငါက မိဘပစ္စည်းကို သူခိုးခိုးဖို့ ဘဏ္ဍာတိုက် ဖွင့်ပေးခဲ့တဲ့ ကောင်ပဲ .."

"... ... ... ..."

"မသိဘူး ..၊ မာမီ ငါ့ကို လုံးဝ ခွင့်လွှတ်မှာ မဟုတ်ဘူးဆိုတာ





ငါ သိတယ် .. ငါနဲ့ ဖုန်းပြောဖြစ်တာ မင်း ဘယ်သူ့နားမှ မပေါက်ကြားစေနဲ့ .."

"... ... ... ..."

"ဟုတ်တယ် .. ခွေးပြေး ဝက်ပြေးပဲ .."

"... ... ... ..."

"သူတို့ လွှတ်သွားလား .. မိသလား .. ငါ့ကို စုံစမ်းပေးစမ်းပါ.."

"... ... ... ..."

"မဆက်နဲ့ .. ဒါ ငါ့ဖုန်း မဟုတ်ဘူး ခိုးဆက်တာ .. ငါပဲ ခေါ်ပါ့မယ် .."

"... ... ... ..."

"မာမီက အရမ်းပါးတာ .. မင်းဆီ ရောက်လာရင် မင်း စကားမမှားစေနဲ့ နော် .."

ဖုန်းပြောလိုက်တော့ စိတ်က ရင်မော နာကျင်ဖွယ် မနေ့တစ်နေ့က အဖြစ်တွေဆီ ပြန်ရောက်သွားခဲ့၏။

ခဲတံ နဲ့ သာထက် ..၊

သူ့ကား ပျက်နေတုန်း လူလေးယောက် ဝိုင်းရိုက်ပြီး ပစ္စည်းလုတာကို ပြန်ခုခံရင်း အလူးအလဲ နေရချိန် ..၊

ထိုအချိန်မှာ ခဲတံ တို့ ရောက်လာပြီး သူ့ကို ကူညီခဲ့သည်။

တကယ်တော့ ဒါက ပြကွက်သက်သက်တွေဆိုတာ သူ မသိခဲ့တာ ..၊ လူကို ကပ်ပြီး မကောင်းမှုတွေမှာ လက်ကိုင်တုတ်သဖွယ် ကိုင်ထားခဲ့သည်။

လုပ်ကြည့်ပါ ..၊ ထိကြည့်ပါ ဆိုတာတွေမှာ သာယာပြီး သူပါ ဆေးသမားလုံးလုံး ဖြစ်သွားခဲ့တဲ့အထိ ..၊

ဒီလိုလူတွေကို အိမ်ခေါ်ပြီး ဧည့်ခံကျွေးမွေးခဲ့တဲ့အထိလည်း သူ မိုက်မဲခဲ့သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါတွေဟာ သူတစ်ပါးကို ယုံကြည်လွယ်တတ်တဲ့အကျင့် ရှိခဲ့လို့လား ..၊ မာမီကို အရွဲ့တိုက်ပြီး တမင် ထင်သလို နေမိတာလား ..၊ ကိုယ့်ကိုယ်ကိုယ်လည်း မဝေခွဲနိုင်ခဲ့ပေ ..။

သေချာတာ တစ်ခုက ကိုယ့်ရဲ့ မိုက်ပြစ်ဒဏ်ကို ကိုယ့်ဘာသာ ခံမည်။ မာမီ ခွင့်လွှတ်သည်ဖြစ်စေ .. ခွင့်မလွှတ်သည်ဖြစ်စေ ..၊

"ဒီဖုန်းက ဘာဖြစ်လို့ ရှင့်လက်ထဲ ရောက်နေတာလဲ .."

ဖုန်းကို ဘေးမှာ ချပြီး တွေးနေတာတွေက လွန်လွန်း ရောက်လာမှ ပစ္စုပ္ပန်ဆီ ပြန်ရောက်၏။ မိုလ်အောင်ဒင် က ဘေးကပ်လျက် ဆိုင်ခန်း တစ်ခန်းက ခေါင်မိုး ပြုတ်ကျနေတာကို ဝိုင်းကူ တင်ပေးနေရင်း ဒီဘက်ကို လှည့်မကြည့်နိုင် ..၊

"ညီမရေ .. ခေါင်းလျှော်ရည်ဘူးတွေ ရှိလားဟင် .."

"ရှိတယ် အစ်မ .. ဘာလိုချင်လို့လဲ .."

"ဆန်းဆစ် အနက်ရောင် ရှိလား .."

"ဟုတ် .."

လွန်လွန်း က ကိုင်ထားသည့် ပုံဆွဲစာရွက် အထပ်လိုက်ကို ဘေးမှာ ချထားလိုက်ကာ ဖုန်းကို ကောက်၍ ရှိုးကေ့စ်ပေါ် လှမ်းတင်၏။ ပြီးမှ ...

"ခေါင်းလျှော်ရည်ဘူးတွေက ရှင့်နောက်မှာ နည်းနည်းရွှေ့ပေး.."

"ဟုတ်လား .. ဆောရီး .."

သူ့ကိုယ်ကို ကိုင်းပေးလိုက်မှ လွန်လွန်း က ဒူးထောင်လျက်လေး ကနေ လှမ်းယူ၏။ ထိုအခါ တိုက်ရိုက် ဆုံဆည်းမိကြသော ကိုယ်ငွေ့ နွေးတို့ကြောင့် တစ်ယောက်ကိုတစ်ယောက် မျက်လုံးဝင့်ကြည့်မိကြတာ ချင်း ထပ်ဆုံ၏။

ချစ်သူ သတိထားမိလိုက်တာက သူမကိုယ်က သနပ်ခါးနံ့လား.. ပန်းနံ့လား မသေချာသော မွှေးရနံ့တစ်ချက်နှင့်အတူ ဆံပင်တွေ တစ်





ဖက်သတ် သိမ်းညှပ်ထားသော စိမ်းမြ ဝင်းဖန့်နေသည့် နားသယ်စပ် ဆံစလေးတွေ ..၊

ရင်ထဲမှာ တစ်ချက်တော့ လှုပ်ခါသွားခဲ့၏။ ဘာလဲဆိုတာ မသိ လိုက်ခင် ထိုလှုပ်ရှားမှုက ပြန်ပျောက်သွားခဲ့ပြီး ...

"ဟိုဘက် တိုးဦး .. အနက်က တစ်ဘူးပဲ ရှိတာ .. ဟိုထောင့်မှာ.."

သူ လက်ထောက်ပြီး ဖင်ထပ်ရွှေ့လိုက်မှ ခေါင်းလျှော်ဘူး အနက် ရောင်လေး သူမလက်ထဲ ပါသွား၏။

ဈေးရောင်းပြီးတာနှင့် သူ့အလှည့် ကျလာခဲ့ပြီး ...

"ဒီဖုန်း မိုလ်အောင်ဒင်ကြီး ယူပေးတာလား .."

"ဟုတ်တယ် .. ကိုယ် တောင်းလိုက်တာ .."

"ဒီလိုကိစ္စမျိုးတွေ ရှင် လွန်လွန်း တို့ကို ပြောသင့်တယ် .. မိုလ် အောင်ဒင့် ကို ဒါမျိုးတွေ မလုပ်တတ်အောင် ကျွန်မတို့ ဘယ်လောက် သင်ပြ စည်းရုံးထားရသလဲ သိရဲ့လား .."

"သူနဲ့ စကားပြောရင်း တောင်းမိသွားတာ .. အကြီးအကျယ် ပြောဆို ဆွေးနွေးစရာရှိလို့ မဟုတ်ဘူး .."

"ရှင့်ဘာသာ ဘာကိစ္စ ပြောပြောပေါ့ .. နောက်ကို မိုလ်အောင်ဒင် ကို ဘာမှ မပြောပါနဲ့ .."

ရင်ထဲမှာ အောင့်သက်သက် ဖြစ်သွားသည်။

"ဆောရီးပဲ .. နောက် မပြောတော့ဘူးဆိုရင် ရလား .."

စူးရဲသည့်မျက်ဝန်းချင်း မပြေမလည် တွေ့ဆုံလျက် လွန်လွန်း မျက်နှာလွှဲလိုက်သည်။ ချစ်သူ က သူ့တုတ်ကို လှမ်းယူပြီး နေရာမှ ထရပ်လိုက်ကာ ...

"ဒီအထုပ် ခဏ ဖယ်ပေးစမ်းပါ .."

"ရှင် ဘာလုပ်မလို့လဲ .."

"အိမ်ထဲ ဝင်မလို့ .."



www.burmeseclassic.com

www.burmeseclassic.com



"တစ်ယောက်တည်း သွားလာလို့မှ မရသေးတာ .. ဘာယ်လို လုပ်.."

"ဒုန်း .."

"အမလေး .."

"အ!..."

ကိုယ့်ဘာသာ တုတ်ချော်ပြီး ဘေးကို ယိုင်သွားတာက နောက်က စင်ကို တံတောင်နဲ့ နောက်ပြန်ထောက်လိုက်တာ အဆင်ပြေသည်။

လွန်လွန်း အလန့်တကြား ထဆွဲလိုက်ကာမှ နှစ်ယောက်စလုံး ဖက်လျက်သား အပုံလိုက် လဲလေသည်။

သူမက အောက်က ပက်လက်လေးရှိကာ ချစ်သူ ရဲ့ တစ်ကိုယ်လုံး ပစ်စလက်ခတ် ဖိမိခဲ့လျှင် မလွယ် ...၊

ဒါပေမယ့် ချစ်သူ က သူမကိုညှာပြီး ပြန်ထိန်းလိုက်သဖြင့် လက်ထောက်လျက်သားနှင့် သူမမျက်နှာပေါ်မှာ စီးမိုးလျက် ...

"ရှင့်!..."

အိမ်ရှေ့ ဈေးဆိုင်ထဲမှာမို့ ရှက်စိတ်မွန်ကာ လွန်လွန်း သူ့ကို တွန်းဖယ်၍ အတင်း ပြန်ကျုံးထ၏။

"ခဏနေဦး .. အား!..."

သူ အသားယူတာ မဟုတ်ပါ ...၊ ဒူးထောက်လျက် ကျတာမို့ ရုတ်တရက် နေရာပြင်ဖို့ မရဘဲ သူမ ရုန်းထလိုက်ကာမှ ဖက်ထားသလိုကြီး ပို၍ ပုံစံတကျ ဖြစ်သွား၏။

"ဟာ!... လွန်လွန်း .. လွန်လွန်း .. နင် .. ဘာလုပ်တာလဲ .."

"ဗိုလ်အောင်ဒင် မဟုတ် .. မဟုတ်ဘူး .."

"အဲ့ဒါ ဘာလုပ်ကြတုံး ...၊ ချိန်းမတွေ့ရဘူးလေ .. လူတွေမြင်ရင် ရှက်စရာကြီး .."

"ဗိုလ်အောင်ဒင် နေဦး .. အား!..."





ချစ်သူ ရှင်းပြချင်ပေမယ့် ကိုယ်ကို နေရာရွှေ့နေရသဖြင့် အဆင်ပြေဘဲ ဒုက္ခရောက်နေတော့သည်။

"အဲ့ဒါ ရှင် ပြဿနာရှာချင်တာလေ .."

"ဘာတွေ လာပြောနေတာလဲ .. အဲ့ဒါ မင်းကြောင့် .."

"ဘာ!... ပြောတယ် .."

"မင်း ဘာလို့ ဆွဲလိုက်သလဲ .."

"ရှင်ကရော ဘာလို့ ထတာလဲ ...၊ ကျိုးတော့ ကန်းမှော .."

"ကိုယ့်ဘာသာ ထိန်းသွားလို့ ရတယ် .. တစ်ပိုင်းသေနေတာ မဟုတ်ဘူး .."

"မသိဘူး .. ပြုစုခံနေရတာ ကောင်းမှန်းသိပြီး သေအောင် လုပ်ချင်နေပုံမှာပေါ့ .."

"ဘာကို ကောင်းတာလဲ ...၊ တစ်နေ့ တစ်နေ့ ထမင်း အငတ်ခံပြီး နေတာလား .."

"ဘာ!..."

လွှတ်ခနဲ ပြောပြီးမှ ပြန်ထိန်းရကာ ခေါင်းထဲမှာ ရှုစိရှုစိ ဖြစ်လာသလို ခံစားမိပြီး လက်က အလိုလို ရောက်သွား၏။ ကြည့်လိုက်တော့ လက်မှာ ပါလာတာ သွေးတွေ ...၊

"ဟာ!..."

ဗိုလ်အောင်ဒင် က ဆိုင်ပေါ်ရောက်နေပြီမို့ မျက်လုံးပြူးကြီးနဲ့ ကြည့်၏။ ပြီးတော့ လွန်လွန်း ကို လှမ်းကြည့်ကာ ...

"သွေးတွေ ထွက်ကုန်ပြီ .. နင် ဘာလုပ်လိုက်တာလဲ .."

လွန်လွန်း ထိတ်ခနဲ ဖြစ်သွား၏။ ကြည့်နေတုန်း သွေးစီးကြောင်းက ဆံပင်တွေထဲက တိုးထွက်လာကာ နားသယ်စပ်မှာ ရဲရဲချိတ်ချိတ် ဖြစ်လာ၏။

"ဒုက္ခပဲ လွန်လွန်း ရာ .. ဘာလို့ တွန်းလိုက်တာလဲ .."



www.burmeseclassic.com

www.burmeseclassic.com



"အို .. လွန်လွန်း တွန်းတာ မဟုတ်ပါဘူး .."

"နင် တွန်းလိုက်တာပါ.. လူနာကို ဒီလိုလုပ်ရလား.. နေမကောင်းသေးခင် နင်က နည်းနည်းပါးပါး အောင့်ခံနေလိုက်ရင် ပြီးတာပဲ .."

"ဗိုလ် အောင် ဒင် .."

လွန်လွန်း ပါးပြင်လေးတွေ နီရဲသွားကာ ဗိုလ်အောင်ဒင် ကို အော်ငေါက်ပစ်မိ၏။ တစ်ခါမှ ဒီလောက် မအော်ခဲ့ဖူးသဖြင့် ဗိုလ်အောင်ဒင် တွန့်ခနဲ ဖြစ်သွားသည်။

ပြီးတော့ ဆိုင်ပေါ်က ဆင်းသွားတော့သည်။ ဘယ်နား သွားကပ်နေသည် မသိတော့ဘဲ ...

"နေဦး .. ဒီမှာပဲ နေ .. လွန်လွန်း ဆေးထည့်ပေးမယ် .."

လူကြီးတွေ ပြန်လာလျှင် ရှင်းပြရခက်ပြီမို့ သူမ ပျာယာခတ်နေတာကို ချစ်သူ က ဒီတိုင်း ကြည့်နေမိသည်။ ခြေထောက်တွေ အနာပြန်ပေါ်လာတာကိုပါ မျှသိပ်နေမိကာ ...

"ဆံပင်တွေ ဖြတ်ပစ်ဦးမလို့လား .."

"မဖြတ်ပါဘူး .. စဖြစ်တည်းက ဖြတ်ပြီးသားဥစ္စာ .."

ဆိုင်မှာ ရှိသမျှ ဆေးတွေကို ရှာထုတ်ရင်း ဈေးရောင်းရတာ တစ်ဖက် .. သူ့ခေါင်းကို ကိုင်နေရတာ တစ်ဖက် ...၊

"မလုပ်တတ်ရင် ထားလိုက်ပါကွာ .. ပတ်တီးစလေး နည်းနည်းခေါက်ပေး .. ကိုယ့်ဘာသာ ဒဏ်ရာပေါ်ကို ဖိထားလိုက်မယ် .."

"လက်က ဖယ်စမ်းပါ .. အနာ ဆေးထည့်လောက်တော့ ကလေးတောင် လုပ်တတ်တယ် .."

"ကိုယ်က ကလေး မဟုတ်တော့ မင်း လုပ်မပေးချင်ဘူးလားပါ .."

အရေးထဲမှ ရန်ဖြစ်ဖို့ စကားတွေနဲ့ တူးဆွနေသေးသည်။

"ဟိတ် .. ပတ်တီးတော့ ပြန်မစည်းနဲ့နော် .."





"ရှင် ဘာမှမပြောဘဲ ခဏ ပါးစပ်ပိတ်နေစမ်းပါ .."

မျက်နှာချင်းဆိုင်ရမှာ ရှက်နေသလိုဖြစ်ကာ ဒူးထောက်၍ သူ့ခေါင်းကို ဆေးထည့် ဂွမ်းအုပ်ပြီး ပလတ်စတာလေး ကပ်ပေးဖို့ ကြိုးစားနေမိ၏။

ဒီဒဏ်ရာကို ပတ်တီးဖြေတုန်းကလည်း မမခင် နဲ့အတူ သူမပါခဲ့သည်။ ဆံပင်တွေ ရှုပ်နေပေမယ့် သူများလုပ်တုန်းက သပ်သပ်ရပ်ရပ် ...၊

သူမကျမှ ဆံပင်တွေနဲ့ ပလတ်စတာ ကပ်ရတာ အဆင်မပြေ ...၊ ကိုယ့်ရင်ဘတ်က သူ့မျက်နှာရှေ့မှာမို့ စိတ်မလုံရသည့်အထဲ စကားပြောလိုက်တိုင်း မော့မော့လာသေးသည်။

စိတ်ရှိလက်ရှိသာ ခေါင်းကို ထုပစ်လိုက်ရလျှင် သေဦးမည် ...၊

"မာလာ ရေ .. ဩော် .. လွန်လွန်း ရှိလား .. ဟင်!..."

တစ်ယောက်တည်း သံစုံမြည်သွားကာ ဒေါ်ကြူ့ အသံက 'ဟင်..' နဲ့ တိတ်ကျသွား၏။ လွန်လွန်း တစ်ကိုယ်လုံး ထူပူသွားသည်။

လှည့်ကြည့်လိုက်တော့ ဒေါ်ကြူ ဆိုင်ထဲကို ငုံ့ကြည့်နေပုံက ပါးစပ်စုစု ပြူးတူးပြဲတဲကြီး ...၊

"အန်တီကြူ ဘာယူမလို့လဲ .."

"ဆပ်ပြာမှုန့် .."

လို့ ပြောပြီး မျက်လုံးက ခေါင်းငုံ့၍ ဒဏ်ရာ စမ်းနေသည့် ချစ်သူ့ဆီမှာ ...၊

"ဘာဆပ်ပြာလဲ .."

"ခု ကြော်ငြာနေတဲ့ ဒစ်ဆန်ဆပ်ပြာမှုန့်အသစ် ရှိလား .."

"မရှိဘူး .."

နောက်ထပ် ဒေါ်ကြူ့ ထံမှ စကားသံ ထွက်မလာဘဲ အပြင်ကို ငုံ့ကြည့်လိုက်သည်။ ချစ်သူ့ မျက်နှာကို မြင်သွားကာ ...



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး ... ငါ သူ့ကို သေချာ သိပါတယ် ..."

"ဟင်!..."

လွန်လွန်း အံ့သြသွားကာ စိုးရိမ်စိတ်လည်း ဖြစ်သွား၏။ ဆိုင်ထဲ မှာ သူမတို့ ပူးပူးကပ်ကပ်နဲ့ ဘာလုပ်နေသည်များ ထင်သွားပြီလဲ ...

"မဟုတ်သေးပါဘူး ... ငါ သေချာ သိနေတာပါ ..."

"ကဲပါ အန်တီ ... ဘယ်ဆစ်ပြာ ယူမှာလဲ ..."

"သိပြီ ..."

ဒေါ်ကြူ့ မျက်နှာက ချက်ချင်း တစ်မျိုးပြောင်းသွားကာ ...

"ငါ့ကို ကားနဲ့ ပွတ်တိုက်သွားတဲ့ တစ်ယောက် ..."

ဝတုတ်တုတ်ကိုယ်ကြီးကို ချိတ်ဆွဲထားသည့် ပစ္စည်းထုပ်တွေ ထပ်တိုးဝင်ကာ အထဲကို သေချာ ကုန်းကြည့်၏။ မျက်နှာကြီး ပြူ ရှေ့တိုးလာမှ ဒီအသံနဲ့ ဒီမျက်နှာကို ချစ်သူ သတိရသွားသည်။

သိပ်မှ မကြာသေးဘဲ ...။

ကိုယ့်ကိုယ်ကိုယ် လူသိမခံချင်ကာမှ သိတဲ့လူနဲ့ လာတိုးနေရ အဖြစ် ...။

"ဟုတ်သမျှ သိပ်ဟုတ်ပါ ... ကားအကောင်းစားကြီး စီးပြီး ငါ့ မာရေကျောရေ ပြောသွားတာလေ ... 'အလျော်လိုချင်ရင် ဒါကို ဆက် ထား...' ဆိုပြီး လိပ်စာကတ်တောင် ပစ်ချခဲ့သေးတယ် ... လူကို သူတော စား ပေးသလို လုပ်သွားခဲ့တာ ..."

"ဘာတွေ လာပြောနေတာလဲ... အန်တီ့ကို ကျွန်တော် မသိဘူး..."

"အောင်မယ်လေး ... ဒီအသံပဲ ... သိပ်ကို သေချာတာပေါ့ ... မင်း မင်းပဲ ... အသားဖြူဖြူ ဆံပင်ကုပ်ထောက် ကောက်ကောက် ...။ ဒါ ဒီအိမ်နဲ့ ဘယ်လို သိကုန်ကြတာလဲ ..."

"ကျွတ်!..."

"သိပြီ ... မင်း အဲဒီနေ့က လူရှာနေတာ လွန်လွန်း ကိုလား ..."



"အန်တီ သိချင်တာတွေက လွန်လွန်း ပါလာရင်တော့ ရှောင် နိုင်တယ် နော် ... သူက လွန်လွန်း တို့ ဧည့်သည် ... ဘယ်တုန်းက ရှာ ခဲ့တာတွေ... မရှာဖွေတာတွေ မေးနေရအောင် သူများကိစ္စကို ဒီလောက် သိတော့ မစပ်စုသင့်ပါဘူး ..."

လွန်လွန်း က ပြောပြီးတာနှင့် နေရာမှ ထရပ်ကာ ...

"ဖိုလ်အောင်ဒင် ... ဦးလေး ဖိုလ်အောင်ဒင် ..."

"ဟော ... လာပြီ ..."

ဖိုလ်အောင်ဒင် ပြေးထွက်လာမှ ...

"သူ့ကို အိမ်ထဲ တွဲပို့ပေးပါဦး ..."

"ကဲ ... ကဲ ... ငါ့ကို အိုဒီ တစ်ထုပ်ပဲ ပေး ..."

"ကုန်နေတယ် ..."

"ဒါဖြင့်လည်း ဖူဂျီပဲ ပေးအေ ..."

"အဲဒါ မတင်ဘူး ..."

"ဟာ ... ရှိတယ်လေ ... နေဦး ငါ ရှာပေးမယ် ..."

ဖိုလ်အောင်ဒင် က ပျာပျာသလဲ ရှာပေး၏။ ဒေါ်ကြူ နှုတ်ခမ်း စူရွဲ့နေကာ ...

'ဒီလိုဆိုင်မျိုး ရောင်းကောင်းနေတာများ အံ့သြပါရဲ့'လို့ တီးတိုး ရေရွတ်၏။ ပြီးတော့ မကျေနပ်သေးသည့်အကြည့်က ချစ်သူ ထံ ရောက်သွားသည်။

လုံးဝ မမှားနိုင်ဘူး ...၊ ဒီလူမှ ဒီလူ ...၊

www.burmeseclassic.com



## အခန်း (၁၄)

"ဘယ်လိုဖြစ်ရတာလဲ လွှန်လွှန်း ရယ် .. ခြေထောက်ကို စမ်းသ[illegible]
ဖို့ ဒီနေ့ သွားရမှာ .."

ချစ်သူ ကိုယ် နည်းနည်းပူနေကာ တစ်ညနေလုံး အိပ်ရာထဲ လှဲ[illegible]
သဖြင့် မာလာ က မီးဖိုချောင်ဝင်ရင်း တဖျစ်တောက်တောက် ပြော[illegible]
၏။ လွှန်လွှန်း က မျက်နှာငယ်လေးနှင့် ...

"လွှန်လွှန်း ဘာမှလုပ်တာ မဟုတ်ပါဘူး မမခင် ရယ် .. ဆိုင်[illegible]
ကို သူက ဘာလို့ လာထိုင်လဲ .."

"ဒီတိုက်ခန်း ဆယ်ပေကျော်လေးထဲမှာ ဘယ်သူက နေ့[illegible]
ရက်ဆက်ကြီး ထလိုက် လှဲလိုက် လုပ်နေနိုင်မှာလဲ .."

"ဒါကတော့ ကိုယ်က လူကောင်းမှ မဟုတ်ဘဲ .."

"ခြေထောက်ပဲ မထောက်နိုင်တာလေ .. ခေါင်းက သက်သာ[illegible]
ဥစ္စာ .. အခု နင့်ကြောင့် ဒဏ်ရာက အသစ်ပြန်ဖြစ်သွားပြီ .."





"လွှန်လွှန်း ကြောင့် မဟုတ်ပါဘူး ဆိုမှ .."

ဆန်ပြုတ်အိုးထဲကို ကြက်သားပြုတ်ထားတာလေးတွေ မွှထည့်ရင်း မာလာ က လှည့်ကြည့်သည်။

"လွှန်လွှန်း ကို မကြည့်နဲ့ .. အဲ့ဒါ သူ့ဘာသာသူ မာနကြီးပြီး ခြေမနိုင်ဘဲ ထရပ်လိုက်လို့ ဖြစ်တာ .."

"ထရပ်ရတဲ့ အကြောင်းကရော .."

"အဲ့ဒါက .."

မာလာ သက်ပြင်းချကာ ဆန်ပြုတ်အိုးကို မီးလျှော့လိုက်ပြီးမှ ဒီဘက် လှည့်၏။

"ဒီဖုန်းက ခုနစ်ရှသုံးဆယ်ကို ပွားထားတဲ့ဖုန်းပဲ လွှန်လွှန်း ရယ်.. မမခင် နောက်အသစ် ဝယ်ပြီးလို့ သိမ်းထားလိုက်တာ .. အိမ်ရှေ့မှာ ဖုန်းပြောမယ့်လူလည်း တန်းစီနေတဲ့အချိန် မဟုတ်ဘူး .. သူ အေးဆေး ပြောလို့ ရနေတဲ့ဥစ္စာ .."

"ဖုန်းကြောင့် မဟုတ်ပါဘူး .. ဗိုလ်အောင်ဒင် ကို သူ ဒါ ယူခိုင်းတာလေ .. နောက်ဆိုရင် .."

"ဒါ ယူခိုင်းရအောင် ဒီဖုန်း ရှိနေမှန်း သူ သိလို့လား လွှန်လွှန်း ရယ် .. ဦးလေးကလည်း ရှေ့က ဖုန်းကိုတောင် ပြောမခိုင်းဘဲနဲ့ ဒီဖုန်း အပိုမှန်းသိလို့ ထုတ်ပေးလိုက်တာပါ .. နင်ကတော့ ဦးလေးကို အကျင့်ဖျက်တယ်ထင်ပြီး ပြောလိုက်ပေမယ့် ဖုန်းကိုင်တာ မကြိုက်သလိုကြီး ဆိုတော့ သူလည်း ရှက်မှာပေါ့ .."

မာနနဲ့ တင်းသွားတဲ့မျက်နှာကို လွှန်လွှန်း သတိရလိုက်မိသည်။ ရှက်သွားတာတော့ အသေအချာပါ။

"ကိုယ့်အိမ်သားလို ရင်းနှီးနေပြီဥစ္စာ .. ဆိုင်ပေါ်ဖြစ်ဖြစ် .. အိမ်ရှေ့ အိမ်နောက် သူ သွားလာလို့ ရနေပြီပဲ .. ဖုန်းပြောချင်တာရော .. ဆိုင်ပေါ်က ပစ္စည်းတွေ .. မုန့်တွေ .. စားချင်စိတ် ရှိရင် စားပါစေပေါ့ .."



www.burmeseclassic.com

www.burmeseclassic.com



"သူစိမ်းယောက်ျားလေးတစ်ယောက်ကို ဒီလောက်ထိ အခွင့်အရေး ပေးထားစရာလား မမခင် ရဲ့ .. ပုံစံကိုက အလိုလိုကာမှ အိမ်ပေါ် တက်လာတည်းက လူတွေကို မတူသလို မတန်သလို .."

"ဟုတ်တယ် .. သူ နေပုံထိုင်ပုံကိုက အဲဒီတိုင်းပဲ .. လူပုံကို အကဲခတ်ကြည့်ပါဦး လွန်လွန်း ရယ် .. ဒီအိမ်မှာ ပျော်ပျော်ပါးပါးကြီး နေပြီး ထင်သလို သုံးစွဲ စားသောက်နေမယ့် လူမျိုးလား ..၊ ကောင်လေးက ချောချောသန့်သန့်လေးပါ"

"သူဟာသူ ဘယ်လိုလူဖြစ်ဖြစ် သူ့ငွေတွေ ပျက်စီးမှ အဖတ်ဆည်မရတာ .."

"ဒါပေမယ့် အဆင့်အတန်းဆိုတာလည်း လူတစ်ယောက်ရဲ့ စိတ်ဓာတ်စရိုက်ကို ပုံဖော်နိုင်တဲ့ အောင်တစ်ခုပဲလေ .. နောက်ဆိုရင် ညီမလေးကလည်း မတူသလို မတန်သလို ခွဲခြမ်းတဲ့စကားမျိုး မပြောပါနဲ့နော် .. အိမ်တစ်အိမ်မှာ မသင့်မြတ်တဲ့သူတွေ ရှိနေရင် သိပ်ကို ခြောက်သွေ့တာ .. တို့အိမ်ကို ညီမလေးပဲ နာမည်ပေးထားတာလေ .. 'မေတ္တာစံအိမ်' ဆို .."

လွန်လွန်း က နှာခေါင်းလေး ရှုံ့ရင်း အသံတိတ်နေ၏။ မာလာ က ချော့မော့ပြောတော့မယ်ဆို တကယ့် အမေတစ်ယောက် ဆရာမကြီးနဲ့လည်း တူနေတတ်၏။

"ဒီအိမ်မှာ ညီမလေးနဲ့ သူနဲ့သာ မောင်လိုနှမလို ရင်းနှီးခင်မင်သွားကြရင် ဒီ့ထက် ပိုပွင့်လင်းပြီး သူလည်း ဒီ့ထက် လွတ်လွတ်လပ်လပ် နေနိုင်မယ် .. သူ့အကြောင်းလည်း ပြောပြချင်လာမယ် .."

"ဘယ်လို .. မမခင် .."

"ဟုတ်တယ်လေ .. အခုကျတော့ သူ့မိဘ မသိ ..၊ သူ့လိပ်စာ မသိ .. ဒါက သူ ပြောချင်မှ ဖြစ်တာကိုး .. ဒါပေမယ့် မမခင် တို့ကတော့ သူ့ကို သိသိ မသိသိ ဆေးကုပေးရမှာပဲလေ .. အဲဒီတော့ ဘယ်လို





ပုံစံကြီး ဖြစ်နေပြီလဲ စဉ်းစားကြည့်ပြီး ပြုံးပြုံး ရယ်မောနေကြပြီး သူ့ကိုလည်း မသိ .. ကိုယ့်ကို ခင်သလား .. မခင်ဘူးလားလည်း မသိ .."

"ခင်ခင် .. မခင်ခင်ပေါ့ .."

"ညာတာစာနာမှုဆိုတာ သံယောဇဉ်ကနေဖြစ်တာ လွန်လွန်း ရဲ့.. သူ့ကို ကိုယ့်ကြောင့် ခြေကျိုးသွားတဲ့လူနာဆိုပြီး ဆေးရုံမှာပဲ ဆေးဖိုးလေး သွားရှင်းပေး .. စားစရာလေး ပို့နဲ့ ပြီးသွားရင် အကြောင်းမဟုတ်ဘူး.. အခု အတူတူ နေနေကြတာ .. ဒါကလည်း သူ မနေချင်ဘဲ နေနေတာနော် .. တကယ်ဆို သူ လက်မခံရင် သူ့စိတ်ကြိုက် ဆောင်ရွက်ပေးရမယ့် တာဝန် တို့မှာ ရှိတယ် .."

လွန်လွန်း က ဘာမှမပြောဘဲ နားထောင်နေ၏။

"မမခင် ကတော့ ကောင်လေး အရမ်းဆိုးသွမ်းမယ်တော့ မရှိဘူးလို့ ယုံကြည်ထားတယ် .. မောင်လေးကတောင် ပြောနေသေးတယ် .. ကောင်လေးက ချောချောလေးပဲတဲ့ .."

ထိုစကားကျမှ မာလာ က တစ်စုံတစ်ခုကို သတိရကာ ...

"တို့ရှေ့ မျက်နှာစာ အလှပြင်ဆိုင်က ကောင်မလေးတွေဆိုရင် ဒီရက်ပိုင်းကျမှ ဆိုင်မှာ ဝီဂေ လာဝယ်ကြ .. ကော်ဖီမစ် လာဝယ်ကြနဲ့.. မျက်လုံးက အိမ်ထဲမှာချည်းပဲ .."

"ကဲ .. တော်ပါတော့ မမခင် ရယ် .. မမခင် ကိုက လူတစ်ယောက်ကို အဆိုးမြင်ဝါဒနဲ့ မကြည့်တတ်တာပါ .. အဲဒါ ကောင်းတော့ ကောင်းပါတယ် .. ဒါပေမယ့် ကိုယ့်လူကို အကောင်းမြင်ပေးဖို့လည်း ချန်ထားပါဦး .."

"အေးပါ .. ချန်ထားပါတယ် .. ငါ့မောင်လေး ညီမလေးတွေကို အကောင်းမြင်ရုံတင်မကဘူး .. ကိုယ့်သားသမီးတွေလိုကို ချစ်တာပါ.. ဟွန်း .. ဟွန်း ..."

မာလာ က လွန်လွန်း ပါးလေးကို ဖွဖွ လိမ်ဆွဲပြီး ရယ်သည်။

www.burmeseclassic.com



"ချစ်သူ အပြင်မှာ လှဲနေတယ် .. ဆန်ပြုတ်လေး သွားပို့ပေးဦးနော် .."

"မမခင် .."

"ဟင်!..."

"သူက ဒီမှာ ဘာမှ ဟုတ်တိပတ်တိ စားတာ မဟုတ်ဘူး .."

"သိပါတယ် .. ဟိုတစ်နေ့ကလည်း ဦးလေးကို ခေါ်ကျွေးတယ်တဲ့ .. မနက်ကရောပဲ .."

"အဲ့ဒါ သူက ဘာအရှိုး ချိုးတာလဲ .. ဘယ်လောက်ကောင်းတဲ့ အစားအစာတွေ စားလာခဲ့လို့လဲ ..၊ လွန်လွန်း စိတ်တိုတာ အဲ့ဒါပဲ .."

ဒေါ်သကတော့ ဘယ်ဘက်က ကြည့်ကြည့် ချစ်သူ နဲ့ ဒေါ်သက မိတ်ဖက် ဖြစ်နေ၏။

ချစ်သူ လို့ ခေါ်ပါ ပြောပေမယ့် လူကတော့ ချစ်ချင်ဖွယ် တစ်စက်မှ မရှိ ..၊





အခန်း (၁၅)

"ဒီမှာ ကိုချစ်သူ .."

"ဟင် .."

သူ မျက်လုံးတွေ ဖွင့်လိုက်တော့ ပူပူထူထူကြီး ဖြစ်နေသည်။

"ရှင် ဆေးသောက်ရဦးမယ် .. ဆန်ပြုတ်တော့ သောက်လိုက်.."

"ဆေး .. ဘာလုပ်ဖို့လဲ .."

ငုတ်တုတ် ထထိုင်ပြီး စပြောလိုက်တည်းက မတည့်ရာ မတည့်ကြောင်း ..၊

"ဒဏ်ရာက မနာတော့ဘူး .. ရပါတယ် .."

"ရှင် အခု ကိုယ်ပူနေပြီ မဟုတ်လား .. ညဦးနက်မှ အဖျားကြီးရင်ခက်ဦးမယ် ..၊ ဖေဖေတို့ .. ကိုလေးတို့ ပြန်လာရင် တစ်ခါ အဲဒီပြဿနာကို အစက ပြန်မေးပြီး လွန်လွန်း ပဲ အဆူခံရမှာ .."

စေတနာမရှိစွာ ငုတ်တုတ်လေး ထိုင်ပြီး ရှုပုတ်ပုတ် ရေရွတ်နေသော ချစ်သူ က ကြည့်သည်။

"ဘာမှ ပြန်မပြောဘဲ နေလိုက်ပေါ့ ..၊ ပြီးတော့ ကိုယ့်ဘာသာကိုယ့်ဒေါ်သနဲ့ ကိုယ် .."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် အမှန်ပဲ .. ဒါပေမယ့် ရှင့်ကို ဘာမှပြောမှာ မဟုတ်ဘူး .. လွန်လွန်း ကိုပဲ ဆူမှာ .."

"မတတ်နိုင်ဘူး .. ဆန်ပြုတ်တော့ မသောက်ချင်ဘူး .."

"ရှင် .. ဒီအိမ်မှာ တစ်ခုခု မကျေနပ်လို့ ဆန္ဒပြနေတာလား .."

"မဟုတ်ပါဘူး .. မင်းတို့လည်း ကိုယ် ဘယ်လိုနေနေ လိုက်မကြည့်နေရင် ကောင်းမယ် .."

"ဘာ!..."

"မင်းနဲ့ ကိုယ် ရန်ချည်းပဲ ဖြစ်မနေချင်ဘူး .. အဲဒီတော့ တော်တော့ ...၊ ဆေး ပေး .."

သူကပဲ စိတ်မရှည်သံနဲ့ ...၊

လွန်လွန်း ကိုယ့်စိတ်နဲ့ ကိုယ်သာဆို ဆိုးဆိုးဆတ်ဆတ် ထထွက်သွားမှာပါ ...။

"တစ်ခုခု စားပြီးမှ ဆေးသောက်လို့ ရမှာပေါ့ ...၊ ရှင်ဟာလေ.."

"ဒါဆို ဝီကေ တစ်ခုလောက် ယူပေးလို့ ရလား .."

"ဆေးနဲ့ ဝီကေ ဘာဆိုင်လို့လဲ .."

"လွန်လွန်းခက် .."

ကိုယ့်နာမည်ကို ပထမဆုံး သူ့ပါးစပ်က ခေါ်ခြင်းဖြစ်ကာ နာမည်တစ်စတစ်ဆုံးလည်း သူ ခေါ်မှပဲ ကြားရတာမို့ ကိုယ့်နာမည်ကိုတောင် မမှတ်မိချင် ...၊

မျက်လုံးချင်းဆုံတော့ မီးရောင်အောက်မှာ သူ့မျက်လုံးတွေက မျက်ခုံးထူထူအောက်မှာ ပို၍ စူးရဲနေသလို ရှိ၏။ ထို့ပြင် လူကို စူးစူးစိုက်စိုက် ကြည့်နေကာ ...

"ကိုယ့်ကို ခင်ခင်မင်မင် ဆက်ဆံပေးလို့ ရလား .."

"ရှင်က ခင်ချင်စရာကောင်းအောင် နေပေါ့ .."

"ကိုယ် မသိဘူး .. ဒါပေမယ့် ကိုယ် မင်းနဲ့ ရင်းနှီးချင်တယ် –





ဒီအိမ်မှာ မင်းနဲ့ ရင်းနှီးမှ ကိုယ့်အတွက် ပိုအဆင်ပြေမယ်လို့လည်း ထင်တယ်.. ဘာဖြစ်လို့လဲဆိုတော့ မင်းနဲ့ ကိုယ်က မတိမ်းမယိမ်းအရွယ်တွေ .. ကိုယ် ပွင့်လင်းချင်တာတွေက မင်းနဲ့မှ ဖြစ်မှာ .."

"ဘာ!..."

သူက ပြုံးပြပြီး စိုက်ကြည့်သည်။ ပြုံးနေနေ ရယ်နေနေ ပါးပြင်မှာ အရစ်လေး ထင်သွားတတ်သော သူ့မျက်နှာသွယ်သွယ်က သတိထားမိလောက်အောင် ဆွဲဆောင်၏။

"အခု ကိုယ် ဒုက္ခရောက်နေတယ် .. အဲဒါကို မင်း ကူညီပေးမှ ဖြစ်မှာ .."

သူက စကား ခဏရပ်ပြီးမှ ...

"ဒါလေး ကိုယ့်ကို ရောင်းပေး .."

ဟင်!...

သူ အဆင်သင့် ဖြုတ်ထားပုံပေါ်သည့် ပလက်တီနမ် ဆွဲကြိုးလေးကို ကိုင်၍ ...

"ကြိုးမှာ ဆိုင်နာမည် ပါတယ် .. 'ချစ်ဖူးငုံ'စိန်တိုက်မှာ သွားရောင်းပေး .."

"အို!... မလုပ်ပါနဲ့ .."

သူ လှမ်းပေးတော့ လွန်လွန်း က ငြင်းကာ လက်ကိုတောင် ဆားသွဲ့ထားလိုက်သေးသည်။ ချစ်သူ က သက်ပြင်းချလိုက်ပြီး လွန်လွန်း လက်လေးကို ဖျတ်ခနဲ ဆွဲယူ၍ ...

"လုပ်ပေးစမ်းပါ .. ကျေးဇူးတင်တယ် .."

"နေဦး .. ဟင့်အင်း .. မမခင် ကို ပြောရဦးမယ် ...၊ အဲ့ဒါ .."

"မပြောပါနဲ့ .. ဘယ်သူမှ မသိစေချင်လို့ မင်းကို တစ်ခါတည်းအားခင်းထားတာ .."

"ဟင့်အင်း .. မဖြစ်ဘူး .."



www.burmeseclassic.com

www.burmeseclassic.com



သူကလည်း မလွှတ်ဘဲ လက်ဖဝါးထဲ အတင်းထည့်ပေးပြီး သူ့လက်နဲ့ပဲ ပြန်၍ ဖိဆုပ်ထား၏။ လွန်လွန်း ကလည်း ခေါင်းခါနေနေလျက် ရှိစဉ် ...

"အဲ့ဒါကို ပြောတာပဲ လွန်လွန်း .. နင်တို့ ချိန်းတွေ့နေကြတာ ကိုလွန်း သိရင်တော့ ရိုက်တော့မှာပဲ .."

"ဗိုလ်အောင်ဒင် .. ဘာတွေ လျှောက်ပြောနေတာလဲ .."

"ရှူး .. တိုးတိုး .."

ဗိုလ်အောင်ဒင် က ဆွဲကိုင်ထားဆဲ လက်နှစ်ဖက်ရဲ့ဘေးမှာ ထိုင်ချလိုက်ကာ လက်ညှိုးထောင်၍ 'ရှူး ..'လုပ်နေသေးသည်။

"ဟိုမှာ .. မီးဖိုချောင်ထဲမှာ ခင်ခင် ရှိတယ် .. တိတ်တိတ်ချစ်ကြ .. ငါ တိုင်မပြောဘူး .."

တိုးတိုး ကပ်ပြောပြီး မာလာ ရှိရာသို့ ဖြုန်းခနဲ ထပြေးသွားသည်။ လွန်လွန်း စိုးရိမ်သွားကာ လက်ကို အတင်း ပြန်ရုန်း၏။

ချစ်သူ က မလွှတ် ...

"ချစ်နေတာ နော် .. သူများ ချစ်နေတာကို မတိုင်ပြောကောင်းဘူး .. ငါလည်း မပြောဘူး .. နင့်ကို အဲဒါ လာပိတ်တာ .."

"ဦးလေး ဘာပြောနေတာလဲ .."

"လွန်လွန်း နဲ့ ချစ်သူ ချိန်းတွေ့နေကြတာဗျ .. လက်တွေ ဒီလိုဆွဲပြီး ချစ်နေကြတာ .. ကိုလွန်း ကို နင် ပြန်မပြောနဲ့ နော် .."

သွားပြီ!...

လွန်လွန်း မျက်နှာလေး နီရဲသွားသည်။ ဗိုလ်အောင်ဒင် နဲ့ မာလာ ပြောနေကြတာကို ဒီတိုင်း ကြားနေရကာ ...

"မဟုတ်ဘူး .. မဟုတ်ဘူး ...၊ ဦးလေးကတော့ ခက်တော့တာပဲ .. တာပါ .. တိတ်တိတ်နေပါ .. အဲဒါတွေ အကျယ်ကြီး အော်မပြောရဘူးလ .."





မာလာ ကိုယ်တိုင် ဗိုလ်အောင်ဒင့် ကို ပျာယာခတ်အောင် လိုက်ပိတ်နေရသည်။

ချစ်သူ က ပြုံးစိစိဖြစ်နေသည့် မျက်နှာနှင့် ခပ်ငုံ့ငုံ့ ရယ်ကာ ...

"မင်းကမှ တန်းမယူတာ .." တဲ့ ...၊

သေလိုက်ပါလား ...၊

လွန်လွန်း နေရာမှ ထပြေးသွားကာ မာလာ့ လက်ထဲကို ဆွဲကြိုးလေး ထည့်ပေး၍ ...

"အဲ့ဒါရောင်းဖို့ အတင်း ထိုးပေးနေတာ .. လွန်လွန်း တို့ ဘာမှ မဟုတ်ဘူး .."

"သြော် .. မမခင် သိပါတယ် လွန်လွန်း ရယ် .. ကြည့်ပါဦး .. မျက်နှာလေးကလည်း ရှက်နေလိုက်တာ .. ဟဲ့ .. နေဦးလေ .. ဒါကို ဘာလုပ်ဖို့ .."

"သိချင် သွားမေး မမခင် ရာ .. မသိတော့ဘူး .."

လွန်လွန်း အခန်းလေးထဲ ဝင်ကာ တံခါးပိတ်ပစ်၏။ မာလာ က ဆွဲကြိုးကို လက်ဝါးပေါ် တင်ကြည့်နေရင်း ကြောင်တောင်တောင် ဖြစ်နေရာကနေ ပြုံးယောင်သမ်းသွား၏။

အပြင်ထွက်လာပြီး ကြည့်လိုက်တော့ ချစ်သူ က သူမကို မြင်သည်နှင့် ဖျတ်ခနဲ မျက်နှာလွှဲကာ ပါးကုတ် နားကုတ် ...၊

ရင်းရင်းနှီးနှီး နေပါလို့ပဲ ပြောမိတာ.. အိုဗာတွေ ဖြစ်ကုန်ပြီလား...၊



www.burmeseclassic.com

## အခန်း (၁၆)

"ကျွန်တော့်အတွက် လိုအပ်တာလေးတွေကို ကျွန်တော့်ဘာသာ ဝယ်ချင်လို့ပါ .. ပြီးတော့ ကျွန်တော့် ဆေးကုသစရိတ်ကြောင့် .."

"ရပြီ .. သိပြီ ငါ့ညီ .. ကိုယ် သိပြီ .."

နေမောင်မောင် က ရယ်ရင်း နေရာမှ ထရပ်လိုက်ကာ ...

"မင်း ဒီကို ရောက်စက ဆေးခန်းမှာ လဲဝတ်ပေးခဲ့တဲ့ နေလွှမ်း ရဲ့ ဝတ်စုံတစ်စုံအပြင် ဘာမှ ထပ်ယူမဝတ်ဘဲ မင်းရဲ့အဟောင်းနဲ့မှ နှစ်[illegible] တည်းကို အကြိတ်အနယ် လဲဝတ်နေတာလည်း သိတယ် .. မကြာ[illegible] အဲ့ဒီကိစ္စ ပြဿနာရှိလာမှာကိုပါ ကြိုသိနေတာ .."

"ကျွန်တော့်ကို တစ်မျိုးထင်မှာစိုးလို့ မပြောဖြစ်ခဲ့တာပါ .. ဒါ[illegible] မယ့် .. ခု .."

"တစ်မျိုးထင်တယ် ဆိုတာက အစ်ကိုတို့က ငါ့ညီအပေါ်မှာ [illegible] ရားပျက်မှာ စိုးလို့ပါ .. ဒါကို ရှောင်းဖို့ မလိုပါဘူး .. မင်းအတွ[illegible] အဝတ်စား နှစ်စုံ သုံးစုံတော့ အစ်ကိုတို့ ဝယ်ပေးနိုင်ပါတယ် .."

ချစ်သူ မျက်နှာက ဘယ်လိုမှ ကြည်လင်မလာဘဲ ခေါင်းပဲ ခါ[illegible] လျက် ...





"ကျွန်တော် မလိုချင်ဘူး .."

"ဘာဖြစ်နေကြတာလဲ ဟော့ .."

ဦးလွှမ်း က ရေမိုးချိုးပြီးသည့် မျက်နှာမှန်မှန်နှင့် ထွက်လာရင်း [illegible]တ်လာသည့် ရှပ်အင်္ကျီလက်ဝတွေကို ကြယ်သီးတပ်နေလျက် ...

"ဘာတွေ ဖြစ်လို့လဲ .."

"ဘာမှမဟုတ်ဘူး ဖေဖေ .. ချစ်သူ က ကျွန်တော်တို့ကို ပြန် [illegible]အားနာနေလို့ တဲ့ .."

နေမောင်မောင် က ဆွဲကြိုးကိစ္စကို ထည့်မပြောဘဲ သူ ကိုင်ထား[illegible]သည့် ကြိုးကို ချစ်သူ အင်္ကျီအိတ်ထဲ မသိမသာ ပြန်ထည့်ပေးလိုက်၏။

"မင်းက အားနာနေရင် ငါတို့က နေစရာ မရှိတော့ဘူးပေါ့ .. [illegible] - ကဲ .. ဟင်းတွေ အေးထား ..၊ အလတ်ကောင် ပြန်ရောက်တာနဲ့ [illegible]က်ဆုံစားကြမယ် .."

"ဘယ်ကိုလဲ .."

သူ့ကို နေမောင်မောင် က တွဲခေါ်လာပြီး ဒီနားမှာ ထိုင်ပေးထား[illegible] သူများ ထမင်းစားကြမည်ဆိုတော့ ချစ်သူက တုတ်ကောက်ကို [illegible]ပြု၍ ထရပ်သည်။ နေမောင်မောင် က ပြန်ဆွဲထားကာ ...

"ဒီည ယမင်းလက်ဆုံစားကြမှာလေ .."

"ကျွန်တော် .."

"အတူဟူ စားကြမှာကွ .. မင်းကို တမင် ခေါ်ထုတ်လာတာ .. [illegible] ညီမလေးလည်း ကလေးတွေ ကျူရှင်ပြီးပြီ ..၊ နေလွှမ်း လေ .. [illegible]တာပ်ချင်တဲ့ စူဠလိပ်ကိုလည်း အမိဖမ်းထားတယ် .. ဒါကြောင့် [illegible]ဆုံစားကြမှာ .. မင်း နည်းနည်းပါးပါးတော့ နားငြီးခံလိုက်ပါ .. [illegible] ကောင်းပါတယ် .."

"ဟုတ်တယ် မောင်လေးရေ.. အလတ်ကောင်က ဆော့ဖ်ဝဲကုမ္ပဏီ [illegible]မှာ အလုပ်လုပ်နေတာလေ .. သူ့မှာ ဘာလုပ်လို့မှ အားမရှိဘူး..



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံခြားသွားမယ်ဆိုတာချည်းပဲ ..၊ အဲဒါ ဒီည သားအဖနှစ်ယော
အချေအတင်တွေ ဖြစ်ကြဦးမှာ .. ငါ့မောင် ထမင်းမျိုမကျလည်း
သုတ တိုးတာပေါ့ကွာ .."

အားလုံးက တိုက်တွန်းနေကြတော့ ချစ်သူ မငြင်းသာဘဲ ဖြစ်သွာ
သည်။ မာလာ က ရယ်နေလျက် ...

"ဘာမှမပူနဲ့ .. ဟိုတယ်လ်စာတွေပါ မှာထားတာဆိုတော့
တွေ စုံမှာပါ .. ပျော်ပျော်ပါးပါးပေါ့ကွာ .."

"ဒါနဲ့ ညီမလေးရော .."

"ကိုမောင့် ညီမ ဝမ်းကိုက်နေတယ်လေ .. ဗိုက်နာလို့ဆိုပြီး
ပြီးတည်းက အခန်းထဲ ဝင်သွားတာ .."

"ဟာ!... ဘာတွေ သွားစားလို့လဲ ..၊ ဒီညကျမှကွာ .."

"နေ့လယ်က သင်္ဘောသီးထောင်း စားတယ် .. ပြီးတော့ မနက်
နေ့လယ်စာမှာ ပုစွန်ချဉ်သုပ်နဲ့ စားတာလေ .. ငရုတ်သီးစိမ်းတွေ
အများကြီးရယ် .."

"မရဘူး .. ဒီဝိုင်းမှာ လူစုံမှ ဖြစ်မှာ .."

နေမောင်မောင် က သူ့ညီမ အခန်းထဲ ဝင်သွားပြီး မရ
ခေါ်ထုတ်လာသည်။ လွှန်လွှန်း ပါလာတော့ ဗေဒါရောင်ဆွယ်
လက်တို အပါးလေးနဲ့ဖြစ်ကာ ပါးနှစ်ဖက်မှာ ပါးကွက်ဝိုင်းကြီးတွေ
ပေါက်စီလုံးကြီးတွေ ကပ်ထားတဲ့အတိုင်း ..၊

"ဟာ .. ငါ့သမီး .."

မြင်လိုက်တာနှင့် ဦးလွန်း က မျက်ခုံးကြီးတွေ ပင့်သွားပြီး
တည ...

"ပေါက်စီ စားချင်ရင်လည်း အဖေ့ကို ပြောရောပေါ့ .. ဒီလို
ပြစရာလား .."

"ဟင် .. ဘယ်သူက ပေါက်စီစားချင်တယ် ပြောလို့လဲ .."





အားလုံး ပြုံးစိစိ ဖြစ်သွားကြတာ မြင်ပေမယ့် လွှန်လွှန်း ရုတ်
ရက် သဘောမပေါက် ..၊ ပြီးတော့ အကြည့်က ချစ်သူ ဆီ ရောက်
လျှင် ..၊ ဘာဖြစ်လို့ သူ့ကို ကြည့်မိကာမှ ချက်ချင်း သဘောပေါက်
မှန်း ကိုယ့်ကိုယ်ကိုယ်တောင် မသိ ..၊

လက်က ပါးပေါ်ကို အလိုလို ရောက်သွားကာ ...

"အယ်!... ဖေဖေ နော် .."

"ဟား .. ဟား .. ဟား ..."

"ဖြစ်ရလေ .. ငါ့သမီး နှယ် .."

ရယ်သံတွေထဲမှာ နေမောင်မောင့် အသံက အကျယ်ဆုံး ..၊

"ဖေဖေ့သမီး အဲဒါ သိလား .. နေလွှန်း သနပ်ခါးတွေ ဝယ်လာ
တို သူ လိုချင်တာနဲ့ သူများ မပေးဖြစ်အောင် သနပ်ခါးတုံး ရှိသမျှ
ကုန် လိုက်သွေးပစ်တာ .."

"ဟင်!... ဟုတ်လား .."

ဟုတ်တော့ ဘာဖြစ်လဲဆိုသည့် မျက်နှာလေးက စူပုတ်ပုတ်လေး
သွား၏။ ပြီးတော့ ခေါင်းပုတ်လာသည့် နေမောင်မောင့် လက်ကို
သီးဆုပ်နဲ့ ပြန်ထုသည်။

"ဖေဖေ့သားက လွှန်လွှန်း ကိုတော့ သနပ်ခါး မလိမ်းလို့ မဝယ်ခဲ့
တဲ့ .."

"ဟုတ်တာပဲ .."

"လွှန်လွှန်း လိမ်းတာပဲဟာ .. သူ့ယောက္ခမလောင်းကို ပေးချင်
နဲ့ အကြောင်းပြပြီး တမင် ညစ်တာ .."

"အော် .. ပေးချင်လို့ ဝယ်လာတာပဲ .. ပေးပါစေတော့လား သမီး
.."

"မပေးရပါဘူး.. လွှန်လွှန်း ကျတော့ မုန့်တွေ .. အရုပ်တွေ ယ
ပေးဖို့ပဲ သတိရတယ်တဲ့ .. ဖေဖေ့သား သိလား .."



www.burmeseclassic.com

www.burmeseclassic.com



"သူ့ညီမလေးကို ချစ်စနိုးနဲ့ နေမှာပေါ့ .."

ဦးလွန်း ကလည်း ပြုံးနေသည့်မျက်နှာနှင့် ကာကွယ် ပြော ရှာ၏။

"ဖေဖေ နော် .. လွန်လွန်း က အရုပ်တွေ မုန့်တွေပဲ မက်ရအော ကလေးလေးမှ မဟုတ်တာ .. ယောကျ်ားမလောင်းဖို့ကျတော့ သန တုံးကြီးတွေ ကောင်းမှကောင်း ..၊ အဲဒါကြောင့် တမင် သွေးထည့် လိုက်တာ .."

"အစ်ကို့အတွက် ငါ့သမီးက အဲ့ဒီလို ပါရမီဖြည့်တာ .."

"ဟား .. ဟား .. ဟား ..."

"သိတယ် .. သိတယ် .. မယ်လွန်လွန်း .. ငါ့ညီမ အဲလိုမှ လု မလားလို့ .."

စကားသံနှင့်အတူ နေလွန်း ရောက်လာတော့ သူငယ်ချင်း ယောက်ပါ ပါ၏။ တစ်ယောက်ကို မသိပေမယ့် တစ်ယောက်က လွင် ..၊

"ဟော.. လာကြပြီဆိုတော့ မမခင် ထမင်းပွဲ ပြင်လိုက်တော့

"ခုမှ ခုနစ်နာရီပဲ ရှိသေးတယ် မမခင် .."

နေလွန်း က ဧည့်ခန်းမှာပဲထိုင်လိုက်ကာ နာရီ ငုံ့ကြည့်ပြီး ပြော

"ပြင်လိုက် သမီး .. ပြင်လိုက် .. စကားပြောရင်း စားကြတာ နောက်ကျနေရင် ပြန်ရ သွားရမယ့်လူတွေက ရှိသေးတယ် .."

ကိုကိုလွင် တို့ကို ရည်ရွယ်ပြီး ပြောတာပေမယ့် နေလွန်း ပြ သွားမှာကိုလည်း ဦးလွန်း က သိနေ၏။

ထမင်းစားပွဲဝိုင်းကြီးက တကယ့်ကို အကြီးကြီးပါ ..၊ ရှိသ အားလုံး ဝိုင်းထိုင်တာတောင် ချောင်ချောင်ချိချိ ရှိနေသေးကာ တွေက စားပွဲအလယ်မှာ ..၊ မြန်မာ ထမင်းဟင်းတွေအပြင် ဟိုတ စာတွေပါ ပါ၏။





"ဘယ်မှာလဲဟေ့ ကိုအောင်ဒင် .."

"ဗိုက်ဆာလှပြီ အော်နေတာနဲ့ သူ့ကို အရင်ကျွေးလိုက်တာ .. နည်းနည်းပဲ စားထားနှင့် ဆိုပြီးတော့ .."

"ဒါဆို အခု ခေါ်လေ .. သူ စားနိုင်ပါတယ် .."

"အိပ်ပျော်နေတယ် အဖေ .. နေပါစေတော့ .."

"မဟုတ်တာ .. သွားနှိုး .. သွား .. အသက်ကြီးတဲ့လူကို .. ပြီး ဘော့မှ ကျွေးရင် အကျန်တွေ ဖြစ်မှာပေါ့ .."

"နည်းနည်းဖယ်ထားသေးတယ် အဖေ.. ရပါတယ် အဖေရဲ့.. သူ့ နှိုးနေရရင် ယောင်နေတာနဲ့ ကိစ္စက တော်တော်နဲ့ပြီးမှာ မဟုတ်ဘူး.."

လူတွေ စုံနေကာမှ စကားများမှာစိုးလို့ ဖြစ်သည်။ ပြီးတော့ သူ့မှာ သူ နဲ့ လွန်လွန်း ကို ဟိုလိုဒီလို ထင်ပြီး ပြောလို့မဆုံးနိုင် ဖြစ်နေခဲ့၏။

ဘယ်သူ့မှ မပြောနဲ့ဆိုပြီး သူသာ သတင်းထူး ရသားသလိုလို ..၊ ဒါပေမယ့် ဒီတစ်ရေးအိပ်ပြီးရင်တော့ ဒါကို မေ့သွားမှာပါ ..။

"ကဲ .. ဧည့်သည်တွေပေမယ့် လူစိမ်းတွေ မဟုတ်ကြတော့ဘူး .. ချစ်သူ လည်း တို့ မိတ်ဆွေပဲ.. မောင်ကိုကိုလွင် ကလည်း ဒီမှာ ထွက်စားသောက်နေကျပဲ .. မင်းတို့ သူငယ်ချင်းတွေပဲ .. အားရ ရသာ စားကြ .."

"ဒါ .. ဘာပွဲလဲ အန်ကယ်လ် .."

"မင်းတို့ကောင်ကို ခြေထိတ်ခတ်တဲ့ပွဲ ကွ .."

ဦးလွန်း က ထမင်းပွဲ စတာနှင့် ဟင်းတွေကို ဦးချစ်ပြီး သူကချည်း တစ်ယောက်စီကို ပြန်ထည့်ပေးနေသည်။ ပြီးတော့ နေလွန်း ကို ဆတ်ပြ၍ အားလုံးကို ပြန်ကြည့်ကာ ...

"နိုင်ငံခြားသွားကြမလို့ မင်းတို့ ပြင်ဆင်နေကြတာလေ .. အဲ့ဒါ တို့ သွားရင် ငါ့သားကိုတော့ ထားခဲ့ကြ .."

တည့်တည့်ပြောပြီး ထမင်းလုတ် ပါးစပ်ထဲ ထည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အငယ်ကောင် ဘာလို့ ခေါင်းငုံ့သွားတာလဲ .. ပြန်မပြော နား
မထောင် မလုပ်နဲ့နော်.. မင်းကို နိုင်ငံခြားသွားဖို့ ငါ လုံးဝ ခွင့်မပြုဘူး.."

"ကဲပါ ဖေဖေရယ် .. ထမင်းဝိုင်း စားတာက ဒါကို ပိတ်ပင်
ခင်းကျင်းတာမှ မဟုတ်တာ.. ပျော်ပျော်ပါးပါး စားကြပါစေဦး .. ဖေ
လည်း .."

"ဖေဖေကလည်း ဒါကို ပြောရဖို့ တကူးတက ပြန်လာရတာလေ..
မင့်ညီကို ဒီလိုမှ မဖမ်းရင် မိလို့လား .."

"ဟုတ်ပါတယ် .. အခု ညှော်သည်တွေနဲ့အတူ စားကြတာလေ ..
တော်ကြာ ဖေဖေ့ ထမင်းဝိုင်းကို သူတို့ စိတ်ပျက်သွားပါဦးမယ် .."

နေမောင်မောင် က နေလွှန်း မျက်နှာကို အကဲခတ်မိကာ ဦးလွှ
ပန်းကန်ထဲ ဟင်းတွေ ထည့်ပေးရင်း တွင်တွင် ဖာထေးနေ၏။

"ကျွန်တော်တို့က ရတယ် ကိုမောင် .. အန်ကယ်လ်နဲ့ နေလွှ
ကြားက အက်တမ်ကို မြင်ပြီးသား .."

"ဒါတော့ လွန်သွားပြီ .."

နေလွှန်း က ကိုကိုလွင့် မျက်နှာကို ကြည့်၍ ရှဲ့သည်။ ကိုကိုလွင်
က ရယ်ကာ ...

"တကယ် ပြောနေတာ .. အန်ကယ်လ်က ရယ်သာ ရယ်နေ
နော် .. ငါတို့ကသာ နေလွှန်း ပါမှ သွားမှာလို့ ပြောကြည့်ပါလား .."

"အေး .. ဟုတ်တယ် .. ငါ နှာရင်း ထအုပ်မှာ .."

"တွေ့လား .."

ပြောနေရင်း ရယ်ကြသည်။ ဦးလွှန်း ကတော့ ရယ်ပေမယ့် ဒီသာ
မျက်နှာကိုပဲ တကြည့်ကြည့် ..၊

"မြန်မာနိုင်ငံမှာလည်း နိုင်ငံခြားကုမ္ပဏီတွေ လာဖွင့်နေကြ
ပဲ .. အလုပ်တွေများ ပေါမှ ပေါကွာ .. ကိုယ့်မိသားစုနဲ့ အိုးမကွာ အိ
မကွာ နေပါလား .."



"ဖေဖေကလည်း သားတွေ မွေးထားပြီးတော့ မိုင်းကောင်း
ကျောက်ဖိ နေစေချင်ရလား .."

"အံမာ .. နေလွှန်း .."

"ဗျာ .."

"မင်းကို ခေါ်တာ မဟုတ်ဘူး .."

"မသိဘူးလေ .. မထူးရင်လည်း စိတ်ကောက်နေတယ် ပြောဦးမှာ
ကို .."

မာလာ က ထမင်းစားရင်း ပြုံးကာ နေလွှန်း ပန်းကန်ထဲကို ကြက်
ငင်ဖတ်တွေ လှမ်းထည့်ပေး၏။

"တော်ပြီ .. ကျွန်တော်က ဘဲကင်ပဲ ကြိုက်တာ .."

"ဘဲကင်က အကြော အရမ်းတက်တာ မောင်လေးရဲ့ .. အဖေနဲ့
တည့်လို့ .."

ပြောနေရင်း ချစ်သူ ပန်းကန်ထဲကိုပါ လှည့်ထည့်ပေးသည်။

"မောင်လေး စား .. အသုပ်ကြိုက်လား .. ရေခူသုပ်လေ .. နည်း
နည်း အချဉ်များတယ် .."

"ရပါတယ် .."

"လွှန်လွှန်း ထည့်ပေးလိုက် ညီမလေး .. အဲဒီဘက်က နီးတယ်.."

လွှန်လွှန်း က ခေါင်းညိတ်ပြီး ချစ်သူ ပန်းကန်ထဲကို ထည့်ပေး
သည်။ ချစ်သူ နဲ့ လွှန်လွှန်း က အတူယှဉ်လျက်ရှိကာ လွှန်လွှန်း ရဲ့
ဟိုဘက်မှာ နေလွှန်း ရှိနေ၏။

ထိုစဉ် နေလွှန်း ဟိုဘက်ကနေ ကိုကိုလွင် က ဟင်းတစ်ဇွန်း
ခပ်၍ လွှန်လွှန်း ကို မမီ့တမီ လှမ်းထည့်ပေး၏။

"အဲ့ဒါ လိပ်ကျောက်အသည်းနဲ့ ခရုဆီ နှပ်လေ .. စားကြည့် ..၊
ညီမ ကြိုက်တယ်ဆိုလို့ မမခင် ကို တမင် ထည့်မှာထားတာ .."

စကားပြောနေသည့် အသံတွေ ခဏတော့ တိတ်သွား၏။ ကိုကို

www.burmeseclassic.com



လွင် က ဟင်းထည့်ပေးပြီး ပြောလည်း ပြောပြပြီးမှ အသံတွေ တိတ်သွားတော့ မလုံမလဲ လိုက်ကြည့်ကာ ...

"အဟွန်း .. ဟို .."

"ရတယ် .. ငါ့ကိုပါ ထည့်ပေးလိုက်ရင် ရပြီ .."

"အေးပါ .. ထည့်ပေးရမှာပေါ့ .."

နေလွန်း က သူငယ်ချင်း အဖြစ်ဆိုးတော့မှာကို ကာကွယ်လိုက်သည်။ ကာကွယ်ရမှန်း မသိတာက လွန်လွန်း ဖြစ်သည်။

ဖေဖေကလည်း ပြောလက်စ စကား တုံ့ခနဲ ရပ်ကာ မျက်မှန်ကြီး တဝင်းဝင်းနဲ့ လှမ်းကြည့်သည်။

ကိုကြီးက တအံ့တသြ ဖြစ်သွားပြီးမှ ဘာမှ မထူးဆန်းသလို ပြုး၏။ ဘာမှ မဟုတ်သလို ဖာထေးပြုံးတာ ပြောလိုက်တာတွေက ရှက်စရာကောင်းနေပါပြီ ...၊

မမခင် ကရော ဘာဖြစ်လို့ ဒီလူ ဒီလိုလုပ်ပါဆိုတာကို လုပ်ပေးရတာလဲ ...၊ မိဘ အစ်ကိုတွေကြားထဲမှာ အဲဒီလို ရဲတင်းလွန်းလို့ ကြည့်နေတာ ...၊

စူစူပုတ်ပုတ်ဖြစ်သွားတဲ့ မျက်နှာလေးကို ကြည့်၍ ချစ်သူ မျက်လုံး ကိုကိုလွင့် ဆီ ရောက်သွားသည်။ ကိုကိုလွင် ကတော့ ခဏတစ်ဖြုတ်လေး ရှက်အမ်းအမ်း ဖြစ်သွားပေမယ့် အပြုံးတွေ .. အကြည့်တွေက လွန်လွန်း ဆီမှာသာ ...၊

"အယာမ်း .."

ဦးလွန်း က စကားဆက်ဖို့ ချောင်းဟန့်လိုက်ပြီး ...

"မင်းရဲ့ အစီအစဉ်က ဘယ်လောက်ထိ သေချာနေပြီလဲ .. ပြောပါဦး .."

နေလွန်း ခွန်း ခက်ရင်းကို ချပြီး ထမင်းဝါးနေသည့် မျက်နှာနှင့် ဦးလွန်း ကို ကြည့်၏။





"ဖေဖေက သိရဲ့သားနဲ့ .."

"သိပေမယ့် မင်း ထပ်ပြောတာ ကြားချင်တယ် .."

"ကျွန်တော့်ဘာသာ ပိုက်ဆံ စုထားတာ ကြာပြီဥစ္စာ .."

"ကျွန်တော့်ဘာသာဆိုတာ ဘာလဲကွ .. မင်းပိုက်ဆံ အိမ်က ယူမသုံးလို့ စုမိနေတာ .. ဒါနဲ့ပဲ ကျွန်တော့်ဘာသာ ဖြစ်ရောလား .. အဲ့ဒီပိုက်ဆံတွေ ငါ ပိုင်တယ် .."

သား နိုင်ငံခြားသွားမှာစိုးလို့ လူကြမ်းကြီးလုပ်နေသည့် ဖအေကို နေမောင်မောင် က ကြည့်၍ ပင့်သက်ရှိုက်၏။ ဖနီး မရှိတော့ပေမယ့် အိမ်ထောင်သစ်လည်း မထူ .. စိတ်ဓာတ်လေလည်း မဖြစ်ခဲ့ဘဲ ဒီသားသမီးတွေအတွက် ဖေဖေ ရုန်းကန်ခဲ့သည်။

တစ်လုပ်ပြီးတာနဲ့ တစ်လုပ် ပြေးလုပ်ကာ နှစ်ဆယ့်လေးနာရီမှာ နားချိန်ဆိုတာ သိပ်မရှိခဲ့ပေ ...၊ ဒါကြောင့်လည်း သူတို့တွေ ပညာတတ်လေးတွေ ဖြစ်ခဲ့သည်။

ပြီးတော့ စီးပွားရေးချည်းပဲ ဖိလုပ်နေသည့် တခြား မိဘတွေလို တစ်ဖက်စောင်းနင်း ဖိအားများနေတာ မဟုတ်ဘဲ ဖေဖေက သားသမီးတွေကိုလည်း ဂရုစိုက်သည်။

ကျောင်းကိစ္စကအစ သားသမီးတွေရဲ့ သူငယ်ချင်းတွေထိ အားလုံးနဲ့ တရင်းတနှီး အရောတဝင် နေခဲ့၏။ ဆုံးမပြီဆို အော်ငေါက်သံတစ်ချက်နှင့် သေးပါချင်အောင် တင်းမာ ပြတ်တောက်နေတတ်သလောက် ရင်းနှီးပြီးပြီဆို သူငယ်ချင်းပေါင်း ပေါင်းတတ်ခဲ့တဲ့ ဖေဖေ ...၊

ဒါတွေကြောင့် ဖေဖေ့ကို သူတို့တွေ အမေလိုလည်း ချစ်သည်...၊ အဖေလိုလည်း အားကိုးသည်။ ညီငယ်ကိုလည်း ဖေဖေ့ စိတ်ချမ်းသာရေးကိုသာ ဦးစားပေး ဆုံးဖြတ်စေချင်ပါသည်။ ဒါပေမယ့် ...

"ဖေဖေ့ .. ကျွန်တော် တစ်နှစ်လောက်ဖြစ်ဖြစ် သွားပါရစေ .."

"နေပါဦး .. အဲဒီကို ဒီလောက်သွားချင်နေရတဲ့ အကြောင်းက.."



www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှာက ကိုယ် ကြိုးစားနိုင်သလောက် ပိုက်ဆံရတယ် ဖေဖေ.. ကျွန်တော် ဖေဖေ ဖြစ်ချင်တဲ့ဆန္ဒကို ဖြည့်ပေးချင်လို့ပါ .."

"ပြောပါဦး .. ငါ ဘာဖြစ်ချင်နေတာလဲ .. ငါ့ကိုယ်ငါတောင် မသိဘူး .."

"ဖေဖေ ဒီမိသားစုတွေနဲ့ ပျော်ပျော်ရွှင်ရွှင် ကျယ်ကျယ်ဝန်းဝန်း နေချင်တာ မဟုတ်ဘူးလား .. ကျွန်တော် ဖေဖေ့ကို ခြံကျယ်ကျယ်နဲ့ မြေပိုင် တိုက်ပိုင် ထားချင်တာ .."

နေမောင်မောင် ပါးစပ်နား ရောက်တော့မည့် ထမင်းလုတ် တုံ့ခနဲ ရပ်သွားသည်။ ဦးလွန်း ထမင်းဝါးနေသည့် တလှုပ်လှုပ် နှုတ်ခမ်းက ချက်ချင်း ငြိမ်သက်သွားပြီး ...

လွန်လွန်း မျက်နှာငယ်လေးနဲ့ နေလွန်း ကို လှမ်းကြည့်သည်။ သူမတို့ ထင်ထားကြတာက နေလွန်း က ခေတ်ရေစီးကြောင်းအတိုင်း စီးမျောခွင့်ကို အလိုရှိနေတာဖြစ်ကာ မိသားစုထဲက သီးခြား ဖောက်ထွက်ဖို့ ကြိုးစားခြင်း ဖြစ်သည်ဟု ...၊

"ဖေဖေ တစ်မျိုးထင်နေမှန်း သိပါတယ် .. ဒါပေမယ့် ခုလို ဖွင့်ပြောလည်း ဖေဖေ ခွင့်ပြုမှာမှ မဟုတ်တာ .."

"ဟုတ်တယ် .. မပြုဘူး .."

ဦးလွန်း ထမင်းလုတ် နှစ်လုတ်လောက် ဆက်တိုက် သွင်းပစ်ရင်း စိတ်လှုပ်ရှားခြင်းကို ဖုံးဖိနေရှာ၏။ သားကို သူ အထင်လွဲခဲ့သည်။ ခုလို သိလိုက်ရတော့ ရင်ထဲမှာ နင့်ခနဲ နာကျင်သွားသည်။

ဒါပေမယ့် သူ ဘယ်လိုမှ ခွင့်မပြုနိုင် ...၊

"ယောက်ျားတစ်ယောက်က ချမ်းသာချင်ရင် ဖြတ်လမ်းနည်းတွေ အများကြီး ရှိတယ်ကွ .. ထာဝရ မဟုတ်ရင်တောင် ရေလျှံ ဘောစိတော့ ဖြစ်သွားလို့ ရတယ်...၊ ငါ ဘာမှ မမက်ဘူး .. ငါ မက်တာ ငါ့သားသမီးတွေနဲ့ မြေးမြစ်တွေ ရတဲ့အထိ အတူတူ နေသွားချင်တယ် .. ဒါပဲ .."





"ဖေဖေရာ .. ဖေဖေ့စိတ်ကို ကျွန်တော်တို့ သိပါတယ် .. ဒါပေမယ့် အဲဒါတွေက ဖေဖေ့ အချစ်တွေလေ .. ကျွန်တော်တို့ကရော ဖေဖေ့ကို ပြန်မချစ်ရတော့ဘူးလား ...၊ ကျွန်တော်တို့ကို ဒီအရွယ်ထိ ဖေဖေ အကောင်းဆုံး ပြုစုပျိုးထောင်ခဲ့တာ .. ကျွန်တော်တို့တွေ ခုလို အပြိုင်းအရိုင်း ရှိနေပါလျက်နဲ့ ဖေဖေက ကားမောင်းနေရတုန်း .."

"အဲ့ဒါ ဘာဖြစ်သလဲ .."

ဦးလွန်း က ခေါင်းမော့ ပြောလိုက် .. ထမင်း ငုံ့စားလိုက် ...၊ ပြီးတော့ ဝါးနေရင်း မျိုချတဲ့အထိ ငြိမ်းမှ စကားဆက်၏။

"ငါ အဖေကွ .. ခေါင်းမတုန် .. ခါးမကိုင်းသေးဘူး ...၊ မင်းတို့ရဲ့ အဖေနေရာကို အဖေ အပျက်မခံနိုင်ဘူး .."

"ကဲ .. ကဲ .. အဖေ ထမင်း ဖြောင့်အောင် စားပါစေဦး ညီလေးရာ .. ပြောချင်တာ နောက်မှ ဆက်ပြော .."

"ဖြောင့်တယ် .. ဖြောင့်တယ် .. ဆက်ပြော ...၊ အဖေက သားသမီးတွေ ထမင်းစားပျက်အောင် ဘယ်တော့မှ မလုပ်ဘူး .."

ဦးလွန်း က တကယ် ပြောတဲ့အတိုင်း ထမင်းကို ကုန်အောင် စားသည်။ ဟိုတုန်းတည်းက ဒီတိုင်းပါပဲ ...၊ ဆူစရာရှိလာပြီဆို ထမင်းငိုင်း အရင် ပြင်နိုင်းသည်။

သူ ဆူနေရင် မျက်ရည်ကျတာလည်း မကြိုက် .. ထမင်းတစ်ဝက်နဲ့ ထသွားတာလည်း မရပေ ...၊ သူကိုယ်တိုင်ကလည်း ဘယ်တော့မှ စားလက်စနဲ့ ထထွက်သွားတာမျိုး မလုပ်ခဲ့ ...။

"ဖေဖေက ငိုသွားအောင် ဆူတာ မဟုတ်ဘူး .. မိသားစု မျက်နှာစုံတာ ထမင်းဝိုင်းပဲ .. ထမင်းစားတုန်း စကားမပြောနဲ့ဆိုတာ သဘာဝကျဘူး .. စကားပြောမှ မိသားစု နွေးထွေးတာ ...၊ တစ်နေကုန် တစ်နေရာစီမှာ လှုပ်ရှားနေထိုင်ခဲ့ကြတာတွေ .. ဒီအချိန်မှာပဲ သူ့အကြောင်းပြော .. ကိုယ့်အကြောင်းပြော ပြောလို့ရတာ မဟုတ်ဘူးလား ...၊ ဖေဖေ့



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း ပြောပြ .. ဖေဖေ အမြင်မတော်တာတွေလည်း ဆူမှာပဲ .. ငိုစေချင်လို့ မဟုတ်ဘူး .. သိသွားအောင်လို့ ..'' တဲ့ ..။

သူတို့တွေ အရွယ်ရောက်ပြီဆိုတည်းက ဖေဖေက သူ့စိတ်ဆန္ဒတွေကို ခဏ ခဏ ပြောပြသည်။ ထို့ပြင် 'ချစ်တုန်း မုန်းစကား ပြောရတယ် ..' ဆိုတာ ဒါမျိုးပဲလို့လည်း ပြောသေးသည်။

ငိုနေကာမှ 'မငိုနဲ့ ခုတိတ် ..'လို့ ကလေးကို နာကျင်အောင် ရိုက်မယ့်အစား မငိုရဘူးဆိုတာကို ကြိုတင် အသိပေးထားတာ ဖြစ်၏။

"ဖေ့ဖေက တစ်နေကုန် အလုပ်ရှုပ်နေရတာ .. ပြန်လာရင် သားတို့ သမီးတို့နဲ့ ပျော်ချင်နေတာလေ .. မျက်ရည်တွေ ကျပြကြရင် ဖေဖေ ဘယ်လိုနေမလဲ ..၊ အဲဒီတော့ ဖေဖေကလည်း မရိုက်ရအောင် သားတို့လည်း မျက်ရည်မကျရဘူး .. လူဆိုတာ ပြောပြရင် နားလည်ရတယ်.. တုတ်ကိုင်ရတယ်ဆိုတာ တိရစ္ဆာန်တွေကျောင်းမှ ကိုင်တာ ..'' တဲ့ ..။

ကစားကွင်းတွေ မိသားစု သွားကြရင်တောင် သားသမီးတွေကို တစ်ဖက်စီဆွဲရင်း ခြေလှမ်းတွေသာ လှမ်းနေသည်။ ပါးစပ်ကလည်း မနား ..၊

သူတို့တွေ ငယ်စဉ်တည်းက ဖေဖေ ဆုံးမ သွန်သင်ခဲ့တာ တုတ်နဲ့ မဟုတ်ပေ ..၊ ဤသို့ ဂရုဏာဝင်ဆန်ဆန် ဦးဆောင်လမ်းပြမှုတွေနဲ့ မေတ္တာထားခဲ့တဲ့ ဖေဖေ ..၊

"အဖေ .. စားလို့ မကောင်းဘူးလား ဟင် .. ဝပြီလား ..''

ပန်းကန်ထဲရှိတဲ့ ထမင်းအကုန် စားလိုက်တာတောင် မာလာ က မျက်နှာမကောင်းစွာနှင့် မေး၏။

"တော်ပြီ သမီး .. အဖေ ဒီလောက်ပဲ စားနိုင်တယ် .. သစ်သီး တစ်ပွဲလောက် ပေး ..''

"ဟုတ် ..''

မာလာ က ထမင်းပန်းကန်ကို ယူသိမ်းကာ လွန်လွန်း က ဖန်သီး





နဲ့ နာနတ်သီးစိတ်ထားတဲ့ ဗန်းကလေးကို ရေခဲသေတ္တာထဲက ထယူဆေးလိုက်၏။

ထမင်းစားတော့ အားလုံးက ဇွန်း ခက်ရင်းနဲ့ဖြစ်ကာ ဦးလွန်း က လက်နဲ့ ဖြစ်သည်။ ထို့ကြောင့် လက်ကို ဆပ်ပြာရည်ထဲမှာ နှစ်ပြီးမှ သေချာဆေးပြီး လက်သုတ်ပဝါနဲ့ သုတ်ရင်း ...

"စားကြ .. စားကြ .. ဧည့်သည်တွေလည်း စိတ်ညစ်ကုန်ပြီလား မသိပါဘူး .. ငါတို့သားအဖက ဒီလိုပဲ ..''

"မညစ်ဘူး အန်ကယ်လ် .. ဘယ်သူ့ဘက်ကနေရင် အမြတ်ထွက်မလဲလို့ စဉ်းစားရင်း စားနေတာ ပိုတောင် ဝင်သေးတယ် ..''

ကိုကိုလွင် က နှုတ်သွက်လျှာသွက် ပြောပြီး ထမင်း လက်စသတ်အောင် စား၏။ ပြီးမှ ...

"လောလောဆယ် အန်ကယ်လ်က ဒီဝိုင်းရဲ့ဒကာ ဆိုတော့ .. အန်ကယ့်လ်ဘက်က ပါမယ် ..''

ဦးလွန်း က သွားတွေပေါ်အောင် ရယ်၍ ...

"အေး .. ဒါဆို ဖအေနဲ့ ငွေနဲ့ ဘာကို ရွေးသင့်သလဲ .. မင်းပဲ ဆက်ပြောလိုက်စမ်းပါ ..''

"အန်ကယ်လ်ကလည်း .. နေလွန်း က ငွေမက်လို့ မဟုတ်ပါဘူး.. သူ ပြောသမျှ အန်ကယ့်လ်အတွက်ချည်းပဲ ..''

"အံမာ .. ငါ့ဘက်ကဆိုပြီး ဘာဖြစ်လို့ နေလွန်း ဘက်က လိုက်ပြောနေတာလဲ ..''

"အဲ့လို ဖြစ်သွားလား ..''

ပေါ့ပါးစေလိုလို့ ကိုကိုလွင် က လျှောက်နှောက်နေပေမယ့် နေလွန်း ရယ်နိုင် .. မပြုံးနိုင် ဖြစ်နေတာကို ဦးလွန်း က အကဲခတ်နေကာ ...

"မင်း ဘယ်လောက်ထိ သေချာပြီးပြီလဲ ..''

နေလွန်း က မျက်လွှာပင့်ကြည့်ပြီး မဖြေ ..၊



www.burmeseclassic.com

www.burmeseclassic.com



"ညီ … ဖေဖေ မေးနေတာ ဖြေလိုက်လေ …"

"ဖေဖေက ဆူမလို့ မေးတာပဲ ကိုကြီးရ …"

ခုမှ ကလေးဆိုးကြီးလို မျက်နှာကြီး ညိုကာ ထမင်းစားနေသည့် ညီကို နေမောင်မောင် က ချစ်စနိုးအကြည့်တို့နှင့် ပြုံး၏။

"မင်း ဆူချင်စရာတွေ လုပ်ထားပြီးမှ ဆူခံထိမှာ ကြောက်နေ လား …"

"ကျွန်တော်က ပျော်ပါး လေလွင့်နေတာမှ မဟုတ်တာ … အိမ် အတွက် ကြိုးစားတာကို …"

"အေးကွ … ပျော်ပါး လေလွင့်နေတဲ့ကောင်ကို ငါ ဒီလောက် ဆုံးမထားတာတောင် မိုက်ရသလားဆိုပြီး ဖင်လှန်ရိုက်ပစ်လို့ ရသေး တယ် … ငါ ငွေရှာတာပဲဆိုပြီး မင်းက …"

"ဟာ!… မဟုတ်ပါဘူး ဖေဖေရာ … ကျွန်တော် ဖေဖေ ကားမောင် နေရတာကို မြင်ကို မမြင်ချင်တော့တာ …"

"အေးပေါ့… ဖအေက တက္ကစီသမားဆိုတော့ ရှက်တတ်လာပြီကိုး"

"အဲ့ဒါလည်း မဟုတ်ပါဘူး … ကျွန်တော်တို့ တက္ကသိုလ်တက် တုန်းကတောင် ဖေဖေ တက္ကစီနဲ့ လိုက်ပို့ လာကြိုနဲ့ … သားအဖ လည်ပင်းဖက် သွားလာနေတာ … ခုကျမှ ရှက်စရာလား …"

"အေး … မဟုတ်ရင်လည်း ဘာမှ မပြောနဲ့တော့ … ခုန ငါ မေးတာ ကိုပဲ ဖြေ …"

နေလွန်း ခဏ တိတ်သွားသည်။ ပြီးမှ …

"ပိုက်ဆံတော့ ပြည့်နေပြီ … ဟိုမှာ နေဖို့ထိုင်ဖို့ပါ အားလုံး အဆင် ပြေတယ် …"

ဦးလွန်း နာနတ်သီးစိတ်တွေ စားနေရင်း ငြိမ်သက်နေ၏။ အား ကလည်း ဦးလွန်း ကိုပဲ ကြည့်နေကြကာ ထမင်းစားသောက်တဲ့ ကတော့ ပြီးနေကြပါပြီ …၊





"ညီလေး စားမကောင်းဘူးလား …"

ထည့်ပေးသလောက်ကိုပဲ နည်းနည်း လက်ရာပျက်ရုံ စားထားတာ တော့ ချစ်သူ ကို နေမောင်မောင် က ဂရုတစိုက် မေးသည်။

ချစ်သူ က ပြုံး၍ ခေါင်းခါပြ၏။

"မဟုတ်ပါဘူး … စားကောင်းပါတယ် …"

မိသားစုတစ်စု၏ သံယောဇဉ်မေတ္တာတွေနဲ့ နှောင်တည်းမှုကို သူ ခါမှ မမြင်ခဲ့ဖူးပေ …၊ ထို့ကြောင့် မြင်နေရသည့် မျက်နှာတွေက တွက် ထူးဆန်းနေ၏။ ကြားရသည့်စကားတွေကို အံ့ဩမိသည်။ က်ထဝ် ခံစားချက်တစ်ခုက ဒီအသံ … ဒီအဖြစ်တွေကြောင့် သူ ျက် နားငြီးခဲ့ခြင်း အလျဉ်းမဖြစ်ခဲ့ …။

ည၏မီးရောင်က ဖွေးထိန်နေကာ အားလုံး၏မျက်နှာပေါ်က ခံစား ည်သော ကောက်ကြောင်းတို့ကို အရှင်းသား မြင်နေရသည်။ ဦးလွန်း ကတော့ တင်းတင်းမာမာတွေ ပြောသွားလိုက် … လူငယ် က်နှာကို ပြန်ကြည့်ပြီး ပြေပြေပြစ်ပြစ် ဖြစ်သွားလိုက် …၊ ရင်ထဲမှာတော့ ပြေပြစ်နိုင်ခြင်း မရှိဘဲ ဘယ်လောက်ထိ ထိခိုက် နေသည်ကို မျက်ဝန်းတွေက ဖော်ပြနေကြ၏။ နောက်ဆုံး ိုင်း အသိမ်းမှာတော့ ခေါင်းတညိတ်ညိတ်နှင့် ရှိနေကာ …

"အေးလေ … အတောင်စုံရင် ပျံထွက်ကြမှာပဲဆိုတာတော့ ငါ ါတယ် …"

သူ့ကိုယ်သူ ဖြေသိမ့်နိုင်အောင် ကြိုးစားလိုက်သည့် စကားလေး ၏။ နာနတ်သီးစိတ်ကို ကိုင်ထားပြီး ပါးစပ်နားရောက်မှ ပြာခလို့ နောက်ပြန်ဆုတ်တာမျိုး လက်ပြန်ရုတ်သည်။ းတော့ ပါးစပ်တပြင်ပြင်နှင့် ဘာမှမပြောဘဲ လက်က ပါးစပ် ရောက်ပြန်၏။ ထို့နောက်မှာတော့ ပန်းကန်ထဲမှာပဲ လုံးလုံး ချထားလိုက်ရခြင်းသို့ ရောက်ကာ …



www.burmeseclassic.com

www.burmeseclassic.com



"သေချာပြီးပြီဆိုရင်တော့ သွားပေါ့ကွာ .."

အသံတွေ မသိမသာ တုန်နေခဲ့လျက် နာခေါင်းသီးစိတ် ကိုင်ခဲ့သည့် လက်ကို လက်သုတ်ပုဝါခေါက်ထဲ ထည့်နှစ်ရင်း ဖိဘုတ်ချေနေခဲ့၏ ပြီးမှ ..

"ကဲ .. လူလေးတို့ စားကြကွ .. သမီးကို အရိုးပွဲတွေ ချပေးလိုက် ပါ .."

ဒါတွေ မှာပြီးကာမှ ဦးလျှံနီး နေရာမှ ထလျှက်သွားလေသည်။

"ဖေဖေ .. ဘုရား သွားမှာလေ .. ဘယ်မှ ဟုတ်မသွားနဲ့ နော်"

"အေး .. ဖေဖေ ဒီပါတယ် .."

ခေါ်ပါးသဆောင် ကက်ကြေရာ လှမ်းခေါ်လိုက်ရပေမယ့် ဒီဘက် ပြန်မှည့်တော့ နေမောင်မောင် မျက်နှာပျက်နေတာ ....

"စိတ်အကောင်း ဖြစ်မနေပါနဲ့ ညီလေးရာ .. ဖေဖေလည်း ကို အလွတ်ပြည့်ပြီး ကိုယ်လွတ်ရုန်းကာမျိုးမှ မဟုတ်တာ .. တကယ်ဆို မင်း မသိလိုက်ရင် ပြန်တွေ့သွားရင်တောင် ကိုကြီးကို ဘာမှ ခံစား နိုင်ပါဘူး .."

"ကျွန်တော် အဲလို ရာဇဝင်လေး ကိုကြီးရယ် .. ကိုကြီးကောင် အမေ့ကို ငုံပြီး မမခင် ကို အိမ်ပါလာအောင် ကြိုးစားမဲ့တယ် .. မိသား လို့ ချွေးပေးနိုင်အောင် ကြိုးစားပြီး ဖေဖေ့ကို ခေါ်နေခဲ့တာ ကျွန်တော်က အဲလိုလုပ်ဖို့ စိတ်ကူးနိုင်မှာလား .."

"အေးပါ .. ကိုကြီး ယုံပါတယ် .. အဲဒီအတွက်ကွာ .. ကိုကြီး အမေက ဖခင်ဆွေလိမ့်မှာတောင် ရှုံးကဲ့ အမေ့အိုးပါ .. မိခင်လို ကြင်နာ ဖျိုး ပေးတယ် .. ဖခင်ကောင်းတစ်ယောက်လို လိုချင်ရွှေးရွေး ကာကွယ်ခဲ့တယ် .. အဖေ့မေတ္တာကိုတော့ အကယ်၍ တော်တော် ဖြစ်သွားခဲ့ရင်တောင် စိတ်ထဲမှာတော့ အမြဲတမ်း နားလည်နေပါ

"နားလည်လို့ ခံနေတာ ကိုကြီး .. ဖေဖေ ခွင့်မပြုရင်



လုပ်ဘတ်ခဲ့တဲ့အကျင့်က ပါနေပြီ .. မှ ကျွန်တော့်ကို ဖေဖေ မသွားစေ ချင်မှန်း သိနေကဲ့အတွက် ဖေဖေ ကြည်ကြည်ဖြူဖြူ ဖြစ်မလာရင် ကျွန်တော်လည်း သွားဖြစ်မှာကို မဟုတ်တော့ဘူး .. အဲ့ဒါ ကိုကြီး လုပ် ပါဦး .."

ဒေလွှန်း ရှုံ့မဲ့ညည်းဖတော့ နေမောင်မောင် က ရယ်ကာ ...

"အေးပါကွာ .. မျက်နှာကြီးကလည်း .."

အချစ်အနေကို ရယ်မော နွှင်ဖျခြင်းနဲ့ ပြန်လည် အဆုံးသတ်ကာ အစီအစဉ်အတိုင်း မိသားစုလိုက် ဘုရားသွားကြဖို့ ပြင်ဆင်ကြ၏။

"လွှန်လွှန်း မလိုက်ချင်ဘူး .. ဒီဘက်က စောင့်နေတုန်းပဲ .."

ယမင်း လိုင်ဘေးနေတော့ မျက်နှာ တစ်ချက်မှ မညှိုး ..၊ အချိုပွဲ ခင်း .. သမင်းပွဲကို သိမ်းဆည်းတုန်းကလည်း ဝါးကွက်ပိုင်းကြီး တမွေးမွေးနဲ့ သူမ ညည်းသူမနေဘာ မတွေ့ပါ ..၊

လွှန်လွှန်း မလိုက်ဘူးဆိုတာနှင့် မျက်နှာပျက်သွားတာက ကိုကို ပဲ ဖြစ်၏။ ဖေဖေ ကတော့ သိသည်။ ထို့ကြောင့် ...

"ဟုတ်တယ် .. ညီမလေးနဲ့ ဦးလေး နေခဲ့ပါစေတော့ .. ခင် တို့ လမ်းထိပ်ထိပဲ လိုက်မှာဥစ္စာ.. နေဦး .. ကိုမောင့် အတွက် တိုက်ပုံ ... ဦးမယ် .."

"ဟာကွာ .. တိုက်ပုံ မပါလည်း ဘုရားဖူးလို့ ရပါတယ် .."

လင်မယားနှစ်ယောက် အလုပ်ရှုပ်နေတုန်း နေလွှန်း ကလည်း ... အတွက် ဖိနပ်ဖုန်သုတ်ပေး .. အိတ်ယူပေးနှင့် စိတ်ဆိုးပြေအောင် ... ပေးနေရှာ၏။

ထိုအချိန်မှာ ကိုကိုသွင် က ဆိုင်ဘေါ် ရောက်သွားတာ ...

"ကိုယ် ပါလို့ မလိုက်ဘဲ နေတာတော့ မဟုတ်ပါဘူး နော် .."

"ဟင်!..."

... မလို့ တစ်ယောက်တည်း ပို့ရွေ့ ဒီဖယ် လုပ်နေတုန်း



www.burmeseclassic.com

www.burmeseclassic.com



လွန်လွန်း ဖျတ်ခနဲ လှည့်ကြည့်၏။ ကိုကိုလွင် က ရှပ်အင်္ကျီအဖြူ သောင်းဘီအညိုပွပွနှင့် နဖူးက လိုတာထက် ပိုကျယ်နေတော့ ခံ့ညားပုံ တော့ ပေါက်ပါရဲ့ ..။

ဒါပေမယ့် လွန်လွန်း က ဖျတ်ခနဲ ပြန်လှည့်သွားကာ ...

"မဟုတ်ပါဘူး .. ကိုလွင် နဲ့ လွန်လွန်း က ရန်ဖြစ်ဖော် ကစား ဖက်တွေမှ မဟုတ်တာ .. ဘာမှ မဆိုင်ဘူး .."

"အဲဒီလို ဖြစ်ခဲ့ရင် သိပ်ကောင်းမှာပဲကွာ .. ကိုယ်က ညီမနဲ့ ရင်းနှီး ချင်တာ .."

လွန်လွန်း က မကြားသလို နေကာ သူ့ကို ကျောခိုင်း၍ ပိုက်ဆံ တွေ ဆွဲထုတ်ပြီး ကော်ဇောပေါ်မှာ ဒီတိုင်း ပုံချလိုက်၏။

ပိုက်ဆံရေခြင်းအလုပ်ကို ကျကျနန လုပ်တော့ဖို့စိတ်ကူးနဲ့ ဖြစ် သည်။ ကိုကိုလွင် က သူမ ဘေးမှာပဲ မုဆိုးဒူးထောက် လာထိုင်ကာ...

"ပါးကွက်ဝိုင်းလေးတွေနဲ့ ညီမက ကလေးလိုပဲ .. အရမ်း ကြည့် လို့ ကောင်းတယ် .. မေမေကတောင် ပြောနေသေးတယ် .."

"ကိုကိုလွင် ရေ.. မောင်လေး .. လာလေ .. သွားကြတော့မှာတဲ့.."

"ဟာ.. ဒီကောင် ကားမောင်းမယ့်လူက ဘယ်ရောက်နေတာလဲ.."

အဝိုပါလာသည့် သူငယ်ချင်း၏အသံ စုကျူမှကြားရသည်။ စကား နည်းတဲ့လူပဲဆိုသည့် အသိနှင့် လွန်လွန်း လှမ်းကြည့်လိုက်မိ၏။ စပ်ဖြဲဖြဲ မျက်နှာကြောင့် နှာခေါင်းလေး ရှုံ့သွားမိကာ ...

"မှားပါတယ် .."

"ဟင် .. ညီမလေး ဘာပြောလိုက်တာလဲ .."

"ဘာမှ မပြောပါဘူး သွားလေ .. ဟိုမှာ ခေါ်နေကြပြီ .."

ကိုကိုလွင် မချိပြုံး တစ်ချက်နှင့် နှုတ်ဆက်ပြီး ထွက်သွားသည်။

"သမီးငယ် .. နင့်ကိုလေ. ကိုအောင်ခင့် ကို နှိုးနေတယ် နော် .. ဖြစ်ရဲ့လား .."





"ဖြစ်ပါတယ် မေမေ .. သွားပါ .. အစောကြီးရှိသေးတာ ဥစ္စာ.. ဆိုင်သိမ်းရင်း စောင့်နေဦးမှာ .."

ဦးလွန်း က ဆိုင်ရှေ့မှာ ခဏရပ်ကာ ...

"သမီး နေမကောင်းရင် စောင့်မနေနဲ့တော့လေ .."

"ရပါတယ် မေမေ .. စိတ်ဖြောင့်ဖြောင့် သွားပါ ..၊ အ!.."

စကားပြောနေရင်း မျက်လုံးတစ်ဖက်ထဲ အမှိုက်ဝင်သွားသဖြင့် လွန်လွန်း လက်တစ်ဖက်နဲ့ ဖိပိတ်လိုက်မိ၏။ ဒါပေမယ့် ဖိပွတ်လေ မျက်လုံးက ဖွင့်မရလေ ..။

"လွန်လွန်း ဘာဖြစ်သွားတာလဲ .."

"ညီမလေး .."

"အား .. မျက် .. မျက်လုံးထဲ သနပ်ခါး ဝင်သွားတာ ထင်တယ်.."

"ဟား .. ဟား .. ဟား . ဟား ..."

ကိုလေး ရယ်သံကြီး ထွက်လာမှ သူမ အဖြေမှားသွားပြီမှန်း သိ သိုက်သည်။

ဘုရားသွားကြဖို့ အပြင်ရောက်နေကြသည့်လူတွေ သူမကို ကြည့် ပြီး ရယ်နေကြကာ ...

"အဲ့ဒါပဲ ငါ့ညီမ .. သနပ်ခါးတုံးတွေ သူများပေးမှာစိုးလို့ မျက်နှာ ပေါ် အကုန်တင်တာလေ .."

"ကိုလေး နော် .."

မျက်တောင်ကော့လေးတွေ ပူးတွဲ စိုကပ်နေဆဲနှင့် ဖွင့်ဖို့ ကြိုးစား ကာ ဖွင့်လို့လည်း မရ ..၊ ရယ်မောသံတွေနှင့် ကားနှစ်စီးစလုံး ထွက်သွား ကြကာမှ ...

"နင်က ဘာဖြစ်တာတုံး ..မလိုက်ရလို့ ငိုနေတာလား .."

ဗိုလ်အောင်ခင် က မျက်လုံးပွတ်ရင်း အိပ်မှုန်စုန်မွှားပုံစံနှင့် ဘေး မှာ လာထိုင်၏။



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး .. ဗိုလ်အောင်ဒင် က တစ်မျိုး .. ဒီမှာ မျက်လုံး ဖွင့်မရရတဲ့ အထဲ .."

ကြည့်လို့ရတဲ့ မျက်လုံးတစ်ဖက်နဲ့ ပြူးပြဲကြည့်ရင်း လွန်လွန်း အိမ်ထဲ ပြန်ဝင်ခဲ့သည်။ မျက်လုံးထဲ နေ့ယည့်ကြည့်မလို့ စိတ်ကူး ဖြစ်သည်။

ဗိုလ်အောင်ဒင် က နောက်က ပါလာကာ ...

"ငါ့ကိုတော့ မှတ်မခိုင်းနဲ့ နော် .. ငါ့မှာ ရေ့သွားကျိုးနေတာ ဖယောင်းတိုင်မီး မှုတ်သာတောင် လေ ဘ ဖြောင့်ကာ မဟုတ်ဘူး .."

ပြောလိုက်လာရင်း ချစ်သူ ရှေ့က ဖြတ်လျှောက်ကာမှ လွန်လွန်း လက်ကို အလောတကြီး ဆွဲထားလိုက်ကာ ...

"ဘယ်သွားမှာတုံး .. ဒီမှာ ထိုင်နေတာမလ .."

"ဟင်!..."

ဘာပြောလိုက်မှန်း မသိဘဲ လွန်လွန်း က မျက်လုံးတစ်ဖက် လက်နဲ့အုပ်ထားရင်း ပြန်ကြည့်သလို ချစ်သူ ကလည်း မော့ကြည့်

"ဖယ်စမ်းပါ .. ဘာဖြစ်လို့ ဆွဲထားတာလဲ လက်ကို .."

"ဟာ .. နင်ပဲ ချစ်သူ ကို မှုတ်ခိုင်းမလို့ မဟုတ်ဘူးလား .."

"ဟာ .. ဗိုလ်အောင်ဒင်ကြီး .. ဖယ် .. လွှတ် .."

လွန်လွန်း စိတ်တိုကာ လက်ကို ဆောင့်ရုန်းပစ်၏။ ဗိုလ်အောင် က နားမလည်နိုင်စွာနှင့် ...

"မျက်စိစပ်လို့ ဆို .. ချစ်သူ ကို မှုတ်ခိုင်းမလို့ အိမ်ထဲ ဝင်လာတာ မဟုတ်ဘူးလား .."

"ကဲဗျာ .. ဗိုလ်အောင်ဒင် .. ဒီမှာထိုင်ပြီး တိတ်တိတ်နေပါ .. ကျုတ်!..."

"ငါက စေတနာနဲ့ကို .."

"ဒါပေမယ့် အဲ့ဒါ .."





"စပ်နေတာ မှုတ်ပေးလိုက်မှ သက်သာမှာပေါ့.. မင်းက သွားနှင့်ခွန်း နဲ့ မတည့်လို့ မမှုတ်ချင်တာလား .."

ပြောပေ ပိုဆိုးလေမို့ ချစ်သူ ရှေ့မှာခွဲသောက်ကို ပုတ်ပြကာ ...

"ညာဘက် ရှေ့မှာ လှလည်းရှင်းတုန်း လမ်းလျှောက်ကြည့်ချင် တယ် .. ကျွန်တော့်ကို နည်းနည်း တွဲပေးမလား .."

"ဟုတ်နဲ့ လျှောက်ပေါ့ကွ .."

"ဘုတ်နဲ့လည်း တစ်ဖက်က သိန်းထားရမှာပဲ .. နှမ်းဖက်မှ ဖြစ်မှာ မို့လို့ပါ .. လုပ်ပါ .."

"မလုပ်ချင်ဘူး .."

"ကျွန်တော် မြန်မြန် ပြန်ကောင်းမှ ဗိုလ်အောင်ဒင် ကျွန်ုပ်ချော့ကို တွဲရ လူရတာတွေ သက်သာမှာပေါ့ .."

ဗိုလ်အောင်ဒင် ဟုပြော ဒီပြောတွေ လျှောက်ပြောနေသဖြင့် လွန်လွန်း ရှက်နေမှာ စိုးလို့ပါ ...၊ ဒီည လမင်းလက်ဆုံစားပွဲ၏ အစ ကနေ အဆုံးမှာ သူ့စိတ်တွေ ဘယ်လို ညှိသက်ခဲ့သည် မသိပေ ...။

ရင်ထဲမှာ တစ်စုံတစ်ရာကြောင့် ပေါ့ပါးနေသည့်စိတ်မှာ တစ်ခုခု ကို စံစားနေမိသည်။

စိတ်တို့သည် ဝဋ္ဋိပက္ခဆန်ဆန်ကလဲ့မှာပဲ နူးညံ့သွားသလိုလို.. မဟုတ် သေးဘူးလိုလို .. တလွန့်လွန့် တိမ်းခွဲနေသော ကိုင်းပင်တွေကဲ့သို့ ...၊

[illegible]



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၇)

လေယူရာ ယိမ်းသလို စိတ်ကစားရမယ့်အရွယ်လည်း မဟုတ် တော့ပေ …၊ ဒါပေမယ့် ဘာမှ မဟုတ်သလို ပေါ့ပါးကြည်လင်နေသည့် အခါ အဆင်မပြေခြင်းဆိုတာ ဘာမှ မဟုတ်တော့သလို ထားလိုက်နိုင် လျက်နှင့် တစ်ခါတလေ အဆင်မပြေမှု သေးသေးကွေးကွေးလေး အကြီးကြီး ဖြစ်နေခဲ့၏။

ထိုအခါ စိတ်သည် ဝွမ်းပုံပေါ် မီးဖွားကျသကဲ့သို့ လွယ်ကူစွာ လောင်မြိုက်နေပြန်သည်။ ထိုမီးက ရှားမီးခဲလို ရဲညို အားကောင်းမနေ ပေမယ့် ငြိမ်းသတ်ရ ခက်ခဲသည်ရှိရာ …

"တီ … တီ …"

ဟွန်းသံတွေ ဆူညံသွား၏။ ထိတ်ခနဲ ဖြစ်သွားကာ ဦးလွန်း ကားကို လမ်းဘေးမှာ ကပ်ရပ်လိုက်၏။

သူ ဘာဖြစ်သွားသည်လဲ …၊ ကျော်တက်သွားသည့် တက္ကစီက သူ့ကို လှည့်ကြည့်သွားပြီး တအံ့တဩ …၊





စတီယာရင်ကို ဖိဆုပ်ထားရင်း သက်ပြင်းရှည်ကြီး ချလိုက်မိ သည်။ 'သားသမီးတွေ အရွယ်ရောက်ပြီပဲ'ဆိုတဲ့ အသိနဲ့ ဘယ်လိုပဲ နှစ်သိမ့် ဖြေဖျောက်ပေမယ့် မရပါလား …။

နေလွန်း နိုင်ငံခြားသွားဖို့ ကျကျနနကြီး ပြင်ဆင်နေပြီဖြစ်သည်။ ကိုယ့်မျက်နှာကိုတော့ တကြည့်ကြည့်နဲ့ပါ …၊ ဒါပေမယ့် ဟန်ဆောင်ပြုံး နေခဲ့ရသည့် အတွင်းက သူ့ရဲ့သောကကို နေလွန်း သိမှာ မဟုတ် …။

"ညီလေးက ကိုယ့်အိမ်အတွက် တစ်ဖက်တစ်လမ်းက ကူညီချင် တာပါ မေမေရယ် … မေမေ ကြည်ကြည်ဖြူဖြူနဲ့ ခွင့်ပြုပေးလိုက်ပါ…" လို့ သားကြီးကလည်း ဝင်ပြောသည်။

သူ ဖြစ်စေချင်တာက ဒီအိမ်ရဲ့တာဝန်ကြီး ပြည့်စုံ ပြေလည်သွားဖို့ က ဒုတိယ …၊ မိသားစု စုံစုံလင်လင် ပျော်ရွှင်ချမ်းမြေ့စွာ ရှိနေကြဖို့သာ အဓိက …၊

ပျော်ရွှင်ချမ်းမြေ့ခြင်းဖြင့် နောက်ထပ် ပြည့်စုံမှုတွေကို ဖန်တီးကြ မည်။ မိသားစုဆိုတဲ့ နိုင်မာမှုထက် ဘာကိုမှ သူ ဂရုမစိုက်ချင် …၊

"တီ …"

ကားကို လမ်းပေါ် ပြန်တက်ခဲ့ပေမယ့် ဘေးကနေပဲ ခပ်ဖြည်းဖြည်း လိမ့်နေမိသည်။

ထိုစဉ် သူ့ရှေ့မှာ ကားတစ်စီး ပျက်နေတာနှင့်တူကာ သူ့ကို လှမ်း ကြည့်ပြီး အမျိုးသမီးတစ်ယောက်က ကားထဲက အိတ်လေးတစ်လုံးကို လှမ်းယူသည်။ ပြီးတော့ လက်ပြတား၏။

"မမကြီး တစ်ယောက်တည်း ဖြစ်ပါ့မလား … ကားလော့ခ်ချခဲ့ပြီး ဘျွန်တော် လိုက်ခဲ့ပေးမယ်လေ …"

"နေပေ့စေ … နင် ငါ ပြောတဲ့အတိုင်းသာ လုပ် … အကြောင်းထူး ရင် ဖုန်း ချက်ချင်း ဆက်နော် …"

"ဟုတ်ကဲ့ မမကြီး …"



www.burmeseclassic.com

www.burmeseclassic.com



ဦးလွန်း ကားရပ်ပေးပြီး သူတို့ ပြောတာတွေကို စောင့်နေလိုက်သည်၊ ဒရိုင်ဘာနှင့် တွဲသူက သူ့ကားတံခါးကိုပါ ဖျာဖျာသလဲ ဖြေးဖွင့်ပေး၏။

လင့်နံ့ခရွာပေါ်ကနေ သူ့ကားစုပ်စုတ်ပေါ်ကို ဟက်ခဲ့ပေမယ့် အမျိုးသမီးမျက်နှာက စိတ်နဲ့ လူနဲ့ ကပ်ပုံ မပေါ် ...။

"မောင်လှိုင် .."

"ဗျာ .. မမကြီး .."

"ငါ့ဆီက ဘယ်ဖုန်းနံပါတ်ကို ခေါ်ရမယ်မှန်း သိကယ်နော်.."

"သိပါတယ် မမကြီး .."

"ဟုတ်ပြီ .. မောင်းတော့ .. မောင်းတော့ .."

ကိုယ်အလှည့် ရောက်ပြီးဆိုမှ ဦးလွန်း မောင်းထွက်လိုက်၏။ ထိုစဉ် ဖုန်းမြည်သံလေး ပေါ်လာကာ ...

"ဟလို .."

"... ... ... ..."

"ဪ .. မကြွယ် .. ဟုတ်ကဲ့ .."

"... ... ... ..."

"မထူးသေးပါဘူး မကြွယ် ရယ် .. စုံစမ်းနေတုန်းပဲ .."

"... ... ... ..."

"ဘာတွေဖြစ်ဖြစ်ပါ .. ချစ် ရဲ့သားလေးကိုပဲ ချစ် ပြန်လိုချင်တယ်.."

"... ... ... ..."

"သား နလိုဖြစ်သွားတာ ချစ် ကြောင့်ပါ မကြွယ် ရယ် .."

'သား ..' ဆိုသည့်အသံ ကြားလိုက်တော့ ဦးလွန်း နောက်ကြည့်မှန်ထဲကနေ မသိမသာ လှမ်းကြည့်မိ၏။

ဖုန်းဆက်ရင်း ချစ် ဆိုသည့်အမျိုးသမီး မျက်ဝန်းမှာ မျက်ရည်တွေ





မြည့်နေ၏။ ထို့ပြင် တခြားဖုန်းတစ်လုံးက မြည်သံတွေကိုလည်း ကြားနေရ၏။ ဒါပေမယ့် သူမက ဂရုမစိုက် ..၊

ဘယ့်နှယ်ကြောင့် သားအပူ သမီးအပူတွေနဲ့ပဲ လာတွေ့နေရတာလဲ ..၊

ဦးလွန်း ဘယ်ကိုမောင်းရမလဲ မေးဖို့တောင် နှုတ်က ခွံ့အနေမိလျက် .. နေလွန်း မျက်နှာကို ငေးမြင်နေမိ၏။

"မသိဘူး .. အဲဒါတွေကို မသိချင်တော့ဘူး .. ချစ် ရဲ့သားလေး ဘယ်ရောက်နေလဲဆိုတာပဲ သိချင်တယ် .. ကူညီပါ မကြွယ် ရယ် .. ချစ် တစ်ခါမှ အကူအညီ မတောင်းခဲ့ဖူးပါဘူး .."

"... ... ... ..."

"ဟုတ်တယ် .. သားကိုပဲ တွေ့ချင်တာ .. ဟင်!... ဟုတ် .. ဟုတ်ကဲ့ .. ကိုင်လိုက်ပါ မကြွယ် .. ချစ် စောင့်နေပါ့မယ် .."

ဖုန်းပြောနေတာကို ဦးလွန်း ကိုယ်တိုင် စိတ်ဝင်စားနေတော့သည်။

စကားသံ တိတ်ကျသွားမှ ...

"ဒီမှာ .. ကျုပ် ဘယ်ကို ပို့ပေးရမလဲ ပြောပါဦး .."

သူ့ကို လှမ်းကြည့်ပေမယ့် အမျိုးသမီး မဖြေနိုင် ..၊

"ဟင် .. ဟုတ်ကဲ့ .. ကိုင်ထားတယ် မမကြွယ် .. ကိုင်ထားတယ်.. ပြောပါ .. သားလေး သတင်း ဘာတဲ့လဲ .."

"... ... ... ..."

"ဟင်!.. ဟုတ်ကဲ့ .. ဟုတ်ကဲ့ .. ခုပဲ လာခဲ့မယ် .. မကြွယ် ဘို့ဘက်ကို ချိုးလိုက်ရုံပဲ.."

ထိုအခါကျမှ သူမ၏ လမ်းညွှန်မှုကို ရရှိကာ ...

"ဒီကနေ ဖြတ်ဝင်ပြီး ဗဟန်း အနေက နောက်လမ်းကို သွားပေးပါ .."



www.burmeseclassic.com

www.burmeseclassic.com



သူမ ပြောတဲ့အတိုင်း တွေ့လိုက်ပေမယ့် နေ့လယ် ကျောင်းဆင်းချိန် ဖြစ်နေသောကြောင့် အဆင်မပြေ ...။

"အို .. ဒုက္ခပါပဲ .. အရင်လိုပါတယ် ဆိုမှ .."

ကားကို ရပ်ပစ်လိုက်ရကာ ဦးလွန်း လည်း သူမအတွက် အရင်လို နေမိသည်မို့ ...

"ခဏတော့ ကြာဦးမယ် ထင်တယ် .. နေဦး .. ကျုပ် ဒီဘက်ဘ ပြန်ထွက်ကြည့် .. ဟင်!..."

ကားရပ်လိုက်တည်းက ဆင်းသွားတာလား .. ဒီလောက် မြန်မြန်ကြီး ...။

လူရှုပ်ရှုပ် ကားတန်းတွေထဲမှာ ဘယ်ကိုကြည့်ကြည့် မမြင်တော့ပေ ...။

ကားခတောင် မပေးခဲ့ဘဲ ဆင်းသွားလေခြင်းလို့ ဦးလွန်း မတွေးပါ ...။ သူမ အရေးတကြီး သွားချင်နေရတဲ့ လမ်းခရီးကိုသာ အမြန်ဆုံး ပို့ပေးချင်ခဲ့တာ ဖြစ်သည်။

သားဖောကပ်နေသည့် မိခင်တစ်ယောက်၏သောကကို စာနာသည့်စိတ်ကသာ အဓိက ဖြစ်၏။

"ဟင်း .."

နေရာမှာပဲ အကျအန ဖင်ချထိုင်လိုက်ရင်း ကျောင်းသားတွေ ရှင်းမှ အေးအေး ထွက်တော့ဖို့ စိတ်ကူးမိစဉ် ...

ဟင်!...

သူမကို လှည့်ရှာကြည့်မိစဉ် မျက်လုံးထဲမှာ တစ်စုံတစ်ရာကို တွေ့မိလိုက်၏။

ဦးလွန်း ဖျတ်ခနဲ ကိုယ်ကြွကာ နောက်ခန်းထဲကို လှည့်ကြည့်မိလျှင် ...

အနက်ရောင် သားရေအိတ် ပြောင်ပြောင်လေး တစ်လုံး ...။





အိတ်ရဲ့ သားအိတ်လေးက ဇာစ်ပွင့်နေကာ အထဲက ဖုန်းတစ်လုံး၏ ထိပ်ပိုင်းလေးနှင့် ကီးချိန်းတန်းလန်းလေး ထွက်ကျနေတာကို မြင်လိုက်ရသည်။

သူမ ပခုံးမှာ ရွှေအိုရောင် ဆလင်းဘက်ခ်တစ်လုံး လွယ်ထားသည်။ ပြီးတော့ ဒီအိတ်ကို ကိုင်ပြီး ကားထဲ ဝင်ထိုင်တာ ဖြစ်၏။

ဦးလွန်း အိတ်ကို မကိုင်ပါ ...။

ထိုနေရာမှာပဲ "သစ်ပင်ကြီးတစ်ပင်အောက်မှာ ကားရပ်ထားပြီး ... ပြန်လာယူမလားလို့ စောင့်နေခဲ့သည်။ အချိန်တွေသာ ကုန်သွားသည် ...။ သူမ ပြန်မလာခဲ့ပေ ...။

မဟုတ်သေးပါဘူး .. တက္ကစီဆိုတာ ပါစင်ဂျာ ဆင်းသွားတာနဲ့ ... ထွက်ကြတာပဲ ...။ ဘယ်သူက ဒီနေရာမှာ ပြန်လာရှာမှာလဲ.. ကား ... ထွက်ပြီး ကွမ်းတစ်ယာညက်လောက်ထိ တမြုံ့မြုံ့ ဝါးရင်း စောင့် ... မှ ...

"ဒီထဲမှာ လိပ်စာ ပါမလား .."

ဖြူဖြူသွယ်သွယ် .. ခရမ်းရင့်ရောင် ဇာပြောင်အင်္ကျီလက်ရှည်နှင့် ... ဆင်တွေကို နောက်တွဲဆံထုံး ထုံးထားသည်။ ပြီးတော့ ခရမ်းရောင်နဲ့ ... စပ်ကျားပါသည့် သစ်ခွနှစ်ပွင့်ကို သားမှာ ကပ်ပန်ထား၏။

သူမပုံစံကို ပြန်မြင်ယောင်ကာ သောကဗျာပါဒ ပွေနေရပေမယ့် ... ဆိုယ်ရည် သေသပ်တင့်တယ်မှုနှင့် သူမက တော်ရုံ အဆင့်အတန်း ... တော့ မဟုတ်နိုင်မှန်း သိသည်။

အိတ်ကို ယူလိုက်ရပေမယ့် စိတ်က သိပ်မလုံ ...။

အထဲမှာ လိပ်စာတွေဘာတွေ ဒါမှမဟုတ် သူမရဲ့ လိပ်စာ သိရဖို့ ... နံ့စတစ်ခုခု ပါနိုင်သည်မို့ ...

"ဟာ!..."

အထဲမှာ နက်ပြာရောင် ဖိုင်ဘာဘူးကြီး တစ်ဘူးပဲ ရှိနေလျက်...။



www.burmeseclassic.com

www.burmeseclassic.com



ဘာပစ္စည်း စာရွက်စာတမ်းမှ မတွေ့သဖြင့် ထိုဘူးကို ဖွင့်ကြည့်လိုက်မိသည်။

စိန်တွေလား! ...

အကွင်းမှာ ကတ္တီပါသားလေး တစ်တစ် ခင်းထားကာ အနီရောင် ကတ္တီပါပေါ်မှာ စိန်တွေက နည်းတာ မဟုတ် ...။

စိန် ဆိုသည့် လက်ဝတ်ရတနာကိုလည်း မဝတ်ဆင်ခဲ့ဖူးပါ။ စိန် တစ်လုံးကိုမှသည်း အပြင်မှာ မမြင်ခဲ့ဖူးပေ ...။ ဒါပေမယ့် ဒါတွေဟာ စိန်ကျောက်မှန်း သူ သိနေသည်။

အသေးဆုံး အလုံးကိုက ငရုတ်ကောင်းစေ့လောက် ရှိ၏။ ဦးလွန်း ဘူးကို ကပျာကယာ ပြန်ပိတ်လိုက်ကာ အိတ်ကိုပါ ပိတ်ထားလိုက်၏။ ပြီးတော့ ဆေးအိတ်လေးက ဖွင့်လျက်သားမို့ အထဲမှာ ရှာကြည့်တော့ 'ချစ်မှူးငုံ' 'စိန်ပုံ'ဟိုက်၏ အရောင်းဘောက်ချာတစ်စောင်နှင့် နောက်ထပ် ကျောက်မျက်ရတနာနှင့် ပတ်သက်သော အချိန်အတွယ်တွေ ရေးထားသည့် စာရွက်ကြမ်း ကစ်ရွက် ...။

ဒါတွေကို သူ ကြည့်ကာ 'ချစ်' လို့ သူ့ကိုယ်သူမ ပြောနေသော အမျိုးသမီးနှင့် 'ချစ်မှူးငုံ' နာမည်ကို တိုက်ကြည့်လိုက်၏။

အထဲမှာလည်း စိန်တွေပဲဖြစ်ကာ စိန်တိုက်ကို ဖုန်းဆက်ကြည့်တာ တော့ မှားနိုင်ဘူးလို့ ကွက်လိုက်မိ၏။

ကကယ်တမ်း သားအတွက် သောကပင်လယ်ဝေနေသော ဒေါ်တင် မာချစ် ရင်ထဲမှာ အိတ်ကျန်ခဲ့တာကိုလည်း ခုချိန်ထိ သတိမရပေ ...

"မငိုပါနဲ့တော့ ညီမရယ် ... အခု သတင်းအခြေအနေတွေတော့ ရနေ တာပဲ ... တွေ့ရတော့မှာပါ ..."

"မဟုတ်ပါဘူး မမကြွယ် ရယ် ... သားလေးကို ချစ် အကောင်း တိုင်း ပြန်ရရင်ပဲ တော်ပါပြီ ... အခုဟာက သွန်းကြမ်းပိုးလေးတွေနဲ့ ပေါင်းပြီး သားက ဆေးလည်း သုံးတက်နေပြီ ... မအေကို ကြောက်ပြီး





ဘယ်ထိ ပြေးနေလဲဆိုတာလည်း မသိရဘူး ... သား ဘာမှ လုပ်တတ် ကြံတတ်မှာ မဟုတ်ဘူး... ဆွေမျိုးရှိတဲ့ အိမ်ကိုလည်း မသွားဘူးတဲ့ ..."

"ချစ် ရယ် .. ခုကွာပါကဲ ..."

"ခုဒါကြောင့် သားလေး မကောင်းတဲ့ပတ်ဝန်းကျင်ထဲ ရောက်ပြီး သွားမှာ စိုးရိမ်တယ်.. အလိုလိုကာမှ မအေကို အထင်လွဲပြီး..."

"ချစ် ရယ် .. ကလေးက ပညာတတ် ဆေးဝါးလုပ်ငန်းကနေ သားကြောက် ... ခုခေတ်မှာ မျက်စိနဲ့ဘာမှ မကြောင်းတွေ မျှားနေမယ် ခေတ် အမြင်ကိုက အသိအမြင်တွေ တိုးတက်နေပါပြီ.. မှုတ်ထွေသေး ဒီလောက် တော့ ခွဲခြားနိုင်မှာပါ .. ပထဝီရှုမှာ သိုးလို့ချတိုင်း ချိုးနေပေးမယ် ကိုယ့်ဘဝကို နစ်မွန်းအောင် မလုပ်သင့်တာတွေကိုတော့ သူ သိမှာ ပါ .."

ဒေါ်တင်မာချစ် မျက်ရည်သုတ်နေရင်းနဲ့ မနိုင် ...။

သူမ ငင်ပွန်းသည်နဲ့ ကောင်းမျှား ရန်ဖြစ်ဖူးသည်။ လမ်းခွဲဖို့အထိ အဆင်သင့် ဖြစ်နေကြတဲ့အထိ သူမ မျက်ရည်မကျခဲ့ ...။ ကွဲကွာချားကြ ပြီဆိုတော့လည်း 'ပွဲမဲ့လောက်လို့လား' ဆိုသည့် မာနတွေ နဲ့ပြီး ဖွဲဖြိုး ဆွေနဲ့ ဖြေသိမ့်ခဲ့၏။

ခုတော့ သားလေးကို သူမ မစွန့်လွှတ်နိုင် ...။ ဒီသားလေးကိုသာ သူမ အကြောင်းအမျိုးမျိုးနှင့် ဆုံးရှုံးခဲ့ရပါလျှင် ...

"ခုနေ သားလေးရှိတဲ့နေရာကိုသာ လမ်းညွှန်ပြမယ့်လူရှိရင် ချစ် အဲဒီလူကို ဘာတွေပဲ ပုံပေးရ ပုံပေးရ .. ကျန်မ ပိုင်ဆိုင်သမျှထဲက ကြိုက်တာ ယူပါလို့ ချစ် ပြောမိမှာ ..."

"ကဲ.. ပါကွယ် .. ခေါင်းတွေနောက်ပြီး ကျန်းမာရေး ထိခိုက်နေပါ့ မယ် .. အခု သူ တစ်ယောက်တည်း ထွက်ပြေးသွားတာကို သေချာ မြင်လိုက်တဲ့လူက ပြောနေပြီပဲ ...။ အဲဒီတည်းက သူ ဟိုလူဆိုးတွေနဲ့ ပြန်ဆက်သွယ်မှာ မဟုတ်ဘူးဆိုတာ သေချာနေပါပြီ ..."



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ရွှေရွှေကြွယ် က ဒေါ်တင်မာချစ် အားမှာ ဝင်ထိုင်ကာ ကတ်နိုင်သမျှတော့ ဖျောင်းဖျပေးရှာသည်။

"ဖောက်ထွင်းမှုကျူးလွန်တဲ့ လူနှစ်ယောက်က ထောင်ထဲရောက်တော့မယ် .. သူတို့မှာ ဘာအဖွဲ့အစည်းမှလည်း မရှိဘူးလေ .. ချစ်သူထွက်ပြေးတာက မအေကို ရင်မဆိုင်ရဲလို့ပါ .. သူတို့ချင်း ဘယ်လိုမှ ပြန်ဆက်သွယ်မှာ မဟုတ်ဘူးဆိုတာ တို့ ပြောရဲတယ်ကွာ .."

ထိုစဉ် အိတ်ထဲက ဖုန်း မြည်လာသဖြင့် ဒေါ်ရွှေရွှေကြွယ် က ဆလင်းဘက်ခ်ဆီ မျက်လုံးရောက်သွား၏။

ဒေါ်တင်မာချစ် ကတော့ ကိုယ့်အိတ်ထဲက မြည်နေမှန်းတောင် သတိထားမိရဲ့လား မသိ ...

"ဖုန်းလာနေတယ် ချစ် .. ကိုင်လိုက်ဦးလေ .."

"အင်း .. ဟုတ်တယ် .."

လူတွေဖြန့်ပြီး စုံစမ်းခိုင်းထားတာ အများကြီး ရှိသည်။ ဖုန်းလာတိုင်း သူမအတွက် အရေးကြီးတာတွေပဲ ဖြစ်နိုင်၏။ မမကြွယ် သတိပေးမှ ဖုန်းလာနေသည့်အဖြစ်ကို သတိရကာ ...

"ဟလို .. နွယ်နွယ် ပြော .."

"မမချစ် ကို တက္ကစီသမားတစ်ယောက်က စုံစမ်းနေလို့ .."

"ဘာ!..."

"သူက 'ချစ်ဖူးငုံ' စိန်တိုက်ပိုင်ရှင် ဘယ်သူလဲ မေးလို့ ..၊ ပြီးတော့ နာမည်မှာ ချစ် ပါသလားလို့ မေးတာနဲ့ သမီးတို့က ပြောပြလိုက်တာ.."

"အဲဒီတော့ ဘာဖြစ်လဲ .. မြန်မြန်ပြောစမ်း .. ငါ့မှာ အရေးကြီးတဲ့ ဖုန်းတွေ ဝင်စရာ ရှိတယ် .."

"မမချစ် ရဲ့အိတ် တက္ကစီပေါ်မှာ ကျန်ခဲ့တယ်တဲ့ .. အဲ့ဒါ မမချစ် ကို ပြင်မှ ပေးမယ်တဲ့ .."

"အိတ် .."





အိတ် ဆိုကာမှ သတိရသည်။ ကိုယ့်အားမှာ ငုံ့ကြည့်လိုက်မိကာ ...င်းထဲမှာလည်း ဒိန်းခနဲ မြည်သွား၏။

"ဟုတ်တယ် .. ဟုတ်တယ် .. ငါ အိတ်ကျန်ခဲ့တယ် ..၊ သူ သူ့...နံပါတ် ပေးသွားလား .. ဘာပြောသွားလဲ နွယ်နွယ် .. အခု ငါ ...ကြွယ် တို့ အိမ်မှာ ရောက်နေတယ် .. 'ရွှေပဒေသာလင်း' ဒေါ်ကြွယ် ...ယ်မို့လား .. အဲဒီလိပ်စာ သူ့ကို ပေးလိုက် .. လာပို့ပေးရင် ကျေးဇူး...ပါ့မယ်လို့ .."

ဖုန်းချပြီး သက်ပြင်းရှည်ကြီး ချမိကာ ...

"စိတ်ညစ်စရာတွေလည်းပဲ ပုံထပ်နေတာ .. ဒစ်(စ်)ကောင့်ချ...င်းလို့ ရရင်လည်း အကောင်းသား .."

"ဘာဖြစ်လို့လဲ ချစ် .. အိတ် ဘယ်မှာ ကျန်ခဲ့လို့လဲ .."

"တက္ကစီပေါ်မှာ .."

"ဘုရားရေ!..."

ဒေါ်တင်မာချစ် ရဲ့အိတ်ထဲမှာ တန်ဖိုးကြီး ရတနာ မပါဘူးဆိုတာ ...ါမှ မရှိတတ်သဖြင့် အချင်းချင်း စာတ်သိတွေမို့ ဒေါ်ရွှေရွှေ...် မျက်လုံးအဝိုင်းသား ဖြစ်သွားသည်။

"အခု .. အခု .. ဘာတဲ့လဲ ဟင် .. ပြန်ရဖို့ ရှိရဲ့လား .."

"ဒရိုင်ဘာက ဆက်သွယ်တယ် တဲ့ .."

ပြန်ပြောပြတော့ ဒေါ်ရွှေရွှေကြွယ် မယုံနိုင်အောင် ဖြစ်နေရင်း ...ရှေ့ကို တကယ် ရောက်လာမှ ဒီလိုလူလည်း ရှိပါသေးလားဆိုတာ ...အောင် ကြည့်နေမိခဲ့၏။

"ကျုပ် လိပ်စာဘာညာ တွေ့မလားဆိုပြီး အထဲကိုတော့ ဖွင့်ကြည့်...် .. ဘာကိုမှ စေ့စေ့စပ်စပ် ကိုင်မကြည့်ခဲ့ပါဘူး .. ပစ္စည်းကိုပြန်...ကြည့်ပါ .."

"မလိုပါဘူးရှင် .. ကျွန်မပစ္စည်းကို ကျွန်မ ကြည့်လိုက်တာနဲ့



www.burmeseclassic.com

www.burmeseclassic.com



သိပါတယ် ..."

ဒေါ်တင်မာချစ် က ဘူးကို ပြန်ပိတ်လိုက်ပြီး ကျေးဇူးတင်စကား ပြောတာ ...

"ကျွန်မ တကူးတက ပေးခဲ့တာ မဟုတ်ပါဘူး ... ဦး ... ဦး ..."

"ကျုပ်က လွှမ်းမောင် ပါ ..."

"ဟုတ်ကဲ့ ... ဦးလွှမ်းမောင် ကတော့ ပစ္စည်းတွေကိုတောင် ဒီလို လာပြန်ပေးခဲ့တယ် ... အရမ်း ကျေးဇူးတင်ပါတယ်ရှင် ... အဲ့ဒီအတွက် ကျေးဇူးဆပ်ပါရစေ ..."

"ရပါတယ် ... မလိုပါဘူး ... ကျုပ်မှာ ဟောသည်လိုရှိရင် ဒီပစ္စည်းတွေ က ရှုရှားစိန်အတုတွေဆိုရင်တောင် သတ္တုစိမ်းတော့ ပြန်ရမှာပါ ..."

"ဟုတ်ပါတယ် ... ကျွန်မက ဈေးတန်တာ ဆော်ကားတာ မဟုတ်ပါ ဘူး ... ဟိုတော ကျွန်မမှာလည်း ..."

"ခင်ဗျားမှာ သားသမီးမှာ တင်နေမှန်း သိပါတယ် ..."

"ရှင်!..."

"ကားပေါ်မှာ ပြောနေတာတွေ ကြားလိုက်တော့ ကျုပ်လိုပဲ ခံစား နေရပါလားဆိုပြီး စာနာသိလို့ပါ ... ကျုပ်သားငယ်တစ်ယောက်က ပရိုဂရမ်မာ ပါ ... သူလည်း နိုင်ငံခြားသွားမယ် ... ငွေရှာမယ် ... ဘွဲ့မယူ ဆက်ယူမယ် ဆိုလို့ပါပဲ ... ကျုပ်က မိသားစု ဒိုက်သိုက်ဝန်းဝန်း နေချင်တဲ့သူဆိုတော့ ဒါပေမယ့် သူတို့တွေ အချိန်တန် အရွယ်ရောက်လို့ အတောင်အလက် စုံပြီဆိုတာ ပြလာတော့လည်း ခွင့်ပြုလိုက်ရတာပါပဲ ..."

ပါဝါမျက်မှန် ထူထူကြီးကို ပင့်ကြည့်လိုက် ... ပြန်ချလိုက်နှင့် အသက်အားဖြင့်မသော သူလိုက်ပင် ပိုအရွယ်ပါပဲ ... မိဘချင်း ခံစားချက် တွေ လာတူနေတာကို ဒေါ်တင်မာချစ် တို့ နားထောင်နေရပြန်ကာ မိတ် ဆွေချင်း စကားပြော ရင်ဖွင့်နေကြသလို ခေါင်းညိတ် နားလည်ပေးမိ ကြ၏။





ဦးလွှမ်းမောင် ဆိုသည့်သူက တကယ်ကို ဘာမှ ပိုယူမသွားခဲ့ပါ... ကွေ့စီခ သုံးထောင်ကိုပဲ ယူ၍ ထပြန်သွားခဲ့၏။

ဒေါ်မွှေးမွှေးကြွယ် ခေါင်းတညိတ်ညိတ်နှင့် နှုတ်ခမ်းတိ အံ့ဩနေ သည်း ...

"ဒီဘူးထဲက ပစ္စည်းတွေ တန်ဖိုးကို မသိလို့လေး ... တကယ်ကို စက်မောဟာလား ... ဒါမှမဟုတ် ဒီလူ စိတ်မနှံ့တဲ့လူမို့လို့လား ..."

"မကြွယ် ရယ်... တစ်လောကလုံးမှာ လူယုတ်မာတွေချည်း ရှိ နေကြတာ မဟုတ်ပါဘူး ..."

"အေးလေ ... မှုတ်စိန့် နားနဲ့ ဖြင်ရ ကြားရလို့သာ ယုံရတယ် ... အံ့ဩပါ့ ..."

ဒေါ်တင်မာချစ် ကတော့ ပစ္စည်းတွေ ပြန်ရလိုက်လို့ 'တော်ပါသေး ... 'ဆိုတာမျိုး ရင်ဘတ်ဖိ တံတွေးမျိုနေတာမျိုး မဖြစ်ဖေ ...

ဖုန်းတစ်လုံးကိုင်၍ ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း ဘယ်ကို ခေါ်နေမှန်း မသိ ...

ဒါသည်လည်း အံ့ဩဖွယ် အဖြစ်တစ်ခု ...



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၈)

"ခေါင်းမှာ ထိထားမိတာလည်း ဒဏ်ရာအဖြစ်နဲ့ပဲ ပျောက်သွားပြီ ..၊ ဆိုချင်တာက အာရုံကြောတွေ ဘာတွေ မထိနိုက်ဘူး .. ခြေထောက်ကလည်း စောင့်ကြည့်ဖို့ လိုတယ်ဆိုတာက ကျုပ်တို့က ထိရောက်တဲ့ စမ်းသပ်စစ်ဆေးမှုတွေ မလုပ်နိုင်လို့လေ .."

ဦးလွန်း ကပဲ လူငယ်တွေ အားလုံးရှေ့မှာ ပြောပြနေရသည်။ ဆေးခန်းမှာပေမယ့် ဒီက ထွက်တာနဲ့ သူလည်း တက္ကစီ ဆွဲဖို့ ထွက်ရမှာမို့ ပြောဖို့ အချိန်က မရှိ ..၊

"တို့ရဲ့ အခြေအနေအရပ်ရပ်ကို မင်းက နားလည်ပေးခဲ့လို့သာ တို့တွေဘက်မှာ ဒီပြဿနာကို သက်သောင့်သက်သာ ဖြေရှင်းနိုင်ခဲ့တာ-ဒီတော့ မတတ်နိုင်ကဲ့ဘက်ကို လျှော့ခဲ့ရပေမယ့် တတ်နိုင်တာကိုတော့ မင်းအတွက် လုပ်ပေးရမှာပဲ .."

"ဟုတ်တယ် မောင်လေး .. မင်းအတွက် ထည်လဲလေး ဝတ်ဖို့ အဝတ်အစား အနည်းအကျဉ်းတော့ ဝယ်ပေးချင်တယ် .."

"ကျွန်တော့်အတွက် .."





"မင်း ဆွဲကြိုးရောင်းခိုင်းနေတာတွေ ဘာတွေ မလုပ်ပါနဲ့တော့ မောင်လေးရယ် .. တို့ မိသားစုအတွက် အဆိုးရွားဆုံးတွေ ဖြစ်သွားမှာနဲ့ စာရင် မင်းအတွက် ဒါလေးတွေ လုပ်ပေးရမှာ ဘာမှ ထိခိုက်မသွားပါဘူး .. ကိုမောင် ကဆို .. မင်းအတွက် ပြည့်စုံအောင် စီစဉ်ပေးဖို့ သေချာမှာနေတာ .. သူက ညမိုးချုပ်မှ အိမ်ပြန်ကပ်ရတဲ့သူမို့လား .."

သူ့အတွက် အဝတ်အစား ဆိုတာတွေက အကောင်းဆုံးတွေ ဟုတ်ပေမယ့် သိပ်ညံ့တာမျိုးလည်း မဟုတ်ပေ ..၊ ကိုယ့်ဆွဲကြိုး ရောင်းနိုင်းလိုက်မိတာက ဒီလို ထွက်လာအောင် တမင် မာယာသုံးလိုက်သလို ဖြစ်သွားသည့်အတွက် ချစ်သူ စိတ်မချမ်းသာ ..၊

ဒီအိမ်နဲ့ သူ ရင်းနှီးအောင် ရောနှောမနေတတ်ပေမယ့် သူတို့စိတ်ဓာတ် .. သူတို့ရဲ့ မေတ္တာတရားတွေကိုတော့ လေးစားမိပါသည်။

ကိုယ့်မှာလည်း ကိုယ့်အကြောင်းနဲ့ ကိုယ်မို့ သူ လိုအပ်တာက အခိုက်အတန့်တစ်ခုအတွင်းမှာ ခေတ္တ ခိုနားစရာ နေရာတစ်ခုသာ ဖြစ်၏။ ပြီးတော့ လွန်လွန်း ၏ အထင်သေး အမြင်သေး ရှုံ့ချသည့်အကြည့်တွေကို မလိုချင် ..၊

"ဟာ .. ဆေးရုံက ပြန်လာပြီလား .. ခြေထောက်က ထောက်လည်း မထောက်နိုင်သေးဘူး .."

ပြန်လာကြသည်နှင့် ဦးလွန်း က ပြန်ထွက်သွားသည်။ မာလာက ဝယ်ခြမ်းလာတာတွေကို ချက်ပြုတ်ဖို့ မီးဖိုချောင် ဝင်၏။

သူကတော့ တုတ်တစ်ချောင်းကို အားပြုထားလျှင် ဖြည်းဖြည်းတော့ လျှောက်လို့ ရနေပြီမို့ အိမ်ထဲ ရောက်တာနှင့် ဗိုလ်အောင်ဒင်ကြီးက အားပါးတရ ထွက်ကြို၏။

လူကိုတော့ လာတွဲပါသည်။ ဆေးရုံက ပြန်တာနှင့် ကောင်းလေးညီထင်ခဲ့သည့် သူ့အတွေးကြောင့် ရှုံ့မဲ့ ကဲ့ရဲ့လေသည်။

"ငါက မင်း လမ်းလျှောက်နိုင်ရင် ညကျ အပြင်မှာ ကြွက် ထွက်

www.burmeseclassic.com

www.burmeseclassic.com



ရိုက်မလို့ ..."

"ဖားရိုက်တယ် လုပ်ပါ .."

"ဒီနေရာမှာ ဖားက ဘယ်က ရှိမှာပဲဟ .. ဈေးဆိုင်တန်း
ဆက်နေပေဘဲ ကြွက်ကြီးတွေပဲရှိတာ .. ညညဆို သောင်းကျန်းပြီ ..

"ဟော်ပါတော့ ဗိုလ်အောင်ဒင် ရယ် .. အဲ့ဒါတွေကြောင့်
အောင်ဒင် ကို လွှန်လွှန်း ရွံတာ.. သူ ကြောက်တာ ဘာမှမရှိဘူး..
ကြွက်ဆို အကုန် လျှောက်ကိုင်တာပဲ .."

လွှန်လွှန်း က အကျီတွေ မီးပူတိုက်နေရင်း ဆိုင်ပေါ်ကနေ လှမ်း
အော်သည်။

"အံမာ .. ငါ ရိုက်နေလို့ .. ငါတို့ဆိုင်ထဲ ကြွက်တွေ ဝင်မကျ
တာပေါ့ .. မပြောလိုက်ချင်ဘူး .."

ဒီနားမှာ ဟိုက်တန်းတွေ ဆက်နေကာ မြေညီထပ်သမားတွေ
မျက်နှာစာမှာ ဈေးရောင်းကြ .. လုပ်ငန်းတွေ လုပ်ကြနှင့် စည်လည်
စည်သည်။ ရှုပ်လည်း ရှုပ်၏။

ဈေးတန်းကြီးလို ဖြစ်နေကာ ညညဆို ကြွက်အကြီးကြီးတွေ
သွားနေကြတာ အသည်းယားစရာ ...

ကြွက်တွေအကြောင်း တစ်မ်းတနား ပြောနေရင်း ဗိုလ်အောင်ဒင်
က ကြွက်ရိုက်တံကို အကျအန ဆိုင်လုပ်နေ၏။

"ရှော့လေ မောင်လေး .."

လွှန်လွှန်း လှည့်ကြည့်လိုက်တော့ ဘယ်အချိန်က တောင်းထား
သည်မသိဘဲ မမခင် က ချစ်သူ ကို ဖုန်းပေးပြီး ပြန်လှည့်ဝင်သွား၏။

ချစ်သူ က ဖုန်းနဲ့အတူ ပြတင်းပေါက်နားက ခုံဆီ လျှောက်သွား
ပြီး ထိုင်သည်။ လွှန်လွှန်း မကျေနပ်ပါ ... ချစ်သူ ဆိုတဲ့လူ နေထိုင်ပုံက
ကိန်းခမ်းကြီးလွန်းသည်လို့ ထင်မိသည်။

ကိုကြီးကိုလည်း စိမ်းသက်သည့်ပုံ မပြခဲ့ပါ ... ကိုလေး ရောက်လာ





သည်။ အိမ်ရှင်ပီပီ ပြေး ဆိုဆက်သည်။ စကားတွေ ဟာရင်းကန်း
ကြသည်။ မောင် ကအို သူ့အကြောင်း မေးစရာ စကားရှာပြီး မေးခဲ့
သည်။ ဒါပေမယ့် သူ့အကြောင်း သူ့ဇာတိကို ဘာဆိုဘာမှ မပြောခဲ့ပေ...

သူ့အိမ်နဲ့သူ အဆောင်မပြောတာပဲ ပြောသည်။ သူ့အမေက စိတ်ပေါ်
သည့် ဒီအကိဆီးဒင်္ဂတ်မှုကို ဘယ်လိုမှ ကျေအေးမှာမှာ မဟုတ်သွားဆို
သာ ပြောကားသည်။ ဒါကလည်း သူ့ကို ဒီမှာ ဂရုစိုက်အောင် လိမ်ညာ
ဟော့ မဖြစ်နိုင်လို့လား ...

"ယော .. မီးပျက်သွားတာလား .."

မီးပူတိုက်နေရင်း မီးပျက်သွားသဖြင့် သူများကိစ္စ စဉ်းစားနေတာ
တွေ ပျောက်ကုန်၏။

"ဗိုလ်အောင်ဒင် မီးကြိုးတွေကို သွားဖြုတ်လိုက်သလား .. ဒီမှာ
မီးလာတော့ဘူး ကြည့်စမ်းပါ .."

အထဲကို လှမ်းအော်နေတုန်း ဝယ်သူလာတော့ မီးပူကိုရော အထည်
တွေကိုပါ ကားက ရှိုးတော့ပေါ် တင်ထားလိုက်ပြီး ဈေးရောင်းရသည်။

"ဆီ ငါးဗိသာဂုံး ပျောသားတာလေ .. အဲ့ဒါ ပိုက်ဆံသွင်းချင်လို့..
လာ ရော .."

ကြည့်လိုက်တော့ အရပ် သောင်သောင်မောင်းမောင်း ဗိုက်ပူပူနှင့်
ညိုပင်ရုံးက ဒေါ်မိမိ ဖြစ်ကာ လက်ထဲမှာ ပိုက်ဆံကို ဒီတိုင်း အသိပ်
လိုက် ကိုင်ထား၏။

"သွင်းနဲ့လေ .. စာရင်းစာအုပ် ဒီမှာ ရှိတာပဲ .. မမခင် ဟင်းချက်
နေလို့ .."

လွှန်လွှန်း စာအုပ်ဆွဲလိုက်ပြီး ရှေ့မှာ ဖြန့်ရှာလိုက်သည်။

"အန်တီ့နာမည်နဲ့ပဲလား .. အန်တီ့ရွှေးမ နာမည်နဲ့လား .."

"ဒေါ်မိမိ ပဲ .."

နာမည်ကို ရှာတွေ့တဲ့အထိ ရပ်ကြည့်နေပြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



"တွေ့ပြီ .. အန်တီ ဘယ်လောက် သွင်းမှာလဲ .."

"သူရှိမှ ဖြစ်မှာပါကွယ် .. ငါ့စာရင်းက ခပ်ရှုပ်ရှုပ်ရယ် .."

"အန်တီ ယူထားတာ ဒီမှာ ဆိပ်ုးရယ် .. အချိုမှုန့် သုံးထုပ်ရ လေ .. ဘာမှ မရှုပ်ပါဘူး .."

"ဒါပေမယ့် မာလာ နဲ့မှ ဖြစ်မှာ .."

လွှန်လွှန်း စိတ်တိုသွားပေမယ့် ခေါင်းညိတ်၍ စာအုပ်ကို ပြန်ပိ ထားလိုက်သည်။

"ဒါဆို .. နေ့လယ်လောက်မှ လာလေ .."

"နေ့လယ်ဆို ကျုပ်က သွားစရာ ရှိသေးတယ်.. မာလာ့ ကို ပေးစမ်းပါ .."

"မရဘူး .. သူ ချက်ပြုတ်ပြီးမှ ဆိုင်ထိုင်ဖို့ ထွက်လာမှာ .."

"ဩော် .. အရေးကြီးလို့ပါ ဆိုမှ .. ညည်း သွားချက်ပေးလို ပေါ့အေ .. ဒါ မာလာ လုပ်နေတဲ့ စာရင်းအင်းတွေပဲ .. ဒါတွေ ထားပြီး ထမင်းသွားချက်နေရတယ်လို့ .."

"မာလာ လုပ်တဲ့ စာရင်းအင်းဆိုတာ ဒီဆိုင်ပေါ်မှာ မရှိဘူး အန် တစ်လက် မအားရင် တစ်လက် ဝိုင်းကူလုပ်နေကြတာပဲ .. ဘယ် ဝင်လုပ်လုပ် ရအောင် စာရင်းစာအုပ်ကို ဒီမှာ တင်ထားတာ .."

"အေးလေ .. တစ်လက်မအား တစ်လက်ဆိုရင်လည်း သူ ချက် ဟာကို ညည်း သွားဝင်ချက်လိုက်ပါလား .. မီးဖိုချောင်အလုပ်ကျတော့ သူ့လက်မှ သူ့လက်လား .."

"ဘုန်း .."

ပိုက်ဆံအိတ်ဆွဲကို ဆောင့်ထည့် ပိတ်လိုက်ကာ ...

"အဲဒါ အန်တီ့ကိစ္စ မဟုတ်ပါဘူး .."

"အောင်မယ်လေး .. အော်လိုက်တာဟယ် .. လန့်သွားတာပဲ - မိုက်ရိုင်းလိုက်တာ .."





"ဟုတ်တယ်.. ကျွန်မက ခွေးလို ကိုက်တတ်ရင်တောင် ခွေးထက် မိုက်တဲ့လူက ဖက်ကိုက်ချင်လို့ ခဲနဲ့ပေါက် ရန်စနေတော့ .."

"ဟဲ့ .. ဟဲ့ .. အောင်မယ်လေး .. ငါ့ကို ခွေးနဲ့ နှိုင်းတယ် .."

"နေကြပါဦး .. ဘာတွေ ဖြစ်နေကြတာလဲ .."

"ရန်ဖြစ်ကုန်ပြီ .. ငါ့ လွှန်လွှန်း ကို မထိနဲ့ နော် .."

မာလာ က ရှေ့က ရောက်လာကာ ဗိုလ်အောင်ဒင် က ကိုင်နေကျ ဝါးလုံးရှည်ကို ပြေးဆွဲ၏။ ဒေါ်မိမိ ဘာမှ မပြောတော့ဘဲ ချက်ချင်း ဆိုင်နားက ခွာသွားကာ ...

"ကြောက်လွှန်းလို့ ပြန်တော့မယ် ဟော့ .. ဖြစ်ရလေ .. အရူးက တစ်မျိုး .. ခွေးလိုဟောင်တဲ့လူက တစ်မျိုး .. ရှားပါ့တော် .."

"တောက်!... အော်သွားတာ ကြည့်စမ်း ..၊ ပြေးလိုက်သွားပြီး ခြေထောက်နှစ်ချောင်းကနေ ဆွဲလှဲပစ်ရရင်တော့ .."

"တော်ပါတော့ဟယ် .. ဒုက္ခပါပဲ .. ခဏ ခဏ ရန်ဖြစ်နေရတာ ငါတို့ဆိုင် နာမည်ပျက်တယ် လွှန်လွှန်း ရဲ့ .."

"ပျက်ပေ့စေတော့ မမခင် ရာ .. အခု မမခင် ဘာမှမကြားဘဲနဲ့ လွှန်လွှန်း ကို အပြစ်မတင်နဲ့ .."

ဒေါသထွက်ပြီဆို လက်ညှိုးက ထိုးသေးသည်။ ခေါင်းခါပစ်ပြီး ဆံပင်တွေ ဖွာလန်ကျဲအောင် ယမ်းပစ်တာလည်း ရှိ၏။

အော်ပြောနေတာပေမယ့် ကလေး ရန်တွေ့သလို ရှိနေကာ သနား စဖွယ်လေး ဖြစ်လာတော့သည်။

"အေးပါ .. မမခင် နားလည်ပါပြီ .. တချို့လူတွေက ဈေးဝယ်သူ ဘက်က ဘာဖြစ်ဖြစ် အသာစီးပဲဆိုပြီး ပြောပုံဆိုပုံကိုက စီးပိုးကြတာ.. ဟုတ်ပါတယ်.. ဒေါ်မိမိ အကြောင်းလည်း လူတိုင်း သိပါတယ်.. မမခင် က ငါ့ညီမကို လူတွေ တစ်မျိုးမြင်လာကြမှာစိုးလို့ ပြောမိတာပါ .."

လွှန်လွှန်း ပခုံးလေးကို ဖက်၍ ချော့မော့ပြောရသည်။



www.burmeseclassic.com

www.burmeseclassic.com



"စကားများပြီဆိုရင် သူတို့တွေက ငါညီမ နာမည့်ကိုပဲ အော်ဟစ်ကြေညာသွားကြတာ .. သူတို့နဲ့ ဘာဖြစ်သွားသလဲဆိုတာ ဘယ်သူမှ မသိဘူး .. လွှန်လွှန်း ဆိုးလှချေသားလို့ပဲ ကင်ကုန်ကြတာလေ .."

လွှန်လွှန်း အသက်ရှူပြင်းနေကာကို တော်တော်နဲ့ အန္တိန့်သတ်မပေးနိုင်ဘဲရှိကာ နောက်ထပ် ဝယ်သူတွေလာမှပဲ ဟိုဒမေး ဒီပြောနှင့် အဆင်ပြေသွားတော့သည်။ ဒီကြားထဲ အိမ်ပေါ် ခဏပဲ တက်လာခဲ့တာ အကုသိုလ်တက်စရာ ကြုံသေးသည်။

"ဟား .. ဟား .. ဟား ... တစ်လောကလုံး ဘာဖြစ်နေနေ ကိုယ့်အလုပ်မှ မဟုတ်ဘဲ .."

ဖုန်းပြောနေသည့် ချစ်သူ ရဲ့ နောက်ကျောနားမှာ လွှန်လွှန်း ခြေအစုံ ရပ်သွားသည်။ ထိုစဉ် ချစ်သူ က ထိုင်ရာကနေ တရှိပ်လှိုက်ပြီး ပြတင်းသောင်ကို မှီ၍ ရယ်နေ၏။

"ပြောပေ့စေကွာ .. လူတွေကို ဂရုစိုက်မနေနဲ့ .."

"... ... ... ..."

"အဲဒါလည်း ဂရုမစိုက်နဲ့ကွာ .. ယောင်လွှန်းကဲ့ရွှေး ကလူမလေးတဲ့အဲဒီတစ်ယောက်ကို အဲဒီလိုပဲ သဘောထားလိုက်.. ဇက်ဖက်ကြဲဆိုတဲ့လူတွေက ကျယ်လောင်ပွလောင်နဲ့ လူရှိန်အောင် လုပ်နေတာ .. တကယ်တမ်းကျတော့ သူရဲဘောကြောင်တဲ့လူတွေပါ.. သပ္ပာရှိတာ မဟုတ်ဘူး"

"တောက်!.."

စိတ်ကို ဘယ်လိုမှ ထိန်းမရတော့ဘဲ အနားရောက်သွားကာ ဖုန်းကို ဆွဲလုပစ်လိုက်၏။

"ဟာ!... မင်း .."

နားထောင်ကြည့်လိုက်တော့ တစ်ဖက်က ဘာသံမှလည်း မကြားကြည့်လိုက်တော့လည်း ဖုန်းက ဖွင့်ထားတာ မဟုတ် ...

"ရှင် ကျွန်မကို တမင်ပြောနေတာ မို့လား .. ယောက်ျားဖြစ်ပြီး





စောင်းလားချိတ်လားနဲ့ .."

"ဘာဆိုင်လို့လဲ .. ငါသူငယ်ချင်းနဲ့ ပြောနေတာ .. အဲဒီမှာ ခေါ်ထားတာ မတွေ့ဘူးလား .."

"ခေါ်ထားတာ တွေ့တယ် .. ဒါပေမယ့် ရှင် ပြောနေတာ ကိုယ့်ပေါင်ကို ကိုယ်ထုပြီး တစ်ယောက်တည်း ပြောနေတာ .."

"ဘာကွ!..."

"အိမ်ရှေ့မှာ လွှန်လွှန်း ရန်ဖြစ်နေသံ ကြားလို့ .. ရှင် .."

"ဟာ .. မဟုတ်ကာတွေ လျှောက်မပြောနဲ့ .. မင်း .."

လွှန်လွှန်း က သူမ မျက်နှာလေးကို ခြေဖျားထောက်ပြီး ပိုနီးကပ်အောင် မော့ထားကာ ...

"ကျွန်မက သူရဲဘောကြောင်တယ် ဟုတ်လား .."

"ကျွတ်!..."

"သတ္တိမရှိဘူး ယင်ရင် ခမ်းကြည့်လိုက်လေ .."

"လွှန်လွှန်း ရေ .. လုပ်ပြန်ပြီ .."

မာလာ ပြေးလွှားရောက်လာပြန်ကာ ရှုံ့မဲ့နေသည့် ချစ်သူ နဲ့ လွှန်လွှန်း ရဲ့ နှစ်ပွဲဆက် ဒေါသတွေကြားမှာ ...

"ကျွန်တော့်ဘာသာ ဖုန်းပြောနေတာ မမခင် .. ရန်ဖြစ်နေတာ ကြားတယ် .. ဘာတွေဖြစ်နေမှန်းကို မသိဘူး .. တကယ် ကိုယ့်အာရုံနဲ့ ကိုယ် နေတာ .."

"ဟုတ်တယ် .. တစ်လောကလုံး ဘာဖြစ်နေနေ ဂရုမစိုက်ဘူးလို့ စောင်းပြောနေတာ ကြားတယ် .."

"လွှန်လွှန်း ရယ် .. စောင်းပြောရအောင် နင်က သူ့ကို စိန်ခေါ်နေတာမှ မဟုတ်တာ .."

"မဟုတ်ဘူး .. သူ့စကားလုံးတွေကို မမခင် မကြားတာ ... သူ လွှန်လွှန်း ကို စောင်းပြီး နှိပ်ကွပ်နေတာ သိလား .."



www.burmeseclassic.com

www.burmeseclassic.com



လွန်လွန်း ကို မာလာ ဆွဲခေါ်သွားတော့ ဗိုလ်အောင်ဒင် က သူ့နား ရောက်လာကာ ...

"မင်းက ချစ်နေလိုက် .. မုန်းလိုက်နဲ့ ဘာဖြစ်တာလဲ .."

"ဘယ်လို!..."

"ချစ်သူ ဆိုတာ မမုန်းရဘူး.. မမြဝင်း လို ပြန်မလာတော့မှ ခက်မယ် .. မပြောချင်လို့ နေတာ .. ဘာကောင်တွေမုန်း မသိဘူး .. ဟိုနေ့ကတော့ ဖက်ကြ နမ်းကြလို့ ..၊ ခုကျတော့ .."

"ဗိုလ် အောင် ဒင် .. ခင်ဗျား ..၊ ဟာ!... ရှုပ်ကုန်တော့မှာပဲ .."

တားဆီးနေလို့ မရမှန်း သိလိုက်ကာ ဗိုလ်အောင်ဒင့် လက်ကို ဆွဲခိုကာ လူချင်း ပူးကပ်လိုက်ပြီး ပါးစပ်ကိုပါ လက်နဲ့ ဖိကပ်ပိတ်၍...

"ဘာတွေ လျှောက်ပြောနေတာလဲ .. ကျိုင်ပဲဗျာ .."

"ဘာလဲကွာ .. ခုမှ လူကို ကပ်ပြီး ပြောခိုင်းနေတယ် .."

"ဟာ!..."

"ကိုယ့်ဟာကို သွားပြော .. ချစ်ရင် ချစ်တယ်ပေါ့ .. ကိုယ့်ဘာသာ ချော့ပါလား .. ငါ မပြောလိုက်ချင်ဘူး .. မမြဝင်း ရေ .. ချစ်ပါတယ်- ပြန်လာခဲ့ပါ .. ဒါပဲပေါ့ .."

ပြောတော့ ..၊ ပြောချင်ရာသာ ပြောပါတော့ ..၊

ခုမှာ ပြန်ထိုင်ချရင်း ခေါင်းသာ ကုတ်မိတော့သည်။

လွန်လွန်း နဲ့ သူ သင့်မြတ်ဖို့ဆိုတာ ကြာလေ ဝေးလေ ..၊

ကိုယ် ဘာမှ မစော်ကားရပါဘဲ စော်ကားတယ်ချည်း ထင်စရာ ဖြစ်လာတာ မတတ်နိုင် ..၊

ဒီခြေထောက်တွေ မြန်မြန် ပြန်ကောင်းမှပါ ..၊





## အခန်း (၁၉)

"ဟာ .. လမ်းလျှောက်နေတာလား .. အပြင်လေး ဘာလေး ထွက်လျှောက်ပါလား ညီလေးရ .. ဗိုလ်အောင်ဒင် အဖော်ရှိသားပဲ .."

"ဟုတ်ကဲ့ပါ .. ဒီနေ့ ကိုကြီး အလုပ်မသွားဘူးလား .."

"အေး .. နေ့လယ်မှပဲ သွားမှာ .. မင်းအစ်မ သွားစရာလေးရှိတာနဲ့ အစ်ပိုင်း နားလိုက်တာ .."

အိမ်က ကျဉ်းနေသဖြင့် မိုးလင်းတာနှင့် တစ်ယောက်နဲ့ တစ်ယောက် မျက်နှာချင်းမဆိုင်ချင်လို့လည်း မရ ..၊

ဆိုင်ခင်းပြီး ပြန်ဝင်လာသည့် လွန်လွန်း ကို မြင်လိုက်ရတော့ ချစ်သူ့ မျက်နှာ ပြုံးစိစိ ဖြစ်သွားသည်။ လွန်လွန်း ကလည်း သိသည်။ သူ့မျက်နှာမှာ တစ်ခုခုကတော့ အဓိပ္ပာယ်ရှိတွေ ဖြစ်နေပါပြီ ..။

ရယ်ချင်ပက်ကျိ မျက်နှာကို ရယ်မချလိုက်နိုင်အောင် မျက်နှာကို အသားကုန် တင်းမော့ပြီး အိမ်ထဲ ဝင်ခဲ့ပေမယ့် ...

"ဟာ!... လန့်လိုက်တာ ဟာ .."

ဗိုလ်အောင်ဒင် ၏ အလန့်တကြား အော်လိုက်သံနှင့်အတူ ...

"ဟား .. ဟား .. ဟား .. ဟား ..."

မျိုသိပ်နေခဲ့သော ချစ်သူ ရယ်သံကြီး ဝါးလုံးကွဲ ထွက်လာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာရယ်တာလဲ .. ဘာဖြစ်တာလဲ .. ဗိုလ်အောင်ဒင် နော် .."

"ဟား .. ဟား .. ဟား ... ငါကွမ လား ..၊ အောင်မယ်လေး .. ခုမှပဲ မျက်စိကျယ်တော့တယ် ...ဟီး .. ဟီး .. ဟီး ... ငါက အိပ်ရာထကာစ မျက်နှာရှေ့ရှေးကြီး မြင်လိုက်တော့ လန့်သွားတာ .. ဟား .. ဟား .. ဟား ..."

"ဦးလေးကလည်း ကော်ပါတော့ ..၊ ဘာဖြစ်လဲ မိန်းကလေး သနပ်ခါးလိမ်းတာ ညီညီ မညီညီပေါ့ .."

မာလာ ဝင်လာပြီး ဖာထေး ပြောပေးတာသည်း မရ ..၊

ဗိုလ်အောင်ဒင် က တဟားဟား ရယ်နေဆဲဖြစ်ကာ ချစ်သူ ကတော့ ရယ်ရိုန်သဟ်လိုက်ပေမယ့် ရယ်ချင်နေသေးသည့် မျက်နှာအော ပေါ်မချုပ် ..၊ ထိုမျက်နှာကို မမြင်ချင်ယောင် ဆောင်နေလို့ ဘယ်လိုမှ မရတော့ဘဲ မျက်နှာရှေ့ထိ သူမ ရောက်သွားကာ ...

"ရယ်လေ .. အဲဒီမျက်နှာကြီး .. ဖားပြုတ် သံပရာသီး ကိုက်ထား သလို လုပ်မနေနဲ့ .. ရယ်ချလိုက် .."

"ဟား .. ဟား .. ဟား ..."

"ကဲ .. ရယ်ဦး .."

လွှန်လွှန်း ချစ်သူ ရင်ဘတ်ကြီးကို အားကုန်ဆောင့်တွန်းပစ်လိုက်၏။

"ဟာ!..."

"ဝုန်း .."

"ဒုန်း .."

အမှတ်ပမဲ့ လန့်သွားကာ သူမ လက်လေးတွေကို ချစ်သူ က ဖမ်းဆွဲထားလိုက်သဖြင့် အနီးဆုံးမှာ စားပွဲစွန်းပေါ် ဝရွန်းသုန်းကား လဲကျကုန်၏။ ပြီးတော့ ထိန်းနေရင်းနဲ့ပဲ ကုလားထိုင်ပေါ်မှာ ချစ်သူ က ထိုင်လျက်ကျကာ လွှန်လွှန်း က သူ့ပေါင်ပေါ်မှာ ..၊

ချက်တရက် လွှန်လွှန်း လည်တိုင်လေးမှာ နွေးခနဲ ဖြစ်သွား၏။





ပြန်ကျူးသလိုက်တော့ စားပွဲစွန်းမှာ ထောက်ထားသည့်လက်က ချော်ကာ သူ့မျက်နှာနဲ့ ကိုယ့်မျက်နှာသည် ..၊

"ဟာ!... ဘယ်လိုဖြစ် .."

ကိုကြီး အသံ ..၊

"ဆောရီး .."

"ပယ် .. ဖယ် .. လွှတ် .."

ဘယ်သူမှလည်း ဆွဲမထားဘဲ လွှန်လွှန်း ရှက်းလည်း ရှက်း .. ထု လည်း ထုရိုက်နေကာ .. လွှတ်ခိုင်းနေတာလည်း တရားလွန် ..၊

ပြီးတော့ ချစ်သူ ကို တွန်းယက်ခဲ့ပြီး ထွက်ပြေးသွားကာ ...

"ဂျိမ်း .."

အခန်းတံခါး ပိတ်သံက ဂျိမ်းခနဲ ..၊

ကြည့်လိုက်တော့ ကိုကြီး ရယ် .. မမခင် ရယ် .. ဗိုလ်အောင်ဒင် ပါးစပ်ကြီးဟ အပြုံးဆုံးဖြစ်ကာ အားလုံး တအံ့တဩ မှင်တက်မိသလို ကြည့်နေကြသဖြင့် ချစ်သူ မျက်နှာတစ်ပြင်လုံး ရဲဗဒလောင်းခတ်သွား၏။

ပြီးတော့ နေရာမှ ထရပ်ဖို့ ကြိုးစားနေကာ ...

"ဆောရီးပါ ကိုကြီး .. ကျွန်တော်က .."

"ဘာကို ဆောရီးတာလဲ .. နေ .. မနေ .. ရေခဲယောက် နာသွားပြီ ထင်တယ် .."

"မဟာနဲ့ဦး .. ခဏ ပြန်ထိုင်လိုက် မောင်လေး .. ပြော် ဒုက္ခပါပဲ .. ဒီကောင်မလေး စိတ်ဝိုလာပြီဆို အမြဲဟာမ်း ရှုံးရှုံးဒိုင်းဒိုင်းနဲ့ပါ .."

ဟိုတစ်ယောက်ကလည်း ထွက်ပြေးသွားသည်။ ချစ်သူ မျက်နှာ နီရဲနေတာလည်း အဝတ်စနိုက အချွဲးပေးရလောက်သည်။ အစ်ကိုဖြစ်သူ မျက်နှာကို မသိမသာ ကြည့်ကာ မာလာ ရယ်ချင်လာမိသည်။

ဖြစ်ရလေ .. အစ်ကို ရှေ့မှာမှ ..၊



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၀)

"ဘာလို့ တောင်းပန်ရမှာလဲလို့ .. သူက ဘာဖြစ်လို့ ရယ်လဲ .."

"နင်ပဲ ရယ်ချလိုက်လို့ ပြောတာလေ .."

"မမခင် နော် .."

ခုထိ ရှက်နေသေးတဲ့ မျက်နှာလေးကို ကြည့်၍ မာလာ ကလည်း ရယ်ချင်နေတုန်း ...၊

"သူ ရယ်တာနဲ့ ရိုက်ပစ်မှာ သူ သိတယ် .. ရယ်ရဲ ရယ်ကြည့်လို့ ပြောတာကို ရယ်ချလိုက်တာ စိန်ခေါ်တာ မဟုတ်ဘူးလား .."

"မဟုတ်ပါဘူး လွှန်လွှန်း ရယ် .. ဦးလေးလည်း ရယ်နေတာပဲ.. နင့်မျက်နှာက ဆိုင်ခင်းတုန်းက ခေါင်းမိုးပေါ်က နှင်းစက်တွေစင်ပြီး ထူထူပိန်းပိန်း သနပ်ခါးတွေမှာ အကွက်အပျောက်တွေ ထနေတော့.."

"ဟုတ်လား .."

မရှိသလောက် ပျက်နေပြီဖြစ်သည့် မျက်နှာပေါ်က သနပ်ခါးကို ခုမှ ပြန်စမ်းကြည့်နေ၏။





"အဲဒါ သူများ မရယ်ခင် မမခင် က ပြောပါလား .."

"ဩော် .. အမှတ်တမဲ့ သေချာကို မကြည့်ဖြစ်လိုက်ဘူး .. သွားဖို့ ...ို့လည်း ရှိနေတော့ သူများ ရယ်မှပဲ လှမ်းကြည့်ဖြစ်တာ .."

ထိုအဖြစ်ကို လွှန်လွှန်း တွေးလေ ရှက်မိလေ ...၊ တစ်ကိုယ်လုံး ...ွက် ဖက်တွယ်မိကြတာ ဘယ်နှစ်ခါလဲ ...၊ ဖြစ်လိုက်ရတိုင်း သူမရဲ့ ...ုံက နောက်ထပ် ပြန်မတွေးရဲလောက်အောင် ...၊

"လွှန်လွှန်း ရယ် .. သူက .."

"ဟာ.. မသိဘူး .. သူက သူစိမ်း .. ဗိုလ်အောင်ဒင် က ကိုယ့်မိသား ... .. ပြီးတော့ လူကြီး ...၊ သူ ရယ်တာကို ခွင့်မလွှတ်ပါဘူး .."

"လွှန်လွှန်း .."

ရှောင်ထွက်သွားမယ့် လက်လေးကို မာလာ က ဆွဲထားလိုက် ... ...

"သူ ညီမလေးကြောင့် ခြေဆစ် ပြန်ရောင်နေတယ် .."

"ဟင်!..."

"ဟုတ်တယ် .. ဆေးခန်းသွား ဆိုလည်း မသွားဘူး .. ရပါတယ် ...ပြီး အခန်းထဲ အောင်းပြီး ညည်းနေလို့ ဦးလေး သွားချောင်းကြည့်မှ ...တာ.. သူ့ခြေထောက် သူ ငုံ့ကြည့်နေလို့ ဝင်သွားကြည့်တော့ ရောင် ...တယ် တဲ့ .."

"လွှန်လွှန်း က အဲဒီလို ဖြစ်သွားစေချင်လို့ လုပ်တာမှ မဟုတ် ... .."

"ဟုတ်ပါတယ် .. ညီမလေးကို မှားပါတယ်လို့ သွားတောင်းပန် ...နေတာ မဟုတ်ဘူး .. သူ ရယ်မိတဲ့အပြစ်နဲ့ ညီမလေး လုပ်လိုက်တာ ... ကြည့်တော့ နည်းနည်းတော့ လွန်သွားတယ်မို့လား .."

ကိုကြီးနဲ့ မမခင် ခမျာ အလုပ်ကိစ္စ အရေးကြီးလို့ ထွက်သွား... ...ောင် စိတ်မဖြောင့်ဘဲ ပြန်လာခဲ့ကြသည်။ ဒါပေမယ့် ရပါတယ်လို့ပဲ

www.burmeseclassic.com



ပြောပြီး သူ့ကို ကိုကြီးတို့ ဂရုစိုက် မေးနေကာမှ အခန်းထဲ ဝင်သွား[illegible] သည့်အဖြစ် ...။

"မမခင် ဦးလေးကို ဟမင်းကျွေးပြီးရင် ခဏ နားချင်လို့ [illegible] ချစ်သူ ကတော့ ကျွေးတိုင်းလည်း စားချင်မှ စားတာ .. ညီမ[illegible] သူ့ကို မေးပြီး ခူးခပ်ကျွေးလိုက် နော် .. မမခင် ပင်ပန်းနေလို့ပါ -"

ဘယ်လိုမှ နေလို့မရအောင် တာဝန်တစ်ရပ်ပေးပြီး မမခင် [illegible] သွား၏။ နားစွင့်ကြည့်တော့လည်း ပျော့်ရှားသံသဲ့သဲ့နှင့် အိပ်မ[illegible] သေချာနေတာမို့ လွန်လွန်း အခန်းရှေ့ထိ တိုးလာခဲ့သည်။

တံခါးက စေ့ထားပေမယ့် ဘာသံမှ မကြားတော့ ဘာမှ မလို[illegible] ဘူးလို့ တွက်ကာ နောက်ပြန်လှည့်မို့ စိတ်ကူးနှင့် မျက်နှာအလှဲ -

"ငါ့ဆီ လာတာလား .."

ဟင်!...

တံခါးပွင့်သွားမည် မထင်ဘဲ ကိုယ့်ရှေ့ ဘွားခနဲ ပေါက်လာ[illegible] လန့်သွား၏။ ချစ်သူ မျက်နှာက တည်နေ ပြုံးနေတာ မဟုတ်ဘဲ [illegible] ဖြစ်သွားပြီး ရှေ့တိုးဖို့ ပြင်ပေမယ့် မတိုးနိုင် ...။

"တုတ်ကောက်ရော .."

"အင်း .. အထဲမှာ .."

သူက အခန်းထဲကို ပြန်ငဲ့ပြီး ခေါင်းဆတ်ပြကာ ...

"အထဲကကြည့်တော့ အပြင်မှာရပ်နေတဲ့ လူရိပ်ကို ကြ[illegible] တွေ့လိုက်တာနဲ့ မမခင် မှတ်လို့ အားနာတာနဲ့ ထလာတာ .."

"နေဦးလေ .. လွန်လွန်း ဝင်ယူပေးမယ် ဖြစ်လား .."

"နေပါစေ .. ကိုယ့်ဘာသာ .."

"တော်ပါတော့ .."

စိတ်တိုတိုနဲ့ ပြောကာ အထဲက တုတ်ကောက်ကို လွန်လွ[illegible] ယူလိုက်သည်။





အမှတ်တမဲ့နဲ့ ခုတင်ပေါ်ကို ကြည့်လိုက်တော့ အပေါ်မွေ့ရာကို [illegible]ယ်ချထားကာ အောက်ခံသင်ဖြူးပေါ်မှာပဲ မွေ့ရာခင်းမပါ ဘာမပါ [illegible] ...

လှည့်ကြည့်လိုက်တော့ တံခါးဝမှာ သူက မရှိတော့ပေ ...။ ဒီတိုင်း [illegible]ထွက်သွားပြီမှန်း သိလိုက်သဖြင့် သူ့ဖေ ထွက်လိုက်လာခဲ့ကာ...

"ရော .."

ညှို့ခန်းမှာ သူထိုင်တဲ့ ရှေ့မှာပဲ ဝင်ထိုင်လိုက်ကာ တုတ်ကို စားပွဲ[illegible]မှီပေးထားလိုက်ပြီး ...

"ရှင် ဘာဖြစ်လို့ အိပ်ခင်းတွေနဲ့ မအိပ်တာလဲ .."

သူ့ မျက်နှာပျက်သွားသည်။ ဒါပေမယ့် ...

"အားနာလို့ပါ .."

လွန်လွန်း က မဲ့ညို ...

"အားနာတာလို့ ကျွန်မတော့ မထင်ပါဘူး .."

သူ့ လှမ်းကြည့်လိုက်တော့ မျက်လုံးချင်း ဆုံသွားကာ ...

"သူများ ကိုယ်နံ့ကို မကြိုက်လို့ မဟုတ်လား .."

ချစ်သူ က မျက်နှာလွှဲသွားပြီးမှ ခေါင်းခါ၏။

"အဲဒီလို ဖြစ်နိုင်ပေမယ့် သူများနေရာကို ယူထားရလို့ အားနာတာ [illegible] ဝါပါတယ် .. သူလည်း သူ့အိပ်ရာမှာ သူများနေတာကို ကြိုက်မှာ [illegible]ဘူးလေ .."

"ကြိုက်ကြိုက် မကြိုက်ကြိုက် ကိုလေး က ရှင့်ကို နွေးနွေးထွေး [illegible] ဆက်ဆံခဲ့တာပဲ .."

"ဆောရီးပါ .. ဒါပေမယ့် မင်း ပြောသလိုကြီးတော့ မဟုတ်ပါ[illegible]

"ရှင် အဆင်ပြေရင် ပြီးတာပါပဲ .."

"ပြေဘူး .."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်!…"

"မင်းကိုလည်း ထပ်မပြောချင်ဘူး … ဒါပေမယ့် ကိုယ် အဲဒါနဲ့ ပတ်သက်ပြီးတော့ပဲ အဆင်မပြေဘူး ဖြစ်နေတာ …"

"ဘယ်လို!…"

ချစ်သူ က နဖူးတစ်ဖက်ပွတ်ရင်း အိမ်ထဲကို မျက်လုံးဝေ့၏။ လွန်လွန်း မျက်နှာလေး မဲ့တော့သလို ဖြစ်သွားကာ …

"သိပြီ …"

"ဟင်!…"

"ဆွဲကြိုး ရောင်းခိုင်းချင်တာ …"

"မင်း မဆိုးဘူး …"

"ဟွန်း …"

"လွန်လွန်း ကိုယ့်ကို ကူညီပါ …"

"ဘာလဲ … ရှင် အိပ်ရတာ ကျောနာ ခါးနာ ဖြစ်နေလို့ မွေ့ရာ ခြင်ထောင်တွေ ဝယ်မလို့လား …"

"မဝယ်ပါဘူး … ကိုယ် ယောက်ျားပါ … အိပ်တာ နေတာတွေ အတွက်တော့ ဇီဇာမကြောင်ဘူး …"

"ဒါဆို … စားသောက် မဝင်တာလား …"

"ဟုတ်တယ်ဆိုရင် မင်း စိတ်ဆိုးမှာလား …"

"ဆိုးပေမယ့် ရပါတယ် … ရှင်က လွန်လွန်း တို့ သည်းခံရမယ့် ညည့်သည်စာရင်းမှာရှိတဲ့ လူပဲ … ပြီးတော့ ရှင် ဘယ်လိုလူဆိုတာ …"

"ကိုယ်က သားဆိုးတစ်ယောက်ပါ …"

"ရှင့်ကို ဆေးသုံးထားဖူးတယ်လို့ ကိုကြီးက ပြောတယ် …"

"ဟုတ်တယ် … ဒါပေမယ့် စွဲလမ်းနေတာမျိုးထိ ကိုယ် မရင့်သေးဘူး … ကိုကြီးက တော်တယ် နော် … တချို့ဆိုရင် ကိုယ် သုံးဖူးမှ သိတာမျိုး …"





"ရှင်က ကိုကြီး သုံးဖူးတယ် ထင်လို့လား …"

"ကိုယ် ဒီလောက်ထိ နေလာတာ အိမ်မှာ …၊ ဒီအိမ်ကလူကို ဒါမျိုး …င်စရာလား …"

"ဟွန်း …"

"စိတ်ရင်းနဲ့ ပြောတာပါ … သားတွေရော သမီးရော မွေးထားပြီး …ိုးဖိုဘဝနဲ့ပေမယ့် ဦးလေးရဲ့အုပ်ထိန်းမှုအောက်မှာ ပွင့်လာတဲ့ ပန်း…အားလုံး လန်းဆန်းနေကြတယ် …"

ကဗျာဆန်နေသည့် သူ့စကားတွေကြောင့် လွန်လွန်း တောင် …ငြသွားမိသည်။

"ပွင့်လာတဲ့ ပန်းတိုင်း မလန်းကြဘူး … အဲဒါ မင်း လက်ခံလား…"

"အင်း … ဟုတ်တာပဲဟာ …"

"အစက ကိုယ် လက်မခံဘူး … ပွင့်လာတည်းက ပွင့်လန်းဖို့လေ… …တ်ထပ် မဝေခင်မှာ ကြွေတာမျိုး … အပူဒဏ်သင့်တာမျိုး …"

"အဲဒါတွေလည်း ပါတာပေါ့ …"

"ဒါပေမယ့် ကိုယ်က ခွဲခြားကြည့်ပြီး ဘယ်လို မလန်းတာမျိုးလဲ …ဘာကိုပဲ ရှာတာ …"

"ရှင်က အဲ့ဒီလောက်ထိ သဘာဝကို စိတ်ဝင်စားလို့လား …"

"ဟွန်း …"

ချစ်သူ က လွန်လွန်း ပါးပြင်ပေါ်က ပျက်ကျသွားပြီးမှ ခြေရာလေး …အဖြစ် ထင်ကျန်ရစ်သော သနပ်ခါးရောင် အသားဝင်းကလေးတွေ …ိုက်ကြည့်သည်။

ပြီးတော့ လှပအောင် ခြယ်မှုန်းတတ်သော ဆံနွယ်ရောင်လေးတွေ …်နေတာကိုပါ ကြည့်မိသည်။ ပြီးတော့မှ မျက်ဝန်းတို့ကို မသိမသာ …ယ်ရင်း …

"ပြောကြည့်စမ်းပါ … ကိုယ့်ကို မင်း ဘယ်လိုထင်သလဲ …"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်မဝင်စားပါဘူး .. ဒါပေမယ့် မမခင် ကတော့ ရှင်က ဆင်းရဲရဲဘဝမျိုးထဲက မဟုတ်နိုင်ဘူး တဲ့ .."

"ဘယ်လိုဘဝမျိုးပဲ ဖြစ်ဖြစ် အဲဒီလူက ထောင်ထွက်တစ်ယောက် ဖြစ်နေရင် ဆင်းရဲသားပဲဖြစ်ဖြစ် .. လူချမ်းသာဖြစ်ဖြစ် .. ဘယ်လိုဂုဏ် ကျက်သရေတွေ ထူးသွားနိုင်လို့လဲ .."

"ရှင် ထောင်ကျဖူးလို့လား .. ဒါတော့ မဟုတ်နိုင်ပါဘူး .."

"ကျမလို့ ဖြစ်ခဲ့တာ .. အဲလောက်ထိ ကံမဆိုးသေးလို့ ဖြစ်မှာပေါ့ .. ကိုယ်ကတော့ ကိုယ့်ကိုယ်ကိုယ် ကံအဆိုးဆုံးလူလို့ သတ်မှတ်ပြီးသား ပါ .. ဒါပေမယ့် ကိုယ် ဖျော်လင့်ခဲ့တဲ့ ကံဆိုးခြင်းတွေထဲမှာ ဒါမျိုးတွေ တော့ မပါဘူး .."

"မှုးယစ်ဆေးဝါးတွေက အသက်ကိုရော .. ဘဝကိုရော .. လူ အန္တရာယ်အပေးနိုင်ဆုံးပဲ .. ရှင့်မှာ အဲဒီလောက် အသိစိတ် ရှိနေသား များ .."

"မရှိပါဘူး .. အခု မင်းကို ပြောနေတာတွေက ကိုယ့်ရဲ့ အသိစိတ် တွေ မဟုတ်ဘူး .. ကြားဖူးတဲ့ သုံးမရစကားတွေ .."

'ဖြစ်ရလေ ..' လို့ပဲ စိတ်ထဲမှာ ညည်းညူမိတော့သည်။ ချစ်သူ လည်း ရယ်ကာ ...

"အဲဒါတွေ ထားလိုက်ပါ .. ဘယ်အချိန်ပြောပြော ပျော်ဖို့ကောင်း တာ ဝတ်စုံမှ မရှိဘူး .. အခု မင်း ကိုယ့်အခန်းရှေ့ကို ရောက်နေ က .."

လွှန်လွှန်း ကိုယ်ရဲ့ မှုရင်းကိစ္စကို ခုမှ သတိရသွားကာ ဖျတ်ခနဲ နိုးသွားသည်။

ဒါပေမယ့် သူ့မျက်နှာကို ပြန်ကြည့်၍ ...

"ခုနကကိစ္စအတွက် လွှန်လွှန်း တောင်းပန်ပါတယ် .."

"ရယ်လိုက်မိတာလည်း ကိုယ့်အပြစ်ပါ .."





"နှစ်ခါရှိပြီ ဆိုတော့ ရှင် လွှန်လွှန်း ကြောင့်ချည်းပဲ ဒေါ်ရောဖြစ် လွှန်လွှန်း ဘက်က လွန်တာပေါ့ .."

"အဟွန်း .."

"ဘာရယ်တာလဲ .."

တောင်းပန်နေသည့် မျက်နှာက သူ့ရယ်သံကြောင့် တင်းခနဲ ထ သွားသဖြင့် ချစ်သူ က အသံထွက်အောင် ရယ်သည်။

"ရှင် နော် .. ဒီက မမခင် ကိုက်တွန်းလို့ .."

"သိပါတယ် .. အဲ့ဒါ အစတည်းက ပြောပါလား .. ကိုယ့်ဘာသာ ကောင်းလို့ပဲ လာတောင်းပန်သလိုလို .."

"စိတ်မကောင်း ဖြစ်မိရင်တောင် ရှင့်မျက်နှာ စပ်ဖြဲဖြဲ ဖြစ်သွား တာ ပုံစံကို သတိရတိုင်း .."

"မေတ္တာတွေ ထားနေတာလား .."

"ဟွန်း .."

ဒါသအရှိန်ပြေပြေနှင့် မျက်စောင်းတစ်ပမ်းကွဲတော့ ပစ်ဝင်လာ သည်။

"ကိုယ်ကတော့ စိတ်တိုမိတိုင်း မင်းနာမည်ကို သတိရပြီး ပြန် သွားတယ် .."

"ဘာ!.."

"ချစ်ဖို့ကောင်းတယ် .."

"ရှင် နော် .."

"နာမည်ကိုပါ .. လွှန်လွှန်းခက် ဆိုတော့လေ .. မင်းကချည်းပဲ လည်း နာမည်ကြောင့်ပဲ ဆိုပြီးတော့ .."

"ရှင့် ကိုယ့်ကိုယ်ကိုယ်တော့ ဆိုးသွမ်းခြင်း မရှိခဲ့သူလို့ သတ်မှတ် ထားလား .."

"မစွတ်ပါဘူး .."



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး .. ကျွန်မနဲ့ ပတ်သက်ပြီးတော့ .."

"လုံးဝ မမှတ်ဘူး .. ကိုယ် ရောက်လာတည်းက ဟိုတစ်ည ဒင် မတိုင်ခင်ထိ မင်းကို သိပ်ကြည့်လို့ ရတာမှ မဟုတ်ဘဲ .."

ကြည့်စမ်း ..။

ကိုယ့်ဘာသာ တစ်နေ့ မျက်စောင်း ဆယ်ကုဋေလောက် ထိုးနေ ပါစေ ..။ မုန်းလွန်းလို့ အကြောဆွဲ တောင့်တင်းနေနေ ကိုယ်ကပဲ မ ချင်သည်။

သင်းကများ လူကို ကြည့်မရဘူးလေး .. ဘာလေးနဲ့ ကြီးကြ ကျယ်ကျယ် ..။

"ဟား .. ဟား .. ဟား .. ဟား ..."

ဘုရားစင်အောက်ကနေ စာအုပ်တစ်အုပ် မျက်နှာအပ်လျက် ဗိုလ် အောင်ဒင်ကြီး ထရယ်လိုက်တာ အလန့်တကြား ..။

"လုပ် .. လုပ် .. ဦးလေးကိုလည်း မပြောချင်တော့ဘူး .. စားချင် သာ စားပေတော့ .. အိပ်လိုက်ဦးမယ် .. ခဏ .."

ထမင်းဆူးခပ်ပေးထားပြီးမှ ဗိုလ်အောင်ဒင် မစားဘဲနေတာ မည်။ မာလာ က အခန်းတံခါးကို အထဲကနေပဲ အသံမြည်အောင် ပိတ်သွား၏။

"ရယ်ရတယ် .. ဟား .. ဟား .. ဟား ..."

စာအုပ် ထားခဲ့ပြီး သူတို့နားကို အူးယားဖားယား ပြေးလာ ပြီးတော့ ချစ်သူ ဆောမှာ ကပ်ထိုင်လိုက်ကာ ...

"မင်းရော သိလား ကောင်လေး .."

"ဘာကိုလဲ .."

"ဆင်မ နဲ့ ဖြုတ်မ အကြီးအကျယ် ပြိုင်ကြတာ .."

"ဟင်!..."

"ဘယ်သူက နိုင်မယ် ထင်လဲ .."





"ဆင်နဲ့ ဖြုတ်ကောင်လေး လား .."

"အေး .. အဲ့ .. မဟုတ်ဘူး .. ဆင်မ နဲ့ ဖြုတ်မ .."

"အမ ကောင်ချင်းကို ပြောတာလား .."

"ဟုတ်တယ် .. အမတွေပဲ ဗိုက်ကြီးလို့ ရတာလေကွာ .."

ဗိုလ်အောင်ဒင် က ရှင်းပြနေရတာကို ရယ်ရှိန်ပျက်ရတာကြောင့် စိတ်မရှည်သလို အော်သေးသည်။ ပြီးတော့ ရှေ့သွားနှစ်ချောင်း မရှိသည့် ပါးစပ်ကြီးကို အစွမ်းကုန် ဖြဲဟပြီး ရယ်၏။

"ဆင်မက ဆင်ကလေးလေး တစ်ကောင်ပဲ မွေးတယ်ကွာ .. ဖြုတ်မက အကောင်တွေ အများကြီး သူ မွေးနိုင်တယ်ဆိုပြီး ကြွားတယ် တဲ့ ..။ အဲ့ဒါ .. အဲဒါကို ဟီး .. ဟီး .. ဆင်မက သူ ဘာဖြစ်လို့ တစ်ကောင်တည်းပဲ မွေးနိုင်တာလဲဆိုပြီး မကျေနပ်ဘူး .. အဲ့ဒီမှာ အကြီးအကျယ် ပြိုင်ကြတာ .."

"ဘယ်လိုပြိုင်ကြလဲ .."

"အကြီးအကျယ် ပြိုင်ကြတာပါ ဆို .."

"ဟုတ်ပါပြီ .. ဆင်တစ်ကောင်လုံးနဲ့ ဖြုတ်က .."

"ဒါပေမယ့် တကယ် ပြိုင်ကြတာ .. ဟား .. ဟား .. ဟား ..."

"ဒုက္ခပါပဲ နော် .. ဦးလေးရေ .. လာပါ .. လာပါတော့ ..။ ထမင်းပွဲလည်း ပြင်ထားပြီးပါပြီ .."

မာလာ ဆံပင်ကို ကလစ်နဲ့ ရှုညှပ်နေရင်း ထဘီမနိုင်အောင် ပြေးထွက်လာရကာ ဗိုလ်အောင်ဒင် လက်ကို အတင်း ဆွဲခေါ်သွားလေသည်။

"မင်း သိလား ကောင်လေး .. ဖြုတ်သတ္တိက မခေဘူး နော် .. ဆင်မနဲ့ အကြီးအကျယ် .."

"သြော် .. ကဲ .. ဦးလေးရယ် .."

မာလာ ဖြစ်နေပုံကို သတိထားမိကာမှ လွန်လွန်း နဲ့ ချစ်သူ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ လွှန်လွှန်း ပါးပြင်လေး အရောင်ရင့်လာကာ ...

"ဟား .. ဟား .. ဟား ..."

ဘဘောပေါက် နောက်ကျလေခြင်းဆိုသည့် မချိုမချဉ် ဖြစ်လာသော မျက်နှာနှင့် ချစ်သူ ခင်ကြိတ်ကြိတ် ရယ်လျှင် ...

"သေလိုက် .."

နေရာမှ ထထွက်လာခဲ့ပြီး ရှက်လွှန်းလို့ မျက်နှာ ဘယ်ထားရမှန်း မသိ ...၊ ပခုံးတွေလှုပ်အောင် ရယ်နေသော ချစ်သူ့ အသံကတော့ ကြားရဆဲဖြစ်ကာ ...

"ရယ်ပေါ့ .. ရယ်ရင်းနဲ့ ပါးချိတ်တွေ ပြန်မကျအောင် ကပ်နေပါစေ .."





အခန်း (၂၁)

"ဗျာ .. ကိုကြီးစိုးမိုး လား .."

ဖုန်းကိုင်ရင်း ရှုံ့မဲ့သွားတော့ ဦးလွှက်း ဆီကို လွှန်လွှန်း တို့ အကြည့်တွေ ရောက်လာကြ၏။ ခုမှ ကားပြန်သိမ်းကာစ ဖေဖေ ရေတောင် မချိုးရသေးပါ ...။

"လာခဲ့ပါမယ် .. ဒါပေမယ့် ဒီရက်ပိုင်းတော့ အေးအေး နေပါဦး ကိုကြီးစိုးမိုး ရာ .. အိမ်မှာ ရေလိုပေါက်တွေချည်းပဲ ဖြစ်နေတာ ကိုကြီးစိုး သိရဲ့သားနဲ့ .."

"... ... ... ..."

"ဟုတ်တယ် .. လူမမာအတွက်က လျှော့ပေါ့ကုနေရတယ် .. ဒါပေမယ့် ဆေးခန်း တစ်ခါသွားပြီဆို အနည်းဆုံး နှစ်သောင်း သုံးသောင်းတော့ ရှောတာပဲ .."

"... ... ... ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်မှာ ပိုလျှံထားတာ ရှိမှာလဲ .. ဟင် .. ဩော် .. အလတ်ကောင်လား .. ဟုတ်တယ် .. အဲဒါ သူ့ဘာသာသူ ငွေစုပြီး သွားဖို့ စီစဉ်နေတာ .. ကျွန်တော် လုပ်ပေးတာ မဟုတ်ဘူး .. ဘယ်လိုလုပ် အဲ့ဒီလောက် ရမှာလဲ .."

"... ... ... ..."

"ညည်းတာ မဟုတ်ပါဘူး .. ညည်းတွားတဲ့အလုပ်က ကျက်သရေရှိတာမှ မဟုတ်တာ .. ကိုကြီးစိုးမိုး ရဲ့ ကားကလည်း ရတဲ့ငွေနဲ့ ပြင်ရတာ မကာမိပါဘူး .. အဲ့ဒါ တကယ်ပြောတာ .."

"... ... ... ..."

"အဲဒါလည်း ဟုတ်တယ် .. တိုက်ဟောင်းတွေ အသစ်ပြင်ဆင်ဖို့ စီမံချက်တွေ ရှိတယ် .. ကျွန်တော်လည်း စုဖို့ ကြိုးစားတာပဲ .. ဒါပေမယ့် ငွေရှာရတာက 'ချစ်တီးခေါင်း သန်းရှာရသလို'ပဲ .. မယုံမရှိနဲ့.."

"... ... ... ..."

"ပူမနေပါနဲ့ဗျာ .. လူသာ အိုမယ် .. စိတ် မအိုသေးပါဘူး .. ကိုယ့်စိတ်က ဆောင်နေသမျှတော့ ငွေဆိုတာ ကိုယ့်လက်ဖျားမှာ ရှိနေပါသေးတယ် .. ကျွန်တော့်သားသမီးတွေ ဒီလိုတိုက်ခန်းနဲ့ မနေနိုင်တော့ရင်တောင် ဇရပ်ပေါ် မရောက်အောင်တော့ တတ်နိုင်ပါတယ် .."

မေမေ ဖုန်းပြောနေတာကို ကြားနေရကာ မာလာ နဲ့အတူရှု ပဲကြာဆံတွေ ပါကင်ထုပ်ပေးနေရင်း လွှန်လွှန်း လက်လေးတွေ နှေးကွေးလာခဲ့၏

မာလာ က ပင့်သက်ရှိုက်လိုက်ရင်း ...

"ဦးကြီး စိုးမိုးအောင် ဆက်တာ နေမှာပေါ့ .. စိတ်မပူပါနဲ့ ညီမလေးရယ် .. ဦးစိုးမိုးအောင် က ဒီလိုပဲ စိတ်ညစ်အောင် လုပ်တတ်တာပါ ..၊ တကယ်တမ်းကျတော့ သူတို့ညီအစ်ကိုချင်း ပစ်ပစ်ခါခါတော့ မလုပ်ပါဘူး .."





"လွှန်လွှန်း က မေမေ စိတ်ဆင်းရဲတာကို သနားလို့ပါ .. ချစ်သူကို တိုက်မိပြီးတည်းက လူနာကိုလည်း အိမ်ပေါ် ခေါ်တင်ထားရတယ်.. ထုန်လိုက်တဲ့ ဆေးဖိုးတွေက သောက်သောက်လဲ .. ခု ထပ်ပြီး ချစ်သူ ခြေထောက်နာသွားတာလည်း လိမ်းဆေးတွေ ဝယ်ပေးရ .. တရုတ်ဆေး စည်းရမယ်ဆိုလို့ ပြေးရနဲ့ .. အဲ့ဒါလည်း လွှန်လွှန်း ကြောင့်ပဲ .."

"ဒီလိုလည်း ဘယ်ဟုတ်မလဲဟာ .. ညီမလေးကလည်း ရှုငယ်ပဲ.. သူက သူ့အကြောင်း မပြောပေမယ့် ညီမလေးလိုပဲ သူလည်း အိမ်မှာ အငယ်ဆုံးသား ဖြစ်ချင် ဖြစ်မှာ .. ဒါမှမဟုတ်ရင် တစ်ဦးတည်းသော သားလား .."

"ဘာဆိုင်လို့လဲ မမခင် .."

"ဩော် .. လူဆိုးချင်း တွေ့တာလေ .. သူကလည်း အားလုံးအပေါ်မှာ ပြေပြစ်ပေမယ့် ညီမလေးကိုကျတော့ ရန်ဖြစ်ဖော်လို သဘောထားခဲ့တာလေ .. ကလေးဆိုးချင်း တွေ့တော့ ရန်ဖြစ်လိုက် .. ပြန်တည့်လိုက်ပေါ့ ..၊ ဒါသဆိုတာ ရဟန်း သူတော်စင်တွေတောင် ကင်းနိုင်ကြတာမှ မဟုတ်ဘဲ .. လူငယ်တွေက မှားကြတာ အပြစ်ကြီးတစ်ခု မဟုတ်ပါဘူး .."

"ဒါပေမယ့် မမခင် ရယ် .."

"အေး .. ပတ်ဝန်းကျင်က အကုသိုလ်ဝင်တာလို့ ပြောတဲ့လူကပြော .. အကုသိုလ်ကို အိမ်ပေါ် တင်ထားရတာလို့ ပြောတာတွေနဲ့ .. အဲ့ဒါတွေက စိတ်ရှုပ်ထွေးမှုပေါ်မှာ ပိုပြီး တွန်းအားပေးတဲ့ ဖိစီးမှုတွေပေါ့ .. နောက်ပြီး ချစ်သူ က ရောက်လာကာစကလည်း ပိန်ရှော်ဖြူဖပ်ပြီး ချက်ခုံးကောင်းတော့ မျက်တွင်းချိုင့်တာ ညိုနေတာတွေက သိသာတယ်လေ .."

"အဲ့ဒါက ဘယ်လို ဆိုင်လို့လဲ .."

"ဩော် .. နင့်ကိုကြီးတောင်မှ သူ့ကို မြင်တာနဲ့ ဟိုလိုဒီလိုမှန်း



www.burmeseclassic.com

www.burmeseclassic.com



ခန်းသိတဲ့ဟာ ..၊ သူ့ကို မြင်တာနဲ့ 'အကုသိုလ်ကံ့'လို့ ပြောမယ့်လူက ပြောပြီပေါ့ ..''

''မဆိုင်ပါဘူး မမခင် ရယ် .. ဆေးသမားဖြစ်ဖြစ် .. သူနိုးဖြစ်ဖြစ် ဒါ သူတို့ကိုယ်ကျင့်တရားပဲဟာ .. အကုသိုလ်ဆိုတာက ကံတရားပါ .. သူ ရှိနေတာနဲ့ပဲ အကုသိုလ် အိမ်ပေါ်ရောက်လာတာလို့ ပြောလို့ မရပါဘူး ..၊ တကယ့် အကုသိုလ်ဆိုရင်လည်း အဲ့ဒါ လွှန်ရှုန်း တို့ ကံမကောင်းတဲ့အတွက် အကုသိုလ် အကျိုးပေးချိန် ရောက်လာတာပဲ ..''

''အံမယ် .. ငါ့ညီမတောင် ယထာဘူတကျကျ ပြောတတ်လာပြီ..''

မာလာ က ခေါင်းလေးကို လှမ်းပုတ်ပြီး ချစ်စနိုး ရယ်သည်။

''ဟုတ်တယ် .. ကိုကြီးလည်း အရမ်း ပင်ပန်းနေပြီ .. လွှန့်လွှန်း အလုပ်တစ်ခုခု ရှာဖို့တောင် စိတ်ကူးထားပြီးပြီ ..''

''အို!... မဟုတ်တာ ..''

အလုပ်လုပ်မယ် ပြောလိုက်တာနှင့် မာလာ ရယ်နေတဲ့ မျက်နှာလေး ချက်ချင်း တည်သွားသည်။

''ညီမလေး ကလေးတွေကို စာသင်ပေးနေတာလည်း ဝင်ငွေ တစ်ခုပဲလေ .. ကလေးက ကလေးလို နေစမ်းပါ လွှန်လွှန်း ရယ် .. အစ်ကိုလုပ်တဲ့လူတွေကဖြင့် သူတို့ညီမကို ခုချိန်ထိ ခေါင်းပုတ် ပါးဆွဲနဲ့ ကလေးလို ယုယနေကြတုန်း .. တော်ကြာ ကျွန်မတို့ပါ အထင်လွဲကုန် ပါ့မယ် .. မလုပ်ပါနဲ့ ..''

ဒါကို ဆက်ပြောမှာစိုးသလို နေရာမှ တစ်ခါတည်း ထရပ်လိုက်ကာ ဘုရားစင်အောက်က ပိုက်ဆံအိတ်ကို သွမ်းယူ၍ ...

''အဖေ ရေမချိုးသေးဘဲ ပြန်ထွက်လာတာ အပြင်သွားမလို့ ထင် တယ် .. မမခင် လိုက်သွားလိုက်ဦးမယ် .. ခေါ်တင်လှ ဆိုတဲ့ မိန်းမကြီး က ရှောင်များနေသလား မသိဘူး .. ခုလို ညဝိုင်းမှာ အမိသွားဖမ်းမှ..

''တောင်းရခက် ဂွဲလူတွေကို ကြွေးမပေးပါနဲ့ မမခင် ရယ် ..





ရန်ဖြစ်ရတော့ ကိုယ်ပဲ အလွန် ..၊ သူတို့က မျက်နှာပြောင်ပြောင်နဲ့လည်း နေသေးတယ် .. လူကွယ်တာနဲ့ ချစ်တီး ပြောလို ပြော .. အတိုးကြီးစား တယ် ပြောလို ပြော .. သူတို့ကို ဒီတိုင်း ငွေထုတ်ချေးရအောင် သူတို့ က ..''

''ကဲ .. ကဲ .. တော်ပါပြီ .. ဒေါ်သထွက်နေတတ်တဲ့မျက်နှာက မြန်မြန်ရင့်တယ် .. အလှပျက်တယ် .. အဲ့ဒါ သိရဲ့လား .. တော်ကြာ ငါ့ညီမမျက်နှာ လှလှလေး ဝက်ခြံဖုတွေ ထွက်ပြီး ရင့်ရော်သွားဦးမယ်.. ရန်ဖြစ်စရာရှိရင် မမပဲ ဖြစ်ပါ့မယ် ..''

''အံမယ် ဒီလိုရမလား .. မမခင် အခု ရန်ဖြစ်မှ တောင်းလို့ ရမယ် ထင်ရင် တစ်ယောက်တည်း မသွားနဲ့ .. လွှန်လွှန်း ပါ လိုက်မယ် ..''

''ငါလည်း လိုက်မှာ နော် ..''

ဗိုလ်အောင်ဒင် ကပါ ကွာတားဘောင်းဘီပွပွကြီး တကားကား နှင့် ဆိုင်ပေါ် ရောက်လာ၏။

''တွေ့လား .. ဦးလေး ဒါမျိုးဆို သိပ်နားပါးတာ ..''

''သမီး ခင်ခင် ..''

''ရှင် .. အဖေ လာပြီ ..''

ဦးလွန်း ခေါ်လိုက်တာနှင့် မာလာ အပြေးတစ်ပိုင်း ထွက်သွား၏။ ဦးလွန်း ကလည်း သားတွေကိုသာ မင်းတွေ ငါတွေနဲ့ ပြောတဲ့အခါ ရှိပေမယ့် ချွေးမနဲ့ သမီးကိုတော့ 'သမီး'ဆိုတာ ပါးစပ်က မချ ...။

''မမခင် လိုက်သွားမှာဆို .. ဦးလေးကိုပါ ခေါ်သွားပေး လေလေ.. မမခင် က 'အောင်ကမ္ဘာ' ခေါ်တင်လှ နဲ့ ရန်သွားဖြစ်မှာ .. အကြွေး တောင်းတယ်ဆိုတာ အဖော်တစ်ယောက်ပါမှ လူရှိန်တာ ..''

ဦးလွန်း က စိတ်ညစ်နေသည့် မျက်နှာနှင့်တောင် သမီးမျက်နှာ ကို လှမ်းကြည့်ပြီး ရယ်သေးသည်။

''ဒါဆို ဝိုင်းရန်တွေ့လို့ရအောင် သမီးပါ လိုက်ခဲ့မလား ..''



www.burmeseclassic.com

www.burmeseclassic.com



"မခေါ်နဲ့ အမေ .. သူ လိုက်မလို့ ဖြစ်နေတာ .."

လူကြီးတွေ ချစ်စနိုးအပြုံးတွေနဲ့ ထွက်သွားကြတာကို လွှန်လွှန်း လှမ်းကြည့်ပြီး တိတ်တဆိတ် ဘာတွေ ရေရွတ်နေမှန်း မသိ ..၊

"လွှန်လွှန်း .. မင့်ဖုန်း လာနေတယ် .."

"ဘယ်သူတဲ့လဲ .."

"ဘယ်လိုလုပ် သိမှာလဲ .."

သူ့ဘေးမှာကို တစ်ချက်လေး လှမ်းကြည့်လိုက်ရမှာ ဘာဖြစ်သွားနိုင်လို့လဲ ..၊ ဆိုင်ကို လာဝယ်မယ့်သူ ပတ်ဝန်းကျင်မှာ ရှိမရှိ သေချာငုံ့ကြည့်လိုက်ပြီးမှ လွှန်လွှန်း အိမ်ထဲ ဝင်လာခဲ့သည်။

မီးရောင်အောက်မှာ သူက ဗိုလ်အောင်ဒင် ကိုင်နေကျ လောက်လေးခွကို သေချာ ကြပ်မတ် ပြုပြင်ပေးနေ၏။

အလုပ်ကြီး အကိုင်ကြီးကိုး ..၊

"ဟင်!..."

ဖုန်းကို ကောက်ကိုင်ပြီးမှ 'ဟင် ..'ခနဲ နှာခေါင်းရှုံ့တော့ ချစ်သူက မော့ကြည့်သည်။ 'ဒီလူက ဘာကိစ္စ ဆက်ရတာလဲ ..'လို့ ရေရွတ်လိုက်တော့ ဘယ်သူ ဆက်တာမှန်း သူ သိလိုက်၏။

"ချစ်သူ .. ရှင် ခဏ ဆိုင်ထိုင်ပေးပါလား .."

"မထိုင်ချင်ဘူး .."

"အဲ့ဒီလို ကူညီပေးတာ ကျေးဇူးတင်တယ် .."

သားရေကြိုးကို တင်းနေအောင် ဆွဲရင်း ချစ်သူ က မော့ကြည့်၏။

"မင်း ဘာညာသာရကာတွေ ပြောဖို့ကို ငါက ဆိုင်စောင့်ပေးရမှာလား .."

"အံမယ် .. ဘယ်သူက ဘာညာသာရကာမို့လို့လဲ .. ဟုတ်တော့ရော ဘာဖြစ်လဲ .. ရှင့်ကို ချိန်းတွေ့ဖို့ လူစောင့်ခိုင်းတာ မဟုတ်ဘူး .. ဆိုင် ခဏထိုင်ပြီး ရောင်းပေးဖို့ .."





"မရောင်းတတ်ဘူး .."

ဆံပင်တွေ လိမ်လိမ်ကောက်ကောက် ကုပ်ထောက်ကြီးကို နား...ကော်မှာ သိမ်းညှပ်ထားသေးသည်။ ဝတ်ထားတော့ တီရှပ် အဝါ...င် ..၊

မျက်နှာက ဖြူဖြူနုနုနှင့် လေးခွကိုင်ပြီး ကြက်ပေါင်ကြိုး ဆွဲနေ...ည့် လက်ချောင်းတွေက မိန်းကလေးလို တင်းပြည့်မနေပေမယ့် အနေ...ာ် ရှည်လျားကာ နုသွယ်နေ၏။ ပြီးတော့ လက်ချောင်းထိပ်နဲ့ လက်...စောင်းလေးတွေက နီနေသေးသည်။

"အခြောက် .."

"ဘာ!..."

မကြားတကြားပြောပြီး လှည့်ထွက်ခဲ့ပေမယ့် ကြားသွားသေး...ည်။

"လွှန်လွှန်း .. မင်း ငါ့ကို ပြောတာလား .."

"ဘာပြောလိုက်တာလဲ .. ဟင် .. ရှင် ဘာကြားလိုက်လို့လဲ .."

ခပ်ကြောင်ကြောင် လှည့်မေးလိုက်ရင်း ရယ်ချင်နေသည့် နှုတ်ခမ်း...ကို ဖေ့ထားရတာ မချိမချဉ် ဖြစ်နေနိုင်၏။ ချစ်သူ က မျက်ခုံးထူထူ...ကို ထိစပ်မတတ် ကုတ်ချထားကာ ...

"ဟွန်း .. မကြားဘူးလို့ပဲ ထားလိုက် .."

နေနှင့်ဦး ဆိုသည့် မဲ့ပြုံးကို မသိသလို ကျော်ခိုင်းလိုက်ပြီးမှ ပခုံး...သေိမသာ တွန့်မိ၏။ ဘာဖြစ်လို့ ရုတ်တရက် ပြောထွက်သွားမှန်း...ကိုယ်ကိုယ် မသိလိုက် ..။

ဒါပေမယ့် ချစ်သူ စိတ်တိုသွားတာကို မြင်လိုက်သဖြင့် ကျေနပ်...သည်။ ဆိုင်မှာ ပြန်ထိုင်လိုက်ပြီး တစ်ယောက်တည်း ကြိတ်ရယ်...ထိုစဉ် ...

"ဘုန်း .."



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး!..."

အပေါ်ကနေ ပြုတ်ကျလာတာ ဘာထုပ်ကြီးလဲ ...၊

"ဘာဖြစ်တာလဲ ဟ .."

"အပေါ်က ပြုတ်ကျလာတာ .."

ကိုယ့်ဆိုင်ရှေ့ နှစ်ပေကျော်ကျော်လောက်ပဲ ကွာသည်။ ပတ် ကျင်က လူတချို့ပါ တအံ့တသြအသံတွေ ထွက်လာကြကာ လမ်း မှာ သွားနေသည့် ကားထဲကလူတွေ .. ဆိုက်ကားပေါ်ကလူတွေ မော့ကြည့်ကြ၏။ ထို့ပြင် ...

"ခွမ်း .."

"အား!..."

"ဟာ!... မုန့်ကွဲစတွေ ပျံ့ကြဲကုန်ပြီ .."

အပေါ်က ပြုတ်ကျလာသည့် မုန့်ကွဲက အောက်ရောက်တော့ ကွဲစေ့တွေလို မွမွကြေ၏။ ဈာမပိတ်ရသေးသော အဝတ်အိတ်ကြီး မုန့်ကွဲစတွေရယ် .. လွန်လွန်း ဆိုင်ရှေ့ မကျတကျလေးမှာ ပျံ့ကြဲ လေသည်။

လူတွေ ဟိုမှဒီမှ ထွက်လာကြကာ အပေါ်ထပ် အခန်းဆီကို မ မကမ်းကနေ မော့ကြည့်နေကြ၏။ လွန်လွန်း မျက်လုံးအဝိုင်းသား ဘာလုပ်ရမှန်းလည်း မသိ ...၊

အပေါ်ဆုံးထပ်က မိသားစု သုံးယောက်မှာ ယောကျ်ားဖြစ် စိတ်ကျန်းမာရေးဆေးရုံက ပြန်ရောက်တာ မကြာသေးပေ ...၊ ဒါ ကလေးကို အမျိုးသမီးရဲ့ မိဘတွေအိမ်မှာ ပို့ထားရတာကိုတော့ နှ ပြန်မခေါ်နိုင်ကြသေး ...၊

သူ့ယောကျ်ား ကျန်းမာနေပါပြီလို့တော့ ပြောနေပေမယ့် လူ က ဒီလူကို မသက်သာကြ ...၊ သတိထားနေဖို့တောင် တချို့က ပေးကြဖူးသည်။





ကိုယ်တစ်ယောက်တည်း ကျန်ခဲ့တာ မဟုတ်ပေမယ့် ချစ်သူ ဆို ဘိုလ်က ဒီမြို့မှာ ဒီလောက် ရှုပ်ပွက်ယှက်နေတာကိုတောင် ခေါင်း င်ကြည့်တဲ့သူ မဟုတ် ...၊

တွေးမိပြီး လှည့်ကြည့်လိုက်တော့ ထင်တဲ့အတိုင်း စောစောက ိုင်နေတဲ့နေရာမှာတောင် မတွေ့တော့ပေ ...၊ မိသားစုနဲ့ မနေတတ်ခဲ့ သား .. သူ့စိတ်ကိုက ကြောင်တောင်တာမျိုးလား ...၊

ဆိုင်ထဲမှာ တစ်ယောက်တည်း ဆိုင်ရှင်း ဘာဒုလည်း ဆက်လုပ်လို့ ပေ ...၊ အပြင်မှာတော့ လူတွေက ရုတ်ရုတ် ရှုပ်ရှုပ် ရှိနေကြဆဲဖြစ်ကာ ုံးက သုံးလွှာဆီကိုပဲ မော့ကြည့်နေကြ၏။

ညသည် ရှုပ်စည်ကားနေပေမယ့် ချောက်ချားမှုယ်အတိနဲ့ ဖြစ် ခဲ့ပြီး ...

"ဟာ!... ဟိုမှာ .. ဟိုမှာ .. မီး .. မီး!..."

"ဟုတ်တယ်ဟ .. မီးလောင်နေတာ .."

"ဟိုကောင်မလေး .. အပြင်ထွက် .."

"မာလာ ရေ .. အပေါ်က ပြုတ်ကျလိမ့်မယ် .. မီးလောင်နေပြီ .. ထွက်ဟဲ့ .."

"မဟုတ်ဘူး .. ဟိုကောင်မလေးရယ် .. လွှန်လွန်းခက် .."

လွှန်လွန်း တစ်ကိုယ်လုံး ထိပ်လန့် တုန်ခါသွား၏။ ပတ်ဝန်း ာ လူတွေ ချက်ချင်း ပြေးလွှား လှုပ်ရှားကုန်ကာ သူမတို့ တိုက်ခန်း ါ လှမ်းအော်သွားကြသေးသည်။

ပစ္စည်းတွေဘာတွေ ကာမ်းပိုးပြေးချိန် မရှိတော့ဘူးဆိုတာ သိလိုက် ပြေးစာရင်းစာအုပ်နဲ့ ပိုက်ဆံအံဆွဲကို အိတ်ကြီးတစ်လုံးထဲ ဖြစ် သလို စုထည့် သွန်ချလိုက်သည်။ ပြီးတော့ မမခင် အိပ်ခန်းထဲ ဝင်ကာ ကြီးသည့် စာရွက်စာတမ်းတွေနဲ့ .. ရှိစုမဲ့စု ပိုက်ဆံလေးပါ အားလုံး ကျုံးထည့်လိုက်ပြီး အလျင်စလို ပြေးလွှားသည်။



www.burmeseclassic.com

www.burmeseclassic.com



အပြင်မှာ လူတွေ ပြေးလွှား အော်ဟစ်နေကြကာ ...

"တိုက်ခန်းတွေထဲက ထွက်ကြ .. မီးသတ်ကား ခေါ်ဟေ့ .."

"ဝုန်း .."

"ခွမ်း .."

အပေါ်ကနေ ဘာတွေ ထပ်ပြုတ်ကျမှန်း မသိ ...။

ချစ်သူ ...။

အပြင်ကို ခြေချမိကာမှ ပြုတ်ကျ ကွဲရှကုန်သည့် အစအန[illegible]
စင်မှာဒိုးကာ နောက်ပြန်ဆုတ်လိုက်မိစဉ် အိမ်ထဲမှာ ချစ်သူ ရှိနေ[illegible]
တာကို သတိရသွား၏။

"ချစ်သူ .. ချစ်သူ ဘာလုပ်နေလဲ ...၊ ရှင် မကြားဘူးလား .. ထွ[illegible]
ခဲ့လေ .."

အသံကုန်အောင် အော်ပြီး ပြေးထွက်သည်။ ပြီးတော့ စိတ်မခြော[illegible]
ဘဲ ပြန်ပြေးဝင်မိပြန်၏။

"ချစ်သူ .."

အော်ခေါ်ရင်း အိပ်များ ပျော်နေသလားလို့ တွေးမိကာ စိတ်[illegible]
တင်း၍ အထဲကို ဟောက်လှျောက် ပြေးဝင်ခဲ့မိ၏။

"ချစ်သူ .. ချစ်သူ .."

"ဘာလဲ .. ဒီမှာ .."

ကြည့်စမ်း ...။

မီးဖိုခန်းထဲမှာ ကတ်ကြေးက တစ်ဖက် .. သားရေကြိုးစရှည်[illegible]
တစ်ဖက် ...၊ ပြီးတော့ စားပွဲဘေးက ယိုင်ခုံမှာ အကျအန ထိုင်လို့[illegible]

"ဒီလောက် ပက်ဝန်းကျင်မှာ ပွက်လောရိုက်နေတာကို ကြော[illegible]
ရမှန်း မသိအောင် ရှင် ရှုးနေပြီလား .. ဟင် .. မကြားဘူးဆိုရင် ကန်[illegible]
လို့လား .."

"ဘာတွေ လာဖြစ်နေတာလဲ.. ဆူညံ ဆူညံ ကြားတိုင်း ထွက်ကြ[illegible]





[illegible]ရှင် မင်း ရှိတဲ့နေရာမှာ သက်ပြင်းချချိန်တောင် ရှိမှာ မဟုတ်ဘူး.."

"အပေါ်ဆုံးလွှာမှာ မီးလောင်နေတယ် .."

"ဟုတ်လား .."

သူက မျက်ခုံးတွေ ပင့်၍ မော့မကြည့်ဘဲ ခေါင်းညိတ်သည်။

"ငါက မင်း ရန်ဖြစ်နေတယ်ပဲ ထင်တာ .."

"ကဲ .. ရှင် သေချင်ရင် နေခဲ့တော့ .."

"ဟေ့ .. နေဦးလေ .."

ဘာလို့ နေရမှာလဲ သေလိုက် ...၊

"ဘယ်သူက သေချင်မှာလဲ ...၊ ငါ့ခြေထောက်တွေက လူမတွဲဘဲ
[illegible]က်လို့မှ မရတာ .."

လွန်လွန်း ခြေလှမ်းတုံ့သွားသည်။ ကြည့်လိုက်တော့ တုတ်ကောက်
[illegible] အပြင်မှာ ...၊

သူ အထဲကိုတော့ ဘယ်လိုရောက်အောင် ဝင်သွားသလဲဆိုတာ
[illegible]ဖြစ် ...၊

ခြေထောက် မထောက်နိုင်တဲ့သူ ဆိုသည့် ကရုဏာစိတ်နှင့် အရေး
[illegible]နသည့်အာရုံက သူ့ဘက်ကို ပြန်လှည့်ပြေးခဲ့ခြင်းကို ဖြစ်စေကာ...

"လာ.. လေ.. မထောက်နိုင်ပေမယ့် ထရပ်ဦးမှပေါ့.. ဆိတ်ဆိတ်
[illegible] ထိုင်နေရလား .."

အိတ်ကြီးကို လက်တစ်ဖက် မြှောက်၍ ချိုင်းမှာ ချိတ်လိုက်ရင်း
[illegible]တ်ကို 'မ'ပြီး ခေါင်းလျှို ဝင်လိုက်သည်။

"အား!... ထလေ .. ဘာဖြစ်လို့ ဒီလောက် ခိုတွဲနေရတာလဲ .."

"မရတော့ဘူး .. ငါက အထိတ်တလန့် ဖြစ်လာရင် ဒူးတွေက
[illegible]လို ချောင်လာတတ်တာ .. ဒဏ်ရာက ရှိထားတော့ .. အား!...ပို
[illegible] .. ကျွတ်!... ကျွတ် .."

"ဒုက္ခပါပဲ .. ဒါဆိုလည်း နည်းနည်းတော့ ထောက်ပါဦး .."



www.burmeseclassic.com

www.burmeseclassic.com



ကြောက်နေသည့်အောနှင့် မနိုင်နင်းဘူးဆိုကာလည်း ဘာမှ မ
ဟော့ဘဲ သူ့ကိုသိကြီးကို မရအရ ဖွေ့ဖက်ထူတွဲကာ ပူးလျက်သား တိ
တိုက် ယိမ်းထိုးရင်း အပြင်ကို ရောက်လာ၏။

ထိုစဉ် မီးသတ်ကား ဥသြဆွဲလာသည့်အသံကို ကြားလိုက်ရ
ရှုကွက ပြေးလွှား အော်ဟစ်နေကြလဖြင့် ...

"ဟာ!... ခြေမြင်မှာ တော်တော် ကမ္ဘာပျက်နေတာပဲ ..."

"ဟုတ်တယ် .. ခုမှ ကြောက်ရမှန်း သိလား .."

"ကြောက်ကယ် .. အကြောက်ဆိုတော့ သူများတကာ ပို အသည်
ငယ်တာပေါ့ .."

ဟင်!...

ဖြူးစိစိနဲ့ ငိုပြနေတဲ့ကလေ ...၊

ကြောက်ပြနေသည့်အသံက အေးဆေးပါလား ...၊

လှန်လှန်း တစ်ကိုယ်တစ်ရာကို ခံစားမိကာ ဖျက်ခနဲ အော်ကြည့်လိုက်
၏။ ကိုစဉ် ...

"ကျို .."

"ညီမလေး .. ညီမလေး .."

"ကိုလေး .."

"တွက်ခဲ့လေ .. တိုက်အောက်မှာ ဘာလုပ်နေတာလဲ ...၊ မေမေ
ရော .. ကိုကြီးတို့ ဘယ်မှာလဲ .."

လှန်လှန်း ပြေးမသွားနိုင်သဖြင့် သူ့ကို တမ်းတားရင်း ခေါင်း
ခါပြမိကာ ...

"ဘယ်သူမှ မရှိဘူး .. ကိုလေး လုပ်ပါဦး .."

နေလွန်း ကလည်း အနားရောက်နေပြီမို့ ကိုကိုလွင် နဲ့အတူ ချိုး
ကို တွဲပြီး ကားပေါ်တင်သည်။ သူတို့ကား ပြန်ဆုတ်ဖို့က အခက်မ
ဘဲ လူတွေ ပြေးလွှားနေတာကို မနည်း ရှောင်နေရ၏။





ထိုစဉ် ဦးလွန်း နဲ့ မာလာ တို့ ကားလေးပါ ပြန်ရောက်လာကာ
သာကြတုန်းက ဘာကိုမှ ဂရုမစိုက်မိဘဲ ဘယ်လိုမှ ပြန်ထွက်လို့
ကြတော့ပေ ...။

မီးသတ်ကား ရောက်လာတော့မှ အခြေပေါ်သည်။ ကွဲရှတာတွေ
ကင်ဗယား ရန်ဖြစ်ပြီး ယောက်ျားဖြစ်သူက ဝုန်းဒိုင်းကြဲ ပေါက်ခွဲ
တာ မှန်ပေမယ့် မီးက တိုက်ကို လောင်တာ မဟုတ်ပေ ...၊

ကင်မရာနှင့် အရက်လက်ကျန်နဲ့ ပုလင်းတစ်လုံးအပြင် အတို
သွာပစ္စည်းတွေ .. ဂျာကင်အင်္ကျီတွေပါသော ခရီးဆောင်အိတ်လိုက်
ယောက်ျားက မီးပုံရှို့လိုက်တာ ဖြစ်၏။

ဒါပေမယ့် ဇနီးဖြစ်သူက အဝတ်လျှော်သည့်ဇလားကြီးထဲ ကောက်
ည့်ပစ်လိုက်သဖြင့် ကြမ်းခင်းတွေနဲ့ အဝ ထိသော ပစ္စည်းတချို့သာ
က်စီးသွားခဲ့၏။

မီးကြီးသွားတာက စက္ကူရှက်တွေ .. ရှိုးကေ့စ်ပေါ်မှာ တင်သည့်
ရုပ်တွေကိုပါ ကောက်သည့်နေသောကြောင့် ...၊

"တောက်!... ဘာပဲဖြစ်ဖြစ် .. ဒီအရူးကို သုံးလွှာကနေ ဆွဲချပစ်မှ
ရော .."

ပြီးဆုံးသွားတဲ့အထိ အမောမပြေသမျှ ဘယ်သူမှ မကျေနပ်ကြဘဲ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၂)

မိသားစုတွေ စုံနေပြီး လွန်လွန်း ကတော့ ဦးလွန်း ရဲ့အိပ်ရာမှာ စောင်လေးခြုံ၍ ကွေးကွေးလေး ...။

"ညီမလေး ဘုရားစင်အောက်မှာ မလှဲနဲ့လေ .. လေစိမ်းတွေလည် တိုက်တယ် .. ထ .. ထ .. အခန်းထဲ သွားနေ .."

"ခဏလေးပါ မမခင် ရယ် .."

"နေပါစေကွာ .. အိပ်တာမှ မဟုတ်ဘဲ .."

နေမောင်မောင် က လွန်လွန်း လက်ဖဝါးလေးတစ်ဖက်ကို ဆု ကိုင်ပြီး အကြာကြီးနေမှ လွှတ်၍ နေရာမှ ထသွားကာ ...

"ဘာပစ္စည်းတွေ ကုန်ကုန် ဖေဖေရာ .. ဘယ်သူမှ မရှိတဲ့အချိန် ညီမလေး ဘာမှ မဖြစ်တာပဲ တော်လှပြီ .."

"အဲဒါက ဟုတ်တယ် .. ငါ ပြောတာက တကယ်လည်း ဘာ ဖြစ်တာ မဟုတ်ဘဲနဲ့ သူများတွေ ထိတ်လန့် ဗျာများနေကြတာကို အခွ ကောင်းယူပြီး တစ်ဆိုင်လုံး သူများ ဝင်နိုးလို့ ကုန်ရတာ .."

"ဘာဖြစ်လဲ ဖေဖေ .. ဖေဖေ့မှာ သားတွေ ရှိတာပဲ .. ကုန်သွားတာ ပြန်ရှာလို့ရတဲ့ ဥစ္စာ .."





နေလွန်း မျက်နှာက လွန်လွန်း ဘာမှဖြစ်တာ မဟုတ်ဘဲနှင့် 'ဖြစ် သွားခဲ့လျှင်' ဆိုတာမျိုး တွေးယူပြီး စိတ်မကောင်းဖြစ်နေတာမျိုး ...။

ညှော်ခန်းမှာ ပြန်ထိုင်လိုက်တာတောင် နေမောင်မောင့် မျက်နှာကြီး ညိုမောင်နေဆဲနှင့် လွန်လွန်း ကို လှမ်းကြည့်နေတုန်း ...

"ကျွန်တော့်မှာ ပြေးလည်း မလာနိုင် .. ဒီဘက်မှာ ဖြစ်နေတာမှန်း လည်း သိလိုက်တော့ ရူးတောင် ရူးချင်သွားတယ် ဖေဖေရာ .. တော် သေးတယ် .. ညီမလေး ဘာမှ မဖြစ်လို့ .."

"ဟုတ်တယ် .. ငါတို့လည်း ပြန်လှည့်လာတာ စိတ်လောပြီး ဘာ ကိုမှ ဂရုစိုက်ဖို့ သတိမရဘူး .. တော်သေးတာပေါ့ကွာ .. ညဘက်ကြီး လူတွေဘာတွေ မတိုက်မိလို့ .."

ပြောပြီးတော့ ချစ်သူ ကို မျက်လုံးက ဝေ့ရှာလိုက်ရင်း ...

"ချစ်သူ ကလည်း ခြေထောက်မကောင်းတဲ့လူဆိုတော့ တစ် ယောက်နဲ့တစ်ယောက် ဘယ်လိုမှ မကူညီနိုင်ဘူးထင်ပြီး စိုးရိမ်သွား တာ .. နှလုံးရောဂါ ရှိထားရင် တကယ် မလွယ်ဘူးကွ .."

တစ်ဆိုင်လုံးလည်း ထင်သလို ဝင်လုမွှေနှောက်သွားကြတာ ဘာမှ ကောင်းကောင်းကန်းကန်း မကျန်တော့ပေ ...။ ပြီးတော့ ပြုတ်ကျသည့် ပစ္စည်းအစိတ်အပိုင်းတွေနဲ့ ထိခတ်မှုကြောင့် ကိုယ့်ဆိုင်မျက်နှာစာက အလှအပ အဆင်တန်ဆာတွေလည်း ကွဲရှ ပျက်စီးသွားခဲ့၏။

ဆိုင်ထဲမှာ ရှင်းလင်းနေသည့် နေလွန်း တို့ အိမ်ပေါ် ပြန်တက်လာ တာ ...

"ငါ့ညီမလေး ကြောက်ချေးပါပြီး ဖျားတာ နော် .. ဟား .. ဟား.. ဟား .. မထင်ရဘူးကွာ .."

"မစနဲ့ ညီ ရာ .. ကလေးက ကြောက်နေသေးတာကို .."

"ဟား .. ဟား .. ဟား ... ကိုကြီးကလည်း ကိုကြီးညီမ ငြိမ် ထုပ်နေတာလေးကို ကြည့်ပါဦး .. ဘယ်တုန်းက ဒီလိုနေဖူးလို့လဲ ..



www.burmeseclassic.com

www.burmeseclassic.com



အသည်းယားစရာလေး ..."

ပြောရင်းနဲ့ လွှန်လွှန်း ဘေးမှာ သွားထိုင်လိုက်ပြီး အပီအပြင် ရယ်သည်။ ကိုကိုလွင် က ဦးလွန်း တို့ ရှေ့မှာ သွားထိုင်ပေမယ့် နေလွန်း 'စ' နေတာကို လှမ်းကြည့်ပြီး မျက်နှာက ပြုံးရယ်နေ၏။

"လွှန်လွှန်း မပူနဲ့ သီလား .. ဒီတစ်ခါ မီးလောင်ရင် အိမ်ခြံကျော်ဖင့် ဥစ္စာ ငါ ပြေးယူမယ် ..."

ဆိုင်ကဲမှာ ကျန်ရစ်ခဲ့သည့် မိုလ်အောင်ဒင် က ဟို 'မ' .. ဒီ 'ရွှေ' သိမ်းနေရင်း လှမ်းအော်ပြော၏။

"သူ့ဥစ္စာက တကယ် အသုံးဝင်တယ် .. သူ ပြထားတာ ငါ ကိုင်တတ်ပါတယ် .. ညာ့စ်လိုက်ရုံပဲ .."

"အောင်မယ်လေး .. သတိရလိုက်တာကလည်း အိမ်ခြံကျော်ဖင်ပဲ ဖြစ်ရသေးတယ် .. ပြေတီဦး လုပ်စမ်းပါ ..၊ မီးသတ်ဆေးဘူးကို ပြေတီဦး ကိုင်တာပါ .."

"ဟား .. ဟား .. ဟား ..."

"လွှန်လွှန်း နော် .. ငါ့ကို အရှုံးပါးလို့ မပြောနဲ့ .."

"မပြောရသေးဘူး .."

"မပြောနဲ့ .. ငါက မျက်စိသိဂ်ကောင်းတာ မဟုတ်ဘူး .."

"ပြော် .."

"ပြေတီဦး ကို မြင်ကို မမြင်တာ .."

"ဒါဆို အနီးအဝေး ဘာမှမှန်တာ မဟုတ်ဘဲနဲ့ ယောက်ျားချင်းဆို မမြင်တာ တစ်ခုပဲပေါ့ .."

"အေး .."

"ဟား .. ဟား .. ဟား ..."

"ဟား .. ဟား .. ဟား ..."

ဦးလွန်း ပါ မနေနိုင်ဘဲ လိုက်ရယ်နေခဲ့၏။





"တွေ့လား မေမေ .. အဲဒါမှ ကျွန်တော့်ညီမ လွှန်လွှန်းခက် .."

"ကိုလေး နော် .."

နဖူးမှာ လာစမ်းသည့်လက်ကို လွှန်လွှန်း က ဖယ်ချပစ်ပြီး ခေါင်းမြီးခြုံပစ်၏။

"ဟာ .. တကယ် ကိုယ်ပူနေတာပဲ .. ကြောက်ဒူးတုန်ပြီး ဒီကစ်ခါပဲ မြင်ဖူးသေးတယ် .. အဲ့ဒီလူက လွှန်လွှန်းခက် ဖြစ်နေတာလည်း မြင်လို့သာ ယုံရကယ်ကွာ .."

"ဟာ .. မကိုင်နဲ့တော့ သွား .. မေမေ့ .. မေမေ့သားကို ခေါ်နော် .. လွှန်လွှန်း အဲ့ဒီလက်ကို ကိုက်ချဲပစ်မှာ .."

"ဟား .. ဟား .. ဟား ... ငါ့ညီမကတော့ ကွာ .."

နေလွန်း က လွှန်လွှန်း ခေါင်းမြီးခြုံထားသည့်စောင်ကို ဆွဲဖယ်ပစ်လိုက် .. လွှန်လွှန်း က ပြန်ခြုံလိုက် .. ခေါင်းပုတ်လိုက်နှင့် တကယ့်ကလေးတစ်ယောက်ကို 'စ' နေကဲ့အတိုင်း ..၊

"ညီ မစပါနဲ့ကွာ .. ညီမလေး ဘာကယ် လန့်နေတာ .."

"ချစ်လို့ 'စ' တာပါ ကိုကြီးကလည်း .."

"ဘာချစ်လို့လဲ ..၊ ကိုလေး အိမ်မှာ စည့်သည်ရှိတာကို အကြောင်းပြပြီး ကစ်နေ့ တစ်ခေါက်တောင် ပုံမှန် ပြန်လာသလား .."

"ဟော .. ဟော .. ခေါင်းမြီးခြုံထဲက လက်သီးပြ ဆိုတာ လွှန်လွှန်းခက် ကွ .. ကိုကြီး တွေ့လား .. ခေါင်းမြီးခြုံပြီး ရန်တွေ့နေတာ .."

ပြောလိုက်မှ ခေါင်းမြီးခြုံကို လက်နှစ်ဖက်နဲ့ စုံဖွင့်ကာ ...

"ကိုလေးနဲ့ သက်ထား ဆိုကဲ့အစ်မ ချစ်နေကြတာ လွှန်လွှန်း သိကယ် .."

"ဖြစ်ရပြန်ပြီ .. ဘာလဲ .. ရွှေ နဲ့ လက်မထပ်ပါဘူးဆိုတာ ယုံသွားတော့ နောက်တစ်ယောက်နဲ့ ထင်ပြန်ပြီလား .."

"ထင်တာ မဟုတ်ဘူး .. ကိုလေး တို့ ခတ်ပုံတွဲရိုက်ထားကြတာ



www.burmeseclassic.com

www.burmeseclassic.com



တွေ့တယ် ..”

“အဲ့ဒါ ကိုကိုလွင် လည်း ပါပါတယ် ညီမလေးရာ ..”

ခုမှ ထပ်သိရသည့် သတင်းထူးမို့ အားလုံးက လှမ်းကြည့်လာကြသဖြင့် နေလွန်း မျက်နှာ ရှုံ့မဲ့သွားသည်။

“ကိုလေး နဲ့ မသက်ထား က အလယ်တန်းကျောင်းမှာတည်းက အတူတူပဲ .. ဘွဲ့ရတဲ့အထိ တဲ့ ..”

“ဟာ .. ညီမလေးကို ဘယ်သူ ပြောတာလဲ ..”

“ကိုလေးက ပရိုပို့စ် လုပ်ဖူးတယ် တဲ့ ..”

“ပြဿနာပဲ ..”

နေလွန်း ညည်းညူရင်း ကိုကိုလွင့် ဆီ မျက်လုံးရောက်သွား၏။ ကိုကိုလွင် က ရယ်နေရင်း ခေါင်းခါ လက်ကာ ဖြစ်သွားလျက် ...

“ငါ မဟုတ်ဘူး နေလွန်း ...၊ ခတ်ပုံ တွေ့သွားပြီး မေးလို့ ..”

“သြော် ...”

“အဲ့ဒါလေးပဲ ပြောလိုက်တာ ..”

“ကိုကိုလွင် .. မင်းက သစ္စာဖောက် လောက်ကောင်ပဲ ..”

“ဟေ့ကောင် .. အဲ့လောက် အပြစ်မကြီးဘူး ..”

“ကြီးလား မကြီးဘူးလား ...၊ တွေ့လား .. လူမမာ ငေါက်ခနဲ ထထိုင်တော့မှာ ..”

“ဟား .. ဟား .. ဟား ...”

“မထိုင်သေးဘူး .. ချစ်သလို ခင်သလို ကိုလေး ညာနေလို့ .. လွန်လွန်း သိပြီးသားကို ပြောပြတာ ..”

ညီမဖြစ်သူက တကယ် အတည်ကြီး စွပ်စွဲနေကာမှ နေလွန်း ပျာယာခတ်၏။

“မဟုတ်ရပါဘူး ညီမလေးရာ .. ကိုလေးက ငါ့ညီမကို အစိမ်းသက်သက်ကြီး ခွဲထားရစ်ခဲ့ဖို့ လုံးဝ စိတ်မကူးတဲ့ အစ်ကိုပါ ..”





“အေးပေါ့ .. ချက်ချင်းကြီး ကြော်လော်ပြီးမှ ခွဲ ..”

နေလွန်း က ခေါင်းခါရင်း ရယ်ကာ ...

“မဟုတ်ဘူး .. ကိုလေး ချစ်သူတွေ့ရင်တောင်မှ ညီမလေးကို အသိမပေးဘဲနဲ့ .. ငါ့ညီမကလည်း မဆိုးပါဘူးလို့ ဆန္ဒမပြု မကြည်ဖြူဘဲ လုံးဝ .. လုံးဝ လက်မထပ်ဘူး ..”

အပိုတွေဆိုသည့် အကြည့်တွေ ရှိနေပေမယ့် လွန်လွန်း မျက်ဝန်းလေးတွေ ကြည်လဲ့သွားသည်။ ဦးလွန်း က မောင်နှမနှစ်ယောက်ကို ကြည့်၍ သက်ပြင်းချ၏။

သားငယ် သူ့ညီမလေးကို ဘယ်လောက်ချစ်သလဲဆိုတာ သူ မသိဘဲ နေမလား ...၊

သနပ်ခါးတုံးတွေ တစ်တုံးမှ မပေးဘဲ သိမ်းပစ်လိုက်တည်းက ဒါကို မငြိုငြင်သည့်ပြင် လက်ထပ်ဖို့ အချိန်ကာလတွေ သတ်မှတ်ကြတော့မည့် ချစ်သူကိုတောင် အကန့်အသတ်မဲ့ အချိန်ဆွဲပစ်ခဲ့သည်။

ဒါကို ဟိုတစ်ဖက်က စိတ်ဆိုးကာ ကတောက်ကဆဖြစ်ကြရင်း လုံးဝ ပြတ်တောက်သွားခဲ့ကြတဲ့အထိ ..၊ ဒီတစ်ယောက်ကိုလည်း သားငယ် ခမျာ စွန့်လွှတ်ရဖို့ နီးစပ်နေပြန်ပြီလား ...၊

နေမောင်မောင် ကလည်း ရိပ်မိသည်။ သက်ထား ဆိုတာကို မသိခဲ့သေမယ့် လွန်လွန်း သိသွားသည့်ကိစ္စနှင့် ပတ်သက်၍ စွန့်လွှတ်ရဖို့တော့ ရှိနေပါပြီ ...။

“အဟမ်း ..”

စကားတွေက ပြောရင်း ဟိုရောက် ဒီရောက်မို့ ...၊

“ညီလေးတို့က နိုင်ငံခြားထွက်ဖို့ အားလုံး ရယ်ဒီဖြစ်နေပြီလား..”

“သွားမှာ ကိုကြီး.. ကျွန်တော်တို့ အတူသွားဖို့ လေးယောက် ရှိတယ် .. လာမယ့် နှစ်ဆယ့်ရှစ်ရက်နေ့ သေချာပြီ ..”

ပြောပြီး ကျောခိုင်းထိုင်နေသည့် ဖအေကို လှမ်းကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မသက်ထား ပါဟယ် နို့လား .."

"ဟင်!... အဲ .."

လွန်လွန်း ကောက်မေးလိုက်တော့ နေလွန်း မျက်နှာပျက်သွားကာ ညီမကို ချောသလိုကြည့်၍ မပွင့်တပွင့် ရယ်၏။ ပြီးမှ ...

"ဟိုရောက်ရင်တော့ တစ်နေရာစီ ဖြစ်သွားမှာပါ .. သူက ကိုလေးတို့လို အိုင်တီသမား မဟုတ်ဘူးလေ .. ဗိသုကာပညာရှင်ဖြစ်ဖို့ ကြိုးစားမယ့်သူ .."

လွန်လွန်း က မျက်ခုံးလေး မသိမသာ ကုတ်ချိထားပေမယ့် ဘာမှတော့ ထပ်မပြောတော့ပေ ...၊

"ကဲ .. အားလုံးပဲ ထမင်းစားလို့ ရပြီ .. ညီမလေးက အခန်းထဲဝင်မလား .. လှဲနေဦးမလား .."

ပြင်ဆင်ထားပြီးမှ မာလာ က အားလုံးကို ခေါ်တာ ...

"ချစ်သူ ရော .. အခန်းထဲမှာ အိပ်နေလား မသိဘူး .."

"ဘယ်ကလာ အိပ်ရမှာလဲ .."

ဗိုလ်အောင်ဒင့် အသံ ထွက်လာတာ အိမ်ရှေ့ကပဲ ဖြစ်၏။

"ချစ်သူ နဲ့ ငါ ဆိုင်ထဲမှာပေါ့ .. မီးသေးဒဂ္ဂသည်တွေဆိုတော့ ထမင်းထုပ် အလာကို စောင့်နေတာ .."

"ဪ .. တိုးတိုး ပြောပါ ဦးလေး ရယ် .. ကြားလို့ မကောင်းလိုက်တာ .."

"ဘာတုံးဟ .. မီးလောင်ထားတာပဲဥစ္စာ .. ငါ ပြောတိုင်း မဟုတ်ဘူးဆိုတာချည်းပဲ ...၊ မိုက်ဆာတယ် .. လာဟို့ .."

"ချစ်သူ က အဲဒီမှာလုံး .. ဗိုလ်အောင်ဒင် က လူမမာကို ဘာတွေကျွေးနေတာလဲ .."

နေလွန်း ကပဲ အိမ်ရှေ့ဘက်ကို ရောက်သွားကာ ...

"ကိုယ်က မင်း အိပ်နေတယ် မှတ်တာ .."





ကြည့်လိုက်တော့ ပဇ္ဇည်းတင်သည့် ရေ့တန်းတွေ ပြုတ်ကျနေတာကို ငုတ်တုတ်ထိုင်ပြီး ပြန်ရိုက်နေတာ ဆိုင်နံ့အောက်ထဲမှာ ချစ်သူ ...၊

"လုပ်မနေနဲ့ ချစ်သူ .. တစ်ခုခု ထပ်ပြီး ထိခိုက်မိဦးမယ် .. လာ.. ထမင်းစားရအောင် တက်ခဲ့ ...၊ ဗိုလ်အောင်ဒင် ရော လာပါ .. ချစ်သူကို တွဲခေါ်ခဲ့ပါ .. အတူတူ စားကြရအောင် .."

"ကျွန်တော် မဆာသေးလို့ပါ .. ဆာမှပဲ စားတော့မယ် .."

"ကျွန်တော် မဆာသေးလို့ပါ.. ဆာမှပဲ စားပေ့မယ်.. ခီ .. ခိ.."

ဗိုလ်အောင်ဒင် က ချစ်သူ ပြောသလို လိုက်ပြောပြီး ပါးစပ်ပိတ်ရယ်၏။ ဒီအိမ်မှာ ဘယ်လိုပဲ ဆုံးရှုံးနစ်နာမှုတွေ ဖြစ်ပျက်နေပါစေ ဘယ်မျက်နှာကိုပဲ ကြည့်ကြည့် အပြုံးတို့နှင့် ရွှေးထွေးနေမြဲ ...၊

ချစ်သူ ကိုယ့်ကိုယ်ကိုယ် ပြန်မေးမိ၏။ သူကရော ဒီနေ့ကျမှ ဘာဖြစ်လို့ လုပ်အားတွေ စိုက်ထည့်ပြီး တစ်တပ်တစ်အား ပါဝင်ကူညီခြင်းတွေ လုပ်မိနေတာလဲ ...၊

စိတ်တို့သည် အိမ်ပေါ်ကနေ နားစည်ထိ ထွင်းဖောက်ရောက်လာတတ်သည့် စကားသံတွေကြောင့် ဟိုရောက် ဒီရောက် ...၊

"အ!.."

"ကောင်လေး ဘာဖြစ်တာလဲ .."

"ဘာမှ မဖြစ်ဘူး .."

"အေး .. မဖြစ်နဲ့ .. ကိုလေး ငါ့ကို ဆူမှာ .."

ချစ်သူ က ပြုံးလိုက်ရင်း တုထုမိသွားသည့်လက်ကို ပြန်ဆုပ်ထားလိုက်၏။

နာတာကတော့ နာနေဆဲပေမယ့် ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၃)

"ဟုတ်တယ် .. မေမေ့လိုပဲ ကျွန်တော်လည်း ကောင်လေးကို စိုးရိမ်သွားသေးတယ် .. ဖုန်းထဲမှာလည်း ဗိုလ်အောင်ဒင် က မေမေတို့နဲ့ ပါလာတယ် ဆိုတော့လေ .."

"ဟုတ်တယ် ကိုမောင် .. ခင် လည်း အဲ့ဒါကို တွေးမိပြီး လန့်ဖျပ်သွားတာ .. လွှန်လွှန်း နဲ့ ချစ်သူ က သိပ်တည့်တာ မဟုတ်ဘူးလေ .. ပြီးတော့ အပြင်မှာ ရန်ဖြစ်နေလို့ အုန်းအုန်းထနေရင်တောင် ချစ်သူ က ထွက်ကြည့်တာ မဟုတ်ဘူး .. လွှန်လွှန်း ကတော့ ဆိုင်ထိုင်နေမှာပဲ.. ဖြစ်ပြီဆို သိတာနဲ့ ထွက်ပြေးနိုင်ဦးမယ် .. ဒီကောင်လေး အိမ်ထဲမှာ ပိတ်မိပြီး ကျန်ခဲ့ရင် သေပြီ .."

ချစ်သူ ရဲ့ခြေလှမ်းတွေ နေရာမှာတင် ရပ်တန့်နေခဲ့၏။

ဒီအကြောင်းတွေကို ကြားလိုက်ရတိုင်း သူ့အတွက် စိတ်ပူတာတွေပါ ကြားနေရတတ်သည်။

ကိုယ့်ရှေ့မှာ တမင် သိစေချင်လို့ ပြောနေတာ မဟုတ်ဘဲ အားလုံးရဲ့စကားထဲမှာ ပါနေခဲ့တာ ဖြစ်သည်။





ဦးလွှန်း ဆိုလျှင် စိတ်ညစ်လွန်း၍ ပုံစံက ချူနာနာတောင် ဖြစ်နေပုံ .. ဒါတောင်မှ ပြုံးနေသည့် မျက်နှာက မဲ့သွားသည်ဆိုတာ မရှိ ..၊ ..ထွေးသော စကားတို့ကို အဆိုမပျက်ဘဲ သူ့အတွက် စိတ်ပူသွားသည် ..တာက ပါလာသေးသည်။

ချစ်သူ နောက်ပြန်ဆုတ်ခဲ့ရင်း 'ငါ မှားနေပြီလား' ဆိုသည့် အတွေး ..ကြောင့် လူတစ်ကိုယ်လုံးက ထိုင်းမှိုင်းသွားသလိုပင် ..၊

"သိပ်နေမကောင်းရင် ဒီနေ့ ကားမထွက်နဲ့ မေမေရာ .."

"ကောင်းပါတယ်ကွာ .. စိတ်နောက်စရာ ကြုံလာတော့လည်း ..ချမ်းသာနေသလို ကြည်ကြည်လင်လင် ဘယ်ရှိမလဲ ..၊ မင်းတို့လည်း ..မျက်နှာချည်းပဲ ထိုင်ကြည့်နေကြတာလား .."

"မေမေ့မျက်နှာပဲ ကြည့်စရာ ရှိတာကိုး .."

"မကြည့်နဲ့ .. ကိုယ့်မိန်းမမျက်နှာ ကိုယ် ပြန်ကြည့် .. ငါ့ဘာသာ ..တ်လွတ်လပ်လပ် နေပါရစေ .."

"နေပါဦး မေမေရာ .. ဒါဆိုလည်း ခုတော့ ဖေဖေ နားလိုက်ပါ.. ..တော် နေ့လယ်ကျမှ ရုံးတက်လိုက်မယ် .. မေမေနဲ့ ကျွန်တော် ..ဘာစ်ဝက်စီ မောင်းတာပေါ့ .."

"နေမောင်မောင် .."

"ဗျာ .."

"မင်းကို ခေါ်တာ မဟုတ်ဘူး ..၊ ပေး .. ကားသော့ .."

သားအဖ မညီမညွတ် ဖြစ်နေကြတာကို ကြားကာ ချစ်သူ ခပ်ယဲ့ ..ပြုံးမိသည်။ သေချာတာက သူ မှားခဲ့ပြီ ဆိုတာပင် ..၊

ဆေတနာတွေကို စားသုံးနေခဲ့ပြီး သူနေခဲ့တာက တစ်ကိုယ်ကောင်း ..ဆန်စွာ ..၊

'ငါ့ခြေထောက် မပျောက်မချင်း သူတို့တာဝန်ပဲ' ဆိုသည့် အတွေး ..သူ ဘယ်လောက်ထိ မျက်နှာပြောင်တိုက် နေခဲ့သလဲ ..၊



www.burmeseclassic.com

www.burmeseclassic.com



ကားထွက်သွားသည့်အသံ ကြားပြီး သိပ်မကြာခင် မာလာ ရှေး
ခြင်းလေးနဲ့ ပြင်ဆင်ထွက်လာ၏။

"မောင်လေး .. ဒီနေ့တော့ အစောကြီး နိုးနေပါလား .. ဘာစ
မလဲ ဟင် .. မမခင် တို့ကတော့ ထမင်းကြော် စားတဲ့လူက စားတယ်
ကော်ဖီနဲ့ မုန့် စားတဲ့လူနဲ့ .. မုန့်ဟင်းခါး .. အုန်းနို့ခေါက်ဆွဲ စားချင်တ
ပြေးဝယ်လိုက်ကြတာ .. အဟွန်း .. မနက်စာ မျက်နှာစုံညီ စားဖြစ်
မယ့် စားချင်တာ စားကြတာ .."

"ကျွန်တော် ဆာမှပဲ တစ်ခုခု စားလိုက်ပါ့မယ် .."

"အင်း .. ဒီတိုင်းပဲ ဖြေဖြေနေကျပါ .. သိပါတယ် .. ဒါနဲ့ မ
တစ်နေ့ကို ထမင်းတစ်နပ်ပဲ စားနေတာတော့ မဟုတ်ပါဘူး နော် .

ချစ်သူ က ရယ်လိုက်ပြီး ခေါင်းခါသည်။ မာလာ က သူ့မျက်
ကို ကြည့်၍ ခေါင်းတညိတ်ညိတ်နှင့် ...

"မမခင် သိတယ် .. မင်း မမခင် တို့အိမ်မှာ စားတာ အိပ်တာ
အထာမကျဘူးဆိုတာ .. ဒါပေမယ့် .."

"မဟုတ်ပါဘူး .. ကျွန်တော် အဲဒီပုံစံ နေခဲ့မိတာကိုက ခုမှ ပြန်
ပြီး အားနာမိတယ် .. ကျွန်တော် အိမ်မှာနေရင်လည်း .."

ကိုယ့်အကြောင်းကိုတော့ မပြောချင်တာမို့ စကားက ဒီမှာ
ရပ်၏။

မာလာ က ဆံ့ခြင်းကို ဘိုသက် ဒီလက် ပြောင်းကိုင်လိုက်ရင်း

"အဲ့ဒါကို လိုက်လျောညီထွေ မနေတတ်တဲ့သူလို့ သတ်မှတ်တ
လေ .. ဒါပေမယ့် မမခင် တို့ အားလုံးကတော့ မင်းကို ကလေးဆန်
လို့ပဲ မြင်တယ် .."

ချစ်သူ မျက်နှာမှာ ပွင့်ရွှေရွှေကြီး ဖြစ်သွားခဲ့၏။ ဒါက ၁မ်း
ကျေနပ်နေရမယ့်စကား မဟုတ်ပေမယ့် ကိုယ့်ကို နိမ့်ချ ပြောချင်
မဟုတ်မှန်းလည်း သိနေသည်။





'စိုက်၏အရာ ကေားမှာ ပါ၏'ဆိုသလို အားလုံး သူ့ကို ဆက်ဆံ
ပြောဆိုတာတွေမှာ ရိုးသိပ်ဟန်ဆောင်ခြင်း ဘာမှမပါခဲ့တာ သူသာ
သိသုံး ..၊

"မောင်လေးကို နှိမ့်ချ ပြောလိုက်တာ မဟုတ်ဘူးနော် .. မင်းလည်း
နော်လွန်း လိုပဲ ဂျစ်တိဂျစ်ကန်ပုံလေး ပေါက်နေတော့ အိမ်မှာ အလိုလိုက်
အားပေးတဲ့သူတစ်ယောက်ပဲဆိုတာ အတဲဝင်မိပြီပဲ ..၊ ပြဿနာ
ကလို့ အိမ်မှာ ခေါ်ထားရတာတော့ မှန်တယ် .. ဒါပေမယ့် မင်းကို
ယ်သူကများ ယုန်တင်ခြောင်ထင်စကားမျိုးနဲ့ ပြိုပြင်မှဲ့လို့လဲ ..၊ ယုံ
ကြည်မှုဆိုတာ ဘာက ဖြစ်လာမှန်း မသိသမယ့် မင်းကို မမခင် ပို့
အိမ်လုံးက ယုံကြည်ခဲ့တာပါ .."

စကားတွေ များများ မပြောဖြစ်ခဲ့ရင် ကောင်းသား ..၊ ပြောခဲ့လိုက်
ပြီး ကိုယ့်ကိုယ်ကိုယ် ဘာကောင် ဖြစ်ဖြစ်သွားမှန်း မသိတော့ပေ..၊

"ဟေး .. မာလာ ရေ .. မာလာ .."

ကိုယ့်ရှေ့ကနေ အမျိုးသမီးတစ်ယောက် ခေါ်နေသဖြင့် အထဲက
လွန်း ထွက်လာ၏။ စိမ်းပြာရောင် ရှည်အင်္ကျီလက်ကျားလေးနှင့် မျက်
သစ်ပြီး ဘာမှ လိမ်းမထားသော ပါးပြင်သားတွေက ဖြူဝင်းနေတာ
က ဖြတ်သွားတော့ သနပ်ခါးနံ့လေး ကျန်ရစ်ခဲ့၏။

သူမ သနပ်ခါးသိမ်းတာလည်း မဟုတ်ဘဲ သူမကိုယ်က သနပ်ခါး
က ရေချိုးဟာတ်ခုမှ သုံးထားတာနှင့် မတူဘဲ နှစ်လိုဖွယ် အွတ်ပို့
ဘာမျိုး ..၊

"သောလ်ပင်နုံလေး သုံးချောင်းလောက် ရောင်းပါတယ် ရှိတယ်မို့
ဟင် .. တမလေး တာမေးပွဲ ဖြေခါနီးမှ သောလ်ပင်နံတွေ မရှိတာ
ရလို့ .."

"ရှိတယ် မမဟု .. ခဏလေး .."

"နင်တို့လည်း နှမြောစရာ နော် .. ဒီး .. မီး ဆိုပြီး မိုးကာ မခိုးကဲ

www.burmeseclassic.com

www.burmeseclassic.com



လူနီးလို့ ကုန်ရတဲ့အဖြစ် ..”

“ဟုတ်တယ် မမယု .. အဲဒါအပြင် ဆိုင်က ပျက်စီးသွားသေ တယ် .. တစ်ဆိုင်လုံးစာ ပြန်စိုက်ရတော့မှာ ..”

ဆိုင်က ဖွင့်တာ မဟုတ်ဘဲ မိုးလင်းတာနဲ့ ပြင်ဆင် ထုနက်နေရတ ကြောင့် ဝယ်နေကျ ဖောက်သည်တွေကတော့ လိုချင်တာရှိရင် ပြေးလ ကြတာပင် ..။

“လွန်လွန်း ..”

ကွေကာအုပ်ဖျော်နေရင်း လွန်လွန်း က လှည့်ကြည့်သည်။ ပြ တော့ အကြည့်က ခြေထောက်ဆီ ရောက်သွားပြီးမှ ရှေ့ပြန်လှည့်၏

“ဘာလဲ ..”

“နေမကောင်းသေးဘူးလား ..”

“အစကတည်းက ဘာမှ မဖြစ်ဘူး ..”

“ဘာမှမဖြစ်ရင် ဘာဖြစ်လို့ ကွေကာအုပ်တွေ သောက်နေတာလဲ လူမမာစော် မနံဘူးလား ..”

“ကြိုက်လို့ သောက်တာ ..”

ထူးထူးဆန်းဆန်းတွေ လာပြောကာ သောမှာ ခံဆွဲတိုင်လိုက်တော လွန်လွန်း ကြည့်မိပြန်သည်။ ပြီးတော့ နှာခေါင်းလေး ရှုံ့လိုက်ပြီး ..

“ကျွန်မ နေမကောင်းဖြစ်သွားတာ သိလား ..၊ သူများ လိမ်ညာ တာကို လိမ်မှန်း မသိရအောင် ညံ့ရလားဆိုပြီး ခံပြင်းလွန်းလို့ ..”

“အဟွန်း ..”

“ဘာရယ်တာလဲ ..”

“ဆောရီးပါ ..၊ ကိုယ် အဲဒါကို ..”

“တောင်းပန်မနေနဲ့ .. ဒီက ခံရတာကို ကျေနပ်သွားနိုင်မယ် ထ လို့လား ..”

“မထင်ပါဘူး .. အဲဒါကို တောင်းပန်မလို့လည်း မဟုတ်ဘူး ..





ဖွန်းနဲ့ မွှေသောက်ရင်း လှည့်ကြည့်တော့ ချစ်သူ က ပခုံးတွန့်၍ လိုက်ပြီး ...

“အဲ့ဒါကို ကိုယ် မမှားဘူးလို့ပြောတာ မဟုတ်ဘူး .. ဒါပေမယ့် သွားပြီကို ဘာလုပ်မှာလဲ ..၊ လက်နက်ချရင် ကျေအေးရတယ်ဆိုတဲ့ သော ရှိပေမယ့် တောင်းပန်သံတိုင်း နားဝင်ချိုတာ မဟုတ်ဘူး ..”

ပြောလိုက်ရင်လည်း သူ ပြောတာမှ အမှန် ..၊

“တောင်းပန်ရုံနဲ့ ကျေနပ်ပေးနိုင်ဖွယ် မရှိတဲ့ အဖြစ်တစ်ခုကို ကျေနပ်နေတဲ့လူရှေ့မှာ ‘တောင်းပန်တယ်’လို့ သွားပြောကြည့်လေ..”

မျက်လုံးချင်း ဆုံနေတာတောင် သူက မထီမဲ့မြင်အပြုံးနှင့် မေး ဆတ် ပြောနေသေးသည်။

“ခု .. မင်း ဖြစ်သွားတာမျိုးပေါ့ .. အဲ့ဒါကြောင့် ကိုယ်ထင်ရာ လုပ်ပြီးရင် မှားသွားသလား.. မှန်သလား ကိုယ့်စိတ်က ကိုယ်သိတယ်..”

“တောင်းပန်သင့်တဲ့အရာတွေကို မတောင်းပန်တာက ပိုရိုင်းစိုင်း တာ မဟုတ်ဘူးလား ..”

“ဟုတ်လား .. မသိဘူး .. ကိုယ်ကတော့ ဝါသနာ မပါဘူး ..”

“ရှင့်ဆီကလည်း မမျှော်လင့်ဘူး ချစ်သူ ..”

“ဟင် .. ခေါ်လိုက်တာလား ..”

“ဟွန်း ..”

“ခေါ်မယ်ဆိုလည်း အပြည့်အစုံ ခေါ်ဖို့ ပြောမလို့ပါ .. ကိုယ်က ချစ်ရသူ ..”

လွန်လွန်း က နှုတ်ခမ်းလေး မဲ့ပြီး ကွေကာအုပ်နဲ့ ခွက်ကို ကိုင်၍ ရာမှ ခွာ၏။ ချစ်သူ က သူမလက်လေးကို ဆွဲထားလိုက်ကာ ...

“လွန်လွန်း ..”

“ဘာလဲ .. လက်ကို လွှတ် ..”

ချစ်သူ က လွှတ်လိုက်ပြီး ခုံကို မေးဆတ်ပြကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဆိုင်လိုင်ဖို့မှ မလိုတာ .. ဒီမှာ ခဏ ထိုင်ပါလား .. စကားပြော ရအောင် .."

မျက်နှာလေးကတော့ မကြည်လေမှပဲ လွှန်လွှန်း က သူ ပြသည့် ခုံမှာပဲ ထိုင်လိုက်သည်။

"ဘာလဲ .. ပြော ..."

"ဒီလောက်ထိ ရင်းနှီးနေပြီဆိုတော့ ခင်ခင်မင်မင် မဟုတ်ကြ ရင်တောင် ကြည်ကြည်လင်လင်လေးတော့ မဆက်ဆံသင့်ဘူးလား .."

"အဲဒါက နိုင်းလို့ ဖရဘူး .."

"ကိုယ် ပြောတာ နှစ်ခါ ရှိပြီ .."

"မတက်နိုင်ဘူးလေ .."

"ကိုယ်က လမ်းပေါ်က ကောက်လာပြီး ဘာမှန်းမသိတဲ့ သေး သမားလည်း ဖြစ်နေလို့လား .."

"ဟုတ်မယ် ထင်တယ် .."

"ကိုယ်က သူဌေးသား ဖြစ်နေရင်ရော .."

"အံမာ .."

လွှန်လွှန်း မျက်နှာလေး ဆတ်ခနဲ လှည့်လာတော့ အလွှန်အမင်း စိုးလိုသွားသည့် မျက်ဝန်းလေးတွေက မူးရှုးရဲ့ ဖြစ်နေလျက် ...

"ရှင့်စကားနဲ့ ပြန်ပြောရရင် ရှင့်ဘာသာ ဘယ်ကလာတဲ့ မင်းသား ဖြစ်နေနေ .. မှချိန်မှာတော့ အကြောင်းကြားစရာ အသိုင်းအဝိုင်း မရှိ– ပြန်စရာနေရာ မရှိတဲ့ အေးနွံနေသလော .. မနေဘူးလားလည်း မသိရတဲ့ လုံးဝ ကလေကချေ ပဲ .."

"ဟုတ်တယ် .."

"ဒီမှာ ချစ်သူ .. ကျွန်မတို့က မိသားစုဆိုတဲ့ အသိုင်းအဝိုင်းခြံလွှာ ကို ဘဝရဲ့ပြည့်စုံမှုပဲလို့ သတ်မှတ်ကြတဲ့ လူတွေ ... ရှင့်ကို ဘူးမှူးများ ဖြစ်နိုင်မလားဆိုပြီး ယက်ခံထားတယ် မှတ်လို့လား .."





"မမှတ်ပါဘူး .."

"ဟွန်း .. ဖေဖေ ဒုက္ခရောက်မှာစိုးလို့ အခြေအနေအရ လုပ်ခဲ့ရ တာ .. ဒုတိယတစ်ချက်က ရှင့်ဘက်က လွှန်လွှန်း ဟိုကို ညှာခဲ့တယ် ပြီး အားလုံးက ရှင့်ကို ကြည်ကြည်ဖြူဖြူ ဆက်ဆံခဲ့ကြတယ် .. အဲဒါ တွေ့ဘာရဲ့တန်ဖိုးချင်း ညှိခဲ့တာပဲ .. ရှင်ကတော့ လူတွေကို အထင်ကြီး နေရှိမှ ကြီးမှာပေါ့ဆိုတဲ့ စိတ်နဲ့ ထိုင်ကြည့်နေပုံပဲ .."

"အဲဒါ လုံးဝ မဟုတ်ဘူး .."

"ရှင့်စကားတွေက ဓာတ်ပြနေတာပဲ .."

"အဲဒါလည်း မှားတယ် .."

"ဘာမှားတာလဲ .."

"ကိုယ့်စကားက ဓာတ်ပြဖို့ ကိုယ် ဘာစကားမှမှ မပြောခဲ့ဖူး သာ .."

"ဟွန်း .."

မသောက်ဖြစ်သေးသည့် ကော်ဖီခွက်က အေးနောက်နေသည့် ဆေင့်က မသောက်နိုင်ဘဲရှိကာ စိတ်က စားသောက်ဖို့မှာ မရှိတော့ ... သားကို ဟွန်းဖယ်ထားလိုက်ခြင်းသို့ ရောက်ပါ ...

"ရှင့်အကြောင်းတွေ သိထားမှ ရှင့်စိတ်ကို ဖမ်းလို့ရတယ် မှတ်နေ သလား .. စကားဆိုတာ ပြောပါများရင် စကားထဲက ဓာတ်ပြတယ်တဲ့... လောက်တော့ ကြားဖူးနားဝ ရှိသင့်တာပေါ့ .."

ချစ်သူ က ရယ်လိုက်ပြီး စားပွဲပေါ်မှာ လက်နှစ်ဖက်စလုံး တင်၏။ တော့ လွှန်လွှန်း ကို စိုက်ကြည့်ကာ ...

"ကိုယ် စကားများများ မပြောခဲ့ဖူးဘူး ထင်နေတာ .."

မျက်လုံးချင်းဆုံတော့ ဝန်းပတ်ချက် ဟွန့်ကာ ...

"ပြောဖို့ ကြိုးစားလိုက်တာနဲ့ ရန်ဖြစ်ရတာလေ .."

"ရှင်က စိတ်ကောင်းမှ မရှိတာ .."



www.burmeseclassic.com

www.burmeseclassic.com



"မင်းကတော့ ရှိတယ်ပေါ့ .."

"ရှင် မြင်တဲ့အတိုင်းပဲ .."

"နေပါဦး .. ဘယ်ကိုလဲ .."

"ဘယ်ကိုဖြစ်ဖြစ်ပေါ့ .. ရှင့်ကို အဖော်လုပ်ပေးရအောင် လူတွေက အမြဲအားနေတယ် ထင်လို့လား .."

"မထင်ပါဘူး .. ဒီတစ်ခါပဲ ကိုယ် တားဆီးနေတာပါ .."

သူက တောင်းပန်သလို ဆိုရင်း ...

"တကယ်လို့ ကိုယ် ပြန်သွားမယ်ဆိုရင် ဒီအိမ်ကလူ တစ်ယောက်ယောက်က သတိရနေနိုင်မလား ဆိုတာ .."

"ဘာ!..."

"အစက မတွေးခဲ့ဖူးပါဘူး .. ဒါပေမယ့် အခု တွေးမိနေတယ်- အဲ့ဒီလိုတွေးမိတော့ သတိရဖို့ဆိုတာ လွမ်းစရာရှိမှ ဖြစ်လာတာမျိုး ထင်တယ် .."

"သိပ်မှန်တာပေါ့ .."

"မင်း ကိုယ့်ကို လွမ်းလောက်စရာ ရှိရဲ့လား .."

ဟင်!...

မထင်မှတ်သည့် မေးခွန်းမို့ လွန်လွန်း ကြောင်အမ်းအမ်း ဖြစ်သွားခဲ့၏။ ပြီးတော့ သူ စိုက်ကြည့်နေတာကို ပြန်ကြည့်ရင်း ပါးပြင်လေးတွေ ရဲတက်လာကာ ...

"မလွမ်းပါဘူး .. ဘာဆိုင်လို့လဲ .."

ဖျတ်ခနဲ မျက်နှာလွှဲမိ၏။

ဒီလောက် မသင့်မြတ်ကြတဲ့သူချင်း..၊ လွမ်းစရာ ရှိမလားလို့ မေးစရာလား ..၊

သူမကရော .. ဒေါသတွေ ထွက်ပြီး ဟားတိုက် ရယ်လိုက်ရမှာကို ဘာဖြစ်လို့ ပူထူ ရှိန်းဖိန်းသွားရတာလဲ ..၊





ဘာမှမဖြစ်သလို ဆံပင်တွေကို ခေါင်းဆတ်ခါပစ်၍ မျက်နှာမော့၍ စိတ်ကူးလိုက်သည်။ မျက်နှာကတော့ မော့ဖြစ်သွားပေမယ့် သူမ မျက်တောင်ဖျားတို့က သတ္တိနည်းစွာ မှေးစင်းနေခဲ့ကြပြီး ...

"လွန်လွန်း ရေ .. သမီး ခဏလောက်ပါကွယ် .. မာလာ ဈေးထွက်သွားတာ မြင်လိုက်လို့ ..၊ အန်တီ့ကို ခေါင်းလျှော်ရည်ဘူးလေး တစ်ဘူးလောက် ရောင်းစမ်းပါ .."

ဆိုင်တံခါး ခပ်ဟဟ ရှိနေသည့်ရှေ့ကနေ အထဲကို ချောင်းကြည့်ရင်း ခေါင်းလျှော်ရည် လိုချင်သည့်လူက အော်ခေါ်နေ၏။

လွန်လွန်း နေရာမှ ထလာခဲ့ရင်း ...

"ရှိုးကေ့စ် ရိုက်ခွဲပြီး အကုန်လုံး သိမ်းယူသွားတာ အန်တီမျိုးရေ .. အဲ့ဒါတွေကတော့ ဘာမှကို မကျန်ခဲ့ဘူး .. ခေါင်းလျှော်ရည်ထုပ်သေးတွေတော့ ရှိတယ် .."

"ဟုတ်လား .. ဖြစ်ရမယ်အေ .. တကယ်ပါပဲ .. သူများ ဒုက္ခရောက်နေတာကို တမင် စောင့်ပြီး လုယက်တဲ့လူက ရှိသေးတယ် ..၊ ဘယ်လို အကုသိုလ်ကြီးမားတဲ့လူမျိုးတွေလည်း မသိပါဘူး .."

ဒေါ်မျိုး ဆိုသည့် မိန်းမကြီး ပြန်လှည့်သွားရင်း ဗျစ်တောက်ဗျစ်တောက် ရေရွတ်သွား၏။

အကုသိုလ်ကြီးမားနေတာက ခိုးယူသွားတဲ့လူတွေလား .. ကိုယ်တွေလား ဆိုတာတော့ မသိ ..၊

တစ်ခုပြီးတစ်ခု ပျက်စီးဆုံးရှုံးနေရခြင်းများနှင့် ပတ်သက်၍ ...



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၄)

"ကျောက်မြောင်း ကြုံထဲကြားထဲက ဒီလို ဂိုက်တန်းလေးတွေ လောက်ကို အသစ် ပြန်လည် တည်ဆောက်ရေးတွေ ရုတ်တရက် ရောက်မလာသေးပါဘူး မေမေရာ .. လောလောဆယ် စိတ်ညစ်စရာ တစ်ခုကိုပဲ အရင် စဉ်းစားပါ .. စုပြုံပြီးသွားနေရင်း ဖေဖေ ဘယ်လိုလုပ် ဒဏ်ခံနိုင်ပါ့မလဲ .."

"စိတ်ညစ်စရာဆိုတာ ကိုယ် ခံနိုင်သလောက်ပဲ မှဲ့ယူ ညစ်လို့ ရသလားကွ .."

ဦးလွှန်း အိမ်ပြန်ရောက်ပြီဆို လွှန်လွှန်း ကို အရင်ရှာသည်။ အနီးအနားမှာ မရှိဘူးထင်မှ ရှုံ့မဲ့ သက်ပြင်းချရင်း ညည်းညူတတ်ဟ ..

"ကလေးတွေ ရှေ့မှာ မပြောချင်ဘူး .."

"ဒီလောက်လည်း စိတ်မညစ်ပါနဲ့ ဖေဖေရာ .. ပြဿနာတစ်ခု ပြေရှင်းဖို့ရှိလာရင် .. ရှင်းစရာရှိနေရင်ပဲ တော်လှပြီ .. ငွေဆိုတာ ပြန်ရှာရုံ ရတာပဲ .."





"မဟုတ်ဘူး နေအောင် .. ဒီတိုက်တွေ ပြိုရမှာကို ငါ ကြောက်နေတာ မဟုတ်ဘူး .. ငါတို့မိသားစုအတွက် ဒီအိမ် ဒီနေရာက အရမ်းကျဉ်းထွန်းတယ် .. တင့်တင့်တယ်တယ်လေး ပယ်နေနိုင်ဖို့ ရည်ရွယ်ထားခဲ့တာ ငါ့ မျှော်လင့်ချက်ပဲ .."

"ကျွန်တော်တို့လည်း ဒီတိုင်း ဖြစ်ချင်တာပေါ့ ဖေဖေ .. ဒါပေမယ့် တစ်မိသားစုလုံး စရိုက်စကာကို ဖေဖေနဲ့ ကျွန်တော့်ပင်ငွေလောက်နဲ့ အားလုံး ပြည့်စုံနိုင်မှာ မဟုတ်ဘူး .. ညီလေး နိုင်ငံခြားထွက်မယ်ဆိုတာလည်း သူ့ခွင့်နဲ့ သူ ဆိုပေမယ့် ကျွန်တော်တို့က မိဘအုပ်ထိန်းသူတွေပဲ .. သူ့အတွက် ကျွန်တော်တို့ တစ်ထောင့် တစ်နေရာကနေ ပါဝင် ရပ်တည်ပေးရမှာ .."

"ဟုတ်တယ် .."

"ကိုယ့်အားကိုယ်ကိုးတာ ကောင်းပေမယ့် အခက်အခဲတစ်ခုကို [illegible] ကိုယ် ဖြစ်ချင်ဆုံး ဆရာတစ်ခုအတွက် ကိုယ့်ဘာသာ ကြိုးစားယူနိုင်သွားရင် မိသားစုအပေါ်မှာ စိမ်းသက်သွားတတ်တယ် .. ကျွန်တော်တို့ မိသားစုက သူများနဲ့ မတူဘူးလေ .. ဥမကွဲ သိုက်မပျက် [illegible]ကြတာလေ .. ညီလေးကို ကိုယ်ပြစ် ကိုယ်ခံဆိုပြီး လွှတ်မပေးနိုင်ဘူး .. အဲဒါကြောင့် ငွေကို သုံးစရာရှိလို့ သုံးမှာအတွက် ဖေဖေ ကြိုးပြီး [illegible]မနေပါနဲ့ .."

"ဟင်း .."

ဦးလွှန်း သက်ပြင်းရှည်ကြီး ချသည်။

"ရော့ .. အမေ .. ရေချိုးပြီးလာရင် ပြင်းရှာမှုတ်သုပ်လေးနဲ့ [illegible] စားလိုက်ဦး .. ကိုအောင် လည်း စားလေ .."

မာလာ က စားပွဲပေါ်မှာ အားလုံး ချထားပေးပြီးမှ အနားမှာ ထိုင်[illegible]ကာ ..

"ဟော်ဒေါ်းတော .. ညီမလေးက ဆိုင်ပေါ်က ကြွေးတောင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ရော .. အိမ်ထဲက ဘဏ်စာအုပ်နဲ့ စာရွက်စာတမ်းလေးတွေ သေချာ ထုပ်ပိုး သိမ်းထားလို့ ..၊ မဟုတ်ရင် ကြွေးချထားသမျှလေးတွေ ဆုံးကုန် မှာ .. မီးထဲ မပါဘဲ ဆိုင်ပျက်စီးသလို ပျောက်ရှ ပျက်စီးကုန်မှာပဲ .."

"ကဲပါကွာ .. အဲဒါတွေ မပြောပါနဲ့တော့ .. အခု ဆိုင်ပြန်ဖွင့်နိုင် အောင် လုပ်ရမယ် .. ညီလေးကိုလည်း ပြည့်ပြည့်စုံစုံလေး လုပ်ပေးလိုက် ချင်တယ် .. ပြီးတော့ .."

"ကိုမောင် ကလည်း ကုန်စရာရှိတာတွေ ရှုတ်ပြမနေပါနဲ့တော့.. အဖေ စိတ်ပိုညစ်ရုံပဲ ရှိမယ် .. ကုန်ရမှာကို ထိုင်ကြည့်နေလို့မှ မရဘဲ.. ကိုမောင် ပဲ လုပ်စရာရှိတာ လုပ်လိုက်လေ .."

"နေပါဦး .. ဗိုလ်အောင်ဒင် တို့ .. ချစ်သူ တို့ မတွေ့ပါလား .. လွန်လွန်း ရော .."

နေမောင်မောင် နဲ့ မာလာ မျက်လုံးချင်း ဆုံသွားကြသည်။

ဖြေသံ ရုတ်တရက် ထွက်မလာတော့ ဦးလွန်း က မျက်မှန်ကြီး ပင့်ပြီး မော့ကြည့်၏။

"ဘာတွေဖြစ်လို့လဲ .. ငါ မေးတာ .."

"ဘာမှမဖြစ်ပါဘူး ဖေဖေ .. ဟိုလေ .. ညီမလေးက ညီလေးတို့ နေတဲ့ဆီ သွားချင်တယ်ဆိုလို့ .."

"ဘာ!..."

"သိပ်မှမဝေးတာ ဖေဖေကလည်း .. ပြီးတော့ သကြိန်အတွက် သူ့အသုံးအဆောင်ပစ္စည်းလေးတွေ လိုအပ်တာ ဝယ်ချင်လို့ ဆိုတာနဲ့.."

"အဲဒီတော့ ညဘက်ကြီးကို ဘယ်သူနဲ့ ထွက်သွားတာလဲ .."

"ဗိုလ်အောင်ဒင် နဲ့ .. ချစ်သူ နဲ့ .."

"ဘာ!... ဘာပြောတယ် .."

တစ်ခါတလေ ညဦးပိုင်း မိန်းမဖော်ချင်း ချိန်းပြီး ဟိုသွားဒီသွား သွားကြတာတွေ ရှိသည်မို့ လွှတ်လိုက်တာကို သိပ်မကြိုက်ပေမယ့် ဆိုး





ဆိုးဝါးဝါးတော့ မဖြစ်သေး ..၊

"မင်း!... မင်း ဘာလုပ်လိုက်တာလဲ နေမောင်မောင် .. တစ် ယောက်က စိတ်နဲ့တာ မဟုတ်ဘူး .. တစ်ယောက်က ဒုက္ခိတ .."

"ကားနဲ့ပဲ ဖေဖေရာ .."

"ဘာ!..."

ဦးလွန်း မျက်လုံးတွေ ပြူးရလွန်းလို့ မျက်မှန်ချွတ်ပစ်ရတဲ့အထိ အားမလို အားမရ ဒေါ်တွေပွကာ ...

"လွန်လွန်း က လီဗာမှန်း ဂီယာမှန်း သိတာထက် နည်းနည်းပဲ ပိုတာ .. လိုင်စင်မရှိ ဘာမရှိနဲ့ .. မင်းကွာ .."

"ဖေဖေရာ .. ညီမလေးကို မောင်းယူသွားဆိုပြီး စိတ်ချလက်ချ ဆေးလိုက်ပါ့မလား .. ချစ်သူ က ကားမောင်းတတ်ပါတယ် .. ဟိုတစ်နေ့ ညက ကျွန်တော် ကားရေဆေးနေတုန်း သူ ဆင်းလာပြီး စကားပြောကြ ရင်း သိတာ .."

"ဘာလဲ .. ဒီရုပ်လား .. တက္ကစီဆွဲဖူးတဲ့ ရုပ် .."

"မဟုတ်ဘူးလေ .. ဖေဖေ သိနေသားနဲ့ .. ချစ်သူ က သူ ပြောချင် တာကို တစ်ခွန်းစ နှစ်ခွန်းစပဲ ပြောတာ .. သူ့အကြောင်း ဘာမှကို ပြောတဲ့ကောင်လေး မဟုတ်ဘူး .. အဲဒီညက ကားဆေးနေတုန်း ဟို ဘက်ဆိုင်က ရေတွေ စိုပါတယ်ဆိုပြီး လာပြောတော့ ကျွန်တော်က ရေတွေ စိုရွှဲနေတာလေ .. သူပဲ ကားရွှေ့ပေးတာ ..၊ မောင်းတာကို ကြည့်လိုက်တာနဲ့ သူ ကျွမ်းကျင်တာ သိသာပါတယ် .. ပြီးတော့ .."

နေမောင်မောင် က တစ်ခုခု စဉ်းစားမိသလို စကားထောက်သွား ပြီးမှ ...

"ပြောသေးတယ် .. ကာလပ်နဲ့ မမောင်းဖူးတော့ တစ်မျိုးကြီးပဲ တဲ့ .."

"အဲဒါရော မခက်ဘူးလား .. အော်တိုဂီယာ မောင်းနေတဲ့လူက.."



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး ဖေဖေရာ … အရှမ်း မတိုးရိမ်ပါနဲ့ … ကျွန်တော် ပြောတာက သူ အဲဒီလိုသာ ပြောတယ် … ဆက်တာ သွင်းတာ ပါကင်လုပ်နေတာတွေက ဘာမှ အထက်အငေါ် မရှိဘူး … ကျွန်တော် ပြောသားပဲ ဒီကောင်လေးက ခပ်နိမ့်နိမ့် အဆင့်အတန်းမျိုးတော့ မဟုတ်နိုင်ပါဘူးလို့ …"

"နိမ့်တာ မြင့်တာကို နောက်ကတိုက်ကြီး ဟီးထနေတာနဲ့ တိုင်းတာလို့ မရဘူးကွ …"

"ဟုတ်ပါတယ် … ဒါပေမယ့် ချစ်သူ ကျွန်တော်တို့အိမ်မှာ ကစ်လပြည့်တော့မယ်… မဟုတ်မဟုတ် ဘာလုပ်ခဲ့ဖူးလို့လဲ … ညီမလေးကလည်း ပြောတယ် … သူကို စကားပြောကြည့်တော့ သူ အသုံးခဲ့ဖူးတာ အမှန်ပဲတဲ့ …"

"ဟွန်း …"

ဦးလွှန်း က သက်ပြင်းချသလိုလို … ရဲလိုက်သလိုလိုနှင့် …

"ရှင်လေး သန့်ပါတယ် … အဆင့်အတန်းလား ရှိပါတယ်နဲ့ မင်းတို့ ကြည်ဖြူချင်နေကြတာ ခကောင်းဘူး ဆော့ … တော်ကြာ လူငယ်ချင်းရင်းနှီးကာက လွန်ကဲကုန်ရင် ခက်မယ် …"

ဦးလွှန်း မိသားစု စားဝတ်နေရေးအတွက် ပူပင်နေရင်းကနေ သမီးဆီ စိတ်ရောက်သွားပြန်သည်။

"မသင့်မြတ်ကြတော့လည်း လူနာက ပြိုင်မှာ ခိုးရတယ် … သင့်မြတ်ကြပြန်တော့လည်း ပူပင်ရပြန်ရော … ခက်ပါတယ် …"

"မခက်ပါဘူး ဖေဖေရာ … ဗိုလ်အောင်ဒင်ကြီး ကလည်း ကားစီးရမယ်ဆိုလို့ ခုန်ပေါက်နေတာပဲ … သူဟာ နှစ်ယောက်ကြားမှာ ဖေဖေ့သမီးလေး ဘာမှ မဖြစ်နိုင်ပါဘူး …"

မဖြစ်ခဲ့ရင်တော့ ကောင်းတာပေါ့ …။

❀ ❀ ❀



အခန်း (၂၅)

"ဗုလောက်ဆို ဖေဖေ သိနေပြီ …"

"ရှုရှုပွပွတွေ ထဖြစ်မှာ မဟုတ်ပါဘူး …"

"အဲလိုတော့ ဖြစ်မလား … လွှန်လွှန်း တို့ အိမ်မှာ သားသမီးတွေ တစ်ခုခု မဟုတ်တာလုပ်လာလို့ ဖေဖေ ခေါသထွက်ပြီး ဝုန်းဒိုင်းကြဲလောက်အောင် တစ်ခါမှ မဖြစ်ခဲ့ဖူးဘူး … အများဆိုကာတော့ ခဏခဏ ဖြစ်နေတာပဲ … ဖေဖေကိုက သားသမီးကို မိုက်လိုက်ကဲ့သား ဆိုတာမျိုး ဘယ်တော့မှ မညည်းခဲ့ဘာ …"

"ဟုတ်ပါတယ် … မင်းတို့ မိသားစုတွေကို မြင်ရမှ ကိုယ်လည်း အမှာခြားကို ရောက်နေရသလိုပဲ …"

ကားမောင်းနေသည့် သူမျက်နှာကို သေချာကြည့်လို့ မရပေမယ့် အလင်းရောင်တွေ ဘဝင်းဝင်း ကျရောက်နေသဖြင့် မြင်တော့ မြင်နေရ၏။

"ရှင့်မိသားစုမှာ ရှင်က တစ်ဦးတည်းသောသား သား …"

www.burmeseclassic.com



"ဟုတ်တယ် .."

"ဒါဆို သူဌေးကြီးပေါ့ .. ဟာ .. ပွတာပဲ .."

ဗိုလ်အောင်ဒင် က နောက်ခန်းကနေ အားပါးတရ ပြောနေကာ–

"ကောင်လေး .. ငါ့ရဲ့ မမြဝင်း ကို ပြန်ခေါ်ပေးစမ်းပါကွာ – သူက ဟိုဘက်လမ်းမှာ ကပ်ကပ်လေး ရပ်ပြီး ကူးတို့က မရှိလို့ ငါ့ဆီ မလာရဘူး .."

"ကူးတို့ခက တစ်မတ်စေ့ တစ်စေ့ပဲ ပေးရတာ .. ဗိုလ်အောင်ဒင် က ထည့်မပေးလိုက်ဘူးလား .."

"ဟေ့အေး .. ငါတောင် တစ်မတ်စေ့ ရှာမရလို့ ဆရာတော်ကို မေးတော့ မင်းအမေဆီမှာ သွားလိုက်တောင်း တဲ့ .. သူ့ပါးစပ်ထဲမှာဆို ရှိဦးမှာ တဲ့ .."

BURMESE CLASSIC

"ဟား .. ဟား .. ဟား ..."

"မရယ်ကြပါနဲ့ကွာ .. အမေက သေပြီလို့ ပြောတော့လည်း သေပေမယ့် သူ့ပါးစပ်ထဲမှာ ရှိသေးတယ်လို့ ဆရာတော်က ပြောတာနဲ့ ငါ သွားတောင်းမလို့ .."

"မသွားဖြစ်ဘူးလား .."

"မမြဝင်း က လာပြောတယ် .. အဲ့ဒီ တစ်မတ်စေ့နဲ့ မရတော့ဘူး တဲ့ .. သူ့ဆီကို လာချင်ရင် ဆင်စီးလာခဲ့ပါ တဲ့ .."

"ဟား .. ဟား .. ဟား ..."

တမင် ဟာသတွေ ပြောနေတယ်မှတ်ပြီး ရယ်နေရင်း နောက်လှည့်ကြည့်မိသည်။ ဗိုလ်အောင်ဒင့် မျက်နှာက တကယ် မည်းလို့ပါ– လွှန်လွှန်း က သူ့ကို မျက်စိမှိတ်ပြီး ခေါင်းခါပြ၍ ...

"ဟိုးအရင်တုန်းက လွှန်လွှန်း တို့ သူ ယုံအောင် သရုပ်ဆောင်ပြီး ပိုင်းနောက်ထားတာ .."

ခပ်တိုးတိုး ကပ်ပြောပြီး ရယ်ကာ ...





"အဲဒီတည်းက သူ့ကိုယ်သူ ဗိုလ်အောင်ဒင် ဖြစ်သွားတာလေ .."

"အဲဒီတုန်းက တအုန်းအုန်းနဲ့ ရယ်မောပြီး တော်တော် ပျော်စရာကောင်းမှာပဲ .."

"ဟွန်း .. ခုလည်း ပျော်ရပါတယ် .. လွှန်လွှန်း တို့အိမ်မှာ စိတ်ညစ်တာကို ဘယ်တော့မှ ကြာကြာ မထွေးဘူး .. တစ်ယောက်က စိတ်ညစ်ရင် ကျန်တဲ့လူတွေက ပျော်အောင် ဖန်တီးပေးနိုင်တယ် .."

ချစ်သူ က ခေါင်းညိတ်သည်။ ဟိုတုန်းက ဗိုလ်အောင်ဒင် ကို ...ကြတဲ့ပုံစံတွေတောင် မျက်လုံးထဲမှာ မှန်းဆ မြင်ယောင်လာမိသည်။

ဘယ်သူက မမြဝင်း ယောင် ဆောင်ပြီး လာပြောပေးသလဲ ...။ ...တော်ဆိုတာ တကယ့် ဆရာတော်ကို မေးတာလား ...၊ ကိုကြီးတို့ ...ယောက်ယောက်ကပဲ သရုပ်ဆောင်တာလား ...။

တွေးကြည့်ရင်း နှုတ်ခမ်းတွေမှာ ပြုံးယောင်သမ်းလာခဲ့၏။

သူ ဘာဖြစ်လို့ ဒီမိသားစုရဲ့ အတိတ် ပစ္စုပ္ပန်တွေကို စိတ်ဝင်စား...တာလဲ ...၊

ဘာဖြစ်လို့ ကိုယ့်ကိုယ်ကိုယ် အထီးကျန်သလို ခံစားရတာတွေ ...ထင်ရှားလာခဲ့တာလဲ ...။

"ချစ်ရသူ .. ချစ်သူ .."

"ဟင် .. ဗျာ .."

...နာမည်ကို ကတိုက်ကရိုက်ကြီး ခေါ်လိုက်သဖြင့် ချစ်သူ စိတ်ကူး...ပျက်သွားသည်။

"မင်း ငါ့ကို မမြဝင်း ခေါ်ပေးဖို့ စိတ်ကူးနေတာလား .."

"ဗိုလ်အောင်ဒင် ကလည်း ချစ်သူ က ညှိသည်ပဲဟာ .. ဗိုလ်...ဒင့် ကိစ္စကို ကူညီဖို့ ကိုကြီးတို့ကို ပြောရဦးမှာပေါ့ .. ငြိမ်ငြိမ်...ထိုင်နေစမ်းပါ .. လမ်းပေါ်မှာ ကားတွေက ရှုပ်လိုက်တာမီးရောင်



www.burmeseclassic.com

www.burmeseclassic.com



တွေက မျက်စိကို စူးစူးသွားတာပဲ ..၊ ချစ်သူ .. ရှင် လမ်းကို သေ
ကြည့်ဦး နော် .."

"ညဘက် ကား မစီးဖူးဘူးလား .."

"စီးတော့ စီးဖူးတာပေါ့ .. ရှင်နဲ့က ခုမှ စီးဖူးတာလေ .."

"ကိုယ့်ကို မယုံလို့ပေါ့ .."

"ယုံတာက တခြား .. စိုးရိမ်တာက တခြားပဲ ..၊ အိမ်မှာတော
ကိုကြီးပဲ ဖေဖေ့လောက် ကျွမ်းကျင်တာ .. တကယ်တော့ လိုက်လိုက်မောင်
တော့ ကိုကြီးက ကျွမ်းတယ်.. ကိုလေးက မောင်းတတ်ပေမယ့် အော
ဂီယာပဲ မောင်းချင်တာတဲ့ .. သူငယ်ချင်းကားတွေတော့ မောင်းတ
အိမ်ကကားဆို ဘယ်တော့မှ မမောင်းဘူး .."

"မင်းကရော .."

"သင်တော့ သင်ပေးထားတယ် .. ဖေဖေကမှ ပေးမမောင်း
အစက ကိုကြီးနဲ့ ကိုလေး ဘို့ လိုက်လာပြီး နိုးမောင်းရသေးတ
နောက်ကျတော့ လမ်းဘေးမီးတိုင်နဲ့ တိုက်ပြီး မီးလုံးကွဲသွားတာ

"မီးတိုင်က လမ်းပေါ်တက်နေလို့ နေမှာပေါ့ .."

"ရှင် နော် .."

"မသိဘူးလေ .. လမ်းဘေးထိ မင်း ဝင်အောင်းတာဆိုတော

"ဆက်မသွားတော့ဘူးဆိုပြီး လာလမ်းအတိုင်း ဘက်ခ်ပြန်
တာလေ .. ကောင်းကောင်းတောင် မမောင်းတတ်သေးတဲ့ဥစ္စာ .. ဒ
ဆုတ်တာ .. ပါကင်သွင်းတာတွေ ဘယ်လောက်ထိ ကျွမ်းရဦးမှာ

ကားကို ညာဘက်အတိုင်း ကွေ့လိုက်ရင်း ချစ်သူ က ဘာမှ
တော့ဘဲ ပြုံးစိစိ မျက်နှာကို လွှဲထား၏။ လွှန်လွှန်း ကလည်း
ဂရုမစိုက်တော့ပါ ..။

"နောက်ကျတော့ ကိုကြီးတို့ကလည်း မမောင်းခိုင်းတော့
ဟားမောင်းတာက ကောင်းလိုက် အကြာကြီး နေလိုက်နဲ့ ဖြစ်



မ်းကျင်ဖို့ သိပ်မလွယ်ဘူးတဲ့ .. ဖေဖေ စိတ်ချမှပဲ ငါ့ညီမ မောင်းလို့
တော့မှာ တဲ့ .."

"ဟာ .. မဟုတ်တာနဲ့ .. နင် ယောက်ျားရမှပဲ ယောက်ျားကို သင်
ပြီး မောင်းလို့ ပြောတာပါ ..၊ ငါ့နားနဲ့ ဆတ်ဆတ် ကြားတာ .."

"ပါလာပြန်ပြီ .. မိုလ်အောင်ခင် နော် .."

"ငါ့နားနဲ့ ဆတ်ဆတ်ကြားတာကို .."

"အဲ့ဒီလို ပြန်ပြန်ပြောလို့ မိုလ်အောင်ခင့် ကို လွှန်လွှန်း ဘာမှ
ပင်တော့ဟာ .."

"အဲဒါ .. နင်တို့ ချိန်းပွေ့နေကြတာကျတော့ ငါ ပြန်ပြောရို့
.."

"လျှောက်ပြောပြန်ပြီ .. တွေ့လား .."

"ဟုတ်တယ်လေ .. ဖက်နေကြတာရော .. နမ်းကြတာရော .."

"မိုလ်အောင်ခင် နော် .."

လွှန်လွှန်း မိုလ်အောင်ခင့် ကို နောက်ပြန်လှည့်ပြီး လှမ်းထုသည်။
အောင်ခင့် က ရှောင်လိုက်ရင်း ကားက ယိုးယင်းသွားပြီး ခါသွား
တစ်ကိုယ်လုံး သေးတိုက် ယွေးခနဲ ပုံလဲ၏။

"သေပါပြီ .. ငါ့ကို ဘယ်လိုလုပ်လိုက်တာလဲ .. ချစ်သူ .. ချစ်ရ
"

ခုတစ်လောကျမှ မိုလ်အောင်ခင့် ပါးစပ်ထဲမှာ ချစ်သူ .. ချစ်ရသူ
နာမည်ရှည်က ရေပန်းစားနေခဲ့၏။

"မိုလ်အောင်ခင် .. ဘာဖြစ်သွားသေးလဲ .."

"ဘာတုံးကွ .. အား!... နာလိုက်တာ .."

"အားမနာနဲ့ .. ကောင်းလို့ .. တောက်!..."

ချစ်သူ ကားကို ပုံမှန်ပြန်မှုတ် ဆွဲရှုပ်လိုက်ရသဖြင့် ပေါ်သာတွေ
လိုက် အမိုင်လိုက် ဖြစ်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှာ .. ဟိုကား ပြန်လှည့်လာတယ် ချစ်သူ .."

ကောက်ကွေ့ မောင်းထွက်သွားသည့်ကားက သူတို့ဆီကို ပြန်

လာတော့လည်း နှာသိုးကြိုးပြတ် ..၊

"ကားပေါ်မှာ လူတွေ အများကြီးပဲ ချစ်သူ .. ဘယ်လိုလုပ်မလဲ

"ပူမနေနဲ့.. တမင် ရန်စချင်နေတာ .. ထိုင်ရှိုးလည်း အပို

ခြေထောက်ကြားထဲမှာ တွေ့ထားသည့် သံတုတ်ကို ယူ၍

ပြင်ဆင်လိုက်တာမြင်တော့ လွန်လွန်း မျက်လုံးပြူးသွားသည်။

"ချစ်သူ .. ရှင်က ခြေထောက်တွေလည်း မကောင်းဘဲနဲ့ -

"ပြန်လာပြီ .. ဟိုကား ပြန်လာနေပြီ .."

ဗိုလ်အောင်ဒင် က အသည်းအသန်အော်ကာ ဘေးက တံခါး

ဖွင့်လိုက်၏။

"ဗိုလ်အောင်ဒင် မဆင်းနဲ့ .. မဖွင့် .."

"ဂျိမ်း .. ဂျိုး .."

"အား!..."

ဘေးတိုက် ယှဉ်လာပြီး ကားကို ပစ်ဆောင့်သွားလျှင် ဟိုဘ

တံခါးဖွင့်လိုက်သည့် ဗိုလ်အောင်ဒင့် တစ်ကိုယ်လုံး လမ်းပေါ်

ခေါက်ကွေး ပြုတ်ကျသွား၏။

လွန်လွန်း ကိုယ်လေး ဂီယာပေါက်ပေါ် အပုံလိုက် လဲကျသွ

ခြေနင်းကြားထဲ ပြန်ခါကျ၏။

"ဟား .. ဟား .. ဟား ..."

"ဗိုး .. ဟိုး .. ဟို ... ဟား .. ဟား ..."

ဒီဘက်မှာ ဖြစ်ပျက်ကုန်တာကို သေချာရပ်ကြည့်ပြီး ကား

လုံး ရယ်မောသံတွေ ဆူညံသွားသည်။

"တောက်!..."

"ချစ်သူ!... ချစ်သူ .. ဘာလုပ်မလို့လဲ .."





အဖြစ်အပျက်တွေက မြန်မြန်ဆန်ဆန်ကြီး ဖြစ်သွားခဲ့လျက် ...

"ဒုန်း .. ချွမ်း .."

"ဂျိုး .."

သေချာ ပေါ့ပေါ့ပြော်ပြောင် ရယ်မောပြီးမှ ထွက်သွားသည့်ကားကို

သူ က ကိုင်ထားသည့် သံတုတ်ပိုင်းနှင့် လှမ်းပစ်လိုက်တာ အတိ

မှန်သွား၏။

ကားသည် နောက်ပိုင်း ဘေးတံခါးမှန်တွေ ကွဲကြေကုန်ကာ

ဒီကို အပြင်းအထန် ထိသွားသဖြင့် ယိမ်းခါသွား၏။ ထို့နောက်

ဘား ပလက်ဖောင်းနဲ့ ပွတ်တိုက်ပြေးကာ မီးတွေ တဖွားဖွား လွင့်

လသည်။

သူတို့အရှိန်နဲ့ သူတို့ တော်တော်ဝေးဝေးကို ရောက်သွားကြလျှင်

သူ က ဗိုလ်အောင်ဒင့် ကိုယ်ကြီးကို တွဲ၍ ကားပေါ်တင်သည်။

နှင့် ချက်ချင်း ပြန်ဝိုက်ပြီး မောင်းထွက်လာခဲ့၏။

သူတို့ အတော်ဝေးဝေးရောက်မှ နောက်ကား လိုက်လာသည့် မီး

င်ကို မြင်လိုက်ရသည်။

ချစ်သူ က ကားကို လမ်းသွယ်လမ်းကြား ဝင်လို့ရသမျှ ကွေ့ပတ်

ကွက်ရင်း ကိုယ်ယောင်ဖျောက်၏။

အိမ်ကို ဒီအတိုင်း ချောချောမောမော ရောက်လာခဲ့ပေမယ့် ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၆)

"မောင်းပြေးခဲ့ကြတာပေါ့ .."

"မောင်းပြေးရင် ဟိုဘက်က လူရာစုနဲ့ ချစ်သူ ခံရမှာ ... မေမေ .. လွှတ်အောင် မောင်းလာခဲ့နိုင်တာပဲ ရုံးအကျူးရှိုးမှာ .."

အိမ်မှာ အကြောင်းစုံ ပြောပြလိုက်တော့ စိတ်ပူနေတဲ့လူက ... ဦးလွှန်း ကတော့ ခေါင်းတခါခါနှင့် ...

"ငါ ထင်တယ် .. စိတ်လျှော့ကို လေးနေခဲ့ကာ .."

"မေမေ့ကို မပူပါနဲ့လို့ ကျွန်တော် ပြောသားပဲ .. မိဘက အ... စိတ်ပူနေရင် ပိုဖြစ်မယ် ... ခုလည်း ကလေးတွေ ဘာမှ ဖြစ်ခဲ့တာ မဟုတ်ဘဲ .. ကားပျက်စီးတာက မွေဟုန်ခံလိုက်ရင် ပြန်ကောင်း... မှာ .."

"ဟုတ်သားပဲ အဖေရယ်.. ကစ်ဖက်က တွက်ကြည့်ရင် ဒီလော... အိ ရန်စတာကို ဘယ်သူက ခံနိုင်မှာလဲ .. ဦးလေးဆို လက်ကျိုး... မလို့ တော်သေးတယ်.. ကားက ရပ်ထားလို့.. သွားနေတာဆိုရင် မ... ရဘူး .."





"ဟုတ်တယ် မေမေ .. လွှန်းလွှန်း တို့ကို ပထမတစ်ခါတည်းက ... ချိတ်သွားတာ .. အဲ့ဒါကို ပြန်လှည့်လာပြီး ကြွက်ကို ကြောင် ကစား ... လို လုပ်တာ .."

လွှန်းလွှန်း က ရှင်းပြတော့ နေမောင်မောင် က တက်ခေါက်ကာ...

"မိန်းကလေး ပါနေမှန်း သိလို့ ဗရုတ်ကျတာ .."

"မင်းတို့က ခေါသလွှက်မနေကြနဲ့ .. သံတုတ်နဲ့ လှမ်းပစ်လိုက် ... မှန်ကွဲရုံတင်မကဘဲ အယဲကလူ ဘစ်ခုခု ဖြစ်သွားရင် ဒီကိစ္စက ... သွားမှာ မဟုတ်ဘူး .."

"အဲ့ဒါလည်း မပူနဲ့ မေမေ .. မဟုတ်တာလုပ်တဲ့သူက ဖော်ကောင် ... ဘူး .. လုပ်ရင်လည်း ဂရုမစိုက်ဘူး .. ကျွန်တော်ကတော့ ချစ်သူ ... ခံခဲ့တာ မှားတယ်လို့ကို မထင်ဘူး ... အဲဒီလိုကောင်တွေက ကြောက် ... တယ်ပြောရင် လက်မြှောက်ဦး .. ကျွမ်းထိုးဦး ခိုင်းပြီး ဟားတိုက်ရယ် ... ကောင်တွေ ... ပြန်လှည့်လာတာကိုက ညအမှောင်ကို အားကိုးပြီး ... ယ်လောက် ဗရုတ်ကျချင်သလဲဆိုတာ စဉ်းစားကြည့် .."

"ဖြစ်သမျှအကြောင်း အကောင်းလို့ သတ်မှတ်ရင်းနဲ့ ငါတို့အိမ် ... အားလုံး အပျက်အစီးဘေးချည်း ဖြစ်ဖြစ်နေခဲ့တာ မင်းတို့ သဘောသား ... ကြရဲ့လား .."

ဦးလွှန်း ပြောလိုက်တော့ အားလုံး ငြိမ်သွားကြသည်။ မိုလ်အောင် ... က လက်မှာ ပတ်တီးနှင့် လည်ပင်းမှာ ကြိုးသိုင်းလွယ်ထားကာ ... ငြိမ်ကုပ်ကုပ်လေး ထိုင်နေကာ လွှန်းလွှန်း က သောမှာ မေါင်းလေး ... လျက် ...

အချိန်က ညဉ့်နက်ပြီ မဆိုသာပေမယ့် ဆယ်နာရီထိုးတော့မည် ... ၏။ သို့သော် နေလွှန်း တို့ ရောက်မလာကြပြန်ကာ ...

ဘယ်ကလဲ .. ဘယ်ကားလဲ စွတ်မေးနေသေးသည်။

"ဘာကြောက်စရာရှိလို့လဲ မေမေ .. နောက်မှ မဟုတ်ဘူး .. အခု



www.burmeseclassic.com

www.burmeseclassic.com



လာရှာလို့ တွေ့သွားရင် ပိုကောင်းတယ် .. ဒီလို တမင်တကာ လာစော
မျိုး ဘာဖြစ်လို့ ခေါင်းငုံ့ခံနေရမှာလဲ ..”

“လာ ဟောကောင်.. ငါတို့ ပတ်ရှာမယ် .. မှန်ကွဲနေတဲ့ကား ဧ
ရင် ရှင်းရုံပဲ ..”

“ဟုတ်တယ် .. သွားမယ် ..”

“သူတို့ ရှာလို့မတွေ့ရင် အမြဲတမ်း လက်သီးလက်မောင်းတန်း
ကြမှာ .. ကိုယ်ကလည်း ပြေးနေရတဲ့ဘဝ ရောက်သွားဦးမယ် ..”

“ဟုတ်တယ်.. ကားနံပါတ်တွေဘာတွေ မှတ်ထားရင် အန်ကယ်
အတွက် အန္တရာယ်ရှိတယ် ..”

“ငါ့ညီမ မကြောက်နဲ့ .. ရေသောက်ပြီး စိတ်ငြိမ်ငြိမ်ထား .. အေ
အေး နေ .. နင်တို့ မမှားဘူး ..”

သူငယ်ချင်းတွေကားနဲ့ ရောက်လာကြပြီး ကားပေါ် ပြန်
တက်သွားကြကာ သူတို့ဘာသာ လက်သီးလက်မောင်းတန်း၍ ကို
တိုင် ညြဘာပေးသွားကြ၏။

နေလွန်း က ညီမခေါင်းကို ပုတ်ပြီးတော့တောင် အားပေးသွာ
သေးသည်။ ဖအေမျက်နှာကို တစ်ချက်မှ မကြည့် ..၊

“သွားကြ .. ကောင်းတယ် ..၊ ထင်ရာ လုပ်ကြပေါ့ ..”

“သူတို့တွေလည်း အုပ်စုတောင့်တာပဲ ဖေဖေ .. မနိုင်ဘူးထင်
သွေးနည်းတဲ့ဘက်က ပြေးကြမှာပါ ..”

“နေမောင်မောင် .. မင်းပါ လိုက်သွားချင်တဲ့ဆန္ဒရှိရင် သွား
ရတယ် .. ဖအေကို တရားပြမနေနဲ့ ..”

နေမောင်မောင် က အပြစ်ရှိသူလို ပြုံးလိုက်ရင်း ခေါင်းငုံ့သွားကာ

“မဟုတ်ပါဘူး.. ညီလေးတို့ ပြောသွားတာလည်း ဟုတ်တာပဲဟာ
သူတို့က လိုက်ရှာနေပါတယ်ဆိုမှ တစ်သက်လုံး ပုန်းနေရမှာလား ..”

“အားလုံးအတွက် ကျွန်တော် တောင်းပန်ပါတယ် ..”



“ဟင်!...”

“ချစ်သူ လာ ထိုင် ..”

ရောက်လာတည်းက တိတ်ဆိတ်စွာ နေခဲ့ပြီးမှ ချစ်သူ က သူတို့
ရှေ့ကို ရောက်လာကာ ...

“ဦးလေး ကျွန်တော့်ကြောင့် အမျိုးမျိုးစိတ်ညစ်နေရတဲ့အတွက်..”

“ဟာ!... မဟုတ်ဘူး .. မဟုတ်ဘူး ချစ်သူ .. ငါ ပြောဆိုနေတာ
တွေ ဒါနဲ့ မဆိုင်ဘူး ..၊ ဒါပေမယ့် ကလေးတွေကို ဆူနေတာဆိုတော့
မင်းလည်း ပါတယ် .. ရှင်းရှင်းပြောရရင် ခွေးကိုက်တတ်လား မကိုက်
တတ်ဘူးလား မသိဘဲနဲ့ ခွေးမြင်ရင် စချင်တဲ့လူက စတာပဲ .. ဒါပေမယ့်
ခွေးက ကိုက်လိုက်ပြီဆိုရင် ခွေးကိုက်လိုက်တာပဲ လူသိမှာ .. ‘သူတို့က
ငါ့ကို အရင် လာ ‘စ’ တာ ..’ လို့ ခွေးက မပြောတတ်ဘူးလေ ..”

ဦးလွန်း က ‘ပြောရခက်လေခြင်း ..’ ဆိုသည့် မျက်နှာကြီးနှင့်
သက်ပြင်းချသည်။ ပြီးတော့ မျက်မှန်ကို ချွတ်၍ ပုဆိုးစနဲ့ မှန်ကို သေချာ
ပွတ်သုတ်နေရင်း ...

“အခု မင်းတို့ ဖြစ်ခဲ့တာမှာ သူတို့က စသွားတာကို ရုတ်တရက်
ဖြေရှင်းဖို့ ခက်တယ် .. ငါတို့ဘက်က တုံ့ပြန်လိုက်လို့ မှန်ကွဲသွားတဲ့
သူတို့ဘက်က သာနေပြီ ..၊ နောက်ပြီး ကားထဲကလူတွေကို ထိခိုက်မိ
သွားလား မထိခိုက်ဘူးလားဆိုတာလည်း ရှိသေးတယ် ..”

“ဒီလိုကြေး ဆိုရင်.. ကျွန်တော်တို့လူလည်း ကံမကောင်းရင် ကျိုး
ကန်းသွားနိုင်တယ် .. သေလည်း သေနိုင်တာပဲ ဖေဖေ ..”

နေမောင်မောင် ကတော့ ချစ်သူ ကို အပြစ်တင်တာမျိုး အနည်း
ငယ်မျှ မပြောပေ ..၊

“ဒီမှာ ပြောကြဆိုကြတာတွေကို စိတ်မကောင်း မဖြစ်နဲ့ ညီလေး..
ပြဿနာဖြစ်လာရင်တော့ နောက်မဖြစ်အောင် လူကြီးက ဆူရတာပဲလေ..
ကိုယ့်လူကို မဆုံးမဘဲ မြှောက်ပေးရင် လူငယ်တွေ ပိုဆိုးကုန်မှာပေါ့..”

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် နားလည်ပါတယ် .. ဒါပေမယ့် ကျွန်တော့်အတွက် အားလုံးမှာလည်း ဒုက္ခများနေပါပြီ .. နောက်ပြီး ကျွန်တော် တစ်ခုဝန်ခံစရာ ရှိလို့ပါ .."

သူ စကားစလိုက်တာနှင့် အားလုံး၏ စိတ်ဝင်စားမှုတွေ သူ့ဆီ ရောက်လာကြ၏။

"ကျွန်တော်က မိဘလုပ်စား ထိုင်ဖြုန်းရင်းနဲ့ အပေါင်းအသင်းမှား ဆေးသုံးစွဲတဲ့အထိ ပျက်စီးခဲ့တဲ့သူပါ .. ဦးလေးနဲ့ ကားတိုက်မိခဲ့တဲ့ ညကလည်း ကျွန်တော်တို့ အပေးအယူကိစ္စတွေနဲ့ ရန်ဖြစ်ကြပြီး လုံခြုံရေး လှည့်ကင်းတွေနဲ့ တိုးလို့ ပြေးမိပြေးရာ ခွတ်ပြေးကြရင်းနဲ့ ကျွန်တော်က ဦးလေး ကားနဲ့တိုက်မိတာ .."

သူ ပြောပြနေသမျှ ခဏ နားနေကာ .. မေးခွန်းနဲ့ ဆင်ဆင်တူတာ အားလုံးကို ဘာတစ်ခွန်းမှ ပင်မပြောကြဘဲ နေမောင်မောင် တို့က စိတ်ဝင်တစား နားထောင်နေကြသည်။

သူတို့မျက်ဝန်းတွေမှာ ကိုယ့်ကို အထင်မြင်သေးသွားကြသလား.. ဒေါသတွေ ဖြစ်ပေါ်နေသလား .. ဘာဆိုတာ မကြည့်တော့ဘဲ ချစ်သူက ဆုံးဖြတ်ထားသည့်အတိုင်း ပြောနေခဲ့၏။

"ကျွန်တော် ဘယ်လောက်ထိ ဆိုးသလဲဆိုရင် .."

ဇိတ်ကူးတို့က လက်တွေ့ဆန်ဖို့ ခဲယဉ်းနေခဲ့သည်။ လွယ်လွယ်ကူကူ ပြောပြနိုင်မည် ထင်ခဲ့သော်လည်း အဆုံးစွန်ထိ ပွင့်လင်းဖို့ သူ့မှာ ခွန်အားမဲ့နေမှန်း ပြောမထွက် ဖြစ်နေလေ .. နားလည်လာလေ ..။

"ကျွန်တော်က သားမိုက်ပါ .. မိဘအပေါ်မှာ တောက်လျှောက် မကောင်းခဲ့တဲ့အပြင် .."

သူ့မျက်နှာရှေ့ ခပ်လှမ်းလှမ်းမှာ ရှိနေသည့် လွန်လွန်း ရဲ့ မျက်ဝန်းလေးတွေ တလက်လက် ဖြာနေတာကို လှမ်းကြည့်မိတော့ စိတ်က နောက်တစ်ဆင့်တက်ဖို့ သတိပေးလာခဲ့၏။





သူ ဝန်ခံတော့ဖို့ ဆုံးဖြတ်ထားပြီးသား ..။

ဒီလို ဆုံးဖြတ်လိုက်မှ သူ ရည်ရွယ်ခဲ့သော ..။

နောက်ထပ် လွန်လွန်း ထံ အကြည့်တစ်ချက် ရောက်တော့ နေမောင်မောင် က သတိထားမိပြီး ညီမဖြစ်သူကို မသိမသာ လှမ်းကြည့်၏။

လူငယ်တွေ ရင်ထဲမှာ ဘာရှိနေသလဲ ..။

"ကျွန်တော့်ရင်ထဲမှာ ဘာတွေဖြစ်နေခဲ့သလဲ ကျွန်တော် မသိဘူး.. ဒါပေမယ့် .. ဒါပေမယ့် ကျွန်တော် လူဆိုးတွေနဲ့ပေါင်းပြီး မိဘအိမ်က ပစ္စည်းတွေကို သူများ ခိုးနိုင်အောင် လမ်းပြ ကူညီသလို လုပ်ခဲ့မိတယ်.."

"ဒါကတော့ မင်း တော်တော် မိုက်မဲသွားပြီကွ .."

ဦးလွန်း က ပါးစပ်တစ်လုံးကြီး အဖြစ်တင်သည်။

"သားဆိုးသားမိုက်ဆိုတဲ့ စာဆိုထဲက သားမျိုးနဲ့ တူသွားတာ .."

"ဖေဖေကလည်း .. သူကလည်း ဒါကို ဝန်ခံနေတာပဲဟာ .."

နေမောင်မောင် ကတော့ ချစ်သူ မျက်နှာလေးကို မြင်စတည်းက ကိုယ့်ညီလေးတစ်ယောက်လိုပဲ ခင်မင်စိတ် ဖြစ်ခဲ့မိတာပါ ..။

"ပြောပါဦး.. ကိုယ်တို့ရှေ့မှာ ဒါတွေ ပြောပြရတဲ့အကြောင်းက.."

"ကျွန်တော် လူကောင်း မဟုတ်ခဲ့တာကို ပြောပြချင်တာပါ .."

"မဟုတ်ခဲ့ဘူးဆိုတဲ့ အဓိပ္ပာယ်က နောက်တော့ ကောင်းအောင် နေသွားဖို့ ဆုံးဖြတ်ထားတယ်ပေါ့ .."

"ဆန္ဒတော့ ရှိပါတယ် .. တကယ် လုပ်နိုင်ဖို့ကတော့ မပြောတတ်ဘူး .."

ဦးလွန်း က ခေါင်းခါနေပေမယ့် နေမောင်မောင် ကတော့ ဒါကို ကျေနပ်ပါသည်။ ဇာတိပေးရဲတိုင်းလည်း ကောင်းတာမှ မဟုတ်ဘဲ ..။

"ကိုကြီးတို့ကို ပြောပြရတဲ့ နောက်အကြောင်း တစ်ခုက .."

ချစ်သူ စကားရပ်သွားပြီး ဦးလွန်း ကို တောင်းပန်သလို ကြည့်သည်။ ပြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ခြေထောက်တွေက ရန်ဖြစ်တဲ့နေရာမှာတည်းက ထိလာခဲ့တာ .."

"ဟင်!... ဘာ!..."

ဦးလွန်း ဆတ်ခနဲ ဖြစ်သွားတော့ နေမောင်မောင် သတိပေးသလို လက်ကို အသာ ဆုပ်ကိုင်ထားလိုက်၏။

"ဆက်ပြောပါဦး .."

"ရဲတွေကြောင့် ခြေထောက်ကျိုးနဲ့ မနားတမ်း ပြေးလာခဲ့ရလို့ ကားကို မြင်ပေမယ့် မရှောင်ခဲ့နိုင်ဘူး .. ကားအောက်ကို ပစ်စလက်ခတ် လဲသွားခဲ့လို့ ဒဏ်ရာ ပိုပြင်းသွားတာပါ .. ကားဘီးနဲ့ မကြိတ်မိပါဘူး.."

"ဘာပဲဖြစ်ဖြစ် တိုက်မိလိုက်လို့ မင်း လဲသွားတာမို့လား .. အဲဒီမှာ မင်း အထိနာသွားမှာပေါ့ .."

"ဟုတ်ပါတယ် .. ဒါပေမယ့် ဦးလေးရဲ့ကားကြောင့် ခြေထောက်ကျိုးရသလိုမျိုး သူများ ကြောက်လန့်နေတဲ့အပေါ်မှာ ရောသောမိန်းနေခဲ့တာ ကျွန်တော် ယုတ်မာသလိုဖြစ်ခဲ့မှန်း ဒီအိမ်ကလူတွေအကြောင်း နားလည်လာလေ .. ခံစားမိလေ ..၊ ကျွန်တော် မှားပါတယ် .."

"မင်း!... ကွာ .."

ဦးလွန်း ကတော့ ခေါင်းခါနေရတာ ပြုတ်ထွက်တော့မလား မသိ..၊ ကိုယ်၌က ရင့်သီးရက်စက်တဲ့စကားမျိုးတွေ ပြောနေမကျခဲ့တာမို့ စိတ်တော့ တိုပေမယ့် ဘာမှလည်း ပြောလို့မထွက် ..။

ပြောထွက်သလို ပြောဆို မောင်းမဲရအောင်လည်း သူက ဝန်ချတောင်းပန်နေတာ ဖြစ်သည်။

"အဲ့ဒီအတွက် ကျွန်တော့်ကို ခွင့်လွှတ်ဖို့ မတောင်းဆိုပါဘူး .. ကိုယ့်အတွက် နေစရာ စားစရာ အဆင်ပြေချင်တာတွေကြောင့် သဘောဖြူကြတဲ့ ဒီအိမ်မှာ ကျွန်တော် မတရား ခိုလှုံနေခဲ့မိတာ .. ကျွန်တော့် အပြစ်တွေက အများကြီးပါပဲ .."





"အဲဒါတွေက မင်းမှာလည်း တကယ် ဒဏ်ရာရှိနေတော့ ငါတို့ နားလည်ပေးလို့ ရပါတယ် .. မင်း ဒီမှာ ခိုလှုံနေရတဲ့အကြောင်းက ဒဏ်ရာကြောင့် ဒါမှမဟုတ် မင်းမိဘနဲ့ မတွေ့ရဲလို့ ဘာညာဆိုရင်ပေါ့.."

နေမောင်မောင် က ချစ်သူ မျက်နှာကို စိုက်ကြည့်လိုက်ပြီးမှ ဆက်ပြော၏။

"ဒီလိုမဟုတ်ဘဲ မင်း ဥပဒေနဲ့မလွတ်ကင်းတဲ့ ပြစ်မှုတစ်ခုခု ကျူးလွန်ထားလို့ ဒီမှာ လာခိုနေတယ်ဆိုရင်တော့ .."

"မဟုတ်ပါဘူး .. ကျွန်တော် ဆေးသုံးခဲ့ဖူးတာကလွဲရင် မကောင်းမှု ဘာမှ မလုပ်ခဲ့ဖူးဘူး .. ကျွန်တော် မကောင်းလို့ ကျွန်တော့်ကို အသုံးချပြီး အိမ်ကို ဖောက်ထွင်းသွားတာကလည်း .."

အဲ့ဒီကောင်တွေကို သူကိုယ်တိုင် လိုက်ရှာခဲ့သည်။ ကိုယ်တိုင် ကိုယ်လွတ်ရုန်း ပြေးခဲ့ရလို့ ဖမ်းမပေးနိုင်ခဲ့ပေမယ့် သူတို့ကို မိသွားခဲ့၏။

ချမ်းသာကြွယ်ဝခြင်းကို သူ ဘယ်တုန်းကမှ မမက်မောခဲ့ပါ ..၊ သူ့ကိုတော့ မက်မောနေတဲ့လူတွေ ရှိနေခဲ့ကြ၏။

လမ်းမှာ အုပ်စုလိုက် ပြဿနာရှာသည်။ သူတို့ကပဲ ဝင်ကယ်၏။ သူတို့ သရုပ်ဆောင်ကြတာကို မသိလောက်အောင် သူ တုံးခဲ့၏။

မကောင်းတဲ့လူတွေနဲ့ မိတ်ဆွေဖြစ်ကာ သူတို့လိုင်းနဲ့ ပူးမိသွားတော့ အိမ်ကို မခင်တွယ်သည့်လူက ဆေးသမားဖြစ်လာခဲ့တာ သိပ်တော့ မဆန်းဘူးလို့လည်း ကိုယ့်ဘာသာ အမှတ်ပေးခဲ့သည်။

ကိုယ့်ကိုယ်ကိုယ် မှန်တယ်ထင်နေခဲ့ရင်း လူကို သူဌေးသား ရေလျှံတဲ့ကောင်ဆိုပြီး သူများ အသုံးချတာ ခံနေခဲ့ရသည်။

အဖြစ်သနစ်တွေအားလုံးကို ပေါင်းလိုက်တော့ သူ ဆေးသမား ဘိန်းစားဖြစ်ဖို့ လက်မတင်လေးသာ လိုတော့သည်။ ကြာလာလျှင် အဇာတသတ် ဖြစ်လာဖွယ်လည်း ရှိ၏။

ထို့ကြောင့် စည်းစိမ်ချမ်းသာရခြင်းကိုလည်း မသာယာ ..၊



www.burmeseclassic.com

www.burmeseclassic.com



သူဌေးသား ဖြစ်ရခြင်းအကြောင်းကိုပါ မုန်းတီးမိပါသည်ဆိုလျှင် လွန်သွားနိုင်သလား ...।

"သားရဲ့ဘဝကို ပြည့်စုံတာထက် ပိုပြီး သာအောင် ဒက်ဒီတို့က ကြိုးစားနေကြတာ .. မင်းမာမီနဲ့ ဒက်ဒီရဲ့ အိမ်ထောင်ရေးကို သား ဘာမှ မတွေးနဲ့ .." တဲ့ ...။

"မင်းဒက်ဒီ ရှာနေတာတွေ အားလုံးကလည်း မင်းအတွက်ပဲ သား ရယ် .. ဖအေမို့ ပိုရှာနိုင်တယ်ဆိုတာတော့ မာမီက အငြင်းမပွားနိုင်ဘူးလေ.. မာမို့ တစ်သက်လုံး လင်ယောကျ်ားကို ဘယ်တုန်းကမှ မှီခိုခဲ့တာ မရှိ ဘူး...। အခု သူ မရှိလို့လည်း မာမို့ခွန်အားတွေ မယုတ်လျော့ဘူး.. အဲဒီ တော့ မာမို့ကို သားလေးက နားလည်ပေးထားပါ .. 'သားချစ် ပန်ရှာ' တဲ့ ...। သားကို မာမီ ချစ်လို့ သားနောင်ရေးအတွက် ရှာဖွေနေတာပါ" တဲ့ ...။ မာမီကလည်း သူ့အမှန်တရားနဲ့ သူ ...။

မီးရောင်အောက်က မျက်နှာတွေကို မေ့လျော့ကာ မာမီနဲ့ ဒက်ဒီ့ စကားတွေကို သတိရရင်း မျက်နှာတွေကိုပါ သတိရမိသည်။ လွမ်းနေ တာ မဟုတ်ဘူးဆိုတာတော့ ကိုယ့်ကိုယ်ကိုယ် နားလည်နေ၏။

ဒီည သူ့အတွက် အရေးကြီးဆုံးကို သူ လုပ်နိုင်ခဲ့ပြီမို့ ခွင့်လွှတ်ဟာ တွေ .. ဒေါသတွေကို သူ့ ဘာမှ ဂရုမစိုက်တော့ဘဲ နေရာမှ ထထွက်လာ ခဲ့သည်။

မျက်မှောင်လေးကုတ်၍ စိုက်ကြည့်နေသည့် သူ့မဆီကို တစ်ချက် တော့ ကြည့်ဖြစ်ခဲ့ပေမယ့် သူ့ခြေလှမ်းတွေက အိပ်ခန်းဆီသို့ ...।



## အခန်း (၂၇)

သူ ဘာလုပ်သွားတာလဲ ...।

အပြစ် ဝန်ခံကာယ်ဆိုပြီး မိသားစုက ခွင့်လွှတ်ဖို့ကို မတောင်းဆို.. ဒီလူတွေဆီက နေ့ဖွေးဖို့ကိုလည်း မျှော်လင့်ထားပုံ မရ ...။

ပြီးတော့ နောက်နေ့တွေမှာ ဘယ်လို ဆက်ပြီး မျက်နှာချင်းဆိုင်ကြ မှာလဲ ...।

"ဒီကောင်လေးက ဘာလဲ ...। တောင်းပန်တာလား .. မာနပြတာ လား .." တဲ့ ...။

ဖေဖေက ခပ်မဲ့မဲ့ ရေရွတ်နေခဲ့၏။

'ငါ ဒီလို လိမ်ညာပြီးနေခဲ့တာ ဘာဖြစ်လဲ' ဆိုတာမျိုး ဂရုမစိုက် တာကို တမင်ပြတာနဲ့လည်း တူသည် တဲ့ ...।

ကိုကြီးကတော့ လူငယ်မို့ အပြောမတတ်တာပါလို့ ဖြေဖြေပြောရှာ သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဘာတွေ ပြောနေနေ ဘယ်တော့မှ သူ့အကြောင်း မပါခဲ့ပေ ..။

ဘယ်မှာ နေထိုင်သည် ..။ မိဘက ဘယ်သူ ..။ ဘယ်လိုအခြေအနေဆိုတာလည်း မပါ ..။

ညဉ့်နက်မှ အိပ်ရာဝင်ခဲ့ပေမယ့် လွှန်လွှန်း အိပ်မပျော်နိုင်ဘဲ ဖြစ်နေခဲ့၏။ ဘယ်လူး ညာလိမ့်နှင့် နောက်ဆုံး ရေအိမ်သွားဖို့ အပြင်ထွက်လိုက်မိလျှင် ...

"လွှန်လွှန်း .."

"ဟင်၊... ချစ်သူ .."

"ခဏလေး .."

မီးဖိုခန်းကအထွက်မှာ ချစ်သူ က စောင့်နေကာ သူမ မငြင်းနိုင်အောင် လက်ကို ဆွဲထားကာ ...

"စကားပြောချင်လို့ .."

နောက်ဖေး စတိုဆောင် ခပ်ကျဉ်းကျဉ်းလေးထိ သူမကို ခေါ်လာ၍ ...

"ဆောရီးကွာ .. ကိုယ်က မင်းကို ခေါ်လာပေမယ့် မင်းကို မှီနေရတယ် .."

"ရှင် အပိုတွေ ပြောမနေနဲ့ .. ဒီမှာ နှစ်ယောက်တည်း စကားပြောနေတာ တစ်ယောက်ယောက် တွေ့သွားရင် ဘယ်လိုမှ ရှင်းလို့ရမှာ မဟုတ်တော့ဘူး .."

"အင်းပါ .. ကိုယ် မင်းကို မေးချင်လို့ .."

"အို .. ဘယ်လိုလုပ်တာလဲ .."

ချစ်သူ က ပခုံးလေးနှစ်ဖက်ကို ဆွဲလှည့်၍ မျက်နှာချင်းဆိုင် ငုံ့မိုးကြည့်ကာ ...

"ကိုယ့်ကို လူလိမ် လူညာဆိုပြီး အထင်သေးနေပြီလား .."





မှောင်မှောင်မည်းမည်းထဲမှာ နောက်ဖေး တရုတ်ကပ်မှန်ချပ်ကနေ ...ူများရဲ့ နောက်ဖေးမီးရောင် ထိုးနေသော အလင်းရောင် မှုန်ပျပျက ...ာကိုမှ မသဲကွဲ ..။

"ကိုယ့်ကို ဖြေစမ်းပါ ..။ ကိုယ် ဒီကို ရောက်လာတည်းက မင်း ...ိုယ့်ကို လူလိမ်လို့ စွပ်စွဲခဲ့သေးတယ် .. မနေ့တစ်နေ့ကထိလည်း ကိုယ် ...ို့ ရန်ဖြစ်နေရတုန်းပဲ .. ဒါပေမယ့် ကိုယ် မင်းကို ဘယ်တုန်းကမှ ...န်းခဲ့ဘူးဆိုတာ ကိုယ့်ဘက်က သေချာတယ် .."

ဒီကရော မုန်းလှပါတယ်လို့ ဘယ်တုန်းက ပြောခဲ့ဖူးလို့လဲ ..။

လူကောင်း မဟုတ်ပါဘူးလို့ အပြစ်တွေ ဝန်ခံနေတုန်းကတောင် ...ဖေတို့ သူ့ကို မုန်းတီးရွံရှာသွားပြီလားလို့ သူမ စိုးရိမ်ခဲ့မိသည်။

ပြီးတော့ ဖေဖေနဲ့ ကိုကြီးတို့ ကျေနပ်လောက်အောင် သူ ဒီထက် ...ီး ရှင်းပြစေချင်မိသည်။ ဖေဖေတို့နဲ့ ရှိရင်းစွဲအတိုင်းပဲ ဆက်လက် ...င်သွားစေချင်၏။

ဒါတွေက တစ်ဦးက စေတနာ တစ်ဦးက မေတ္တာပဲ မဟုတ်ဘူး ...း ..။

သူ့ဘက်က မာကျောကျော ခပ်ကင်းကင်း နေတာတွေကိုသာ ...ည့်မရခဲ့ပေမယ့် ...

"လွှန်လွှန်း ဖြေလေ .."

"ရှင် ဘယ်လိုလူဖြစ်ဖြစ် ခုချိန်ထိ အတူတူ နေနိုင်ခဲ့ကြတာက ...ဘီးနေကြလို့ မဟုတ်ဘူးဆိုတာတော့ ရှင် နားလည်ပေါ့ .."

"အဲဒါ နားလည်တယ် .. ဒါပေမယ့် တစ်မိသားစုလုံးနဲ့ ပြေလည်ခဲ့ ...ချိုး မဟုတ်ဘဲ မင်းနဲ့ ကိုယ့်ရဲ့ နှစ်ယောက်တည်း ဆက်ဆံရေးကိုပဲ ...ယ် အခု သိချင်တာ .."

"မပြောတတ်တော့ဘူး ချစ်သူ .. လွှန်လွှန်း ရှင့်ကို မမုန်းဘူး .. ...လိမ်တာညာတာတွေကို အပြစ်ယူသင့် မယူသင့်ကိုစ[illegible]ကလည်း

www.burmeseclassic.com



လွန်လွန်း ကိစ္စမှ မဟုတ်တာ ... ကိုကြီးတို့ကို ရှင် ရှင်းပြပြီးပြီ ... အဲဒါ
ခွင့်လွှတ် မလွှတ် ဆိုတာရော ရှင် ဂရုစိုက်လို့လား ..."

"မင်း ခွင့်လွှတ် မလွှတ်ကိုတော့ ကိုယ် သိချင်တယ် ..."

"အဲ့ဒါ လွန်လွန်း နဲ့ မဆိုင်ဘူးလို့ ပြောပြီးပြီပဲ ..."

"ဆိုင်တယ် ... ကိုယ်က ဆိုင်ချင်တာ ... ဒါပေမယ့် မင်းကို ဘာ
ကိုယ် မမေးပါဘူး ... ကိုယ့်ကို ဟိုအရင် တွေ့စတုန်းကထက် ပို
အလင်းသေးသွားသလား ... ဒါမှမဟုတ် ပိုရင်းနှီးခဲ့သလား ...၊ ကိုယ့်
မင်း ..."

"ဖယ်ပေးပါ ..."

ပခုံးမှာ ကိုင်ထားသည့် သူ့လက်တွေကို ဖယ်ချပစ်မိသည်။ ဒါ
မယ့် ချစ်သူ က ပို၍ ဖိဆုပ်ထားကာ ...

"မပြောချင် နေကွာ... ဒါပေမယ့် ကိုယ့် ခံစားချက်ကိုတော့
ခွင့်ပြုပါ ... ကိုယ် အခု ပြောဖို့မလိုဘူးလို့ သတ်မှတ်ပြီး ဘယ်တော
ပြောဖြစ်မယ် မထင်တဲ့ ဝန်ခံ တောင်းပန်စကားတွေ ပြောဖြစ်ခဲ့
မင်းကြောင့် ..."

သူ့မျက်နှာ ပိုင့်လိုက်တော့ နှုတ်ဖျားက လေငွေ့နွေးနွေးတို့
ခတ်လာသည့် နဖူးပြင်ကနေ လွန်လွန်း ရပ်တွေ တဒိန်းဒိန်း ခုန်
လာ၏။

"ကိုယ် ဆိုးခဲ့တာတွေကို သတိရပြီး ပြန်ကောင်းလာဖို့ လွ
မလားလို့ စိုးရိမ်စိတ်တွေ ဖြစ်လာခဲ့တာလည်း မင်းကြောင့်ပဲ ...
မင်းကို ..."

"ဒုန်း ..."

"ဘာလဲဟာ ... နာလိုက်တာ ...၊ ဒီ ခုံစုတ် ... ငါခြေထောက်ကို
မမြင်ဘူး ..."

ဟင်!...





ဗိုလ်အောင်ဒင်ကြီး ရဲ့ အိပ်မှုန်စုံမွှားသံကြောင့် လွန်လွန်း လန့်ဖျပ်
သွားသည်။

သူ့လက်တွေကို ဖယ်ချပစ်လိုက်ကာ ထွက်ပြေးဖို့ ခြေလှမ်းပြင်
လိုက်တာနှင့် ချစ်သူ က သူမကိုယ်လေးကို နောက်ကနေ ဆွဲဖက်ထား
လိုက်ကာ ...

"မင်း ထွက်သွားမှ ပက်ပင်းတိုးလိမ့်မယ် ..."

"အဲ့ဒါက ... ရှင် နော် ..."

ချစ်စကား မဆိုဘဲ အနမ်းတို့ နွေးသိမ့်စွာ ဖြာဆင်းလာခဲ့သည်။
အသိစိတ်တို့က ငြင်းဆန်နေပေမယ့် သူမ ခွန်အားမဲ့နေခဲ့တာ ဘာ
ကြောင့်မှန်း မသိ ...၊

မှောင်နဲ့မည်းမည်းမှာပေမယ့် မျက်လုံးတွေကို ဖိမှိတ်ထားမိကာ
လွန်လွန်း ထမင်းလုံးတစ္ဆေ မက်လေသည်။

ရင်ခုန်သံချင်း မတူတာကတော့ ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၈)

"သူ့ကို ဝယ်ပေးထားတဲ့ အဝတ်စားတွေတောင် ထားခဲ့
ကိုမောင် .."

"ငါ ထင်ပါတယ် .. ညတည်းက စကားတွေ ထူးထူးခြား
လာပြောနေတာ တစ်ခုခုပဲလို့ .."

"ခြေထောက်ကလည်း နာနေသေးတော့ ဝေးတာ ဝေးမ
ခင် အဲလိုတော့ မထင်ဘူး .."

မနက်စာ ထမင်းဝိုင်းမှာပဲ သူ့အကြောင်းတွေ ပြောနေမိကြ
ဘာတစ်ခွန်းမှ ဝင်မမေးဘဲ နားထောင်လိုက် .. ပြန်ငုံ့သွားပြီး ထ
ကြော်စားလိုက်နှင့် လွန်လွန်း ကို သူတို့ သတိထားမိသွားကြသည်

နေမောင်မောင် က မသိမသာ မေးဆတ်ပြတော့ မာလာ က
ညိတ်ပြီး အသာနေဖို့ မျက်ရိပ်ပြ၏။ ဦးလွန်း ကတော့ လူကြီးပီပီ
ဘာ... ၁ပဲ နေကာ ...





"အငယ်ကောင် ဒီနေ့ ပြန်ပြောင်းလာတော့မယ်မို့လား .. သူ့
ခန်းကို ရှင်းထားလိုက်ဦး .. ပြီးသွားတဲ့ကိစ္စတွက ဘာပဲဖြစ်နေနေ
ဆိုးထဲက အကောင်းလို့ သဘောထား .."

မစာမနာ ပြောကြကြေးဆို ဒါက ကျေနပ်စရာသာ ဖြစ်သည်။
ိက မိသားစုအတွက်တောင် ကျဉ်းကျဉ်းကျပ်ကျပ် ဖြစ်နေခဲ့ရတာ
မ်းယောက်ျားပျိုတစ်ယောက်ကို ညအိပ် ရက်ရှည်ထားရတာ ဘယ်
ာ မစိုးရိမ်ဘဲ နေမလဲ ..၊

သူ့ခြေထောက်ကို ထိထိရောက်ရောက်လည်း ကုမပေးနိုင်ခဲ့သလို
ရုံတင်ထားဖို့လည်း မရ ..၊ သူ အိမ်မပြန်ရဲဘူးဆိုတာကလည်း
ယ့်အတွက် ကံဆိုး ကံကောင်း ဒွန်တွဲနေခဲ့သည်။

ဒါတွေကြောင့်သာ မဟုတ်လျှင် ချစ်ရသူ ဆိုသည့် ကောင်လေးကို
မှာ ခေါ်ထားမိမှာ မဟုတ်ပေ ..၊ ဒါနဲ့တောင်မှ စမ်းသပ်ခတွေ ..
ိုးဝါးခတွေ သူတို့ ကုန်လိုက်ရတာ နည်းလို့လား ..။

ခုပဲ ကားကို ဆော်ဒီရုံ ပို့ထားရသည်။ ပတ်တီးစည်း ဆေးမှုတ်ရ
တွေ တွက်ကြည့်တော့ မဖြစ်မနေ ကုန်ရမှာက သိန်းကျော် ..၊

လူငယ်တွေကတော့ မဟုတ်မခံ ဇတ်ဇတ်ကြဲတာမျိုးကို ကျေနပ်
ပြပေမယ့် သူ ဘယ်လိုမှ စိတ်မချမ်းသာနိုင်ခဲ့ ..၊

"ဒီမနက် ဆော်ဒီရုံမှာပဲ အချိန်ကုန်မယ်ထင်တယ်.. အငယ်ကောင့်
ခန်းကို .."

"ဦးလေးက သူ ရှင်းမယ်တဲ့ အဖေ .. ချစ်သူ ထားခဲ့တဲ့ စပို့ရှပ်
ကို သူ အရမ်း သဘောကျနေတာ .."

"အေးလေ .. ဝတ်မှ မဝတ်ထားဘဲ သူ ယူဝတ်ချင် ပေးလိုက်ပေါ့..
လိုကောင်လေးလဲ မသိဘူး .. ဒီအိမ်မှာနေပြီး လူတွေကို မပြေ
သိုလို .. မဆက်ဆံချင်လိုလို ..၊ ကျွေးတာလည်း စားချင်မှစား..
လည်း ယူမဝတ်.. ညက စကားတွေသာ လာပြောတယ် .. သူ



www.burmeseclassic.com

www.burmeseclassic.com



လူမိုက်ဆိုတာ ကြွားသွားသလိုပဲ .. မိဘ နေရပ်လိပ်စာ ဘာတစ်ခု ပြော လို့လဲ .."

"ဖေဖေရာ .. ကြွားပါ လိမ်ညာကြတဲ့လူတွေနဲ့စာရင် အဲဒီလိုလူက ပိုခင်ဖို့ မကောင်းဘူးလား .."

"အေးပါ .. မင်းတို့ပဲ ခင်ကြပါ .. သူ့ခမျာ သွားလည်း သွားပါပြီ– ပစ္စည်းတွေ သူခိုးနဲ့ပေါင်းပြီး ခိုးရောင်း ခိုးထုတ်ထားတော့ မိဘက လည်း လက်ခံမှာ မဟုတ်ဘူး .. ခြေသေဘက်က မခေါင်း .. လက်ကြော က မတင်းတာနဲ့ ဘာသွားလုပ်စားမလဲ .."

"ချစ်သူ က လက်ကြောမတင်းတာ မဟုတ်ပါဘူး .."

"ဟင်!..."

ဦးလွှန်း နှုတ်ခမ်းလွှာထဲ ရောက်နေပြီးသည့် ပေါင်မုန့်ချပ်လေးက အပြင်ကို အော်တိုမစ်တစ် ပြန်ထွက်လာ၏။ လက်သည် ပေါင်မုန့်ကို ကိုင်ထားရင်း တဖြည်းဖြည်း ပြန်ချမိခြင်းသို့ ရောက်လျက် ...

"ငါ့သမီး ပြောလိုက်တာလားလို့ .."

ပြန်မေးလိုက်မှ လွှန်လွှန်း မျက်နှာလေး နီမြန်းသွားကာ ...

"မဟုတ် ... ဟိုလေ .. လွှန်လွှန်း က သူ့ကို သနားလို့ပါ .."

"ဟော .. ဘယ်တုန်းက သူ့လူ ဖြစ်သွားတာလဲ ... အစတုန်းကတော့ မကြည့်ကြဘဲနဲ့ .."

"ဒီလိုပဲ အဖေ .. နီးတကျက်ကျက် ဝေးတသက်သက် တဲ့ .. အ မရှိတော့မှ သံယောဇဉ်ဖြစ်နေတာတွေ ပေါ်လာတာ နေမှာပေါ့ .."

"မင်းညီမ ဟုတ်ရဲ့လား ခင် ရယ် .. ငိုတောင် ငိုတော့မလားပဲ .. ကြည့်ပါဦး .. မျက်နှာကြီးကို .."

"ကိုကြီး နော် .."

လွှန်လွှန်း မျက်နှာ ဘယ်လိုမှ မထားပုံတော့ဘဲ နေရာမှ ထွ ပြေးသွားလျှင် ...





"ဟာ .. ကြည့်စမ်း .."

ပျော်မေ ပျက်စေ ရယ်မောနေသည့် နေမောင်မောင့် စကားသံတွေ ဦးလွှန်း မျက်နှာသေကြ သံသယတွေကို ချေဖျောက်နိုင်စွမ်း မရှိခဲ့ ...

"ဒီကောင်မလေး .. ဘယ်လို .."

လက်ညှိုးထိုး ပြောရင်း နေမောင်မောင့် ကို ကြည့်ကာ ...

"နေမောင်မောင် .. မင်းညီမ .."

"ထားလိုက်ပါ ဖေဖေရာ .."

"ဘာ!... ကွ .."

"ကြော် ဖေဖေကလည်း .. မထားပိုက်ဘူးဆိုရင် ခေါင်းလေး ပုတ်ပြီး ကိုကြီးတို့ ပြန်ရှာခေါ်ပေးပါ့မယ်လို့ ကတိတွေပေးပြီး ချော့ လေလား .."

"မဟုတ်ဘူးလေ .. ငါ ပြောတာက ချစ်သူ နဲ့ သူတို့ချင်း .."

"အဖေရယ် .. အိုးချင်းထားတော့ အိုးချင်းထိ .. ကြိုးချင်းထားတော့ ကြိုးချင်း ငြိတယ်တဲ့ .. လူငယ်တွေဆိုတာ ဖြစ်တတ်ပါတယ် .."

မာလာ က ဦးလွှန်း စိတ်ပြေဖျောက်နိုင်အောင် ရှင်းပြနေရကာ...

"အခု ချစ်သူ ကလည်း ဟော့ဟော့ရမ်းရမ်းလူမျိုး မဟုတ်ဘူး .. ညီမလေးကလည်း နေတတ်ထိုင်တတ်တော့ အတူတူ နေကြပေမယ့် သွားခဲ့ကြတာပဲ .. အဲဒါလေးကိုပဲ ညီမလေးကို ချီးကျူးရမှာ .."

"ဒါပေမယ့် သမီး ပြောသလို သူတို့ မကလောက်ဘူး ထင်တယ် .. တစ်ယောက်နဲ့တစ်ယောက် မေတ္တာမျှနေကြရင် .."

"အဲ့ဒီအဆင့်ထိ မဟုတ်နိုင်ပါဘူး .. ခင် သိပါတယ် အဖေရဲ့ မပူ နဲ့ ... ညီမလေးက ခင့် ကို သူ့အစ်မကြီးလိုပဲ အားလုံး ဘာမှ ဖုံးဖိ ထားခဲ့ဖူးတာ မရှိဘူး .. အဖေ စိတ်မပူပါနဲ့ .."

"ကိုယ်ကတော့ မပူပါဘူး ပြီးသွားပြီဥစ္စာ .. သူတို့ ချစ်နေကြရင်



www.burmeseclassic.com

www.burmeseclassic.com



လည်း လွမ်းကြပေတော့ပဲ ..”

ဦးလွန်း ကတော့ ပေါ့ပေါ့ပါးပါး သဘောထားနိုင်ပုံ မပေါ် ..

“ခက်တယ် ..”

“လွယ်မယောင်နဲ့ ခက် .. တိမ်မယောင်နဲ့ နက်တယ်နော်.. ဟဲ-ဟဲ .. ဗိုလ်အောင်ဒင် တို့ လုပ်ချလိုက်ပြန်ပြီ ..၊ ဒီမှာလေ .. မမြဝင်းအတွက် .. ဟက် .. ဟက် .. ဟက် ...”

ဗိုလ်အောင်ဒင် က စားပွဲခုံနားကို လှွားခနဲ စုန်တိုးလိုက်ကာ စားပွဲပေါ်ကို ချပ်ခနဲ အပုံလိုက် ချပေးလိုက်တာ ဆွဲကြိုးလေး ..၊

“ဟာ!... ဒါ ..”

“ဟုတ်တယ် ..”

“ဒါ .. ချစ်သူ ရဲ့ ဘတ်ကြိုးလေးပဲ ..”

“ဟုတ်သဗျာ ..”

“ကိုအောင်ဒင် က ..”

“သူ့အခန်းထဲမှာ ..”

“ဘယ်လို တွေ့တာလဲ ကိုအောင်ဒင် .. ပြောပါဦး ..၊ မေ့ကျန်းတာလား .. ပြုတ်ကျ ကျန်ခဲ့တာလား ..”

“နေလွန်း ရဲ့ မှန်တင်ခုံပေါ်မှာ ဒီတိုင်း ပုံထားတာ ..”

အားလုံး တအံ့တသြ ဖြစ်ကြရတာက ဆွဲကြိုးရဲ့ အလေးချိန်က ပေါ့ပေါ့ရှှမ်းရှှတ်လေး မဟုတ်ပေ ..၊ ဒါကို ရောင်းပေးပါ ပြောခဲ့တည်းက ကိုင်ကြည့်ထားလို့ သိနေသည်။

ဘာဖြစ်လို့ ထားပစ်ခဲ့တာလဲ ..၊

ထိုအဖြေကို ဘယ်သူမှ မသိကြပေမယ့် သိမ်းဆည်းရသည့်တာဝန်ရှိသည့် မာလာ လက်ထဲပဲ ရောက်လာခဲ့၏။

“လွန်လွန်း ..”

“ဟင် ..”





“အဖေကတော့ တကယ် လူကဲခတ်တော်တယ် သိလား.. ချစ်သူ ကို ဝေဖန်ပြသွားလိုက်တာများ တန်းခနဲပဲ နော် .. ချစ်သူ့ အမေတောင် သူ့သားကို အဖေ့လို သိနေပါ့မလားပဲ ..”

ပြောပြီး မသိမသာ အကဲခတ်ကြည့်တော့ လွန်လွန်း မျက်နှာလေးက ငြိုငြင်မှုကို တွန့်ကုတ်နေသည့် မျက်ခုံးတန်းလေးတွေမှာ မြင်နေရ၏။ မာလာ နှုတ်ခမ်းလေးတွေ ပြုံးယောင်သမ်းသွားပြီး ...

“ဒါပေမယ့် မမခင် ကတော့ ချစ်သူ ကို အဲ့ဒီလိုလူလို့ မထင်ပါဘူး .. ကောင်လေးက ချောချောသန့်သန့်လေးရယ် .. ပြီးတော့ သူ ဒီလောက် ဆိုးနေမှဖြင့် တို့အိမ်မှာ ဘယ်လိုမှ အဆင်ပြေပြေ နေနိုင်ဖို့ မလွယ်ဘူး .. သူက ဒီအိမ်ကလူတွေကို သဘောကျပါတယ်လို့တောင် ပြောသွားလိုက်သေးတယ် .. တစ်ခုခု ဆိုးဆိုးရွားရွားလည်း ဘာမှ ဒုက္ခပေးသွားတာ မဟုတ်ဘူးလေ ..”

“ချစ်သူ က နေပုံထိုင်ပုံက ဆောင့်ကြွားကြွားနိုင်တာပါ မမခင်ရယ် .. မနေတတ်တာပါ .. သူ့စိတ်ရင်းက မဆိုးပါဘူး ..”

လွန်လွန်း ရဲ့ စကားသံလေးက နူးညံ့ လွမ်းဆွတ်ခြင်းတွေနဲ့ပါသား ..၊

ဘုရားပန်းလဲနေရင်း ညှိုးရော်နေသည့် မျက်နှာလေးကို မာလာက မပြတ်တမ်း အကဲခတ်နေခဲ့၏။ ဆွဲကြိုးလေး ထားခဲ့သည့်အဖြစ်ကို ပြောပြတုန်းကလည်း သူမ မျက်နှာလေးက ငိုတော့မယ့်အတိုင်း ..၊

“အဲဒါ ပြောတာပေါ့ .. ကိုမောင် ကလည်း ချစ်သူ ကို နားလည်ပါတယ်.. လူငယ်တစ်ယောက်ကို နားလည်တာမျိုးထက် သူ့ပုံစံလေးကိုပဲ နားလည်ပေးတာမျိုးပေါ့ .. ဒါပေမယ့် အဖေကလည်း စိတ်မကောင်းဖြစ်နေတာ သိသာပါတယ် .. သူက ချစ်သူ ကို မလိုလားတာ မဟုတ်ဘူး .. သူ့သမီးလေးကို မဟုတ်မဟုတ် ..”

“အို .. သူ အဲဒီလို မလုပ်ပါဘူး ..”



www.burmeseclassic.com

www.burmeseclassic.com



"ဟင်!..."

"လွှန်လွှန်း တို့က ရှိးရှိးသားသားပါ .."

"ဟုတ်ပါပြီ .. ဖြည်းဖြည်းပြောပါ .."

မာလာ က ပြုံးနေကာ လွှန်လွှန်း ပြန်ချလိုက်သည့် သစ္စာပန်းနိုင်လေးကို အိုးထဲ အသာပြန်ထည့်ပေး၏။ ဒါလည်း လွှန်လွှန်း သတိမထားမိပါ။

သန့်စင် ဆေးကြောပြီးသည့် ပန်းတွေကို ဟိုဘက်တိုး .. ဒီဘက်တိုး လုပ်နေပြီးမှ ပန်းအိုးထဲ ထည့်တော့ တစ်နိုင်နဲ့တစ်နိုင် နေရာပြင်လို့ မပြီးနိုင် ..။

ထည့်ပြီးတော့မှ ပြန်ဖယ်ချလို ချ .. ပြီးတော့ စွန့်ထားပြီးသည့်ပန်းတွေကို ပြန်ကိုင်လို ကိုင် ..။

မာလာ က ပန်းဟောင်းတွေကို လွှန်လွှန်း ပြန်မကိုင်မိအောင် ခပ်လှမ်းလှမ်းထိ တွန်းထားလိုက်ကာ ပန်းအသစ်တွေကို သူမ လက်ချသည့်ရှေ့မှာ ကပ်ပေး၏။

ထို့ပြင် သူမ မှားယွင်းနေတာတွေကို ပြန်ဆွဲချ ပြန်ထည့် လုပ်ပေးနေလျှင် ..၊ ကြာတော့ လွှန်လွှန်း သတိထားမိသွား၏။

ဖျတ်ခနဲ လှည့်ကြည့်လိုက်လျှင် မာလာ့ မျက်နှာက အပြုံးရှင်ပက်ပင်းတိုးကာ ...

"လွှန်လွှန်း သိပါတယ် မမခင် ရဲ့ .. ဖယ်ပါ ..၊ ပန်းဟောင်းတွေက အရမ်းလန်းနေသေးလို့ နမြောပြီး ပြန်ကိုင်မိနေတာပါ .."

"အဟွန်း .. ဟုတ်လား .. မမခင် ကလည်း မမခင် ခဏ ခဏ အဲလို ယောင်တတ်လို့ ငါ့ညီမ ယောင်နေတာလားလို့ပါ .."

"ဘာလို့ လွှန်လွှန်း က ယောင်ရမှာလဲ .."

"အင်းလေ .. မမခင် ကတော့ လွှန်လွှန်း နဲ့ ချစ်သူ တို့ကို ခင်ခင်ရင်းနှီးလာမှာပဲလို့ ထင်ခဲ့တာ .. ခုတော့ ဒီတိုင်းနဲ့ပဲ သူက ထွက်သွားတာ





ဆိုး .. တော်တော် ဘဝင်မြင့်တဲ့ ကောင်လေး နော် .. ယောက်ျားဖြစ်ပြီး ဘဝင်မြင့်တတ်တာတော့ မကောင်းပါဘူး .."

"ဘဝင် မမြင့်ပါဘူး .. အဲဒီညက လွှန်လွှန်း ကို သူ စကားလာပြောသွားပဲ .."

"ဟင်.. ဟုတ်လား.. ပြောပါဦး ဘာတွေ ပြောသွားတာလဲ.. မမခင်တော့ ဒီကောင်လေး တစ်ယောက်ယောက်အပေါ်မှာ မကျေနပ်မှုတစ်ခုခု ရှိကိုရှိသွားမှာလို့ တွက်ထားဟာ .. ဆိုင်းမဆင့် ဘုံမဆင့်လေ.. သူက ညီမလေးကိုတော့ နှုတ်ဆက်သွားတယ်ပေါ့ .. ဘာတွေပြောခဲ့လဲ ဟင်.."

လွှန်လွှန်း က သက်ပြင်းလေး ချကာ ပန်းလဲခြင်းကိစ္စကို မာလာ့ သက်ထဲ ဝကွက်အပ်လိုက်သလို လက်ဖဝါးလေး နှစ်ဖက်ကို ပွတ်သပ်ခါရင်း ဘေးမှာ ထိုင်ချလိုက်၏။

"နှုတ်ဆက်တာ မဟုတ်ပါဘူး မမခင် ရယ် .. သူ ထွက်သွားမယ်ဆိုတော့ မပြောဘဲနဲ့ လျှောက်ပြောနေတာ .."

"လျှောက်ပြောနေတယ် ဆိုတာက .."

"ဟို .."

လက်ချောင်းလေးတွေချင်း လုံးချေနေကာ စကားကုန်း စီနေတာအား .. ပြောဖို့ မပြောဖို့ ပြေးလွှား ချွေးဖယ်နေတာလားတော့ မသိ ..၊ ဆောကြာမှ ...

"သူက လွှန်လွှန်း ကို ရည်းစားစကား ပြောမလို့ ထင်တယ် .."

"ဟုတ်လား .. ဘယ်လို စကားမျိုး ပြောလို့လဲ .. ပြောပြပါဦး.."

စိတ်ထဲမှာ တအံ့တသြ ဖြစ်သွားပေမယ့် ပြောမယ့်စကားတွေ နောက်ပြန်ဆုတ်သွားမှာ စိုးသဖြင့် မာလာ က မထူးဆန်းသည့်လေသံမျိုး အင်ဖမ်းကာ ...

"မမခင် က ဒီလိုဖြစ်လာနိုင်တယ်ဆိုတာ တွက်ပြီးသားပါ ..၊ ဒါပေမယ့် ထွက်သွားခါနီးမှ ပြောသွားတယ်ဆိုတော့ အံ့ဩတယ်.. အတူ



www.burmeseclassic.com

www.burmeseclassic.com



တူရှိနေတုန်းမှာ ဖွင့်ပြောမှ ချစ်သူဖြစ်ခွင့်ရမှာပေါ့ .. မဟုတ်ဘူးလား.."

"သူ ဘာတွေပြောမှန်းလည်း မသိပါဘူး .. ချစ်တယ်လို့ဖြင့် မပြောဘဲနဲ့ .. အဲ့ဒီလို ပြောတာမျိုးတွေနဲ့ လွှမ်းလွှမ်း ကို .."

"ဟင်!... လွှမ်းလွှမ်း ကို သူ ဘာပြောသွားလို့လဲ .."

ပါးမို့လေးတွေ နီမြန်းလာတာကို မြင်လိုက်တည်းက မာလာ သဘောပေါက်နေပြီ ဖြစ်သည်။ လူငယ်တွေ ဒီလောက်ထိ နီးစပ်သွားခဲ့တာကို တအံ့တသြကြီး ဖြစ်နေမိပေမယ့် ...

"ကေနတော့ .. ငါ့ညီမကို အကြင်နာတွေ ပေးသွားခဲ့တယ် .. ဟုတ်လား .."

"မမခင် ကလည်း .."

"ဟုတ်ရင် ဟုတ်တယ်ပေါ့ .. မမခင် ကလည်း ငယ်ရာက ကြီးလာတာပါကွာ .. ဒီလောက်တော့ နပ်ပါတယ် .. ဒါမျိုးဆိုတာကလည်း ပြောဖော်ပြောဖက်ရှိမှ ...၊ မဟုတ်ရင် စိတ်လှုပ်ရှားကျန်ခဲ့တာက မပြောဘူး သိလား .."

"အဲဒီလို ဘာဖြစ်လို့ ဖြစ်ကျန်ခဲ့တာလဲ ဟင် .."

ဘုရားရေ!...

ဟုတ်နေပြီမှန်း သိလိုက်ကာ မာလာ မသိမသာ တံတွေးမျိုမိ၏။ လွှမ်းလွှမ်းကျူးကျူးတွေများ ဖြစ်ပျက်သွားခဲ့သလားလို့ တွေးမိကာ မျက်နှာကို ဟန်ဆောင်ပြုံးရယ်ဖို့တောင် ရုတ်တရက် ခဲယဉ်းနေလျက် ...

"ဟိုလေ.. တစ်ခါမှ ရည်းစားမထားဖူးတဲ့လူဆိုရင် ပိုသိသာတယ်-ဒါကိုပဲ တွေးပြီး ချောင်ကုပ်ချင်နေတာမျိုး...၊ အေးလူ အကဲခတ်ရ လွယ်တာပေါ့ .."

"လွှမ်းလွှမ်း ကို ဖေဖေတို့ ဘာပြောလို့လဲ .."

"မပြောပါဘူး .. မမခင် ကတော့ မိန်းမသားချင်းလည်း ဖြစ် - ငါ့ညီမကို အမြဲတမ်း အနီးကပ် နေလာခဲ့တဲ့သူဆိုတော့ ရိပ်မိတာပေါ့-





ဒါနဲ့ ပြောပြပါဦး .. အဲဒီညကမှ သူ လာပြောတာဆိုတော့ ဘယ်မှာလဲ ဟင် .. မမခင် တို့ အားလုံး မသိတဲ့အချိန်ဆိုတော့ .."

"ည သန်းခေါင်တော့ မဟုတ်သေးပါဘူး .."

"အင်း .. ဘယ်နားမှာလဲ .."

"နောက်ဖေးက အဆောင်ပိုလေးထဲမှာ .."

"ဟယ်!..."

"ဟင်!... ဘာဖြစ်လို့လဲ .."

"သြော် .. ဘာ!... ဘာမှ မဖြစ်ပါဘူး .. မီးမရှိ ဘာမရှိ ရှုပ်ပွနေတဲ့ အခန်းထဲမှာ .."

"အခန်းတံခါးဝနားမှာပဲ လူကွယ်ရုံလေး ရပ်ပြောကြတာပါ .. အထဲမှာ ထိုင်ကြတာမှ မဟုတ်တာ .."

တော်ပါသေးရဲ့။

"ဟုတ်လား .. သူက ချစ်တယ်လို့လည်း မပြောဘဲနဲ့ဆိုတော့ .. ဘာတွေ ပြောသွားလို့လဲ ...၊ တကယ်လို့ ချစ်တယ်ပြောရင်တော့ ညီမလေးက ပြန်ချစ်မယ်ပေါ့ .."

"အဲလိုတော့ မဟုတ်ပါဘူး .. ဒါပေမယ့် သူ့စကားက ဟိုရောက်တော့မလို ဒီရောက်တော့မလိုနဲ့လေ .. နှုတ်ဆက်တာလည်း မဟုတ်ဘူး.. ချစ်တယ် .. မချစ်ဘူးဆိုတာလည်း မပါဘူး .. သူ့ကို လွှမ်းလွှမ်း က ဟိုအရင်ကထက် ပိုပြီး အထင်သေးသွားပြီလား တဲ့ .."

"ညီမလေးက ဘယ်လို ဖြေလိုက်လဲ .."

"သေးမှ မသေးတာ .. သူ့စကားတွေ တင်တင်စီးစီး ပြောလာရင် သာ စိတ်တိုတာ .. သူ့ပုံစံကလည်း မုန်းစရာကြီး ဥစ္စာ .."

မာလာ က ပြုံးလိုက်ရင်း ...

"ဒါပေမယ့် သူက ချောတယ်လေ .. ညီမလေးကတော့ မသိစိတ်ထဲမှာ သဘောကျနေခဲ့တယ် မို့လား .."



www.burmeseclassic.com

www.burmeseclassic.com



"မမခင် ကလည်း .."

"ဖုံးကွယ်မနေနဲ့.. သူ့ကို လက်ခံနိုင်လို့သာ ရည်းစားစကား မပြောဘဲ နမ်းသွားတာကို .."

"အဲ့ဒါ မဟုတ်ဘူး .. ဗိုလ်အောင်ဒင်ကြီး ကြောင့် .."

လွန်လွန်း ပြန့်ပြောပြရင်း ပြန်ရှက်နေတာကို ကြည့်ကာ မာလာက ရယ်လိုက်၏။ ဒီလောက်ထိ သိလိုက်ရပြီမို့ စိတ်ထဲမှာလည်း ဘဝင်ကျသွားမိသည်။

"ဟုတ်ပါပြီ .. ဒါပေမယ့် ဧည့်သည်ဆိုတာ အချိန်တန်ရင် ပြန်သွားမှာပဲလေ .. ခုလည်း သဘာဝအတိုင်း ဧည့်သည်က ပြန်သွားပြီ .. ဒါကို တမ်းတနေရင် ကိုယ်ပဲ ခံစားရမှာ ..၊ ပြီးတော့ ဒီကောင်လေးက စိတ်ဓာတ်ခက်တန်မယ့်သဘော ရှိတယ် .. ဆေးသုံးဖူးတယ်ဆိုတာလည်း ဒါကို အစရှိနေပြီဆိုတော့ နောက် ပြန်သုံးဖြစ်ဖို့က မခဲယဉ်းတော့ဘူး .. သူ့ကို ကြက်ခြေခတ်လိုက်ပါ ညီမလေး ရယ် .."

"ဒါနဲ့ မမခင် က ပြောတော့ .. ဒီကောင်လေးက ချောချောသန့်သန့်လေးရယ် .. ဒီလောက် မဆိုးနိုင်ပါဘူး ဆို .."

"ဒါက သူ့ရုပ်ရည်လေးကို ကြည့်ပြီး ခန့်မှန်းရတာလေ .. ခင်မင်ရုံလက်ပြ နှုတ်ဆက်ရုံလောက်ဆိုရင်တော့ ရင်းနှီးခင်မင်ထိုက်တာပေါ့.. သူ့ကို လူဆိုးဆိုပြီး ဖယ်ထားရမယ့်စာရင်းထဲမှာ မပါပါဘူး .. ငါ့ညီမနဲ့ ဟိုလိုဒီလို ငြိတွယ်လာတော့ ဒီမိသားစုဝင်ဖြစ်ဖို့ နီးစပ်လာပြီ .. ဒီလူကို ဆန်ခါတင် ရွေးရတော့မှာ .."

မျက်နှာပြင်မှာ စိမ်ခန့်ခွဲမှုတွေနှင့် ခံ့ခံ့ညားညား ဖြစ်သွားသည့် မာလာ့ မျက်နှာကို လွန်လွန်း က သေချာကြည့်နေ၏။

ခုနက ဖော်ရွေလိုက်လျောချင်နေသည့် အပြုံးတွေ ဘယ်ရောက်သွားပြီလဲလို့ တစိမ့်စိမ့် တွေးရင်း နားလည်လာသလို ရှိကာ ...

"ဟွန်း .. မမခင် လည်တယ်နော် .."





"ဟင်!... ဘာကိုလဲ .."

"သူများဆီက စကားတွေ ကုန်စင်အောင် သိရဖို့ အမျိုးမျိုး နှိုက်ထုတ်တတ်တယ် .."

"အံမယ် .. မဟုတ်ရပါဘူး နော် .."

"ဘာလို့ မဟုတ်ရမှာလဲ .. သိရပြီလည်း ဆိုရော .. မျက်နှာကြီးက တစ်မျိုး .."

"ဩော် .. ကဲ ..."

မာလာ ရယ်နေတော့ ဒေါသမပါသည့် လွန်လွန်း ရဲ့ မျက်စောင်းလေး လွှင့်ပျံ ထွက်လာကာ ...

"သွား .. နောက် မပြောပြတော့ဘူး .."

နေရာမှ ထထွက်လာခဲ့ရင်း မမခင် ရယ်နေတာကို ကြားကာ သူမပါ လိုက်ရယ်မိသည်။ မမခင် ဒီတိုင်းပဲ အမြဲလုပ်တတ်တာ သိသိနဲ့ သူမချည်းပဲ အမြဲတမ်း ခံခဲ့ရသည်။

အပြင်မှာ ရန်ဖြစ်လာတာ .. ဗိုလ်အောင်ဒင်ကြီး နဲ့ မူးပေါင်းရှုပ်ယှက်ရင်း တစ်ခုခု ဒုက္ခများပြီး မျှီသိပ် ဖုံးကွယ်ထားတာ ဘာကိစ္စဖြစ်ဖြစ် မမခင် ရိပ်မိလာတာနှင့် မပြောပြောအောင် အစ်အောက်ထုတ်တတ်တာ ဆရာမကြီး ..။

ဒါပေမယ့် မမခင် ပဲ လိုအပ်သမျှ ဒိုင်ခံ ဖြေရှင်းပေးခဲ့တာပါ ..၊ ထို့ကြောင့် သူမကို လွန်လွန်း ဘယ်တော့မှ မမုန်း ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၉)

ကားကို ခြံထဲက ထွက်လာခဲ့ပြီးမှ စိတ်က တစ်ခုခု ကျန်ခဲ့သလို ခံစားမိကာ ဘရိတ်အုပ်ပစ်လိုက်မိသည်။ ထိုစဉ် ခြံထဲကို ကွေ့ဝင်သွားသည့် ကားတစ်စီး၏ အမြီးစွန်းကို လှစ်ခနဲ မြင်လိုက်ရ၏။

ဟင်!... ဒါ ဘယ်သူ့ကားလဲ ...၊

အမှုအခင်းတွေဖြစ်ပြီးကာမှ သူမ မရှိတုန်း ဘယ်က ဘယ် လောက်ရင်းနှီးသည့် မိတ်ဆွေပဲလာလာ တံခါး လုံးဝ ဖွင့်မပေးရဘူးလို့ တားမြစ်ထားခဲ့သည်။

"နောက်ဆုံး .. ငါ့ဆွေမျိုး လာပေ့စေ .. ငါ့ကို အကြောင်းမကြားဘဲ ဖွင့်မပေးနဲ့ .."

သူမ အဲဒီလောက်ထိ ပြင်းပြင်းထန်ထန် တားမြစ်ထားခဲ့တာကို—

ဒေါ်တင်မာချစ် ခေါင်းထဲမှာ ဖျတ်ခနဲ လင်းလက်သွား၏။

သားလေး လား ...၊

တွေးမိလိုက်တာနှင့် ကားကို ချက်ချင်း ပြန်ကွေ့ဖို့ ဆုံးဖြတ်လိုက်၏။ ကိုယ် ထွက်သွားတဲ့အချိန်ကို တမင် စောင့်ကြည့်နေပြီးမှ ဝင်သွားတာ သားမှ သား ပါ ...၊





"ငါ့သားလေး ဘယ်လိုလူ ဖြစ်နေနေ .. မတစ်ဆစ် လည်း မှတ်သားပါ .. ကျွန်မသားကို လူဆိုးလေးလို့ စိတ်ထဲမှာတောင် ထည့်မတွေးပါနဲ့ ..၊ ကျွန်မ ရှိနေနေ .. မနေနေ .. သူ တစ်ယောက်တည်းဖြစ်ဖြစ်.. အဖော်အပေါင်းတွေနဲ့ဖြစ်ဖြစ် .. ကျွန်မအိမ်ကို အချိန်မရွေး သူ လာခွင့်ပြုတယ်.. ဘယ်အချိန်မဆို တံခါးဖွင့်ပေးရမယ်.. ဘာတွေ ယူသွားသွား.. ဘာလုပ်လုပ် .."

သားလေးကိုပဲ ခွင့်ပြုထားတဲ့အကြောင်း ပြန်တွေးရင်း သူမ ဘာဘာ သေချာနေကာ ...

"ကိုစန်း .. သားလေး ဝင်သွားတာလား .."

"ဟုတ် .. ဟုတ်ကဲ့ မမကြီး .."

ခြံစောင့်က တံခါးပြေးဖွင့်ရင်း ဝမ်းသာအားရကြီး ပြောသည်။ ဒေါ်တီကိုအောက်မှာ တက္ကစီတစ်စီးက ရပ်လျက်ရှိနေသဖြင့် သား ပြန်ထွက်သွားဖို့ စီစဉ်ထားမှန်း သိလိုက်ကာ ...

"ဒီမှာ ဟေ့ .."

စီးကရက်သောက်ဖို့ ပြင်နေသည့် တက္ကစီသမားကို မေးဆတ်၍...

"စောင့်ဖို့ မလိုတော့ဘူး .. သွားတော့ .."

"ဗျာ!..."

"တက္ကစီခ ပေးထားပြီးပြီလား .."

"မပေးရသေးဘူး .. သုံးထောင် .."

"ရော့ .."

ပိုက်ဆံပေးပြီး ပြန်လှည့်လိုက်ကာ အထဲကို အပြေးတစ်ပိုင်း ဝင်ထွက်လာခဲ့သည်။

"မမချစ် .."

ဒေါ်တစ်ဆစ် က သူမကို မြင်သည်နှင့် ပြေးလာကာ အပေါ်ကို လက်ညှိုးထိုး၍ ...



www.burmeseclassic.com

www.burmeseclassic.com



"သားလေး လေ .."

"သိတယ် .."

ဒေါ်တင်မာချစ် အပေါ်ထပ်ကို ရောက်တာနှင့် ချစ်သူ အခန်းကို တန်းတန်းမတ်မတ် လျှောက်လာခဲ့၏။ ချစ်သူ က အဝတ်စင်ကြီးသော မှာရှိသော အထပ်လိုက် အံဆွဲကြီးတွေထဲမှာ တစ်ထပ်ပြီးတစ်ထပ် ဆွဲ ထုတ်၍ ဘာတွေ ရှာဖွေနေမှန်း မသိ ..။

"တောက်!..."

"ခွန်း .."

ဘာတွေ ပကျောမနုပ်ဖြစ်နေမှန်း မသိဘဲ တက်ခေါက်၍ အံဆွဲကို ဒိုင်းခနဲ ဆောင့်ပိတ်သည်။ ပြီးတော့ ဒီဘက်လှည့်လိုက်ကာမှ ဒေါ်တင် မာချစ် ရပ်ကြည့်နေတာကို မြင်သည်။ ချစ်မြတ်နိုးသော မိခင်ဖြစ်သူထံ မျက်ဝန်းဝိုင်းကို ဖျတ်ခနဲ ဥပေက္ခာပြု၍ ...

"ကျွန်တော့် ဘွဲ့ရလက်မှတ်တွေနဲ့ မှတ်ပုံတင် ရှာမတွေ့လို့ -

"မာမီ ယူသိမ်းထားတော့ သား ဘယ်ရှာလို့ တွေ့မလဲ .."

"ပြန်ပေးပါ .. အဲ့ဒါတွေ ကျွန်တော် လိုလို့ .."

"သား ဘာလုပ်မလို့လဲ .."

"မှတ်ပုံတင်က ကိုယ်နဲ့မကွာ ရှိနေမှာပဲ မာမီ .."

"အခု ရှိနေပြီပဲ သားရယ် .. သား ဘယ်မှာ နေနေတာလဲ..၊ အ ဘယ်လျှောက်သွားဦးမလို့လဲ .."

ဆံပင်တွေကို စိတ်မရှည်သလို ဖိသပ်ရင်းက ချစ်သူ က ကျောခိုင်း ပစ်သည်။

"သားလေး .."

ဒေါ်တင်မာချစ် ရှေ့ကို တစ်လှမ်းချင်း လျှောက်လာခဲ့လျှင် -

"သား မာမီ့ကို မျက်နှာမကြည့်ရဲလို့ ပြန်မလာတာ မဟုတ်ဘူး တာ မာမီသိတယ်.. အပြစ်လုပ်မိပေမယ့် သိမ်ငယ်စွာနေရမှာကို သား





ချင်တာ.. သားဆိုးတစ်ယောက်ဖြစ်သွားရတဲ့ အကြောင်းရင်းတွေဟဲ နေ့ မိဘရဲ့ဥပေက္ခာကြောင့်ဆိုတဲ့ အကြောင်းရင်းကို မာမီ့ကို သိသွား ချင်တာ.. မာမီ မကောင်းခဲ့လို့ သားလည်း မှားခဲ့တာဆိုတာမျိုး .."

"အဲဒီလောက် မဟုတ်ဘူး မာမီ .. မာမီ ခန့်မှန်းတာတွေ များသွား .."

"ဒါဆိုရင်လည်း အကိုအကျ မာမီ သိပါရစေ .. မာမီ့သား ဘာတွေ နေလဲဆိုတာ မာမီ သိခွင့် ရှိရမှာပေါ့ .."

"ကျွန်တော် လူဆိုးတွေနဲ့ပေါင်းပြီး ဆေးသမား ဖြစ်သွားခဲ့တာ .."

"ဟုတ်တယ် .. မာမီ သိတော့ မာမီ့ပဋ္ဌည်းတွေ ပါသွားပြီ ..၊ ပြီး သားလေးကိုလည်း ဆုံးရှုံးခဲ့ရတယ် .. ဒါပေမယ့် သားနဲ့ မာမီ မှာ ဒီပစ္စည်း ဆုံးရှုံးမှုလောက်နဲ့ ပဋိပက္ခဖြစ်ဖွယ် မရှိဘူးဆိုကာ ကို သိနေကြတာပဲ .. သား ဘာဖြစ်လို့ ထွက်သွားတာလဲ ..၊ မာမီ ရှာမတွေ့တော့အောင် ဘယ်လို နေနေသလဲ .."

နားထောင်သည့်မှဲပြုံးနှင့် ချစ်သူ မျက်နှာ ဒီဘက် ပြန်လှည့်လာသည်။

"မာမီ ဘယ်လိုမှ တွေးမိနိုင်မှာ မဟုတ်ဘဲ လူတန်းစားတွေကြား ကျွန်တော် စိတ်ချမ်းသာစွာ ရှိနေခဲ့တာပါ .."

"ဘယ်လို!..."

"ကျွန်တော် အခု မာမီ့ရှေ့မှာ တလေလေစုတ်ပြတ်ပြီး ဘိန်းစားရုပ် နေတဲ့ ပုံစံနဲ့ ရှိနေခဲ့သလား .."

"မရှိဘူး .. မာမီ့သား ဟိုအရင်ကအတိုင်းပါပဲ .. မာမီ အရမ်း နေခဲ့တဲ့ဘဝမျိုး သားလေး ရောက်မသွားခဲ့ဘူးဆိုတာ မြင်လိုက်ရလို့ အရမ်းကို ဝမ်းသာသွားခဲ့တာ .."

"ကျွန်တော် အခု ချမ်းသာခြင်း အစစ်အမှန်ကို တွေ့ပြီ မာမီ .. ဘဝဆိုတာကြီးမှာပဲ အေးချမ်းသာယာနေကြတဲ့လူတွေ.. ဆင်းရဲ



www.burmeseclassic.com

www.burmeseclassic.com



သောကကြီးနေရတဲ့လူတွေ .. ဘာဖြစ်လို့ ဒီလို ကွဲပြားလာကြတာ
ဆိုတာ ..”

“သား မတွေ့သေးပါဘူး .. လောကီချမ်းသာမှာ တကယ့် စစ်
တဲ့ချမ်းသာခြင်းက ငွေကြေးပဲ ..”

လက်မခံနိုင်သည့်အကြည့်နှင့် ယုံကြည်ချက်တို့ ပြည့်ဝ နိုင်မာ
သည့် မျက်ဝန်းတို့ ထိပ်တိုက် ဆုံစည်းသွားခဲ့ကြသည်။ ဒေါ်တင်မာ
က သားမျက်နှာကို စိုက်ကြည့်နေလျက် ...

“ငယ်ဘဝမှာလည်း ငွေကြေးချမ်းသာမှုကြောင့် ပညာမဲ့နဲ့ ဝ
တတ်ဆိုတာ ဖြစ်လာသလို .. အရွယ်ရောက်လာတော့လည်း အိမ်ထေ
ရတစ်ခု နိုင်မာဖို့အတွက် ငွေကြေးအုတ်မြစ်က အဓိက ..၊ အိုမင်းမ
ဖြစ်လာတဲ့အချိန်မှာရော .. အိုနာသေဘေး ဆိုတာတွေကို ရင်ဆိုင်
မရှိမဖြစ် လိုအပ်လာတာ ဘာလဲ ..”

ဆွံ့အနေသူကဲ့သို့ ရူးစိုက် ငေးမောနေသည့် ချစ်သူ ပခုံးတစ်
ကို ဒေါ်တင်မာချစ် က ဆုပ်ကိုင်လိုက်ကာ ...

“ရောဂါနဲ့ဖြစ်ဖြစ် .. အိုမင်းလာလို့ဖြစ်ဖြစ် .. ကိုယ် မထူနိုင်
နိုင်ကာမှ လှူချင်တန်းချင်ပါတယ်ဆိုရင်လည်း ကိုယ့်မှာ ငွေရှိမှဖြစ်
သားရဲ့ .. လောကစည်းစိမ်ဆိုတာ လူသားတွေရဲ့ အိပ်မက်ပဲ .. လ
တွေ့ဘဝဆိုတာ ဆင်းရဲခြင်းတွေပဲ ပြစရာရှိတာလေ .. လူအများရဲ့
မက်တွေကို မာမီ့သားက ဆုပ်ဖမ်း ပိုင်ဆိုင်ထားတာ ..”

“မာမီ ပြောတာတွေ မှန်ပါတယ် .. ဒါပေမယ့် ..”

“သား လက်မခံဘူးဆိုတာ မာမီ သိပါတယ် .. သားရဲ့ဒက်
မာမီတို့ လုပ်ငန်းတွေ ဘယ်လောက်ပဲ တိုးတက်အောင်မြင်နေ
ဒါတွေကြောင့် အားလုံးကို ဥပေက္ခာထားခဲ့တာဆိုပြီး မာမီတို့ရဲ့ ကြ
စားမှုတွေကို သားက အမြဲတမ်း ကြက်ခြေခတ်နေမှာ ..”

“ မဟုတ်ဘူး .. ကျွန်တော့်ဘဝ ဘယ်လောက် ပူလောင်ခြေ





နေခဲ့သလဲဆိုတာ ဘဝတစ်လျှောက်လုံး ကျွန်တော် တွေးဆွေးနေခဲ့
မဟုတ်ဘူး .. အသားသေပြီး အထုံအကျဉ်စွဲနေတာမျိုး နေမှာပေါ့..
သမယ့် ကျွန်တော်နဲ့ စိမ်းသက်တဲ့ အပြောင်းအလဲတစ်ခုမှာ အထုံ
ဉ်စွဲနေတဲ့ ခြေထောက်တွေကြောင့် ဒုက္ခရောက်ခဲ့ရတယ် ..”

သူ ဘာကို ဆိုလိုချင်တာလဲဆိုတာ မာမီ နားလည်ရဲ့လား .. မလည်
သား သူ မသိပေ ..၊ ပြောနေမိတာကတော့ ရင်ထဲမှာ ခံစားခဲ့ရတဲ့
ိုင်း အပိုတွေ မပါခဲ့ဘဲ ...

“ကျွန်တော့်ရင်ထဲမှာလည်း ဥပေက္ခာတွေ အမွေရသွားတော့
က္ခာမသိတဲ့လူတွေကြားထဲမှာ ကျွန်တော့်ကိုယ် ကျွန်တော်လည်း
တတ်ခဲ့ဘူး ..”

“သား မာမီ့ကို ဘာပြောချင်တာလဲ.. စိတ်ထဲရှိတဲ့အတိုင်း တစ်တစ်
ပြောလိုက်ပါ.. မာမီ သားကို ခွင့်လွှတ်တယ်.. သား ဘာတွေလုပ်
သား.. အခု အပြစ်တစ်စုံတစ်ရာ ထပ်ပြီး ကျူးလွန်ခဲ့ပါစေ.. မာမီ
ကို ဘယ်တော့မှ ငြိုငြင်မှာ မဟုတ်ဘူး .. အဲဒါ မာမီ့ဘက်က ..၊
ဘက်က ဘာဖြစ်ချင်တာလဲ.. မာမီ မသိခဲ့တာ တစ်ခုခု သား အလို
သလား ..”

“ဟုတ်တယ် .. အခု .. အခု .. ကျွန်တော် ဒီက ထွက်သွားချင်
.. မာမီ ကျွန်တော့်ကို ..”

“အဲဒါတစ်ခုကလွဲရင် ဘာဖြစ်ဖြစ် မာမီ ပေးနိုင်တယ် ..”

“ကျွန်တော် ..”

“မသွားရဘူး သား .. မာမီလေ သားလေး မရှိတော့မှ အထီးကျန်
ဆိုတာကို တိတိပပ ခံစားခဲ့ရတယ် .. မာမီ့ရဲ့မိဘတွေ .. ပြီးတော့
ဒက်ဒီ .. ပြီးတော့ စီးပွားရေးနဲ့ပတ်သက်ပြီး လွဲချော် ဆုံးရှုံးရတာ
အားလုံးကို ရင်ဆိုင်နိုင်ခဲ့တယ် .. တစ်စုံတစ်ခုကို တစ်စုံတစ်ရာနဲ့
ကပ်လိုက်နိုင်တာမျိုး ..”



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်တင်မာချစ် ဘယ်လိုမှ ဟန့်မဆောင်နိုင်တော့ဘဲ ချစ်သူ
သိမ်းကျုံး ပွေ့ဖက်၍ ရှိုက်ငိုမိလေသည်။

"သားလေးကို ခွဲလိုက်ရကတည်းက မာမီ အရူးတစ်ပိုင်း ဖြစ်ခဲ့ရတာ
သားက ကိုယ့်ကိုယ်ကိုယ် ထိန်းကျောင်းနိုင်ခဲ့ပါတယ် .. သားလေး ဒီထ
ပျက်စီးမသွားခဲ့တာ သားကိုယ်သား ထိန်းသိမ်းခဲ့ဘာ ..၊ အားလုံး
မာမ့်အပြစ်တွေပါ သားရယ် .. မာမီ့ကို ဒီတစ်ခါ ထပ်ခွဲမသွားပါနဲ့
ဒီတစ်ခါဆို မာမီ ရူးသွားမှာ သိရဲ့လား .."

သား၊ မျက်နှာကို ပြန်မော့ကြည့်နေရကာ နဖူးက ဆံပင်တွေ
ပွတ်သပ်မိသည်။ ပြီးတော့ မျက်နှာကို လက်ဖဝါးနှစ်ဖက်ထဲမှာ ကိုင်
ထားမိရင်း ...

"မာမီတို့သားအမိ နောက်ထပ် ခုလို နာကျင်မှုတွေ ဖြစ်ရတော့
ဘူး .. နွေးထွေးတဲ့ မိသားစုလေးဖြစ်အောင် တို့သားအမိနှစ်ယော
ဟည်းနဲ့လည်း ဖြစ်တာပဲ နော် .. နောက်ဆိုရင် မာမီတို့အိမ်မှာ
ချူးမလှလှချောချောလေးတွေလည်း ကိုးပွားလာဦးမှာ .."

ဟဝ်ဟာ အရာရာသော ပြောင်းလဲမှုများနှင့် အနာဂတ်ကို ကြိုတ
နေခြင်း ဖြစ်သည်ဆိုလျှင် သူ ကြုံတွေ့ခဲ့ရသော ပြောင်းလဲမှုတွေ
ကောင်းဖို့လား .. ဆိုးဖို့လား ..။

မာမီ မျှော်လင့်ထားသလို ရှေ့ဆက်ပြီး ပျော်စရာ နေ့ရက်
ဖြစ်လာတော့မယ်ဆိုတာရော တစ်စုံတစ်ရာကြောင့် ဖြစ်လာနိုင်သလား
ပျက်စီးသွား၊ လား ..၊

ရောင်နီလာမည့်အရှေ့ဘက်ရဲ့ တစ်ဖက်မှာ မနက်ဖြန်ဆိုတာ ဘာ
မသိ ...၊





## အခန်း (၃၀)

"သားရေ .. ခဏ လာပါဦး သားရဲ့ .."

ဒေါ်တင်မာချစ် ကကယ်ကို ပြုပြင်ပြောင်းလဲနေခဲ့တာပါ .. စီးပွား
ခြလုပ်မ်းတွေကို တစ်ဂက်လောက်ထိ လျှော့ချပစ်ခဲ့သည်။

ဘဝအတွက် အရေးကြီးဆုံးမှာ သားလေးက အဓိကဖြစ်နေမှန်း သိ
နေသည့်အလျောက် သူမ ဘာလုပ်သင့်သည်ဆိုတာကိုလည်း တွက်
ပြီး ဖြစ်၏။

ထို့ကြောင့် သူမ နေ့ရှိသရွေ့ စဉ်းစား ကြိုးပမ်းနေခဲ့တာ သား
တွက် အိမ်ထောင်ရေး ..၊

"ထိုင်ပါဦး သားရယ် .. သား ဘယ်သွားမလို့လဲ .."

"ခုနကမှ ပြန်လာတာလေ .. အခု ရေချိုးမလို့ .."

ထိုင်နေကြသည့် ညွှေသည်နှစ်ဦး၏ မျက်နှာတွေကို တစ်ချက်
ကြည့်ကာ လူကြီးတွေမျက်နှာပေါ်မှာ ဒီလိုအပြုံးမျိုးတွေ ပေါ်ရှိနေ
အချိန်က ဘာလဲဆိုတာကို တွေးလိုက်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ကျွန်မသားလေ မဖင် .. နာမည်က ချစ်ရသူ တဲ့ ..၊ သားလည်း မှတ်ထားနော်.. သူတို့က မာမီ့ရဲ့စီးပွားဖက် မိတ်ဆွေရင်းတွေပဲ .. သူ ဦးမြင့်အောင် .. သူက ဒေါ်သဖင်လွင် .."

"ဟုတ်ကဲ့ .."

"အဟွန်း .. သားက လူချောပဲကွ .."

ဦးမြင့်အောင် က ပြုံး၍ ...

"ဒါနဲ့ လူလေးက ကျောင်းပြီးနေပြီဆိုတော့ ဘာလုပ်ဖို့ စိတ်ကူး ထားသလဲ ..၊ ကိုယ် တတ်ထားတဲ့ ပညာနဲ့လား .. မိဘလုပ်ငန်းမှာ လား .."

"ဩော် .. ကိုမြင့် ကလည်း ချစ် က ဒီလောက် ချမ်းသာတာ သူ့သားကို တခြားအလုပ် ပေးခိုင်းပါ့မလား .."

"ပြောပြလိုက်ပါ မဖင် ရယ် .. ခိုင်းစရာလဝးလို့ .."

သူတို့ဘာသာ မေးဖြေနေတာမို့ ချစ်သူ ဒီတိုင်း ထိုင်နေပေးခဲ့ပြီး နှုတ်ဆက်ပြီး ထလာခဲ့သည်။ ရေချိုးမည့်အစီအစဉ်လည်း ပျက် ဒီအတိုင်းပဲ အပြင်ပြန်ထွက်ဖို့ ဆုံးဖြတ်၏။ ဒီစကားဝိုင်းကနေ ဘာ သိရသမျှ ဘာတစ်ခုမှ အလိုမရှိသည့် အတူတူ ...

"မာမီ့ကို ကျွန်တော် မိုးမချုပ်ခင် ပြန်လာမှာလို့ ပြောပေး .."

"လူလေး .. ဒေါ်ဆစ် ညနေစာ ပြင်တော့မလို့လေ .. မမချစ် ပြင်ခိုင်းထားတာ .."

"ကျွန်တော် မစားသေးဘူး .."

မာမီ အိမ်ကပ်နေတာတွေကို သူ နားလည်လာခဲ့သည်။ သား နွေးထွေးကြမယ်ဆိုပေမယ့် အမေ့ရင်ခွင်ထဲ ခေါင်းဝှေ့ ဆိုးနွဲ့ခဲ့သည့် အကျင့်လည်း မရှိခဲ့ဖူးတော့ သူ့အတွက် ဘာမှ မပြောင်းလဲပါ ..

"ဒါကတော့ကွာ .. အစတည်းက ဒီတိုင်း ရှိခဲ့ကြတာပဲ .. ဒါ မယ့် မင်းကို အန်တီ ဘယ်လောက်ချစ်သလဲဆိုတာ အခု သိပြီမို့လား





"ငါ့အတွက်ကတော့ စိတ်ကျဉ်းကျပ်မှု ပိုတိုးလာတာပဲ .."

"ဘာ!..."

သူငယ်ချင်းဖြစ်သူက အံ့ဩသည့်မျက်နှာနှင့် ကြည့်သည်။ သူ ပေါင်းသင်းခဲ့သမျှ လက်ညှိုးထောင် ခေါင်းညိတ် လုပ်ပေးရုံ အတု အယောင်တွေထဲမှာ ဒီသူငယ်ချင်းကတော့ မပါခဲ့ပေ ..၊

ညဏ်လင်း က သူ့ရဲ့ ငယ်ငယ်တုန်းက သူငယ်ချင်းဖြစ်ကာ အမြင်မတော်တာတွေ့တိုင်း အမုန်းခံ သတိပေးရင်း တကယ်လည်း အမုန်းခံခဲ့ရရှာသည်။ ခုတော့ သူ ဒါတွေကို ခွဲခြား ခံစားတတ်ခဲ့ပြီမို့...

"ငါ မှားခဲ့တာတွေကို ငါ သိပါတယ် .. ဒါကြောင့် မာမီ့ကို ထပ်ပြီး စိတ်မဆင်းရဲရအောင် ငါ ထင်ရာလုပ်ဖို့ စိတ်ကူးတွေကို ဖျက် လိုက်တာ .."

ညဏ်လင်း က ခေါင်းခါလိုက်ပြီး မစ်ရှိတ်ကို သေးရွှေ့ထားလိုက် သည်။

"ငါ ထင်တာ လွဲပြန်ပြီ .."

"ဘာလဲ .."

"မင်းရဲ့လိုအပ်ချက်က မင်းမာမီရဲ့ နွေးထွေးကြင်နာမှုပဲလို့ ထင်ခဲ့ တာလေ ..."

"အဟွန်း .."

"မင်းက ဟုတ်မှ မဟုတ်ဘဲ .. အပြစ်ရှိလို့ ခဏ ငြိမ်နေပေးလိုက် တာ .."

"ဟုတ်တယ် .. ဒါပေမယ့် လုံးဝတော့ မမှန်ဘူး ညဏ်လင်း .. လိုအပ်ချက်ဆိုတာ ဘဝတစ်လျှောက်လုံး ရှိနေမှာပေမယ့် ဒီတစ်ခုတည်း ပဲ အမြဲတမ်း လိုအပ်တာ ဖြစ်မလား .. အားလုံးက ပြောင်းလဲနေတာပဲ.."

"ငါ လက်ခံပါတယ် .. ဒါပေမယ့် .."

"မာမီ ငါ့ကို နားမလည်ဘူး .."



www.burmeseclassic.com

www.burmeseclassic.com



"မင်းကလည်းကွာ .."

"ငါကတော့ နားလည်တယ် .. မာမီ အခု လိုအပ်နေတာက ငါ မဟုတ်ဘူး .. ဂုဏ်သိက္ခာ .."

ဥက္ကာလင်း ကတော့ ရုတ်တရက် နားလည်မည် မထင် ..၊ သူက တော့ မိဘတွေအကြောင်းကို သိထားပြီးသား ..၊

"သားကို ကျွန်မနဲ့ပဲ နေပါစေ ကိုဇော် .. သားအတွက်နဲ့ ရှင့်ရဲ့ ဂုဏ်သိက္ခာ မထိခိုက်စေရဘူး .. နောက်တစ်ခု ရှိတယ် ..၊ ရှင်နဲ့ ကျွန်မ ကြောင့်လည်း သားဘဝမှာ မျက်နှာငယ် အရှက်ရစရာ မဖြစ်အောင် ကျွန်မတို့တွေ ထိန်းသိမ်းကြမယ် .."

"မင်း ဘာကို ပြောတာလဲ .."

"ကျွန်မတို့ရဲ့ မာန်မာနတွေကြောင့် ဘဝရိုးကဲနီး ဖန်မလီ ဖြစ်သွားခဲ့တာ .. ဒါကိုတော့ ရှင်ရော ကျွန်မရော သဘောတူ ကျူးလွန်ခဲ့တာလေ .. တစ်ယောက်ယောက်က နောက်အိမ်ထောင်ပြုလိုက်တာနဲ့ ဗလာ ဟရှက်ပေါ်က ကြက်ခြေခတ်ပြီးသားကို တံတွေးဆွတ် ဖျက်လိုက်တာမျိုး ဖြစ်သွားမှာ .. ဒါတွေကို အများကြီး ပြောနေရင် အများကြီးပဲ ကိုဇော် .. လူ့ဘဝမှာ ဂုဏ်သိက္ခာလောက် တန်ဖိုးကြီးတာ မရှိဘူး" တဲ့..။

ဝိဇကားတွေကို သူ အကုန်အစင် အလွတ်ရနေသည်။ ခုလည်း သူ့ကို အိမ်ထောင်ချထားပေးဖို့ စီစဉ်နေပြီဆိုတာ သေချာသိနေခဲ့သည် မို့ ...

"ငါ့ကို ဒီယက် ပျက်စီးမခံနိုင်ဘူး .. စီးပွားရေးတွေကိုလည်း နောက်ထပ်ကြာကြာ လွှတ်မထားနိုင်ဘူး ..၊ ဒီတော့ ငါ့ကို ခြေငြိမ်အောင် ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အိမ်ထောင်ချပေးမယ် .. ငါ့ကမ္ဘာလေးနဲ့ ငါ ဖြစ်သွားပြီဆိုမှ .."

"တွေးကြည့်ရင်တော့ လက်တွေ့မဆန်သမျှ အရာအားလုံးက အကောင်းချည်းပဲ ချစ်သူ .. အန့်တို့စိတ်ထဲမှာ မင်း တွေးသလောက်





မများဘဲနဲ့ မင်းကို နောက်ထပ် ထွက်မသွားစေချင်တဲ့ ပူပန်မှုသီးသန့် လေးပဲ ဖြစ်နေတာရော .. နည်းနည်း ထည့်တွေးကြည့်ပါလား .."

"အဲ့ဒီဇမ္ဗူဒ္ဒါကွန်ရက်ကြီးကို ငါ စိတ်မဝင်စားဘူး .."

"ဒါကြောင့် မင်း ခက်နေတာ .."

"မခက်ပါဘူး .. အဲဒီလို ဖြစ်နေတာကို မာမီတို့လည်း သဘောကျနေတာပဲ .."

"ချစ်သူ ရာ .."

"ငါကသော့ ကျောက်မျက်ရတနာပုံပေါ်မှာ နားတဲ့ ပိုးဟပ်လို ဖြစ်နေမလား မသိဘူး .. လူကကြားရင်တော့ လူမိုက်လို့ ပြောကြမှာပဲ.. ငည်းစိမ်ချမ်းသာတွေကမှ ဆင်းရဲခြင်း .."

သွားပြီလို့ ဟီးဟိုးရေရွတ်ရင်း ဥက္ကာလင်း က ခေါင်းခါ၏။

"ငါ့အဖေဆိုရင် သူများအလုပ် လုပ်ရတာကို စိတ်ကုန်လွန်းလို့ သည်းလိုက်တာကွာ .. အမေဆိုရင်လည်း ခြေပြွေး ရောင်းဝယ်နေရတာ ဘယ်လိုပင်ပန်းကြောင်း .. ငွေအရင်းအနှီးသာ ရှိလို့ကတော့ ဘာတွေ ကိုးချဲ့ချင်တာ ဘာညာ .."

"ဒါဆို ငါ့ကို လူမိုက်လို့ ပြောမှာ မင်းပဲ ဟင်တယ် .."

"မပြောပါဘူး .. ငါက မင်း ခံစားချက်ကို နားလည်ပါတယ် .. နည်းနည်းလောက် ဖြည့်စွက်ပြုပြင်တွေးဖို့ပဲ မင်းကို ပြောတာ .. လိုတိုင်း ရ .. ရတိုင်းမလိုတဲ့ ရေများရာ မိုးရွာတာပဲ .. မင်း ဒီဟိုင်းဖြစ်နေတာ.. ဒါသမယ့်ကွာ မလိုချင်တာလော .. လိုချင်တာကိုရော .. ခု ခဏလောက် မျှိသိပ်လိုက်ပါဦး .."

"မျှိသိပ်နေရင် ငါ မိန်းမရသွားမှာပေါ့ .."

"အန့်ဘီက မင်းကို ချောင်ပိတ် မပေးစားပါဘူး .."

"မာမီ့ စကားလုံးတွေက လူကို ကြိုးတုပ်လာသလို နိုင်တယ်ကွ.. ဒါကလည်း အပြစ်ရှိထားတဲ့သူ .. မာမီ ပြောလာပြီဆိုရင် ငြင်းချက်



www.burmeseclassic.com

www.burmeseclassic.com



မှာ ..”

“အဲဒီတော့ အခု ဘာလုပ်ဦးမလို့လဲ ..”

“ငါ အိမ်မှာ မနေချင်ဘူး ..”

“ဒါကတော့ မင်း တစ်ကိုယ်ကောင်းဆန်လွန်းသွားပြီ ..”

“အစတည်းက ငါ အိမ်ကိုပြန်ဖို့ စိတ်ကူးခဲ့တာမှ မဟုတ်တာ .. ငါ့ကိုယ်ငါ လူကောင်းတစ်ယောက် မဟုတ်ဘူးလို့ သတ်မှတ်လိုက်တည်းက ကောင်းအောင် ကြိုးစားဖို့လည်း စိတ်ကူး မရှိဘူး .. ငါ့ရဲ့ ဆိုးရွားခြင်းတွေကို ပြောရတာလည်း ငါ့ကိုယ်ငါ သိက္ခာမဲ့တယ်လို့ ဘယ်တုန်းကမှ မထင်ခဲ့ဘူး ..”

“ဒါပေမယ့် မိဘရဲ့ ဂုဏ်သိက္ခာကတော့ ..”

“ငါက ဒေါ်တင်မာချစ် ရဲ့သားဆိုတာ ဘယ်သူမှ မသိအောင် ကာကွယ်ထားပြီးသား ..”

“ပြောတော့မယ် ချစ်သူ ရာ .. မင်းက အမိဝမ်းထဲက မွေးဖွားလာတာပဲကွ .. ဥက ပေါက်တာမှ မဟုတ်တာ .. မွေးတဲ့မိခင်ကတော့ ရှိနေရမှာပဲ .. မဖြစ်မနေ ပြောရဖို့ရှိလာရင်ရော .. ကိုယ့်အမေနာမည်ကို မပြောဘဲ ဒေါ်ဖြူ ဒေါ်နု ဆိုတာတွေ မင်း ပြောထွက်သလား ..”

“ကျွတ်!...”

“ဘာလဲ .. ကျွတ် ဆိုတာ ..”

“ငါ မင်းကို ခေါ်လိုက်တာ .. သားလိမ္မာဖြစ်ရေး ဆွေးနွေးဖို့ မဟုတ်ဘူး ..”

“သားမိုက် ဖြစ်မသွားရေးကိုတော့ ပြောရမှာပဲ ဟေ့ကောင် ..”

“ငါ မင်းကို သစ္စာရှိ သူငယ်ချင်းကောင်းအဖြစ် ထာဝရ လက်တွဲဖို့ ဆုံးဖြတ်ထားတာ နော် ..”

“ဘာလဲ အခု ဖျက်လိုက်တော့မလား .. လုပ်လေ ..”

ခါးဆန့်ပြီး ပြူးတူးပြဲတဲ ထပြောတော့ ချစ်သူ က ရယ်လိုက်ကာ—





“ရုပ်ဆိုးရတဲ့အထဲ မျက်လုံးကြီး ပြူးမလာစမ်းပါနဲ့ ဉာဏ်လင်း ရာ .. စိတ်ကုန်တယ် ..”

နှစ်ယောက်သား ရယ်မိကြတော့ နောက်ထပ် ဘာမှ မပြောရသေးခင် မာမီ့ဆီက ဖုန်းဝင်လာ၏။

“သားရေ .. မာမီ ထမင်းစားဖို့ စောင့်နေတာ နော် ..”

“ဟုတ်ကဲ့ပါ ..”

ဖုန်းပြောနေတဲ့ပုံကို ကြည့်၍ ဉာဏ်လင်း က ရယ်နေရင်း မဲ့၏။ ပြီးသွားမှ ...

“စကားတွေ ဒီလောက် မပြောပါနဲ့ကွာ .. နားငြီးလို့ပါ ..”

“လူဆိုတာ ကိုယ် ပြောချင်တဲ့အကြောင်း ပြောနေရမှ အာဝဇ္ဇန်းရွှင်တာ ..”

“မင်း ပြောချင်တာ ဘာလဲ ..”

မေးပေမယ့် သိနေသည့် မျက်နှာကြီးနှင့် ...

“ကျောက်မြောင်း တိုက်ခန်းကျဉ်းလေးထဲက တော်တော်လေး လွန်တဲ့ လွန်လွန်းခက် အကြောင်းလား ..”

စီးကရက် မီးညှိရင်း ချစ်သူ က ပြုံးနေ၏။ ပြီးတော့ သွားတွေပေါ်အောင် ရယ်ရင်း မီးခိုးလွှန့်နေသည့် စီးကရက်ကို စိုက်ကြည့်၍ ...

“တော်တော် ချစ်ဖို့ကောင်းတာ ..”

“ဘာတံဆိပ်မို့လို့လဲ ..”

“စီးကရက်ကို ပြောတာ မဟုတ်ဘူး ..”

“သိတယ်လေ .. အမြင်ကတ်လို့ ပြောတာ ..”

“မင်း မြင်ရင် လုံးဝ အမြင်ကတ်တော့မှာ မဟုတ်ဘူး .. အသုပ်လည်း မြင့်တယ် .. ကိုယ်လုံးလည်း အရမ်းလှတယ် .. ဆံပင်တွေ ဆေးဆိုးထားတာ သူ့မျက်နှာလေးနဲ့ မက်(ချ်)ဖြစ်တယ်.. သူ့မျက်နှာတစ်ခုလုံးမှာ ဘာလေးက ဘယ်လိုလှပါတယ်လို့တော့ ပြစရာ မရှိဘူး .. ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



အရမ်း ချစ်ဖို့ကောင်းတယ်ကွ ..."

"တော်သေးကာပေါ့ ပြစရာ မရှိလို့ .. တွေ့လိုက်ရင် မင်း သူ့အကြောင်းပဲ .."

"ငါ သူ့ကို ဘယ်လိုပုံစံနဲ့ ပြန်နီးစပ်နိုင်မလဲ .."

"ငါ့ကို မေးတာလား .."

"မင်းကို မမေးလို့ ဒီနားမှာ ဘယ်သူတောင်းစား ရှိသေးလို့လဲ.."

"တခြား သူတောင်းစားတွေကလည်း မင်းနားကို ဘယ်သူမှ လာမတောင်းဘူး .. အချိန်တိုင်း ပုပ်ပွနေတဲ့ မင်းရုပ်ကို မြင်တည်းက တစ်ကျပ်တစ်ပြားမှ လှူဒါန်းမယ့်ပုံ မရှိဘူးဆိုတာ သိနေကြတာ .."

"ဟား .. ဟား .. ဟား .. ဟား ..."

ချစ်သူ က ရယ်ကာ ...

"မင်း ဆိုရင်တော့ .. ဒီမှာ .."

ဘောင်းဘီအိတ်ထဲက ပိုက်ဆံအိတ်ကို ထုတ်၍ အသံမြည်အောင် လက်ဝါးနဲ့ ဖိကပ်ချလိုက်ပြီး ...

"သိချင်ရင် အခု သူတောင်းစားလို ဆင်းပြီး တောင်းပြ .. အကုန်လုံး ပေးမယ် .."

"သေနာ .."

"ဟား .. ဟား .. ဟား ..."

"အေး ရယ်ပါ .. ခုတော့ မကောင်းသေးဘူး .. မင်းနဲ့ လွန်လွန်းခက် ညားပြီးမှလေ .. ဟနားကြပါ ခင်ဗျာ .. ရှာဖွေလုပ်ကိုင်မကျွေးနိုင်လို့ မိန်းမ မရှိတဲ့အတွက် အစ်ကိုကြီးရဲ့ မိန့်မလေးကိုများ သဒ္ဓါမယ်ဆိုရင် တစ်ည နှစ်ည သုံးလေးညလောက် ကတ်အားသရွေ့ လှူဒါန်းပါလို့ .."

"ပေးမှာပါ .. ရော့ .."

"အား!..."





ပါးစပ်ထဲကို ရေနွေးပန်းကန်လုံးဖင်ကြီး အတင်း ထိုးထည့်နေသဖြင့် ဟန်ပန်တွေနဲ့ လုပ်ပြနေသည့် ဉာဏ်လင်း က အကျယ်ကြီး ထအော်သည်။

ဘေးလူတွေ လှည့်ကြည့်တာမြင်မှ ချစ်သူ လက်ကို ပုတ်ချပစ်၍...

"တွေ့မယ် .. အဟုတ်ကို တောင်းမှာ .. မိန်းမတစ်ယောက် အလကားရမယ်ဆိုလို့ကတော့ သူတောင်းစားလိုပဲ တောင်းရ တောင်းရ .. မြောမြေလှူးပြီးတော့ပဲ ရှူးပြရ .. ပြရ .."

"ဟား .. ဟား .. ဟား ..."

ချစ်သူ က ခွင်တွင် ရယ်နေကာ ...

"ခွေးကောင် .. ကိုယ့်အစွမ်းအစနဲ့ ရအောင်ရှာဖို့ စိတ်မကူးဘူး.."

"အံမာ .. မင်းကရော အခု ချစ်သူတွေမို့လို့လား .. လူရှိန်အောင် အကျယ်ကြီး ဟစ်မနေနဲ့ .."

"မင်းမှာ လူရှိန်အောင် ဟစ်စရာရော ရှိလို့လား .. လုပ်မနေစမ်းပါနဲ့ ဉာဏ်လင်း ရာ .. မင်း ငါ့ရဲ့ အကြံပေး အေးဆေး လုပ်စမ်းပါ .. မြှော .. ငါနဲ့ သူ့အတွက် ဘယ်လို နီးစပ်နိုင်မလဲ .."

"လူကဖြင့် ခြေကျူးဘဝက မကျွတ်သေးဘူး .."

"မပြေးရင် ဘာမှ မဖြစ်ဘူး .. ကောင်းနေပြီ .."

အခြေအနေသည် ဘာမှ မပြောဆိုခဲ့ကြသလို ချစ်ခင်ရင်းနှီးစွာပြန်လည် မွေးမြူးခဲ့လျက် ...!

"မင်းတို့က ချစ်သူတွေလည်း မဟုတ်ခဲ့ဘဲနဲ့ ငါက ဘာပြောရမှာလဲ .. မင်းကိုယ်မင်းရော သေချာရဲ့လား .."

"ဘာလဲ .."

"မင်း ရည်းစားစကား ပြောမထွက်ဘူးဆိုတာက မချစ်သေးတာလည်း ဖြစ်နိုင်တာပဲလေ .. နီးနီးစပ်စပ် နေကြရတာတောင် မင်းခံနေတာ .. အခု ဝေးခဲ့ကြပြီ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင်.. ရန်ကုန်တစ်မြို့တည်းမှာ ရှိနေကြတာကို .. ဘာကို ဝေးရမှာလဲ .."

"မင်း အခု မသွားဘဲ နေနိုင်နေတာပဲလေ .. 'လာချင်ရင် အနီး လေး' ဆိုတာပဲ ရှိတယ် .. 'လာချင်ချင် မလာချင်ချင် နီးလာမှာပဲ' ဆိုတာ မရှိဘူး .."

"'မလာချင်ရင် ခရီးဝေး' ဆိုတာ ရှိသေးတယ်လေ .. အခု ငါ မသွားချင်သေးလို့ နေနေတာ .. အဲ့ဒါ ရင်မခုန်တာနဲ့ မပတ်သက်ဘူး.."

"သိပ်ပတ်သက်တာပေါ့.. 'ယောကျ်ားကြိုက်တော့ စိုက်စိုက်လာ' တဲ့ .."

"အခု မဟုတ်တော့ဘူး .. ဖုန်းနဲ့သွားလည်း ရတယ် .. အွန်လိုင်း ပေါ်တက်လည်း တွေ့တယ် .. စိုက်စိုက်သွားဖို့ မလိုဘူး .. မော့ပြီးသွား- ခုန်သွား .. အေးဆေး .."

"မင်း ဘယ်လမ်းကြောင်းနဲ့ သွားနေပြီလဲ .."

"မသွားသေးတာပါ ဆို .."

"မသွားသေးတာက မသွားဘဲ နေနိုင်နေသေးလို့ .."

"အတိအကျကို စွပ်စွဲနေပါလား .. ဘာလဲ .."

"ဟုတ်တယ်လေ .. ချစ်လွန်းလို့ သေရပါတော့မယ်ဆိုရင် ငါ ကူညီရကျိုး နပ်တာပေါ့ကွ .. ခု မင်း သူ့ကို .."

"ဉာဏ်လင်း လျှောက်ပြောမနေနဲ့ .."

ချစ်သူ က ဉာဏ်လင်း ပါးစပ်ကို လက်သီးဆုပ်နဲ့ မထိတထိ လှမ်းပိတ်၍ ...

"မပြောဖြစ်ခဲ့တာက ငါ့စိတ်ကူးနဲ့ ငါ ...၊ လျှောက်ပြီး ခေါင်းစဉ် များတွေ တပ်မနေနဲ့ .. သူတို့မိသားစုက ဆင်းရဲပေမယ့် .."

"ဆင်းရဲပေမယ့် မဟုတ်ဘူး ချစ်သူ .. ဆင်းရဲနေတာကိုက မင်းနဲ့ အရမ်းဝေးကွာလွန်းနေတာ .. ပြန်ရောက်လာစက မင်းပဲ ငါ့ကို ပြောခဲ့





ခဲ့တာတွေလေ .."

"ဘာတွေလဲ .."

စီးကရက်ရှိုက်ရင်း ခပ်ဖြည်းဖြည်း နှုတ်ထုတ်လိုက်သည့် မီးခိုးငွေ့ တွေက ဉာဏ်လင်း မျက်နှာဆီ တလွန့်လွန့် ကူးလူး လှမ်းခြုံဖို့ ကြိုးစား နေကြဆဲ ...၊

"ဟော့ကောင် .. မင်း အဲ့ဒီ စီးကရက်တွေ ပြန်မသောက်နဲ့ကွာ.."

ပြောရင်း မီးခိုးငွေ့တို့ကို လက်တစ်ဖက်နဲ့ ခါထုတ်ပစ်၍ ...

"မင်း ဘာမှမဟုတ်တော့တာ မင်းနဲ့ ငါတို့ပဲ သိတယ်.. ဒါပေမယ့် မင်းမှာ ဒါကြောင့် အမည်းစက် ဖြစ်ခဲ့တာကို မေ့ထားလို့ မရဘူး .."

"ငါ သိပါတယ်ကွာ .. အမည်းစက်ဖြစ်ဖြစ် .. အနီစက်ဖြစ်ဖြစ်.. ငါ့စိတ်ခိုင်မှ ငါ လူကောင်းဖြစ်မှာ .. ပတ်ဝန်းကျင် ပြုပြင်ပေးလို့ ဘာမှ ဖြစ်မလာဘူး .."

ပြောလိုက်ရင် ကိုယ်ထင်တာ ကိုယ်လုပ် ဆိုတာပဲ .. ချစ်သူ နှုတ် ဖျားက ထွက်လာနေကျ ...၊

ဉာဏ်လင်း က 'ပြီးရော ..' ဆိုတာမျိုး ခေါင်းညိတ်ကာ ...

"ငါ စိတ်ပူတာက မင်းနဲ့ သူ မဖြစ်နိုင်တဲ့ကြားက ငြိတွယ်သွား ကြရင် .."

"မဖြစ်နိုင်ဘူးဆိုတာက ဆင်းရဲ ချမ်းသာကြောင့်လား .."

"အေးလေ .. ဒီ့ထက် ဆိုးရွားတာ ဘာရှိလို့လဲ ...၊ ခုပဲ အန်တီက မင်းကို အိမ်ထောင်ချပေးဖို့ ကြံစည်နေပြီ .. ပြီးတော့ မင်း အိမ်က ထွက်သွားတည်းက ဘယ်မှာ နေခဲ့သလဲ .. ဘယ်သူတွေနဲ့လဲ ...၊ မင်းကို တစ်ခါမှ မမေးခဲ့ဘူးလား .."

ချစ်သူ မျက်မှောင်ကုတ်သွားမိ၏။

ဒါကို သူ ပြောပြဖို့လည်း မကြိုးစားသလို မာမီကလည်း မမေး ခဲ့ ...၊



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို အန်တီက မမေးဘဲ နေပေမယ့် ဒါကို သူ အမှတ်တ… ကျော်လွှား ချန်လှပ်ခဲ့မယ်လို့ မင်း ထင်သလား .."

ချစ်သူ မပြောနိုင် မဆိုနိုင် ဖြစ်သွားခဲ့၏။ ဒါကို သူ ဘာလို့ မတွေ… မိခဲ့တာလဲ ..၊

"အန်တီ ဘယ်လောက်ထိ စေ့စပ်သေချာတဲ့လူမျိုးလဲ ဆိုတာ… မင်းက ပိုသိမှာပေါ့ .. အခု သူ မင်းအတွက် စီစဉ်ဖို့တွေ ထဖြစ်… အဲ့ဒါတွေနဲ့ မပတ်သက်ဘူးလို့ မင်း ပြောရဲလား .."

"ဖြစ်နိုင်ပေမယ့် မာမီ အဲ့လောက်ထိ စေ့စေ့ပေါက်ပေါက် မလိုက်… ခဲ့ဘူးပဲ ငါ ထင်တယ် .."

"ဘာဖြစ်လို့ ထင်တာလဲ .."

"ငါ ပျောက်နေတာတောင် သူ့လက်တံ ရှိသမျှ ဖြန့်ရှာခဲ့တာ… ငါ့ကို တွေ့မှ မတွေ့ဘဲ .."

"မင်း ဘယ်လိုနေရာ ရောက်နေမလဲဆိုတာ ခန့်မှန်းလို့ မ… မင်းက ပုန်းနေတဲ့သူလေ .."

ဒါကိုတော့ လက်ခံရမှာမို့ ချစ်သူ ခေါင်းညိတ်မိသည်။

"မင်း အိမ်ထောင်ရေးနဲ့ပတ်သက်တာတွေ တွေးမိတိုင်း အန်တီ… မမေ့ဖို့ ခေါင်းထဲမှာ အလန်း(မ်)ပေးထား .. ပြီးတော့ မင်းကောင်တွေ… နိုးရာပါပစ္စည်းတွေနဲ့ မိတော့ ဒီကောင်တွေက မင်းကိုယ်တိုင် … ဆောင်ရွက်တာပါလို့ အတိအကျ ထွက်ဆိုခဲ့တာ နော်.. အဲ့ဒါတွေ… သိလား .."

"မသိဘူး .."

"အေး .. အဲ့ဒါတွေကို အန်တီ ဘယ်လိုရှင်းသွားသလဲ မင်း… တော့တောင် မသိဦးမယ် .. မင်းနာမည် လုံးဝ မပါစေရဘဲ ဒီကောင်… ကို ထောင်ချပစ်တာ .. အရင်းနှီးဆုံး မိတ်ဆွေတချို့တလေတောင် မ… ပတ်သက်ခဲ့တာတွေကို မသိလိုက်ကြဘူး.. ပြီးတော့ မင်းကို အပူတ…





…ှာတာလေ .. သတင်းစာမှာ ကြော်ငြာထည့်ရင် မင်း အန္တရာယ်များ…ယ် .. သိက္ခာကျတယ် တဲ့ .."

သိက္ခာ ပဝါဆိုတာကြီး ပါလာတော့ ချစ်သူ့ မျက်နှာ ခပ်လွှဲလွှဲဖြစ်…ားသည်။

"ဘာပဲဖြစ်ဖြစ် ခုဆို မင်းအတွက် သူ အများကြီး အချိန်ပေးနေ…ာ .. မိဘမေတ္တာကိုတော့ နည်းနည်း ငဲ့ကွာ .."

"ငါက ဘာလုပ်နေလို့လဲ .."

"လုပ်မိမှာ စိုးလို့ပါ .. မင်းရဲ့ လွှန်လွှန်းခက် ရဲ့ အသိုင်းအဝိုင်းကို …န်တီ လက်ခံမယ် မထင်ဘူး .."

"ချစ်ချင်လို့ ချစ်မိသွားတဲ့ကိစ္စကို မိဘဆီမှာ ပါမစ် ပြေးယူနေရ…ားကွ .. မိဘမေတ္တာ ကြီးမားပေမယ့် ကိုယ့်ဘဝ လက်တွဲဖော်ကို …မေတ္တာနဲ့ ရှာလို့မရဘူး .. ကိုယ်ချစ်နေတဲ့မိန်းမကို အမေ လက်ခံပါ့…ဆိုပြီး ကြောက်ရွံ့ နောက်တွန့်နေလည်း .. ရတာကြီးလည်း မလို… .. လိုချင်တာလည်း မရနဲ့ ကောင်းလာဖို့ ဘာရှိသလဲ .."

"မင်းက သူမှသူ ဖြစ်နေပြီလား .."

"အဲ့ဒီလို ဖြစ်မဖြစ် ငါ့ကိုယ် ငါ နားလည်ဖို့ ကြိုးစားနေတာ .. …တိုင်း သား ရွှေအိုးထမ်းလာတာကို မြင်ချင်မှာပေမယ့် ဘုရား …င်းလို ပါရမီထူးတဲ့ ယောကျာ်းမျိုးလည်း ခုခေတ်မှာ မရှိဘူး.. ဘယ် …ကြားမှလည်း လာပြီး ဖန်ဆင်းပေးမှာ မဟုတ်ဘူး .."

"…စလာပြီ .."

"ဟုတ်တယ်လေ .. 'ဆင်စီးပြီး မြင်းရံတာ ..' မြင်ချင်တယ်ဆို… …ါ ဆင်စီးတဲ့ခေတ်မှ မဟုတ်တာ .. သက္ကရာဇ် နှစ်ထောင့် …လောက်ဆိုရင် ကိုယ်ပိုင်ဟက်စကီးတွေ ကိုယ်စီ စီးနေကြပြီ…

"…င်းပဲ စီးပါ .."



www.burmeseclassic.com

www.burmeseclassic.com



"ပြောပြတာ .."

ချစ်သူ က စီးကရက်တစ်ဝက် မကျသေးဘဲ ဖိချေပစ်ကာ –

"တစ်သက်လုံးက ငါ ထင်ရာ ငါလုပ်ခွင့်တွေ မာမီ ပေးထား တာ .. ခုကျမှ အနားသတ်မျဉ်းတစ်ကြောင်းနဲ့ တားဆီးဖို့ ကြိုးစား အဲ့ဒါ ရှော့ခ် အပြင်းစားပဲ .."

ချစ်သူ ပုံစံကို ကြည့်တည်းက ဒီ့ထက်ပိုပြီး ဆွဲဆောင်ဖို့ ကြိုး လည်း အပိုပဲဆိုတာ နားလည်သွားခဲ့၏။

"အေးပါ .. ငါက မင်းတို့ သားအမိ ထပ်ပြီး အဆင်မပြေဖြစ်ကြ ကို စိုးရိမ်လို့ပါ ..၊ မင်းလည်း လိုချင်တာ ရ .. မိဘလည်း ကြည်ဖြူ ဆိုတော့ အားလုံး မကောင်းဘူးလား .."

ချစ်သူ က မတည်မပြုံးမျက်နှာနှင့် ပတ်ဝန်းကျင်ဆီကို အကြ တွေ ပို့ထားခဲ့၏။ ဒါ ဘယ်လိုမှ အဆင်ပြေနိုင်ဖို့ မလွယ်မှန်း သူလ သိနေမှာပါ ..။

တစ်ဖက်ဖက်ကနေ နားလည် ကြည်ဖြူမှုကို မပေးနိုင်သ တော့ ..၊





## အခန်း (၃၁)

"ခေါ်လာမှာပေါ့ .. အစီအစဉ်ကိုက ဒါအတွက်ပဲဟာ မဇင် ရယ် ..ယ်လိုလဲ .. သမီးကရော လိုလိုလားလား ရှိရဲ့လား .."

"... ... ... ..."

ဖုန်းပြောနေသည့်အသံကြောင့် လှေကားရင်း ရောက်လာသည့် လှမ်းတွေ တုံ့သွားမိသည်။

ခုနကပဲ မင်္ဂလာပွဲ နောက်ကျမှာစိုးလို့ ဆိုပြီး အပြင်က ပြန်လာ ည့် သူ့ကို ရေချိုးပါ .. ပြင်ဆင်ပါနဲ့ ခုချက်ချင်းပဲ ထသွားတော့မှာလို ..

"ချစ် ရဲ့ သားလေးက အရမ်း အလိုလိုက်ထားလို့ အပြောအဆို ဆတ်ဆတ်နိုင်တာလေးပဲ ရှိတာနော် .. အသောက်အစား လောင်း း လုံးဝ ကင်းတယ် .."

"... ... ... ..."



www.burmeseclassic.com

www.burmeseclassic.com



"အို .. သူပေါင်းတဲ့ အပေါင်းအသင်းတွေကြောင့် သွားပုပ်လေ လွင့် ပြောကြတာပါ .. လူငယ်ဆိုတော့လည်း အပေါင်းအသင်းစုံသ ကောင်းတဲ့သူရော .. ဆိုးတဲ့သူရော ပါတာပဲလေ ..၊ သားလေးက လုံး အဲဒါတွေ မလုပ်ဘူး .. သားပုံစံကို ကြည့်ပါလား .. အဲဒီပုံ ပေါက်နေ လား .."

"... ... ... ..."

"တကယ်ပါ .. လုံးဝ အာမခံတယ် .. ကိုယ့်သားအတွက်လည် အာမခံတယ် .. အဲ့ဒီက သမီးရဲ့တစ်ဘဝလုံးကိုလည်း တာဝန်ယူတယ် ဒီက တစ်ဦးတည်းသော သားလေးပါ နော် .."

"... ... ... ..."

"အဟွန်း .. ဟွန်း .. သိပါတယ် .. သိပါတယ် ..၊ ဒါဆို ကိုယ့် တွေ ကိုယ် ပိုင်တာပေါ့နော် .. စိတ်ချလိုက်တော့မယ် .."

"... ... ... ..."

"စိတ်ချပါ .. သမီးကိုသာ ချစ် ရဲ့သားဘက်က နည်းနည်းပါး အပြောအဆို မညက်သောတာလေးတွေရှိရင် သည်းခံဖို့ ပြောထားပေ အားလုံး အိုခေစေရမယ် .."

ဒေါ်တင်မာချစ် ဖုန်းချလိုက်ရင်း ဒီဘက် လှည့်လိုက်တော့ တံခါ ဝမှာ ဒေါ်တစ်ဆစ် က ပန်းစည်းကိုင်ရင်း စောင့်နေ၏။

"ဩော် .. အဲဒါက သားအတွက်လေ .. သားလေး အပေါ်ကဆင် လာတာ တွေ့လား မတစ်ဆစ် .."

"မကိုင်ချင်ဘူးတဲ့ မမချစ် .. ကားသွားထုတ်နေတယ် ထင်တယ် ထွက်သွားပြီ .."

"အို.. ခက်တော့တာပဲ.. အပြင်ပြန်ထွက်သွားတာလား မသိဘူး"

ပန်းစည်းကို ယူလိုက်ရင်း လက်ကိုင်အိတ်နဲ့ ခေါက်ထားသည် ပဝါပါးကို လက်ဖျံမှာ ချိတ်၍ အပြင်ထွက်ခဲ့သည်။





"တောက်!..."

"ဒုန်း .."

"အမလေး!... ဟဲ့ .. ဟဲ့ .. ဘာဖြစ်လို့လဲ သား .."

"အား!..."

ညည်းသံသဲ့သဲ့နှင့် ဒူးကို ခပ်ကုန်းကုန်းဖိ၍ ချစ်သူ မျက်နှာက သည်။

ဒေါ်တင်မာချစ် က ကားနားထိ ပြေးဆင်းသွားကာ ...

"သား!... သား ဘာဖြစ်သွားတာလဲ .."

"တံခါးကျပ်နေလို့ ဖွင့်မရတာနဲ့ စိတ်တိုပြီး ကန်လိုက်တာ .."

"ဖြစ်ရလေ သားရယ် .. ကား အကောင်းစားကြီးကို တံခါးက ဖြစ်လို့ ဖွင့်မရရတာလဲ .."

"မသိဘူး .. သူ့ဘာသာ လော့ခ်ပြန်ကျပြီး ဖွင့်လို့ မရတော့တာ.."

ဒေါ်တင်မာချစ် ကားသော့ကိုယူပြီး ဖွင့်ပိတ်ကြည့်တော့ အကောင်း..၊ သားမျက်နှာကို ကြည့်ရင်း သက်ပြင်းချမိ၏။

"တော်တော် နာသွားလား သား .. ရရဲ့လား .."

"ရပါတယ် .."

သားလေးကို သူမ နွေးထွေးဖို့ ဘယ်လိုပဲ ကြိုးစားပေမယ့် င်မြင်ပါလား ..၊

မိဘတို့ရဲ့ အိမ်ထောင်ရေး ရိုက်ခတ်မှုကြောင့် ဖြစ်စေ ..၊ စီးပွားရေး မှာ ဖောင်းပေးခဲ့မိသော လွန်ကဲသည့် လောဘစိတ်ကြောင့် ဖြစ်စေ..၊ သားအပေါ်မှာ သူမတို့ဘက်က ဥပေက္ခာတွေ မည်မျှ်မည်မျှ ကျ တ်ခဲ့ပါစေ .. တစ်နေ့နေ့မှာ ဒီအကြောင်းတွေကို ပြောဆို ဆွေးနွေး ကြမည် ..၊ သားလေး နားလည်သွားလိမ့်မည်လို့ သူမ ထင်ထားခဲ့၏။ ခုတော့ ဒီလို မဟုတ်ခဲ့ပါလား ..၊

ကိုယ်က နွေးထွေးဖို့ ကြိုးစားပေမယ့် သားက ဥပေက္ခာရဲ့အရိပ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ပဲ ပေကပ် ရပ်နေခဲ့လျက် ...

"သား ရော .. မပါလာဘူးလား .."

"ဟင် .. ဟိုလေ .."

ဒေါ်တင်မာချစ် မိတ်ဆွေတွေကြားမှာ မျက်နှာငယ် အရှက်ရ‌ေ
သည်။

"ခုမှ နာလာတာ မာမီ .. လူတောထဲကို ထော့နင်း ထော့နင်း
မလိုက်ချင်ဘူး" တဲ့ ..။

ပါလာတုန်းက ဘာမှ မဟခဲ့ဘဲ ဟိုတယ်လ်ရှေ့ရောက်မှ ဒီတို
ပြော၍ ကျန်ရစ်ခဲ့သည်။

"ကျွန်တော် ဒီကပဲ စောင့်တော့မယ်" တဲ့ ..၊

"ပါမလာဘူး မဇင် ရယ် .. ကားပေါ် တက်ခါနီးမှ ခြေထော
ကို ထိနိုက်မိပြီး လမ်းလျှောက်မကောင်းတော့လို့ ကားထဲမှာပဲ နေခဲ့မ
တဲ့ .."

"ဩော် .. ဒီထိကို ပါလာပြီးမှလား .."

"ဟုတ်တယ် ပါလာတယ် .. အပြန်ကျမှပဲ သမီးနဲ့ မိတ်ဆက်ေ
တော့မယ် နော် .."

"ဟုတ်ကဲ့ .. ရပါတယ် အန်တီ .."

'ဇင်လွင်ရတနာ' ဆိုသော သူမလေးက ဆံပင်တွန့်တွန့်လေးေ
ကို ရင်ဘတ်တစ်ခြမ်းမှာ သိမ်းတင်ထားကာ မျက်နှာသွယ်သွယ်လေ
နှင့် ချစ်စရာလေး ဖြစ်သည်။

ပြီးတော့ မင်းသမီးတော့ မဟုတ်ပေမယ့် ကျော်ကြားသည့် ‌
ဒယ်လ်တစ်ယောက်ဖြစ်ကာ အရုပ်အမောင်း ကိုယ်လုံးကအစ ဘာ
အပြစ်ပြောစရာ မရှိအောင် လှနေ၏။

သူမလေးကို မြင်ရင်တော့ သား သဘောကျသွားမှာပါ.. ဒါပေ
သူမ အားခဲထားသည့်ပွဲမှာမှ သားက ပါမလာ ..၊





"ချစ် နော် .. ကိုယ်က ကိုယ့်သမီးကို ပိုင်တယ် .. ချစ် ဘက်ကပဲ
လိုတော့တာ .."

ဒေါ်သဇင်လွင် က ရယ်ရင်း ပြောနေတာပေမယ့် မျက်နှာပူရတာ
ကနေ သိမ်ငယ်ခြင်းသို့ ရောက်ခဲ့ရသည်။

'ဇင်လွင်ရတနာ'ကလည်း မိဘတွေအလယ်မှာ ပြုံးပြုံးချိုချိုလေးပဲ
ရှိနေခဲ့တာ အမူအရာ မပျက် ..၊

"သမီး ဖုန်းပြောလိုက်ဦးမယ် .. အန်တီ သမီးကို ခဏလောက်
ခွင့်ပြုပါ နော် .."

"အေး .. သမီး အေး .."

မိန်းကလေးဘက်က ယဉ်ကျေးပျူငှာနေလေ မျက်နှာပူရလေ ..၊

ဖုန်းပြောဖို့ ထထွက်သွားသည့် သူမလေးရဲ့ စိမ်းပြာရောင်ဝတ်စုံ
ျော့ကပ်ကပ်ကနေ ကိုယ်လုံးလှလှလေးကို ငေးကြည့်ရင်း သား မြင်ရင်
တော့ ငြင်းနိုင်မှာ မဟုတ်တာကို တွေးမိနေသည်။ ပြီးတော့ မချင့်မရဲ
ဖြစ်နေရ၏။

ထည်ဝါတောက်ကြွားလွန်းသည့် ဇင်လွင်ရတနာ ၏ အလှတရား
တွေကို မြင်နေရလေ .. သူမ သိထားခဲ့သော မျက်နှာလေးတစ်ခုကို
သတိရနေမိလေ ..၊

သူမက လွန်လွန်းခက် ဆိုသည့် မိန်းကလေး ..၊

"အဲဒီအိမ်မှာ ချစ်သူ နဲ့ ရွယ်တူတန်းတူအရွယ် မိန်းကလေး သူပဲ
ရှိတယ် .."

သား ပြန်ရောက်လာတာနဲ့ သူမ အပူတပြင်း စုံစမ်းလိုက်တော့
သား နေခဲ့တဲ့အိမ်က မိသားစုဝင်တချို့နှင့် တိုက်ခန်းစုတ်စုတ်လေးကို
မြင်ခဲ့ရသည်။

"အဖေကတော့ တက္ကစီသမားပဲ .. အစ်ကိုတွေလည်း ရှိတယ် ..
အခု သူနဲ့အတူတူ ဆိုင်ထိုင်နေတဲ့ မိန်းကလေးက သူ့ယောက်မ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



မယ် .. အဲ့ဒီအိမ်မှာ စိတ်မနှံ့တဲ့လူတစ်ယောက် ရှိတယ် .. စုံစမ်းကြည့်တော့ သိပ်တော့ မရေရာဘူး .. ဒါပေမယ့် မမချစ် ကလည်း ဒီလောက်ပဲ သိချင်တာမို့လား ..''

''အစ်ကိုနှစ်ယောက်ကတော့ ပညာတတ်တွေပါ .. ဘာတွေလဲတော့ မသိဘူး .. ဆင်းရဲပေမယ့် စုတ်ပြတ်သပ်နေတဲ့ အဆင့်အတန်းမျိုး မဟုတ်တာတွေပေါ့ .. ကိုယ့်မာနနဲ့ကိုယ် ရပ်တည်နေကြတဲ့ လူတန်းစားမျိုး''တဲ့ ..။

ဘာတွေပဲဖြစ်ဖြစ် ဆင်းရဲချို့တဲ့ခြင်းကို ဘယ်လိုအရာက အစားထိုးပေးနိုင်လို့လဲ ..၊

မာနကြီးဖို့ဆိုတာလည်း ငွေရှိမှ ဖြစ်တာ .. သိလစောင့်ဖို့က အမွှမ်းတင်မှ ..၊

သားလိုလူကို သူတို့တွေ ကောင်းကောင်းမွန်မွန် စောင့်ရှောက်ထားကြတယ်ဆိုတာ ကျေးဇူးတင်မိပေမယ့် အကျိုးလိုလို့ ညောင်ရေလောင်းတာပဲ ..။

ဒေါ်တင်မာချစ် ညှို့ခံပွဲ မပြီးမချင်း မြင်မြင်သမျှ ရောင်စုံမီးတွေ .. အပြုံးအရယ်တွေက အသက်မဲ့နေကြသလိုလို .. ပူလောင်နေသလိုလို..၊

လူရှင်းတွေမို့ ထပြန်လာလို့ကလည်း မကောင်း ..၊ ပြန်ထွက်လာကြတော့ သားကို အရင် လှမ်းကြည့်မိသည်။

ဘယ်ရောက်သွားပြန်ပြီလဲ ..၊

''ချစ် တို့ ကားက ဘယ်မှာလဲ ..၊ သားက ကားထဲမှာလား ..''

မဖြေနိုင်သည့်မေးခွန်းကို ဥပေက္ခာထားလိုက်ရသည်။ သားကို ကားနားမှာ မတွေ့ဘဲ ဝမ်းပို့ဂိုင်သရီး ဆီးရောင်ကားလေးရဲ့ဘေးမှာ စီးကရက်သောက်လျက် မြင်လိုက်ရကာ ...

သား ..၊

လုပ်ချလိုက်ပြန်ပြီ.. လို့ စိတ်ထဲက ရေရွတ်ရင်း 'သားက ဟိုမှာ'လို့





ဘယ်လို ပြောရမှန်း မသိ ..၊

''ဟော .. မဖင် တို့ မိသားစုပါလား .. ကိုယ်တွေပဲ နောက်ကျန်နေခဲ့တယ် မှတ်တာ ..''

အသိတစ်ယောက်၏ ခေါ်သံကြောင့် ဒေါ်သဖင်လွင် ထိုဘက်ကို အာရုံရောက်သွားစဉ် ဒေါ်တင်မာချစ် နေရာမှ ကမန်းကတန်း ခွာလာခဲ့သည်။

လက်ကိုင်အိတ်ကို ပြန်ဆွဲတင်စဉ်မှာ ခြုံထားသည့်ပဝါက ငြိပါသွားသဖြင့် အမှတ်တမဲ့ပုံစံက ဖရိုဖရဲ ဖြစ်သွားသည်။ ဒါလည်း သေချာပြင်ဆင်ဖို့ အချိန်မရဘဲ ကမန်းကတန်း ဆွဲတင် ဆွဲချနှင့် ပြေးလွှားပြုပြင်ရင်း ...

''သား ..''

မကြားလောက်သေးသည့် အကွာအဝေးကနေပဲ လှမ်းခေါ်မိ၏။ အရေးကြီးတာက သောက်နေသည့် နှုတ်ခမ်းဖျားက စီးကရက် အလျင်အမြန် ဖယ်ရှားပစ်နိုင်ဖို့ ..၊

ထိုစဉ် သူမထက်အရင် လူငယ်တစ်ယောက်က ချစ်သူ နား ရောက်သွားခဲ့ပြီး ...

''ဟေး .. အံမာ ..''

''ကိုလေး ..''

ကိုလေး က ချစ်သူ ပခုံးကို ဖြန်းခနဲ ပုတ်၍ ခြေဆုံးခေါင်းဆုံးကြည့်၏။ ပြီးတော့ လက်ကြားထဲက စီးကရက်ကို ဆွဲယူလိုက်ကာ ...

''ဆရာလုပ်တာ မဟုတ်ဘူး နော်.. အဟွန်း .. ဒါပေမယ့် .. မလုပ်ရဘူး ..''

စီးကရက်ကို မြေပြင်ပေါ် ပစ်ချ၍ ဖိနင်းပစ်လိုက်သည်။ ချစ်သူက စီးကရက်ကို တစ်ချက်တော့ ငုံ့ကြည့်ပေမယ့် ထိုမျက်နှာပေါ် ပြန်ရောက်တော့ ပြုံးရယ်နေကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုလေး ဂျပန်ထွက်သွားပြီ မှတ်တာ .."

"မသွားဖြစ်ဘူးကွ .. အိမ်မှာ ညီအငယ်ဆုံးလေး စိတ်ကောက်နေတော့ .. သိတယ်မို့လား .. ဟွန်း .."

"ဦးလေးက မသွားနဲ့လို့တော့ မတားပါဘူး .."

"အေး .. အဲ့ဒါက ပိုဆိုးတာ.. တကယ်တမ်းကျတော့ကွာ .. အိမ်မှာလည်း မပြေလည်မှုတွေနဲ့ ငါ မသွားချင်တော့ပါဘူး ..၊ ကိုယ် ရှာပေးနိုင်တာက နောက်မှ .. ကျန်ခဲ့မယ့်လူတွေ ဒုက္ခများနေကြမှာလေ .."

"ဟုတ်တယ် .."

"ငါ ဘာပြောပြော ဖေဖေကလည်း တက္ကစီဆွဲနေတာကို ရပ်ပစ်မှာ မဟုတ်ဘူး .. တိုက်ခန်းဟောင်းတွေ အသစ် ပြန်ဆောက်တော့မယ့် စီမံကိန်းတွေကလည်း ဘယ်တော့လာမလဲ မသိဘူး .. ငါ့အတွက် ထားတဲ့ငွေက ခုချိန်မှာ အိမ်အတွက် အများကြီး အထောက်အကူရမှာ .."

"ကျွန်တော်က ကိုလေး အဲ့ဒီလို ပြောင်းလဲသွားမယ် မထင်ခဲ့ဘူး.."

"ဟား .. ဟား .. ဟား ..."

နေလွန်း က ရယ်နေကာ ဘောဘီကို ငေးကြည့်သည်။

မလှမ်းမကမ်းမှာ ရှိနေကြသည့် လူတွေထဲမှာ ဒေါ်တင်မာချစ် ကိုလည်း မြင်သည်။ ဒါပေမယ့် ချစ်သူ ရဲ့အမေဆိုတာကို မသိ ..၊

"အားလုံးပဲ မင်းလိုပေါ့ကွာ .. လူတွေက ငါတို့မိသားစုအကြောင်းမှ မသိကြတာ .."

"ဘာတွေကိုလဲ .."

"လူတွေအများကြီး စုဝေးနေကြပေမယ့် ရင်ဘတ်တစ်ခုတည်းဆိုတာ .."

"အဟွန်း .."

"မင်းက ဒီမှာ ဘာလာလုပ်နေတာလဲ ..၊ အိမ်ကိုလည်း တစ်ခေါက်မှတောင် အလည်ပြန်မလာဘူး ဆို .."





"ကျွန်တော်က ညှို့ကောင်းစောင်ကောင်းမှ မဟုတ်တာ.. အလည်လာချင်ရင်လည်း .."

"ဟော့ .. တော် .. တော် .. ညှို့ကောင်းစောင်ကောင်းမှ လက်ခံတတ်ဟဲ့အိမ်ထဲမှာ ငါတို့တွေ မပါဘူး နော် .. မင်းကို ဖေဖေက ခဏခဏ ပြောပါတယ် .. ခြေထောက်ကဒဏ်ရာ အကောင်းမသေသေးဘဲ ဘယ်လိုစားပြီး ဘယ်လိုနေနေလဲ မသိဘူး တဲ့ .."

ချစ်သူ ခပ်ယဲ့ယဲ့ပြုံးကာ မာမီ ရှိနေတဲ့ဘက်ကို မျက်ဝန်းထောင့်ကနေ ကစ်ချက်တော့ လှမ်းကြည့်ဖြစ်၏။

"ဘယ်လိုလဲ ချစ်သူ .. မင်း အဆင်ပြေရဲ့လား .."

နောက်ထပ် လက်မောင်းကိုင်ပြီး မျက်နှာကို စိုက်ကြည့်၍ ...

"မင်း ပြောပြသွားတာတွေ ဖေဖေတို့ ငါ့ကို ပြန်ပြောပြတယ် .. အမှားကို ဝန်ခံရဲတာ ကောင်းပါတယ် .. ဒါပေမယ့် ဝန်ခံလိုက်တာနဲ့ ပြီးမသွားဘူးဆိုတာတော့ မမေ့နဲ့ .."

နေလွန်း က ချစ်သူပုံစံကို အကဲခတ်ပြီး ဘယ်လို တွေးမိသွားသည် မသိ ..၊

"ငါတို့က လူတစ်ယောက်ကို သံယောဇဉ်နဲ့ပဲ ကြည့်တဲ့လူတွေပါ.. မင်းနဲ့ ငါတို့ မိသားစုမှာ တခြားရှောင့်ခ် ဘာမှမရှိဘူး .. လိုအပ်ရင် အချိန်မရွေး လာလို့ရတယ် .."

ချစ်သူ က မျက်လွှာချထားရင်း မချိတရိအပြုံးနှင့် ခေါင်းညိတ်၏။ ဒါကို နေလွန်း က သူ ဖိနင်းပစ်လိုက်သည့် စီးကရက်ကို ချစ်သူ ငုံ့ကြည့်နေသည်ထင်ကာ ...

"ဆောရီး..၊ ကွာ .."

ထပ်ပြောပြီး စီးကရက်ကို တစ်နေရာ ရွှေ့သွားအောင် ခြေထောက်နဲ့ တိုက်ထုတ်ပစ်လိုက်၏။

"မင်းကို ရုတ်တရက် မြင်လိုက်ရတော့ စိတ်ထဲမှာ တစ်မျိုးဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သွားလို့ပါ .. အခု နေရေးထိုင်ရေး အဆင်ပြေရဲ့လား .."

"ပြေပါတယ် .. ကိုလေးက ဒီမှာပဲ အလုပ်လုပ်တော့မှာလား .."

"အေး .. ဒီမှာပဲ ဆော့ဖ်ဝဲတွေရေးရင်း ကိုယ်ပိုင်အလုပ် ထူထောင်မယ်ကွာ .. ငါတို့သူငယ်ချင်းတွေ တိုင်ပင်ထားပြီးပြီ ..၊ ငါလိုပဲ ဂျပန်မသွားတော့ဘူးလို့ ဆုံးဖြတ်တာ နှစ်ယောက် ရှိသေးတယ် .. ကိုကိုလွင်ကတော့ အမိကပေါ့ .. သူက ငွေထုတ်နိုင်တဲ့လူလေ .."

"သြော် .."

ချစ်သူ မျက်လုံးထဲမှာ လွန်လွန်း ကို ယုယမြတ်နိုးမကုန်စွာ အရိပ်တကြည့်ကြည့် ရှိနေတတ်သည့် ကိုကိုလွင် မျက်နှာကြီးက ပီပြင်စွာ ပေါ်လာ၏။

"မင်း စိတ်ဝင်စားမယ်ဆိုရင် အိုင်တီသင်တန်း တက်ထားမလား.. ဒီတိုင်းနေလည်း အချိန်တွေ ကုန်သွားမှာပဲ .. နောက်ထပ် ဒီပလိုမာတစ်ခု တိုးမယ် .. ငါတို့တွေ အလုပ်ထဲမှာလည်း ပြန်ဆုံလို့ ရတယ် .."

သူ ဘာမှ မပြောရသေးဘဲ သင်တန်းတက်မယ်ဆို သူ ကူညီမယ့် အကြောင်းတွေပါ ပြောသွားသေးသည်။ စကားမပြတ်ခင် သူငယ်ချင်း ရောက်လာပြီး ခေါ်သွားသဖြင့် နေလွန်း ပါသွားခဲ့၏။

'ဒီမှာ ဘာလာလုပ်တာလဲ' လို့ ဟိုတယ်လ်ကို ပြန်ကြည့်ပြီး နားမလည်စွာ မေးခဲ့ပေမယ့် ချစ်သူ ပြန်မဖြေဖြစ်ခဲ့ ..၊

"သား အပြင်မှာ နေခဲ့ချင်တာ သူငယ်ချင်းနဲ့ စကားပြောချင်လို့ ထင်တယ် .."

ဒေါ်တင်မာချစ် မျက်နှာက ပြုံးနေပေမယ့် မြေပြင်မှာ နင်းချေခံထားရသည့် စီးကရက်ကို အကြည့်ရောက်ကာ ...

"ဒါမှမဟုတ် စီးကရက် သောက်ချင်လို့လား .."

"မဟုတ်ပါဘူး .."

"ဘာကို မဟုတ်ဘူး ပြောတာလဲ သား .."





"မာမီ ခေါ်လို့ လိုက်လာတာပဲ .. သူနဲ့တွေ့ဖို့ ချိန်းထားတာမှ မဟုတ်တာ .."

"ဒါပေမယ့် သားတို့ ရင်းနှီးပုံက အံ့သြစရာပဲ .. သားရဲ့လက်ကြားထဲက စီးကရက်ကိုတောင် ပိုင်စိုးပိုင်နင်း ဆွဲဖြုတ်ပြီး နင်းပစ်လိုက်တာ .."

"မာမီ မြင်လိုက်တဲ့လူက ကျွန်တော့် ကျေးဇူးရှင် မိတ်ဆွေပါ .. သူငယ်ချင်းထက် ပိုပါတယ် .."

"သြော် .."

ဒေါသနှင့် ဆက်ဆံခဲ့သော မာမီ့မျက်ဝန်းထဲက စူးရဲနေခြင်းတွေ.. စကားလုံး ပုံစံမမှန်ခဲ့ခြင်း အားလုံးက အိမ်ပြန်ရောက်တဲ့အထိ တိတ်ဆိတ်စွာ အုံ့ဖွဲ့နေခဲ့၏။

ပြီးတော့ ဧည့်ခန်းထဲရောက်တာနှင့် သူ့ခြေထောက်တွေကို သေချာ ပြန်ငုံ့ကြည့်ကာ ...

"သားရဲ့ခြေထောက်တွေက ဘယ်တုန်းက ပြန်ကောင်းသွားတာလဲ .."

"ဒဏ်မဖြစ်လို့ ပြန်ကောင်းသွားတာ နေမှာပေါ့ မာမီ .."

"မာမီနဲ့ မလိုက်ချင်လို့ ကောက်ကပ်နာသွားတာတော့ မဟုတ်ဘူးမို့လား .."

"နာတာကိုတော့ ဟန်ဆောင်လို့ မရပါဘူး .. တကယ်နာအောင် တကယ်လုပ်မှပဲ ဖြစ်မှာ .. မာမီက ကျွန်တော့်ကို အဲ့လို ထင်လို့လား.."

"ထင်တာ မဟုတ်ဘူး .. မေးကြည့်တာ ..၊ သားပုံစံကလည်း မေးချင်စရာ ဖြစ်နေတာလေ .. မာမီတို့ ပြန်ထွက်လာကြကာမှ စီးကရက် လက်ကြားညှပ်ပြတာကရော .."

"အဲဒါတွေကို တမင်တကာတွေလို့ မာမီ ဘာဖြစ်လို့ ထင်သွားတာလဲ .."



www.burmeseclassic.com

www.burmeseclassic.com



"မာမီ့သားအကြောင်း မာမီ သိနေလို့ပေါ့ကွာ .."

ချစ်သူ က ပြုံးတော့မလို မဲ့တော့မလို မျက်နှာနှင့် ဆိုဖာမှာ ထိုင်ချ လိုက်၏။ စိမ်းပြာရောင် ရှပ်အင်္ကျီနှင့် ကုတ်အင်္ကျီအနက်ရောင်က ဖွေးနု နေသည့်မျက်နှာနှင့် လိုက်ဖက် တင့်တယ်နေ၏။

ဆံပင်တွေ ဘယ်လိုရှည်ရှည် .. ဘယ်လောက်ပွပွ သူ့မျက်နှာမှာ ကြည့်ရဆိုးသွားတာမျိုး ဘယ်တော့မှ မဖြစ် ...၊

"သားက မာမီ့ကိုဆို နာခံမယ် .. လိုက်လျောမယ်ဆိုတာ မရှိဘူး.."

"မာမီ့ကို ကျွန်တော် ဘာများ အတိုက်အခံ လုပ်ခဲ့လို့လဲ ...၊ တစ် သက်လုံး မာမီ ထားသလို နေခဲ့တာ .. ကျွန်တော် နေတတ်သလို နေခဲ့တဲ့ အတွက် ကျွန်တော့်မှာလည်း ကိုယ်နဲ့ သင့်တင့်တဲ့ ပတ်ဝန်းကျင်ဆိုတာ ရှိလာတာပဲ .."

ဒေါ်တင်မာချစ် က ဘာမှမပြောဘဲ ချစ်သူ မျက်နှာကိုသာ စိုက် ကြည့်နေခဲ့၏။

သားနဲ့ သူမ ဘယ်လောက်ထိ အလှမ်းကွာနေခဲ့သလဲဆိုလျှင် ဒီလို စကားတွေ ပြောတတ်နေတဲ့ ကိုယ့်သားကို မယုံနိုင်အောင် ဖြစ်နေခဲ့ရ သည်။

ဒီစကားမျိုးတွေကို ပြောတတ်နေတဲ့ အရွယ် ...၊ ဒီလိုအသိတွေ ကြွယ်ပိုးကြွယ်ဝဖြစ်နေလောက်တဲ့ သားဘက်က ရင်ဆိုင်ခဲ့ရခြင်းတွေကို ခုမှ သတိထားမိလာ၏။

ပြုံးပြက်လက်နေသည့် မျက်ဝန်းတွေ သူ့ကို စိုက်ကြည့်ရင်း အမျိုး မျိုး ပြောင်းလဲနေတာကို ချစ်သူ ကလည်း ထိုင်ရင်းကနေ ပြန်မော့ကြည့် နေခဲ့လျက် ...

"မာမီနဲ့ ကျွန်တော့်ကြားက မညီညွတ်မှုက ငွေကြေးတိုင်တာခြင်း ကနေ စခဲ့တာ .. ဘဝတစ်ခုကို မာမီက ငွေကြေးနဲ့ တိုင်းတာတယ် - ကျွန်တော်က ငွေကြောင့် အရာရာ ခြောက်ခန်းသွားတာလို့ မြင်တယ်-





-မီ ငွေကြေးဂုဏ်ခနကို သေလုမြောပါး ဖက်တွယ်နေချိန်မှာ ကျွန် -တ်ကတော့ အသေအကြေ မုန်းနေခဲ့တာ .."

"သားက လေလွင့်ရွက်ဝါလို လွင့်မျောသွားပေမယ့် ပြာပူထဲကို -ကျခဲ့သေးဘူးလေ .. အရိပ်မှာ နေလာရတဲ့လူက နေပူမှာကို ဘယ် -ကြောက်တတ်မလဲ .. ကိုယ့်ကိုယ်ကိုယ် နှံ့စပ် လည်ဝယ်နေပြီ ထင်ပေ -ယ့် မာမီ့သား ဘာမှ မသိသေးပါဘူး .. အဲ့ဒါ ဘာဖြစ်လို့လဲ သိလား - .. သားက မာမီ့သား ဖြစ်နေလို့လေ..၊ 'ချစ်ဖူးငုံ' စိန်တိုက်ပိုင်ရှင်မှန်း -နေတဲ့လူတွေ ရှိတယ် .. သားရဲ့အင်္ကျီရပ်ကို မြင်ပြီး အထင်ကြီးလက်စ - လိုက်လျောနေကြတာတွေလည်း ရှိမယ် .. မာမီ့သား ဒုက္ခဆိုတာကို -မလည်သေးပါဘူး .."

"ဟုတ်မှာပါ .."

ချစ်သူ က ထိုင်ရာမှ ခပ်ဖြည်းဖြည်း ထရပ်လိုက်ကာ ...

"မာမီနဲ့ စိန်တိုက်ကို တစ်နိုင်ငံလုံး မသိတဲ့လူ မရှိတော့ဘူးပဲ -လိုက်ပါ .. ဒါပေမယ့် မာမီ့ရှေ့မှာပဲ ကျွန်တော့်လက်ထဲက စီး -ရက်ကို ဆွဲဖြုတ်သွားတဲ့တစ်ယောက်ကတော့ ကျွန်တော့်ကို နေစရာ -ရာရှိရဲ့လားလို့ စိုးရိမ်ပြီး လာနှုတ်ဆက်တာ .."

ချစ်သူ မျက်နှာက ပြေပြစ်ဖို့ ကြိုးစားရင်း နှုတ်ခမ်းတွေ တင်းခနဲ -စ်လိုက်သည့်အခါမှာ နာကျင်မှုတွေအပြည့်နှင့် ...၊

"မာမီ့ အသိုင်းအဝိုင်းတွေရှေ့မှာ ကျွန်တော် စီးကရက်သောက် -ကို မာမီ အရမ်း စိတ်ဆိုးသွားတယ်မို့လား .."

"အေး .. မင်းလည်း ဒီတိုင်းဖြစ်အောင် တမင်လုပ်လိုက်တာပဲ - .."

"ဟုတ်တယ် .. ဒါပေမယ့် မာမီ စိတ်ဆိုးသွားစေချင်တာ မဟုတ် - အရှိကို အရှိအတိုင်း မြင်သွားစေချင်တာ .."

"ဘာ!... ဘာပြောတယ် .."



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်သာ အပြေးမကောင်းခဲ့ရင် မူးယစ်ဆေး သုံးစွဲမှု ဖောက်ထွင်းမှုတွေနဲ့ ခုလောက်ဆို ထောင်ထဲမှာ .."

"တော်စမ်း သား .."

ဒေါ်တင်မာချစ် စကားသံတွေက တုန်ယင်နေကာ ...

"အရှိန်အဝါဆိုတာ အဲ့ဒါပဲ.. တင်မာချစ် ဆိုတဲ့ မိန်းမက ကို သားကို ငှရဲကြီးရှစ်ထပ်မှာ ကျနေရင်တောင် ပြန်ဆွဲတင်နိုင်တယ် .. အဲ့ဒါကို မင်း နားလည်ဖို့ပဲ လိုတာ .."

"ကျွတ်လွတ်ချိန်မတန်ဘဲ မာမီ ဆွဲတင်လိုက်ရင် သူ ရင်ဆိုင် တာတွေကို ဘယ်မေ့မလဲ မာမီ .. အဲဒါတွေကို မာမီ ဖျောက်ဖျက် လား .. မာမီ့လူတွေကိုရော မာမီ့သား ငရဲကျခဲ့ဖူးတာကို ပြောပြခဲ့ လား .."

ဒေါ်တင်မာချစ် နှုတ်ခမ်းကို ဖိကိုက်ရင်း အံကြိတ်ထား၏။ ဒီသ ကို ရက်စက်ရင့်သီးစွာ တစ်ခါမှ မပြုမူခဲ့ဖူးဘဲ စိတ်ရှိလက်ရှိ ရိုက်ပု ကိုင်ဆောင့်ပစ်ချင်စိတ်တွေ ဖြစ်လာမိ၏။

"မာမီ့အသိုင်းအဝိုင်းတွေ လက်ခံဖို့ ကျွန်တော့်အပြစ်တွေကို ဖုံးဖိ ပြောနေရတယ် .. ဒါပေမယ့် ကျွန်တော့်ကို ကယ်တင်ခဲ့တဲ့လူ က ကျွန်တော့်ကို ငရဲထဲ ပြန်မရောက်အောင် လက်ချင်းဆက်ပြီး ဆွဲ ပေးကြတာ ..၊ သူတို့တွေ ကျွန်တော့်ကို မာမီ့သားမှန်း မသိကြပါဘူ သူတို့ သိထားခဲ့တာ ကျွန်တော်က ရဲလိုက်လို့ ပြေးနေရတဲ့ ..ဆေးလ သုံးဖူးပြီး မိဘအိမ်ကို ဖောက်ထွင်းတဲ့ ကြံ့ရာပါကောင်ပဲ .."

"အဲ့ဒါတွေ ထပ်မပြောနဲ့ သား .. မှားခဲ့တာကို မှားမှန်းသိ ပြင်လိုက် .. ဒါကို ထပ်ခါထပ်ခါ ရေရွတ်နေတာ ဂုဏ်ယူစရာ မဟု ဘူး .."

"ကျွန်တော် ခံစားခဲ့ရတာ လတ်လတ်ဆတ်ဆတ်ကြီးပဲ ရှိ တာ .."





ချစ်သူ က တိတ်စမ်းဆိုလို့လည်း မရ .. တော်တော့လို့ တားပေ ယ့်လည်း ပြောနေဆဲ ဖြစ်လျက် ...

"ကျွန်တော် မာမီ့သား မဟုတ်တော့တာ ကြာပြီ ထင်တယ် .."

"ဘာ!... မင်း!..."

"ကျွန်တော် ပျက်စီးချင်တိုင်း ပျက်စီးနေခဲ့တာ .. မာမီ ဖုံးကြဲခိုင်း သားတဲ့ ငွေတွေနဲ့ ကျွန်တော်က ကုဋေရှစ်ဆယ် သူဌေးသား .."

"မင်းက ပညာတတ် အသိဉာဏ်ကြွယ်တဲ့ လူငယ်တစ်ယောက် .. မင်း ဆိုးခဲ့သမျှဟာ မာမီ့ကို ရွဲ့နေခဲ့တာတွေ ..၊ မိဘမေတ္တာကို ထင်လွဲ စော်ကားလို့ ဖြစ်ရတဲ့ ဒုက္ခတွေချည်းပဲ .."

"ကျွန်တော်ကတော့ နေတတ်သလို နေခဲ့တာတွေပါ ..၊ ဖြစ်ချင် ဖြစ် ဆိုတဲ့ စိတ်ကလည်း ကျွန်တော်ကိုယ်တိုင် တစ်ခုခု ဖြစ်သွားဖို့ လိုလားနေခဲ့လို့ .."

ဒေါ်တင်မာချစ် မျက်လုံးတွေ ပြူးထွက်လာသလိုရှိကာ မျက်ခုံး ပါ တွန့်ကုတ်သွားခဲ့၏။

"မင်း .. ဘာပြောလိုက်တယ် သား .."

"အစုန်အဆန် မျောနေတဲ့ လူပဲ မာမီ .. မိုးကြီးတာ ရေလျှံတာ ာက်ကို ဂရုစိုက်ဖို့မှ မလိုတာ .. ကျွန်တော် အပြစ်ကျူးလွန်မိပြီဆို ည်းက မာမီ့ဆီက ခွင့်လွှတ်မှုကိုလည်း မမျှော်လင့်ဘူး .. ဘယ်လို ကောင်းအောင် အဖတ်ဆယ်မယ်ဆိုတဲ့စိတ်လည်း မမွေးခဲ့ဘူး ..၊ ဒီလို ခပ်ရိုင်းရိုင်း ပုံပန်းမကျတဲ့ ကျွန်တော့်လိုလူကို သူတို့တွေက ကြည်ကြည်ဖြူဖြူ လက်ခံခဲ့တယ် .. ပြုပြင်ပေးဖို့လည်း ကြိုးစားကြ ယ် .."

ဒေါ်တင်မာချစ် ဘာမှမပြောဘဲ ငြိမ်နေခဲ့၏။

ချစ်သူ က ဆံပင်တွေကို လက်နှစ်ဖက်စလုံးနဲ့ ထိုးသိပ်ရင်း ခဲ့မဲ့ ရယ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ရဲ့ စိတ်ဓာတ် .. ပျူငှာမှုတွေကို အံ့ဩရင်းနဲ့ နားလည်လာခဲ့တယ် .."

"မင်း ပြောနေတဲ့ သူတို့ ဆိုတာတွေက မင်းကို ကားနဲ့ တိုက်မိ အိမ်ခေါ်သွားတဲ့ လူတွေလား .."

"ဟုတ်တယ် .. မာမီ ဘယ်လိုမှ လက်ခံယုံကြည်ဖို့ မလွယ် သူတို့ရဲ့ စေတနာတွေက ကျွန်တော့်ကို မလွဲသာလို့ ဆေးကုပေးရတဲ့ ဆိုတာထက် အများကြီး ပိုတယ် မာမီ .."

"သြော် .. မင်းက လပိုင်းလောက်လေး အတူနေခဲ့ရတဲ့ လူတွေ တော့ သိပ်ကို ကျေးဇူးတင် နားလည်ခဲ့တာကိုး .."

"လပိုင်းဆိုပေမယ့် နေ့ နာရီတွေနဲ့ တွက်ကြည့်ရင် မာမီနဲ့ ကျွ တော် အိမ်မှာ အတူရှိနေကြတဲ့ အချိန်တွေထက်တောင် ပိုဦးမှာပါ -"

"သား .."

"ကျွန်တော် မာမီ့ကို ကြေးနိုင်းစကား ပြောနေတာ မဟုတ်ပါဘူး ကျွန်တော့် ခံစားချက် နိုင်မာခဲ့ရတဲ့အကြောင်းရင်းကိုပဲ မာမီ လက်ခံ ချင်တာ .."

ဒေါ်တင်မာချစ် မျက်ရည်တို့ ဝေ့ဝေ့ဝဲဝဲ ဖြစ်လာခဲ့လျက် ..၊ ပ အတူ လက်ကိုင်အိတ်ကို ဆိုဖာပေါ် ပစ်ချလိုက်ကာ ...

"သားက မာမီ့ကိုတော့ နားမလည်ခဲ့ပေမယ့် အခု သားကို မာ နားလည်သွားပြီ .."

မျက်လုံးချင်း ဆုံချိန်မှာ မာမီ့မျက်ရည်တွေကြောင့် ချစ်သူ ချ ချင်း မျက်နှာလွှဲပစ်မိ၏။ သူ့ရှေ့မှာ မာမီ မျက်ရည်ကျခဲ့တာ ဒါပါနဲ့ နှစ်ကြိမ် ရှိခဲ့ပြီ ..။

ရင်ထဲမှာ စူးနစ်သွားပေမယ့် မာမီ မျက်ရည်မကျအောင် သူ သိမ့်တတ်ဖေ ..၊ မာမီနဲ့ သူ့ကြားမှာ အဲ့ဒီလောက်ထိ ရင်းနှီးမှု နည် ခဲ့တာ ဖြစ်၏။





"မာမီ ဘာလုပ်တော့မယ်ဆိုတာ သား သိနေတယ်မို့လား .. မာမီ ့ ခြေလှမ်းကို သားက သိနေလို့ .. ရှေ့ကသွားတိုင်း နောက်က လိုက် ်နေတာ .."

ချစ်သူ လွှဲထားသည့် မျက်နှာကိုလည်း ပြန်မလှည့် ..၊ ဘာစကားမှ ည်း မဆို ..၊ တိတ်တိတ်နေခြင်းဟာ ဝန်ခံခြင်းပဲမို့ သူမ ထင်ခဲ့သမျှ ချာသွားခဲ့ကာ ...

"ဒါဆို .. ဒီနေ့ သား ကိုယ့်ကိုယ်ကိုယ် တမင် ဒဏ်ရာရအောင် ပ်ခဲ့တာပေါ့ .."

"... ... ... ..."

"နာတာကို ဟန်ဆောင်လို့ မရလို့ .. တကယ်နာအောင် တကယ် ပ်ပစ်ခဲ့တာပဲ .."

"... ... ... ..."

ဒေါ်တင်မာချစ် ချစ်သူ ထံမှ စကားအပြန်ကို စောင့်ပေမယ့် ဝန် ည်း မခံ ..၊ ငြင်းလည်း မငြင်း ..။ သူမ၏စကားသံ ရပ်တန့်သွားခဲ့ င်း တိတ်ဆိတ်ခြင်းကသာ စိုးမိုးနေခဲ့လျက် ...

"စီးကရက် သောက်နေတာကရော .. တမင်တကာပဲလား .."

"... ... ... ..."

"မာမီ့ကို တစ်ခုခု ပြန်ပြောဦး သား .. ဝန်ခံနေတာလား .. ငြင်းမလို့ .."

ချစ်သူ က တုတ်တုတ်မျှ မလှုပ်ဘဲ စူပွပွမျက်နှာနှင့် ဆိုဖာမှာ ထိုင်ချလိုက်သည်။ ဒေါ်တင်မာချစ် က ရှေ့ကို နှစ်လှမ်းလောက် တိုးလာပြီးမှ ရပ်တန့်ကာ ...

"ဟုတ်တယ် .. မင်းကို မပြောသေးဘဲနဲ့ မာမီ စီစဉ်နေတာ .. မယ့် ပြောခဲ့သည်ဖြစ်စေ .. မပြောရသေးဘူးဖြစ်စေ .. မမို့သား ်တ် အိမ်ထောင်ရေးကို မာမီ စီစဉ်ပေးခွင့် ရှိတယ် .."



www.burmeseclassic.com

"ကျွန်တော်က မာမီ စီစဉ်ပေးမှာကို လက်ခံမခံ မာမီ ကြိုသိထား မှ ဖြစ်မှာ မဟုတ်ဘူးလား .. ကျွန်တော် ပြန်လာခဲ့တာ အိမ်ထောင်ပြုဖို့ မဟုတ်ဘဲ .. မာမီလည်း ကျွန်တော့်ကို အိမ်ထောင်ချပေးဖို့ စီမံချက် အသွင်ပြောင်းပြီး စောင့်နေတာ မဟုတ်ဘူးပဲ ထင်ခဲ့တာ .."

"မင်း!... မင်း မာမီ့ကို ထပ်စော်ကားပြန်ပြီလား .. ဒီလော တောင် စကားတွေ တတ်နေတယ် .. ဟုတ်လား ချစ်သူ .."

"လူကြီးတွေ လက်ထပ်ပေးတာကိုပဲ စောင့်မျှော် နာခံမယ့်သား ကျွန်တော် မဟုတ်ဘူးဆိုတာ မာမီ တွေးမိခဲ့ဖို့တော့ ကောင်းပါတယ်-

ချစ်သူ မျက်နှာက ပြတ်သားမှုတို့နှင့် တည်တင်းနေကာ ...

"နေရာတိုင်းမှာ မိဘရဲ့ စေတနာ မေတ္တာတွေ လွှမ်းခြုံနေတယ် ဆိုတာ မှန်ပါတယ် .. ဒါပေမယ့် သားသမီးရဲ့ အသက်အရွယ် .. အခ အခါအလိုက် နည်းနည်းလေး အရောင်ပြောင်းပေးဖို့တော့ ဘယ်သူ မစဉ်းစားကြဘူး .."

"ဘာလဲ .. မာမီ့မျက်နှာကို တည့်တည့်ကြည့်ပြီး ပြောစမ်း - သားက ဘာကို ပြောချင်တာလဲ .."

တစ်ချက်တော့ မော့ကြည့်ပေမယ့် ချစ်သူ မျက်ဝန်းတွေ ပြန်လည် ရွေ့လျားသွားခဲ့ပြီး ...

"ကျွန်တော်က သားလိမ္မာတစ်ယောက် မဟုတ်ဘူးဆိုတာ မော မေ့နေလို့ ပြောပြတာပါ .. မာမီ ထားခဲ့တဲ့အတိုင်း ကျွန်တော် နေ ခဲ့တာ မှန်ပေမယ့် အဲ့ဒါ ပုံစံခွက်တစ်ခုတော့ မဟုတ်ဘူး မာမီ .. ဘ တစ်လျှောက်လုံး မင်းရည်ကျဲလာခဲ့ပြီးမှ ပုံစံခွက်ထဲ ဝင်ခိုင်းလို့ မရ မာမီ ဖြစ်စေချင်တဲ့ပုံစံလည်း ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်ဘူး - ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်က နေပူတာကိုမှ မကြောက်ဘဲ -

ဒေါ်တင်မာချစ် က စူးစိုက်ကြည့်နေဆဲ ...

"ကျွန်တော်က 'ချစ်ဖူးငုံ' စိန်တိုက်ပိုင်ရှင်အဖြစ် ကမ်းကုန်အော





ဆိုးခဲ့တာ .. ဒါပေမယ့် အခု အဲဒီလူဆိုးဖြစ်ခဲ့တဲ့ ကျွန်တော့်အဖြစ်နဲ့ပဲ နေချင်တယ် .. မာမီ ပြောသလို မာမီ့အရှိန်အဝါကြောင့် ကျွန်တော် နှုန်းကြီးနေသေးတာဆိုရင်လည်း အရှိန်အဝါတွေ မရှိတဲ့အခါ ဘယ်လို ရင်ဆိုင်သွားမလဲဆိုတာ သိချင်တယ် .. ကျွန်တော် ကိုယ့်ဘဝကို စိတ်ဝင် စားလာခဲ့တဲ့အကြောင်းက အဲ့ဒါပဲ .."

"အေး .. ဒီအိမ်ထောင်ရေးအတွက် မာမီက အသွင်ပြောင်းပြီး စောင့်နေတယ်လို့တောင် သားက ထင်နေမှတော့ မာမီကလည်း ပြောဖို့ ရှိတယ် .. သားဘဝအတွက် အရေးကြီးဆုံးဖြစ်တဲ့ လက်ထပ်ခြင်းတစ်ခု အလွဲရင် မာမီ အားလုံး လိုက်လျောမယ် .. အိမ်ထောင်ရေးကိုတော့.."

"အဲ့ဒါ မာမီ မှားနေတာ .."

ချစ်သူ စိတ်လိုက်မာန်ပါ ပြောပြီးမှ ခပ်ဖြည်းဖြည်း ထရပ်ကာ...

"လူတစ်ယောက်အတွက် လက်ထပ်ခြင်းက အရေးကြီးဆုံး မဟုတ်ဘူး .. သူ့ဘဝကို ဘယ်လို ဖြတ်သန်းခဲ့သလဲဆိုတာနဲ့ အရာရာကို ဆိုင်းတာကြတာ .. သားသမီးတွေကို လူတော်လူတတ်ကြီးတွေ ဖြစ်လာ အောင် မိဘတိုင်း ပံ့ပိုးခဲ့ကြတာက လက်ထပ်ခြင်းမှာ ပန်းဝင်လှဖို့ တစ်ခု တည်းအတွက် မဟုတ်ပါဘူး .."

"မာမီကတော့ ဟုတ်တယ် .. သားအတွက် တင့်တယ်ခမ်းနားတဲ့ အိမ်ထောင်ဖက်မျိုးနဲ့ စုံဖက်နိုင်ဖို့ အဓိကပဲ .. ဒါဆိုရင် သားဘဝအတွက် မာမီ စိတ်ချပြီ .."

"ကျွန်တော်က မိန်းမတစ်ယောက်ယောက်ရဲ့ အမှီသဟဲ မရှိရင် ဆုတ်ယုတ်သွားလို့ မရတော့ဘူးလို့ မာမီ ပြောတာလား .."

"မဟုတ်ဘူး ... ဘဝတစ်ခု ပြည့်စုံသွားတာမျိုးကို ပြောတာ .. သားဘဝအတွက် ကြင်ဖော်ကြင်ဖက်ကို စိတ်ကြိုက် ရွေးချယ်လို့ ရ အောင် မာမီတို့ ကြိုးစားခဲ့ကြတာ .. တစ်နည်းအားဖြင့် ပြောရရင် အမျိုး ဂုဏ် တင့်တယ်ဖို့ .."



www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါကြောင့် ကျွန်တော့်အိမ်ထောင်ရေးကို မာမီ စီစဉ်ချင်တာလား .."

"ဟုတ်တယ် .. မာမ့်ကို နောက်ထပ် ကလန်ကဆန် မလုပ်ပါနဲ့- အိမ်ထောင်ရေးဆိုတာ မိန်းမတွေအတွက်ပဲ အရေးကြီးတာ မဟုတ်ဘူး- ယောကျ်ားတွေအတွက်လည်း တကယ် ကောင်းမွန်တဲ့ ပါရမီဖြည့်ဖက် လိုအပ်တယ် .."

ချစ်သူ က အသံမထွက်ဘဲ သွားတွေပေါ်အောင် ရယ်သည်။ ပြီးတော့ ဆံပင်တွေကို လက်တစ်ဖက်နဲ့ သပ်တင်ရင်း ...

"ကျွန်တော့်လိုလူကို စိန်တိုက်ကြီးမက်လို့ ယူကာမှတော့ ကျွန်တော့်အတွက် ဘယ်လိုမိန်းမက ပါရမီဖြည့်ချင်မှာလဲ မာမီ .."

"နေပါဦး .. သားက ကိုယ့်ကိုယ်ကိုယ် ဘယ်လိုအဆင့်ထိ နှိမ့်ချပြောနေတာလဲ .."

"မာမီ သိနေတာပဲ .."

"ဘာ!..."

"တခြား သိတဲ့လူတွေလည်း ရှိတယ် .. မာမီ ထိပါးမခံနိုင်တဲ့ ဂုဏ်သိက္ခာဆိုတာ ခုချိန်မှာ အကောင်းတိုင်း မရှိတော့တာ သေချာတယ် .. အဲဒါတွေက ကျွန်တော့်ကြောင့် ဖြစ်ရတဲ့အတွက် .."

"မဟုတ်ဘူး .. ဘယ်သူ့ကြောင့်မှ ဘာမှ မဖြစ်ဘူး .. သား အဲ့ဒါတွေကို မေ့ပစ်လိုက်စမ်းပါ ...၊ မာမီ အခု ပြောမယ် .. မာမီနဲ့ မဇင် တို့ လူကြီးချင်း စေ့စပ် ဆွေးနွေးခဲ့ကြတယ် .. 'ဇင်လွင်ရတနာ'ဆိုတဲ့ မိန်းကလေးကိုလည်း သား မြင်ရင် ကျေနပ်သွားမှာပါ .. မာမီတို့ အခုပြောခဲ့တဲ့ အဆင်မပြေမှုတွေကိုရော .. သား ဖြစ်ပျက်ခဲ့ဖူးတဲ့ မကောင်းခဲ့တာ မှန်သမျှရော .. အဲဒီ အဆင်မပြေမှုတွေ မေ့ပစ်လိုက်ပြီး ဇင်လွင်ရတနာ ကို သား လက်ခံနိုင်ဖို့ပဲ ကြိုးစားစမ်းပါ .."

"ကျွန်တော် လက်ခံနိုင်မှာ မဟုတ်ဘူးဆိုတာ ခုတည်းက အပြော





ပေးလို့ ရပါတယ် .."

"ဘာ!... ပြောတယ် .."

"အဆင်မပြေ ဖြစ်ခဲ့ရတာတွေကိုလည်း မေ့ပစ်ဖို့မလွယ်ဘူး မာမီ.. အဲဒီ အဆင်မပြေခြင်းတွေထဲမှာ ကျွန်တော့်အတွက် သာယာမှုတွေ ရှိခဲ့တယ် .. ပြီးတော့ မာမီ ပြောနေတဲ့ ဂုဏ်သိက္ခာဆိုတာ ချမ်းသာတဲ့လူတွေထဲမှာမှ ရှိတာ မဟုတ်ဘူး .."

"ကဗျာတွေ ရွတ်ပြမနေနဲ့ သား.. ကဗျာ အလင်္ကာဆိုတာ စာရွက်ပေါ်မှာပဲ လှတာ .. လူတွေဟာ သူတို့အဆင့်အတန်းနဲ့ လိုက်ပြီး စိတ်ဓာတ်အောက်တန်းကျကြတာ .."

"အဲ့ဒါ ဆင်းရဲတဲ့လူတိုင်းပဲလို့ မာမီ ပြောနိုင်သလား .."

ဒေါ်တင်မာချစ် ရုတ်တရက် မဖြေနိုင် ...၊

"ချမ်းသာတဲ့လူတိုင်းရော အားလုံး ပြည့်ဝ ကောင်းမွန်နေကြလို့လား ...၊ အရာရာမှာ အဆိုးအကောင်းဆိုတာ ရှိတာပဲ .. မာမီနဲ့ ကျွန်တော် နောက်ထပ် အဆင်မပြေမှုတွေ ထပ်မဖြစ်ရဖို့အတွက် လက်ထပ်ဖို့ကိစ္စကို မာမ့်ဘက်က လျှော့ပေးမှာလား .. ကျွန်တော် ထွက်သွားပေးရမလား .."

"ချစ်သူ .. မင်း .. မင်းက အလိုလိုက်လွန်းလို့ မိဘအပေါ် အထပ်ထပ် အခွင့်အရေးယူနေတာလား .. ဟင် .."

"မပြောချင်ဘဲ နေတာက ကျွန်တော် ဒါကို မျိုသိပ်ထားလို့ မရတော့လို့ မာမီ.. ကျွန်တော့်ကို လွှတ်လပ်ခိုင်းခဲ့တာလည်း မာမီ .. ဖိအားတွေ ပေးလာတာလည်း မာမီပဲ .."

"လွှတ်လပ်ခိုင်းခဲ့တော့ သား ဘာတွေဖြစ်သွားခဲ့သလဲ .. ပြန်စဉ်းစားကြည့်လေ .."

"အဲ့ဒါကြောင့် အခု ဖိအားပေးပြီး ဘာဖြစ်သွားနိုင်သလဲ မာမီ သိချင်တာလား .."



www.burmeseclassic.com

www.burmeseclassic.com



"သား .."

"ကျွန်တော် အေးအေးချမ်းချမ်း နေပါရစေ .. ကျွန်တော့်ဘဝကို ကျွန်တော် ကောင်းအောင် ကြိုးစားရမလား .. အရင်လို အရင်အတိုင်းပဲ ပစ်ချထားရမလား .. အဲ့ဒါကိုလည်း ကျွန်တော့်ဘာသာ ဆုံးဖြတ်ခွင့် ပေးပါ .."

"ဒါဆို မာမီက ဘာလဲ .."

"ကျွန်တော့်အမေပါပဲ .. မာမီ အရင်အတိုင်းပဲ နေမယ်ဆိုရင် ကျွန်တော်နဲ့ မာမီ ဒီ့ထက်ပိုပြီး အဆင်ပြေကြမှာ .."

"သားက မာမီ့ကို ပွင့်ပွင့်လင်းလင်း တင်ပြလာပြီဆိုတော့ မာမီက လည်း ပွင့်လင်းရတော့မယ် .."

သားအမိနှစ်ယောက် မျက်လုံးချင်း ဆုံသွားကြသည်။

"သား မက်မောလာခဲ့တဲ့ ကျောက်မြောင်းက မိသားစုတွေကို မာမီ စုံစမ်းပြီးပြီ .."

"ကျွန်တော် တွက်မိပါတယ် .."

"ပြောချင်တာက .. ကိုယ်စီ ပညာတတ်တွေ ဖြစ်နေတာနဲ့ပဲ သူတို့ မိသားစု ဆင်းရဲစုတ်ပြတ်နေတာကို နားလည်မပေးနိုင်ဘူး .. တစ်မျိုးမျိုး သော အထင်ကြီးမှုနဲ့လည်း နေရာ မပေးနိုင်ဘူး .. ပိုရှင်းအောင် ပြောမယ် .. အဲ့ဒီက မိန်းကလေးနဲ့ သားကို မာမီ လုံးဝ သဘောမတူဘူး.."

"အဲ့ဒါလည်း ကျွန်တော် တွက်ထားပြီးသားပါ .."

"ဒါဆို သားကလည်း မာမီ့ကိုတော့ ဘာမှမပြောပြခဲ့ဘဲ ကြိတ်ကြံ နေခဲ့တာပေါ့ .."

"မကြံဘူး မာမီ .. ကြံစည်ခွင့်လည်း မရှိခဲ့ဘူး .. သူနဲ့ ပြန်နီးစပ် အောင် ဘယ်လိုလုပ်ရမလဲဆိုတာ ခုထိ ကျွန်တော် တွေးနေရတုန်း .. ဘာဖြစ်လို့လဲဆိုတော့ .."

"ဟွန်း .. မင်းက ကလေးကချေလေးလို သူတို့ဘဝထဲ ဝင်ခဲ့တာ





မို့လား .. ဘယ်လိုလုပ်ပြီး နီးစပ်နိုင်မှာလဲ ..၊ မမြင်ဖူး မှုးမြစ်ထင်တဲ့ မင်းကို သူ့မွေးမှန်း သိသွားအောင် ပြောကြည့်လိုက်လေ .. မာမီ ပြော သလို ငွေကြေးဂုဏ်နေ ဘယ်လောက် အရေးပါသလဲဆိုတာ တစ်ခါ တည်း သိသွားတာပေါ့ .."

မာမီ ကျေနပ်အားရစွာ ပြုံးနေတုန်းမှာ ချစ်သူ မျက်ဝန်းတွေက အေးစက်လာခဲ့သည်။ အမေနဲ့ သားရဲ့ ချစ်ကြင်နာခြင်းတွေက ဘယ် တုန်းတည်းက ထုံထိုင်းနေး မိခဲ့တာလဲ ..၊

ဒါမှမဟုတ် အပူချိန် သုညဒီဂရီအောက် အရပ်ဒေသမှာ မာမီ သူ့ကို မွေးခဲ့တာလား ..၊

"မာမီ ပြောခဲ့တာ သား နားလည်ရဲ့လား .. တကယ်လို့ သား ဆန္ဒရှိရင် စမ်းကြည့်လိုက်ပါ ..၊ သားက မေတ္တာစစ်ကို ရှာလေ .. မာမီ က သူတို့ရဲ့ လောဘစိတ်ကို ဖော်ထုတ်မယ် .. မာမီ နိုင်ရင်တော့ သား ကျေနပ်ပေးရမှာ နော် .."

ချစ်သူ မျက်မှောင်ကုတ်သွားသည်။ မာမီ ပြောတဲ့ အဓိပ္ပာယ်ကို မျက်မှောင်တစ်ချက် ကုတ်၍ စဉ်းစားလိုက်ပြီးမှ မျက်ခုံးတို့ ပြေကျသွား တာ ...

"မာမီ ဖော်ထုတ်ဖို့ ကြိုးစားနေရင် ပင်ပန်းပါတယ် .."

ပြောပြီးတာနှင့် ကုဘ်အင်္ကျီအိတ်ထဲကို လက်တစ်ဖက်နှိုက်၍ ပြန် ထုတ်သေးဘဲ ...

"ဟိုတယ်လ်ရှေ့မှာ ကျွန်တော့်ကို စကား လာပြောသွားတဲ့လူကို လည်း မာမီ သိနေမှာပါ .."

"အင်း .. ပြောလေ .. ဘာဖြစ်လဲ .."

"သူ ကျွန်တော့်ကို ပြန်ပေးသွားတာ .."

အိတ်ထဲက ထုတ်လိုက်သည့်လက်မှာ သားရဲ့ ဆွဲကြိုးလေး ..၊ သားအတွက် အကောင်းဆုံး သူမကိုယ်တိုင် လုပ်ပေးထားတာမို့



www.burmeseclassic.com

www.burmeseclassic.com



ဒီကြိုးတစ်ကုံးရဲ့ တန်ဖိုး ဘယ်လောက်ရှိတယ်ဆိုတာ သူမသာ အသိဆုံး ..၊

"ကျွန်တော့်ကြောင့် သူတို့မှာ ထိခိုက်နစ်နာမှုတွေ ဖြစ်နေရတာ စိတ်မကောင်းလို့ ကျွန်တော်ကိုယ်တိုင် ပေးခဲ့တာ .. ပြီးတော့ တကယ်တမ်း သူတို့အပေါ်မှာ ကျွန်တော်ကသာ လိမ်ညာခဲ့တဲ့သူ ..၊ အဲ့ဒီစိတ်ကြောင့်ပဲ ဒါကို ထားခဲ့တာ .."

"သားရယ် .. ပလက်တီနမ်ဆိုတာ ဒီလိုအဆင့်အတန်းတွေက တန်ဖိုးရှိမှန်းတောင် သိကြတာ မဟုတ်ဘူး .. တချို့ဆို စတီးနဲ့ ပလက်တီနမ် အတူတူပဲဆိုပြီး မှဲ့ရွှဲ့ ကဲ့ရဲ့သေးတာ .. ရောင်းမရ .. ပေါင်လို့မလွယ်နဲ့ ဘာလုပ်ဖို့တုန်းဆိုတာက ရှိသေး .."

"သူတို့နဲ့ အတူနေတည်းက ဒါကို 'ချစ်ဖူးငုံ' စိန်တိုက်မှာ သွားရောင်းရင် ရတယ်လို့ ပြောပြီးသားပါ .."

ဒေါ်တင်မာချစ် မျက်မှောင်ကုတ်သွားသည်။ ချစ်သူ က ဆွဲကြိုးကို စားပွဲရဲ့ မှန်သားပြင်ပေါ်ကို ပစ်တင်လိုက်ပြီး ...

"ကျွန်တော်ကိုယ်တိုင် ရောင်းဖို့လည်း ကြိုးစားခဲ့သေးတယ် .. ခြေထောက်က အပြင်ထွက်ဖို့ မသင့်တာနဲ့ .. သူတို့က ရောင်းခွင့်မပြုတာနဲ့ မရောင်းဖြစ်ခဲ့ဘူး .. အဲဒါကြောင့် ထွက်လာတော့မှ ထားပစ်ခဲ့တာ .."

"ဒီလိုဆွဲကြိုး ဝတ်နိုင်တည်းက သားရဲ့အဆင့်အတန်းကို သိလို့ ထောင်မြင်လို့ ရာစွန့်တာလားမှ မသိဘဲ .."

"မာမီပဲ ပြောတော့ ဒီလိုအဆင့်အတန်းတွေက ပလက်တီနမ်နဲ့ စတီးကိုတောင် မခွဲခြားတတ်ဘူးဆို .."

"သူတို့ကတော့ ခွဲခြားတတ်တဲ့လူတွေ နေမှာပေါ့ သားရဲ့ .. သားဘာပြောပြော မေမေ သူတို့ကို ဘယ်တော့မှ အလေးထား စဉ်းစားမှာမဟုတ်ဘူး .."





"ကျွန်တော်ကတော့ စဉ်းစားတယ် .."

ချစ်သူ ကလည်း ကိုယ့်အမှန်တရားနဲ့ ကိုယ် အလျှော့ပေးဖို့ စိတ်မကူးပေ..၊ မျက်လွှာချထားပေမယ့် ပြောဖို့ရှိတာကိုတော့ ရှိသမျှခွန်အားနှင့် ထောက်ကူ တင်ပြရင်း ...

"သူ ကျွန်တော့်ကို အားပေးသွားတဲ့ စကားတွေရယ် .. စိုးရိမ်စိတ်နဲ့ သတင်းမေးသွားတာရယ် .. ကျွန်တော့်အတွက် လိုအပ်မယ်ထင်လို့ သွားလေရာ ပါအောင် ယူဆောင်သွားခဲ့ရင်း အခုလို တွေ့ပြီး လက်ထဲပြန်ထည့်ပေးသွားတာရယ် .. အဲ့ဒါတွေက တကယ် နွေးထွေးတဲ့ မေတ္တာတွေပါ .."

အလေးအနက်ကြီး ပြောရင်း စကားသံတွေပါ တုန်ခါလာတော့ ဒေါ်တင်မာချစ် သားရဲ့မျက်နှာကို ငေးကြည့်ရင်း စူးရဲ တင်းမာနေခြင်းတွေက အုံ့သြခြင်းသို့ ရောက်၏။

"မာမီ ကျွန်တော့်ကို တကယ်စိတ်ပူခဲ့ရင် မာမီ့သားကို ကောင်းကောင်း စောင့်ရှောက်ခဲ့တဲ့ မိသားစုကို ကျေးဇူးဆပ်ချင်လိုက်တာဆိုတဲ့ စိတ်တွေ တကယ်ဖြစ်ခဲ့တာမှန်ရင် .. အခု မာမီ ပြောတဲ့ စကားလုံးတွေက အရမ်းကို စော်ကားရာ ရောက်နေပါပြီ .."

ဒေါ်တင်မာချစ် မျက်နှာပျက်၏။ ချစ်သူ က မိခင်ဖြစ်သူရဲ့မျက်နှာကို ငေးစိုက်ကြည့်ရင်း ...

"မာမီ ကျွန်တော့်ကို ဘယ်လောက်ချစ်တယ်ပြောပြော .. သူတို့ကို ကျေးဇူးမတင်နိုင်သရွေ့ မာမီ ချစ်တယ်ဆိုတာ ကျွန်တော် မယုံဘူး .."

ချစ်သူ က ... စ်ခွန်းချင်း ပြတ်သားစွာ ပြော၍ မျက်လွှာချသည်။ ပြီးတော့ သူမရှေ့ကနေ ထွက်ခွာသွားခဲ့၏။

ကျေးဇူးမတင်တတ်ဘူးတဲ့လား ..၊

မာမီ ကျေးဇူးတင်တာပေါ့ သား ရယ် ..၊



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ခေါင်းကိုက်ဝေဒနာ ပျောက်အောင် ကုပေးခဲ့တဲ့ သူတောင်းစားလက်ထဲကို သမီးတော် ထည့်ပေးပြီး ကျေးဇူးဆပ်တဲ့ ဘုရင်ရဲ့သိတတ်မှုမျိုးတော့ မာမီ မထားနိုင်ဘူး ...၊

ဘုရင်က 'မင်းတို့စကား မိုးကြိုးသွား'မို့ သူ ကတိတည်ခဲ့ရတယ် ဆိုရင် မာမီက ဘုရင်တစ်ပါးမှ မဟုတ်ဘဲ ...၊

ကျေးဇူးတင်ပေမယ့် သားနဲ့ သဘောတူ ကျေနပ်ပေးဖို့ထိ မကြည်ဖြူနိုင်တာ အပြစ်ရှိသလား ...၊

ဒေါ်တင်မာချစ် အသံတိတ် ငိုကြွေးရင်း ရင်ထဲမှာ ဖြောင်းဆန်အောင် ပူလောင်နေခဲ့၏။

သားသမီးတွေနဲ့ ပတ်သက်လာတိုင်း မိဘတိုင်းရဲ့ မေတ္တာခြွေစကားတွေက ကွက်ကျားမိုးလိုလား ...၊

အားလုံး ကျန်းမာကြပါစေ .. ချမ်းသာကြပါစေ .. ကိုယ်စိတ်နှလုံး ထာဝစဉ် ရွှင်ပြုံးနိုင်ကြပြီး လိုအပ်တိုင်း တောင့်တတိုင်း ရကြပါစေ...၊

ဒါပေမယ့် ငါ့သားကိုတော့ မပေးနိုင် ...၊





## အခန်း (၃၂)

"ဟင်!... လွန်လွန်း .."

ဘက်စ်မှန်ထဲမှာ ဘတ်စ်ကားပေါ် တက်သွားသည့် လွန်လွန်း ကို မြင်လိုက်သဖြင့် ချစ်သူ ကိုယ်ကြီး ဆတ်ခနဲ မတ်သွားသည်။ ပြီးတော့ တံခါးဖွင့်၍ ကမန်းကတန်းဆင်းကာ ကားဆီ ပြေးသွားမိ၏။

ဒါပေမယ့် ကားက ထွက်သွားပြီဖြစ်ကာ လွန်လွန်း ကိုလည်း ကြည့်လို့ မမြင် ...၊

"လွန်လွန်း .."

စိတ်တို့ ဘယ်လိုအချဉ်ပေါက်သွားခဲ့သည် မသိဘဲ ကားနား ပြေးသပ်ကာ အကျယ်ကြီး အော်ခေါ်လိုက်မိသည်။

ပတ်ဝန်းကျင်၏ ဆူညံသံများကြားမှာ သူ့အသံက ပျောက်ထွက်သွား၏။

"ဟင်!... အဲ့ဒါ .."



www.burmeseclassic.com

www.burmeseclassic.com



ကားထဲမှာ နေရာ မကျသေးပေမယ့် ခေါင်းကိုတော့ လွန်လွန်း သေချာ ကြားလိုက်၏။

"အဲ့ဒါ ချစ်သူ့ အသံပဲ .."

လွန်လွန်း ထိုင်နေသည့်လူတွေရဲ့ ဒူးတွေ ခြေထောက်တွေကို တိုးတိုက်ကာ ပြတင်းပေါက်ကနေ အပြင်ကို ချောင်းကြည့်လိုက်၏။

"ချစ်သူ .."

"လွန်လွန်း .."

ချစ်သူ က လက်လှမ်းပြကာ ကားနောက်ကို ပြေးလိုက်နေ၏။

"ချစ်သူ .. အမလေး!..."

မျက်လုံးထဲမှာ ပြေးနေရင်း ချစ်သူ လဲကျသွားတာ မြင်လိုက်သဖြင့် လန့်ဖျပ်အော်လိုက်မိ၏။ မြင်ကွင်းထဲမှာ ချစ်သူ ပါမလာတော့ပေ ..။

"ဟဲ့ .. ကလေးမ .. ခေါင်းကြီး ထုတ်မထားနဲ့လေ .."

"လွန်လွန်း .. ညီမလေး နောက်ဆုတ်လိုက်လေ .."

မာလာ က ခေါင်းတစ်လုံးလုံး ထွက်ဖို့ ကြိုးစားနေသည့် လွန်လွန်း ကို နောက်ကနေ အတင်းဖက်၍ ပြန်ဆွဲသွင်း၏။

"မမခင် .. ချစ်သူ ခြေထောက်မကောင်းဘဲနဲ့ ပြေးလိုက်လာတာ- လဲကျသွားပြီ .."

"အေးပါ .. ဟုတ်ပါတယ် .. ဒါပေမယ့် .."

"လွန်လွန်း ဆင်းချင်တယ် .."

"အမလေး .. မဆင်းပါနဲ့တော့ လွန်လွန်း ရယ် .. ညနေစောင်းလာရင် ကားက တက်လို့ရတော့မှာ မဟုတ်ဘူး.. ခုတောင် လေးနာရီ မထိုးသေးဘူး ကားက ကျပ်နေပြီ .."

"မမခင် .. သူ့ခြေထောက်တွေ မကောင်းသေးဘူး သိလား - ချစ်သူ လေ .."

"ညီမလေးရယ် .."





မော့ငေးကြည့်နေကြသည့် လူတွေကိုတောင် ဂရုမစိုက်နိုင်ဘဲ လွန်လွန်း က မျက်ရည်တွေ ဝေ့ဝေ့ဝဲဝဲနှင့် ငိုချလိုက်တော့မလို ..။

"တစ်မြို့တည်းမှာ ရှိနေကြတာပဲ ညီမလေးရယ် .. သူ သတိရရင် လာလည်လို့ ရတာပဲ .."

"သူ မလာရဲလို့ နေမှာပေါ့ .."

"ဟော .. မျက်ရည်တွေ ကျလာပြီ .. လူတွေကြည့်နေတာ မရှက်ဘူးလား လွန်လွန်း .. သုတ်ပစ်လိုက်ဦး မျက်ရည်တွေကို .."

လက်ကိုင်ကွင်းကို တစ်ဖက်က ဆွဲထားရင်း လန်လွှန်း က မျက်ရည်သုတ်၏။

"မောင်လေးနဲ့လည်း တွေ့ခဲ့သေးတယ်လေ .. အိမ်ကို လာလည်လို့ ရတယ်လို့ ပြောခဲ့သေးတာပဲ .. သူ သတိရရင် ရောက်လာမှာပေါ့.."

အမြဲတမ်းကြီး သတိရ တမ်းတနေခဲ့တာလည်း မဟုတ်ဘဲ ချစ်သူ ကိုယ်တိုင် ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်သွားလိုက်မှန်း မသိခဲ့ပေ ..။

"အား!... ကျွတ် .. ကျွတ် ..."

"ညီလေး ရရဲ့လား .."

"ထူပေးလိုက်ပါ မောင်ရယ် .."

"ရတယ် .. ရတယ် .. ကျေးဇူးပဲ အစ်ကို .."

ရတယ်ဆိုပေမယ့် တွဲထူပေးတဲ့လူတွေက လက်မလွှတ်ကြပေ ..။ ဘတ်ဖောင်းရဲ့အစပ်မှာ ကိုယ့်ကိုယ်ကိုယ် ဘယ်လောက် အဖြစ်ဆိုးခဲ့မှန်း သိလိုက်ကာမှ ချစ်သူ မျက်နှာ တစ်ပြင်လုံး နီရဲနေတော့သည်။

သိပ်ပြေးလို့ မကောင်းသေးသည့် ခြေထောက်က လမ်းမပြောင်းပေါင်မှာ ဘာနဲ့မှ မတိုက်မိဘဲ အခြောက်တိုက် ခွေလဲရသည့်အဖြစ်..။

"ညီလေး ထောက်နိုင်ရဲ့လားကွ .. လာ .. ဒီမှာ ထိုင်လိုက်ဦး.."

"ကျွန်တော့်မှာ ကားပါပါတယ် .."



www.burmeseclassic.com

www.burmeseclassic.com



လူတွေကလည်း စာနာတတ်လွန်းတာ 'ဖယ်ပါ'ဆိုလည်း မရ – 'ရပြီ'ဆိုလည်း မသွားဘဲ ကားနားထိ အရောက်ပို့ပေးကြသေးသည် ထိုပြင် ...

"ခြေထောက်က နဂိုတည်းက ဒဏ်ရှိထားတယ် ထင်တယ် ..."

"ဟုတ်ကဲ့ .. ကျေးဇူးပဲ နော် အစ်ကို .."

ပြန်လှည့်သွားကြလို့ ကားတံခါးပိတ်ပြီးတော့မှ သက်ပြင်းချနိုင် တော့သည်။ နဂိုက ဒဏ်ရှိထားတာကို သိထားသည်ဆိုတော့ သူ ခြေ လိုက်ရင်း ခြေထောက် ထော့နေခဲ့လို့လား ...၊

ဒါမှမဟုတ် ခြေခေါက်လဲရုံနဲ့ ရုတ်တရက် ပြန်မထနိုင်အောင် ဖြစ်သွားတာကို အကဲခတ်လိုက်တာလား ...၊ ဘာမှန်း မသိတာတွေ နောက်မှာ ဘယ်လိုတွေးတွေး သူ့အဖြစ်က ရှက်ဖွယ်လိလိ ...၊

"ဟား!..."

ခေါင်းခါပစ်လိုက်ရင်း မျက်နှာက တဖြည်းဖြည်း ပြုံးလာမိသည် ပြီးတော့ မဲ့ရွဲ့ရှုံ့တွသွားကာ စတီယာရင်ကို ထု၍ 'ကျွတ် ..'ခနဲ ဖြစ်

တော်တော်ကြောင်တဲ့ ချစ်ရသူ ...၊

ကိုယ့်ကိုယ်ကိုယ် ညည်းတွားရင်း ကားမှန်ကြားထဲက ခေါင်း ထွက်ဖို့ ကြိုးစားနေသည့် လွန်လွန်း မျက်နှာလေးကို သတိရသွားသည်

ပြီးတော့ လက်လေး ပြန်ဝှေ့ယမ်းရင်း 'ချစ်သူ'လို့ ပြန်ခေါ်လို တာ သေချာ ကြားလိုက်သေးသည်။

ထိုအခါ မဲ့ရွဲ့နေသည့်အပြုံးက ကြည်နူးသည့်အပြုံးသို့ အသ ပြောင်းသွားခဲ့ပြီး ...

ငါ သိသွားပြီ လွန်လွန်း .. မင်းနဲ့ ငါ တကယ် ငြိနေပြီ ...၊

❦ ...





အခန်း (၃၃)

ဆွမ်းခံရင်း ငှက်သင့်ဆိုတာ ဒါမျိုးကို ပြောတာမှန်း တန်းခနဲ သွားမိလိုက်၏။

"လိုက် .. လိုက် .. ဟိုဘက် ကွေ့သွားပြီ .."

"သူခိုး .. သူခိုး .. အဲ့ဒီဘက်ကို ပြေးသွားတယ်ဗျို့ .."

ချစ်သူ တစ်ယောက်တည်း အေးဆေး လျှောက်နေခဲ့သည့်ခြေလှမ်း ... တုံ့ခနဲ ရပ်တန့်သွား၏။

ပြီးတော့ ဆူညံသံတွေကို နားစွင့်ရင်း ကိုယ့်ဘက်ကို ဦးတည် ...နေတာမှန်း သိလိုက်တော့ ခေါင်းကြီးသွားသည်။

ဘယ်လိုလုပ်ရမလဲ .. ရှောယောင် ပြေးမိရင်လည်း သွားပြီ ...၊ ...ဘဲ ဒီတိုင်း ဆက်လျှောက်သွားရင် ဘာဖြစ်သွားနိုင်သလဲ ...၊

စိတ်တွေ ယောက်ယက်ခတ်ကာ မှောင်ရိပ်ထဲ ရောက်နေသည့် ...တ်ရောင်သောင်းဘီရှည် .. ဂျာကင်အနက်နှင့် ကိုယ့်ကိုယ်ကိုယ် ...ငုံကြည့်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



ဒီတိုင်း ရပ်နေတာထက် မီးရောင်အောက်ရောက်အောင် ခပ်မြန်မြန် သွားထားဖို့ လိုတာ တွေးမိပြီး ကိုယ် ဖြတ်သန်းခဲ့သော အလင်းရောင်ဆီ ပြန်လှည့်ပြေးခဲ့မိ၏။

ထိုစဉ် ကားမီးရောင်တစ်ချက် ဖြာကျလာကာ သူ့ကိုယ်ကို မီးထိုးပြထားသလို ဖြစ်သွားခဲ့သည်။

ဆူညံသံ ပေး၍ ပြေးလာကြသော လူအုပ်နှင့် ကားရဲ့အလယ်မှာ ချစ်သူ ခြေစုံရပ်လိုက်ရ၏။

"သူခိုး .. သူခိုး .. ဒီကောင်ပဲ .."

"ဘာလဲ .. ကျုပ်လက်ထဲမှာ ဘာတွေ့လို့ ပြောနေတာလဲ .."

"လွှင့်ပစ်ခဲ့တာ နေမှာပေါ့ .. ချကွာ .. သေအောင် ရိုက်စစ် .."

"နေကြပါဦး .."

ကားက အနီးဆုံးထိ လာထိုးရပ်ကာ ဆင်းလာသူတွေက နေမောင်မောင် နဲ့ နေလွန်း ..၊

"သူက ကျွန်တော့်တို့ ညီပါ .. ဒီရေ့နားတင် နေတာပါ .. သူခိုး မဟုတ်ပါဘူး .."

"ဟုတ်ပါတယ်ဗျာ .. ခုနလေးတင်ပဲ ဘူ့ကို ဆူလိုက်လို့ စိတ်ဆိုး ပြီး ကားပေါ်က ဆင်းသွားတာပါ .."

ညီအစ်ကိုနှစ်ယောက်၏ ယုတ္တိရှိရှိ အလျှောက်ကောင်းမှုကြောင့် ချစ်သူ အထောင်းသက်သာသွားခဲ့ရ၏။

ကားထဲမှာ သေချာ ထိုင်မိကြပြီးမှ ဦးလွန်း ကို ရှေ့ခန်းမှာ ထိုင်နေတာ မြင်လိုက်ရကာ ...

"ဘယ်လိုတွေ ဖြစ်ကြတာလဲ ဟော့ .."

"ချစ်သူ လေ .. ဒီကောင် ယောင်တောင်ပေါင်တောင်နဲ့ ခေါ်တော့မလို့ .."

"ချစ်သူ .."





"ဗျာ .."

ဦးလွန်း က နောက်လှည့်ကြည့်ကာ ...

"မင်းနဲ့ ဒီလိုပုံစံ ထပ်ဆုံဖြစ်မယ်လို့ ငါ တကယ် မထင်ခဲ့ဘူး.."

"နေပါဦး ချစ်သူ .. မင်းက ညဘက်ကျမှ ဒီနားမှာ ဘာလုပ်နေတာလဲ တစ်ယောက်တည်း .."

"သူငယ်ချင်းအိမ်ကို လာတာပါ .. လမ်းမဘက်ကျမှ တက္ကစီ စီးတော့မယ်ဆိုပြီး လမ်းလျှောက်လာမိတာ .."

"ငါ ထင်ပါတယ် .."

"နောက် ဒီလိုထပ်မလုပ်နဲ့ ငါ့ညီ.. ဒီလိုလမ်းကြားမှာ ညဉ့်နက်နက် နက်နက် မှောင်ရိပ်သမ်းတာနဲ့ ပြဿနာမျိုးစုံ ဖြစ်နေတတ်တယ်.."

"ငါတော့ မထင်ပါဘူးကွာ .."

ဦးလွန်း က ရှေ့ကနေ လှည့်မကြည့်တော့ဘဲ ကဲ့ရဲ့သလိုလို .. ညည်းညူသလိုလိုနှင့်

"ဖေဖေက ဘာကို မထင်တာလဲ .."

"မင်းတို့ကောင်ကို သေချာ မေးကြည့်ပါဦး .. ဒီပြဿနာနဲ့ တစ်ခုခု ငြိများနေသလား .."

"ကျွန်တော်နဲ့ ဘာမှ မဆိုင်ပါဘူး .."

ချစ်သူ က နိုင်မာစွာ ငြင်းဆို၍ ...

"ကျွန်တော် မိဘပစ္စည်းကို ပြစ်မှားခဲ့မိတာက သပ်သပ် .. ဒီလို လုပ်မျိုး ဘယ်တုန်းကမှ စိတ်တောင် မကူးခဲ့ဖူးဘူး .."

"ငါကလည်း မင်းကို ငြိနေမှာပဲ စိုးတာပါ.. ခိုးပါတယ်လို့ မပြောပါဘူး .. လူငယ်ဆိုတာ မှားတတ်ပေမယ့် မှားပဲ မှားနေတာ မကောင်းဘူးလို .. မှားခဲ့ဖူးတာလည်း ဂုဏ်ယူစရာ မဟုတ်ဘူးကွ .."

ဦးလွန်း က ခံစားချက်တွေနဲ့ လမ်းပြနေ၏။

ချစ်သူ ဆိုတဲ့ကောင်လေး ကြွားဝါလိမ်ညာမှု မပြုဝံ့တာဘူးဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



လေးစားချင်ဖွယ်ပါ …၊ ဒါပေမယ့် မကောင်းခြင်းအဖြာဖြာကို နှစ်သက်သည့် စားစရာတစ်ခုလို လျှာလိပ်ပါးလိပ် နှုတ်ငုံဆောင်ပြီး ပြောရဲနေတာကို မကြိုက် …။

ပြောရဲနေတာကို တစ်မျိုးပြန်ကြည့်လျှင် ဒီလိုမှားခဲ့တာကို ဈေးနပ်နေတာမျိုး …၊

"ကဲ … ကဲ … အိမ်ရောက်မှ စကားပြောကြတာပေါ့ … မောင်းတော့သား …"

"ကျွန်တော့်ကို ဒီမှာပဲ ချထားပေးခဲ့ပါ ဦးလေး … အိမ်ကို မလိုက်တော့ပါဘူး …"

"ဟော…"

"ဘာဖြစ်လို့လဲ ချစ်သူ … မင်းကို ဖေဖေက အထင်သေးလို့ ပြောတာ မဟုတ်ပါဘူး … ကရုဏာဒေါသနဲ့ ဆုံးမတာပါ …"

နေမောင်မောင် က နောက်လှည့်ကြည့်ပြီး ရှင်းပြနေသေးသည်။ ဘေးမှာရှိနေသည့် နေလွန်း က ရယ်ကာ …

"မင်း ခုနေ ဒီတိုင်း ပြန်လျှောက်သွားရင် ဟိုအုပ်စုနဲ့ လွတ်ဦးမယ် ထင်လို့လား … အေးဆေးသာ လိုက်ခဲ့ … အိမ်မှာ ငါးသလောက်ပေါင်းနဲ့ သီးစုံချဉ်ဟင်း ချက်ထားတယ် … ငါတို့လည်း ပြန်မှ စားရမှာ … ဖေဖေ ခေါင်းအရမ်းမူးနေလို့ ဆေးခန်း လိုက်ပို့ရင်း ကန်ပေါင်ဘက် ဝင်လာ နေတာလေ …"

ငါးမကြိုက်ပေမယ့် မိသားစု ထမင်းဝိုင်းလေးကို မြင်ယောင်ပြီး စိတ်ထဲမှာတော့ စားချင်သလို ဖြစ်သွားသေးသည်။ ဒါပေမယ့် …

"မစားတော့ပါဘူး ကိုလေး ရာ … ဦးလေး ပြောတာကိုလည်း ကျွန်တော် နားလည်ပါတယ် … ဒါပေမယ့် အိမ်မှာ ပြောစရာ ထပ်ဖြစ်မှာ စိုးလို့ သိပ်ညဉ့်နက်လို့ မဖြစ်ဘူး …"

"ဘာလဲ … ဘယ်အိမ်လဲ …"





ဦးလွန်း ကပဲ နောက်လှည့် မေးပြန်ကာ …

"မင်းအမေအိမ်ကို ပြန်ရောက်နေပြီလား …"

"ဟုတ်ကဲ့ …"

"အေး … ကောင်းတယ် … ကောင်းတယ် … ဒါဆိုရင်တော့ မင်း လူဆိုး ပြန်မဖြစ်နိုင်တော့ဘူးဆိုတာ ငါ ယုံသွားပါပြီ … ဘာဖြစ်လို့လဲဆိုတော့ မင်းရဲ့စိတ်ရင်းက လူဆိုးစရိုက်မှ မဟုတ်ဘဲ …၊ အပေါင်းအသင်းရယ် … မိတ်ဆွေရယ် … သူငယ်ချင်းရယ် … ဒီသုံးရပ်က အတူတူလို့ ထင်ရပေမယ့် မတူဘူးကွ … ရှည်ရှည်ဝေးဝေးလည်း မပြောချင်တော့ပါဘူး …၊ အပေါင်းအသင်းဆိုတာ သစ်ရွက်ခြောက်တွဲလေနဲ့ အတူဆုံးပဲ … အဲဒါ သတိထား …"

ဦးလွန်း ရဲ့စိတ်ရင်းကို ချစ်သူ နားလည်နေပါသည်။

ထို့ကြောင့် ဒီမိသားစုထဲမှာ ခပ်တန်းတန်း တည်တည်ပဲ နေပေမယ့် သားအလိမ္မာတွေချည်း မွေးမြူ ထိန်းကျောင်းလာခဲ့တဲ့ ဖခင်တစ်ယောက်အမြင်မှာ သူက ဘယ်လိုသတ္တဝါမျိုး ဖြစ်နေမလဲဆိုတာ တွေးမိသည်။

ဦးလွန်း ဒီလောက်ထိ နွေးထွေးစွာ ဆက်ဆံ လက်ခံပေးခဲ့တာကိုပဲ ကျေးဇူးတင်မိသလို ဘယ်လောက်ပဲ တည်တည်တန်းတန်း နေပါစေ ဘယ်တုန်းကမှ သူ့ စိတ်မဆိုးခဲ့ …၊

"ဟော့ … ဟော့ … နေဦး …"

သူ ကားပေါ်ကဆင်းတော့ ဦးလွန်း ကပဲ တားဆီးကာ …

"မင်း တစ်ယောက်တည်း မဖြစ်ဘူး … သားငယ် သူ့ကို ဟိုဘက်ခြမ်းမခြမ်းထိ လိုက်ပို့လိုက် … အကြီးကောင် အဖေ့ကို ပြန်ပို့ပြီးရင် မင်းညီကို ပြန်လာကြိုလိုက် …"

"ဟုတ်သားပဲ … ကျွန်တော် နေခဲ့လိုက်မယ် …"

"ရတယ် … ကိုလေး မလိုက်ပါနဲ့ … ကျွန်တော် …"

www.burmeseclassic.com



"လုပ်မနေနဲ့ ဟောကောင် .. မင်း အားနာနေရင် အိမ်ကို လိုက်
ပါလား .."

"အေးလေကွာ .. ရှေ့မှာ နီးနီးလေးပဲ ရှိတော့တာကို .."

နီးမှာပေါ့ ..၊ သူ လာတာကိုက လွန်လွန်း နဲ့ စကားပြောခွင့်ရ
ပြောချင်လို့ ..၊ ပြောခွင့်မသာခဲ့ရင်လည်း လှမ်းကြည့်ပြီး လှည့်ပြန်ရုံ -

ဦးလွန်း စီစဉ်တဲ့အတိုင်း နေလွန်း က ဆင်းကျန်ရစ်ကာ လမ်း
ခပ်ဖြည်းဖြည်းလျှောက်ရင်း စကားတွေ ပြောဖြစ်ကြသည်။

ထိုအခါ သူ့အတွက် ကြားလိုက်ရသည့် သတင်းဆိုးတစ်ရပ်
လွန်လွန်း ကို ကိုကိုမောင် နဲ့ စေ့စပ်ပေးဖို့ လူကြီးချင်း ပြောဆို ကြော
လမ်းကြတော့မည် တဲ့ ..။





## အခန်း (၃၄)

"ဒီချာတိတ် ခေါ်လို့ကို မရဘူး .. မဟုတ်ရင် ငါးသလောက်ပေါင်း
နဲ့ ထမင်းဝိုင်းမှာ အတူတူ အုပ်ရမှာ .."

"မင်းတို့က ကိုယ့်ညီလေးအရွယ်ဆိုပြီး သံယောဇဉ် ဖြစ်နေတာ
ကိုးကွ .. ဘာဖြစ်ဖြစ် သတိရ .. မြင်လိုက်တာနဲ့ ဖက်လဲတကင်း နှုတ်
ဆက်ကြ .."

"ချစ်သူ ကလည်း ကျွန်တော်တို့ကိုတော့ ခင်ပါတယ် ဖေဖေရ..
သူ ရောက်လာကာစနဲ့ အခုပုံစံကို ကြည့်ပါလား .. မိသားစုများများနဲ့
မနေဖူးတာ အရမ်း သိသာတယ် .. ပြီးတော့ သူ့ဘက်က ကြည့်တော့
လည်း ဒီအိမ်မှာ လိမ်ညာနေခဲ့သလိုကြီး ဖြစ်ခဲ့တာကို မျက်နှာပူနေမှာ
ပေါ့ .."

"ဘာပဲဖြစ်ဖြစ် သံယောဇဉ်ဆိုတာ ခိုင်မြဲတဲ့သဘောကွ .. ဒီလမ်း
နား ရောက်နေမှတော့ မဝင်ဘဲ ပြန်သွားစရာလား .."

ဦးလွန်း ရင်ထဲက သံယောဇဉ်တွေလည်း ပေါ်လာပါပြီ ..၊



www.burmeseclassic.com

www.burmeseclassic.com



လူကြီးမို့ ဘာသိဘာသာ နေခဲ့ပေမယ့် ချစ်သူ လိုက်မလာတာကို ဘဝင်ကျပုံ မပေါ် ..၊

မာလာ ကတော့ ထမင်းစားခြင်းကို စောစောစီးစီ လက်စသတ်ပြီး ထသွားသည့် လွန်လွန်း ကို သတိထားမိလိုက်သည်မို့ နောက်ဖေးခန်းထဲ ဝင်လာခဲ့၏။

"ဘာဖြစ်လို့ ငိုနေရတာလဲ မမြဝင်း ရယ် .. ဗိုလ်အောင်ဒင် ခံစားရတယ် နော် .. တိတ်တော့ .. တိတ် .. တိတ် .."

"ဗိုလ်အောင်ဒင် ကလည်း သွားပါဆိုမှ စိတ်ညစ်ရတဲ့အထဲ .."

"စိတ်ညစ်ရတဲ့အပြင် လုပ်စမ်းပါဟာ .. အထဲမှာ စိတ်ညစ်နေမှ တော့ ဘယ်လိုလုပ် ပျောက်တော့မှာလဲ .."

"လာပြန်ပြီ .. စိတ်ညစ်လိုက်တာ .."

"စိတ်ညစ်ရတဲ့အပြင် နော် .. မှတ်ထား .. စိတ်ညစ်ရတဲ့အထဲလို့ မပြောကောင်းဘူး .. စိတ်ညစ်ရတဲ့အပြင်.. စိတ်ညစ်ရတဲ့အပြင် .. အပြင်ကို လာ .. သွားမယ် .."

"သူများ မမြင်အောင် စိတ်ညစ်နေပါတယ်ဆိုမှ အပြင်ထွက်လို့ ရမလား ဗိုလ်အောင်ဒင် ရယ် .. သူများငိုတာ အပြင်မှာ သွားပြောရင် ဗိုလ်အောင်ဒင် ညက သေးထွက်ကျတာတွေ လွန်လွန်း လမ်းမ ထွက် ပြောမှာ .."

"ဟာ .. မလုပ်ရဘူး .. ဗိုလ်အောင်ဒင် က လူကြီးလေ .. သေး ထွက်တာ ရှက်စရာကြီး .."

"ရှက်ရင် သူများ ငိုနေတာကိုလည်း လျှောက်မပြောမိစေနဲ့ .."

"အံမာ .. ငါ သေးထွက်တာ နင် အိမ်သာဦးထားလို့ပါရော .."

"အဟမ်း .."

မာလာ ဆက်ပြီး နားထောင်မနေချင်တော့ဘဲ ချောင်းဟန့်သံ ပေး လိုက်ရကာ ...





"ဦးလေးက ဒီထဲမှာ ဘာလုပ်နေတာလဲ .."

"ဟမ်!..."

လွန်လွန်း ရဲ့ စာကြည့်စားပွဲခုံမှာ ထိုင်နေသည့် ဗိုလ်အောင်ဒင် က မာလာ ကို လှမ်းကြည့်ပြီးမှ လွန်လွန်း ဘက် လှည့်၍ မေးဆတ်ကာ...

"နင် ငိုနေတာ ပြောလိုက်ရမလား .."

"ဗိုလ်အောင်ဒင် နော် .."

"မပြောဘူး .. လုံးဝ သဘောပေါက်တယ် ..၊ နင် ငိုနေတာ ပြောရင် ငါ သေးထွက်ကျတာ နင်က ပြောမှာ ..၊ မပြောဘူး .. ဘယ်သူမှ မသိစေရဘူး .."

"မမခင် .."

လွန်လွန်း အိပ်ရာခင်းအစပ်မှာ ထိုင်ရာကနေ စိုးရိမ်တကြီး ထရပ် လိုက်မိကာ ...

"မမခင် .. ဗိုလ်အောင်ဒင်ကြီး အဲ့ဒီလို ရွှတ်ဖတ်ပြီး ထွက်သွားရင် သေပြီ နော် .. လုပ်ပါဦး .."

"မပူနဲ့ .."

မာလာ က ရင်ဘတ်ကြားထဲက တစ်ထောင်တန်တစ်ရွက် ထုတ် လိုက်ကာ ...

"ဦးလေးကို ပြောစရာရှိလို့ .. နေပါဦး .."

အခန်းဝရောက်မှ မာလာ က ပြန်ဆွဲထားလိုက်ကာ ...

"ဟိုဘက်ကဆိုင်မှာ ပလတ်စတစ်ကြိုးခွေ အကြီးတစ်ခွေလောက် ဝယ်ပေးပါ နော် .. ခြင်ထောင်ကြိုး ပြတ်သွားလို့ .."

"အိမ်မှာ ရှိတယ်လေ .."

"ကုန်နေတာ ကြာပြီလေ .. ပြန်ကို မဝယ်ဖြစ်သေးဘူး .. မြန်မြန် သွားပါ ဦးလေးရဲ့ .. ဆိုင်တောင် ပိတ်နေပြီလား မသိဘူး .."

"အေး .. ဟုတ်တယ် .. ငါ ပြေးဝယ်လိုက်မယ် .."

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းအရာတစ်ခုပေါ်မှာ နောက်အကြောင်းတစ်ခု ထပ်ဆင့်ပေးလိုက်တာနှင့် လောလောဆယ်အဖြစ်ကို မေ့သွားတတ်သော ဗိုလ်အောင်ဒင့် အကျင့်ကို မာလာ က သိနေ၏။

"အိုခေသွားပြီ .. တွေ့လား .."

ဗိုလ်အောင်ဒင် ထွက်သွားတာနှင့် လွန်လွန်း ရဲ့ဆီးမှာ မာလာ က ဝင်ထိုင်လိုက်ကာ ...

"အရမ်းလည်း ထွေပြေပျက်မနေနဲ့ဦးလေ .. ခုမှ ဘယ်လိုဖြစ်နေရတာလဲ လွန်လွန်း ရယ် .. ရှိနေတုန်းကတော့ ရန်ဖြစ်လိုက် .. ကြိမ်းလိုက်မောင်းလိုက်နဲ့ .."

"မသိတော့ဘူး .."

"ဟုတ်တယ် မသိတော့ဘူး .. ဖြစ်လာမှာပဲဆိုတာ မမခင် တွက်မိသားပဲ .. ဒါပေမယ့် နင်တို့က အရမ်းကို အံ့သြဖို့ ကောင်းနေတာ ..၊ ဟိုတစ်ယောက်ကလည်း ထွက်သွားတည်းက ပျောက်နေလိုက်တာ .. ဘတ်စ်ကားပေါ်မှာ လှမ်းမြင်လိုက်ကာမှ လဲအောင် ကွဲအောင် ပြေးလိုက်တယ် .. ညကျတော့ အိမ်ကို လာချောင်းတယ် .."

"ဟင်!... မမခင် .. သူ ဒီကိုလာတာမှန်း မမခင် သိတယ်ပေါ့.."

မျက်ရည်လေး စွေ့စွေ့နှင့် တအံ့တသြ မေးပုံလေးကို ကြည့်၍ မာလာ က ပြုံးနေ၏။

"ဒီနားထိ ရောက်လာဖို့ တခြား ဘာအကြောင်းရှိလို့လဲ ညီမလေးရယ် .. မမခင် စိတ်တိုတာ အဲဒါပေါ့ ..၊ အဖေလည်း ဒါကိုပဲ ပြောနေတာ .. ရောက်ခါနီးနေမှတော့ အိမ်ထိ လိုက်ခဲ့ပါတော့လား .. ဘာဖြစ်လို့ ပြန်လှည့်သွားရတာလဲ .. သူ ဒီကို မလာရဲလောက်အောင် ဘာအပြစ်များ လုပ်ထားတာ ရှိခဲ့လို့လဲ ..၊ သူ့ကို မလာစေချင်တဲ့ပုံစံမျိုး ဘယ်သူကများ ပြောဆို ဟန့်ရေးပြခဲ့လို့လဲ .."

အားလုံးက သူ့ကို ချစ်နေကြတာ ဘယ်ဘဝက ရေးရေစက်မှန်း မသိပါ ..၊ သမီးပျိုလေးရှိသည့် ဖအေတစ်ယောက်ကတောင် သူ့ခိုးလိုလို .. ဆေးသမားမှန်းလည်း သိထားသည့် သူ့အပေါ်မှာ ငြိုငြိုငြင်ငြင် ဘယ်တုန်းက ဆက်ဆံခဲ့ဖူးသလဲ ..၊

"လွမ်းမနေစမ်းပါနဲ့ ငါ့ညီမရယ် .. နင် စွဲလမ်းသလို သူ့မှာဖြစ်ရင် ဒီကို တစ်ခေါက်တလေလောက်က မလာဘဲ နေကို မနေနိုင်ဘူး .."

"မနေနိုင်လို့ အခု သူ လာတာပဲ မမခင် ကလည်း .."

ဖြစ်ရလေလို့သာ ညည်းချင်မိတော့သည်။ ဒီကောင်မလေး ပြောင်းလဲသွားပုံက ကြမ်းကြမ်းတမ်းတမ်းကြီးကနေ ချက်ချင်း နူးနူးညံ့ညံ့ ဖြစ်သွားသည်

ရန်ဖြစ်နေကြတုန်းကလည်း ဘယ်သူကြည့်ကြည့် ဘာဝင်ပြောပြော နားမထောင် ..၊ ခုကျတော့လည်း သူမတစ်ယောက်ရှေ့မှာဆို ရှက်ရမှန်းကို မသိတော့ဘဲ ဒီအကြောင်းပဲ ပြောပြီး မျက်ရည်လေး တစွေ့စွေ့နှင့် ..၊

"သတိလည်းထားဦး လွန်လွန်း .. နင့်ကို ကိုကိုလွင် တို့က လာစေ့စပ်တော့မှာ .."

"ဘယ်သူက လက်ခံနေလို့လဲ .."

"လက်မခံလို့ မရဘူးလေ .. ကိုကိုလွင် က နိုင်ငံခြားပြန် အင်ဂျင်နီယာလုပ်မယ့် ကိစ္စကြီးကို စွန့်လွှတ်ပြီး မောင်လေးနဲ့အတူ နေရစ်ခဲ့တာ .. ဒါကို သူ့မိဘတွေကလည်း ကျေနပ်ပေးခဲ့တယ်လေ .."

"အဲ့ဒါနဲ့ပဲ .."

"ဟုတ်တယ် .. အဲ့ဒါတွေက ညီမလေးကို မြတ်နိုးလို့ သူ စွန့်လွှတ်ခဲ့တာတွေပေ့ .."

"သူ မြတ်နိုးပေမယ့် လွန်လွန်း မှ မကြိုက်တာ .."

"နောက်တော့လည်း .."

"မမခင် နော် .. ဒီက သူ့ကိုဆို အားလုံး ပြောပြနေတာ .."



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ .. မမခင် ကရော နင် ပြောသမျှကို အဆိုးအကောင်း ဝေဖန်ပေးတာပဲ ရှိတာ .. ဘယ်သူ့ကို သွားပြောလို့လဲ .."

"မပြောပေမယ့် မမခင် က လွန်လွန်း စိတ်ကူးသမျှကို သိရအောင် ကပ်ပေါင်းပြီး ခုကျတော့ ကိုကြီးတို့ စီစဉ်တဲ့အတိုင်း နာခံဖို့ပဲ ဦးတည်လာတာ .."

"ညီမလေးရယ် .."

ကလေးဆန်ချင်နေသည့် လွန်လွန်း ကို မာလာ က ပခုံးလေး ဖက်ထားပြီး ဆံနွယ်လေးတွေကိုပါ ပွတ်သပ်ပေးရင်း ...

"မမခင် က ညီမလေးကို ညီမလေးလိုထက် သမီးလေးလို ချစ်တာဆိုရင် ပိုတောင် မှန်သေးတယ် .. အဲဒါကြောင့် အလိုလိုက်ရတာ ရှိသလို .. မတော်တာ တွေ့ရင်လည်း ဆုံးမရမှာပဲလေ .."

"အခု လွန်လွန်း က မတော်တာ ဘာလုပ်နေလို့လဲ .."

"ဘာမှ မလုပ်ရသေးဘူး .. လုပ်မိမှာစိုးလို့ တားနေတာ .. ညီမလေး က ချစ်သူ ကို ဖွဲလမ်းနေပြီလေ .. သူ ရှိနေတုန်းက ကိုယ့်ကိုယ်ကိုယ် နားမလည်ခဲ့ဘဲ သူလည်း မရှိတော့မှ ညီမလေး အရူးမီးဝိုင်း ဖြစ်ကျန်ခဲ့တာ .."

"အဲဒီလောက်တော့ မဟုတ်ပါဘူး .."

"ဘာလို့ မဟုတ်ရမှာလဲ .. ဟိုနေ့က ကားပေါ်မှာတောင် ညီမလေး မရှုက်နိုင်ဘဲနဲ့ ငိုနေတာလေ .."

"အဲ့ဒါက သူ ကားနောက်ကို ပြေးလိုက်ရင်းနဲ့ ချော်လဲကျန်ခဲ့တာ မြင်လိုက်ပြီး သနားလို့ပါ .. သူ့ခြေထောက်တွေက ကောင်းသေးတာ မဟုတ်ဘူးလေ .."

"ဒါဆို အခု ထမင်းဝိုင်းမှာ သူနဲ့ တွေ့ခဲ့တဲ့အကြောင်းတွေ အဓေ တို့ ပြောနေတော့ ညီမလေး ဘာလို့ ဒီထဲ ဝင်ငိုနေတာလဲ ပြော.."

"အဲ့ဒါ .."





လွန်လွန်း ဒီအဖြစ်ကိုတော့ ကိုယ့်ကိုယ်ကိုယ်တောင် သတိထားမိပုံ မပေါ် ..၊

"သူ လိုက်မလာတာကို ဝမ်းနည်းတာလား ..၊ သူခိုးလိုလို ဘာလိုလို တွေ့ခဲ့တယ်ဆိုတာကို သနားလို့လား .."

"မဟုတ်ဘူး .."

"အေးလေ .. မဟုတ်ဘူးဆိုတာ ဘာလဲလို့ .."

"မသိဘူး ..၊ လွန်လွန်း .."

"ညီမလေး သူ့ကို ချစ်နေတာပေါ့ .. မမခင် စိတ်မကောင်းဖြစ်မိတာ အဲ့ဒါပဲ ..၊ နှစ်ဖက်မှာ အရမ်းချစ်မိတဲ့ဘက်က ပိုပြီး ပေးဆပ်ရတယ် .. ဒါပေမယ့် သူချစ်သလောက်ပဲ ငါချစ်မှာပေါ့ဆိုတာမျိုး လိုသလိုပေးလို့ယူလို့ရတဲ့ ကိစ္စမျိုးလည်း မဟုတ်ဘူးလေ ..၊ ယောကျ်ားလေးဘက်ကသာ နင် ချစ်နေသလောက် ချစ်နေတာမှန်ရင် သူ ဘယ်လိုမှ မလာဘဲ မနေနိုင်ဘူး .."

"အဲ့ဒါနဲ့ပဲ လွန်လွန်း က .."

"သူ့ကို စိတ်ကစားခဲ့ဖူးတဲ့ မနေ့တစ်နေ့က အတိတ်ထဲမှာ ထားကြည့်လိုက်ပါ ညီမလေးရယ် .."

"ဟင်!... ဘယ်လို .."

"နှစ်ဦးနှစ်ဖက် ချစ်နေကြတာဆိုရင်လည်း ငါ့ညီမ စိတ်ချမ်းသာအောင် မမခင် က ဒီကိစ္စမှာ ဝင်ထိန်းပေးလို့ ရနိုင်သေးတယ် .. အခု သူက ချစ်ရေးဆိုခဲ့တာမှ မဟုတ်တာ .. ချစ်သူတွေလည်း မဟုတ်ကြဘူး .. သူလည်း ဒီမှာ မရှိတော့ဘူးဆိုတော့ ကိုယ်က တမ်းတနေပေမယ့် သူက သတိ[illegible]ူးဆိုရင်တောင် သူ့မှာ အပြစ်မရှိဘူး .."

"သူက ချစ်တဲ့ပုံစံ စပြီး ပြောလာတာပါ မမခင် ရယ်.. သူ ပြောသာလို့ လွန်လွန်း အဲဒါတွေနဲ့ နီးစပ်သွားတာ .."

"ဟုတ်တယ် .. မမခင် ပြောချင်တာလည်း ဘယ်သူက စချစ်သင့်



www.burmeseclassic.com

www.burmeseclassic.com



တာ မပါပါဘူး .. ညီမလေးတို့ချင်း ဘာမှ သက်ဆိုင်မှု မရှိကြသေးဘူးလေ .. ဒီတော့ အဖုအကျိတ်တစ်ခုကို ပြည်တည်နာ မဖြစ်ခင် နှုတ်ကြေရင့်ဖေါက် လိုအပ်သလို ကြိုတင်ကာကွယ်မှု လုပ်ထားဖို့ပါ .."

"ဒါဆို သူ့ကို လွန်လွန်း က မေ့လိုက်ရတော့မှာလား .."

မာလာ က လွန်လွန်း မျက်နှာလေးကို ကြည့်၍ သက်ပြင်းချလိုက်ကာ ...

"စဉ်းစားကြည့်ပေါ့ ညီမလေးရယ် .. မမခင် တို့ မိန်းမသားတွေက အိမ်ထောင်ဖက် ရွေးချယ်ကြမယ်ဆိုရင် ဘယ်လို အိမ်ထောင်ရေးမျိုးကို ဖန်တီးချင်သလဲ ..၊ ကိုယ့်ဘဝ သာယာချင်ရင် သာယာမှုတွေ ဖန်ဆင်းပေးနိုင်မယ့် အိမ်ထောင်ဖက်မျိုးကိုပဲ ရွေးရမှာပေါ့ .."

"လွန်လွန်း သိပြီ .."

"ဟုတ်တယ် .. ညီမလေး သိရမှာပေါ့ .. ကိုကိုလွင် နဲ့ ချစ်သူကို ယှဉ်လိုက်ရင် အဖေတို့ .. ညီမရဲ့ကိုကြီးတို့ သဘောကျ ကြည်ဖြူမယ့်လူက ဘယ်သူ ဖြစ်မလဲ .."

"ဒါပေမယ့် .. ကိုကိုလွင့် ကိုတော့ .."

"ခုလည်း ကိုလေးနဲ့ပတ်သက်ပြီး ညီမလေးတို့ချင်း ရင်နှီးနေကြပြီပဲ .. အိမ်ထောင်ဖက် ဖြစ်သွားရင် ဒီရင်းနှီးမှုတွေကနေ အကြင်လင်မယားတွေ ဖြစ်လာမှာပေါ့ .."

"မမခင် ရယ်.. ချစ်သူ ကလည်း မိဘနဲ့ အိမ်နဲ့ ဘွဲ့ရပညာတတ်ပါ"

"အိမ်ရှိနေလည်း သူ ဘယ်အဆင့်အတန်းဆိုတာ ကိုယ် မသိဘူးလေ .. မိဘပစ္စည်းတွေ ရောင်းချ ဖျက်ဆီးပစ်ခဲ့တယ်ဆိုတော့ 'မိဘခများ ချက်ပြုတ်စရာ အိုးခွက်ပန်းကန်တောင် မကျန်ခဲ့ရှာဘူး' ဆိုတဲ့ အဖြစ်မျိုးတွေလည်း ဒုနဲ့ ဒေး ရှိခဲ့တာ .. သူတို့အဖြစ်ကို မမခင် ဘယ်လိုလုပ် သိနိုင်မှာလဲ .."

"သူ ဆင်းရဲတာနဲ့တော့ .."





"ဒါက အဓိကပေမယ့် အခု ပြောနေတာက ညီမလေးတို့ချင်း ည်း ဘာမှ မဟုတ်ကြသေးလို့ .. ဒီမှာ စီစဉ်နေကြတဲ့လူတွေလည်း မဆင်ရဲရအောင်ပါ ..၊ မမခင် ဒါတွေကို ဘယ်သူ့ကိုမှ မပြောဘူး ချ .. ငါညီမ တွေးခေါ်တတ်တာကို မမခင် ယုံပါတယ် .. သေချာ ားကြည့်ပါဦး နော် .."

"မမခင် .."

"ဟင် .."

မာလာ က ထရပ်လိုက်ပြီးမှ ပြန်ငုံ့ကြည့်သည်။

"ဟိုလေ .."

"အင်း .. ဘာလဲ ပြောလေ .."

မေးရင်းနဲ့ ပြန်ထိုင်လိုက်ကာ ...

"ဘာတွေ ပြောရခက်နေတာလဲ .."

"လွန်လွန်း လေ .. သူ့မျက်နှာကိုပဲ မြင်နေမိတာ သိလား .."

"မြင်မှာပေါ့ .. သူက ချောတာကိုး .."

"လွန်လွန်း က မချောဘူးလား ဟင် .."

"ချောချောလေးပဲလေ .. ဒါပေမယ့် မိန်းကလေးဆိုတာ သဘာဝ ာ လှအောင် ပြင်ဆင်တတ်ကြတာပဲ .. မိန်းကလေးလှနေတာ သိပ် န်းဘူးပေါ့ .. ယောက်ျားလေးတစ်ယောက်က သူ့လို ဖြူနုရှင်းသန့် ခေတ်(ထ်)ကျနေရင် အရမ်း ပေါ်လွင်တာ .."

"ဒါဆို သူကတော့ လွန်လွန်း ကို သတိရချင်မှ ရမှာပေါ့နော်.."

"သူ့စိတ်ထဲကို မှန်းပြောလို့တော့ မရဘူးလေ.. အနေဝေးလို့ သွေး တာမျိုးလည်း ဖြစ်နိုင်တာပဲ .. သတိရနေပေမယ့် သူ့အတွေးနဲ့သူ ့မိအောင် နေနေတာလည်း ဖြစ်နိုင်တယ် .. ခုပဲ ကြည့်လေ .. သူ ထိ ရောက်လာတယ် .. ဒါပေမယ့် ဒီထိ မလာဘဲ ပြန်လှည့်သွား ာ ဘယ်လို မှန်းကြည့်မလဲ .."



www.burmeseclassic.com

www.burmeseclassic.com



"လွန်လွန်း သိပါတယ် .."

"ဘာကိုလဲ .."

"လွန်လွန်း သူ့ကို ဒီလောက် သတိရမနေသင့်ဘူး .."

"အဲ့ဒါ ပြောတာပေါ့ .. မုန်းနေတဲ့လူတွေ ချစ်လာကြရင် ပိုပြီးချစ်တယ်တဲ့ ..၊ ချစ်လွန်းတဲ့လူတွေလည်း ကမ္ဘာမကျေ မုန်းသွားကြတာတွေ ရှိတာပဲတဲ့ .. ညီမလေးက ချစ်သူမှ မထားဖူးတာ .. နီးစပ်မှုလည်း ရှိတယ် .. ချစ်သူ က ချောလည်း ချောတာကိုး .."

"လွန်လွန်း ကိုကိုလွင့် အပေါ်မှာသာ သူ့လို ခင်တွယ်စိတ် ဖြစ်ခဲ့ရင် ကောင်းမှာ နော် .."

"သူ့ကို မေ့နိုင်တဲ့အချိန်မှာ ဖြစ်လာနိုင်ပါသေးတယ် .."

"အဲဒီအချိန်ကျမှ စေ့စပ်ပေးကြရင်တော့ ဟုတ်တာပေါ့ .."

"ကြည့်စမ်း .. လူလည်မလေး ..၊ လူကြီးတွေ စီစဉ်တာကို အချိန်ဆွဲပေးပါလို့ တောင်းဆိုချင်နေပြီ တွေ့လား .. လွန်လွန်း ကလေးမဟုတ်တော့ဘူး လုံးဝ သေချာပြီ .."

ပြောနေရင်း ထရပ်လိုက်ကာ လွန်လွန်း ခေါင်းလေးကိုလည်း ခပ်ဖွဖွ ထုသည်။ ရယ်လည်း ရယ်နေ၏။ သူမ ဘယ်လိုပဲ ရယ်မောစေရေလို ဖန်တီးပေမယ့် လွန်လွန်း က ပြုံးမဲ့မဲ့လေးကနေ မပြောင်းလဲနိုင် ..

ကလေး မုန့်ပူဆာနေသလိုပါပဲလား ..၊

ခက်တော့ ခက်ပြီ ..၊





အခန်း (၁၅)

"လွန်လွန်း .."

"ဟင် .. ဘာလဲ .."

ထူးတော့ ထူးလိုက်ပေမယ့် လက်ကို ပြန်ရုန်းပြီးသားဖြစ်ကာ ကလော့ နားကိုလည်း ပိတ်ကပ်လိုက်မိသည်။ တကယ်တော့ ကိုကိုလွင်က တစ်ခုခုပြောဖို့ ကိုင်လိုက်တာမျိုးပါ ..။

လွန်လွန်း ကိုက ထိမိလိုက်တာနှင့် လက်ကို လွှဲရှောင်ပစ်လိုက်တာဖြစ်၏။ လူကြီးတွေ ခွင့်ပြုချက်နဲ့ အပြင်ကို ခေါ်ထုတ်ခွင့် ရပြီဆိုတည်းက သူ့ဆီက ဒီလိုပုံစံတွေ ဖြစ်လာတော့မှာကို ကြိုတွက်ပြီးသား ..၊

ထို့ကြောင့် အသံကြားတာနဲ့ လက်ကိုလည်း ရှောင်တိမ်းပြီးသားဖြစ်နေရကာ ...

"ဟိုဘက်မှာ မြန်မာဝတ်စုံလေးတွေ ပြထားတာ အရမ်းလှတာပဲ.. သွားကြည့်ရအောင်လေ .. စေ့စပ်ပွဲဆိုတော့ မြန်မာဆန်ဆန်လေးပဲ ဝတ်ရမို့လား .."

"မြန်မာဆန်ဆန်ဆိုလည်း မြန်မာဝတ်စုံကို ရယ်ဒီမိတ်ကြီး မတော်နိုင်ပါဘူး .. ပုံမကျ မန်းမကျ .."



www.burmeseclassic.com

www.burmeseclassic.com



ဘာပြောပြော မကြည့်မလင် ဘုနဲ့ ဆောက်မို့ ကိုကိုလွင် မသိမသာ ခေါင်းကုတ်၏။ မာလာ က လှည့်ကြည့်ပြီး ပြုံးနေသည်။ ထိုစဉ် ဖုန်းပြောနေသည့် နေမောင်မောင် ပြန်ရောက်လာကာ ...

"ကိုလွင် နဲ့ ညီမလေးတို့ ဘာလိုအပ်လဲ.. လျှောက်ကြည့်ကြလေ.. လေးယောက် အတွဲလိုက်ကြီး လျှောက်တိုးနေရင်လည်း ဘာမှလည်း ဝယ်ဖြစ်မှာ မဟုတ်ဘူး .."

ပေါ်တင် လှည့်ပြောပြီးမှ ကိုကိုလွင် ရယ်နိုင်မောနိုင် ဖြစ်ရှာ၏။

"အဲ့ဒါကို ပြောနေတာ ကိုကြီးရ .. အဟွန်း .. လွန်လွန်း က .."

"ဘာဝယ်ဖို့မှ စိတ်ကူးမဖြစ်တာကို ဘယ်လိုလုပ်ရမှာလဲ .. မမခင် လွန်လွန်း တို့ ရပ်ရှင်ကြည့်ရအောင် .."

"ဟင်!..."

"ဟာ.. ညီမလေးကလည်းကွာ.. ရုပ်ရှင်ကြည့်ဖို့ လာတာမှ မဟုတ်တာ .."

ဇာစပ်ပွဲအတွက် လိုအပ်တာလေးတွေ ဝယ်ခြမ်းထားကြပါလို့ ကိုကိုလွင့် မိဘတွေက အကြောင်းကြားထားသည်။ ကိုကိုလွင် ကလည်း လွန်လွန်းနဲ့ သွားလာ ဝယ်ခြမ်းချင်ရှာသည်။

ဒါပေမယ့် ကိုယ့်ညီမက မကြည့်မဖြူမို့ ကိုယ်တွေပါ ထလိုက်လာခဲ့ရသည်။ အလိုက်ကမ်းဆိုး သိတာ မသိတာတွေ ပြောစရာဖြစ်ကျ လည်း မတတ်နိုင် ...၊

ဒီကြားထဲ နေမောင်မောင် စိတ်ပျက်နေသည့်ကိစ္စတောင် ပြီးသေးဘဲ ...

"ကိုကိုလွင် နဲ့ ကိုကြီးတို့ သပ်သပ် သွားကြလေ .."

"ဟင်!..."

"ဘာ!..."

"ကိုကြီးက ဘာဖြစ်လို့ မျက်လုံးကြီးပြူးပြီး အော်တာလဲ ...၊ ကိုယ် ဝယ်စရာရှိတာ ကိုယ့်ဘာသာ ယောက်ျားလေးချင်း တိုင်ပင်ပေါ့.. လွန်လွန်း က မမခင် နဲ့ သွားမယ် .."



"ညီမလေး .. နင် .."

"ကိုကြီးကလည်း .. လက်ထပ်ပွဲလည်း မဟုတ်ဘူး .. ဘာမှ ကြီးကြီးကျယ်ကျယ် မဟုတ်တာကို .."

"အဲ .. အဲလိုတော့ မလုပ်ပါနဲ့ လွန်လွန်း ရယ် .. ဟို .. အားလုံး အတူတူပဲ သွားရအောင်လေ .. မေမေကလည်း ဇာစပ်ပွဲအတွက် လိုအပ်တာကို ကိုယ့်ကိုပဲ .."

"အို ဘာလုပ်ဖို့လဲ ကိုယ်လိုတာ ကိုယ့်ဘာသာ ဝယ်ပေါ့.. လွန်လွန်း ဝယ်သမျှ ကိုကိုလွင် လိုက်ရှင်းပေးရအောင် ဘာဆိုင်သေးလို့လဲ .."

"ကျွတ်!..."

ကိုယ် အကြံပြုမိကာမှပဲ ကိုကိုလွင် ဒုက္ခရောက်သွားသဖြင့် နေမောင်မောင် စိတ်ပျက်ခြင်း များစွာဖြင့် ...

"ညီမလေး ရာ .. နင် .."

"လာ .. မမခင် .. မိန်းကလေး အသုံးအဆောင်လေးတွေ လိုအပ်တာ ရှိသေးတယ် .. ယောက်ျားလေးတွေ ရှိနေတော့ ဘာမှ လွတ်လွတ်လပ်လပ် မကြည့်ရဘူး .."

မှတ်ထား ...၊

နောက်က လိုက်မလာဖို့ပါ သတိပေးခဲ့သေးသည်။ ကိုကိုလွင် ငေးတိုင်း ရပ်ကျန်ခဲ့တာကို လှည့်တောင် မကြည့်တော့ဘဲ လွန်လွန်း က မာလာ့ ကို လက်ဆွဲထွက်၏။

အနီရဲရဲ ပခုံးချိတ်သားသား လက်နှစ်လုံးလောက် ကြိုးပြားလေးနှင့် ရှူးဘူ တစ်ဆက်တည်း ကိုယ်ကပ်ပျော့ပျော့လေးပေါ်မှာ အစိမ်းပုတ်ပုတ် ဂျက်ကက်လေး ထပ်ဝတ်ထားကာ အသားရောင် ကြိုးသိုင်း ဖိနပ်ခေါက်ကြီးကို စီးထားသည်။

www.burmeseclassic.com

www.burmeseclassic.com



အနက်နှင့်အစိမ်းပုတ် ရောထားသော သားရေပျော့အိတ်ရှည်လေး ကို လွယ်ကာ လွန်လွန်း က လမ်းမြန်မြန်လျှောက်နေပေမယ့် တစ်ချ လေးမှ ဟန်ချက် မပျက် ..။

ခြေလှမ်းကျဲသလောက် နားသယ်စပ် ဆံစလေးတွေ လှုပ်ခတ်နေ ကြောင့် သူမရဲ့ ခြေလှမ်းတိုင်းက ဆွဲဆောင်နေ၏။

"လှလှပပလေးဝတ်ထားပြီး ကြည့်ရှုကောင်းအောင်လည်း လျှော ပါဦး လွန်လွန်း ရယ် .. လူတွေကို တိမ်းရှောင်လျှောက်နေရင်း တိုက် နိုက်မိကုန်ပါ့မယ် .."

"အပွန်း .. အခု တိုက်မိနေလို့လား မမခင် ကလည်း .."

"မြင်ယောင်နေလို့ပော့.. ကတည်း သရဲလိုက်တာ ကျနေတာပဲ"

"သရဲထက် ဆိုးလို့ပေါ့ .."

"ကိုကိုလွင် သနားပါတယ်ကွယ် .."

"မသနားပါဘူး .."

နောက်လှည့်ကြည့်လိုက်တော့ ဘယ်ကိုမှဆက်မသွားဘဲ ကိုဇော ရော .. ကိုကိုလွင် ရော ယောင်ပေပေနဲ့ ရပ်ကြည့်နေကြတုန်း ...

မာလာ လှည့်ကြည့်လိုက်ကာမှ သူမကို ပြန်လှည့်စောင့်နေသည် လွန်လွန်း ကလည်း လှမ်းကြည့်လိုက်မိကာ ...

"လာပါ မမခင် ရယ် .. ပုံစံကြည့်ရတာ သိပ်မကြာခင် လိုက်လာ မယ့်ပုံပဲ .. မြန်မြန် လာ .."

စိတ်မရှည်သလို လက်ကို လာဆွဲ၍ လမ်းချိုးတစ်ခုထဲ လှည့် လိုက်သည်။

"အဲ့ဒီမှာ ဘာဆိုင်ရှိလို့လဲ .."

"မသိဘူး .."

"ဟဲ့ .. မသိဘဲနဲ့ သွားမနေနဲ့လေ .. တော်ကြာ သူများဆိုင်နော ဖေးကို ဝင်မိလျက်သား ဖြစ်ဦးမယ် .."



"မဖြစ်ပါဘူး .. ဟိုမှာ အရုပ်ဆိုင် ရှိပါသေးတယ် .. ယောက်ျား ယ်စုံတွေ ရောင်းတဲ့ဆိုင်လည်း ရှိတယ် .."

"ဟုတ်တယ်နော် .. အံ့ဩစရာပဲ .. ယောက်ျားဝတ်စုံရောင်းတဲ့ ိုင်တွေရှေ့မှာ ကားပါကင် လုပ်ထားရင်တောင် အဆင်ပြေနိုင်တယ်.."

"ဘာဖြစ်လို့လဲ .."

"လူမှ မရှိတာ .. အပွန်း .."

မာလာ က သူမဘာသာ ပြောပြီး ရယ်သည်။ လွန်လွန်း ကတော့ ိုကိုမောင် တို့ မြင်ကွင်းက ကွယ်သွားရင် ပြီးရောဆိုပြီး ကွယ်ရပ်လို့ င်သမျှ လျှောက်သွားပစ်လိုက်သည်။

တကယ်ဆို ဂျန်းရှင်းစကွဲ့ရ်ဆိုတဲ့နေရာ လွန်လွန်း တစ်ခါမှ မလာ ခဲ့ပေ ..။ ဘယ်မှာ ဘာရှိတာလည်း မသိဘဲနှင့် သိသလို တတ်သလို သွားနေခဲ့တာ ဖြစ်၏။

"လမ်းလျှောက်နေလို့ မပြီးဘူး .. လာ .. ဒီမှာ ကပ်ပန်းလေးတွေ ကြည့်ရအောင် .. နောက်တွဲဆံထုံးလေးဖြစ်ဖြစ် .. ဆေးတွဲလေးဖြစ်ဖြစ် ံုးပြီး အဲ့ဒါမျိုးလေး ကပ်ပန်ထားလိုက်ရင် သိပ်လှတာ .."

ကျောက်ခက်လေးတွေ တုန်ခါ လှုပ်ရမ်းနေသည့် ဆံထုံးမှာ ပန် သာ ကပ်ပန်းလေးတွေက ရှိုးကေ့စ်ထဲမှာ လှချင်တိုင်း လှနေသည်။

လွန်လွန်း တောင်မှ ဝယ်ချင်တာမဟုတ်ဘဲ ဝင်ကြည့်ဖို့ ဖြစ်သွား ၏။

"ဒါလေး လှတယ်.. အနက်လေးတွေနဲ့ ကျောက်နီလေးတွေ ရော ားတာ .."

"ဟုတ်တယ် .."

နှစ်ယောက်သား ပန်းဆီကို အာရုံရောက်သွားကြစဉ် ...

"လွန်လွန်း .."

"ဟင်!..."

www.burmeseclassic.com

www.burmeseclassic.com



"ဟယ်!... ချစ်သူ .."

"ခဏလေး လိုက်ခဲ့စမ်းပါ .."

ချစ်သူ က လွှန်လွှန်း လက်လေးကို ပိုင်စိုးပိုင်နင်း လှမ်းဆွဲ လွှန်လွှန်း ကလည်း မရုန်းဘဲ ပြုံးတိပြုံးကြောင်လေး ပြန်ကြည့်နေ မာလာ ပြောဖို့ သတိရတော့ လွှန်လွှန်း ကို ချစ်သူ က ဆွဲခေါ်သွား ဖြစ်ရာ ...

"ဟဲ့ .. ဟဲ့ .. မဖြစ်သေးဘူး နော် .. ချစ်သူ .. ဟဲ့ .. လွှန်းလွှန်း"

မာလာ နောက်ကနေ ပြေးလိုက်မိတော့မလို ဖြစ်လိုက် .. ပြန် နေလိုက်နှင့် ဘာလုပ်ရမှန်းလည်း မသိ ...၊

ထိုစဉ် ကိုကိုလွင် က တောင်းပန်ပြီးသား မျက်နှာလေးနှင့် မျ တပွင့် ပြုံးပြရင်း ရောက်လာကာ ...

"မမခင် .. လွှန်လွှန်း ရော .."

"ဟင် .. အယ် .. ဟိုလေ .."

မြတ်စွာဘုရား ...၊

မယ်မင်းကြီးမလေး တစ်ခါတည်းများ လိုက်ပြေးသွားတာ မသိ ...၊

ဖွဟဲ့ .. လွှဲပါစေ .. ဖယ်ပါစေ ...၊

"ဟိုလေ .. သူ့သူငယ်ချင်း တွေ့လိုက်လို့ဆိုပြီး 'မမခင် ခဏ လို့ပဲ ပြောသွားတယ် .. ပြေးထွက်သွားတာပဲ .."

"ဟင်!... ဘယ်ဘက်ကိုလဲ .. ဘယ်သူတွေမို့လို့လဲ .."

"အယ် .. မ .. မဟုတ်ဘူးလေ .. နေဦး .."

သူငယ်ချင်းလို့ ပြောတာတောင် ကိုကိုလွင် ချက်ချင်း ခြေလှမ်း ၏။ မျက်နှာပျက်ပျက်နှင့် ဟိုဒီကြည့်ကာ ...

"တစ်ယောက်တည်းမို့လို့ .."

မပွင့်တပွင့်ပြော၍ ကောက်ကောက်ပါအောင် လိုက်၏။





သေစမ်းဟယ် ...၊

မာလာ မျက်လုံးပြူးသွားကာ ကိုမောင့် ကို ပြန်လှည့်ခေါ်ရမလား.. ကိုကိုလွင့် ကို ပြေးဆွဲရမလား ...၊ တော်တော်လည်တဲ့ ကောင်လေး ...၊

လွှန်လွှန်း တို့ကတော့ နောက်မှာ ရထားတွဲကြီး ခေါင်းတပ်နေပြီ ကို သိရဲ့လား .. မသိဘူးလား မသိ ...၊

"ဘာလုပ်တာလဲ ချစ်သူ .. ဒီထဲကို ဘာလုပ်ဖို့လဲ .."

"ဒီထဲမှာမှ လွတ်မှာပေါ့ .. ခဏပဲ .."

"အား!... လွှတ်ဦး .. နာနေပြီ .."

"ဆောရီး .."

လက်ကို လွှတ်လိုက်ပြီး ဆောရီး လုပ်နေသေးသည်။ သူ ခေါ်လာ တော့ တွိုင်းလက် ညာဘက်ခြမ်းထဲ ...၊

"ယောက်ျားအိမ်သာကြီးထဲမှာ .. ရှင် .."

"ရှူး .. ဘယ်မှ မကြည့်နဲ့ ...၊ ကိုယ့်ကို ကြည့် .."

လွှန်လွှန်း မျက်နှာလေးကို သူ့မျက်နှာအောက်မှ နီးကပ်စွာ မော့ ထားစေလျက် ...

"လွှန်လွှန်း .."

"... ... ... ..."

"မင်းကို ကိုယ် ချစ်တယ် .."

တွိုင်းလက်ထဲမှာ ရှည်းစားစကားပြောရခြင်းက အနံ့အသက်လေး တွေ တသင်းသင်းနှင့်ရှိကာ ရင်ခုန်သံတွေက သောင်းသောင်းဖြဖြ ...၊

"သိလား .. ကိုယ် မင်းကို သတိရနေတာ .. ကားပေါ်မှာ မြင်လိုက် တော့ ဘယ်လိုမှကို နေလို့မရတော့ဘူး .. ကိုယ် ဖရိုင်းဒေးနိုက်တုန်းက မင်းဆီကို လာသေးတယ် .."

"ဘာဖြစ်လို့ ပြန်သွားတာလဲ .."

"ကိုကြီးတို့ သုံးယောက်စလုံးနဲ့ ပက်ပင်းကြီး တိုးတာလေ .. ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ပုံကလည်း ကြည့်ဦး .. သူခိုးဖမ်းနေကြတဲ့ လူအုပ်ကြီးနဲ့ ကိုယ့်ကို .."

"ရှင်က ခိုးနေတာ မို့လို့လား .."

"ကိုယ့်ကို အဲ့ဒီလိုကောင်လို့ပဲ ထင်နေကြတာ .."

"ဘယ်သူကလဲ .."

ချစ်သူ တွေခနဲ ဖြစ်သွားသည်။ ပြီးမှ စိတ်ရှုပ်သလို ခေါင်းခါပစ်လိုက်ကာ ...

"ထားလိုက်ပါကွာ .. ဘာဖြစ်လို့မှန်း မသိဘူး ကိုယ် မင်းတို့မိသားစုဆီကို လာရမှာ သိမ်ငယ်သလိုကြီး ခံစားနေမိတယ် ..၊ ဘယ်သူဘာပြောလို့မှလည်း မဟုတ်ဘူး .. ဒါပေမယ့် မင်းကို အရမ်းတွေ့ချင်နေတာကျတော့ မျိုသိပ်လို့ကို မရတာ .. ဘယ်လိုလုပ်ရမလဲ .."

"အဲ့ဒါတွေ မေးမနေပါနဲ့ .. ကိုကြီးတို့ ပါတယ် .. ဖယ်ပေး .. ပြန်တော့မယ် .."

"ဟာ .. ဒီလိုတော့ လုပ်မသွားနဲ့လေ .. ကိုယ့်ကို ချစ်လား ဖြေပေးခဲ့ .."

"ဘာဆိုင်လို့လဲ .."

"လွှန်လွှန်း .."

"ဘာလဲ .."

ချစ်သူ က လွှန်လွှန်း ပခုံးလေးနှစ်ဖက်ကို ကိုင်၍ အတွင်းဘက် ထပ်တိုးလိုက်ကာ ...

"မင်းကို ကိုကိုလွင် နဲ့ စေ့စပ်ပေးတော့မှာ ကိုယ် သိတယ် .. ခုလည်း ကိုကိုလွင် ပါလာတာ ဘာလုပ်ဖို့လဲ .."

လွှန်လွှန်း က မဖြေဘဲ မျက်နှာလွှဲထား၏။

"ကိုယ်က သူ့လို မပြည့်စုံလို့လား .."

"ဟုတ်မှာပေါ့ .."

"ဘာ!..."



"သူ့ကို လွှန်လွှန်း ရွေးတာမှ မဟုတ်တာ .."

"မင်းက ပေါင်းရမယ့်သူပဲ .. အခု မင်း လက်ခံခဲ့တယ်မို့လား.."

"ဖေဖေတို့ လက်ခံကြတာ .."

"လွှန်လွှန်း .. မင်း လျှောက်ဝေ့မနေနဲ့ကွာ .. အခု ကိုယ် ဦးလေးနဲ့ ပြောနေတာ မဟုတ်ဘူး .. မင်းကို မေးနေတာ .. ကိုယ့်ကို ချစ်လား.."

"ဘာလို့ ချစ်ရမှာလဲ .. ရှင်က ချစ်တယ်ပြောတာနဲ့ ဒီက ပြန်ချစ်ရအောင် .."

"ဟာ .. ဟိုမှာ ကိုကြီးနဲ့ မမခင် .."

"ဟင်!... လိုက်လာပြီလား .."

"ဟုတ်တယ် .."

လွှန်လွှန်း လက်ကို ဆွဲ၍ ရေအိမ်တစ်လုံးထဲ ပြေးဝင်လိုက်သည်။

"အို.. ယောက်ျားအိမ်သာကြီးထဲမှာ ဘာလုပ်တာလဲ .. ဒုက္ခပါပဲ.."

"မဟုတ်ရင် မြင်သွားမှာပေါ့ကွ .."

"ဒါဆိုလည်း မိန်းမဘက်ကို ပြေးမှာပေါ့ .."

"မိန်းမအိမ်သာထဲ ကိုယ် လိုက်ဝင်ရင် ခေါင်းကွဲသွားမှာပေါ့ .. ငြိမ်ငြိမ်နေစမ်းပါကွာ .."

"ဘာလို့ ဖက်ထားတာလဲ လူကို .. ဖယ်ပေး .."

"မြန်မြန် ဖြေလေကွာ .. အီစီကလီတွေ မူမနေပါနဲ့ .. ကိုယ်တို့ချင်း နားလည်ပြီးသား .."

"ဘာ!..."

"ကိုယ့်ကို မင်း ချစ်နေတာ ကိုယ် သိပါတယ် .."

"ရှင် နော် .."

"ကိုယ်လည်း မင်းကို ဆုံးရှုံးမခံနိုင်ဘူး .. လုပ်ပါကွာ .. ချစ်တယ်လို့ပဲ ပြောလိုက် .."

"ပြောတော့ .."

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် မင်းကို ရအောင် ယူမှာပေါ့ .."

"ကိုကိုလွင် နဲ့ လကုန်ရင် ဆွေစပ်တော့မှာ .."

"အဲ့ဒါတွေ ထားလိုက်စမ်းပါ .. ကိုယ်က ဘယ်လူကြီးအားကိုးနဲ့မှ မဟုတ်ဘဲ မင်းက ချစ်တာကိုပဲ လိုချင်တာ .. အချစ်နဲ့ လူကို တစ်ခါတည်း သိမ်းပိုက်ဖို့ ဆုံးဖြတ်ပြီးသား .."

လွန်လွန်း သူ ဖက်ထားတာကို ရုန်းနေရင်း ငြိမ်ကျသွားသည်။ ပြီးတော့ သူ့မျက်နှာကို မော့ငေးနေမိကာ ...

"ရှင့်ကို ဘယ်လိုလုပ် ယုံရမှာလဲ ...၊ ပေါ်လာလိုက် .. ပျောက်သွားလိုက်နဲ့ .."

"ဘာလဲ .. ကိုယ့်ကို အခြေမဲ့ အနေမဲ့မို့ လန့်နေတာလား .."

"ဟင့်အင်း .."

"ဒါဆို ဖြေလေ .."

"ရှင်က လွန်လွန်း ချစ်သလောက် ပြန်မချစ်ဘူးဆိုရင် ဒီက ချစ်တယ် ပြောပြီးမှ .."

ချစ်သူ က လွန်လွန်း ရဲ့ မျက်နှာလေးကို ငုံ့မိုးကြည့်နေရင်း ရယ်လိုက်ကာ ...

"အိုခေ .. ရပြီ .."

"ဟာ .. ဘာလုပ်တာလဲ .. သွား .."

နှုတ်ခမ်းလေးကို လိမ်ဆွဲပစ်လိုက်ပြီး ပါးပြင်လေးမှာ သူ့မျက်နှာနဲ့ ကပ်၍ တိုးတိုက်ပစ်၏။

ပြီးတော့ သူ့ကိုယ်လေးကို ရင်ခွင်ထဲမှာ ပျောက်ကွယ်လုမတတ် ဖက်ထားကာ ...

"အရမ်းချစ်တယ် .."





## အခန်း (၃၆)

ပိုက်ဆံတွေ အထပ်လိုက် အပုံလိုက် ကျပ်သိပ်နေအောင် ထည့်ထားသည့်အိတ်ကြီးပေါ်ကို လက်ကရောက်သွားပြီးမှ မြင်ကွင်းထဲဝင်လာသည့် ကားတစ်စီးကြောင့် ဒေါ်တင်မာချစ် မျက်ခုံးအစုံ တွန့်ကုတ်သွားခဲ့၏။

ဒီလူ ...၊

ဒီလူကို ငါ မြင်ဖူးတယ်...၊ ငါ သေချာသိနေခဲ့တာပါ.. ဘယ်သူလဲ...။

"မမကြီး ဆင်းလို့ ရပါပြီ ခင်ဗျ .."

သေးမှာ တံခါးလာဖွင့်ပေးသည့် လူရွယ်က ဒေါ်တင်မာချစ် ဆင်းလာသေးတာကို တိတ်ဆိတ်စွာ စောင့်နေ၏။

"တီ .. တီ .."

လမ်းကသိပ်မကျဉ်းပေမယ့် ဒီနေရာမှာ တိုက်ခန်းတွေက မြေညီထပ်ဆိုင်းမှာ ဆိုင်တန်းကြီး လုပ်ထားသဖြင့် လူရောကားပါ ကျပ်နေ၏။

သူတို့ကား..ကလည်း သေချာ ပါကင်မယူရသေးဖြင့် လမ်းမလှည့်သည့်ကားတွေက ဟွန်းတီးနေကြလေသည်။

"ကားပေါ် ပြန်တက်ပြီး ပါကင်ထိုးဖို့ ရှာလိုက် .."

"ဟုတ်ကဲ့ .."



www.burmeseclassic.com

www.burmeseclassic.com



ဒရိုင်ဘာ ကားပေါ်ပြန်ရောက်သည်နှင့် ကားက ဘက်ခ်ပြန်ဆုတ်ရင်း သောကို လုံးဝ ကပ်ချသွား၏။ ခေါ်တင်မာချစ် ရဲ့ အကြည့်တွေကတော့ ပါကင်သွင်းနေသည့် ကားတစ်စီးနှင့် ထိုထဲက ထွက်လာသော မျက်မှန်နဲ့ လူတစ်ယောက်ဆီမှာပဲ ရှိနေကာ ...

သိပြီ ...၊

ဒီလူကို သူမ မှတ်မိသွားပြီဖြစ်၏။ ဟိုတစ်ခါ စိန်တွေ ဘူးလိုက်ကျန်ခဲ့တုန်းက သူမရှိရာကို ရှာဖွေရောက်လာပြီး ပြန်ပေးသွားသည့် တက္ကစီသမားကြီး ...၊

သူက ဒီတိုက်ခန်းက လူတွေနဲ့ ဘယ်လို ပတ်သက်နေတာလဲ...၊

"မောင်လှိုင် .."

"ခင်ဗျာ မမကြီး .."

"ဟိုရှေ့က ဗီနပ်စင်လေးထုတ်ထားတဲ့ ဆိုင်မှာ မျက်မှန်နဲ့ အင်္ကျီအဖြူနဲ့ အနက်ကွက်နဲ့ လူကြီး တွေ့လား .."

"ဟုတ်ကဲ့ .."

"အဲ့ဒီလူကြီးနဲ့ အဲ့ဒီဆိုင်ဖွင့်ထားတဲ့ တိုက်ခန်း ဘယ်လိုပတ်သက်သလဲ သေချာသိရအောင် သွားစုံစမ်းခဲ့ .."

"ဟုတ်ကဲ့ မမကြီး .."

မောင်လှိုင် ဆင်းသွားတာနှင့် ခေါ်တင်မာချစ် ကူရှင်မှာ ခပ်တောင့်တောင့်မှီရင်း မျက်ဝန်းတွေကို မှိတ်ထားလိုက်၏။

ထိုအခါ တက္ကစီသမား သူမဆီ ရောက်လာပုံနှင့် ပြောဆိုသွားသည့် စကားသံတွေကိုပါ စိတ်အာရုံမှာ ထင်ဟပ်လာခဲ့၏။

"ရပါတယ် မလိုပါဘူးဗျာ .. တက္ကစီခ သုံးထောင်ပဲ ပေးပါ .."

"လိပ်စာရှာရင်းနဲ့ ဖွင့်ကြည့်ထားမိပါတယ် .. ပစ္စည်းတွေကို စစ်ကြည့်ပါဦး .."

ဒီလူကြီး ပြောသွားတာတွေကိုပါ သတိရနေမိသေးသည်။





"ဆင်းရဲတဲ့လူတိုင်း အောက်တန်းကျနေကြတာ မဟုတ်ဘူး မာမီ.."

"သူတို့က ကျွန်တော့် ကျေးဇူးရှင်တွေပါ .."

"ဟုတ်တယ်.. မာမီပြောတာတွေ မှန်ပါတယ်.. ဒါပေမယ့် ခြွင်းချက်တော့ ထားရသေးတယ်မို့လား.. သူတို့က အဲဒီလိုလူတွေပဲ မာမီ.."

သားနဲ့ ပြောဖြစ်ခဲ့တာတွေကို ယှဉ်ကြည့်မိတော့ ဒီလူကြီးက ဒီမိသားစုထဲကလားလို့ တွေးမိလာ၏။ ထိုအခါ မှိတ်ထားသည့် မျက်လုံးတွေ အထိတ်တလန့် ပြန်ဖွင့်လေသည်။

သူမ ဒီကိုလာခဲ့သည့် ရည်ရွယ်ချက်က လူတန်းစား ခွဲခြားရဖို့အတွက် ရှိခဲ့ဖူးသော လုပ်ထုံးလုပ်နည်းများအတိုင်း ချည်နှောင်ထားသည့်ကြိုးကို ငွေကြေးထုထည်နဲ့ ဖိချ ဖြတ်တောက်ဖို့ ...၊

ဒါ လွယ်ပါတော့မလား ...၊

မျက်လုံးတွေက ရှေ့တူရူက မြင်ကွင်းဆီ ရောက်သွားလိုက်.. ကိုယ့်ဘေးမှာ ချထားသည့် ငွေထုပ်ဆီ ရောက်လိုက် ...၊

ဒီထဲမှာ ငွေတွေ နည်းတာ မဟုတ်ပေ ...၊

'ငွေဆိုတာ သည်းခြေကြိုက်' ဆိုတဲ့စကား မှန်လျှင် ဒီလူကြီးနဲ့ ဒီမိသားစု ဘယ်လို ဆက်စပ်နေနေ .. သူမရဲ့ လာရင်းကိစ္စက အဆင်ပြေကိုပြေရမည်။

စိတ်ကိုပြန်တင်း၍ ကိုယ်ကို မတ်မတ် ပြင်ထိုင်လိုက်သည်။ ကိုယ့်သားလေးက ပြည့်စုံကြွယ်ဝကြသည့် နှစ်ဖက်ဘိုးဘွားရဲ့ အမွေအနှစ်တွေနဲ့ မိဘလက်ထက်ပွား စီးပွားရေးလုပ်ငန်းတွေ .. စည်းစိမ်ချမ်းသာတွေ တစ်ပုံတစ်ပင်နှင့် ...၊

ဥစ္စာပေ... ရုပ်ချော ပညာတတ်လေးပါ ...၊

သားလေးကို ဒီလိုအဆင့်အတန်းမျိုးနဲ့တော့ သူမ သဘောမတူနိုင်ပါ ...၊

"ကျွန်တော့်ကို မာမီ ချစ်တယ် ဘယ်လောက်ပြောပြော .. သူတို့



www.burmeseclassic.com

www.burmeseclassic.com



ကို ကျေးဇူးမတင်နိုင်သရွေ့ မာမိ ချစ်တယ်ဆိုတာကို ကျွန်တော် မယုံဘူး ..."

"သူတို့ကို ကျေးဇူးမတင်နိုင်သရွေ့ ..."

"သူတို့ကို ကျေးဇူးမတင်နိုင်သရွေ့ ..."

သားရဲ့ စကားလုံးတွေကို မလိုလားစွာ အထပ်ထပ် ကြားနေမိသည်။ ကျေးဇူးဆပ်ကြတယ်ဆိုတာမှာ ငွေကြေးဥစ္စာနဲ့ ပေးကမ်းထောက်ပံ့ခြင်းရော မပါဘူးလား ...၊

ဒါဆို သူမ ဒီငွေတွေကို သားအတွက် ကျေးဇူးတင်ခြင်းအဖြစ် သတ်မှတ်ပြီး ပုံချပေးရင်ရော ...၊

စိတ်တို့သည် အဆိုးအကောင်းနှစ်ရပ်ကြားမှာ ဘယ်ဘက်မှာမှ မရပ်တည်နိုင်သေးဘဲ အိမ်ရှေ့ထိ ရောက်လာပြီးမှ နောက်တွန့်နေခဲ့၏။

"ရပါတယ်ခင်ဗျာ.. မလိုပါဘူး.. တက္ကစီခ သုံးထောင်ပဲပေးပါ.."

ဒီလူကြီး စိန်ထုပ်ကိုအပ်ပြီး ငွေသုံးထောင်ပဲ ယူသွားသည့် အမှန်တရားက သူမ လက်တင်ထားဆဲရှိသော ငွေထုပ်ကြီးကို သိမ်ငယ်နေစေလျက် ...

"မမကြီး ..."

"ဟင်!... ဟေ .. ဘာလဲ .."

မှန်နားမှာ လူတစ်ယောက်လုံး လာရပ်ခေါ်မှ အတွေးတွေ ရပ်တန့်ခဲ့၏။ သိချင်စိတ်နှင့် မှန်ကို ကမန်းကတန်း ချလိုက်ပြီး ...

"ဘာတဲ့လဲ .."

"ကျွန်တော်က ဒီတိုက်ခန်းပိုင်ရှင်ကို သိသလားလို့ အဲဒီ ဦးကြီးကို တည့်တည့်ပဲ မေးလိုက်တာ .. ဘာမေးစရာရှိလို့ ညာမေးစရာ ..ပို့နဲ့ လွှဲပြောပြီးတော့လေ .."

"အင်း .. အဲဒီတော့ ဘာတဲ့လဲ .."

"အဲဒီ ဦးကြီးက သူပဲတဲ့ .."





ဟင်!...

ဒေါ်တင်မာချစ် မကြားချင်ဆုံး သတင်း ...၊

"ဒါဆို .. ဦးလွန်း ဆိုတာ .."

"ဟုတ်တယ် မမကြီး .. အဲဒီလူကြီးက ဦးလွန်း တဲ့ .. ဆိုင်ထဲမှာ အမတစ်ယောက် ရှိသေးတယ် .. သူ့ကိုတော့ အဖေလို့ ခေါ်သံ ကြားတယ် .. သမီးလား .. ချွေးမလားပဲ .."

"ဘယ်အရွယ်လောက်လဲ .."

"အဲ .. အသက်ကတော့ .."

"ဟိုမှာ ထွက်လာတဲ့ ကောင်မလေးလား .."

ဒေါ်တင်မာချစ် ပြတော့ မောင်လှိုင် က လှမ်းကြည့်ကာ ...

"မဟုတ်ဘူး .. သူ မဟုတ်ဘူး .. အထဲမှာက သူ့ထက်တော့ အသက်ကြီးတယ် .. ပုံစံကြည့်ရတာ အိမ်ထောင်သည် ထင်ပါတယ်.."

ဒေါ်တင်မာချစ် ၏ တောင့်မတ်နေသည့်ကိုယ်က ကူရှင်မှာ လျှော့လျှော့ရဲ မှီကျသွားခဲ့၏။ စိတ်ကို ဘယ်လိုပဲ တင်းထားပေမယ့် 'ဒါကိုလုပ်နဲ့တော့ ..' ဆိုသည့် သတိပေးချက်က မသိစိတ်မှာ တွင်တွင်ဆော်နေခဲ့ပြီး ...၊

"မမကြီး မဆင်းတော့ဘူးလား .."

"မဆင်းဘူး .. နင် ကားထဲ ပြန်ဝင်တော့ .."

"ဟုတ် .."

ဒေါ်တင်မာချစ် မျက်နှာတစ်ပြင်လုံးက အေးစက်စက် တင်းမာလျက် ...

ဘာတွေ ဘာကြောင့် ပျက်ပါစေ .. သားကိုတော့ မပေးနိုင် ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၇)

"အားလုံး သိခဲ့တယ် ချစ်.. ကောင်မလေးက လွန်လွန်းခက် တဲ့-

"လွန် လွန်း ခက် .."

"ဟုတ်တယ် .. ဘာမေဂျာနဲ့ ကျောင်းပြီးထားလဲတော့ မသိဘူး- သူ့အစ်ကိုကြီးက အင်ဂျင်နီယာ ..၊ ဒါပေမယ့် အခု ကုမ္ပဏီတစ်ခု ဝင်လုပ်နေတယ် .. အငယ်တစ်ယောက်ကလည်း အင်ဂျင်နီယာပဲ - အိမ်ထောင်သည်က အကြီးကောင်လေး တစ်ယောက်ပဲ ရှိတာ .."

"ဦးလွန်း ကရော .."

"အံမယ် .. ဦးလွန်း ဆိုတဲ့လူကလည်း ပညာတတ်ပဲ နော်.. အိမ်လုံး ပညာမဲ့ တစ်ယောက်မှ မရှိဘူး .. ငါက အဲဒီက မာလာ ဆိုတဲ့ ချွေးမလေး ဈေးထဲမှာ လပေးနဲ့ ငွေချေးတယ်ဆိုတာ သိထား သူ့ဆီမှာ ငွေချေးချင်တဲ့ပုံစံနဲ့ တမင် သွားစောင့်နေတာလေ.. သူကလ လူသစ်ဆိုတော့ မချေးရဲဘူးဘာညာ ပြန်ပြောတာနဲ့ .. ဟိုပြောဒီ သတင်းနှိုက်လိုက်တာပေါ့ .."





"အင်း .. ပြောပါဦး .."

ဒေါ်တင်မာချစ် က သူငယ်ချင်းဖြစ်သည့် ဒေါ်နှင်းစံက် အတွက် ကော်ဖီပန်းကန်ကို ကိုယ်တိုင် မွှေပေးရင်း ရှေ့တိုးပေးကာ ...

"ငါ နှင့်ကို ယုံပါတယ်.. အတွင်းရေးဆိုတော့ တခြားလူကိုလည်း တိုင်ပင်ရဲဘူး .. ငါ့သားလေးကို ဒီတစ်ခါလည်း ဆုံးရှုံးမခံနိုင်ဘူးလေ.. ဒါ ခြေလှမ်း မမှားရဲဘူး နှင်း ရယ် .."

"အေးပေါ့ .. အဲ့ဒါကြောင့် နီးနီးနားနားလေး ပခုက္ကူကလူကို ရှာမ်းခေါ်ပြီး ခိုင်းရရှာတာ .."

"တောင်းပန်မှ ပြောင်းဆန်မနေနဲ့ .. ဒီမှာ ဖားနေတာကို အသိ အမှတ်ပြုဖို့ ကြိုးစား .."

"ဟွန်း .. ကော်ဖီလေး တစ်ခွက်ကို .."

အသက်တွေ ရလာပေမယ့် သူငယ်ချင်းတွေ ပြန်ဆုံကြတော့ ကျောင်းသိုလ်တုန်းကလို မဲ့ရွဲ့ပြောမိတာလေးတွေ .. မျက်စောင်းချိတ် တာလေးတွေကအစ မျက်နှာတွေမှာ ပြန်ပေါ်လာခဲ့၏။

"သူတို့မိသားစုတော့ မသိဘူး .. အဲဒီ မာလာခင် ဆိုတဲ့ တစ် ယောက်ကတော့ ရည်ရည်မွန်မွန်လေးပဲဟ .. မပြေလည်ကြပုံလည်း မပေါ်ပါဘူး .. ကိုယ်မှာ လက်ဝတ်လက်စားလေးတွေနဲ့ သန့်သန့်ပြန့် ပြန့်ပဲ .."

တစ်ခေါက်ပြီး တစ်ခေါက် အမျိုးမျိုး လှည့်စုံစမ်းလိုက်တိုင်း ပြန် ကြားရသည့်သတင်းက 'သူတို့မိသားစုတွေက လူရည်သန့်တွေပဲ' ဆိုတာ ချည်းပြီး ..၊

မာလာခင် က အစ်ကိုကြီးရဲ့ မိန်းမပေမယ့် .. အဲ .. ဦးလွန်း နဲ့ဆို ချွေးမပေါ့ .. သူက အကြီးဆုံးသမီးလိုမျိုးပဲ သိလား ..၊ သူ့အကြောင်းပြောပြော သူ့မောင်လေး ညီမလေးတွေလိုပဲ မိသားစု အပေါ် ကျေချင်တာမျိုးပေါ့ ..၊ ငါ့ကို လူသစ်မို့ ငွေထုတ်ချေးပေးဖို့



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်နိုင်တာ ပြောပြတယ် .. စကားပြော လိမ္မာတော့ ပိုက်ဆံမရပေမယ့် တစ်ဖက်လူက စိတ်ဆိုးရ ခက်တာပေါ့ ..''

"မာလာခင် သာ အဲ့ဒီက ချေးမ မဟုတ်ရင် သူ လိုချင်ပုံပဲ ..''

"ဘာ!...''

"တော်သေးတာပေါ့ သား မရှိလို့ ..''

"ချစ် နော် .. ငါ အဲ့ဒါတွေ ပြောပြနေတာ နင် အများကြီး ချင့်ချိန်လို့ ရအောင်လို့ .. သားလေး သနားပါတယ်ဟာ .. သူ ချစ်နေတာမှ ရင်လည်း ပေးစားလိုက်ပါ ..''

"မတည့်အောင် စ မလာနဲ့ မိနှင်း ..''

"ပြောပြတာပါ .. နင်တို့မှာ ဒီလောက်ထိ ထားစရာ မရှိအောင် ချမ်းသာနေတာ .. စည်းစိမ်ဥစ္စာ မပါရင်လည်း အသိုင်းအဝိုင်း သန့်သန့်လေးနဲ့ ပညာတတ် ရုပ်ချောချောလေး ဖြစ်နေရင် ကျေနပ်ပေးလိုက်ပါဟယ် ..''

စားသောက်ဆိုင်ထဲမှာ မြင်နေရသမျှ လူတွေကို လှမ်းကြည့်ရင်း ဒေါ်တင်မာချစ် မျက်နှာ မှုန်မှိုင်းနေ၏။ သူမ ဒီလိုဆိုင်လောက်မှာ ဘယ်တုန်းကမှ မထိုင်ခဲ့ဖူးပါ ..။

ဟိုတယ်က စားသောက်ခန်း တစ်ခုခုမှာ အလုပ်ကိစ္စနဲ့ မိတ်ဆွေတွေ ဆုံဖြစ်ကြရင်လည်း ပြောစရာရှိကြသည့် အရောင်းအဝယ်ကိစ္စတွေအပြင် ဘာမှလည်း မပြောဖြစ် .. တွေးဖို့ အချိန်လည်း မရှိ ..။

သူမအတွက် စိန်တိုက်ရယ် .. အရောင်းအဝယ်ကိစ္စတွေရယ် .. ထိုပြင် ...

"နင် ဘဏ်လုပ်ငန်းတွေ လုပ်နေပြန်ပြီ ဆို ..''

"ငွေတွေ အိပ်နေလို့ ရှယ်ယာတွေ့တာနဲ့ လုပ်ကြည့်လိုက်တာ ဟာ ..''

"အင်း .. ခုလည်း ရှိပြီးသားဘဏ်ကြီးနဲ့အပြိုင် ခေါင်းထောင်





တာပဲ .. နင် လုပ်သမျှ ရွှေဆို ရွှေ .. ငွေဆို ငွေပဲ နော် ..''

"တော်ပါ နှင်း ရယ် .. ငါ အားခဲကြိုးစားနေသမျှ သားလေး ပျောက်သွားပြီးတည်းက ဘာမှကို အဓိပ္ပာယ်မရှိတော့ပါဘူး .. ငါ ပျော်လည်း မပျော်တော့ဘူး ..''

"အခု သားက ပြန်ရောက်နေပြီ ဥစ္စာ ..''

"ဒါပေမယ့် သားရဲ့စိတ်ကို ငါမှ မရခဲ့တာ ..''

"ဘယ်လိုလုပ် ရမှာလဲ .. အစတည်းက နင်တို့သားအမိချင်း စိတ်ချင်း သဘောတူ ဘာရှိခဲ့လို့လဲ ..၊ 'မေတ္တာပေး၍ မေတ္တာမရ'တဲ့ .. ပေးနေတာတောင် ပြန်မရခဲ့တဲ့လူတွေရှိလို့ ဒီစကားတွေ ဖြစ်လာတာပဲ .. နင်က ကလေးကို ဘယ်တုန်းကများ မေတ္တာနဲ့ ချွေးထွေး ယုယခဲ့လို့လဲ ..''

"ဒီလိုတော့ မပြောပါနဲ့ နှင်း ရယ် .. သားလေးကို ငါ ဘယ်လောက် ချစ်သလဲဆိုတာ ..''

"ငါကတော့ နင့်ယောက်ျားကို နင် ဘယ်လောက်ချစ်သလဲဆိုတာပဲ သိတယ် ..''

"အို .. မဟုတ်ပါဘူး ..''

"ဘာလို့ မဟုတ်ရမှာလဲ .. ဟိုကလည်း ဒီတိုင်းပဲ .. နင်တို့နှစ်ယောက် မာနတွေ ပြိုင်ဆိုင်ပြီး သူ တော်တယ် .. ငါ သာတယ်နဲ့ စီးပွားရေးချင်း ယှဉ်ကြတယ် ..၊ ဘယ်သူ ခြေလှမ်းမှားမလဲ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ လှမ်းပြီး ချက်ကင်လုပ်နေကြတယ် .. သားလေးတစ်ယောက်ကိုကျတော့ ရတနာတွေ ပုံပြီး ဖယ်တောက်ကစားနိုင်အောင် စုဆောင်းပေးထားတာနဲ့တင် တာဝန်ကျေပြီ ထင်နေကြတာ ..''

ဒေါ်တင်မာချစ် ဘာတစ်ခွန်းမှ ပြန်မပြောနိုင်ခဲ့ပေ ..၊

ကိုယ့်ရဲ့ အနီးဝန်းကျင်မှာ သူမကို ဒီလို ကဲ့ရဲ့ဝေဖန်ရဲတဲ့လူလည်း ရှိခဲ့ပါ ..။



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းချင်း တွေ့မှ ဒါတွေ ကြားရကာ သူမ ဒီတိုင်းပဲ ဖြစ်နေ ခဲ့တာကို နားလည်လာခဲ့၏။

"ဒီလူတွေနဲ့ နေခဲ့ရတဲ့အချိန်ကို သား မက်မောနေပြီမို့လား - အဲ့ဒါ နင့်ထက် လက်သာလို့ပဲလေ .. သူ့စိတ်ကို သာယာစေတဲ့လူတွေ ဟာ .. ပြီးတော့ စုတ်ပြတ်တေလေနေတဲ့အဆင့်မျိုးတွေလည်း မဟုတ် ဘူး .. ကိုယ် မပေးနိုင်တဲ့ သာယာမှုမျိုး သူတို့က ပေးနိုင်တာ နင် ကျေးဇူးတောင် တင်ရဦးမှာ .."

"နှင်းစက် ရယ်.. ငါ နင့်ကို အဲ့ဒီတရားတွေ ဟောပြပေးဖို့ ခေါ် တာ မဟုတ်ဘူး နော် .. ငါ့ကိုလည်း အားနာဦး .."

"အားနာရအောင် နင်နဲ့ ငါက ခုမှသိတဲ့ လူတွေလား .. နင် ဘာဖြစ်လာနိုင်သလဲဆိုတာတောင် ငါ အမှန်းခံပြီး ပြောခဲ့ဦးမယ် -"

"ဘာလဲ .. ပြော .."

"အခု အိမ်ပြန်နောက်ကျလာတာရော .. နင့်အပေါ်မှာ နွေးထွေး မလာဘဲ ဟိုအရင်ကထက် ပိုစိမ်းသွားတာရော .. အဲဒါ နင် သတိထား မိရဲ့သားနဲ့ သူ့ကို အိမ်ထောင်ချထားပေးဖို့ပဲ နင် ဘာဖြစ်လို့ စီစဉ်နေ တာလဲ .."

"ငါက စကားလွန်ပြီးနေပြီ နှင်း ရယ် .. ယောက်ျားလေးရှင်ဘက် က စဖျက်တယ်ဆိုတာလည်း ငါကပဲ ဖြစ်နေရင် ငါ ပြောခဲ့တဲ့စကား ဘယ်မှာ တန်ဖိုးရှိတော့မှာလဲ.. ပြီးတော့ သမီးရှင်ဘက်ကို ငဲ့ရမယ်-"

"အဲ့ဒါတွေက စပြီး ခက်တာပဲ .. နင် စဉ်းစားလိုက်တိုင်း ကိုယ့် အတွက်ချည်းပဲ ..၊ နင်ရဲ့ဂုဏ်သိက္ခာ .. နင့်မာနတွေချည်း ရှေ့က -"

"နှင်း ရယ် .. နင်ကလည်း .."

"နင်က မလည်းနဲ့လေ .. နင့်စကား တည်ချင်တာနဲ့ ဟိုဘက် ငဲ့ရမှာနဲ့ .. နင့်မှာ ဒါတွေပဲ မဟုတ်ဘူးလား .. ကလေး စိတ်ချမ်းသာ က ဘယ်မှာလဲ ..၊ ပြီးတော့ ခုတောင်မှ နင်ရော စိတ်ချမ်းသာနေ





လား .. ကိုယ့်စကားကို နားထောင်ပြီး သူ မချစ်ဘဲ ယူသွားရင်လည်း သူ့တစ်ဘဝလုံး ပျော်မှာ မဟုတ်ဘူး .."

"ဒါကတော့ လက်ထပ်ပြီးသွားရင် .."

"အဲ့ဒါ ထားလိုက်ပါ .. သားက ဟင့်အင်းဆိုပြီး အရင်တစ်ခါလို ထွက်သွားရင်ရော .. သူ ချစ်တာ သူယူပြီး ကြုံသလို ကျသလို ရှာကျွေး နေမှာပဲဆိုရင် နင် ဘယ်လိုလုပ်မလဲ .."

ဒေါ်တင်မာချစ် အသံ ထွက်မလာတော့ပေ ..၊

"စိတ်မချမ်းသာပါဘူးလို့သာ နင် ညည်းနေတာ .. နင်က ဂုဏ် သိက္ခာအတွက် အသေခံပြီး အလံထူသွားမယ့် မိန်းမပဲ .."

"နင်က ငါ့ကိုပဲ အပြစ်တင်နေတယ် .. နင့်သမီးကျတော့ နင့်စိတ် ကြိုက် အဆင့်အတန်းတူကို ရွေးထုတ် ပေးစားထားတာ .."

"ငါက သမီးရှင်လေ .. သားနဲ့ သမီး မိဘအပေါ် နာခံ လေးစားပုံ ချင်း မတူဘူးဟ .. ပြီးတော့ ငါ့သမီးက အရမ်း အေးလွန်းတယ် .. သူ့ စိတ်ကြိုက် ရွေးခွင့်ပေးထားရင် အမှားလည်း တွေ့နိုင်သလို အပျိုကြီး ဖြစ်သွားဖို့လည်း နီးစပ်တယ် .. ငါ တကယ်ပြောနေတာ ချစ် .. နင့် လောက်တော့ အဆင့်အတန်းအပေါ်မှာ ငါ အစွဲအလမ်းမကြီးဘူး .."

ဒေါ်နှင်းစက် က ပြောနေရင်း သူငယ်ချင်းအတွက် စာနာစိတ် သည်း ဖြစ်ခဲ့လျက် ...

"ငါ ထင်တာ ပြောရရင် နင့်စိတ်လည်း မောက်မာ လွင့်မျောနေတဲ့ အထိ မဆိုးပါဘူး ချစ် ရယ် .. ခုလိုတွေ လုပ်နေတာ နင့်ယောက်ျားက အပြစ်ထောက်လာမှာကို မခံနိုင်လို့မို့လား .."

ဒေါ်တင်မာချစ် က စားပွဲမှာ ရှိနေသည့် စားစရာတွေကို ငေးမော နေလျက် တုတ်တုတ်မှ မလှုပ် ..၊

ကြည့်သာ ကြည့်နေပေမယ့် စိတ်က တခြားလွင့်နေသည်မှန်း သိ သာစွာ ..၊



www.burmeseclassic.com

www.burmeseclassic.com



"ငါ့သား ငါ့လက်ထဲမှာမို့လို့ ဒီလိုဖြစ်သွားတယ်ဆိုတာ ထပ်အပြောမခံနိုင်ဘူး .."

"ဟုတ်တယ် .. နင် အဲ့ဒါအတွက် အသည်းအသန် ကာကွယ်ဖို့ ကြိုးစားနေတာ .. ဒါပေမယ့် သားကို နင် ဆုံးရှုံးခဲ့ရတာပဲမို့လား - အကယ်၍ ဒီမိသားစုလက်ထဲ မရောက်ခဲ့ရင် နင့်သားကို ပြန်ရဖို့လွယ်မလား ..၊ ရခဲ့ရင်တောင် အကောင်းတိုင်း ဖြစ်လာမယ် နင် ထင်လား .."

"ငါတို့ ပြန်ရအောင် နှင်း .."

"အေးပါ .. ဒါပေမယ့် ငါ စကားဆုံးအောင်တော့ ပြောပါရစေဦး- ဆင်းရဲတဲ့လူနဲ့ ညားသွားတိုင်း ဘဝပျက်သွားမှာ မဟုတ်ပါဘူးဟာ - ဖြစ်ချင်သလို ဖြစ်မလာတော့လည်း ဖြစ်လာသလို နားလည်ပေးနိုင်အောင် ကြိုးစားပါ ..၊ ခုလည်း .."

ဒေါ်နှင်းစက် က စကားထောက်သွားပြီးမှ ...

"အရေးကြီးတာကို ငါ ပြောဖို့ မေ့နေတယ် .."

"ဘာလဲ ဟင် .."

"လွှန်လွှန်းခက် ကို ဈေးစပ်ပေးတော့မှာ .."

"ဟင်!... တကယ် .."

"တွေ့လား .. မျက်လုံးက ချက်ချင်း ဝင်းဝင်းလက်လက် ဖြစ်သွားတာ .."

ဒေါ်နှင်းစက် က မဲ့တဲ့တဲ့မျက်နှာကြီးနှင့် မျက်စောင်းလည်း ထိုး၏။ ပြီးတော့ ...

"ငါ့သူငယ်ချင်း ငါ ပြောနေတာတွေကို နားလည်သွားမလားမှတ်တယ် .. ဒီမှာ ချစ် .. ငါ ပြောပြနေတာ ဒီကောင်မလေးနဲ့ လွဲသွားမှာပဲဆိုပြီး မျှော်လင့်ချက် ပေးနေတာ မဟုတ်ဘူး .."

"ပြောပါဦး .. ဘာဖြစ်လို့လဲ .."





ဒေါ်တင်မာချစ် မျက်နှာမှာ အပြုံးနုနုတို့ တကယ်ပဲ လွှမ်းခြုံနေခဲ့လျက် ...

"နင် ဝမ်းသာအားရဖြစ်နေတဲ့အချိန်မှာ နင့်သားလေး ရင်ကွဲပက်လက်ဖြစ်ပြီး ထင်ရာစိုင်းသွားရင် ဘယ်လိုလုပ်မလဲ .."

"သူတို့ ဒီလောက်ထိတော့ .."

"ဘယ်အတိုင်းအတာအထိ ချစ်နေကြသလဲဆိုတာဟာ တိုင်းတာကြည့်လို့ ရသလား ချစ် ရယ် .. ခု မပြောနဲ့ နောက်ထပ် ခရစ်သက္ကရာဇ်တွေ သုံးထောင်လေးထောင်ထိ နည်းပညာတွေ ဘယ်လောက် တိုးတက်လာပါစေ အချစ်ကို လက်ရဖမ်းကြည့်ဖို့ ဘယ်တော့မှ ဖြစ်လာမှာ မဟုတ်ဘူး .."

စိတ်တိုတိုနှင့် ပြောချလိုက်ပြီးမှ ...

"နောက်တစ်ခု ရှိသေးတယ် ..၊ ကောင်မလေးကလည်း အင်ဂျင်နီယာကောင်လေးနဲ့ပဲ ဈေးစပ်မှာ .. ကောင်လေးမိဘတွေကလည်း ချမ်းသာတယ်လို့ ပြောတယ် .."

"အဲ့ဒီတော့ ကောင်းတာပေါ့ .. ငါ့သားနဲ့ လွဲရင် ပြီးတာပဲ .. သူ့ဟာသူ သံအမတ်နဲ့ပဲ ညားညား .."

"သြော် .. လုပ်ပြန်ပြီ .. ဒီက ပြောလို့ မပြီးသေးဘူး .."

"ပြော .. ပြော .."

"ကလေးကို နင် ဘယ်လိုမှကို သဘောမတူနိုင်ဘူး .. မပေးစားပါဘူးဆိုတာ သေချာရင် ဒီရက်ပိုင်းမှာ သတိထားရတော့မယ် ..၊ သူတို့ချင်း ချစ်နေကြရင် တစ်ယောက်ကလည်း ထွက်ပြေးဖို့ ကြိုးစားမှာပဲ .. တစ်ယောက်ကလည်း သွားခိုးမှာပဲ .."

"ငါ့သားက .."

"အမှန်ပေါ့ .."

"ဟုတ်တယ် .. ဖြစ်နိုင်တယ် .. ခုတစ်လောကမှ သားလေး ခြေ



www.burmeseclassic.com

www.burmeseclassic.com



လှမ်းပျက်နေတာ ..”

“အဲ့ဒါကို နင် ဂရုစိုက်ဖို့ လိုတယ် ချစ် .. လူတွေ ဖြန့်ကြည့်နိုင်းထားတာထက် နင်ကိုယ်တိုင် ဂရုစိုက်ရတော့မှာ ..”

ခေါင်းထဲမှာ သတိပေးခေါင်းလောင်းသံတွေတော့ မြည်နေပါပြီ ..။ ဒေါ်တင်မာချစ် ခေါင်းညိတ်နေရင်း မျက်လုံးထဲမှာ မြင်ယောင်နေမိ၏။

ခန္ဓာကိုယ် သွယ်သွယ်ပြည့်ပြည့်လေးနှင့် ပခုံးလောက် ဆံနွယ်လေးတွေက သားလိုပဲ ဆေးဆိုးထားတာ ဖြစ်နိုင်သည်။ ခပ်လှမ်းလှမ်းက မြင်ရတာပေမယ့် ရွှေညိုရောင်လိုမျိုး ဆံပင်ရောင်ကို သူမ သတိထားမိခဲ့၏။

သူမလေးနဲ့မှ သားက ဘာဖြစ်လို့ နီးစပ်သွားခဲ့တာလဲ ..။

အပေါင်းအသင်းတွေနဲ့ သွားလာ ပျော်ပါးနေတတ်ပေမယ့် သားလေးကို မိန်းမကိစ္စနဲ့ ပတ်သက်ပြီး အထူးတလည် ဘာမှ ဆုံးမခဲ့ရတာ မရှိ ..။

ဒီလို သတင်းအနံ့မျိုးလည်း သားနဲ့ပတ်သက်ပြီး ဘယ်အခါကမှ မကြားခဲ့ရဖူးပေ ..။ ဒါဟာ တစ်မိုးအောက်ထဲမှာ အတူတူ နေထိုင်ခဲ့ကြသည့် နီးစပ်မှုတွေကြောင့်သာ ဖြစ်မှာပါ ..။

ခုလို တစ်နေရာစီ ဝေးနေကြပြီဆိုရင်တော့ ပြန်ပြီး သွေးအေးသွားနိုင်မည် ထင်သည်။

ကိုယ်ကပဲ စိုးရိမ်ကြီးနေခဲ့တာ ဖြစ်ပါစေ ..။

“ပြန်မယ်လေ ချစ် .. ငါ့ကို ကန်တော်လေးဘက်က လိုက်ပို့ပေးဦး ..”

“အေးပါ .. ပို့ပါ့မယ် ..”

ဒေါ်တင်မာချစ် ခေါင်းညိတ်ပြီး နေရာမှ ထရပ်သည်။ ထိုစဉ် ဖုန်းလာသဖြင့် ...

“နင် ဖုန်းပြောလိုက် .. ငါ ပိုက်ဆံ သွားရှင်းလိုက်မယ် ..”





ဒေါ်နှင်းစက် ကျောခိုင်းလိုက်ပြီးမှ ဖုန်းပြောနေသည့် စကားသံကြောင့် ခြေလှမ်းတွေတောင် တုံ့သွားခဲ့၏။

“ဘာပြောတယ်.. ငါ့သား ဟုတ်လား .. ဘယ်ကုမ္ပဏီမှာ လျှောက်သွားတာလဲ ..”

“... ... ... ...”

“ဟဲ့ .. မနေ့တည်းကကိစ္စကို ခုမှ သိရသလား .. တောက်!...”

ဒေါ်သပိဟာ ကရုဏာဒေါသအပြင် ဘယ်လိုအမျိုးအစားတွေ ထပ်မံပွားများထားခဲ့သည်ဆိုတာ မသိ ..။

ဒေါ်တင်မာချစ် တောက်ခေါက်လိုက်သည့်အသံက ငိုသံပါနေကာ နှုတ်ခမ်းကို ဖိကိုက်ထားရင်း မျက်ရည်တွေ မျက်ဝန်းမှာ ပြည့်ပြည့်သိပ်သိပ် ဖြစ်လာခဲ့၏။

ကားထဲမှာ အတူ ဝင်ထိုင်မိကြကာမှ ...

“ဘာဖြစ်နေတာလဲ ချစ် .. ဖုန်းဆက်တာ ဘယ်သူလဲ .. ဘာပြောသွားလို့လဲ ..”

လက်ခုံကို ဆုပ်ကိုင်၍ ဒေါ်နှင်းစက် က စိုးရိမ်တကြီး မေးတော့သည်။

“ငါ့ .. ငါ့သားက ကုမ္ပဏီမှာ အလုပ်လျှောက်သွားတယ်တဲ့ နှင်းရယ် ..”

“ဟင်!...”

ပြောရင်း မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျ၏။

“သေချာပါပြီဟာ .. သားလေး ငါ့ကို ခွဲထွက်ဖို့ ကြိုးစားနေပြီ..”

“အဲ့ဒါ နင် ဘာကို ဆုံးရှုံးခံနိုင်သလဲ .. တစ်ခုခုကို ရွေးလေဟာ..”

“ငါ့သားကို ဘယ်သူ့ကိုမှ ငါ မပေးနိုင်ဘူး .. သူတို့တွေ ငါ့သားကို ချမ်းသာမှန်း မသိခဲ့ဘူးပဲ ထားဦး .. ခုလောက်ဆို သိနေကြပြီ ..။ ချမ်းသာမှန်း သိလို့ဖြစ်ဖြစ် .. မသိသေးဘူးဖြစ်ဖြစ် ဆင်းရဲတဲ့ဘဝတွေနဲ့ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



လိုမှ ပေါင်းစပ်မခံနိုင်ဘူး ..၊ နင် သိပါတယ် နှင်း ရယ် .. 'မမြင်ဖူး မှူးမြစ်ထင်'တဲ့ ..၊ စိန်မှန်း ကျောက်မှန်း မသိတဲ့ အတန်းအစားတွေနဲ့ ငါ့သားကို .."

"ကဲ .. ဟုတ်ပါပြီ .. ဒါပေမယ့် ကလေးကိုမှ နင် မနိုင်တာ .. တစ်ခုခု လုပ်ဖို့ကို သေချာ ဆုံးဖြတ်တော့လေ .."

"ဟုတ်တယ် .. ငါ ဆုံးဖြတ်မယ် .."

ဦးလွန်း ဆိုသည့် မျက်မှန်ကြီး တကားကားနဲ့ လူကြီးကို ဖျတ်ခနဲ မြင်ယောင်၏။ ဒီလူကြီးကို မြင်လိုက်တာနဲ့ သူမ တစ်ခါ လှည့်ပြန်လာခဲ့ရပြီးပြီ ..။

ငွေနဲ့ စည်းရုံးဖို့မလွယ်မှန်း သိနေသည့်နောက် သူမ လုပ်စရာ တစ်ခုပဲ ရှိတော့သည်။

နားလည်အောင် ပြော၍ နားလည်မှုကိုပဲ ရအောင် ယူရမည် ..၊

သားကိုတော့ ချမ်းသာပေးဖို့ ..၊





အခန်း (၃၈)

"ဟား .. ကျွတ်!..."

နေမောင်မောင် ဟာ .. ခနဲ ဖြစ်ကာ နဖူးကိုပါ လက်ဖနောင့်နဲ့ ကပ်ရိုက်မိ၏။

"ပြဿနာပဲ ခင် ရာ .. မင်း ..မင်း အဲ့ဒါကို ခုမှ ပြောရသလား.."

"ဟုတ်ပါတယ် ကိုမောင် ရယ် .. ခင့် အပြစ်ပါ .. ခင် လေ .. လွန်လွန်း ကို ဖျောင်းဖျစည်းရုံးကြည့်ဖို့ ကြိုးစားရင်း ဒီလောက်ထိ ကြာသွားတာပေါ့ .."

"ဟုတ်တယ် .. ဒီလောက်ထိ ကြာသွားပါတယ်ဆိုတာက မနေ့ အထိ မင်း ပြေ ့ ဉ့်လို့ ရသေးတယ် .."

တိုက်ပုံအင်္ကျီအဖြူနှင့် ချည်ချောပုဆိုး ရွှေအိုရောင်ကွက်စိပ်က ခြောင်နေသည်။ ဒီနေ့ လွန်လွန်း ရဲ့ စေ့စပ်ပွဲနေမို့လို့ သူတို့ အင်တိုက်အားတိုက် ပြင်ဆင်နေခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



နေလွှန်း ကလည်း နိုင်ငံခြားထွက်မည့် အစီအစဉ်ကို ဖျက်လိုက်ပြီးတည်းက မြန်မာနိုင်ငံမှာပဲ အလုပ်လုပ်ဖို့ ရှာနေခဲ့တာ အခု အဆင်ပြေသွားပြီ ဖြစ်၏။

ပြီးတော့ ကိုကိုလွင့် မိဘများ၏ အထောက်အပံ့လည်း ပါမှာဖြစ်ကာ ကိုယ်ပိုင်လုပ်ငန်းတစ်ခု ထူထောင်ကြဖို့လည်း သူငယ်ချင်းတွေ တိုင်ပင်ကြပြီးပြီ ..၊

အရာရာဟာ မျှော်လင့်ထားကြတဲ့အတိုင်း အကောင်းတွေချည်း ဖြစ်လာတော့မှာမို့ ဦးလွှန်း မျက်နှာမှာလည်း အပြုံးပန်းတွေ ဝေနေခဲ့၏။

"နေပါဦး ခင် .. ညီမလေးက ချစ်သူ နဲ့ ဘယ်လို တွေ့နေတာလဲ..၊ ချစ်သွားကြတဲ့အထိ .. ကျွတ်!.."

"အဲ့ဒါတွေ မေးမနေပါနဲ့တော့ ကိုမောင် ရယ် .. အခု ညီမလေးက ငိုပဲ ငိုနေတာ .. မိတ်ကပ်လိမ်းပေးလို့ကို မရဘူး .."

"ဘာတွေ ဖြစ်နေကြတာလဲ .."

"မောင်လေး .."

နေလွှန်း ရောက်လာတော့ နေမောင်မောင် က လှည့်ကြည့်ပြီး ခေါင်းပဲ ပွတ်နေလျက် ဘာမှမပြော ..၊ မာလာ ကတော့ ညီအစ်ကို နှစ်ယောက်၏မျက်နှာတွေကို တောင်းပန်သည့်မျက်ဝန်းတို့နှင့် တစ်လှည့်စီကြည့်ကာ ပြောနေကြသည့်အကြောင်းကိုပဲ ထပ်ရှင်းပြရသည်။

"ဘာ!..."

အပြုံးတွေနဲ့ ရောက်လာသည့် မျက်နှာက မယုံနိုင်စွာ ပျက်ကျသွားခဲ့ပြီး ...

"ချစ်သူ နဲ့ .."

"ဟုတ်တယ် .. အခု လွှန်လွှန်း ငိုနေတယ် မောင်လေး ရယ် .. မမခင် လည်း စပြီး သိတည်းက ပြန်ပြောပြလောက်အောင် ကြီးကျယ်လာနိုင်မယ်လို့ မထင်ခဲ့ဘူး .. ချစ်သူ ကလည်း မရှိတော့ဘူး .. သူတို့





ချင်းလည်း အစက မသင့်မြတ်ကြတော့ မြင်တွေ့နေကျလူတစ်ယောက် မရှိတော့လို့ ရုတ်တရက် ပြောင်းလဲသွားတာမျိုးပဲ ထင်တာ .."

"ကွိုင်ပဲကွာ .."

နေလွှန်း နဖူးပွတ်ရင်း ဟိုဘက်သွားတော့မလို ဒီဘက်သွားတော့ မလို ဖြစ်သွား၏။

"မမခင် ကို သူ အစတည်းက ပြောခဲ့တာ .. ဒါပေမယ့် ဝေးသွားကြပြီ ဆိုပြီးတော့ .."

"မမခင် ကလည်း ဒီနေ့ထိ ဗျာ .. ဒုက္ခပါပဲ .."

မျက်နှာငယ်နေရှာသူကို ဒီ့ထက်လည်း မပြောရက်တော့ပေ ..၊

"အခု မဏ္ဍပ်မှာ လူတွေ စုံနေကြပြီ .. ဘယ်လိုလုပ်ကြမလဲ .."

ဘာမှမပြောဘဲ ရှုံ့မဲ့နေသည့် နေမောင်မောင် ကို မေးဆတ်မေးကာ ...

"ကိုကြီး ပြောဦးလေ .."

"ငါ ဘာပြောရမှာလဲ .. အားလုံး ရှုပ်ကုန်ပြီ .."

"ကျွန်တော့်ကို ကိုကိုလွင် ကတော့ ကပ်ပြောထားသေးတယ် .. လွှန်လွှန်း က သူ့ကို သံယောဇဉ်နည်းနည်းမှ ရှိပုံ မပေါ်ဘူးတဲ့ .."

"ဘယ်တုန်းကလည်း .."

"အန်တီတို့ ရောက်မလာကြခင်က .."

"ဘာလဲ .. သူက ခုမှ နောက်တွန့်နေတာလား .."

"အဲလိုမဟုတ်ဘူး.. သူ့ကို ညီမလေးက မချစ်မှန်းသိနေတာပဲဟာ.. ဒါပေမယ့် ချစ်သူ နဲ့တော့ သူ့စိတ်ထဲက တစ်ခုခု ခံစားမိနေပုံ ရတယ်.."

"ဟို[illegible]မှ မရှိတော့တာ .."

"ဒါပေမယ့် ဒီအိမ်မှာ နေတည်းက ချစ်သူ ကို သူ သဝန်တိုသလို ခဏခဏ ထည့်ပြောတယ်.. ဟိုတစ်ပတ်က ဂျန်းရှင်းစကွဲရ်မှာ လွှန်လွှန်း နဲ့ ချစ်သူ ကို တစ်နေရာစီ တွေ့ပေမယ့် .."



www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီ .. တော်ပြီ .."

နေမောင်မောင် က မျက်နှာကြီး တင်းနေကာ ...

"သူများတွေ ရိပ်မိနေကြတာကို ငါတို့ ဘာမှမသိခဲ့ကြဘူး.. ထား လိုက်တော့ .. အခု ဘာလုပ်ကြမလဲ .."

"ဟုတ်တယ် .. ဇာစပ်တာလေးပဲဆိုပြီး လျှော့တွက်လို့ မရဘူး.. ကိုကိုလွင် ကလည်း သူငယ်ချင်း .. သူ့မိဘတွေကလည်း ရင်နှီးနေကြ တာ .."

နေလွန်း ဘက်ကတော့ အလွန်အမင်း မျက်နှာပူဖွယ်တွေ ဖြစ်ကုန် ပါပြီ ...၊ ညီမလေးကို မချစ်တဲ့သူလက်ထဲ အတင်းထည့်ပေးဖို့ထိ သူတို့ မရက်စက်ချင် ...၊

ချစ်သူမရှိသေးခင်က နောက်တော့ ချစ်လာမှာပဲဆိုပြီး ချော့မော့ ပြောလို့ ရနိုင်သေးသည်။ အခု ချစ်သူ ရှိနေပြီ ...၊ ဒီလူကို မလိုချင်လို့ ငိုလည်း ငိုနေပြီ ...။

ဘယ်လိုလုပ်ရမလဲ ...၊

"မိုက်လိုက်တဲ့ ကောင်မလေးကွာ .."

နေမောင်မောင့် ထံမှ မချင့်မရဲ အသံထွက်လာ၏။ မဏ္ဍာရုံမှာ လူစုံ နေပြီမို့လို့ ညီမလေး ထွက်မလာသေးပါလားဆိုပြီး သူ ပြန်လာခဲ့တာ.. ခု ထပ်ပြီး နေလွန်း ရောက်လာပြန်သည်။ သူတို့ ညီအစ်ကိုက ညီမလေးရဲ့ ခံစားချက်ကို မျှဝေခံစားပြီး ဒုက္ခများနေနိုင်သေးသည်။ ဖေဖေ ထပ်ရောက်လာရင် ဒီအဖြစ်ကို နားလည်ပေးနိုင်ပါ့မလား ...၊

ကိုကိုလွင် တို့က စီးပွားရေးလုပ်ငန်းနဲ့ မိဘအသိုင်းအဝိုင်းက ခန့် ခန့်ညားညား ...၊ ထို့ပြင် ညီလေးရဲ့ သူငယ်ချင်းလည်း ဖြစ်နေသေးသည်။ မယုံကြည်နိုင်ဖွယ် ဘာဆို ဘာမှ မရှိ ...၊

ချစ်သူ ကို ညီမလေး ဘယ်လို ရွေးချယ်လိုက်တာလဲ ...၊ သူ့မိဘ ဘယ်သူဆိုတာလည်း မပြော .. ဘယ်အရပ်ဇာတိ ဆိုတာလည်း မသိ..





ပြီးတော့ ဆေးသုံးစွဲမှုတွေ .. ခိုးမှုတွေနဲ့ ရှုပ်ထွေးပွေလီပြီး အိမ်ကို ရောက်လာတဲ့သူ ...၊

"သွားပြီကွာ .. ဒီကောင်မလေး တော်တော်ကို ဆိုးတာ .."

"ညီမလေးကိုလည်း ဒီလောက် အပြစ်တင်မနေပါနဲ့ ကိုကြီးရာ.."

ဒါဆို အပြစ် ဘယ်လောက်ဖိုးလောက် တင်ရမလဲ ...၊

ဒေါကန်သွားသည့် နေမောင်မောင့် မျက်နှာကို နေလွန်း က လက် ...ပြ၍ ...

"မဟုတ်ပါဘူး .. ကျွန်တော် ပြောတာက တစ်လကျော် နှစ်လ ...မှာ အတူနေသွားခဲ့တာ .. ဘယ်လောက်ပဲ ရန်ဖြစ်နေနေ .."

"အနေနီးတာတွေ ဘာတွေ ငါ ပြောနေတာ မဟုတ်ဘူး ညီလေး.. ...ဘာလေး အသိစိတ်မှာကိုက ဒီလိုကိစ္စမှာ ဘာတွေကို နှိုင်းယှဉ်ရ ...ယ် .. ဘာကိုတော့ ရွေးချယ်သင့်တယ်ဆိုတာ နားလည်ရမှာ မဟုတ် ...လား .."

"မိန်းကလေးဖြစ်တိုင်း ဒီအသိတွေ ကြွယ်ဝနေရင် မမခင် ကို ...ကြီး ပိုင်ဆိုင်ခွင့် ရခဲ့ပါ့မလား .."

"ဘာ!..."

"ပြောပြတာပါ .. မမခင် က ကျွန်တော်တို့ထက် ပြည့်စုံကြွယ်ဝ ...သူပဲ .. ကိုကြီးကို ချစ်လို့ ကိုကြီးကိုပဲ ရွေးချယ်ပြီး ဒီထိ ပါလာခဲ့ ... .."

"ညီလေး .. မင်း ..."

"နေပါဦး .. ဟိုဘက်မှာ ပရိသတ်တွေနဲ့မို့လား .. ဘာဖြစ်လို့ ...ကိုချင်း စကား အနိုင်လုနေတာလဲ .."

ခါလာ က ခင်ပွန်းဖြစ်သူ ဒေါသထွက်နေသဖြင့် အခြေအနေ ...သွားအောင် ကြားဝင်ထိန်းသည်။ ပြီးတော့ ...

"ညီမလေးကို ခင် ပါအောင် ခေါ်ခဲ့ပါ့မယ် .. မောင်လေးနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကိုမောင် တို့ သွားနှင့်ကြပါ ..”

“ပြင်ဆင်ပေးလို့တောင် မရတဲ့ဟာ .. မင်း ဘယ်လို ခေါ်မှာလဲ..”

“ကြိုးတုပ်ခေါ်ရတဲ့အထိ ညီမလေးက မဆိုးပါဘူး ကိုမောင် ရယ်.. ဘာတွေဖြစ်လာပါစေ ဒီစေ့စပ်ပွဲကတော့ ပျက်သွားလို့ မဖြစ်ဘူး လေ .. နော် .. သွားနှင့်ကြပါ ..”

နေမောင်မောင် က နေလွှန်း ကို ကြည့်သည်။ နေလွှန်း က မျက်နှာ လွှဲပစ်ကာ ...

“ဒါပဲ လုပ်ဖို့ရှိတော့တယ် .. မတတ်နိုင်ဘူး ..”

“မတတ်နိုင်တာက ကိုယ့်အပိုင်း .. တော်ကြာ လွှန်လွှန်း ထွက် ပြေးသွားရင် ဘယ်လိုလုပ်မလဲ ..”

“လွှန်လွှန်း မပြေးပါဘူး ..”

“ဟင်!...”

သုံးယောက်စလုံး နောက်လှည့်ကြည့်လိုက်မိကြ၏။ လွှန်လွှန်း သန္ဓာရောင် ပိုးချိတ်နုနုလေးနှင့် ဆံပင်တွေကို ဒီတိုင်းပဲ ချထား ငိုထားမှန်း သိသာသည့် မျက်ဝန်းလေးတွေမှ လွှဲ၍ ...

“ညီမလေး ..”

နေလွှန်း က ညီမဖြစ်သူဆီ လျှောက်သွားကာ ပခုံးလေးကို ထားလိုက်၏။

“နင်ကလည်း မိုက်လိုက်တာ ညီမလေးရာ .. ချစ်သူ လိုက ရွေးပြီး နင် ဘယ်လို အားကိုးမှာလဲ ...၊ သူ့မှာ ချောတာ သန့်တာ တွေပဲ ဖက်တွယ်စရာ ရှိတယ် .. လောကမှာ စားဝတ်နေရေး ပြေ နေမှ အလှအပမျိုးစုံကို ရင်ခုန်ခံစားလို့ရမှာ .. ပူပင်သောကတွေ ရှိ ဘယ်ကိုကြည့်ကြည့် မီးလောင်ပြင်ကြီးလိုပဲ ..”

သူ ပြောလိုက်မှ လွှန်လွှန်း မျက်ရည်တွေ ပြန်ဝိုင်းလာသည်။

“ကျွတ်!...”





နေမောင်မောင် ကတော့ အစ်ကိုကြီးပီပီ ခွင့်လည်း မလွှတ်ချင်...၊ တ်လုပ်ရမှာလည်း စိတ်က မပြတ်သားနိုင် ...၊

ထို့ကြောင့် စိတ်လှုပ်ရှားနေတိုင်း ရှုံ့မဲ့ ညည်းညူနေမိလျက် ...

“ခုရော .. စေ့စပ်ထားရုံပဲဆိုပြီး ပြီးစလွယ် ထွက်လာတာလား .. ကျမှ ငါ လုပ်ချင်ရာလုပ်မယ် ဆိုပြီးတော့ ..”

“မဟုတ်ပါဘူး ..”

လွှန်းလွှန်း ခေါင်းငုံ့ ရှိုက်လိုက်ကာ ပခုံးလေးပါ တွန့်၏။

“မဟုတ်ပါဘူးဆိုတာ ငိုသံကြီးနဲ့ကွာ .. လွှန်လွှန်း .. နင် ခုနေ ကောင်ရောက်လာရင် ကိုကြီးတို့ကို အရှက်ခွဲဖို့ စိတ်ကူးတော့ မရှိတာ ရတယ် နော် ..”

“ကဲပါ ကိုမောင် ရယ် .. ကလေးက သူ့စိတ် သူ့ကိုယ် ထွက်လာပြီ ..”

“ဟေး .. ဟေး .. အထဲမှာ မောင်နှမတွေ ရှိကြလား ..”

ဓမ္မာရုံမှာ ဝိုင်းဝန်းကူညီပေးနေကြသည့် အိမ်နီးချင်းထဲက ဦးသန်း ရဲ့အသံ ...၊

“ကိုလွှန်း က မျှော်နေပြီ .. ခု လာခဲ့ကြတော့တဲ့ .. ထွက်ခဲ့ကြ ..”

“ဟုတ် .. ဟုတ်ကဲ့ အန်ကယ်လ်ထွန်း .. လာပါပြီ ..”

မာလာ က အသံပြန်ပေးသည်။ ပြီးတော့ လွှန်လွှန်း လက်လေးကို ခဲ့ကာ အသင့်ကိုင်ထားသော ကရင်မ်ဖတ်ဖ်ဘူးလေး ဖွင့်၍ ပါးပြင် တွေကို တို့သုတ်ပေး၏။ ပြီးမှ ...

“သွားရအောင် .. မငိုနဲ့တော့ နော် ..”

သူမတို့နှစ်ယောက်ပဲ ရှေ့က ထွက်လာကြကာ ပြန်လှည့်ကြည့် တော့ ညီအစ်ကိုနှစ်ယောက်က ရီမု(တ်)နဲ့ ပေါ့(စ်) လုပ်ထားတဲ့ တစ်နေရာစီ ရပ်နေကြရင်း တုတ်တုတ်မှ မလှုပ်...၊



www.burmeseclassic.com

www.burmeseclassic.com



မာလာ သက်ပြင်းချရင်း လွန်လွန်း လက်လေးကို ဆွဲ၍ ထွက်လာခဲ့ရာမှ ...

"ညီမလေး .."

"ရှင် .."

လွန်လွန်း ခြေလှမ်းတုံ့သွားပြီး ချက်ချင်းထူးသည်။ နေလွန်း ဆ ရပ်နေရာက လှမ်းကြည့်ကာ ...

"နင်တို့ချင်း အဆက်အသွယ်တွေ ရှိနေတယ်ပေါ့ .."

လွန်လွန်း ဘာမှ မဖြေဘဲ တိတ်နေ၏။

"ဖြေလိုက်လေ ညီမလေး .."

မာလာ က လက်တို့ သတိပေးမှ ...

"မရှိပါဘူး .."

"မညာနဲ့ .."

"မညာပါဘူး ကိုလေးကလည်း .. သူ .. သူက လွန်လွန်း ဆုံးရှုံးမခံဘူးဆိုပြီး လာလည်း မလာလို့ .."

အသံလေး တိမ်ဝင်သွားတော့ နေလွန်း မျက်ခုံးအစုံ ပင့်တက်သွား၏။ ပြီးတော့ နေမောင်မောင့် မျက်နှာဆီ အကြည့်ရောက်သွားသည်။

ဒါဆို ဟိုတစ်ယောက် လာမခေါ်လို့ သူမ ငိုချင်းချရင်း ထွက်လာရှာတာပေါ့ ...၊

တွေးလိုက်ပုံချင်း တူနေကာ ညီအစ်ကိုနှစ်ယောက်လုံး ဆွံ့အသွားကြလျက် ဘာပြောရမှန်းတောင် မသိ ...၊

တော်လိုက်တဲ့ ငါ့ညီမလေး ...၊





အခန်း (၃၉)

"တော်သေးတာပေါ့ .. မင်းကို သူများအိမ်ထဲက ဆွဲထုတ်ရတော့မလားလို့ .."

"ဘုန်း .."

"ဘုန်း .."

စကားသံနှင့်အတူ ကားကို ရှေ့ကပုတ် .. ဘေးကထုနှင့် သံစုံမြည်သွားသည်။ သူ အာမခံပြီး ငှားလာပေးရသည့် ဂျစ်ကားလေးမို့ ဉာဏ်ကင်း မျက်နှာ အကြီးအကျယ် ပျက်ကျသွားကာ ...

"ဒီကောင်တွေ ကွာ .."

"ထားလိုက် အောင်မိုး .. မင်း ဘာမှ ဝင်မပါနဲ့ .."

ဓမ္မာရုံမှာ စောစပ်မှာကို သိထားသည်။ ကိုယ့်ဘက်မှာ ဘာမှ အဆင်မဖြစ်သေးပေမယ့် လွန်လွန်း ကို သူ အရုပြန်ယူဖို့ ဆုံးဖြတ်ပြီးသားပါ ဒါပေမယ့် အဖျက်တွေက မထင်မှတ်ဘဲ ပေါ်လာခဲ့ပြီ့ ...

"မင်းတို့ ဘာကိစ္စလဲ ဖြိုးကြီး .."



www.burmeseclassic.com

သူ ကားပေါ်က ဆင်းလိုက်တာနှင့် ဖြိုးကြီး တို့ သုံးယောက်က သူ့ရှေ့မှာ ပတ်ဝိုင်းထားလိုက်၏။

"မင်းနဲ့ ငါတို့ ရှင်းစရာတွေ ရှိတယ်လေ .. မင်းရုပ်က ဘာမှမသိ သလိုပါလား .."

"အလကား .. စိတ်ထဲက ကြောက်ချေးပါနေတာ .. ဒီမှာ ဟိတ် ကောင် .."

တစ်ယောက်က ရှေ့တိုးလာပြီး ချစ်သူ ရဲ့ ရင်ဘတ်ကို ဆောင့် တွန်းလိုက်သည်။ ပြီးမှ ခါးထောက်၍ ...

"ငါ့ကို မင်း သိချင်မှ သိမှာ .. အေး ငါကတော့ သိတယ် .. မင်းကြောင့် ငါ့အစ်ကို ထောင်ကျသွားပြီ .."

"ဘာဆိုင်လို့လဲ .. သူများပစ္စည်း ခိုးရင် ခိုးတဲ့အပြစ် ခံရမှာပဲ .."

"သူများပစ္စည်း မဟုတ်ဘူး .. မင်းအမေ ပစ္စည်း ..၊ မင်းအမေ ပစ္စည်းကို မင်းကိုယ်တိုင် အိမ်ထဲ တံခါးဖွင့်ပေးပြီး ခိုးခွင့်ပေးခဲ့တာ .."

"မင်းက ခဲတံ ရဲ့ ညီလား .."

ဒီကိစ္စတွေကို ခဲတံ နဲ့ သာထက် တို့ပဲ ခေါင်းဆောင်ခဲ့တာဖြစ်ရာ ဒီလူကတော့ ခဲတံ နဲ့ တော်တော်တူတာမို့ ...

"ငါက လူပေါင်းမှားပြီး ဘဝပျက်ခဲ့တဲ့လူ .. မကျေနပ်လို့ ပြော တောင်းကြေးဆို ငါက တောင်းရမှာ .."

"ဟေ့ကောင် .. စကားကြီး စကားကျယ်တွေ လျှောက်ပြောမနေ နဲ့ .. မင်းက တံခါးဖွင့်ပေးပြီး ခိုးခိုင်းတယ် .. ပြေးကြကာမှ မအော စောင့်ဖမ်းတယ် .. ငါ့အစ်ကိုနဲ့ သာထက် ကို မင်းတို့သားအမိ ပူးပေါင်း လုပ်ကြံကြတာ .."

မင်းတို့သားအမိ ဆိုသည့်စကားက နားထဲမှာ ခါးသွားသည်။ ကိုယ်သွားလေရာ နောက်ကလိုက်နေမယ့် အပုပ်နံ့ကြောင့် မာမီ့ နာမည် ကို သူ ဘယ်မှာမှ ထုတ်မပြောခဲ့ဖူးပါ။





"မင်းအမေ ငါ့အစ်ကိုကို ထောင်ချပစ်တာ .. မင်းကတော့ သူ ဆိုကောင်း .. ပစ္စည်းတွေကို ပြန်ဝှက်ထားပြီး ငါ့အစ်ကိုကို သေအောင် ရိုက်စစ်ကြတယ် .."

"ငါ့မှာ အရေးကြီး လုပ်စရာ ရှိသေးတယ် .. မင်းတို့နဲ့ နောက်မှ တစ်နေရာမှာ တွေ့မယ် .. အခု ဒီကနေ ထွက်သွားပေးပါ .."

"ဘာကွ!..."

"ဘုန်း .."

"သေလိုက်ပါလား .. လူဝါးဝလို့ .."

"ဟိတ်ကောင် .. ငါတို့က မင်းကို ဘယ်နေရာရောက်နေနေ ဆွဲ ထုတ်လာဖို့ ဆုံးဖြတ်ပြီးသား .."

ဒေါသတွေ အသီးသီး စုံကန်ထွက်နေကြကာ ကားကို ထုလိုက် .. ခြေထောက်သီးဆုပ်ပြလိုက်နှင့် ...

"ဟေ့ .. ဟေ့ ကောင်လေးတွေ .. မင်းတို့ ဒီမှာ ရန်လာဖြစ်လို့ မရဘူး နော် .. ဝေးဝေးသွားကြ .."

သူတို့က လမ်းထိပ်မကျတကျ ထောင့်မှာပေမယ့် လမ်းထောင့် ဘက်ဖက်ရှည်ဆိုင်က လူကြီးတစ်ယောက် ထွက်လာပြီး မျက်နှာတင်း တင်းကြီးနှင့် ...

"အေးဆေးပြောလို့ မရရင်တော့ ငါက ရဲကို ဖုန်းဆက်မှာ .. နော် .."

ထိုလူကြီးရဲ့ ခပ်ကျယ်ကျယ်အသံကြောင့် ပတ်ဝန်းကျင် အနီး အနားကလူတွေပါ သူတို့ ရန်ဖြစ်တော့မယ့် အခြေအနေကို သတိထား မိသွားကြ၏။

ခမ္မာရုံနဲ့ဆို သူတို့နဲ့ သိပ်မဝေးတော့ပေ ..၊ ပြီးတော့ လွှန်လွှန်း ကို ကိုက်ခန်းကနေ ထွက်လိုက်တာနှင့် လှမ်းမြင်နိုင်သည့် နေရာလည်း ဖြစ်နေရာ ...



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ကို ငါ ရှောင်ချင်လို့ ပြောနေတာ မဟုတ်ဘူး.. ဒါ အချိ
အခါ နေရာလည်း မဟုတ်ဘူး .."

ဒီမှာ ရုတ်ရုတ်သဲသဲ ဖြစ်လို့ မရပေ ..၊ ထို့ကြောင့် ချစ်သူ နာ
ပင့်ကြည့်လိုက်ရင်း ...

"ည ကိုးနာရီခွဲ ကန်ဘောင်မှာ ဆုံမယ် .. ရလား .."

"မရဘူး .. မင်း သတ်မှတ်တဲ့အချိန်မှာ တွေ့ဖို့ သဘောတူရအော
ငါတို့က မင်းနဲ့ အကျိုးတူ စီးပွားလုပ်ချင်လွန်းလို့ လာကမ်းလှမ်းနေ
လား .. ဟွန်း .. တော်တော် တရားကျဖို့ကောင်းတဲ့ ကောင် .."

"အဲ့ဒီတော့ လိုရင်းပဲ ပြောလိုက် ထွန်းလင်း .. အခု ပြဿနာ
အကျယ်အကျယ်တွေ ဖြစ်ခံမလား .. မင်း ပြန်ဝှက်ထားတဲ့ပစ္စည်း
ငါတို့ကို ပေးမှာလား .."

"ဘာ!..."

"လူလိမ္မာကြီးလို လုပ်မနေစမ်းပါနဲ့ ချစ်သူ ရာ .. မင်းအ
မင်း ပြန်ကပ်ပေါင်းနေတာ ငါတို့ သိတယ် .. မင်း ဒီလောက
ခြေချခဲ့ပြီးမှ ချက်ချင်းကြီး နိဗ္ဗာန်မကူးနိုင်ဘူး .. အဲ့ဒီပစ္စည်းတွေ
ဘာသာ တစ်နေရာမှာ ဝှက်ထားတာမို့လား .. အဲဒါတွေ ငါတို့ကို
တစ်ပုံ ပေးမလား .. ခုပဲ လှည့်ပြန်သွားမယ် .."

"ဘာတွေ လာပြောနေတာလဲ ဖြိုးကြီး .."

သူ သိတာက ဖြိုးကြီး ကိုပဲမို့ လူဆိုးတွေနဲ့ ပူးပေါင်းနေမှန်း
ပေမယ့် ဖြိုးကြီး ကိုပဲ ဦးတည် ပြောမိရကာ ...

"ငါက ကိုယ့်ပစ္စည်းကို ပြန်ဝှက်ထားပြီး ကြိတ်သုံးနေရ
အရူးလား .."

"မရူးတဲ့လူမို့လို့ ဒီလိုလုပ်ဖို့ တွေးမိတာပေါ့ကွ .. ပစ္စည်း
ခဲတံ တို့ ခိုးသွားပြီး ဖျောက်ဖျက်လိုက်ပြီဆိုတဲ့အမှုက အကြီးကြီး
သွားတယ် .. ပြီးတော့ သူခိုးလမ်းပြ မင်းကျတော့ လုံးဝ ကဗျာလွ





လွတ်နေတဲ့အပြင် မင်းနာမည်ကို ထည့်မဖော်တော့ဘဲ ထောင်ကျခံသွား
တဲ့ ခဲတံ တို့ကိုတောင် ကျေးဇူးတင်ရကောင်းမှန်း မင်း သိခဲ့သလား.."

ပြောနေတာတွေက ရှေ့စကားနဲ့ နောက်စကား မညီ ..၊

ရန်ငြိုးကြောင့်လား .. ငွေကြောင့်လား ..၊

"ငါတို့ကတော့ နှစ်ခုစလုံး အနစ်နာ မခံနိုင်ဘူး .. မင်းအတွက်
ငါ့အစ်ကို နစ်နာသွားတာဆိုတော့ .."

"ဘယ်လို!..."

"ဘာပဲဖြစ်ဖြစ် မင်း လက်ထောက်ချတာပဲ .. အဲ့ဒီအတွက် မင်း
တန်ရာတန်ကြေး ပြန်ပေးရမယ် .."

"လာသေးတယ်ကွာ .. ဟွန်း .."

ကောင်းရှောင်းကောင်းဝယ် ပြောဖို့ ကြိုးစားနေရင်း ဒေါသက
လူတစ်လုံး သူတစ်လုံး ဖြစ်လာခဲ့၏။ ချစ်သူ မျက်နှာက ဒေါသကြောင့်
နီရဲတက်လာကာ ...

"ခိုးစားရင်း ဘေးကျပ်နံကျပ် ဖြစ်လာလို့ လာတောင်းတာဆိုရင်
လည်း ပေါ်တင် ပြောပါလား .. အလကား လူရှိန်အောင် .."

"ဘာကွ!..."

လက်သီးတစ်လုံး အားမာန်အပြည့်နဲ့ ဝင်လာသည်။ ဘယ်တုန်း
ကမှ မတိုက်ခိုက်ခဲ့ဖူးသဖြင့် နောက်ကို သေလုမြောပါး ဆုတ်ရှောင်
လိုက်ရင်း ကားပေါ်ကို ယိုင်ကျ၏။ နောက်တစ်ယောက်က အပေါ်က
စီးမိုး၍ ထိုးကြိတ်လျှင် ဉာဏ်လင်း ကားပေါ်က ဆင်း၍ ပြေးဆွဲ၏။

ခဏလေး လှုပ်ရှားခွင့်ရလိုက်တာနှင့် ချစ်သူ က ထွန်းလင်း ၏
အကျီရင်ဘတ်စကို ပြန်ဆောင့်ဆွဲ၍ ထိုးချလိုက်၏။

"အံမာ .."

"ချကွာ .."

"ဟေ့ .. ဟေ့ .. တော်ကြစမ်း .."



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ကုန်ပြီဟ .."

ပတ်ဝန်းကျင်တစ်ခုလုံး ရုတ်ရုတ်သဲသဲတွေ ဖြစ်ကုန်လေသည်။ ထိုစဉ် လွန်လွန်း အတင်းပြေးလာကာ မာလာ က နောက်ကနေ ပြေးလိုက်နေရင်း ပဝါတောင် မသိမ်းနိုင်ရှာ ..၊

"ရတယ် .. ရတယ် .. ဘာမှ မဖြစ်တော့ဘူး .. ဒါ ကျွန်တော့် ညီလေးတွေပါ .. ညီအစ်ကိုချင်း စိတ်အခန့်မသင့်လို့ပါဗျာ .."

"လာကြ .. မင်းတို့ကောင်တွေ ဘာမှန်း မသိဘူး .."

နောက်ထပ် ကားတစ်စီး ထိုးရပ်လာကာ ထိုကားပေါ်ကနေ ခပ်တောင့်တောင့် စမတ်ကျကျ ဝတ်ထားသော လူတစ်ယောက်နှင့် နောက်ထပ် လူသုံးယောက် ထပ်တိုးလာခဲ့သည်။

လေးယောက်စလုံးက ချစ်သူ ကို ဆွဲသလို ဆူသလို ပြောရင်း ဖမ်းချုပ်ထားလိုက်၏။ ထွန်းလင်း ကိုတော့ ထိလိုက်ကိုင်လိုက်ရုံနှင့် သေးရောက်သွားစေလျက် ...

"ဘာမှ မဟုတ်ပါဘူး .. မဟုတ်တော့ပါဘူး.. အားလုံးကို တောင်းပန်ပါတယ် .. သူတို့ကို ခုပဲ ပြန်ခေါ်သွားမှာပါ .."

"တောက်!... လွှတ်စမ်း .."

"ငါ့ညီ စိတ်ကို ထိန်းစမ်းပါကွာ .."

မဆီမဆိုင် ဝင်လာပြီး ဖမ်းချုပ်ခံလိုက်ရကာ ချစ်သူ ဘယ်လိုရုန်းလို့မှ မလွတ်အောင် အပိုင်ချုပ်ကိုင်၍ ...

"မင်း ငြိမ်ငြိမ်မနေရင် ဒီ့ထက် အဖြစ်ဆိုးသွားမယ် နော် .."

"ဘာ!... ပြောတယ် .."

ချစ်သူ ခြေထောက်နဲ့ ပတ်ကန်ပစ်လိုက်သည်။ ပြီးတော့ တံတောင်နဲ့ တိုက် .. ခေါင်းနဲ့ ဆောင့် .. ဘယ်လိုလုပ်လို့မှ မလွတ်မြောက်ဘဲ သူတို့ကို ထိခိုက်မိကုန်လေ .. ဒေါသတွေ ထွက်ပြီး တမင် နာအောင် လုပ်လေ ..။





"ခွေးကောင်လေး .. ခြေထောက်ကို တစ်ခါတည်း ရိုက်ချိုးပစ်ရရင် သေဦးမယ် .."

အကြမ်းပတမ်း ဆွဲချုပ် ကပ်ကြိမ်းနေတာကို ဆူညံ ဝိုင်းအုံနေသည့်လူတွေက သတိမထားမိကြပေ။ ထိုလူတွေကို ထိုးဖောက်ရင်း လွန်လွန်း က ရှေ့ကို အတင်းတိုးဝင်၏။

"ချစ်သူ .. ချစ်သူ ဘာဖြစ်ကြတာလဲ ..၊ ရှင် ဘယ်ကို လာတာလဲ ဟင် .."

ချစ်သူ ကို မြင်လိုက်တည်းက ကိုယ့်ဆီ လာတာပဲဆိုတာ တွက်မိပေမယ့် ပြဿနာတွေနဲ့ လုံးထွေးနေသည့်အဖြစ်ကြောင့် စိုးရိမ်စိတ်က ဘာကိုမှ ဂရုမစိုက်နိုင် ..၊

"ချစ်သူ .."

"လွန်လွန်း .. မလာခဲ့နဲ့ ပြန်တော့ .."

"ဟင့်အင်း .. ရှင် ဘာဖြစ်တာလဲ ..၊ ခဏ ဖယ်ပေးကြပါ .. ဖယ်ပေးပါ ဆို .. ကဲ .."

ရှေ့မှာ ကာဆီးနေသမျှကို တိုးတိုက်ဝင်သွားသဖြင့် မာလာ ဖမ်းဆွဲဖို့ ကြိုးစားရင်း မိလည်း မမိနိုင် ..၊

"လွန်လွန်း ရေ .. ညီမလေး .."

ဒုက္ခပါပဲ ..၊ ရှေ့ကို လိုက်နေမယ့်အစား နောက်ပြန်လှည့်၍ အကူအညီ သတိရကာ ...

"အမလေး!..."

ဖျတ်ခနဲ ပြန်လှည့်လိုက်တော့ နေမောင်မောင် နှင့် အင့်ခနဲ တိုက်မိ၏။

"ကိုမောင် .."

"ဘာတွေဖြစ်ကြတာလဲ.. ညီမလေးက ဘယ်ကို သွားတာလဲ .."

"မမခင် .. လွန်လွန်း ရော .."



www.burmeseclassic.com

www.burmeseclassic.com



"ဟို .. ဟိုထဲမှာ .. ချစ်သူ .."

နေမောင်မောင် နဲ့ နေလွန်း တို့ ရုပ်အင်္ကျီလက်ရှည်ဖြူဖြူ .. ချည်ချောပုဆိုးပြောင်ပြောင်တွေနှင့် ရန်ပွဲထဲကို တိုးဝင်ခဲ့ကြသည်။

ဘာဖြစ်နေမှန်းလည်း မသိ ...၊

"ဘာတွေ ဖြစ်ကုန်တာလဲ ကိုလွန်း .."

"ဟင်!..."

"အန်ကယ်လ်လွန်း ဟိုးမှာ ရန်ဖြစ်နေကြတာ လွန်လွန်း ရော .. ကိုကြီးတို့ရော .."

"ဟော!..."

ကိုကိုလွင် ရဲ့မိဘတွေကိုယ်တိုင် သူတို့သား ပြောမှ ဘာတွေဖြစ်နေတာမှန်း သိကုန်ကြကာ ...

"ဘယ်လို!... မင်း ဘာပြောတာလဲ ကိုကို .. နေလွန်း တို့ ရန်ဖြစ်နေကြတယ် ဟုတ်လား .."

"ဘယ်မှာလဲ .."

"ဆူညံနေကြတာ အဲ့ဒါလား .."

"ကိုမောင် တို့ ဖြစ်နေတာလား .."

မင်္ဂလာရုံထဲမှာ စားသောက် အေးချမ်းနေကြသည့်လူတွေ အားလုံး ထလိုက်ထိုင်လိုက်တွေ ဖြစ်ကုန်ကြ၏။ ရန်ပွဲဆို ခွေးချင်းကိုက်တာက အစ စိတ်ဝင်စားတတ်ကြသည့် လူ့သဘာဝအတိုင်း လူကြီးတွေကိုယ်တိုင် မျက်စိမျက်နှာပျက်နေကြတာ မြင်လျှင် သိပ်မကြာခင် အသီးသီး ထထွက်ကုန်ကြလေသည်။

လမ်းပေါ်မှာ လူတွေ ပိုမိုများပြားသွားခဲ့ပြီး မင်္ဂလာရုံထဲမှာ တစ်ယောက်မှ မကျန် ...၊

"မဟုတ်ဘူး .. သူတို့တွေ ဘာမှမတော်ဘူး .. ညီအစ်ကိုလည်း မဟုတ်ဘဲနဲ့ ကွယ်ရာခေါ်သွားပြီး ရန်ငြိုးနဲ့ သတ်ကြမလို့ .."





"ဟုတ်ပါတယ်.. သူတို့က လူဆိုးတွေပါ.. ချစ်သူ နဲ့ ဘာမှမတော်ပါဘူး .. ကျွန်တော် သိပါတယ် .."

ပွန်လွန်း အသံလေး စာနေကာ ဥာဏ်လင်း ကလည်း ရှင်းပြနေ၏။ ညီမကို ဘယ်လို ပြန်ဆွဲထုတ်လို့မှ မပါဘဲ ဖြစ်နေသည့်ပြင် ချစ်သူ ရဲ့အဖြစ်ကို သိလိုက်ရသဖြင့် နေလွန်း တို့လည်း ဥပေက္ခာမထားနိုင်တော့ပေ ...။

"ခဏနေဦး .. ရန်ပွဲ စဖြစ်တာကို ပြန်ပြော .. မင်းတို့က ဘယ်လို ကလွှာကနေ ဝင်ပါတာလဲ .."

နေမောင်မောင် က ချစ်သူ ကို ပြန်ဆွဲထုတ်၍ တစ်ဖက်က ခေါင်းဆောင်နဲ့ တူသူကို ရည်ရွယ်ပြီး မေး၏။

"တောက် .. မင်းက ဘာကောင်မို့လို့လဲကွ .."

"ငါတို့ ရှင်းရမှာထဲမှာ ဝင်ပါမိရင် မင်းတို့ နောင်တရမှာ နော်.. သဘောပေါက်ရင် နောက်မကျသေးဘူး .."

သူတို့ကလည်း နေမောင်မောင် တို့ကို ပြန်ခြိမ်းခြောက်၍ နှုတ်ဆက်သလိုလို ကိုင်သလိုလိုနှင့် ပခုံးကို ဖိဆုပ်ပြီး ဆောင့်တွန်းပစ်လိုက်၏။

နေမောင်မောင် က ရှေ့က ဝင်ရပ်နေတာမို့ ဆောင့်တွန်းခံလိုက်ရတာနှင့် ချစ်သူ ရင်ဘတ်ပေါ် နောက်ပြန် ယိုင်သွားလေသည်။

သူတို့က လက်ပါလာမှန်း သိလိုက်ကာ ချစ်သူ က နောက်ကနေ ထိုသူ့ဗိုက်ကို လှမ်းကန်ပစ်လိုက်၏။ သူတို့တွေ ပြန်လှုပ်ရှားဖို့ ပြင်လိုက်ကြလျှင် နေလွန်း လည်း မနေနိုင်တော့ပေ ...၊

"ဟေ့ .. ဟေ့ .. ရပ်ကြစမ်း .."

ဦးလွန်း ... ၂းလွှားရောက်လာသည်။ တားဆီးနေရင်း ကိုယ့်သားတွေကို ထိခိုက်လာတာ မြင်သည်နှင့် ဒေါသက ငယ်မူငယ်သွေးပြန်၏။

ထိုအဖြစ်သနစ်တွေကို မြင်နေ ကြားနေပါလျက်နှင့် ကားဆောမှာ ... ရပ်နေမိကာ ဒေါ်တင်မာချစ် ဘယ်သူ့ကို ဘယ်လိုကြည့်ရမှန်းလည်း

www.burmeseclassic.com



မသိ …၊ ကိုယ့်သားကို ဘယ်လက်ထဲက ဆွဲထုတ်ရမှန်း … ဘယ်သူ့ကို ရန်သူလို့ သတ်မှတ်ရမှန်းလည်း မသိတော့ …။

"ဒုက္ခပဲ ဟယ် … နေဦး … နေဦး …"

ဒေါ်နှင်းစက် ကတော့ မျက်လှည့်ပွဲ ကြည့်ချင်လွန်းလို့ လူအုပ်ရဲ့ နောက်မှာ ခုန်ဆွခုန်ဆွဖြစ်နေတဲ့ ကလေးနဲ့ တူနေတော့သည်။ ပြီးတော့ ပြန်လှည့်လာပြီး သတင်းပေးလိုက် … အနားတိုးသွားလိုက် …၊

"အသက်လေး ဘာလေး ရှူဦး … နင့်သား ဘာမှမဖြစ်ဘူး … ဟို ညီအစ်ကိုတွေနဲ့ ဆက်ဖြစ်နေတာ …"

"ဓားတွေ ဘာတွေနဲ့လား ဟင် …"

ဒေါ်တင်မာချစ် မျက်နှာတစ်ပြင်လုံး ချွေးတွေစိုနေလျက် … စကားသံတွေလည်း အက်ရှ တုန်ခါနေခဲ့၏။

"ဘာမှ သေချာမမြင်ရဘူးဟ … ဓားတွေ ဘာတွေတော့ မပါဘူး ထင်တယ် … လမ်းလူကြီးတွေ ရောက်လာကြပါပြီ …"

"ငါ … ငါ့သားလေး … ငါ့သားလေး ရော …"

"ဟဲ့ … ဒုက္ခပါပဲ … မောင်လှိုင် … လာစမ်း …"

"မမကြီး … မမကြီး …"

"ချစ် … သတိထားဦးလေ …"

ဒေါ်တင်မာချစ် ကားထဲ ပြန်ရောက်သွားကာ မျက်လုံးမဖွင့်နိုင်ဘဲ ခေါင်းတခါခါနှင့် …

"ငါ့သားလေးကို သွားခေါ်ပေးစမ်းပါ … ငါ … ငါ ဘာမှ မဖြစ်ပါဘူး …"

"ခေါ်မှာလေ … ပြဿနာ အကြီးကြီးတက်နေတာကို ဝ.န်းဆွဲ ထုတ်လာလို့မှ မရသေးတာ … ကလေး ဘာမှ မဖြစ်ပါဘူး … စိတ်အေးအေး ထားစမ်းပါ ချစ် ရယ် … နင့်ကို စိတ်မချတာနဲ့ ငါ ဘာမှ သွားလုပ်ပေးလို့ မရတော့ဘူး …"





"သွား … နင် သွားပါ …"

ကိုယ်တိုင် ခေါင်းမထူနိုင်တော့သည်မို့ ဒေါ်နှင်းစက် ကို တွင်တွင် လွှတ်နေမိသည်။ ပြီးတော့ ကြားနေရတာက သားရဲ့ စကားသံ တစ်လုံးမှ မပါ …၊

"ငါတို့ရပ်ကွက်ထဲကလူအကြောင်း ငါတို့ သိတာပေါ့ကွ …"

"အဲဒီကောင်တွေကို ဆွဲသွားပေ့စေ …"

"လူမိုက်ရပ်တွေနဲ့ သူများရပ်ကွက်ထဲ လာပြီးတော့ …"

"အို… သူတို့ကိုပဲ ခေါ်သွားပေါ့… ချစ်သူ က လူဆိုးမှ မဟုတ်တာ…"

မိန်းကလေးသံလေး ကြားဖောက်ဝင်လာတာ နားထဲမှာ စူးသွားသည်။ ဒေါ်တင်မာချစ် ခေါင်းထူ၍ လှမ်းကြည့်နိုင်ဖို့ ကြိုးစားသေးသည်။

လမ်းကကျဉ်းကျဉ်းနှင့် ရန်ပွဲကြောင့် ကားတွေ ဒီထိပ်မှာ လာကျပ်နေကြ၏။ ကားဟွန်းတီးသံတွေကြောင့် ကြားနေရတဲ့အသံတောင်မှ ပေါ်လာလိုက် … ပျောက်သွားလိုက် …၊

"သူက လူဆိုး မဟုတ်ပါဘူး … ကျုပ်အိမ်မှာ အတူနေသွားတဲ့ ကလေးပါ …"

ကိုယ့်သမီးက ထိုလက်ကို မလွှတ်တမ်း ဆွဲထားပြီမို့ ဦးလွန်း မျက်နှာကြီး မသာမယာနှင့် အာမခံချက် ပေးရတော့သည်။

ကိုယ့်ရပ်ကွက် ကိုယ့်လူတွေမို့ ယုံကြည်မှုက ကိုယ့်ဘက်မှာ ပါတာ အတွဲလိုက်ကြီး ရုံးရောက်ရမယ့်အဖြစ်ကနေ သီသီလေး လွတ်မြောက်သွားခဲ့၏။

ရဲကို မခေါ်မိခင် ဟိုဘက်လူတွေကလည်း ကားပေါ်တက်ပြီး ချက်ချင်း မော… ထွက်သွားကြ၏။

"တောက် … ဒီကောင်တွေ လက်နက်တွေ ပါမလာလို့ … ပါလာလို့ကတော့ အချုပ်ထဲ ဆွဲထည့်ပေးလိုက်မှာ …"

ကျန်ခဲ့သည့် လူငယ်တချို့က တက်ခေါက် ကြိမ်း…းနေဆဲ …



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ကလည်း နေလွန်း တို့ ပြဿနာအကြီးကြီး ဖြေရှင်းနေရမှာစိုးလို့ ကြည့်နေတာ .. ရုပ်တွေကိုက ငါးပတ် .. ငါးလင်းမြွေရုပ်တွေနဲ့ .."

လူစု အနည်းငယ် ကွဲသွားသည်နှင့် ဒေါ်နှင်းစက် ရှေ့တက်ခွင့်ရသွားကာ ...

"လူလေး .. ချစ်သူ .."

ချစ်သူ က မျက်မှောင်ကုတ်နှင့် ပြန်ကြည့်ပေမယ့် ဂရုမထားနိုင်ဘဲ အနားနား ကပ်သွားရင်း ...

"သားရဲ့မာမီ ပါလာတယ် .. လာ ပြန်ရအောင် သား .."

"မလိုက်သေးဘူး .."

"ဟင်!..."

"ညကျမှ ပြန်လာခဲ့မယ် .."

"သားရယ် .. ခုပဲ မိုးချုပ်တော့မယ့်ဟာ .. မင်း မာမီလည်း .."

"အန်တီ ပြန်ပါ .."

ချစ်သူ က ဒေါ်နှင်းစက် လက်ကို ဖြုတ်ချ၍ လွန်လွန်း လက်လေးကို ဆွဲထွက်သွား၏။

ထိုမြင်ကွင်းကို ပါးစပ်အဟောင်းသား ငေးရင်း ကျန်ရစ်ခဲ့လျက်...

မိချစ် တော့ ရောဂါ တိုးပြီ ..၊





အခန်း (၄၀)

ပျက်သွားသည့် စေ့စပ်ပွဲကို ပြန်မစချင်တဲ့အကြောင်း မိဘတွေက [illegible]နှာစုံညီရှေ့မှာပဲ ဖွင့်ပြောခဲ့၏။ ကိုကိုလွင် ကလည်း ဒီတိုင်းပဲ ဖြစ်[illegible]နေသလို မျက်လွှာချ ငြိမ်နေခဲ့လျက် ...

"ငါ့ကို ခွင့်လွှတ်ပါ နေလွန်း ရာ .. သူ့စိတ် ဘယ်မှာရှိနေတယ်ဆို[illegible] သိရက်နဲ့တော့ ငါ ဖွတ်မတိုးချင်ဘူး ..၊ ချစ်သူ မရှိသေးတဲ့လူကို [illegible]ခွင့်ရဖို့ ကြိုးစားရဲပေမယ့် ချစ်သူနဲ့ ကွဲကွာပြီးမှ မျက်ရည်စက်လက်နဲ့ [illegible]တ်လာရင် ငါ မချော့တတ်ဘူး .. မေမေတို့ ပြောနေကြတာကို [illegible]န့်ကွက်တဲ့အတွက် ငါ့ကို ခွင့်လွှတ်ပါ .."

ရုပ်ကွက်ထဲမှာ ဖြစ်ပျက်ရှုဖွယ် ပျက်စီးခဲ့ရသည့် စေ့စပ်ပွဲက တစ်[illegible]လုံး၏ စိုပြည်လှုပ်ရှားခြင်းတို့ကို မီးကို ရေနဲ့ ငြိမ်းသတ်လိုက်သလို [illegible]

ကိုကိုလွင် တို့ ပြန်လည် ထွက်ခွာသွားကြသည့် ကားသံရဲ့နောက် [illegible] မိသားစုတွေ အစုံအလင် ရှိနေပေမယ့် တစ်အိမ်လုံး တိတ်ဆိတ်[illegible]တ်သေ့ကျန်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခြေအနေမျိုးမှာ ဘယ်လိုမှ မနေနိုင်သည့် ဗိုလ်အောင်ဒင် သည်သာ …၊

"အဲ့ဒါ ရန်ဖြစ်လို့ပဲ … ရန်ဖြစ်ကြလို့ ကိုကိုလွင် တို့ ဒေါသထွက် တာ …"

သူ့အသံပဲ အတုံးလိုက် အတစ်လိုက် ထွက်လာခဲ့လျက် …

"ယော … ယော့ … လွန်လွန်း လည်း ယောကျ်ားမယူရတော့ဘူး - ဒါလည်း ကောင်းတာပဲ …"

ဘယ်မျက်နှာကိုမှ မကြည့်ဘဲ ပြောချင်ရာ ပြောသည်။ ပြီးတော့ ဦးလွန်း လှဲနေသည့် ဒရင်းမ်ဘက်ဆောင်းမှာ သွားထိုင်၍ …

"ကိုလွန်း စိတ်ညစ်မနေနဲ့ … ငါတို့ လွန်လွန်း က သူဌေးကြီးနဲ့ညား မှာပါ … တကယ်ပြောတာ သူက သူဌေးကတော်ဖြစ်မယ့် မိန်းမ -

"ဦးလေး …"

"ယော …"

"သူများတွေ ပြဿနာများနေပါတယ်ဆိုမှ ဘာတွေ လျှောက် ပြောနေတာလဲ ဦးလေး ရယ် …"

မာလာ တကယ်ကို ငိုချင်နေတာပါ …၊ ဒီအိမ်မှာ သူမက လွန်လွန်း နဲ့ အနီးကပ်ဆုံး နေရတဲ့လူ …၊

ကလေး အန္တရာယ်တစ်ခုခုဖြစ်ရင် ကလေးထိန်းတဲ့လူတွေ အပြစ်ရှိတာမျိုး …၊ ဒီပြဿနာတွေ ဖြစ်ရတာ ကိုယ့်အပြစ်ပဲလို့ ခံယူ သဖြင့် ဘယ်မျက်နှာကိုမှလည်း မကြည့်ရဲတော့ပေ …၊

"ယော … လာ … နင်တို့ မိဘကို လာကန်တော့လိုက် … မင်္ဂလာဦး ညဆိုတာ မိဘတွေကို ကန်တော့ရတယ် … လာကြ …"

အိမ်ပြင်မှာ နှစ်ယောက်သား ငြိမ်ကုပ်နေခဲ့ပြီးမှ ချစ်သူ က ရင်ဆိုင် ဖို့ ဆုံးဖြတ်လိုက်တာ ဖြစ်သည်။ သူတို့ ဝင်လာတာ မြင်တော့နှင့် ဗိုလ် အောင်ဒင် က ခရီးဦးကြို ပြုနေခဲ့လျက် …





"ဒါကမှ မင်္ဂလာဦးလို့ ခေါ်တာ … ဟဲ … ဟဲ … တွေ့လား လွန်လွန်း အခု မငိုတော့ဘူး …"

"ဦးလေး … ဦးလေးကလည်း နော် …"

"ငါ ဘာမှ မပြောပါဘူး… မင်္ဂလာဦးလို့ပဲ ပြောတာ ဘာဖြစ်လို့လဲ… ကလေးတွေ မကန်တော့ရဲဘဲ နေတော့မှာပဲ… တိတ်တိတ်နေစမ်းပါ…"

ဦးလွန်း က သမီးနဲ့ ချစ်သူ မျက်နှာကို စိတ်ပျက်သလို ကြည့်ကာ လှဲနေရာကနေ ငုတ်တုတ်ထထိုင်၏။ နေမောင်မောင် က မျက်နှာကို ကြုပ်ထုပ်ထိုးခံနေရင်း လှမ်းကြည့်သည်။

နေလွန်း ကတော့ အောင့်ကျန်ရစ်သည့် လက်မောင်းကို ဆုပ်နယ် နေရင်းနဲ့ပဲ မော့ကြည့်ကာ …၊ ပြီးတော့ ဖအေကိုလည်း အကဲခတ်သည်။

ပြဿနာကို လွန်လွန်း က စလိုက်တာပေမယ့် မနေနိုင် မထိုင်နိုင် ပေါ်ပါမိကြတာက သူတို့အပြစ် …၊

"ထိုင်ကြလေ …"

"လွန်လွန်း … ဒီဘက်မှာ လာထိုင် ညီမလေး …"

စုံတွဲကြီး ထိုင်လိုက်မှာစိုးကာ မာလာ မျက်နှာပူပူနဲ့ပဲ လှမ်းပြော လိုက်ရသည်။ ချစ်သူ က ဦးလွန်း ခြေရင်းမှာ ကျန်ခဲ့လျက် …၊ လွန်လွန်း က သူမတို့ဘေးကို ရောက်လာ၏။

"ကျွန်တော့်ကြောင့် ခုလိုတွေ ဖြစ်ရတဲ့အတွက် အရင်ဆုံး တောင်း ပန်ပါတယ် …"

"အရင်ဆုံးဆိုတော့ နောက်ထပ် တောင်းပန်ဖို့ ရှိနေသေးတဲ့ပုံပဲ…"

ခပ်ရွဲ့ရွဲ့စကားပေမယ့် ဦးလွန်း မျက်နှာကတော့ အေးစက်စက် ကြီးသာ ငွေ့တို့ ရှိနေခဲ့လျက် …

"ပြောစမ်းပါဦး …"

"ကျွန်တော် … ကျွန်တော် ဒီအချိန် ဒီနေရာကို ရောက်နေတာ …"



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာငုံ့သွားခြင်း .. ဆံပင်သပ်၍ အသံတိတ်သွားခြင်းက ဘာ ပြောတော့မယ်ဆိုတာကို ကြိုတင် အသိပေးလိုက်သလိုပင် ..၊ မိဘ မောင်ဘွားတွေလည်း အကြည့်တွေ ဆုံသွားလိုက် .. ပြန်လွှဲလိုက်နှင့်

"ကျွန်တော် လွန်လွန်း ကို .."

"ဩော် .. ကဲ .. ဒါလေး ပြောဖို့ကိုကွာ .. မင်းက လွန်လွန်း ကို ကြိုက်လို့ လာခေါ်တာ .. လွန်လွန်း ကလည်း မင်း လာမခေါ်တော့ ငိုနေတယ် .. လာခေါ်တော့ ပြေးသွားတယ် ..၊ ဒါပဲ .. ပြီးရောပေါ့ ..

ဗိုလ်အောင်ဒင် က မြန်မြန်ဆန်ဆန် အဆုံးသတ် ပြောပေးကာ..

"လူကြီးတွေကို ရိုရိုသေသေ မြန်မြန်ဆန်ဆန် ပြောရတယ် .. ဘာမှန်းမသိဘူး ဒီကောင်လေးတွေ .. လူကြီးဆိုတာ ကြားချင်နေလည်း လူငယ်တွေက မပြောရင် မကြားရဘူး .. ပြောမှ ကြားရတာ .. အဲဒီ တူ့ခြေကြီးနဲ့ နေပြီဆို မြန်မြန် ပြောကြရတယ် .."

ဦးလွန်း မျက်နှာကို မေးဆတ်ပြ၍ ဗိုလ်အောင်ဒင် က အကျ... ဝေဖန် ထောက်ရှုနေ၏။

"ကလေးတွေက အလိုက်မသိတော့ လူကြီးလုပ်တဲ့ လူမှာ ..

"ဦးလေး ရေ .."

"ဟေ .."

"လာပါ .. ဦးလေးကို ထိုးမုန့် ကျွေးပါ့မယ် .."

"ရှိလည်း မရှိဘဲနဲ့ .."

"ရှိတယ် .. အများကြီးပဲ .."

ဗိုလ်အောင်ဒင် ကို ထိုနေရာမှ အမြန်ထရေးအတွက် မာလာ ... တိုင် မီးဖိုခန်းထဲ ဦးဆောင် ဝင်ရတော့သည်။ မီးရောင်အောက်မှာ ... အကျီလက်တိုအနီရဲရဲ .. ဘောင်းဘီရှည် ကော်ဖီရောင်ရင့်ရင့်နှင့် ... မျက်နှာက ဖြူဝင်း ရှင်းသန့်နေ၏။

ရန်ပွဲရဲ့ဗဟိုမှာ ရှိနေပေမယ့် သူ့မျက်နှာမှာတော့ ဘာဒဏ်ရာ...





...ခဲ့တဲ့ ဖူးရောင် ကျန်ရစ်တာက နေမောင်မောင့် မျက်နှာ ဖြစ်၏။

ဦးလွန်း ရဲ့အကြည့်တွေ သမီးဖြစ်သူထံ ရောက်သွားလျှင် လွန်လွန်း က မျက်လွှာချပစ်ရင်း ခေါင်းငုံ့သွားသည်။

"ဟင်း .."

သက်ပြင်းခိုးချပေမယ့် အသံထွက်သွားတာပဲ ဖြစ်၏။ ပြီးမှ မျက် ...ကြက်ကို ငေးကြည့်နေလိုက်ရင်း ...

"မင်း မပြောနဲ့တော့ ချစ်သူ .. ဘာပြောမှာလဲဆိုတာ သိနေကာမှ ...ချိန်ပို အလုပ်ရှုပ်ခံနေတော့ ဘာထူးမှာလဲ .. ဒီတော့ ငါ ပြောတာကို ...င်း မှတ်ထား .."

ချစ်သူ မျက်နှာ မော့လာမှန်း သိမှ ဦးလွန်း က ပြန်ငုံ့ကြည့်၍ ...

"မင်းမှာ မိဘတွေ သက်ရှိထင်ရှား ရှိသေးသလား .."

"ဟုတ်ကဲ့ .."

"မင်းမိဘတွေကို မိန်းမတောင်းပေးပါလို့ ပြောရဲတဲ့သတ္တိ မင်းမှာ ...လား .."

ချစ်သူ က နားမလည်သလို ကြည့်နေသဖြင့် ...

"ဆိုလိုတာက .. မင်းဟာ မိဘက ဖယ်ကြဉ်ခံထားရတဲ့ သားသမီး ... .. နောက်တစ်မျိုးက ကိုယ့်ခံစားချက်တွေနဲ့ကိုယ် မိဘကို မလိုအပ် ...ဖြစ်နေတာမျိုးလား ..၊ မင်းနဲ့ မင်းမိဘကြားက အခြေအနေကွာ.."

"နှစ်ခုစလုံး မဟုတ်ပါဘူး ဦး .."

"ဒါဖြင့် မင်းရဲ့နောက်ကြောင်းကို ဒီမှာ အထူးလျှို့ဝှက်ထားခဲ့တဲ့ ...ကြောင်းက ဘာလဲ .."

"အထူးလျှို့ဝှက်တာ မဟုတ်ပါဘူး .. မပြောချင်ခဲ့တာပါ ..၊ ကျွန် ...တို့ မိသားစုထဲမှာ မပြေလည်မှုလေးတချို့ ရှိခဲ့ပေမယ့် ဦးလေး ...သလောက် မကြီးကျယ်ပါဘူး .."

"ဒါဆို ငါ မေးတဲ့ နောက်တစ်ခုကတော့ ဟုတ်နေတာပဲ .."



www.burmeseclassic.com

www.burmeseclassic.com



ဦးလွန်း က ဟိုတုန်းတည်းက ချစ်သူ အပေါ်မှာ စိတ်အချဉ်ပေါက် ခဲ့ရတဲ့ကိစ္စကို ကိုယ့်ဘာသာ မှတ်ချက်ချ၍ ...

"မင်းကို မြင်တည်းက အဲဒီလိုလူမှန်း ငါ အကဲခတ်မိပါတယ် - နောက်ပြီး မင်းမိဘရဲ့ စီးပွားရေးအခြေအနေက ခုထိ ပြေလည်နေတာ ဖြစ်ရင် ဖြစ်မယ် .. မပြေလည်တော့ဘူးဆိုရင်လည်း အဲ့ဒါ မင်းနဲ့ပဲ ပတ် သက်နေတာ ဖြစ်မယ် .."

ချစ်သူ က ဘာမှမပြောဘဲ ဒီတိုင်းနေရင်း လွန်လွန်း ကို လှမ်း ကြည့်သည်။ သူမလေးဟာ သူ့ဘဝအတွက် နတ်သမီး ...၊

ဒီမိသားစုတွေကလည်း သူ့သက်တမ်းတစ်လျှောက်မှာ မမြင်ဖူး - မဆုံဖူးခဲ့တဲ့ သစ္စာရှိ သူရဲကောင်းစစ်သည်တွေပဲ ဖြစ်၏။

အရေးကြုံတော့ ပြေးလာကြသည်။ သူတို့ညီမကြောင့်ဖြစ်ဖြစ် - အမြင်မတော်လို့ဖြစ်ပါစေ .. ကိုယ့်လက်ကို ဆွဲကာ ကျောနောက်မှာ ထား၍ ကာကွယ်ပေးခဲ့သည့် သံယောဇဉ်ကို ကြည်နူးမိသည်။

မိဘက မိဘမို့ ဂုဏ်တံတိုင်း .. ငွေတံတိုင်း .. မေတ္တာတံတိုင်းတို့ ဖြင့် ဝန်းရံ ကာကွယ်ပေးခဲ့ပေမယ့် သွေးသားမတော်စပ်ဘဲ သူ ဘယ်လို လူဆိုတာလည်း မသိခဲ့ဘဲနှင့် ဒီမိသားစုက သူ့အပေါ် သံယောဇဉ်ရေ ပုံပေးခဲ့သည်။ ဒါတွေကို သူ တစ်သက်လုံး အမြဲတမ်း ကြည်နူးစွာ ကိုးကွယ်သွားမှာပါ ...၊

"ကျွန်တော် လွန်လွန်း ကို တင့်တောင်းတင့်တယ် လက်ထပ်ယူဖို့ -"

"မဖြစ်နိုင်သေးဘူးကွ .."

သူ့စကား မဆုံးခင် ဦးလွန်း က အေးဆေးတည်ငြိမ်စွာ ဝိတ်ထား ပြော၍ ...

"အိမ်ထောင်ရေးဆိုတာ မိဘချမ်းသာတာနဲ့ မဆိုင်သလို .. ငါ ရင်ဆိုင်ရဲတယ်ဆိုတာနဲ့လည်း မဆိုင်ဘူး .. သမီးငယ်ကို ကိုကိုလွင် နဲ့ စေ့စပ်ဖို့ ငါတို့ သဘောတူခဲ့တာက မိဘက ပြေလည်နေတာ တစ်ခု တည်းနဲ့ မဟုတ်ဘူး .. ကိုကိုလွင် ရဲ့ စိတ်ဓာတ်နဲ့ စာရိတ္တကို ယုံကြည် လိုက်တယ် ထင်လို့ .."

ဦးလွန်း က သမီးမျက်နှာကိုလည်း လှမ်းကြည့်သေးသည်။ ပြီးမှ ...

"သမီးငယ်လည်း သဘောကျနိုင်တဲ့သူလို့ ထင်ခဲ့ကြတာ .."

ပြောနေသည့် စကားသံက အားနည်း တိုးလျသွားခဲ့ပြီးမှ ပင့်သက် ရှိုက်လိုက်ရင်း ...

"ပြောချင်တာက ကွာ .. ငါတို့မိသားစု အားလုံးမှာ ပျော်ရွှင်ချမ်းမြေ့ စွာ နေထိုင်ရေးသာ အဓိက ...၊ ဘယ်သူက ဘယ်သူ့ကို ဘာအကြောင်း ကြောင့်မှ စိတ်ဆင်းရဲ ဒုက္ခများအောင် မလုပ်ခဲ့ဖူးဘူး .. အခု စေ့စပ်ပွဲ ပျက်သွားခဲ့တဲ့အတွက် သူတို့ဆုံးဖြတ်တာ မှန်တယ်လို့ ထင်ပေးလိုက် တယ် ...၊ ငါ့သမီး စိတ်မချမ်းသာမယ့်ကိစ္စ ဖြစ်တဲ့အတွက် ဒါကို မပျက် စေအောင် ထိန်းချုပ်ဖို့လည်း ငါတို့ မကြိုးစားဘူး .. အားလုံးဟာ ကံ တရားလို့ သဘောထားလိုက်တာမျိုး .."

လောဘဆိုတာတော့ လူတိုင်းမှာ ရှိကြတာပါပဲ .. ဒါပေမယ့် ရနိုင်တာကို တောင့်တခြင်းနဲ့ မရနိုင်တာကို မရမက လုပ်ယူ ဖန်တီးတဲ့ အလောဘထွက်ခြင်းကို ခွဲခြားနိုင်အောင် ကြိုးစားခဲ့သည်။

ဘယ်တုန်းကမှလည်း ချမ်းသာကြွယ်ဝသည့် ဘဝမျိုးကို မရခဲ့ဖူး။ မရခဲ့တဲ့အတွက် ဝမ်းနည်း တမ်းတတာမျိုး မဖြစ်ခဲ့ဖူးတာလည်း အမှန်ပါသည်။

ဘဝမှာ ဆင်းရဲကျပ်တည်းသည့် ဒုက္ခဆိုးမျိုး မကြုံရတာနဲ့ပဲ ကျေနပ် ပျော်ရွှင်ခဲ့ရ၏။ ရတာလေးနဲ့ ဝအောင် စားပြီး ရှိတာလေးနဲ့ လှအောင် ဝတ်ခဲ့သည်။ မိသားစု နွေးထွေးကြင်နာခြင်းနဲ့ ပြည့်စုံ ပျော်ရွှင် အောင် နေခဲ့ကြတာ ဒီနေ့ထိ ...၊

"ငါ့သမီး မျက်ရည်ကျ ငိုကြွေးရတဲ့အထိ ငါတို့ ဘယ်တော့မှ မလုပ်ခဲ့ဖူးဘူး .. ဒါကြောင့် ဒီနေ့ ပျက်သွားခဲ့ရတဲ့ စေ့စပ်ပွဲအတွက်







www.burmeseclassic.com

www.burmeseclassic.com



နောင်တ အကြီးအကျယ်လည်း မရခဲ့ပါဘူး .. ဒါပေမယ့် တစ်ခုတော့ ရှိတယ် .."

ဦးလွန်း က ချစ်သူ မျက်နှာကို အတန်ကြာအောင် စိုးမိုး ကြည့်နေခဲ့ပြီး ...

"ခုချိန်မှာ မင်းလက်ထဲကို ထည့်ပေးလိုက်ဖို့ဆိုတာလည်း မဖြစ်နိုင်သေးဘူး ချစ်သူ .. မင်းရဲ့ဘဝကို ငါတို့မိသားစုက လက်ခံနိုင်ရင်တောင် မင်းစိတ်ဓာတ်ကို မသိတဲ့အတွက် .."

"ကျွန်တော် .."

"ကိုယ့်ကိုယ်ကိုယ် အာမခံမလို့လား .."

"ဟုတ်ပါတယ် .."

ချစ်သူ စကားသံကလည်း ရဲရင့် ပြတ်သားနေ၏။

"ကျွန်တော် လူကောင်းတစ်ယောက်တော့ မဟုတ်ပါဘူး .. ဒါပေမယ့် လူဆိုးမဖြစ်အောင် ထိန်းချုပ်နိုင်ခဲ့ပါတယ် .. နောက်ပြီး ကျွန်တော် ကိုယ့်ကိုယ်ကိုယ် အာမခံရတဲ့အထိ ဘယ်လိုလူမျိုးကိုမှ အထင်ကြီး လေးစားခဲ့ဖူးတာ မရှိဘူး .."

"ဟွန်း .."

ဦးလွန်း က မဲ့တာမှန်း ရယ်တာမှန်း မပီပြင်သော အပြုံးယဲ့ယဲ့နှင့်—

"မင်း အဲလိုလူမှန်း ငါ သိတယ်လို့ ပြောခဲ့ဖူးသားပဲ .."

"မဟုတ်ဘူး ဦး .. ကျွန်တော်က ဦးလေး ထင်သလောက်တော့ မဟုတ်သေးပါဘူး .. ဒါပေမယ့် အခု ထည့်ပြောရတာက ဦးလေး မိသားစုအပေါ်မှာ ကျွန်တော် အထင်ကြီး လေးစားခဲ့တဲ့ အတိုင်းအတာကို သိစေချင်လို့ပါ .."

"ငါတို့က အထင်ကြီးလေးစားမှုကို လိုချင်တာမဟုတ်ဘူး ချစ်သူ မင်းတို့လူငယ်တွေ သိသာတဲ့စကားနဲ့ ပြောရရင် လူတစ်ယောက်ရဲ့ ယဉ်ကျေးရည်မွန်မှုဟာ လူကြီးမိဘအပေါ်မှာ ဘယ်လောက်ထိ ရိုသေ





ကိုင်းရှိုင်းတတ်သလဲဆိုတာနဲ့ပဲ ဆိုင်တယ် .. မင်းက ကိုယ့်ကိုယ်ကိုယ်က လွဲပြီး မိဘဆိုတာလည်း မလိုအပ်ဘူးလို့ သဘောထားနေတဲ့ လူငယ်တစ်ယောက်ပဲ .."

"ကျွန်တော် .."

"ဖေဖေ .. ကျွန်တော် တစ်ခုလောက် ပြောပါရစေ .."

"ပြော .."

နေမောင်မောင် က ကြပ်ထုပ်ထိုးပေးနေသည့် မာလာ့ လက်တို အသာ ဖယ်ချလိုက်ကာ ...

"ဒီလိုပါ ဖေဖေ .. ချစ်သူ နဲ့ သူ့မိသားစုအကြောင်း ကျွန်တော်တို့ ဘာမှ သိတာ မဟုတ်ဘူးလေ .. သူ့ရင်ထဲမှာ .."

"ဘာမှ မသိတာက .. ဘာမှ မပြောခဲ့လို့ မဟုတ်ဘူးလား .."

ဦးလွန်း ရင်ခံနေတာ ဒါကိုပဲ ဖြစ်သည်။ သားတွေ သမီးတွေကို မွေးမြူ အုပ်စီးလာရပြီဆိုတည်းက အချိန်တန်ရင် သူတို့နှစ်သက်ရာလေးတွေ ရွေးပြီး ဘဝခရီးလမ်းကို လျှောက်လှမ်းကြမှာပဲဆိုတာ နားလည်ပြီးသားပါ ..။

ဒီကလေးတွေဘဝ ဘယ်လိုမြင့်မားရမယ် .. ဘယ်လို ကြင်ဖက်သက်လျာတွေနဲ့မှ ပေါင်းဖက်ရမယ်ဆိုတာမျိုးလည်း မိခင်တွေရင်ထဲက လောဘစိတ်လောက်ကော့ သူ့မှာ မရှိခဲ့တာ အမှန်ပင် ..။

အရာရာဟာ ကိုယ် ဖြစ်စေချင်တဲ့အတိုင်း ဖြစ်မလာနိုင်ဘူးဆိုတဲ့ အသိနဲ့ ဖြစ်လာတာကို ပီတိဖြစ်ရသလို .. ဖြစ်မလာရင်လည်း ကျေနပ်နိုင်အောင် ပြင်ဆင်ထားခဲ့၏။

ချစ်သူ ဆိုတဲ့ ကောင်လေးကိုမှ ကိုယ့်သမီးက မေတ္တာရှိနေပါပြီဆိုလျှင် ဒါကို ကျေနပ်ဖွယ် မရှိပေမယ့် နားလည်ပေးရမှာပဲ ဖြစ်၏။ သို့သော် ချစ်သူ ကို ဟိုတုန်းတည်းက နားလည်ခွင့်မရသည့်အဖြစ်နှင့် ထပ်သက်၍ ဦးလွန်း ဒီနေ့ထိ ရှုပ်ထွေးနေခဲ့ရတာကို မကျေနပ်နိုင်သေး—



www.burmeseclassic.com

www.burmeseclassic.com



မဆိုင်သလို နေလို့ရတုန်းက နေလိုက်လို့ ရသည်။ ကိုယ့်သမက် ဖြစ်လာဖို့ ရှိပြီဆိုတော့ ဒါက အသေးအဖွဲ့ထားလိုက်လို့ မရတော့သည့် ပြဿနာ ဖြစ်လာခဲ့ပြီး ...

"ဟိုအရင် အတူတူ နေခဲ့တုန်းက သူ့ဒဏ်ရာ ပျောက်ကင်းအောင် ကုပေးဖို့က အဓိကပဲဆိုပြီး တို့ဘက်က ဘာမှ မမေးမြန်း မဆွေးနွေးခဲ့ဘူး .. လူမှန်ရင် ဘယ်လူသားမှ မိုးပေါ်က ခုန်ချလာတာ မရှိဘူးမို့လား...၊ ကိုယ့်ကို မွေးဖွားခဲ့တဲ့ မိဘဆိုတာ လူတိုင်းမှာ ရှိတယ် .."

"အဲ့ဒါကို အခု သူ ပြောပြမလို့ထင်တယ် .. ဖေဖေ ခဏလောက်.."

"ခဏ မဟုတ်ဘူး နေမောင် .. ငါတို့တွေ သူ ပြောလာမလားလို့ စကား အစဖော်ပေးတယ် .. တည့်တည့်မေးခဲ့တာလည်း ရှိဖူးပါတယ်.. စကားပြောတယ်ဆိုတာလည်း သူ့နေရာနဲ့သူ အချိန်အခါ သင့်ခြင်း မသင့်ခြင်းဆိုတာ ရှိတယ် .. သူ ပြောပြသင့်တဲ့အချိန်တုန်းက မပြောခဲ့တဲ့ အဖြစ်ကြောင့် သူ ဘယ်လိုကလေးမျိုး ဖြစ်နိုင်မလဲလို့ ငါ တွေးထားခဲ့တာ အများကြီးပဲ .."

"အဲ့ဒါ ဖေဖေ မှန်ပါတယ် .. ဒါပေမယ့် သူ့ကို အခွင့်အရေးပေး ကြည့်လိုက်ပါဦး .."

"ပေးပါတယ်.. ငါ သိစေချင်တာ တစ်ခုပဲ ရှိတယ် .. မိဘကျေးဇူး ကို နေ့စဉ် အောက်မေ့ ကြည်ညိုနေရမယ့်အစား မင်းက မေ့ပျောက်ဖို့ ကြိုးစားနေတာ .. အဲဒီတစ်ခုတည်းနဲ့တင် မင်းကို ငါ့သမီးရဲ့ လက်တွဲ ဖော်အဖြစ်ကနေ ပယ်လိုက်လို့ ရနေပြီ ဆိုတာပဲ .."

"ဒါဆိုရင်တော့ ပယ်စရာ မလိုပါဘူး ရှင် .."

"ဟင်!..."

"အန့်တီနှင်း .."

တံခါးဝမှာ တည်ငြိမ်စွာရပ်နေသည့် အမျိုးသမီးကို တခြားလူတွေ က မသိပေမယ့် မာမီ့ အချစ်ဆုံးသူငယ်ချင်း ဒေါ်နှင်းစက် ဆိုတာ





ချစ်သူ က သိသည်။ ထို့အတူ မာလာ ကလည်း အံ့ဩနေကာ ...

"အစ်မကြီးက .."

"ဟုတ်ပါတယ် .. ညီမကို ဈေးထဲကစောင့်ပြီး ငွေချေးဖို့ ပြောခဲ့ဖူးတဲ့ ဒေါ်နှင်းစက် ပါ .."

မာလာ့ မျက်ဝန်းတွေက အံ့ဩခြင်းကို လှမ်းကြည့်ပြီး ဒေါ်နှင်း စက် က ရှင်းပြသည်။ ပြီးတော့ ပြုံး၍ ...

"သားလေး ပျောက်နေလို့ သူ့အမေ သောကများနေတာကို ကိုယ် ချင်းစာပြီး လိုက်စုံစမ်းနေခဲ့တာလေ .. လိမ္မာသလို ဖြစ်သွားခဲ့တာကို တော့ တောင်းပန်ပါတယ် ...၊ အန့်တီက သားလေးရဲ့ မာမီ ဒေါ်တင်မာ ချစ် ရဲ့ အရင်းနှီးဆုံး သူငယ်ချင်းလေ .."

မာလာ တအံ့တဩဖြစ်နေခဲ့လျက် ဒေါ်နှင်းစက် ကို ထိုင်ပါ ဖြူ ပါ ဖိတ်ခေါ်ဖို့တောင် ရုတ်တရက် သတိမရခဲ့ပေ ...၊ ဒေါ်နှင်းစက် က တော့ ချစ်သူ နဲ့ လွန်လွန်း ကိုပဲ ကြည့်၍ နူးညံ့သည့်အပြုံးတို့နှင့် ...

"သားလေးက မိဘကို ဘယ်တုန်းကမှ မစော်ကားခဲ့ပါဘူးရှင်.. သူတို့မိသားစုက ကိုယ့်အတွက်နဲ့ကိုယ် ရှေ့ဆက် ချီတက်နေကြတဲ့ မိသားစု ပါ ...၊ ကိုယ်ကျင့်သိက္ခာ ရှိကြတယ် .. ဝိသမလောဘနဲ့ ဘယ်နေရာမှာမှ မဆုံးဖြတ်ဘူး .. ပြီးတော့ .."

ဒေါ်နှင်းစက် က အားလုံးကို ကြည့်၍ ...

"မောက်မာရိုင်းစိုင်းတဲ့လူတွေလည်း မဟုတ်ကြပါဘူး .. မိဘ နှစ်ပါးရဲ့ မာန်မာနတွေ ပြိုင်ဆိုင်နေကြတဲ့ထဲမှာ သားလေးအပေါ်မှာ နွေးထွေးမှု လျော့ပါးခဲ့တယ် .. မိဘက ပြည့်စုံအောင် ဖန်တီးပေးထားပေ မယ့် သားလေးရဲ့ မသိစိတ်က မိဘရဲ့အရိပ်ကိုပဲ အလိုရှိနေခဲ့တာပေ.."

မျက်ဝန်းတွေ သူ့ဆီ ရောက်လာတော့ ချစ်သူ က မျက်နှာပေါ်လွှဲလွှဲ လုပ်ပစ်၏။ ဦးလွန်း က စူးစိုက်နားထောင်နေပေမယ့် လိုရင်းကို သိချင် နေတာလား .. ဘဝင်မကျသေးတာလား ...၊



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာက အပြုံးအရယ်မဲ့လျက် ခေါင်းလည်း မညိတ် ..၊ 'အင်း..' 'အဲ ..'လိုက်တာလည်း မရှိ ..၊ ဒေါ်နှင်းစက် ကလည်း ဒီမိသားစုတွေကို နားလည်နေပြီမို့ ချစ်သူ အပေါ် နားလည်ကြဖို့အတွက်သာ ရည်ရွယ်ရင်း...

"သားက သူ့မိဘကို ဥပေက္ခာထားချင်တာ မဟုတ်ပါဘူး .. ဒီငွေနောက်ကို လိုက်ရင်း မိဘရဲ့ဥပေက္ခာနယ်ထဲ ရောက်ခဲ့ရတဲ့အတွက် ငွေကြေးစီးပွားကို သူ မုန်းနေတာပါ.. 'မရှိ ရှား.. ပေါ်များ'ဆိုတဲ့ စကားလိုပါပဲ .. စည်းစိမ်ချမ်းသာဆိုတာကလည်း မလိုချင်လောက်အောင် ချမ်းသာနေတဲ့လူအတွက်တော့ ကျောက်ခဲသလဲသာသာပါ .."

"ကျုပ်တို့ကတော့ စည်းစိမ်ချမ်းသာကို မလိုချင်တဲ့လူ တစ်ခါမှ မတွေ့ခဲ့ဖူးဘူး .. လောကသဘာဝအရ ချမ်းသာခြင်းကို မမက်မောတဲ့လူ ဆိုတာလည်း မရှိဘူးမို့လား .."

ဦးလွန်း က ရင်ထဲရှိတာကို ပြောင်ပြောင်တင်းတင်းပဲ မေးသည်။ သူ့အတွက်က ချစ်သူ ဘယ်လိုအဆင့်အတန်းဆိုတာ သိရလို့လည်း ဝမ်းမြောက်ပျော်ရွှင်ဖွယ် ဖြစ်သွားလောက်အောင် အံ့ဩဖို့ မရှိပေ ..။

ဆူးတွေနဲ့အသီးကို မြင်တိုင်း ဒူးရင်းသီးမှန်း မသိ .. ပဒိုင်းသီးမှန်း မသိရလောက်တဲ့ အသက်အရွယ်လည်း မဟုတ် ..၊ ဖြတ်ကျော် ရင်ဆိုင်လာခဲ့ဖူးတဲ့ အတွေ့အကြုံအရ ချစ်သူ ရဲ့ပုံစံကို မြင်တည်းက အနည်းဆုံး အထည်ကြီးပျက် မိသားစုမျိုးထဲကဆိုတာ တွက်မိပြီးသား ..၊

"ဒါဆိုရင်တော့ ဦးလွန်း မျက်စိမှောက်နေတာလို့ ပြောရတော့မှာပဲ .."

ဒေါ်နှင်းစက် က အားလုံးမျက်နှာတွေကို ကြည့်၍ ပြုံးလိုက်ရင်း..

"ဘာဖြစ်လို့လဲဆိုတော့ လောကသဘာဝအရ ချမ်းသာခြင်းကို မမက်မောတဲ့လူ မရှိတာ မှန်တယ် .. အဲဒီချမ်းသာခြင်းက စည်းစိမ်ချမ်းသာ တစ်ခုတည်းကို ပြောလို့ရတာ မဟုတ်ဘူးလေ .. ဥပမာ ဟောဒီ အိမ်သားတွေဆိုရင် စည်းစိမ်ချမ်းသာအပေါ်မှာ လောဘနည်းပြီး အေး





ငြိမ်းချမ်းသာခြင်းကိုပဲ အလိုရှိနေကြတာ မဟုတ်ဘူးလား .."

ဦးလွန်း ကြောင်အမ်းအမ်း ဖြစ်သွားသည်။ နေမောင်မောင် က ပြုံးနေရင်း ရယ်ကာ ...

"အန်တီ ပြောတာ ဟုတ်တယ် .. ဖေဖေကတော့ ကျွန်တော့်အဖေ မို့ ပြောတာ မဟုတ်ဘူး .. သူ့ကိုယ်သူ အမြဲ နှိမ့်ချ ပြောတဲ့သူပါ .."

"ဒါလည်း သူတော်ကောင်းတို့ ကျင့်စဉ်ပါပဲ .."

"ချစ်သူ ကို ကျွန်တော်တို့ အားလုံးက သံသယဝင်ရှိကြပါတယ်- ဒါပေမယ့် သူက ရောက်လာတည်းက သူ့ဇာတိ .. သူ့ဘဝအကြောင်း ဘာမှ ရေရေရာရာ မပြောခဲ့ဘူး .. ဒါပေမယ့် သူလုပ်ခဲ့တဲ့ အပြစ်တွေကို ပြောရဲတဲ့နေရာမှာတော့ အံ့ဩလောက်ပါတယ် .."

"ကျွန်တော့်ကို ခွင့်လွှတ်ပါ ကိုကြီး .."

ဒါက ကိုယ်ရှင်းပြမှ ရှင်းမယ့်ကိစ္စမို့ ချစ်သူ က ခံစားချက်တွေကို ခုကျမှ ရင်ဖွင့်၏။

"ချမ်းသာခြင်းထဲမှာ စည်းစိမ်ချမ်းသာခြင်းက ခြောက်သွေ့ဆုံးပဲ ဆိုတာ ကျွန်တော် အသက်ငယ်ငယ်နဲ့ ခံစားခဲ့ရတယ် .. ဒီချမ်းသာခြင်းကြောင့်ပဲ လူမိုက်တွေက မျက်စိကျပြီး ကျွန်တော့်ဘေးမှာ နေရာယူလာခဲ့ကြတယ်..၊ အဲ့ဒါကြောင့် လူ့ချမ်းသာဘဝကို ကျွန်တော် ခါးသီးနေမိတယ် .. ဘယ်သူ ယုံယုံ မယုံယုံ စည်းစိမ်ချမ်းသာတွေဟာ ကျွန်တော့် အတွက် ရှားမီးခဲတွေ ရဲနေတဲ့ မီးပုံလိုပါပဲ .."

ဦးလွန်း ရဲ့မျက်လုံးတွေ အရောင်ပြောင်းသွားခဲ့ပြီ ဖြစ်သည်။ ဤ လူငယ်လေးအပေါ်မှာ သူ ဒီလောက်ထိ အကဲခတ် မှားခဲ့သည်။

ဒီအရွယ် .. ဒီပုံစံလေးနဲ့ လူငယ်တစ်ယောက်မှာ မာန်မာန သို့ မဟုတ် ဆိုဆုံးမမှု နည်းပါးခဲ့ခြင်း တစ်ခုခုကြောင့်သာ ဒီလို ဆောင့်တေးသော နေထိုင်ပြုမူပုံမျိုးတွေ ဖြစ်လာရသည်လို့ တွက်ခဲ့မိ၏။

"ဒါကြောင့် ကျွန်တော့်ဘဝကို ဘယ်ကမှ အစပေါ်မသွားစေချင်



www.burmeseclassic.com

www.burmeseclassic.com



ဘူး .. ကျွန်တော် မလိမ္မာခဲ့တဲ့အပြစ်ကိုလည်း ဒီအိမ်ကို ရောက်လာတဲ့ အချိန်ထိ ရှက်ရမှန်း မသိခဲ့ပါဘူး .. ကျွန်တော် ဆိုးသွမ်းလူငယ် ဖြစ်နေတဲ့အတွက် မာမီ နောင်တတွေနဲ့ နင့်နေမှာပဲဆိုတာ တွေးပြီး ကျေနပ်နေခဲ့သေးတယ် ..”

“ကျွတ်!... မိုက်လိုက်တာ ..”

ဦးလွန်း ခေါင်းတရမ်းရမ်း ဖြစ်သွားသည်။

“ကျွန်တော် အခု မမိုက်တော့ဘူးလို့ ဆုံးဖြတ်ပြီးပါပြီ ..”

ဒါကိုလည်း ဦးလွန်း က ဆတ်ခနဲ ခေါင်းညိတ်၏။

“ဆုံးဖြတ်ရမယ် .. မိဘဆိုတာ သားသမီးကို ချစ်တဲ့ဒေါသပဲဖြစ်တတ်တာ.. မုန်းတဲ့ဒေါသ ဘယ်တော့မှ မဖြစ်ဘူး.. အမြင့်ကိုသာ ပခုံးထမ်းတင်ချင်ပေမယ့် သူများနင်းတဲ့အောက်မှာ ပိပြားနေတာ ဘယ်မိဘက ကြည့်ရက်မှာလဲ .. မိဘမေတ္တာကို ဘယ်တော့မှ မစော်ကားပါနဲ့..”

လူကြီးတွေ စကားပြောရင်း အေးချမ်းသွားတာနှင့် ချစ်သူ နဲ့ လွန်းလွန်း အကြည့်ချင်း ဆုံသွားကြသည်။

“ဒါနဲ့ သူ့အမေက ..”

“နေမကောင်းလို့ မလိုက်လာနိုင်တာပါ ..”

ရန်ပွဲကို ကိုယ်တိုင်မြင်သွားပြီး ရှောင်ခဲ့ရသွားသည့်အဖြစ်ကို ပြောပြလိုက်သည်။

“ကျွန်မတို့က သားလေးရဲ့ ခြေရိပ်လောက်ပဲ လိုက်ကြည့်နေရတာလေ .. အိမ်ကို ပြန်ရောက်လာပြီး အိမ်မှာ သိပ်မကပ်ဘူး .. မအေကို ဆက်ဆံပုံကလည်း ထူးခြား ပြောင်းလဲမလာတော့ သူ သွားလာနေထိုင်ပုံတွေကို မျက်ခြည်မပြတ် လိုက်ကြည့်ရင်း ဒီအိမ်ကိုတော့ သူ ရေ. က်ကို ရောက်မှာပဲလို့ တွက်မိကြတယ် ..”

ပြောပြီးတော့ လွန်းလွန်း ကို လှမ်းကြည့်သည်။ ပြီးတော့ ပြုံးပြ၍—

“သားကို ကျွန်မတို့က အိမ်ထောင်ချထားပေးဖို့လည်း ကြိုးစားခဲ့





သေးတယ် .. လူငယ်တစ်ယောက်ကို တည်ငြိမ်သွားမလားလို့ တွေးလိုက်တာနဲ့ ဒီနည်းကို သုံးဖို့ ဖြစ်လာတာလေ ..၊ ဒါပေမယ့် သားက လုံးဝ လက်မခံခဲ့ဘူး ..”

အခြေအနေတွေအားလုံးကို ရှင်းပြတော့ ချစ်သူ နဲ့ သူ့မိသားစု အရေးအခင်းကို ဦးလွန်း တို့ အားလုံး နားလည်သွားကြသည်။

“ဒီက မိသားစုတွေအားလုံးက စည်းစိမ်ဥစ္စာ မပြည့်စုံပေမယ့် သားလေး လိုချင်တောင့်တနေတဲ့ ..”

“သားအတွက် ဟောဒီအိမ်ဂေဟာက နတ်ရေကန်ကြီးပါပဲရှင် ..”

အသံကြောင့် ဒေါ်နှင်းစက် ဝမ်းသာသွားကာ ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။

“ချစ် ..”

“မာမီ ..”

“သား ..”

အပေါ်ထပ် အနွေးထည်ပါးလေးနှင့် ဖြူဖပ်ဖပ် နွမ်းယဲ့နေသည့် မာမီ့မျက်နှာကို လှမ်းမြင်ကာ ကမန်းကတန်း ထသွားမိ၏။

“မာမီ .. ဒီထိ ..”

“မာမီ ပြောချင်တာတွေ ရှိလို့ပေါ့ သားရယ် .. ပြီးတော့ ..”

ဒေါ်တင်မာချစ် က ချစ်သူ ရဲ့ နဖူးပြင်ကို အသာသပ်ပေးလိုက်ရင်း မျက်ရည်ဝေ့နေသည့် မျက်ဝန်းတို့ဖြင့် ...

“သားလေး ဘယ်လို ဖြစ်ချင်တာလဲ .. ဘာလုပ်ပေးမှ သားယာနိုင်မှာလဲဆိုတာ မာမီ အမြဲတမ်း သိချင်ခဲ့တာပါ .. အခု .. အခု မာမီ သိရပြီလေ .. ဒါကြောင့် မာမီ လိုက်လာခဲ့တာ ..”

“လာ .. ချစ် ..”

“အန်တီ လာပါ .. ကြွပါရှင် ..”

အိမ်ခန်းကျဉ်းကျဉ်းလေးထဲမှာ ညနေနက်နေမှ ငြိမ်းချမ်းရေးပွဲတော်



www.burmeseclassic.com

www.burmeseclassic.com



ငယ်လေးတစ်ခု ကျင်းပဖြစ်ခဲ့၏။

"ညနေက စေ့စပ်ပွဲ ပျက်သွားခဲ့ပေမယ့် မဆုံစည်းထိုက်လို့လို့ပဲ မှတ်ပြီး အခု ဆုံစည်းထိုက်နေတဲ့ ကလေးနှစ်ယောက်ကို တင့်တင့်တယ် တယ် စေ့စပ်ဖြစ်ကြတယ်လို့ သဘောထားပေးပါ .."

မကျဉ်းမကျယ် မဟာနဖူးပြေပြေနှင့် ထူနက်သွယ်တန်းသည့်မျက်ခုံး .. မျက်နှာသွယ်သွယ်နှင့် ဒေါ်တင်မာချစ် ကို ဦးလွန်း က မျက်မှောင်ကုတ် ကြည့်လိုက် .. မျက်လုံးမှိတ်လိုက်ပြီး စဉ်းစားလိုက်နှင့် ...

"နေဦး .. ခင်ဗျားကို ကျုပ် သိနေသလိုပဲ .."

"သိတာပေါ့ရှင် .. ကျွန်မရဲ့ စိန်တွေပါတဲ့အိတ် တစ်အိတ်လုံး ရှင့်ကားပေါ်မှာ ကျန်ခဲ့လို့ ရှင်ကိုယ်တိုင် လာပြန်ပေးခဲ့တာပဲ .."

"ဟာ .. ဟုတ်သားပဲ .. ဒါကြောင့် နီးနီးစပ်စပ် သိနေသလိုလိုနဲ့ စဉ်းစားမရဘူး ဖြစ်နေတာ .."

ဒေါ်တင်မာချစ် က ရင်ထဲကလာသည့် စကားတို့ကို ဆိုရင်း ...

"ဒီမိသားစုနဲ့တွေ့မှ သားက နတ်ရေကန်ထဲ ချလိုက်သလို ပြောင်းလဲ အေးချမ်းသွားခဲ့တာ .. ဟောဒီ အိမ်ခန်းကျဉ်းလေးက သေးငယ်ပေမယ့် နတ်ပြည်က နန်းကြီးလိုပါပဲ .. သားကိုယ်တိုင် ဒီတိုင်း ပြောခဲ့တာပါ .."

ဒေါ်တင်မာချစ် ရဲ့ မျက်ဝန်းတွေက လွန်လွန်း မျက်နှာလေးဆီ ရှာဖွေ စူးစိုက်သွားခဲ့ပြီး ...

"ကျွန်မ ဆင်ခြင်မိခဲ့ပါတယ်.. ညနေက သားလေးအပေါ်မှာ ထားကြတဲ့ သမီးတို့မောင်နှမတွေရဲ့သံယောဇဉ်ကို မြင်လိုက်ရတော့ နားလည်သွားတယ်.. သားကို ဘယ်လိုအခြေအနေ ဘယ်ကလူမှန်းမသိဘဲ ဖြူစင်စွာ ထားခဲ့ကြတဲ့ သံယောဇဉ်တွေကို ကျွန်မ ဇော်ကားမိတော့မလို့ .."

သူမရဲ့ အတ္တ မာနတွေက ညနေကအထိ ခွဲနပ်ပဲနဲ့ အလံထူနေတုန်း ...





"မတရားတာကို ကြည့်မနေနိုင်လို့ ဝင်ပါကြတာဖြစ်ဖြစ် .. သားကို သံယောဇဉ်ရှိခဲ့လို့ပဲ ဖြစ်ဖြစ် .. သားတို့ သမီးတို့ကြောင့် အန်တီ့သားလေး ဒုက္ခမရောက်ခဲ့တာပါ.. အားလုံးကို ပြောမပြတတ်အောင် ကျေးဇူးတင်ပါတယ်ကွယ် .."

"ကျုပ်တို့တွေလည်း အဲဒီလောက်ထိတော့ သဘောထားမကြီးကြပါဘူး .. သံယောဇဉ်ဖြစ်သွားတာကြောင့် မှန်ပေမယ့် ကိုယ့်သမီးရဲ့စိတ်ကို သေသေချာချာ သိလိုက်ရတဲ့အတွက် ငဲ့ညှာပေးလိုက်တာပါ.. အရှင်းဆုံး ပြောပြရရင် 'ငါ စေတနာနဲ့ လုပ်တာပဲ' ဆိုပြီး မိဘဘက်ကနေ တစ်ဖက်သတ် မဆုံးဖြတ်ချင်ဘူး .."

ဦးလွန်း က ရင်ထဲကအမှန်တရားကို မကွယ်မဝှက် ပြောပြနေ၏။

"စေ့စပ်ပွဲ ပျက်သွားတဲ့အတွက် ကျုပ်တို့ သွေးမပျက်ပါဘူး .. သမီးရဲ့ ခံစားချက်ကို မစူးစမ်းဘဲ လုပ်မိတဲ့အတွက် ပျက်သွားခဲ့တာကို ကျေကျေနပ်နပ် လက်ခံနိုင်တယ် .. အဲဒီထဲ ချစ်သူ နဲ့ မသက်ဆိုင်သေးဘူး .."

"ဟုတ်ကဲ့ .. မသက်ဆိုင်ဘူးဆိုတော့ ကျွန်မတို့ မျက်နှာပူ အားနာ သက်သာသွားတာပေါ့ရှင် .. ခုလို ပြောပြပေးတာကိုလည်း ကျေးဇူးတင်ပါတယ် ...၊ ဒါဆိုရင်လည်း ပျက်သွားတာကို ထားခဲ့ပြီး အခု အသစ်တစ်ခု ပြန်စဖို့ ကျွန်မက တောင်းခံပါတယ် .."

အခြေအနေအားလုံး ငြိမ်းချမ်းသွားခဲ့ပြီးသည့်နောက် ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄၁)

သိန်းတစ်ထောင်တန် ချက်လက်မှတ်ဆိုတာကို ငုံ့ကြည့်ရင်း ဦးလွန်း ငေးငိုင်သွားခဲ့သည်။ နေမောင်မောင် တို့ အားလုံး အတူ ရှိနေကြပါလျက်နှင့် ဘယ်သူမှ ဘာစကားမှ မဆိုနိုင်ကြဘဲ ရုတ်တရက် တိတ်ကျသွားခဲ့၏။

"ဒါက သမီးလေးကို တန်ဖိုးထားလို့ တင်တောင်းတာ သပ်သပ် ပါ .. ပြီးတော့ သားရဲ့ဆန္ဒအရပေါ့ နော် .."

"မဟုတ်ဘူး .. ဒီလောက် မလိုဘူး ဒေါ်တင်မာချစ် .."

ဦးလွန်း မျက်စိမျက်နှာပျက်ကာ အနီရောင်သမ်းနေသည့် ဒေါ်သင့္ဘေ့တွေ တရစ်ရစ် တက်လာမှန်း သိသာကာ ...

"ခင်ဗျားတို့အလွှာမှာ ဒါတွေ ထုံးစံရှိရင် ရှိမယ် .. ရှေးခေတ် ထုံးစံကလနားတွေ ရှိခဲ့တာလည်း ကြားဖူးပါတယ် .. ဒါပေမယ့် ဒီ ခေတ် ကိုယ့်ဘဝမှာတော့ ကိုယ့်အတွေးနဲ့ ကိုယ်ပဲ .."

ဦးလွန်း စကားသံတွေက ပြတ်သားနေခဲ့၏။

"ကျုပ် အဲ့ဒီပုံစံတွေကို အပေးအယူဆန်တယ်လို့ပဲ မြင်တယ် .. အလိမ္မာအိမ်ပါဆိုတဲ့ ထုံးစံတွေနဲ့ သမီးကို တင်တောင်းမယ် .. ပြီး ယောကျ်ားလေးအိမ်ကို ခေါ်သွားမယ် .."





"ဒါက .."

"ထုံးစံပါပဲ .. ကျုပ် နားလည်တယ် .."

"မဟုတ်ဘူး .. အဲ့ဒါက ဟုတ်တယ်လေ .. ဒါပေမယ့် ဒါ အပေး အယူလုပ်တာ မဟုတ်ပါဘူး .. ဆံထုံးနောက် သျှောင်ပါ ဆိုတာ ဟိုတုန်း ကနေ ခုချိန်ထိ မပျောက်ပျက်သေးတဲ့ ယဉ်ကျေးမှုထုံးစံပါ ..၊ သမီးကို ဘာနဲ့မှ တင်မတောင်းလည်း ကျွန်မသားနဲ့ လက်ထပ်ပြီးရင် သားက ခေါ်သွားမှာပဲမို့လား .."

ဒါကိုကျမှ ဦးလွန်း က တစ်ယူသန်စွဲနှင့် ခေါင်းခါမြဲ ခါနေကာ..

"သဘာဝထုံးစံအရ ယောကျ္ာမဖြစ်လာရင် အမေလို့ ခေါ်ကြတာပဲ.. ဒါပေမယ့် အမေ ခေါ်လိုက်တိုင်း ကိုယ့်အမေ ဖြစ်မလာဘူးဆိုတာတော့ လူတိုင်း သိကြပါတယ် .. တင်တောင်းကြတယ်ဆိုတာ ဘယ်ဘက်က ဘယ်လိုတန်ဖိုးတွေ သတ်မှတ်တာလည်း ကျုပ် မသိဘူး .. ကျုပ် သိတာ က အဲ့ဒါ သမီး ရောင်းတာ .."

ဒေါ်တင်မာချစ် တို့ကတော့ နားလည်သည့်အပြုံးတို့နှင့် သည်းခံခဲ့ ရသည်။

"ဒါကတော့ ဦးလွန်း ရယ် .. သမီးဆိုတာ 'ရောင်းကုန်'လို့တောင် နှိုင်းနှိုင်းပြောကြသေးတာ .. ဒါ ဂုဏ်ငယ်စရာလည်း မဟုတ်ပါဘူး .. ကိုယ့်သမီးရဲ့ ဂုဏ်ရွေသိက္ခာ ဘယ်လောက်မြင့်မားသလဲဆိုတာကို ပေါ် လွင်စေတာမျိုးပါ .."

ဒီပြဿနာဟာ ဘာမှမဟုတ်လောက်ဘဲနှင့် ဘယ်လိုမှလည်း မပြေ လည်ခဲ့ဘဲ ချစ်သူ ကိုယ်တိုင် ဝင်ပြောမှ အဆင်ပြေသွားခဲ့လေသည်။

"ဦးနဲ့ ဒီမိသားစုကို ကျွန်တော် ကျေးဇူးဆပ်ချင်တာ သပ်သပ်ပါ.. တင်တောင်းတယ်ဆိုတာက လွန်လွန်း က ကန်တော့တာမျိုးလည်း ဖြစ်မယ် .. ကျွန်တော် လွန်လွန်း ကို ဘယ်လောက်ထိ မြတ်နိုး တန်ဖိုး ထားသလဲဆိုတာ လောလောဆယ် ဒီနည်းနဲ့ပဲ ပြခွင့်ရမှာမို့ပါ .."



www.burmeseclassic.com

www.burmeseclassic.com



"မိဘကို ကန်တော့တာ ကန်တော့တာနဲ့ တူသင့်တာပေါ့ .. ဒီလောက် များများစားစားကြီးက ငါ့သမီးလေးနဲ့ ငါ့ကြားမှာ တစ်ခုခု ကန့်လန့်ကာလိုက်သလိုပဲ .. ချမ်းသာတဲ့လူတွေနဲ့ ဆက်ဆံရာမှာ ငါက ဘယ်လိုပုံစံတွေ ဖြစ်နေလဲတော့ မသိဘူးကွ .. ဒါပေမယ့် ခုလိုမျိုးတွေ တော့ ငါ မကြိုက်ဘူး .."

ပြဿနာကို အေးချမ်းစွာ ပြီးဆုံးဖို့အတွက် နေမောင်မောင် တို့ ကြားဝင် ပြောဆိုရတော့သည်။

"ညီမလေးလည်း စိတ်ဆင်းရဲနေရပြီ ဖေဖေ .. အားလုံး ပျော်ရွှင် စွာ ဓာတ်သိမ်းခန်း ကကြတော့မှာကို ဖေဖေက ကိုယ့်ခံစားချက်တွေနဲ့ ပြန်ပြီး သိမ်းထုပ်မထားပါနဲ့တော့ .."

"ဟုတ်ပါတယ် ဖေဖေရာ .. ချစ်သူ တို့က အရမ်း ချမ်းသာတာ– ဖေဖေက အဲဒီလိုမျက်လုံးနဲ့ပဲ ကြည့်နေရင် သားသမီးက မိဘကို ထောက် ပံ့ချင်တာတောင် ဒီလို ကြုံလာတိုင်း စကားပြောနေရတော့မှာ .."

"မပြောရပါဘူး .. ငါ နားလည်ပါတယ် .. ဒါပေမယ့် .."

"ဖေဖေ့ ခံစားချက်ကို ကျွန်တော်တို့ နားလည်ပါတယ် ..၊ သူ့ ကလည်း သိတယ် .. ခုဆို မထင်မှတ်ဘဲ အဆိုးထဲကနေ အကောင်းတွေ ဖြစ်လာခဲ့တာ .. ဒီ့ထက် ပိုပျော်ကြရမှာလေ .."

ဦးလွန်း ခေါင်းညိတ်ဖော် ရလာသည်။ ချစ်သူ ကလည်း ဆက် သက်ပြင်းချကာ ...

"ကျွန်တော်တို့ကို တစ်ခါတည်းပဲ လက်ထပ်ပေးပါ .."

"ဘာ!..."

"ဟင်!... ခုမှ စေ့စပ်ပြီးတာ .."

မာလာ က တအံ့တသြ ..၊

ဟိုတယ်လ်မှာ စေ့စပ်ပွဲ လုပ်ပြီးခဲ့လို့ ယောကျ်ားလေးဘက် သမီးရှင်ကို တင်တောင်းသည့်ကိစ္စတွေ ပါလာခဲ့တာပဲ ..၊





"ဟုတ်ပါတယ် .. ဒါပေမယ့် ကျွန်တော် ဒီအိမ်မှာ မိသားစုဝင် အဖြစ် ဒီ့ထက် ရင်းနှီးချင်လို့ပါ..၊ ကြားတယ်မထင်ဘူးဆိုရင် ကျွန်တော် နောက်ထပ် ဦးလေးနဲ့ အစ်ကိုတို့ကို ဒီ့ထက် ပံ့ပိုးချင်တာတွေ ရှိသေး တယ် .. အဲ့ဒါတွေကြောင့်လည်း ကျွန်တော့်အတွက် ဘာမှ ယုတ်လျော့ သွားဘူးဆိုတာ နားလည်ပေးပါ .."

လာပြန်ပြီ ..၊

လူငယ်တွေကတော့ ချစ်သူ ပြောတာတွေကို သဘောကျ ပြုံးရယ် နေပေမယ့် ဦးလွန်း မပြုံးနိုင် .. မရယ်နိုင် ..၊

"ငါတို့ မချမ်းသာပေမယ့် အသင့်အတင့် ပြည့်စုံမှုတော့ ရှိပါသေး တယ်ကွာ .. သူဌေးယောက္ခမ ဖြစ်သွားလို့ နေ့ချင်းညချင်း ပြောင်းလဲ သွားပြီ ဆိုတာမျိုး .."

"ပြောင်းလဲအောင် လုပ်ယူတာမျိုးက ပြောစရာ ဖြစ်တာပါ ..၊ ကျွန်တော်တို့က လိုအပ်တာချင်း ပေါင်းစပ် ရောနှောပြီး ပြောင်းလဲ သွားစေသွားတာ .."

"ဟုတ်တယ် .. ချစ်သူ က လူငယ်ပေမယ့် စကားတတ်သားပဲ.. တွေးလည်း တွေးတတ်တယ် .."

"ဩော် .. ငါကတော့ မတွေးတတ်ဘူးပေါ့ .."

"အယ်!... မဟုတ်ပါဘူး အဖေကလည်း .."

မာလာ အလောတကြီး ပြောမိပြီးမှ လက်တကာကာနှင့် ...

"သူ့ခံစားချက်လေးတွေ တကယ်ရှိနေလို့ ပြောတတ်နေတာကို သမီးက ပြောတာပါ .. ပြီးတော့ သူ ပြောတာလေးက သဘာဝလည်း ကျတယ် .. သမီးတို့ မိသားစုက မေတ္တာစံအိမ်လေးနဲ့ ငြိမ်းချမ်းတယ် ဆိုတော့ စံအိမ်ကို စိန်နဲ့ မွန်းထားပေမယ့် ပူလောင်နေရတယ်လေ.."

"ဟုတ်တယ် .. စေ့စပ်ပွဲမှာတုန်းက သူ့သား ပြုံးပျော်နေတာကို မြင်ပြီး အန်တီက ကျေနပ်နေတာ .. 'သားက ဒီလိုနေချင်တာကိုး' လို့



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်းပြောပြီး ခေါင်းတညိတ်ညိတ်နဲ့ ..."

"အင်း .. သူ့ခများလည်း ကိုယ်က မွေးထားပြီး ကိုယ့်ကို မခင်တွယ်တာမျိုး ခံစားနေရရှာမှာ .."

"ကျွန်တော် မာမီ့ကို ချစ်ပါတယ် ဦးလေးရယ် .. ခုလို နေထိုင်ခဲ့မိတာ မှားမှန်းလည်း သိပါတယ် .."

"မှားပါတယ် အော်နေတိုင်း အပြစ်ကမကျေဘူးကွ .. ဒါကို ပြုပြင်နိုင်ရမယ် .."

"ဟုတ်ကဲ့ပါ .. မာမီ့ကို ကျွန်တော် စိတ်ချမ်းသာအောင် ထားမှာပါ .."

"အေး .."

ဦးလွန်း က ခေါင်းတညိတ်ညိတ်နှင့် ထောက်ခံ၏။

ကိုယ့်အဖေဟာ ဒီလိုလူမှန်း ချစ်သူ တို့ နားလည်ပေးသည့်အတွက် လွန်လွန်း စိတ်ချမ်းသာနေရသည်။ ဒါပေမယ့် မြန်မြန်ဆန်ဆန်ကြီး လက်ထပ်ကြဖို့က ...

"ဘယ်မှာ မြန်လို့လဲ .. ကိုယ်တို့ အသက်တွေလည်း မငယ်တော့ဘူး .. တွေ့ကြတာလည်း ခဏလေးမှ မဟုတ်တာကွာ .."

"ခဏ မဟုတ်ပေမယ့် ကြာလည်း မကြာသေးပါဘူး .."

"ကြာမှ လက်ထပ်ရမယ်လို့ သတ်မှတ်ထားတာ ရှိလို့လား .."

"ဒါပေမယ့် .. ဟာ!... မသိတော့ဘူး .. ပြန်မယ် .."

"လွန်လွန်း .."

"ဘာလုပ်တာလဲ .. တော်ကြာ အန်တီ ဝင်လာလိမ့်မယ် .."

"ဒီဘက် ပြန်တိုးမှာလား .. ကိုယ် ဖက်ထားရမလား .. ပြော .."

"ချစ်သူ .. ရှင် ဘယ်လိုဖြစ်နေတာလဲ .. ညေ့ခန်းထဲမှာကို ပင်ပြီ မှတ်နေလား .."

"ပန်းခြံဆိုရင် ရလား .. ဒါဆို သွားမယ် .."

"အို .. ဘာလုပ်တာလဲ .. ပြန်ထိုင် .."





ဒီက ထတော့လည်း သူမက ဆွဲသည်။ ချစ်သူ က ပြန်ထိုင်လိုက်သမယ့် လွန်လွန်း နဲ့ ပူးကပ်၍ ...

"ဒီလကုန်လို့ မာမီ့ကို ပြောထားပြီးပြီ .."

"လကုန်ဖို့က ဘယ်လောက်မှ မလိုတော့ဘူး ချစ်သူ ရဲ့ .."

"ခုမှ ရှစ်ရက်ပဲ ရှိသေးတယ် .. ဘာဖြစ်လို့လဲ .."

"ဟုတ်တယ်လေ .. ဒါပေမယ့် .."

"မရဘူး .. မာမီ ထပ်မေးရင် ဘာမှ မပြောနဲ့ .."

"ချစ်သူ .."

"ပြော .."

"ရှင်သဘောနဲ့ လုပ်မှာလား .. လွန်လွန်း ဆုံးဖြတ်ခွင့် မရှိဘူးလား .."

"မင်း ဆုံးဖြတ်ခွင့်တွေ အများကြီး ပေးမှာ .. လက်ထပ်ပြီးရင် .."

"ဟောအေး .. မရဘူး .."

စိတ်တိုသွားသဖြင့် ပခုံးချင်း ထိကပ်ထားသည့်ကိုယ်ကို တွန်းပစ်လိုက်မိသည်။ ပြီးတော့ နေရာမှ ထရပ်လိုက်ပြီး ...

"ဒီက အစ်ကိုတွေနဲ့ နေရတာ .."

"ဘာဆိုင်လို့လဲ .."

"အိမ်ထောင်ပြုမယ် .. ခုပဲ ယူမယ် .. ပြောရတာတွေ ဘယ်လောက်ကျက်နေပုံ ဖို့ကောင်းလဲ သိလား .."

"မဆိုင်ပါဘူးကွာ .. ဒါက လိမ္မာတဲ့သမီးမို့ ပြောဖော်ရတာ .. တချို့ဆို ခိုးရာတောင် လိုက်သွားကြသေးတာ .."

"ဒါဆို ခိုးရာလိုက်မယ့်မိန်းမ လိုက်ရှာ .. လွန်လွန်း က အဲဒီလို အယ်တော့မှ မလုပ်ဘူး .."

"ဘာ!... ခုပဲ ပြေးရအောင် ဟုတ်လား .."

"ဘာ!..."

"ကိုယ့်ကို အဲဒီလို လိုက်လျောတဲ့ ချစ်သူနော် .."



www.burmeseclassic.com

www.burmeseclassic.com



"ပွန်း .."

မဲ့ပြီး တစ်ဖက်လှည့်သွားသည့် မျက်နှာလေးကို မော့ကြည့်ရင်း ချစ်သူ က ရယ်သည်။ ပြီးတော့ မတ်တတ်ရပ်နေသည့် လွန်လွန်း လက်ဖဝါးလေးကို ဆုပ်ကိုင်ပြီး ဆွဲချလိုက်တော့ ထိုင်လျက်လေး ပြန်ဖြစ်ကာ–

"ချစ်သူ .."

"ဟင်!..."

"ရှင် ဘာတွေ လျှောက်လုပ်နေတာလဲ ဟင် .."

"ဘာလုပ် လို့လဲ .."

"ရှင်နဲ့ လွန်လွန်း တို့က .. ဟို .."

ပြောမှ ကတော့ ပါးစပ်တစ်လုံးကြီး စကားလုံးတွေ အပြည့် – ပြောခါနီးမှ အိုးတို့အမ်းတမ်း ဖြစ်ကာ ...

"ပြောလေ .."

အဖြူဆွတ်ဆွတ် တီရှပ်လက်ပြတ်လေးနှင့် ဂျင်းနိပ်ပန်အဖြူလေးနှင့် လွန်လွန်း ပုံစံလေးကို ဘေးတိုက်က ငေးကြည့်ကာ သူမလေးကို ဘယ်လောက် ပဲ မြတ်နိုးနေမိသည်မှန်း ကိုယ့်ရင်ခုန်သံတွေက အချက်ပြနေကြ၏။

သူမအတွက် သူ့စိတ်တွေ .. သူ့ရဲ့ တစ်ယူသန်မှုတွေ အားလုံး ပြောင်းလဲသွားခဲ့သည်။ သူမအတွက်ပဲ သူ့ရဲ့အနာဂတ်ကို အကောင်းဆုံး ဖြစ်အောင် ကြိုးစားဖို့ ဆုံးဖြတ်ထားခဲ့၏။

စုထွေးနီမြန်းသော နှုတ်ခမ်းသားလေးတွေက မချေမင ရန်တွေ့ခဲ့ လေးတွေကနေ သူ့အတွက် ကြင်နာသောစကားတွေ ဆိုတတ်သွားခဲ့ တာကတော့ ..။

"ပြောလေ .. လွန်လွန်း .."

"အို .."

ပါးပြင်နဲ့ မထိတထိ ကပ်လာသည့် သူ့မျက်နှာကြောင့် လွန်လွန်း





ထိတ်ထိတ်ပျာပျာ ရှောင်၍ ...

"အဲ့ဒါတွေ ပြောတာ .."

"ဘာဖြစ်လို့လဲ .."

"ရှင်နဲ့ လွန်လွန်း ဘာမှလည်း မဟုတ်သေးဘဲနဲ့ .."

"ဘာလို့ မဟုတ်ရမှာလဲ .. မင်းပဲ ကိုယ့်ကို ချစ်တယ်လို့ ပြောခဲ့တာ .."

"မပြောရသေးပါဘူး .."

"ဟား .. ဟား .. ဟား ..."

ချစ်သူ က ရယ်ကာ လွန်လွန်း ပါးလေးတစ်ဖက်မှာ လက်သီးဆုပ်နဲ့ ကပ်တွန်း၍ ...

"မင်းကို အဲဒါတွေကြောင့် ကိုယ် အရမ်းချစ်သွားတာ .."

"အို .. ဘာလုပ်တာလဲ ..၊ ချစ်သူ .. ဟင့်အင်း .."

"ဘာလဲကွာ .. ပခုံးလေး ဖက်ထားတာကို .."

"မဖက်ပါနဲ့ .. အန်တီ ဝင်လာလိမ့်မယ် .. ဖယ်ပေးပါ .."

"မလာပါဘူး .. မာမီက အရမ်း အလိုက်သိတာ .. မင်းကို ခေါ်လာပေးတည်းက သူ့သားလေးက အရမ်းတွေ့ချင်နေမှန်း သိလို့ .."

"မဟုတ်ပါဘူး .. မင်္ဂလာကိစ္စ သမီးနဲ့ ပြောချင်လို့တဲ့ .."

"ဟုတ်တယ်လေ .. မင်္ဂလာကိစ္စကို မင်းနဲ့ မာမီနဲ့ ပြောလို့ ပြီးမှာလား .. ကိုယ်နဲ့ မင်းပဲ ဆွေးနွေးရမှာ .."

လွန်လွန်း ဘယ်လိုမှ ရုန်းလို့မရအောင် ဖက်ထားလိုက်ပြီး ချစ်သူ က မျက်နှာလေးကို စူးစိုက်ငေး၍ ...

"ကိုယ် မင်းကို သိပ်ချစ်တာပဲ .."

"သီချင်းထဲက စာသားတွေ .. ကောင်းသားပဲ .."

"နောက်တာလား .."

"ပွန်း .."



www.burmeseclassic.com

www.burmeseclassic.com



"နှုတ်ခမ်း မမဲ့နဲ့နော် .. ကိုယ်က အသည်းယားရင် ဖက်ကိုက်ပစ်မှာ .."

"လုပ်ကြည့်ပါလား .. သူများက အသားနာရင် ဘယ်လိုလူမျိုးကိုမှ သည်းခံတတ်တာ မဟုတ်ဘူး .."

"ဟုတ်လား .. ဒါဆို တစ်ယောက်တစ်လှည့် ဖက်ကိုက်ကြေးလေ .. ဘယ်သူ အရင်စမလဲ .."

"အား!... ရှင် နော် .."

"ဘာလုပ်ရသေးလို့လဲ .. ခုမှ စမှာ .. ဒါပေမယ့် မင်းကို အကြောပေးမှာပါ ..၊ ရယ်ဒီဆိုရင် ပြော .. နံပါတ် ခေါ်မယ် .."

"ချစ်သူ နော်.. လူ့ကို ခေါ်လာပြီး အနိုင်ကျင့်တာ.. နောက် ဘယ်တော့မှ မလိုက်ဘူး .."

"သိတယ် .. နည်းနည်းလေး ဒုက္ခပေးလိုက်ရင် အဲလို ခင်ဗျားထဖြစ်မှာကို .."

"လူ့ကို ခင်ဗျား .. ခင်ဗျားနဲ့ မပြောနဲ့ .."

"မပြောစေချင်ရင် ကိုယ့်ခင်ပွန်းလောင်း ဆိုတာလည်း မမေ့နဲ့.."

"ဘာ!..."

"မင်းကို ပိုင်ဆိုင်မယ့်ကောင် .. ချစ်သူ တဲ့ .. အဲ့ .. မဟုတ်ဘူး ချစ်ရသူ .."

မျက်နှာချင်း ကပ်ပြတော့ လွန်လွန်း ရယ်မိကာ သူ့နှာခေါင်းချွန်ချွန်ကို လိမ်ဆွဲပစ်လိုက်၏။

"အား .. သေပြီ .."

"အဲဒါ .. ပြုံးပြုံးပြချင်ဦးလေ .."

"မင်းကို ကိုယ် .."

"မဆစ် ရေ .. ဖုန်းတွေလာရင် ကိုင်ထားလိုက်ဦး .. မသိရင် စာရေး မှတ်ထား နော် .."





ဒေါ်တင်မာချစ် က အသံပေးပြီး ခဏကြာမှ အပြင်ရောက်လာ၏။ ထိုအချိန်မှာ သူတို့နှစ်ယောက် လှူခွဲထိုင်လိုက်ကြပြီဖြစ်ကာ ...

"အန်တီ .."

"ထိုင်နေလေ သမီး .. ထိုင် ..၊ အန်တီလို့ မခေါ်ပါနဲ့တော့ကွယ်.. မာမီလို့ပဲ ခေါ်ပါ .."

ဒေါ်တင်မာချစ် က ကိုင်လာသည့် ဘူးပြားလေးကို စားပွဲပေါ်မှာ ချလိုက်ပြီးမှ ဆိုဖာမှာ ဝင်ထိုင်၏။

"ဒီမှာ လန့်ချ် စားပြီးကြရင် သားနဲ့ သမီးတို့ မင်္ဂလာပွဲအတွက် လိုအပ်တာလေးတွေ သွားဝယ်ကြ နော် .."

"ရှင်!..."

"မာမီက ဖိတ်စာတွေ သွားအပ်လိုက်မယ် .."

လွန်လွန်း မျက်လုံးလေး ပြူးထွက်လာ၏။ ချစ်သူ က ပြုံးလိုက်ပြီး နှာခေါင်းပွတ်သည်။

"ရက် သိပ်ကပ်နေတော့ နေရာတကာ သမီးတို့ချည်းပဲ ပြေးလွှားနေရရင် အားလုံး ပျာကုန်မှာ .."

"အန်တီ .. ဟို .."

"ပြောလေ.. သမီး ဘာလိုချင်လို့လဲ.. မင်္ဂလာပွဲကို အနီးကပ် စီစဉ်တာဆိုပေမယ့် သမီး စိတ်တိုင်းကျ အားလုံးဖြစ်ရမယ်.. စိတ်ချ..၊ နည်းနည်း အလုပ်ရှုပ်သွားကြမှာပဲ ရှိမယ်.. ဘာတစ်ခုမှ မလစ်ဟင်းစေရဘူး"

"မဟုတ်ပါဘူး အန်တီရယ် .. မင်္ဂလာပွဲကို ဘယ်သူ ရက် သတ်မှတ်လိုက်တာလဲ .. ဘယ်နေ့လဲ ဟင် .."

"နှစ်ဆယ့်နှစ်ရက်နေ့ .."

"ဟင်!..."

"သမီးတို့အိမ်မှာ အားလုံး မျက်နှာစုံညီနဲ့ ရက်ရွေးခဲ့တာပေါ့.. သမီး ဖေဖေလည်း သဘောတူတယ် .."

www.burmeseclassic.com



လွန်လွန်း ပါးစပ်လေး အဟောင်းသားနှင့် အံ့သြလို့ မကုန်နိုင်..၊

"သူ့သမီးလေးကို ချက်ချင်းကြီး ပေးလွှတ်ရတော့မယ်ဆိုပြီး သမီးဖေဖေက နည်းနည်းတော့ အင်တင်တင်ပေါ့.. ဒါပေမယ့် မာမီက ကတိပေးရတယ်လေ.. လက်ထပ်ပြီးရင် သမီး စိတ်ချမ်းသာတဲ့နေရာမှာ နေခွင့်ပြုမယ်.. ဘာတစ်ခုမှ မတားဆီးပါဘူး မကန့်သတ်ပါဘူး ဆိုပြီးတော့.."

"ကိုယ်လည်း ယောက္ခမအိမ်မှာ လိုက်နေမှာပါ .."

ပြောရင်း လက်ချင်း ချိတ်လိုက်သဖြင့် လွန်လွန်း က ချက်ချင်းခါချပစ်၏။ ဒေါ်တင်မာချစ် က ပြုံးရယ်လျက် ...

"ဒီမှာ သမီး အခု ဝတ်ထားဖို့အတွက် မာမီ ဆိုင်က ရွေးယူထားတာ .."

ဘူးကို ဖွင့်လိုက်တော့ တစ်ဆင်စာ စိန်ထည်ပစ္စည်းတွေက ပြိုးပြက်လက်နေ၏။

"အဲဒါတွေ လွန်လွန်း မဝတ်ချင်ပါဘူး .."

"မဝတ်လို့ မရဘူး သမီးရဲ့ .. နောက်ဆို သမီးက ဆိုင်မှာ ဦးစီးရမှာ.. သမီးကို ရတနာတွေကိုင်တွယ်တတ်အောင် မာမီ သင်ပေးမှာလေ.."

"မသင်ပါနဲ့ မာမီရာ .."

"ဟင် .. ဘာဖြစ်လို့လဲ သား .."

ချစ်သူ က မျက်နှာပျက်ပျက်နှင့် ဆံပင်သပ်လိုက် .. မျက်နှာလွှဲလိုက် လုပ်ပစ်သည်။

"ပြောပါ သားရဲ့ .. မာမီ့ကို အားနာစရာ ဖြစ်လောက်တဲ့ စကားမို့လို့လား .."

"ဟုတ်တယ် .."

ပြန်လှည့်ကြည့်တော့ မျက်နှာက မှုန်ကုပ်ကုပ်နှင့် ...

"ရတနာတွေ ကိုင်တတ်လာကာမှ လောဘတွေ တက်လာရင် မာမီ့လို ဖြစ်သွားမှာပေါ့ .."





"ချစ်သူ ကလည်း .."

"သား ရယ် .."

သူက တန်းခနဲ ပြောချလိုက်ပေမယ့် လွန်လွန်း ဒေါ်တင်မာချစ်ကို သနားသွားမိသည်။ သူ့ခမျာ သားကို ချစ်လွန်းလို့ လိုက်လျောနေခဲ့တာတွေ နည်းသလား ..၊

ပြေပြစ်တင့်တယ်သော ဒေါ်တင်မာချစ် ရဲ့ပုံစံကို မြင်တည်းက စည်းကမ်းရှိ၍ ပြတ်သားတတ်သူ ဖြစ်မယ်မှန်း အကဲခတ်လို့ ရပါသည်။

ဒါပေမယ့် သားအပေါ် မစွန့်လွှတ် မစိမ်းကားရက်တာ တစ်ခုတည်းနှင့် အရာရာ ပြောင်းလဲဖို့ ကြိုးစားရှာသည်။

"ဟုတ်ပါတယ် .. မာမီ မှားသွားပါတယ် .. သမီးကို မာမီ့ စီးပွားရေးတွေထဲ ဆွဲမထည့်သင့်ဘူး .."

"မဟုတ်တာ အန်တီရယ် .. လွန်လွန်း မှာ တခြားအလုပ် မရှိရင် မာမီ့ကိုပဲ ဝိုင်းကူရမှာပေါ့ .."

သူမဘာသာ မာမီလို့ ခေါ်မိသွားခြင်းကို လွန်လွန်း အမှတ်တမဲ့..၊

"စီးပွားရေး လုပ်တာကို .."

"စီးပွားရေးလုပ်ချင်ရင် တခြား ထူထောင်ကြလို့ ရတယ် .. အဲဒီရတနာတွေနဲ့ မင်း ဘာမှ မလုပ်ရဘူး .."

ကြည့်စမ်း ..၊ ချစ်သူ ရိုင်းလိုက်တာ ..။

သူ ဒီလိုပြောလေ လွန်လွန်း မအေဖြစ်တဲ့သူကို သနားမိလေ ..၊

"မာမီလည်း မလုပ်တော့ဘူး သား .. ဒါပေမယ့် ချက်ချင်းတော့ ဖြုတ်ပစ်လို့ မရဘူးလေ .. အမြို့မြို့အနယ်နယ်မှာ မာမီ့ စိန်တိုက်တွေ ရှိသေးတာကို .."

"ကျွန်တော် မာမီ့ကို ဘာမှ မပြောပါဘူး .."

"ပြောပါ သားရယ် .. သား ပြောသလို မာမီ လိုက်လျှောပေးချင်သို့ပါ .."



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်တင်မာချစ် မျက်ဝန်းမှာ မငိုဘဲနဲ့ အရောင်လက်လာသည်။ ပြုံးနေပေမယ့် မဲ့တာနှင့် တူနေ၏။

"မာမီလည်း သမီးတို့ မိသားစုနဲ့ ဆက်ဆံမိလာကာမှ မိသားစုရဲ့ စည်းလုံးနွေးထွေးမှုကို ခံစားမိခဲ့တယ် .. မာမီတို့မှာ လိုအပ်နေတာကို လည်း ကိုယ်တိုင် နားလည်လာခဲ့တယ်.. ဒါကြောင့် သားလေးကို မာမီ နည်းနည်းမှ မငြိုငြင်ပါဘူး သားရယ် .. ပြီးတော့လေ .."

ဒေါ်တင်မာချစ် က ဖွင့်ထားပြီးသည့် စိန်ဘူးကို လွှန်လွှန်း ရှေ့ထိ တိုးပေးလိုက်ပြီးမှ ကိုယ်ကို မတ်မတ်ပြင်ထိုင်ကာ ...

"မာမ့်ကို သား ထင်နေတယ်မို့လား .. သားကို အိမ်ထောင်ချပေး ပြီးမှ မာမီ အရင်လို အလုပ်ပြန်လုပ်လို့ ကောင်းမှာလို့လေ .."

'မဟုတ်လို့လား'လို့ မေးချင်သော ကြွပ်ဆတ်ဆတ် အကြည့်တစ် ချက် ဝေ့လာ၏။ ဒါပေမယ့် ဆိုဖာမှာ မှီချလိုက်ပြီး မျက်နှာလွှဲပစ်သည်။

"မဟုတ်ရပါဘူး သားရယ် .. သားကို အိမ်ထောင်ချပေးဖို့ စီစဉ်ခဲ့ တာက သားလေး မာမ့်ဆီက နောက်ထပ် ထွက်မသွားဖို့ နည်းလမ်း ကောင်းများ ဖြစ်မလားလို့ တွေးမိလို့ပါ .. သား ဘာကို အလိုမကျနိုင် မှန်း မသိခဲ့ရတဲ့အတွက် မာမီ ဘာမှ မကြံတတ်လို့ .."

ပြောရင်းနဲ့ လွှန်လွှန်း ကို ပြုံးပြ၍ ...

"မာမီ ဝန်ခံပါတယ် .. သားကို တော်ရုံအဆင့်မျိုးလောက်နဲ့တော့ သဘောမတူနိုင်တဲ့ မာနလေ .. သမီးတို့နဲ့ မတွေ့ရခင်ထိ မာမ့်မှာ ရှိ တယ် ...၊ လူချင်းတူပေမယ့် အသက်ရှူချင်း ကွဲတယ်ဆိုတာ မာမီ လက် မခံဘူး .. ဆင်းရဲတဲ့လူတွေဆိုရင် သူတို့ အဆင့်အတန်းအလိုက် စိတ် ဓာတ်က ဒါတွေပဲလို့ ထင်ခဲ့တာ .."

လွှန်လွှန်း က ဘာမှမပြောဘဲ ငေးကြည့်နေခဲ့သည်။ ဖြူနုသည့် မျက်နှာပြည့်ပြည့်လေးနှင့် ပါးပြင်ညက်ညက်လေးတွေက သူမရဲ့ နုသ သော အလှတရားတို့ကို အစွမ်းကုန် လှစ်ဟပြနေခဲ့လျက် ...





"သမီးလေးက စပြီး သမီးတို့ မိသားစုတွေအားလုံးပဲ အဆင်းရော အချင်းရော ရှိကြတယ် .. သန့်ပြန့်ရည်မွန်တယ် .. ပြီးတော့ စိတ်ဓာတ် အင်အား မညှိုးဖျင်းကြဘူး .. မာမီ ကျေနပ်ပါတယ် .. တကယ်တော့ မာမီ ဉစ္စာခြောက်တာ မဟုတ်ပါဘူး သမီးရယ် .. ကိုယ့်ရဲ့ ချမ်းသာ ကြွယ်ဝမှုကြောင့် လူတွေကို ယုံကြည်ဖို့ ခက်နေခဲ့တာ .."

ဒါလည်း ဖြစ်နိုင်တာပါပဲ ...၊

လွှန်လွှန်း ပင့်သက်လေး ရှိုက်မိ၏။ ချစ်သူ ကတော့ ဆိုဖာမှာ မျက်နှာမော့လှန်နေရင်း ဘာမှ မပြောတော့ပေ ...။

"လူတွေကို ယုံချင်တယ် .. မာမီ ပိုင်ဆိုင်သမျှ စည်းစိမ်ဉစ္စာတွေ ရော .. သားလေးကိုပါ စိတ်ချချင်တယ် .. ဒါပေမယ့် ချမ်းသာတဲ့ လူတိုင်း ကောင်းပါ့မလား .. ဆင်းရဲတော့ ဆင်းရဲသလောက် စိတ်ဓာတ် နိမ့်မယ် .. အဲဒီလို ရွေးချယ်မှုတွေနဲ့ မယုံကြည်တဲ့စိတ်တွေက များလာခဲ့ တယ် .."

ကိုယ် ဘယ်လောက်ထိ ချမ်းသာကြွယ်ဝနေသလဲ ကိုယ်ပဲ သိ သည်။ ယောကျ်ားဖြစ်သူကလည်း ရသမျှ လိမ့်စုသည်။ စုမိသမျှ တွင် တွင် ပို့ပေးနေခဲ့၏။

ဒါတွေကို စုဆောင်းသိမ်းထုပ်ရတာကျတော့ ကိုယ် တစ်ယောက် တည်း ...၊

သားရေ ကူညီပါဦး .. ဝိုင်းပါဦး ပြောဖို့ ပြန်ကြည့်လိုက်တိုင်း သားက ကိုယ့်ဘေးမှာ ရှိခဲ့တာ မဟုတ် ...၊

ဒါကြောင့် သားနဲ့ ထိုက်တန်တဲ့ အိမ်ထောင်ဖက်ကို ရွေးဖို့ သူ ဆင်းရဲကြီးစွာ [illegible]စည်ခဲ့ရ၏။

"သားကိုယ်တိုင် ရွေးခဲ့တာပေမယ့် မာမီ ကျေနပ်တယ် .. မာမီတို့ အတွက် စည်းစိမ်ဉစ္စာ ထပ်မလိုတော့ပါဘူး .. သမီးတို့လို မိသားစုမျိုးနဲ့ ဆုံခဲ့တာကပဲ မာမီတို့အတွက် ကံကောင်းခြင်းလက်ဆောင်ပါ .. လောဘ



www.burmeseclassic.com

www.burmeseclassic.com



မာနတွေ ထားခဲ့မိတာတောင် မာမီ ကိုယ့်ကိုယ်ကိုယ် ရှက်မိတယ် ..”

“အန်တီ့ကိုလည်း လွှန်လွှန်း နားလည်ပါတယ် .. နောက်ဆို အန်တီ စိတ်မညစ်ရအောင် လွှန်လွှန်း တို့ အမှားမဖြစ်အောင် ကြိုးစားပါ့မယ် ..”

“သမီးရယ် ..”

လွှန်လွှန်း က ပြုံးပြရင်း ချစ်သူ မဆိုင်သလို နေတာကို လှည့်ကြည့်လိုက်သေးသည်။ ပြီးမှ ...

“ချစ်သူ လည်း ဖေဖေ့ကိုတောင် ကတိပေးခဲ့တာပါ .. မာမီ့ကို စိတ်မဆင်းရဲစေရတော့ဘူး လို့ ..”

ဟင်!...

ချစ်သူ ခေါင်းထောင်ကြည့်သည်။ လွှန်လွှန်း မျက်စောင်းရွယ်ပြီးမှ ဒီဘက်လှည့်တော့ မျက်နှာလေးက ပြေပြေပြစ်ပြစ် ...၊

“သူလည်း အန်တီ့ကို ချစ်တဲ့ သားပါ အန်တီရယ် .. စည်းစည်းလုံးလုံး နေကြပြီဆိုရင် အားလုံး ပျော်စရာတွေ ဖြစ်လာမှာပါ ..”

“ဟုတ်တာပေါ့ .. မာမီကလည်း ဆုံးဖြတ်ထားတာပါ .. စီးပွားရေးကို ကြည့်ရှုထိန်းချုပ်ရုံပဲ လုပ်တော့မယ် .. မာမီ့ သားလေးရယ် .. မြေးလေးတွေရယ် .. တစ်စုတစ်ဝေးကြီး နေသွားမယ် ..”

“ဟင်!...”

လွှန်လွှန်း ပြုံးနေတာလေး လမ်းပျောက်သွားသည်။ ချစ်သူ က မကြားတကြား ရယ်၏။

သေပါလား .. လူညစ် ...၊

“စေ့စပ်ပေးပြီးတည်းက မာမီ အဲဒါတွေကို စိတ်ကူးပြီး ဒ် ါလို့ မပျော်အောင်ဘဲ သမီးရယ် .. အဲဒါကြောင့် မင်္ဂလာကိစ္စကို သားက လောတော့ မာမီ မတားခဲ့တာ ...၊ ခုလို ရက်တွေ သတ်မှတ်ပြီး ပိုပြီး မြန်မြန်ဆန်ဆန် လုပ်ဖြစ်အောင် စီစဉ်တာကတော့ ..”





“အန်တီရယ် .. အဲ့ဒါကတော့ .. ဟိုလေ ..”

“ဆောရီးပါ သမီးရယ် .. နောက်နည်းနည်းဆုတ်ထားတာနဲ့ ရှေ့နည်းနည်းတိုးလိုက်တာ သိပ်မှ မထူးတော့တာ .. အဲ့ဒါကို သမီး စိတ်မဆိုးပါနဲ့နော် ..”

လွှန်လွှန်း ခေါင်းညိတ်မိသလား .. ဒီတိုင်းပဲ မပြုံးမရယ်နိုင် နေခဲ့မိသလား ...၊

ဒေါ်တင်မာချစ် ကတော့ နှုတ်ဆက်ပြီး ပေါ့ပါးတက်ကြွစွာ ထွက်ခွာသွားခဲ့၏။ မသွားခင် ချစ်သူ နားက ကပ်လျှောက်သွားပြီး ခေါင်းကို ချစ်စနိုး ဆွဲဖွသွားသေးသည်။

ချစ်သူ က ဆံပင်တွေ ပြန်သပ်ချရင်း ပြုံးနေကာ ...

“မာမီ ကိုယ့်ကို ဒီလိုပုံစံ တစ်ခါမှ မဆက်ဆံဖူးဘူး ..”

“သူ ပြောင်းလဲနေတာ သိရင် ရှင်လည်း ပြောင်းလဲရမှာပေါ့ .. မိဘကို ပြန်ပြီး ဘက်တိုက်နေတာ ရှင့်ကျမှပဲ မြင်ဖူးတယ် ..”

“ဘက်မတိုက်တော့ပါဘူး .. ရှေ့လျှောက် မိဘဆန္ဒကို ဖြည့်ဆည်းပေးနိုင်တဲ့ သားလိမ္မာလေးပဲ လုပ်တော့မှာ ..”

“ပြောတာပဲ .. အန်တီ့ရှေ့မှာနေတဲ့ မျက်နှာကျတော့ ရှစ်ခေါက်ချိုး – ကိုးခေါက်ချိုးနဲ့ ..”

“မချိုးတော့ဘူး .. ခု ..”

အတင်းကို လိမ္မာဖို့ တာစူနေသဖြင့် လွှန်လွှန်း က လှည့်ကြည့်သည်။ ချစ်သူ က အတင်းတည်တံ့ဖို့ ကြိုးစားနေရသည့်မျက်နှာ မချိုချဉ်နှင့် ...

“မာမီ ဖြစ်စေချင်တာတွေ ကိုယ် အားလုံး ဖြည့်ဆည်းပေးမယ် .. မြေးချစ် တီတွတ်တွေနဲ့ တစ်ပြုံတစ်မ သိုက်သိုက်ဝန်းဝန်းနဲ့ ..”

“သေလိုက်ပါလား ...၊ ကဲ ..”

သူများဖွင့်ပြောမှပဲ သိရကာ လွှန်လွှန်း ချစ်သူ မျက်နှာကို ကျောမှီ



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းအုံးလေးနဲ့ လှမ်းပေါက်၏။

"ဟား .. ဟား .. ဟား ... ဘာဖြစ်တာလဲ ..၊ မင်းပဲ ချွေးမအလိမ္မာ.. သမီးအလိမ္မာလေး ဖြစ်ဖို့ .."

"မလိမ္မာဘူး .. သွား .. ဘာလာလုပ်တာလဲ .."

ချစ်သူ က အနားမှာ အိခနဲ လာထိုင်ချကာ လွှန်လွှန်း လက်လေးကို ဆွဲယူသည်။ ပြီးတော့ နှုတ်ခမ်းနဲ့ ကပ်နမ်းကာ ...

"အဖြူရောင်လေးနဲ့ ပါးလေးတွေက နီပြီး မင်း အရမ်းလှတာပဲ.."

ပါးလေးကို လက်ခုံနဲ့ ကပ်ထိတော့ လွှန်လွှန်း ဟာ မျက်နှာလွှဲ၍ သူ့လက်ကို ဖယ်ချလိုက်ကာ ...

"ချစ်သူ .."

"ဟင် .."

"လက်ထပ်ဖို့ကြီးက အရမ်း စောလွန်းပါတယ် .."

"ဘာဖြစ်လို့ ဒါကိုပဲ ရစ်နေတာလဲကွာ .. ကိုယ်တို့တွေ ပထမနှစ် ကျောင်းသားကျောင်းသူလေးတွေလည်း မဟုတ်တော့ဘူး .. ပြီးတော့ မင်းမှာ အစ်ကိုတွေနဲ့ .. လက်မထပ်ဘဲနေရင် ကိုယ် ဘယ်လို တွေ့ရမှာ လဲ .."

"ကိုကြီးတို့က ဒီလောက်လည်း အမြင်မကျဉ်းပါဘူး ချစ်သူ ရယ်.. လွှန်လွှန်း တို့ချင်း ချစ်သူတောင် မဖြစ်လိုက်ရဘဲနဲ့ ချက်ချင်းကြီး .."

"ချစ်သူဖြစ်ဖို့ ဟုတ်လား .."

သူက အံ့ဩသလို ပြန်မေးတော့ လွှန်လွှန်း က မလုံလဲသည့် မျက်နှာလေး ဖြစ်သွားကာ ပြုံးတော့မလိုနှင့် ငုံ့ချပစ်လိုက်၏။ ပြီးမှ..

"ဟုတ်တယ် .. ချစ်သူဘဝမှာ ဘယ်လောက်ချစ်ကြသလဲ .. ဘယ် လို တွယ်တာကြသလဲဆိုတာ အကဲခတ်လို့ ရတယ် .. ပြီးတော့ အဲ့ အချိန်မှာ ရင်ခုန်ကြတာမျိုးက လက်ထပ်လိုက်တာနဲ့ မတွေ့ဘူး .."

"ဟုတ်လား .. ချစ်သူချင်း ဘယ်လို ရင်ခုန်ကြသလဲ .."





"ဟင်!..."

"လက်ထပ်ပြီးသွားရင် ဘယ်လို ပြောင်းသွားကြသလဲ .."

"ဘာ!..."

"ရင်ခုန်သံလေ .. ချစ်သူဘဝနဲ့ အိမ်ထောင်သည်ဘဝ မတူတာကို မေးတာ .."

"ချစ်သူ နော် .."

"ဘာလဲ .. တကယ်မသိလို့ မေးနေတာ .."

"ဘယ်သူကရော ချစ်သူ ထားခဲ့ဖူးလို့ သိမှာလဲ .."

"မထားဖူးဘူးလား .."

"ရှင်ရော ဘယ်နှစ်ခါ လက်ထပ်ဖူးခဲ့သလဲ .."

"မထပ်ဖူးဘူးလေ .. အဲ့ဒါကြောင့် ပြောနေတဲ့လူကို မေးတာပေါ့.. မင်းပဲ ခွဲခြားပြနေတာ .."

"မပြောတော့ဘူး .. ရှင့်ကို .."

"ဟာ!... ဟော့ .."

"မကိုင်နဲ့ နော် .. ပန်းအိုးနဲ့ ခေါင်းရိုက်ခွဲပစ်မှာ .."

"ဟား .. ဟား .. ဟား ..."

ချစ်သူ က လွှန်လွှန်း သူ့လက်ကို ခါချခဲ့ပြီး ထထွက်သွားတော့ ...ါးတရ ရယ်သည်။ ပြီးတော့ နောက်က လျှောက်လိုက်လာကာ...

"ဘာလဲ .. ကိုးခြောက် ကိုးသုံးနဲ့ ပြန်တော့မလို့လား .."

"ချစ်သူ နော် .. တကယ် မပြန်ဘူး မှတ်နေလို့လား .."

"မမှတ်ပါဘူး .. မင်း ပြန်ရင် ကိုယ် လိုက်မလို့ပါ .. ကိုးခြောက် ...နဲ့ပဲ ဖြစ်ဖြစ် .. ခြေကျင်ဖြစ်ဖြစ် .. ကုန်းကြောင်းဖြစ်ဖြစ် .."

"တွေ့လား .. အဲ့ဒီလောက် စတာ ပြန်ကို ပြန်ဦးမှာ .."

"သမီးတို့ ထမင်းစားကြတော့မလား .. ဒေါ်ဆစ် ဟင်းတွေ နွေး ...ပြီ .. ပြင်ရုံပဲ .."

www.burmeseclassic.com



ဟင်!...

ဒေါ်တစ်ဆစ် ဆိုသည့် မိန်းမကြီးက ဖော်ရွေသည့်အပြုံးနှင့် သူမတို့နောက်မှာ ...

"မမချစ် က မှာသွားတယ် .. သမီးတို့ကို နေ့လယ်စာကျွေးပြီးမှ ပြန်ပါစေတဲ့ .. အဲဒါကြောင့် သမီးလေးအကြိုက်ရော .. သားအကြိုက်ပါ အကုန် လုပ်ထားတယ် .."

"ဟင်!... လွန်လွန်း အကြိုက် .."

"ဟုတ်တယ်လေ .. သမီး ဘာတွေကြိုက်တယ်ဆိုတာ လူလေးက ပြောပြထားတာ အများကြီးပဲ .."

လွန်လွန်း အကြည့်တွေ ရောက်သွားတော့ ချစ်သူ က မျက်စိမှိတ်ပြပြီး လက်မောင်းကို ခပ်ဖွဖွ လှမ်းထိုး၏။

"ခင်ဗျားကို ဘယ်လောက်မြတ်နိုးတဲ့ကောင်လဲဆိုတာ သိပြီလား.."

လွန်လွန်း မျက်နှာလေးမှာ သိသာစွာ ရှက်သွေးဖြာသွားသည်။

ချစ်သူ က ဒေါ်တစ်ဆစ် ပြန်ထွက်သွားတာကို လှမ်းကြည့်ပြီးမှ လွန်လွန်း ပခုံးလေးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်ကာ ...

"ချစ်သူတွေ ဖြစ်နေကြဖို့ မလိုတော့ပါဘူး လွန်လွန်း ရယ် .. မင်းကို အရမ်းမြတ်နိုးမိနေတဲ့ ရင်ထဲမှာ ရင်ခုန်သံတွေက အမြဲတမ်း အသစ် .. အသစ်တွေပဲ ဖြစ်နေတာ .. ဘယ်တော့မှလည်း မရိုးဘူး .. ဘာကြောင့်မှလည်း ပြောင်းလဲသွားမှာ မဟုတ်ဘူး .."

"ဘာဖြစ်လို့ အဲဒီလို ချစ်သွားတာလဲ .. ပြော .."

"ချစ်တာကို အကြောင်းပြချက် ရှာရင် ဘယ်တော့မှ တိကျရေရာတဲ့အဖြေကို ရမှာ မဟုတ်ဘူး .. ဒါပေမယ့် ခိုင်မာတယ် .. ကိုယ့်ရင်ဘတ်ထဲမှာ သူ့အတွက် အချစ်က ဘယ်လောက် နက်နက်ရှိုင်းရှိုင်း ရှိနေသလဲဆိုတာကို ဘယ်သူ သိသိ မသိသိ ကိုယ့်ဘာသာ သိတယ် .."

"ဒါပေမယ့် လွန်လွန်း ကလည်း ယုံချင်တာလေ .."





"ယုံအောင် ပြောမပြတတ်ပေမယ့် ချစ်ပြတတ်ပါတယ် .."

"သွား .."

ချစ်သူ က ရယ်ရင်း လွန်လွန်း ကိုယ်လေးကို ရင်ခွင်ထဲမှာ ဖွေ့ပိုက်ထားလိုက်သည်။ ထိုစဉ် ...

"တီ .. တီ .. တီ ..."

ကားဟွန်းသံရှည်ကြီးက ခြံဝကနေ ဆူညံစွာ ထွက်ပေါ်လာ၏။

လှမ်းကြည့်လိုက်တော့ ဦးလွန်း ရဲ့ တက္ကစီရယ် .. နေမောင်မောင်တို့ စုံတွဲရယ် .. ပြီးတော့ ဗိုလ်အောင်ဒင် ...၊

"ဟေး .."

ကားက အသာလေး လိမ့်ဝင်လာကာ ဗိုလ်အောင်ဒင် က လက်ဆုတ် ဖွေ့ယမ်းပြီး လှမ်းအော်၏။ ပေါ်တီကိုအောက်မှာ ကားရပ်လိုက်တာနှင့် သူပဲ ခုန်ပေါက်ဆင်းလာကာ ...

"မမြဝင်း ကို ခုချက်ချင်း လွှတ်လိုက်ပါ ကိုဘချစ် .. ဟား .. ဟား .. ဟား ..."

"ကိုကြီးတို့ လာလေ .."

"မလာတော့ပါဘူးကွာ.. ငါတို့လည်း ကိုယ့်ညီမအတွက် လက်ဖွဲ့အောင်းကောင်းလေး ပြေးလွှားရှာရဦးမှာ .."

"ပြီးတော့ ဝတ်စုံအတွက် ရှယ် စီစဉ်ရမှာလေ .."

မာလာ ကလည်း ကားထဲကနေပဲ လှမ်းပြောကာ ...

"ယောက္ခမလောင်းက လာခေါ်သွားတော့ အဆင်တွေပြေပြီး ညီမ ပြန်မှ လာပါဦးမလားလို့ .. အဟွန်း .."

လွန်လွန်း ကတော့ သူ ဖက်ထားတာကို ကိုကြီး မြင်သွားမှန်း သိနေသဖြင့် မျက်နှာကို ရဲရဲ ပြန်မကြည့်ရဲအောင် ဖြစ်နေခဲ့လေသည် ...

"ကဲ .. အပြင်မှာ ပြန်ဆုံကြရအောင် ...၊ အဲဒီမှာ ဗိုလ်အောင်ဒင် တော့ ပြောမရဘူး ညီမလေးရေ .. ညီမလေးတို့နဲ့ လျှောင်းထွက်မယ်



www.burmeseclassic.com

www.burmeseclassic.com



ချည်းပဲ ဖြစ်နေတာ .. နည်းနည်းတော့ သည်းခံလိုက် ..”

မိုလ်အောင်ဒင် က အိမ်ထဲကို ဝင်သွားပြီဖြစ်ကာ ညှေ့ခန်းကျယ်ကြီးမှာ မြင်မြင်သမျှကို တအံ့တသြ မော့ငေးလိုက် .. ကိုင်ကြည့်လိုက်နှင့် လွှန်လွှန်း တို့ကိုလည်း သတိမရတော့ပေ ..။

“မိုလ်အောင်ဒင် ..”

“ဟေ ..”

“ထမင်းဝိုင်းက ရှယ်ပဲ .. ဘာစားလာခဲ့လဲ ..”

“ဟော့အေး .. ဘာမှမစားခဲ့ဘူး .. အပြင်မှာ နေ့လယ်စာ စားကြမယ် ဆိုပြီးတော့ ..”

“အိုခေ ..”

ချစ်သူ က လွှန်လွှန်း ကို မျက်စိမှိတ်ပြကာ မိုလ်အောင်ဒင့် လက်ကို ဆွဲခေါ်သွား၏။

“ဒေါ်ဆစ် ..”

“ဟေ .. သား ...”

“သူက လွှန်လွှန်း ရဲ့ ဦးလေး တော်တယ်.. သူ ဒီမှာပဲ နေ့လယ်စာ စားမှာ သိလား ..”

ဒေါ်တစ်ဆစ် က အံ့ဩသွားပေမယ့် လွှန်လွှန်း တို့ အိမ်မှာ စိတ်ရောဂါသည် ဦးလေးတစ်ယောက် ရှိတယ်ဆိုတာကို ချက်ချင်း တွေးမိသွားကာ ချက်ချင်း ပြုံးပြုံးရယ်ရယ် ဖြစ်သွား၏။

“သူ့ကို အရင်ကျွေးလိုက်နော်.. ကျွန်တော်တို့ ရေအရင်ချိုးဦးမှာ..”

“ကျွေးလိုက်မယ် သား .. ကျွေးလိုက်မယ် ..”

ပြင်ဆင်ထားသည့် ဟင်းပွဲတွေအပြည့်နဲ့ ထမင်းဝိုင်းက မိုလ်အောင်ဒင့် ကို ဖမ်းစားသွားခဲ့ရာ နောက်ထပ် ဘာသံမှ မထွက်တော့ပေ ..။

“မိုလ်အောင်ဒင် က လွှန်လွှန်း တို့ကို သတိရရင် အသံမြဲနဲ့ လှမ်းအော်ခေါ်မှာ ချစ်သူ ရဲ့ ..”





“ခေါ်ရင် ထူးလိုက်မှာပေါ့ကွ .. လာပါ ဆို ..”

“ဘယ်ကိုလဲ ..”

“ကိုယ်တို့ ပြောစရာတွေ ရှိသေးတယ်လေ ..”

“ဟင်!... ဘာတွေလဲ ..”

သူ့မျက်နှာကို မော့ကြည့် မေးနေရင်း လွှန်လွှန်း ချစ်သူ ဆွဲခေါ်သွားတဲ့နောက်ကို ပါသွားလေသည်။

“ဟင်!... ဒါ .. ဒါ ”

“ဂျိမ်း ..”

ချစ်သူ က အိပ်ခန်းတံခါးကို ပြန်ပိတ်ထားလိုက်ကာ ...

“ခဏလေးပဲ ..”

“ဟာ .. မနေချင်ပါဘူး .. အိပ်ခန်းကြီးထဲမှာ ..”

“မင်းပဲ ချစ်သူဘဝနဲ့ နေချင်သေးတယ် ဆို ..”

“ဘာဆိုင်လို့လဲ .. တံခါးဖွင့်ပေးပါ ..”

လွှန်လွှန်း က တံခါးဆီ ပြန်လှည့်ဖွင့်လျှင် ချစ်သူ က သူ့မလက်သေးတွေကို ဆွဲယူ၍ ...

“ချစ်သူတွေဆိုတာ လူကြီးတွေ မသိအောင် ခိုးချောင်ခိုးဝှက် ချိန်းတွေ့ကြတာလေ .. ဘာလို့ အသည်းအသန် ကြောက်နေရတာလဲ.. ကိုယ့်ကို မယုံဘူးလား ..”

မျက်နှာလေးကို မော့ယူပြီး အတင်းကပ်မေးသည်။ လွှန်လွှန်း က ခေါင်းလေး တွင်တွင်ခါလျှက် ...

“မသိဘူး .. ဆိတ်ကွယ်ရာဆိုတာ မှားတတ်တယ် .. လွှတ်ပါ ချစ်သူ ရယ် .”

“လုံးဝ မမှားဘူး .. ကတိ ..”

မျက်နှာလေးကို သူ့လက်ဖဝါးနှစ်ဖက်ထဲမှာ အတင်းအချုပ် မော့ပေးခဲ့လျှက် ...



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ကိုယ် ဘယ်လောက် ရင်ခုန်လဲ သိလား .."

"ဟင့်အင်း .."

"မင်းမှမင်း ဖြစ်လောက်အောင် တမ်းတမ်းစွဲ ချစ်မိသွားတာ .."

လွှန်လွှန်း လက်ဖျားလေးတွေ အေးစက် ထုံခဲနေအောင် အရှက်သည်းလာခဲ့သည်။ ပြီးတော့ ကြောက်နေမိ၏။

ချစ်သူ ရဲ့ စည်းကမ်းရှိပါသည်ဆိုသော အနမ်းတို့က မေ့မေ့မူးမူး ဖြန့်ကြဲ၍ ...

"ဒုန်း .."

"အမေ့!..."

လွှန်လွှန်း လန့်ဖျပ်ကာ ချစ်သူ ရဲ့ ခါးကို တအား ကျူးဖက်လိုက်မိ၏။

"ဟား .. ဟား .. ဒါမျိုး ဘယ်ရမလဲ .. အထဲဝင်ပြီး ဘာလုပ်နေကြတာလဲ .. ဟေ .. ထွက်ခဲ့ .. ခု ထွက်ခဲ့ .. ဟွန်း .. လူ မြင်လိုက်တာနဲ့ အခန်းထဲ့ ပြေးပြေးဝင်ပြီးတော့ ဘာလုပ်တာတုံး .. ဒီမှာ သွားကြားညပ်နေလို့ .. ဘယ်မှာလဲ သွားကြားထိုးတံ .."

ချစ်သူ ကြိတ်ပြုံးရင်း သက်ပြင်းချလိုက်မိသည်။

ချိန်းတွေ့ချင်ဦး အဲ့ဒါ ...၊

*လရောင်ကျူးရင့်*